

SAFERWORLD

PREVENTING VIOLENT CONFLICT. BUILDING SAFER LIVES

# မြန်မာနိုင်ငံ၏ လုံခြုံရေးကဏ္ဍအား ဒီမိုကရေစီနည်းကျ ဖော်ဆောင်ခြင်း -

## တည်မြဲသည့် အမွေအနှစ်များနှင့် ရှေ့ဆက်ရမည့် ခရီးရှည်

နိုဝင်ဘာလ ၂၀၁၉

# မြန်မာနိုင်ငံ၏ လုံခြုံရေးကဏ္ဍအား ဒီမိုကရေစီနည်းကျ ဖော်ဆောင်ခြင်း -

## တည်မြဲသည့် အမွေအနှစ်များနှင့် ရှေ့ဆက်ရမည့် ခရီးရှည်

Kim Jolliffe

နိုဝင်ဘာလ ၂၀၁၉

# ကျေးဇူးတင်ရှိခြင်း

**စာရေးသူမှ**

ဤအစီရင်ခံစာအတွက် မြန်မာအရပ်ဘက်အဖွဲ့အစည်းများမှ ထုတ်ဝေထားသော အစီရင်ခံစာများမှ များစွာကောက်နုတ်ထားပါသည်။ ထိုအဖွဲ့အစည်းများတွင် လူ့အခွင့်အရေးနှင့်ဆိုင်သောအဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မူဝါဒဆိုင်ရာသုတေသန အဖွဲ့အစည်းများ၏ အစီရင်ခံစာများ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) နှင့် တကောင်းနိုင်ငံရေး လေ့လာမှုအဖွဲ့တို့မှ ဖြစ်ပါသည်။ ၎င်းအပြင် ဤအစီရင်ခံစာအတွက် အင်တာဗျူးကာလအတွင်း ပါဝင်တွေ့ဆုံဖြေဆိုပေးခဲ့သောများစွာသော ပြည်ထောင်စု လွှတ်တော်အမတ်များ၊ အစိုးရဝန်ထမ်းများ၊ သတင်းထောက်များ၊ အရပ်ဘက်အဖွဲ့အစည်းမှ ခေါင်းဆောင်များ၊ လွှတ်လပ်သောရှေ့နေများ၊ တပ်မတော်အရာရှိဟောင်းများ၊ နိုင်ငံတကာမှ လေ့လာသူများနှင့် ပညာရှင်များ၏ အချိန်ပေးမှုများနှင့် ၎င်းတို့၏ သုံးသပ်ချက်များ မျှဝေပေးခြင်းအပေါ်တွင် များစွာမူတည်ပါသည်။ ဤအစီရင်ခံစာ ရေးသားရန်အတွက် သော်လည်းကောင်း Saferworld အနေဖြင့် လုံခြုံရေးနှင့် တရားမျှတရေး ကဏ္ဍတွင် လုပ်ဆောင်နိုင်အောင် အဓိက စေ့ဆော်အားပေးမှုမှာ များပြားလှသော ဒေသခံအဖွဲ့အစည်းများနှင့် တစ်ဦးချင်းစီ၏ တရားမျှတရေးနှင့် ထိရောက်မှုရှိသော လုံခြုံရေးစနစ်အတွက် ၎င်းတို့၏ အားသွန်ခွန်စိုက်မမောနိုင် မပန်းနိုင်နှင့် ကျိုးကျိုးနွံနွံ အားထုတ်လုပ်ဆောင်မှုများကြောင့် ဖြစ်ပါသည်။

© Saferworld, November 2019. All rights reserved. No part of this publication may be reproduced, stored in a retrieval system or transmitted in any form or by any means electronic, mechanical, photocopying, recording or otherwise, without full attribution. Saferworld welcomes and encourages the utilisation and dissemination of the material included in this publication.

ဤအစီရင်ခံစာသည် ပြင်ပသုံးသပ်သူများအဖြစ် အကြံဉာဏ်များပေးသော ပညာရှင်သုံးဦးဖြစ်ကြသော ရဲမျိုးဟိန်း၊ Andrew Selth နှင့် Renaud Egreteau တို့ဆီမှ များစွာအကျိုးကျေးဇူးများခံစားရပါသည်။ ထို့ပြင် အခြားပညာရှင်များနှင့် ပုံမှန်ဆွေးနွေးတိုင်ပင်ခြင်းများမှလည်း အကျိုးကျေးဇူးများရရှိပါသည်။ Saferworld မှ ဝန်ထမ်းများကိုလည်းအလွန်ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ အထူးအားဖြင့် Saferworld ၏ Policy and Advocacy Coordinator အဖြစ်တာဝန်ထမ်းဆောင်လျက်ရှိသော ဤစာတမ်းအတွက် လက်ထောက်သုတေသနအဖြစ် ကူညီသော မိုင်လှအေးအား ၎င်း၏ ကြိုးစားမှုနှင့် ကြိုးပမ်းအားထုတ်မှုများ အတွက် အလွန်ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ သူမသည်အင်တာဗျူးရမည့် ပုဂ္ဂိုလ်များအား ဖော်ထုတ်ခြင်းနှင့် ၎င်းတို့နှင့် ချိတ်ဆက်ဆက်သွယ်ခြင်းကိုလည်းကောင်း ဤအစီရင်ခံစာ၏ အခြေခံဦးတည်ချက်နှင့် သတင်းစကားများအား ပုံမှန်ဆွေးနွေးမှုများမှ ပုံဖော်ရာတွင် အရေးပါခဲ့ပါသည်။ Martha Crowley၊ Lindsey Hurtle နှင့် Ilya Jones တို့အား ထုတ်ဝေမှုနှင့် တည်းဖြတ်ခြင်းများတွင် ကူညီမှုများအတွက် ကျေးဇူးတင်ကြောင်းနှင့် မြန်မာအဖွဲ့သားများဖြစ်ကြသော ဌာနေကိုယ်စားလှယ် John Bainbridge နှင့် အစီအစဉ်မန်နေဂျာ စောလင်းချယ်တို့အား ၎င်းတို့၏ ကြိုးစားမှုနှင့် မြန်မာနိုင်ငံအစီအစဉ်အား မြန်ဆန်စွာ တိုးတက်လာစေရန် လုပ်ဆောင်နိုင်ခြင်းကြောင့် ဤအစီရင်ခံစာ ထွက်လာနိုင်ခြင်းဖြစ်သည့်အတွက် ၎င်းတို့အပေါ် အလွန်ကျေးဇူးတင်ကြောင်းမှတ်တမ်းတင်အပ်ပါသည်။ ဤအစီရင်ခံစာအား စိစစ်တည်းဖြတ်ပေးသော Kay Humphrey ကိုသော်လည်းကောင်း ဒီဇိုင်းစီစဉ်ပေးသော Jane Stevenson ကိုသော်လည်းကောင်း ကျေးဇူးတင်ကြောင်းဖော်ပြအပ်ပါသည်။

## စာရေးသူအကြောင်း

Kim Jolliffe သည် မြန်မာနိုင်ငံ၏ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အရေးကိစ္စများအတွက် လွတ်လပ်သော သုတေသီ၊ စာရေးသူနှင့် အရင်းအမြစ်ပံ့ပိုးသူ ဖြစ်ပါသည်။ ၎င်းသည် Saferworld မြန်မာအစီအစဉ်နှင့် ၂၀၁၃ ခုနှစ်မှစတင်လုပ်ဆောင်ခဲ့ပြီး မြန်မာနိုင်ငံတွင် ပဋိပက္ခများကို ခံစားနေရသော ပြည်သူများနှင့် အတူ ၂၀၀၈ ခုနှစ်မှ စတင်လုပ်ဆောင်ခဲ့ပါသည်။

ဤသုတေသနအပြင် Saferworld ၏ မြန်မာနိုင်ငံအတွင်း လုပ်ဆောင်နေသော လုံခြုံရေး၊ တရားမျှတရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် UK Aid မှ ငွေကြေးအားဖြင့် ပံ့ပိုးထားပါသည်။ သို့သော် ဤသုတေသနတွင် ဖော်ပြထားသော အမြင်များသည် ဗြိတိသျှအစိုးရ၏ တရားဝင်မူဝါဒများအား ထင်ဟပ်မှုမရှိကြောင်း ရှင်းလင်းတင်ပြလိုပါသည်။

**ရှေ့မျက်နှာဖုံး -** တပ်မတော် ကိုယ်စားလှယ်များပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးအားတက်ရောက်နေစဉ်၊ နေပြည်တော်၊ မြန်မာ၊ ၂၅ ဇူလိုင်လ ၂၀၁၈။ © MPA

# မာတိကာ


**စကားချီး** ဂ

**အစီရင်ခံစာ အကျဉ်းချုပ်** ဃ

**စကားလုံးများ အဓိပ္ပာယ်ဖွင့်ဆိုမှု**

**၁။ နိဒါန်း** ၁

၁.၁ ဒီမိုကရေစီနည်းကျ မြန်မာ့လုံခြုံရေးကဏ္ဍဆိုင်ရာ အယူအဆဖော်ထုတ်ခြင်း ၃

၁.၂ သုတေသနပြုနည်းနာ၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ကန့်သတ်မှုများ ၅

**၂။ နောက်ခံအကြောင်းအရာ** ၁၁

၂.၁ စစ်တပ်လွှမ်းမိုးမှုနိုင်ငံ ဖြစ်ပေါ်လာခြင်း (၁၈၂၅ – ၂၀၁၅) ၁၁

၂.၂ ၂၀၁၆ ခုနှစ်မှ စတင်သော အရပ်ဘက်-စစ်ဘက် ဆက်ဆံရေး ၂၆

**၃။ ရွေးကောက်ခံ အရပ်ဘက်အစိုးရ လုပ်ပိုင်ခွင့်အာဏာ တိုးမြှင့်တည်ဆောက်ခြင်း** ၄၅

၃.၁ လုံခြုံရေးနှင့် တရားစီရင်ရေး အင်စတီကျူးရှင်းများအား မည်သူထိန်းချုပ်သနည်း ၄၆

၃.၂ အရပ်ဘက် အစိုးရမှ ၎င်း၏ အခန်းကဏ္ဍကို ရှာဖွေခြင်း ၅၆

**၄။ အဖွဲ့အစည်းဆိုင်ရာ အလေ့အထများနှင့် ယဉ်ကျေးမှုများကို ပြုပြင်ပြောင်းလဲခြင်း** ၇၉

၄.၁ ပြုပြင်ပြောင်းလဲမှုအတွက် အရပ်ဘက်အစိုးရ၏ အစောပိုင်းကြိုးပမ်းအားထုတ်မှုများ ၈၁

၄.၂ မြန်မာနိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့အင်အားစုများ ၈၆

၄.၃ ပြစ်မှုဆိုင်ရာ တရားမျှတမှုစနစ် ၉၈

၄.၄ ထောက်လှမ်းရေး ဝန်ဆောင်မှုများ ၁၁၁

**၅။ လုံခြုံရေး ကဏ္ဍတွင် အများပြည်သူ၏ ထိန်းကျောင်းကြီးကြပ်မှုနှင့် လက်တွဲဆောင်ရွက်မှု** ၁၁၉

၅.၁ ပညာရေး ၁၂၂

၅.၂ အရပ်ဘက်အဖွဲ့အစည်းများ ၁၂၇

၅.၃ မူဝါဒရေးရာလေ့လာမှုဆိုင်ရာ အဖွဲ့အစည်းများ ၁၃၁

၅.၄ လွတ်လပ်သော သတင်းမီဒီယာ ၁၃၅

| | | |
|---|---|---|
| **၆** | **ရှေ့ဆက်ဆောင်ရွက်မည့် နည်းလမ်းများ** | **၁၄၃** |
| ၆.၁ | ရွေးကောက်ခံ အရပ်သားကိုယ်စားလှယ်များအား၏ လုပ်ပိုင်ခွင့်အာဏာ ဖော်ထုတ်တည်ဆောက်ခြင်း | ၁၄၅ |
| ၆.၂ | အဖွဲ့အစည်းဆိုင်ရာ အလေ့အထများနှင့် ယဉ်ကျေးမှုများအား ပြောင်းလဲမှုပြုခြင်း | ၁၄၉ |
| ၆.၃ | လုံခြုံရေးကဏ္ဍအပေါ် အများပြည်သူ၏ ထိန်းချုပ်ကြီးကြပ်စီမံမှုနှင့် ပါဝင်ဆောင်ရွက်နိုင်မှု | ၁၅၃ |

**နောက်ဆက်တွဲ ၁** - လုံခြုံရေးနှင့် တရားရေးဆိုင်ရာအတွက် အဆုံးအဖြတ်ပေးသော အခြေခံဥပဒေပါအကြောင်းအရာများနှင့် ပြင်ဆင်ရန် အမျိုးသားဒီမိုကရေအဖွဲ့ချုပ်မှ အဆိုတင်သွင်းထားသော အချက်အလက်များ ၁၅၆

# စကားလုံး အဓိပ္ပာယ် ဖွင့်ဆိုမှု

**စစ်တပ်၊ ကာကွယ်ရေး၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့်တပ်မတော်**-၎င်းတို့သည်မြန်မာ့တပ်မတော်၏အသုံးပြုနေကျ အခေါ်အဝေါ်များဖြစ်ပြီး တရားဝင်ထုတ်ဝေထားသော စာစောင်များတွင် ၎င်းတို့အား အပြန်အလှန် အသုံးပြုထားပါသည်။ ကြည်းတပ်၊ လေတပ်နှင့်ရေတပ်တို့ဖြင့်ဖွဲ့စည်းထားသောမြန်မာ့တပ်မတော်ကို ရည်ညွှန်းသကဲ့သို့ ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိစစ်ထောက်လှမ်းရေး၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ အထွေထွေစစ်ဆေးရေးနှင့် ပြည်သူ့စစ်နှင့် အခြားအဖွဲ့အစည်းအချို့လည်း ပါဝင်ပါသည်။ အခြားအစိုးရ အဖွဲ့အစည်းဌာနများနှင့် အဆိုပါအဖွဲ့အစည်းများ (အင်စတီကျူးရှင်းများ) ၏နောက်ထပ်ကွာခြားချက်မှာ ရာထူးအဆင့်သတ်မှတ်ခေါ်ဝေါ်မှုများ ဖြစ်ပါသည်။ သို့သော်လည်း တပ်မတော်၏ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးတို့တွင် လွှမ်းမိုးမှုရှိနေသောကြောင့် အဓိပ္ပာယ်ဖွင့်ဆိုမှုတွင် နားလည်မှုများ ရှုပ်ထွေးနိုင်ပါသည်။ လက်နက်ကိုင်မဟုတ်သည့်အစိုးရဌာနများတွင်လည်း ရာထူးအဆင့်သတ်မှတ်ချက်များ ရှိပါသည်။ ဤအစီရင်ခံစာတွင် "တပ်မတော်" ဆိုသည့် စကားလုံးကို အထွေထွေအဖြစ်သာ အသုံးပြုမှုများမည်ဖြစ်ပြီး အထူးသဖြင့် လူမှုအဖွဲ့အစည်းအတွင်းရှိ အင်စတီကျူးရှင်းများ၏အထွေထွေအခန်းကဏ္ဍများနှင့်နိုင်ငံရေးသို့မဟုတ် အစိုးရ၏ အထက်အောက် စီမံထားရှိမှုများတွင်ဖြစ်သည်။ ကာကွယ်ရေး အက်ဥပဒေပုဒ်မ (၃) (စ) တွင် "ကာကွယ်ရေး" ကိုကြည်းတပ်၊ရေတပ်နှင့်လေတပ်ဟူ၍ ရိုးရှင်းစွာပင် ဖွင့်ဆိုထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် အခြားဥပဒေများတွင်လည်း အဆိုပါ စကားလုံးကိုသာ အသုံးပြုပါသည်။ တပ်မတော်နှင့် မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့များကို အထူးသဖြင့် ကြည်း၊ ရေ၊ လေတပ်များ၊ ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်များဟူ၍ ၎င်းတို့၏ စစ်ဆင်ရေးအချိန်ခါများတွင် အသုံးပြုသည်။

**လွှတ်တော်** - ဤအစီရင်ခံစာတွင် ပြည်ထောင်စုအဆင့် ဥပဒေပြုရေးအဖွဲ့ကို ပြည်ထောင်စုလွှတ်တော်သို့မဟုတ်မြန်မာအခေါ်အဝေါ်ဖြစ်သော ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်များအား အောက်လွှတ်တော်၊ အထက်လွှတ်တော်ဟု ရည်ညွှန်းထားပါသည်။ ဥပဒေပြုရေးကိုလည်း လွှတ်တော်အစား ပါလီမန် (လွှတ်တော်) ဟု ရည်ညွှန်းထားပါသည်။

**လုံခြုံရေးနှင့် တရားစီရင်ရေး ကဏ္ဍများ** - လုံခြုံရေးကဏ္ဍဆိုသည်မှာအစိုးရနှင့်ပြည်သူလူထုအတွက် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ပေးနိုင်ရန် အခွင့်အာဏာပေးခံထားရသောနိုင်ငံတော်၏အဖွဲ့အစည်းများအားလုံးကို ရည်ညွှန်းပါသည်။ လုံခြုံရေးကဏ္ဍသည် တရားစီရင်ရေးကဏ္ဍနှင့် များစွာထပ်တူကျပြီး ၎င်းတို့အား သီးခြားအဓိပ္ပာယ်ဖွင့်ပါကကွဲပြားသော အဓိပ္ပာယ်မရှိပေ။ ဤအစီရင်ခံစာတွင် ၎င်းတို့နှင့် ပတ်သက်၍ အထူးသဖြင့် လက်နက်ကိုင်တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့၊ အကျဉ်းထောင်၊ တရားရုံးများနှင့် စုံစမ်းစစ်ဆေးရေး လုပ်ငန်းများကို ရည်ညွှန်းပါသည်။ တရားရုံးများအား တရားစီရင်ရေးကဏ္ဍနှင့် ဆက်စပ်၍ သတ်သတ်မှတ်မှတ် နားလည်ကြသော်လည်း လုံခြုံရေးကဏ္ဍ ဆောင်ရွက်မှုများအတွက် ၎င်းသည် အဓိကကျသည့် ကဏ္ဍမှ ပါဝင်ပါသည်။ မြန်မာ့လုံခြုံရေးကဏ္ဍတွင် လုံခြုံရေးနှင့် တရားရေးလုပ်ငန်းများ ဆောင်ရွက်ရန် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့လည်း အငြင်းပွားဖွယ်ရာ ပါဝင်ဆက်စပ်မှု ရှိနေပါသည်။ လူဝင်မှုကြီးကြပ်ရေးကိုလည်းလုံခြုံရေးကဏ္ဍ၏ အစိတ်အပိုင်းအဖြစ် တွေ့မြင်ရပါသည်။ သို့သော် ဤအစီအရင်ခံစာတွင် ၎င်းနှင့်ပတ်သက်၍ ထည့်သွင်းဆွေးနွေးမှု မရှိပေ။

**လုံခြုံရေးကဏ္ဍ အုပ်ချုပ်မှု** - ဤအဓိပ္ပာယ်သည်လုံခြုံရေးကဏ္ဍ၏ လုပ်ပိုင်ခွင့်အာဏာနှင့် ၎င်းအပေါ် ကျင့်သုံးဆောင်ရွက်နေသည့် နည်းလမ်းများကိုရည်ညွှန်းပါသည်။ အထက်တွင် ဖော်ပြခဲ့သည့် အဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်နေမှုများ၊ ကြီးကြပ်နေမှုများနှင့် လေ့လာစောင့်ကြည့်စစ်ဆေးမှုတို့နှင့် ဆက်စပ်နေပါသည်။ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းအရသော်လည်းကောင်း၊ အလွတ်သဘောအရသော်လည်းကောင်း ဆောင်ရွက်နေသည့် ဖြစ်စဉ်များ၊ ဆောင်ရွက်နေသူများနှင့် တန်ဖိုးထားမှုများလည်း ပါဝင်နိုင်ပါသည်။

**အရပ်သား ကိုယ်စားလှယ်များ ပုဂ္ဂိုလ်များ** - တပ်မတော်တွင် နေရာရာထူး ရယူထားခြင်းမရှိသည့်ပုဂ္ဂိုလ်များကို ဆိုလိုပါသည်။ ဤနေရာတွင် နည်းပညာအရတပ်ဘက်အရာရှိဟောင်းများလည်း ပါဝင်နိုင်ပါသည်။ အစိုးရ၏ အရပ်ဘက်ရာထူးနေရာ အများအပြားကိုလည်း ၎င်းတို့က ရယူထားပါသည်။ ထို့ကြောင့် ဤအစီရင်ခံစာတွင် တပ်ဘက်တွင် တာဝန်ထမ်းဆောင်ခြင်းမရှိဖူးသည့် ပုဂ္ဂိုလ်များကို "အရပ်သားစစ်စစ်" ဆိုသည့် ရည်ညွှန်းမှုများလည်း တစ်ခါတစ်ရံ အသုံးပြုထားပါသည်။ မြန်မာနိုင်ငံ၏ အရပ်ဘက်-စစ်ဘက် ဆက်ဆံရေး ဆွေးနွေးရာတွင် အဆိုပါကွာခြားမှုသည် အရေးကြီးသည့်အချက် ဖြစ်ပါသည်။

**ရွေးကောက်ခံ အရပ်သားကိုယ်စားလှယ်များ** - ဤအစီရင်ခံစာတွင် ရွေးကောက်ခံ အရပ်သားကိုယ်စားလှယ်များ သို့မဟုတ် ရွေးကောက်ခံအရာရှိများ ဟုပုံမှန် ရည်ညွှန်းထားပါသည်။ မြန်မာနိုင်ငံတွင် အခြားနိုင်ငံ အများအပြားကဲ့သို့ပင် လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူလူထုမဲဖြင့် ရွေးချယ်ပါသည်။ လွှတ်တော်မှတစ်ဆင့် သမ္မတကို ရွေးချယ်ပြီး သမ္မတမှ အုပ်ချုပ်ရေးရာထူး အများစုအတွက် ရွေးချယ်ပေးပါသည်။ ထိုကဲ့သို့ ရွေးချယ်ခံရသူများ အားလုံးကို ရွေးကောက်ခံများဟူ၍ နားလည်နိုင်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ နာမည်ပေးစာရင်း တင်သွင်းကာ ရာထူးနေရာများ ခန့်အပ်ခံရမှုပုံစံနှင့် ကွဲပြားပါသည်။ ၎င်းတို့ကို သမ္မတအမိန့်ဖြင့် ခန့်အပ်သော်လည်း ၎င်းတို့သည် ရွေးကောက်ခံအစိုးရသို့ တာဝန်ခံခြင်း မရှိပေ။

# စကားချီး

လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်းSaferworld အဖွဲ့သည် အကြမ်းဖက်မှုများနှင့် ပဋိပက္ခများအား လျှော့ချကာကွယ်ရန်နှင့် ပိုမိုလုံခြုံသော ဘဝများ တည်ဆောက်နိုင်ရန် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်လာခဲ့ပါသည်။ ကျွန်ုပ်တို့လုပ်ဆောင် နေသောနိုင်ငံများတွင် လုံခြုံရေးကို ပြည်သူများအတွက် ဝန်ဆောင်မှုပေးရာနှင့် တွေ့ကြုံခံစားရပုံမှာ ခက်ခဲ ရှုပ်ထွေးသော အကြောင်းအရာများ ဆက်စပ်ပတ်သက်နေခြင်းသည် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် လူမှု အသိုင်းအဝိုင်းတစ်ခု ခိုင်မာသော ငြိမ်းချမ်းရေး ရရှိနိုင်ခြင်းကို အဆုံးအဖြတ်ပေးပါသည်။ ကျွန်ုပ်တို့ သည်ဒေသခံအုပ်စုများ - အစိုးရ၊ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့နှင့် အရပ်ဘက်အဖွဲ့အစည်းများ အား - ပိုမိုငြိမ်းချမ်း၍မျှတသော လူ့အဖွဲ့အစည်း တည်ဆောက်ရာတွင် အထောက်အကူများ ပေးပါသည်။ ၂၀၁၂ ခုနှစ်မှ စတင်ကာ Saferworld သည် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကဏ္ဍ များတွင် လုပ်ဆောင်လာစဉ်မှ လုံခြုံရေးကဏ္ဍတွင် နိုင်ငံတစ်ဝန်း စစ်မှန်သော ပြုပြင်ပြောင်းလဲမှု မရှိပါကစစ်မှန်သော ငြိမ်းချမ်းရေး ရရှိရန်မှာလည်း အလှမ်း ဝေးနေမည် ဆိုသည်ကို ရှင်းရှင်းလင်းလင်း ပိုမိုသိရှိ လာခဲ့သည်။ လွန်ခဲ့သည့် နှစ်အနည်းကာလတွင် လူထုမှ ၎င်းတို့ဒေသများတွင် ပိုမိုလုံခြုံမှုရှိ လာအောင် တည်ဆောက်ခြင်းလုပ်ငန်းများတွင် ကူညီနိုင်ခဲ့ကာ -ထိုမှအတွေ့အကြုံများကိုဆွဲယူ၍နိုင်ငံ၏လုံခြုံရေး ကဏ္ဍသည် မည်သို့အားလုံးအတွက် ပိုမိုပါဝင်မှု ကျယ်ပြန့်ကာ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်မှုရှိ၍ တာဝန်ခံမှုတာဝန်ယူမှုရှိသည့် နိုင်ငံ့လုံခြုံရေးကဏ္ဍ ဆွေးနွေးမှုများတွင်ပါဝင်နိုင်အောင်အချက်အလက် များဖြင့် ပူးပေါင်းအသိပေးနိုင်အောင် ကြိုးစား လုပ်ဆောင်လျက်ရှိပါသည်။

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှုနှင့် အုပ်ချုပ်စီမံမှုနှင့် ဆိုင်သော အစီရင်ခံစာ စာစဉ်၏ တတိယမြောက် အစီရင်ခံစာဖြစ်ပါသည်။ပထမအစီရင်ခံစာမှာလုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်၍ ရှုပ်ထွေးသည့်သမိုင်းကြောင်းများအား ပိုမိုသိရှိနားလည်အောင် လေ့လာခြင်းနှင့် မြန်မာ့တပ်မတော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုအပေါ် အတွေ့အကြုံများနှင့် ကွဲပြားသောရည်မှန်းချက်များကို သုံးသပ်ထားပါသည်။ ဒုတိယ အစီရင်ခံစာမှာမူ ကမ္ဘာတစ်ဝန်းမှ လုံခြုံရေးကဏ္ဍ စီမံအုပ်ချုပ်မှု၏ ဖက်ဒရယ်မော်ဒယ်များအပါအဝင် မြန်မာနိုင်ငံအတွက် အသုံးဝင်မည်ဟု ယူဆသောသင်ခန်းစာများကို ဆွဲယူ၍ ရေးသားထားပါသည်။

လက်ရှိအစီရင်ခံစာသည် တပ်မတော်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဆက်ဆံရေးနှင့် တရားဥပဒေအရ၎င်းတို့၏အာဏာခွဲဝေမှုကိုအသေးစိတ် လေ့လာထားပါသည်။၎င်းတို့သည်လက်ရှိတွင် ညွန့်ပေါင်းအစိုးရအဖွဲ့အောက်တွင် အာဏာများကို ခွဲဝေကျင့်သုံးနေပါသည်။ ယခု အစီရင်ခံစာသည် လုံခြုံရေးကဏ္ဍ စီမံအုပ်ချုပ်မှုတွင် အရပ်သားများ ပိုမိုပါဝင်လာနိုင်ရန်အတွက် နယ်ပယ်များ ကျယ်ပြန့်အောင် လုပ်ဆောင်ခြင်းနှင့်အတူ လုံခြုံရေးနှင့် တရားရေးကဏ္ဍများနှင့်ဆိုင်သောအဖွဲ့အစည်းများ၏ယဉ်ကျေးမှုနှင့် အလေ့အကျင့်များကို သုံးသပ်လေ့လာထားပါသည်။ ထိုပြောင်းလဲမှုများတွင် အမျိုးသားနိုင်ငံရေးစနစ်နှင့်အတူ တပ်မတော်နှင့်အရပ်သားများဖြစ်သော အရပ်ဘက်အဖွဲ့အစည်းများ၊ မူဝါဒ

လေ့လာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် တက္ကသိုလ်များ၏ အခန်းကဏ္ဍလည်း ပါဝင်ပါသည်။ ၂၀၁၀ ပြည့်နှစ်မှစတင်၍ အပြောင်းအလဲတချို့ကို စတင်မြင်တွေ့ရသော်လည်း အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် နိုင်ငံတကာမှ မိတ်ဖက်အဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ယခုထက်ပိုမိုကျယ်ပြန့်သော အပြောင်းအလဲများကို ဖော်ဆောင်နိုင်ပါသည်။

ကျွန်ုပ်မျှော်လင့်သည်မှာ ဤအစီရင်ခံစာမှ ပိုမိုပါဝင်မှုကျယ်ပြန့်ကာ အချိန်နှင့် တစ်ပြေးညီ တုံ့ပြန်မှုရှိ၍ တာဝန်ခံမှု တာဝန်ယူမှုရှိသည့် လုံခြုံရေးကဏ္ဍ၏ အရေးပါပုံအပြင် ပြည်သူများ၏ ဘေးကင်းလုံခြုံမှုကို အထူးဂရုစိုက်သော လုံခြုံရေးကဏ္ဍပေါ်ထွက်လာရန်အတွက် ပြည်တွင်းမှ ပြည်သူများဦးဆောင်မှုဖြင့် ဆွေးနွေးမှုများ ပိုမိုကျယ်ပြန့်လာအောင် ဖြစ်ပါသည်။ ယခုအစီရင်ခံစာကမူ အားလုံးအတွက် အကူအညီဖြစ်စေရန်ရေးသားပြုစုခြင်းဖြစ်ကာအထူးသဖြင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် တစ်ဦးတစ်ယောက်ချင်းစီအတွက် ထိုကဏ္ဍ၏ စိန်ခေါ်ချက်များအား ပိုမိုနားလည်ကာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် ပိုမိုထိရောက်၍ တုံ့ပြန်ကူညီဆောင်ရွက်နိုင်သောနည်းလမ်းများအား ဖော်ထုတ်နိုင်ရန် ဖြစ်ပါသည်။

ဤအကြောင်းအရာသည် အလွန်ရှုပ်ထွေး၍ အထိအရှ လွယ်ကူသော်လည်း ယခုအစီရင်ခံစာသည်လုံခြုံရေးနှင့် တရားရေးကဏ္ဍများတွင် အပေါင်းလက္ခဏာဆောင်သော ပြောင်းလဲမှုများအတွက်ကြိုးပမ်းကြရာတွင် အပြုသဘောဆောင်ကာ အသုံးဝင်သောအထောက်အပံ့တစ်ခု ဖြစ်မည်ဟု ယုံကြည်ရပါသည်။

**ဂျွန်ဘိန်းဘေ့ရဂ်ျ**
*ဌာနေကိုယ်စားလှယ်၊ Saferworld မြန်မာ*



၂၀၁၅ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ကျရောက်သော
နှစ် (၇၀) ပြည့်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင်
အမျိုးသမီးစစ်မှုထမ်းများ စစ်ရေးပြနေစဉ်၊
၂၇၊ မတ်လ၊ ၂၀၁၅၊ နေပြည်တော်
ဓာတ်ပုံ - J Paing/MPA

# အစီရင်ခံစာအကျဉ်းချုပ်

**၂၀၁၀ ပြည့်နှစ်မှ စတင်ကာ မြန်မာနိုင်ငံ၏ လုံခြုံရေးနှင့် တရားမျှတရေးကဏ္ဍတို့တွင် ဒီမိုကရေစီနည်းကျ ပြောင်းလဲမှုများအား အသင့်အတင့်စတင်ခြေလှမ်း အစပျိုး လုပ်ဆောင်လာခဲ့ ကြပါသည်။ တစ်ချိန်တည်းမှာပင် ပြည်သူများ၏ ထိန်းချုပ် ကြီးကြပ်နိုင်မှု၊ ၎င်းကိစ္စရပ်များတွင် နိုင်ငံရေးအရပါဝင်ဆောင်ရွက်နိုင်မှုများအတွက်အခန်းကဏ္ဍများ ပွင့်လာခဲ့ ပြီး အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ၊ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် မူဝါဒရေးရာလေ့လာမှု ဆိုင်ရာအဖွဲ့အစည်းများမှလည်း ပါဝင်လုပ်ဆောင်ခွင့်ရရှိလာကြပါသည်။ ပြည်သူများ ဘေးကင်းလုံခြုံစွာဖြင့် အကြောက်တရားကင်းစွာ နေထိုင်နိုင်သည့် ငြိမ်းချမ်းပြီး ဒီမိုကရေစီကျသော ဖွံ့ဖြိုးတိုးတက်သည့် မြန်မာနိုင်ငံတော် တည်ထောင်ရန်အတွက် အထက်ပါလမ်းကြောင်း နှစ်ရပ်လုံးသည်အရေးကြီးသည့်အခန်းကဏ္ဍမှဆက်လက်ပါဝင်နေမည် ဖြစ်ပါသည်။**

စစ်အုပ်ချုပ်မှု နှစ်ပေါင်း (၅၀) အတွင်း မြန်မာနိုင်ငံ၏ အစိုးရနှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများအားလုံးသည် လက်နက်ကိုင်တပ်ဖွဲ့များ၏ လက်အောက်တွင် တင်းကျပ်စွာ ချုပ်ကိုင်ခံခဲ့ရသည်။ စီးပွားရေး အကျိုးအမြတ်များအား ပြည်တွင်းတော်လှန်ပုန်ကန်မှုများမှ ကာကွယ်နိုင်ရန် အားကောင်းသော လုံခြုံရေး ယန္တရားတစ်ခုကိုဗြိတိသျှ ကိုလိုနီတို့မှ ထူထောင်ခဲ့ရာ ထိုစစ်တပ်သည် ရန်သူများ ဝိုင်းရံခံလာရဖွယ်ရှိကြောင်း ယူဆနားလည်လေ့ရှိသည့်အမျိုးသားများကြီးစိုးသည့်စစ်တပ်လက်ထဲသို့ ရောက်ရှိသွားခဲ့ပါသည်။ အဆိုပါ စစ်ခေါင်းဆောင်များသည် အဓိကအားဖြင့်ဗုဒ္ဓဘာသာ ဗမာလူမျိုးများ ဖြစ်ကြပြီး ကိုလိုနီဝါဒနှင့် နိုင်ငံခြားမှ ဝင်ရောက်စွက်ဖက်မှုများကို အလေးအနက် ဆန့်ကျင်ကြသည့် အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်သူများ ဖြစ်ကြပါသည်။

အများပြည်သူအပေါ် တင်းကျပ်စွာစောင့်ကြည့်မှုနှင့် သတင်းမီဒီယာ၊ ပညာရေး၊ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် လွတ်လပ်သော မူဝါဒရေးရာလေ့လာမှုဆိုင်ရာ အဖွဲ့အစည်းများအပေါ် ကန့်သတ်ချုပ်ချယ်မှုများသည် ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံအပေါ်တိုက်ရိုက်ဝေဖန် အကဲဖြတ်မှုများ လုပ်ဆောင်နိုင်ရန် အဟန့်အတား ဖြစ်စေခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် တပ်မတော်သည် အရပ်သား ထိန်းချုပ်ကြီးကြပ်စီမံမှုများမှ လွတ်မြောက်၍ များပြားလှသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တိုက်ပွဲများ ဆက်လက်ဆင်နွှဲနေခဲ့ပြီး မကြာခဏဆိုသလိုအချို့သောဒေသများရှိပြည်သူ

များသည် ၎င်းတို့အား ပြန်လည်တိုက်ခိုက်လာနိုင်သည့် စစ်သည်များဖြစ်လာနိုင်သည်ဆိုသည့် အချက်ဖြင့် ၎င်းဒေသများရှိ လူထုတစ်ရပ်လုံးအားပစ်မှတ်ထားမှုများ ရှိလာခဲ့ပါသည်။ လုံခြုံရေးဆိုသည့် အခြေခံ သဘောတရားသည် "နိုင်ငံတော်လုံခြုံရေး" နှင့် အနက်အဓိပ္ပာယ်တူဖြစ်လာကာငြိမ်ဝပ်ပိပြားမှုအား ထိန်းသိမ်းရန် ရှုပ်ထွေးပြီး နိုင်ထက် စီးနင်းမှုရှိသော ဗျူရိုကရေစီစနစ်၏ သိုသိပ်သည့် လုပ်ငန်းများအား စီစဉ်လုပ်ဆောင်လာခဲ့ပါတော့သည်။

၁၉၈၀ ပြည့်နှစ်များ နောက်ပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် စစ်တပ်ကို နိုင်ငံရေးမှ ဖယ်ထုတ်၍ ရွေးကောက်ခံအရပ်သားကိုယ်စားလှယ်များ၏ အမိန့်အာဏာအောက်တွင် ထားရှိရန်ဆိုသည့် နိုင်ငံရေး အစီအစဉ်တစ်ခုအတွက် ပြည်သူများ၏ ထောက်ခံမှုကို တစ်ခဲနက် ရရှိခဲ့ပါသည်။ တပ်မတော်ကို တည်ထောင်ခဲ့သူ၏ သမီးတစ်ဦးဖြစ်သည့်အလျောက် သူမသည် တပ်မတော် အပေါ်အစဉ် လေးစားမှုရှိကြောင်း၊ တပ်မတော်အား "ပြိုကွဲစေလိုခြင်း" သို့မဟုတ် ဆုတ်ယုတ်စေလိုသောဆန္ဒမရှိကြောင်းအစဉ်ပြသလျက်စစ်မှန်သောပြုပြင်ပြောင်းလဲမှု၏ အစိတ်အပိုင်းတစ်ခု အနေဖြင့် ၎င်းအား တစ်စတစ်စ စနစ်တကျ အသွင်ကူးပြောင်း သွားစေလိုလျက် ရှိပါသည်။[1] မည်သို့ဆိုစေကာမူ သူမအနေဖြင့် တစ်သမတ်တည်းပြောဆိုလာခဲ့သည်မှာ "တပ်မတော်သည် ပြည်သူတို့၏ လေးစားဂုဏ်ယူမှုအား ရရှိရန် အတွက်ဆိုလျှင်" အရပ်သား ထိန်းချုပ်စီမံမှု အောက်သို့ ရောက်ရှိလာရန် လိုအပ်ကြောင်း စဉ်ဆက်မပြတ် ပြောဆိုလာခဲ့သည်။[2]

"

**အရေးကြီးဆုံးမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေအား အဓိပ္ပာယ်ရှိစွာပြင်ဆင်လိုပါက ဥပဒေပြုသူစုစုပေါင်း (၇၅) ရာခိုင်နှုန်းကျော်၏ သဘောတူညီမှုဖြင့်သာ လုပ်ဆောင်နိုင်မည်ဆိုသည့်အချက်ဖြစ်ပြီး ၎င်းသည် တပ်မတော်အား ထိရောက်သည့်ဗီတိုအာဏာ ပေးအပ်ထားပါသည်။**

"

တပ်မတော်မှ၎င်းတို့၏အာဏာအားမြန်မြန်ဆန်ဆန်စွန့်လွှတ်ခြင်းသည်ပရမ်းပတာအခြေအနေနှင့် မငြိမ်သက်မှုများဆီသို့ ဦးတည်သွားနိုင်သည်ဆိုသည့်အချက်ကိုစွဲမြဲစွာဆုပ်ကိုင်ထားပြီး၎င်းတို့ အာဏာအား ဆက်လက်ထိန်းချုပ်လာခဲ့ပါသည်။ ဤသို့ဖြင့် စစ်ဗိုလ်ချုပ်များသည် "စည်းကမ်းပြည့်ဝသောဒီမိုကရေစီ" တည်ဆောက်ရန်၎င်းတို့ ကိုယ်ပိုင်ဖြစ်သည့် လမ်းပြမြေပုံတစ်ခုအားအစပြု ရေးဆွဲခဲ့ကြပါသည်။ ၂၀၀၈ ခုနှစ်တွင်၎င်းတို့သည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတစ်ခုကိုရေးဆွဲခဲ့ ပြီး ၎င်းတွင် "ပါတီစုံဒီမိုကရေစီစနစ်"[3] အားထည့်သွင်း ရေးဆွဲခဲ့ပါသည်။ သို့သော် အဆိုပါဥပဒေသည် "ကာကွယ်ရေးဌာနများအား နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိရန်"[4] အခွင့်အာဏာပေးအပ် ထားပါသည်။ ၎င်းဦးဆောင်မှုအခန်းကဏ္ဍအား အကောင်အထည် ဖော်နိုင်ရန် အတွက် တပ်မတော်သည် လွှတ်တော်အရပ်ရပ်တွင်တပ်မတော်သားကိုယ်စားလှယ် (၂၅) ရာခိုင်နှုန်းအားခန့်အပ်ထား[5] ရုံသာမက ကာကွယ်ရေးဝန်ကြီးဌာန၊ပြည်ထဲရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနတို့၏ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးနေရာများအားခန့်အပ်ခြင်း ဖြုတ်ချခြင်းများ ပြုလုပ်နိုင်သောထိရောက်သည့် အခွင့်အာဏာ ရှိထားပါသည်။ ၎င်းဝန်ကြီးနှင့် ဒုဝန်ကြီးများအားလုံးသည်လည်းတာဝန်ထမ်းဆောင်ဆဲ ဖြစ်သောတပ်မတော်သားများသာ ဖြစ်ကြရပါသည်။[6] ထို့အပြင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များသည် ဒုတိယသမ္မတနှစ်ဦးအနက်တစ်ဦးအားရွေးကောက်တင်မြှောက်နိုင်ပြီး ၎င်းတို့ တင်မြှောက်သူသည် အရပ်သား သို့မဟုတ် တပ်မတော်သားတစ်ဦးဖြစ်နိုင်ပါသည်။ အရေးကြီးဆုံးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအားအဓိပ္ပာယ်ရှိစွာပြင်ဆင်လိုပါကဥပဒေပြုသူစုစုပေါင်း (၇၅) ရာခိုင်နှုန်းကျော်၏ သဘောတူညီမှုဖြင့်သာလုပ်ဆောင်နိုင်မည်ဆိုသည့်အချက်ဖြစ်ပြီး ၎င်းသည် တပ်မတော်အား ထိရောက်သည့် ဗီတိုအာဏာ ပေးအပ်ထားပါသည်။[7] ဤကဲ့သို့သောပံ့ပိုးမှုများသည် တပ်မတော်မှ ၎င်းတို့၏ အဓိက နိုင်ငံရေးခံယူချက်နှင့် ပုဂ္ဂလိကအကျိုးစီးပွားကို ကာကွယ်ရန်နှင့် ဒီမိုကရေစီစနစ်ပြောင်း

လဲမှုလုပ်ငန်းစဉ်အား တည်ငြိမ်စွာ လုပ်ဆောင်နိုင်စေရန် ပံ့ပိုးသော "စောင့်ရှောက်သူ" ဆိုသည့် ရပ်တည်မှုအား ဆက်လက်ထိန်းသိမ်းထားနိုင်ရန်ခွင့်ပြုထားပေးပါသည်။[၈]

ဤဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြောင်းလဲလာသော ပထမဦးဆုံးအစိုးရအား စစ်တပ်နောက်ခံပါတီတစ်ခုမှ ဦးဆောင်ခဲ့ပြီး ခေါင်းဆောင်ပိုင်းအရာရှိများသည် စစ်ဗိုလ်ချုပ်ဟောင်းများပင်ဖြစ်ခဲ့ ကြပါသည်။ NLD သည် ၎င်း၏ တောင်ပြိုကမ်းပြိုအောင်မြင်ရရှိခဲ့သော ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲမတိုင်မီ ၂၀၁၂ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲမှ စတင်ပြီး လွှတ်တော်အတွင်း ဝင်ရောက်လာခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည်သမ္မတဖြစ်ရန် ဟန့်တားခြင်း ခံရသော်လည်း (တိုင်းတစ်ပါးသား၏ ဇနီး/ခင်ပွန်းသည် သမ္မတဖြစ်ရန် အရည်အချင်းမရှိဟူသော စာပုဒ်အရဖြစ်ပြီး) သူမသည် ရွေးကောက်ခံ အစိုးရတစ်ဖွဲ့လုံးအားထိရောက်သော ဦးဆောင်မှုပြုနိုင်သည်ဟု ယူဆနိုင်သည့် နိုင်ငံတော်အတိုင်ပင်ခံရာထူးအား ရယူနိုင်ခဲ့ပါသည်။

လက်ရှိအစိုးရအဖွဲ့တွင် နှစ်ပေါင်း (၅၀) အတွင်းရှိခဲ့သည့် အခြားသော အစိုးရအဖွဲ့များထက်အရပ်သားများ ပါဝင်မှု ပိုမိုများပြားမှုရှိနေသော်လည်း တပ်မတော်သည် ၎င်း၏ နိုင်ငံရေးခံယူချက်များနှင့် ပုဂ္ဂလိကအကျိုးစီးပွားကို ခြိမ်းခြောက်လာနိုင်သည့် မည်သို့သော ပြောင်းလဲမှုမျိုးကိုမဆို ထိရောက်စွာ ကာကွယ်ရန် ကြီးမားသောအာဏာအားဆက်လက်ထိန်းသိမ်းထားဆဲဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် အစိုးရယန္တရားတစ်ခုလုံးသည် စစ်တပ်အရာရှိဟောင်းများဖြင့်သာ ပြည့်နှက်နေပြီး ၎င်းတို့၏ နောက်ခံအဖွဲ့အစည်းဆိုင်ရာ အခြေအနေများကြောင့် အရပ်သားခေါင်းဆောင်များ၊ နိုင်ငံခြားသားများနှင့် အရပ်ဘက်အဖွဲ့အစည်းများအပေါ် မယုံကြည်မှုများ ရှိနေရုံသာမက ရာထူးဂုဏ်အဆင့်ဆင့်အပေါ်လည်း စွဲလမ်းခုံမင်ကြပါသည်။ အချို့ကိစ္စရပ်များတွင် အသစ်ဝင်ရောက်လာသည့် အရပ်သား ကိုယ်စားလှယ်များသည် ယခင်ရှိနှင့်ပြီးသော နည်းလမ်းဟောင်းများနှင့် ထင်မြင်ယူဆချက်များကိုရိုးရှင်းစွာသဘောတူလက်ခံကြခြင်းသို့မဟုတ် စစ်သားများတွင်သာ လိုအပ်သော ကျွမ်းကျင်မှုများ ရှိသည်ဆိုသည့် ယုံကြည်မှုဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအား တပ်မတော်မှ ဦးဆောင်ရန် လိုလိုလားလားအခွင့်ပေးကြခြင်းများ ရှိနေပါသည်။

သို့သော် အစိုးရအတွင်းရှိ အရပ်သားများသည် လုံခြုံရေးကဏ္ဍ၏ အချို့သောအစိတ်အပိုင်းများတွင် ၎င်းတို့၏ အခွင့်အာဏာများ တဖြည်းဖြည်း တိုးမြင့်လာနေသည်ကို တွေ့ရှိရပါသည်။ ဥပမာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား တပ်မတော်စီမံမှုအောက်မှ အရပ်သားထိန်းချုပ်မှုအောက်သို့ ပြောင်းရွှေ့ခြင်းကဲ့သို့သောသာဓကများမှတစ်ဆင့်အစိုးရအတွင်းအရပ်သားများအခွင့်အာဏာ ပိုမိုရရှိလာကြခြင်းဖြစ်ပါသည်။ ထို့အပြင် နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ စစ်ဘက်အရာရှိများ၊ တိုးပွားလာသော အမျိုးသမီးကိုယ်စားလှယ်များနှင့် ဗမာမဟုတ်သောအခြားတိုင်းရင်းသားလူမျိုးများမှကိုယ်စားလှယ်များ ပါဝင်နေသည့် အမျိုးစုံလင်လှသော လွှတ်တော်သည် လုံခြုံရေးနှင့် တရားမျှတရေးဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းများအား ထိန်းချုပ်ကြီးကြပ်ရန်နှင့် လေ့လာစောင့်ကြည့်မှုများပြုလုပ်နိုင်ရန် အခန်းကဏ္ဍတစ်ခုအား အခိုင်အမာ တောင်းဆိုနေကြပါသည်။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် NLD သည် စစ်တပ်၏ နိုင်ငံရေးအာဏာအား လျှော့ချနိုင်ရန်နှင့် ရဲလုပ်ငန်းနှင့် အခြားသောလုပ်ငန်းများအပေါ် ထိန်းချုပ်မှုအား အစိုးရအတွင်းရှိ အရပ်သား အဖွဲ့ဝင်များမှရရှိလာနိုင်စေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်းပြင်ဆင်ရန် အချက်များအား အဆိုပြုခဲ့ ကြပါသည်။

ဤလေ့လာမှုစာတမ်းတွင် လုံခြုံရေးကဏ္ဍအားဒီမိုကရေစီနည်းကျ ဖော်ဆောင်ရာတွင် အဓိကကျသည့် အောက်ပါနယ်ပယ် (၃) ခု အပေါ် အလေးပေး ဆွေးနွေးထားပါသည်။ ၂၀၁၁ ခုနှစ်မှ စတင်ပြီး ၎င်းနယ်ပယ်များတွင် ပြောင်းလဲမှုများ မြင်လာခဲ့ရသော်လည်း အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် နိုင်ငံတကာ မိတ်ဖက်များအကြား ပူးပေါင်း ဆောင်ရွက်မှုများအား တိုးမြှင့်ဆောင်

ရွက်ခြင်းတို့မှတစ်ဆင့် ပိုမိုထိရောက်သော ပြောင်းလဲမှုများ ပြုလုပ်နိုင်မည် ဖြစ်ကြောင်း သုံးသပ်လေ့လာမိပါသည်။

၁။ ရွေးကောက်ခံ အရပ်သားကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်အာဏာအားဖော်ထုတ်တည်ဆောက်ခြင်း
၂။ လုံခြုံရေးယဉ်ကျေးမှုအား ပြောင်းလဲမှုပြုခြင်း
၃။ ပြည်သူလူထုနှင့်ဆိုင်သော နေရာများအား ဖန်တီးတည်ဆောက်ခြင်း၊ ကာကွယ်ခြင်းတို့ဖြစ်သည်။

# ရွေးကောက်ခံအရပ်သား ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်အာဏာအား ဖော်ထုတ်တည်ဆောက်ခြင်း

ရွေးကောက်ခံကိုယ်စားလှယ်များမရှိဘဲဒီမိုကရေစီ ဆိုသည်မှာလည်း ရှိမည်မဟုတ်ပေ။ လုံခြုံရေးကဏ္ဍအားဒီမိုကရေစီနည်းကျဖော်ဆောင်ရာတွင် အရေးပါဆုံးသော ရှုထောင့်နယ်ပယ်မှာ ရွေးကောက်ခံ အရပ်သားကိုယ်စားလှယ်များ၏ အခွင့်အာဏာပင် ဖြစ်ပါသည်။ ၎င်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများတွင် ပြဋ္ဌာန်းထားသောရွေးကောက်ခံ အရပ်သား ကိုယ်စားလှယ်များအတွက် တရားဝင်အခွင့်အာဏာများအပြင် ၎င်းအရာရှိများမှ ၎င်းတို့၏ အခွင့်အာဏာများအား အသုံးချရန် နည်းလမ်းများနှင့် သရုပ်ခွဲခြားမှုများအထိ ပါဝင်ပါသည်။

## အာဏာများကို ခွဲဝေခြင်း

လက်ရှိစနစ်တွင် တပ်မတော်သည် လုံခြုံရေးနှင့် တရားမျှတရေးဆိုင်ရာ လုပ်ငန်းတော်တော်များများအား ထိန်းချုပ်လျက် ရှိပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၀ (ခ)တွင်ဖော်ပြထားချက်အရလက်နက်ကိုင်တပ်ဖွဲ့များသည် ကိုယ်ပိုင်အုပ်ချုပ်စီမံခွင့်အား ရရှိလုနီးနီးဖြစ်နေပါသည်။ ၎င်းတွင် ဖော်ပြထားသည်မှာ "တပ်မတော်သည် တပ်ပိုင်းဆိုင်ရာ ကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်" ဟူ၍ ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာနသည် အခြားအစိုးရဝန်ကြီးဌာနများလိုက်နာလုပ်ဆောင်ရသော ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ လုပ်ငန်းစဉ် တော်တော်များများတွင် ကင်းလွတ်ခွင့် ရထားရုံသာမက ဘဏ္ဍာရေးဝန်ကြီးဌာန၏ တိုက်ရိုက်ခွင့်ပြုချက် မလိုပါဘဲ ၎င်း၏ ကိုယ်ပိုင်ဘဏ်စာရင်း ဖွင့်ခွင့်ရရှိထားပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပုဒ်မ ၂၀ (ခ)၊ ၂၉၃ နှင့် ၃၁၉ တို့အရ တပ်မတော်သည် "လက်နက်ကိုင်တပ်ဖွဲ့များ၏ အရေးကိစ္စများ" နှင့် ပတ်သက်သည့် တရားရေးဆိုင်ရာ အမှုကိစ္စများတွင် ကိုယ်ပိုင်စီရင် ဆုံးဖြတ်ပိုင်ခွင့် အပြည့်အဝ ရရှိထားပါသည်။

သို့သော်ငြားလည်း၊ နိုင်ငံတော်သမ္မတ (လက်ရှိတွင် ဦးဝင်းမြင့်) သည် နိုင်ငံတော်အကြီးအကဲဖြစ်ပြီး တပ်မတော် အရာရှိများမှ ကြိမ်ဖန်များစွာညွှန်းဆိုနေခဲ့ကြသည်မှာ ၎င်းသည် တပ်မတော်၏ "အန္တိမအကြီးအကဲ" ဖြစ်ကြောင်းဖြစ်ပါသည်။[၉] ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်ဖော်ပြပါရှိသည်မှာ လွှတ်တော်၏ "အတည်ပြုချက်" ဖြင့် သမ္မတတွင် "စစ်ကြေညာရန် သို့မဟုတ် စစ်ပြေငြိမ်းရန်' အခွင့်အာဏာ ရှိနေပါသည်။[၁၀] ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများနှင့် ပတ်သက်၍ ရှင်းလင်းစွာဖော်ပြထားခြင်း မရှိသော်လည်း မြန်မာလက်နက်ကိုင် တပ်ဖွဲ့များ (သို့မဟုတ် တပ်မတော်) မှပုံမှန်အားဖြင့်ခုခံပြောဆိုနေသည်မှာ၎င်းလက်နက်ကိုင်ပဋိပက္ခများသည် "ပြည်တွင်းစစ်" မဟုတ်ဆိုသည့်အချက်ပင် ဖြစ်ပါသည်။[၁၁] ကာကွယ်ရေးဦးစီးချုပ်၏ မှတ်ချက်အမျိုးမျိုးမှ ထင်ဟပ်ပြနေသည်မှာ တပ်မတော်သည် ၎င်း၏ စစ်ဆင်ရေးများ လုပ်ဆောင်ရန်လိုအပ်သည်ဟု ယူဆသောအချိန်တွင် ၎င်းစစ်ဆင်ရေးများအတွက် ခွင့်ပြုချက် တောင်းခံမည်ဖြစ်သော်လည်း၎င်းသည်ရှင်းလင်းစွာပြဋ္ဌာန်း

ထားသော ဥပဒေရေးရာ လုပ်ထုံးလုပ်နည်းများအားလိုက်နာဆောင်ရွက်ရန် မလိုအပ်ပေ။[၇၂]

၂၀၁၁ခုနှစ်၊ဒီဇင်ဘာလ၁၀ရက်နေ့တွင် သမ္မတ ဦးသိန်းစိန်မှ ကချင်လွတ်မြောက်ရေးအဖွဲ့ အစည်းကိုစစ်ရေးအရ ထိုးစစ်ဆင်မှု ပြုလုပ်နေသောလက်နက်ကိုင် တပ်ဖွဲ့များအား ၎င်းတို့၏ ထိုးစစ်အားရပ်တန့်ရန် အမိန့်ပေးသော အမိန့်စာတစ်စောင်ကို ထုတ်ပြန်ပေးပို့ခဲ့ပြီး ရက်အနည်းငယ်ကြာပြီးနောက်တွင် တပ်မတော်သည် ၎င်းတို့၏ စစ်ဆင်ရေးအား ယာယီရုပ်သိမ်းခဲ့ပါသည်။ သို့သော်NLDဦးဆောင်သောအစိုးရသည်၎င်းကဲ့သို့သော အမိန့်တစ်ခုအား ထုတ်ပြန်ခြင်းမျိုး မရှိခဲ့သည့်တိုင် တပ်မတော်အား အင်အားသုံးရန် အကြိမ်ကြိမ်ညွှန်ကြားမှုများလည်းရှိခဲ့ပါသည်။[၇၂]

နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအား အစည်းအဝေးကျင်းပရန် စီမံနိုင်သည့် အာဏာရှိထားပြီး ၎င်းအစည်းအဝေးတွင် သမ္မတသည် ကာကွယ်ရေးနှင့်လုံခြုံရေး ကိစ္စရပ်များအတွက် ၎င်း၏ အခွင့်အာဏာကို အသုံးချနိုင်ခြေရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ၎င်းကောင်စီတွင် ဒီမိုကရေစီနည်းလမ်းဖြင့် ရွေးကောက် တင်မြှောက်ခံထားရသော အရပ်သားကိုယ်စားလှယ် (၅) ဦး၊ တာဝန်ထမ်းဆောင်ဆဲဖြစ်သော စစ်တပ်အရာရှိ (၅) ဦးနှင့် တပ်မတော်မှ ရွေးချယ်ခန့်အပ်ထားသော ဒုတိယသမ္မတ (၁) ဦးတို့ ပါဝင်ရမည် ဖြစ်သည်။ သို့သော် NLD ဦးဆောင်သော အစိုးရသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကိုလက်ရှိတွင် အသုံးမချနိုင်သေးပေ။ အကြောင်းမှာထိုကောင်စီတွင် အရပ်သားသမ္မတသည် ဥက္ကဋ္ဌအဖြစ်ဦးဆောင်မည် ဖြစ်သော်လည်း တပ်မတော်ကိုယ်စားလှယ်များသည် ဒီမိုကရေစီနည်းလမ်းအရရွေးကောက်တင်မြှောက်ထားသော အရပ်သားကိုယ်စားလှယ်များထက် အရေအတွက်အားဖြင့်သာလွန်မှုရှိနေရုံသာမက ကာကွယ်ရေးဦးစီးချုပ်သည်လည်း ဒေါ်အောင်ဆန်းစုကြည်ထက် ပိုမြင့်သောရာထူးနေရာအား ရရှိထားသည်ဖြစ်ခြင်းအပေါ် စိုးရိမ်နေခြင်း ဖြစ်နိုင်ပါသည်။ ၎င်းအစား အစိုးရသည် အဆိုပါအဖွဲ့ဝင်များအပြင် အခြားအရပ်သားကိုယ်စားလှယ်များ ထပ်ပေါင်းပါဝင်စေခြင်းဖြင့်အစည်းအဝေးများအားတစ်ခါတစ်ရံကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးများသည် များသောအားဖြင့် တပ်မတော်၏ဆောင်ရွက်မှုများကို ပံ့ပိုးသည့် ထုတ်ပြန်ချက်များဖြင့်သာ ပြီးဆုံးခဲ့ ကြပါသည်။

စစ်တပ်သည် ကာကွယ်ရေးဦးစီးချုပ်မှ ရွေးချယ်ခန့်အပ်ထားသော ဝန်ကြီးဦးဆောင်သည့် ပြည်ထဲရေးဝန်ကြီးဌာန မှတစ်ဆင့် ရဲတပ်ဖွဲ့နှင့် အကျဉ်းထောင်များကို သွယ်ဝိုက်သောနည်းဖြင့် ထိန်းချုပ်ထားပါသည်။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေပုဒ်မ ၂၀ (ဂ) နှင့် ၃၃၈ တို့တွင် ဖော်ပြထားချက်များအရ လက်နက်ကိုင်တပ်ဖွဲ့များအားလုံးသည် ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဌာနတို့ အသီးသီး၏ လက်အောက်တွင် ရှိရမည်ဟူသောအချက်ကြောင့် ရဲတပ်ဖွဲ့သည် စစ်တပ်၏ ထိန်းချုပ်မှုအောက်တွင် ရှိနေကြောင်း ယေဘုယျအားဖြင့် နားလည်နိုင်ပါသည်။ သို့သော် “လက်နက်ကိုင်တပ်ဖွဲ့အားလုံး” ဆိုသည့်တိကျသည့်အဓိပ္ပာယ်အားဥပဒေများ၏ မည်သည့်နေရာတွင်မှ ရှင်းလင်းဖော်ပြထားခြင်း မရှိသည်ကို တွေ့ရပါသည်။ တရားရေးဆိုင်ရာ လွတ်လပ်ခွင့်အား ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ (၁၉) တွင် ထည့်သွင်းပြဋ္ဌာန်းထားသည်။ သို့သော် စစ်တပ်သည် အရပ်ဘက်တရားရုံးများ၏ ဆောင်ရွက်မှုများအပေါ်တွင်အလွန်လွှမ်းမိုးမှုများ ဆက်လက်ရှိနေသည်။ အကြောင်းမှာ တရားသူကြီးအဖွဲ့များတွင် စစ်တပ်မှအရာရှိဟောင်းများအား တော်တော်များများခန့်အပ်ထားခြင်းနှင့် အရပ်သားတရားသူကြီးများဖြစ်သော်လည်း၎င်းတို့သည်စစ်အစိုးရလက်ထက်တွင်အမှုထမ်းခဲ့သူများ ဖြစ်နေခြင်း အစရှိသည်တို့ကြောင့်လည်းကောင်း၊ အများစုသော တရားသူကြီးများသည်၎င်းတို့ဆုံးဖြတ်ချက်များမချင်စစ်တပ် သို့မဟုတ် နိုင်ငံရေး ဦးဆောင်လုပ်ရှားသူတို့၏ အချက်ပြမှုများအား အမြဲတစေ ရယူနေကြသေးသဖြင့် လွတ်လပ်သော စီရင်ဆုံးဖြတ်ခြင်းယဉ်ကျေးမှုသည် ပပျောက်လုနီးပါးဖြစ်နေခြင်းတို့ကြောင့် ဖြစ်ပါသည်။

ထောက်လှမ်းရေး အဖွဲ့အစည်းများအနေ

ဖြင့်အဓိက အဖွဲ့ (၃) ဖွဲ့ ရှိပြီး ၎င်းတို့အားလုံးသည် စစ်တပ်ထံသို့ အစီရင်ခံကြရပါသည်။ ၎င်းတို့မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လက်အောက်ရှိ အထူးသတင်းတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ အထူးစုံစမ်းစစ်ဆေးရေးဌာနနှင့် တပ်မတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ကာကွယ်ရေးဦးစီးချုပ်၏ တိုက်ရိုက်အခွင့်အာဏာ အောက်တွင်ရှိသော စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံးတို့ ဖြစ်ပါသည်။[၁၃]

## NLD ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အစီအစဉ်

လုံခြုံရေးကဏ္ဍအား ဒီမိုကရေစီနည်းကျ ဖော်ဆောင်ရန်အတွက် NLD ၏ အဓိကအစီအစဉ်မှာဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ပြောင်းလဲမှုများပြုလုပ်ရန် ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်မှ အဆိုပါ ပြင်ဆင်ပြောင်းလဲမှုများအား ပြုလုပ်ရာတွင်လက်ရှိ အသက်ဝင်လှုပ်ရှားနေသော ဥပဒေဘောင်အတွင်း တဖြည်းဖြည်းနှင့် ဂရုတစိုက် ဆောင်ရွက်သွားမည်ဟု အလေးအနက် ပြောဆိုခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေအား ပြင်ဆင်ရန် အချက်များအား အကြံပြုတင်ပြရာ၌ NLD အနေဖြင့် ကာကွယ်ရေးဌာနများ၏အခွင့်အာဏာဖြစ်သော "တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲစီရင်ဆောင်ရွက်ပိုင်ခွင့် ရှိသည်" ဆိုသည့် အချက်အပေါ် ပြောင်းလဲမှုဖြစ်စေမည့် အကြံပြုချက်များ လုပ်ဆောင်ခဲ့ခြင်းမရှိသည်ကို တွေ့ရပါသည်။ သို့သော် ပါတီအနေဖြင့် ပုဒ်မ (၃၃၉) ပါ "နိုင်ငံတော်အားပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်" အချက်အား ပယ်ဖျက်ရန်အဆိုပြုခဲ့ပြီး အရပ်သားကိုယ်စားလှယ်များမှ ဦးဆောင်မှု အခန်းကဏ္ဍတွင်ပိုမိုရယူနိုင်ရန် အကြံပြုခဲ့ပါသည်။[၁၄]

“

**NLD သည် ရဲတပ်ဖွဲ့အား စစ်တပ်၏လွှမ်းမိုး ထိန်းချုပ်မှုမှ လွတ်မြောက်စေရန် အချိန်ကြာမြင့်စွာ တောင်းဆို လာခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် ပါတီမှ အစိုးရအဖွဲ့အတွင်း ရွေးချယ်ခန့်အပ်ခံရသော မည်သည့် တပ်မတော်သားကိုမဆို (ဥပမာ - ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ) စစ်တပ်မှ အနားယူရန် လိုအပ်မှုအားအဆိုပြုခဲ့ကြပြီး အကြောင်းမှာ ၎င်းတို့အား အရပ်သားထိန်းချုပ်စီမံမှုအောက်သို့ပိုမိုရောက်ရှိလာစေရန်ဖြစ်သည်။**

”

NLD သည် ရဲတပ်ဖွဲ့အား စစ်တပ်၏ လွှမ်းမိုးထိန်းချုပ်မှုမှ လွတ်မြောက်စေရန် အချိန်ကြာမြင့်စွာ တောင်းဆိုလာခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် ပါတီမှ အစိုးရအဖွဲ့အတွင်း ရွေးချယ်ခန့်အပ်ခံရသောမည်သည့် တပ်မတော်သားကိုမဆို (ဥပမာ - ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ) စစ်တပ်မှ အနားယူရန် လိုအပ်မှုအားအဆိုပြုခဲ့ ကြပြီး အကြောင်းမှာ ၎င်းတို့အား အရပ်သားထိန်းချုပ်စီမံမှုအောက်သို့ ပိုမိုရောက်ရှိလာစေရန်ဖြစ်သည်။[၁၅]ပါတီသည် "လက်နက်ကိုင်တပ်ဖွဲ့များအားလုံး' ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဌာနများအောက်တွင် ရှိရမည်ဟူသည့် အချက်များဖြစ်သည့် ပုဒ်မ ၂၀ (ဂ) နှင့် ပုဒ်မ (၃၃၈) တို့အားလည်းဖယ်ဖျက်ရန် အဆိုပြုခဲ့ကြသည်။[၁၆] အကြောင်းရင်းမှာ ရဲတပ်ဖွဲ့အား အရပ်သားဦးဆောင်မှုအောက်သို့အသွင်ပြောင်းနိုင်ရန်အတွက်၎င်းအချက်သည် အတားအဆီး ဖြစ်နေနိုင်သည်ဟု ရှုမြင်ခြင်းကြောင့် ဖြစ်နိုင်ပါသည်။

အရပ်သားအစိုးရအနေဖြင့် နိုင်ငံ၏ သတင်းထောက်လှမ်းရေး ယန္တရားအပေါ် ထိန်းချုပ်မှု ရရှိရန်မည်သည့် ကြိုးပမ်းအားထုတ်မှုမျိုးကိုမှ လုပ်ဆောင်လာခဲ့ ခြင်းမရှိသေးသည်ကိုတွေ့ရပါသည်။ NLD အနေဖြင့်လည်း အကျဉ်းထောင်စနစ်အပေါ် အလေးပေး အာရုံစိုက်မှုနည်းပါး နေပါသေးသည်။ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံရှိ လွတ်လပ်သော ရှေ့နေများအသင်းအဖွဲ့များ အပါအဝင် များပြားလှသော အရပ်ဘက်အဖွဲ့အစည်းများစွာတို့သည် တရားမျှတရေးဝန်ကြီးဌာနအား ဖွဲ့စည်းရန် ထောက်ခံအကြံပြုလျက်ရှိကြပြီး ၎င်းမှ ပြန်လည် ပြုပြင်ရေးလုပ်ငန်းများ (အကျဉ်းထောင်များနှင့် ပြန်လည်ပြုစုပျိုးထောင်မှုလုပ်ငန်းများ)နှင့်တရားစီရင်ရေး၏ဘတ်ဂျက်(ရသုံးမှန်းခြေငွေစာရင်းနှင့်စီမံခန့်ခွဲမှု)အစရှိသည်တို့အား တာဝန်ယူဆောင်ရွက်နိုင်ရန် ဖြစ်သည်။[၁၇]

## အရပ်သားအစိုးရမှ ၎င်း၏ အခန်းကဏ္ဍကိုရှာဖွေခြင်း

အစိုးရအဖွဲ့အတွင်းရှိ အရပ်သားအဖွဲ့ဝင်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြောင်းလဲမှုများအစား လုံခြုံရေးကဏ္ဍအပေါ် လွှမ်းမိုးမှုပြုနိုင်ရန်နှင့် အသစ်သော စံနှုန်းများအား ထည့်သွင်းတည်ဆောက်ရန် နည်းလမ်းများအား ရေးဆွဲပြုစု နေခဲ့ကြစဉ်တွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ လုပ်ငန်းများအပေါ် စွက်ဖက်မှု အလွန်အမင်းပြုခြင်းများအား ရှောင်ရှားခဲ့ကြပါသည်။

အထင်ရှားဆုံးဖြစ်မည့် တိုက်ရိုက် ဥပမာတစ်ခုမှာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအား ပြည်ထဲရေးဝန်ကြီး ဌာနမှ အရပ်သားထိန်းချုပ်မှုအောက်သို့ လွှဲပြောင်းနိုင်ခဲ့ခြင်းပင် ဖြစ်သည်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် အထူးသဖြင့် ကျေးရွာအုပ်စုနှင့် ရပ်ကွက်အဆင့်များတွင် တရားဥပဒေစိုးမိုးရေး နှင့်အတူ အများပြည်သူငြိမ်းချမ်းရေးနှင့် အေးချမ်းသာယာရေးတို့အား တည်ဆောက်ရန် အခွင့်အာဏာ ရရှိထားပါသည်။ ၎င်းသည် တရားရုံးများအပေါ်တွင်လည်း သိသာထင်ရှားသည့် လွှမ်းမိုးမှုရှိနေရုံသာမက မြန်မာနိုင်ငံရာဇသတ်ကြီးပုဒ်မ (၁၄၄) အရ အရေးပေါ်အာဏာကိုလည်း ရရှိထားပါသည်။ ထိုသို့ စစ်တပ်မှ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအား လွှဲပြောင်းရန် ခွင့်ပြုခြင်းသည် ၎င်းတို့၏ အာဏာများအား စတင်လွှဲပြောင်းပေးရန် ယုံကြည်မှုအချို့ရှိနေပြီဖြစ်ကြောင်း သက်သေသာဓကဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။ ဤသို့ လုပ်ဆောင်လိုက်ခြင်းသည်တပ်မတော်အား ကြီးမားသော တာဝန်ကြီးတစ်ခုမှ သက်သာရာရစေပြီး ၎င်းတို့၏ အဓိကအကျိုးစီးပွားများကိုလည်း ခြိမ်းခြောက်ခြင်းမရှိသောကြောင့် ဖြစ်ပါသည်။ အရပ်သားအစိုးရသည်ကမ်းခြေစောင့် တပ်ဖွဲ့ကိုလည်း ၎င်း၏ထိန်းချုပ်မှုအောက်တွင် ဖွဲ့စည်းနိုင်ရန် ကြိုးပမ်းအားထုတ်နေပြီး ၎င်းသည်လက်ရှိတွင် အခြေအတင် ဆွေးနွေးနေရဆဲပင် ဖြစ်ပါသည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် အစိုးရသည် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ရာထူးအားဖန်တီးခဲ့ပြီး ၎င်းသည်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အား ပြည်တွင်းပြည်ပ အန္တရာယ်များနှင့်စပ်လျဉ်း၍ မဟာဗျူဟာရှုထောင့်မှ လေ့လာသုံးသပ် အကြံပြုနိုင်ရေးအတွက်နှင့် အထူးသဖြင့် ပြင်ပဆက်ဆံရေးများအပေါ် အလေးပေး ဆောင်ရွက်ရန် ဖြစ်ပါသည်။[၁၈] အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်သည် လက်ရှိအခြေအနေတွင် ၎င်း၏ ကိုယ်ပိုင်ရုံး မရှိသေးသည့်အပြင် စစ်တပ်အပေါ်၌လည်း ဩဇာသက်ရောက်မှု မရှိသေးပေ။ ထိုအင်စတီကျူးရှင်းသည် အရပ်သား ဦးဆောင်ပြီး ပိုမိုအားကောင်းသည့် အဖွဲ့အစည်းတစ်ခု အဖြစ်သို့ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာနိုင်ခြေရှိသည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် “တရားမျှတမှု ပိုမိုရရှိစေရေး” နှင့် “လုံခြုံရေးကဏ္ဍတွင် လိုအပ်သလို ပံ့ပိုးပေးခြင်းဖြင့် ၎င်း၏မူလတာဝန်ဖြစ်သည့် ပြည်သူများအား ထိရောက်စွာဝန်ဆောင်မှု ပေးနိုင်ရန်နှင့် ရပ်ရွာများငြိမ်းချမ်းရေး၊လုံခြုံရေးနှင့်လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်း” စသည့် အစီအစဉ်များအား ချမှတ်ထားပါသည်။ ဝန်ကြီးဌာန (၁၉) ခု အတွက် လုပ်ငန်းတာဝန်များ ပါဝင်ရေးဆွဲထားသော်လည်း ကာကွယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းများကို ဖော်ပြထားမှု မရှိခြင်းသည်အရပ်သားအစိုးရအနေဖြင့် စိန်ခေါ်မှုအခက်အခဲများ ရင်ဆိုင်နေရကြောင်း ဖော်ပြနေခြင်းဖြစ်ပါသည်။

၂၀၁၁ ခုနှစ်တွင် သမ္မတဦးသိန်းစိန်သည် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အား(MNHRC) တည်ထောင်ခဲ့ပြီး ၎င်းမှလူ့အခွင့်ဆိုင်ရာ ချိုးဖောက်မှုကိစ္စရပ်များအား စုံစမ်းဖော်ထုတ်နိုင်ရန်၊ ဥပဒေများအား ပြန်လည်ဆန်းစစ်ရန်၊ အကျဉ်းထောင်များနှင့် အခြားသော အဖွဲ့အစည်းများအား စစ်ဆေးရန်တို့အပြင် မေးခွန်းများမေးမြန်းရန် အစိုးရဌာနများအား စည်းရုံးလှုံ့ဆော်ရန်တို့အထိ ပါဝင်ပါသည်။



MNHRC သည် လုံခြုံရေး အဖွဲ့အစည်းများနှင့် ယှဉ်လျှင် အားနည်းသော အဖွဲ့အစည်းတစ်ခုအဖြစ် တည်ရှိနေပြီး ၎င်းအဖွဲ့အတွင်း ဝန်ကြီးများပါဝင်နေခြင်းကလည်း အစိုးရလက်အောက်မှ လွတ်လပ်စွာဆောင်ရွက်နိုင်ရန် အဟန့်အတားတစ်ခု ဖြစ်နေပါတော့သည်။ မည်သို့ပင်ဆိုစေကာမူ ၎င်းသည် စစ်တပ်မှ ပါဝင်ပတ်သက်နေသည့် အချို့သော တရားရေးဆိုင်ရာ အမှုကိစ္စများအား ပံ့ပိုးကူညီမှုများရှိခဲ့ ပြီး ရာဇသတ်ပုဒ်မများနှင့် အကျဉ်းထောင်များပြုပြင်ပြောင်းလဲမှု လုပ်ငန်းများတွင် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများတွင်ပံ့ပိုးကူညီခဲ့ရုံသာမက အခြားသောအခန်းကဏ္ဍများတွင်လည်း တိုးတက်လုပ်ဆောင်လာနိုင်ခဲ့ပါသည်။

လွှတ်တော်သည် မူဝါဒများနှင့် အစိုးရ၏ လုပ်ငန်းများအပေါ် အချေအတင် ဆွေးနွေးခြင်းများသော်လည်းကောင်း၊ ဝန်ကြီးဌာနများအား ၎င်းတို့၏ ရေးရာကိစ္စများအပေါ် မေးခွန်းများမေးမြန်းခြင်းအားဖြင့်သော်လည်းကောင်း၊၎င်းတို့၏ထိန်းချုပ်ကြီးကြပ်စီမံမှု အခန်းကဏ္ဍအား တည်ဆောက်လျက်ရှိပါသည်။ လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာနများနှင့် အစိုးရဌာနများမှ ပြည်သူ့ကိုယ်စားလှယ်များ၏ မေးခွန်းများအား ဖြေဆိုကြရပြီး မှတ်တမ်းများအားသတင်းမီဒီယာများမှ တစ်ဆင့် ထုတ်ဝေနိုင်ခဲ့ကြရာ ၎င်းသည် အလွန်ကောင်းမွန်သော လူထုထံ ချပြအသိပေးမှု နည်းလမ်းတစ်ခုကို အားပေးမြှင့်တင်ခြင်းပင် ဖြစ်သည်။ ပုံမှန်အားဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအပေါ်ဆွေးနွေးမှုအား ကန့်သတ်မှုများရှိနေပြီး ၎င်းကို ပါတီခေါင်းဆောင်များနှင့် ဆော်ဩသူများ နှစ်ရပ်လုံးအပါအဝင် ဗိုလ်ချုပ်ကြီးဟောင်းများနှင့် များစွာ အဆက်အသွယ်ရှိသောပြည်သူ့စစ်ခေါင်းဆောင်ဟောင်း ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌတို့မှလည်း ကန့်သတ်မှုများလုပ်ဆောင်နေပါသည်။ ထိန်းချုပ်ကြီးကြပ်စီမံမှုနှင့် လေ့လာစောင့်ကြည့်မှုဆိုင်ရာ စံနှုန်းများအားလည်း တဖြည်းဖြည်းတည်ဆောက်လာနိုင်ပြီ ဖြစ်ပါသည်။



သမ္မတနန်းတော်တွင် ကျင်းပသော နိုင်ငံတော် သမ္မတရာထူးအား သမ္မတအသစ် ဦးထင်ကျော်ဆီသို့ အပ်နှင်းသည့် အခန်းအနားပြီးနောက် ဒေါ်အောင်ဆန်းစုကြည်မှ ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်ကို နှုတ်ဆက်နေစဉ်၊
၃၀၊ မတ်လ၊ ၂၀၁၆၊ နေပြည်တော်၊ မြန်မာ။
©Nyein Chan Naing/Pool/Shutterstock.

လွှတ်တော်သည် စစ်တပ်၏ ဘတ်ဂျက်အားကောင်းစွာ စိစစ်မှုပြုရန်အတွက် အဟန့်အတားများ ရှိနေသော်လည်း ၎င်းသည် ယခုနှစ်အတွင်းတွင် ကော်မတီအဖွဲ့တစ်ခုကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ၎င်းအဖွဲ့သည် ဝန်ကြီးများအား အသေးစိတ်သောမေးခွန်းများမေးနိုင်ခြင်းနှင့်အတူ လေ့လာစောင့်ကြည့်မှုများအား လုပ်ဆောင်လာနိုင်ခဲ့ပါသည်။ ဥပဒေပြုသူများသည် လုံခြုံရေးတပ်ဖွဲ့များ၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများအပေါ် တိုက်ရိုက်အကျိုး သက်ရောက်နိုင်မှုရှိသောအဓိကဥပဒေများအားဦးတည်လုပ်ဆောင်နိုင်ခြင်း မရှိသေးသော်လည်း လုံခြုံရေးဆိုင်ရာဥပဒေ ပြဋ္ဌာန်းမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုအချို့သော နယ်ပယ်များတွင် လုပ်ဆောင်လာနိုင်ခဲ့ရာ အထူးသဖြင့် ရာဇဝတ်မှုများနှင့် အရပ်သားဘေးကင်းလုံခြုံမှုဆိုင်ရာ နယ်ပယ်များတွင်ဖြစ်ပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီများအားဖွဲ့စည်းရန် ခွင့်ပြုထားသော်လည်း ၎င်းတို့သည်အသက်ဝင်လှုပ်ရှားလာခြင်း မရှိကြသေးသည်ကို လေ့လာတွေ့ရှိရပါသည်။

## အဖွဲ့အစည်းဆိုင်ရာ အလေ့အထများနှင့် ယဉ်ကျေးမှုများအား ပြောင်းလဲမှုပြုခြင်း

စစ်တပ်ထံမှ အာဏာများအား အရပ်သားကိုယ်စားလှယ်များထံသို့ လွှဲပြောင်းလိုက်ခြင်းဖြင့် ပိုမိုတရားမျှတမှုရှိပြီး ငြိမ်းချမ်းသော ရလဒ်များအား အလိုအလျောက် ဖန်တီးလိုက်နိုင်မည်မဟုတ်ပေ။ ရွေးကောက်ပွဲများ ကျင်းပခြင်းတစ်ခုတည်းက ခိုင်မာသော ဒီမိုကရေစီကို ဖော်

ဆောင်နိုင်မည် မဟုတ်သကဲ့သို့ လုံခြုံရေးဆိုင်ရာ အခွင့်အာဏာများအား ရွေးကောက်ခံအရာရှိများလက်သို့ ပေးအပ်လိုက်ခြင်းကလည်း လုံခြုံရေးဆိုင်ရာ အလေ့အထများနှင့်စံနှုန်းများအားအလိုအလျောက် ပြောင်းလဲမှုများ ပြုလုပ်နိုင်မည် မဟုတ်သည်ကို လေ့လာတွေ့ရှိရပါသည်။ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခြင်း လုပ်ငန်းစဉ်တွင် အဓိက အရေးကြီးသောအချက်မှာရွေးကောက်ခံ ခေါင်းဆောင်များအနေဖြင့် အထက်အမိန့်ကိုသာ လက်ခံလုပ်ဆောင်တတ်သော အရင်အာဏာပိုင်များ၏ အထက်မှ အောက်သို့သွားသည်ပုံစံ ခက်ထန်လွန်းသည့်လုံခြုံရေးဗဟိုပြုသောအလေ့အထများနှင့် သဘောထားများအား ရိုးရှင်းစွာ အမွေဆက်ခံခြင်း မပြုရန်ဖြစ်ပါသည်။

> “ရွေးကောက်ပွဲများ ကျင်းပခြင်းတစ်ခုတည်းက ခိုင်မာသော ဒီမိုကရေစီကို ဖော်ဆောင်နိုင်မည် မဟုတ်သကဲ့သို့ လုံခြုံရေးဆိုင်ရာ အခွင့်အာဏာများအား ရွေးကောက်ခံအရာရှိများလက်သို့ ပေးအပ်လိုက်ခြင်းကလည်း လုံခြုံရေးဆိုင်ရာ အလေ့အထများ နှင့် စံနှုန်းများအား အလိုအလျောက် ပြောင်းလဲမှုများ ပြုလုပ်နိုင်မည် မဟုတ်သည်ကို လေ့လာတွေ့ရှိရပါသည်။”

လုံခြုံရေးနှင့် တရားမျှတရေး ကဏ္ဍများမှပြည်သူများအား မည်မျှပံ့ပိုးမှုပြုနိုင်သည် ဆိုသည့်အချက်သည် အစိုးရမှ ပြဋ္ဌာန်းထားသော ဥပဒေများ၊ ညွှန်ကြားချက်များနှင့် မူဝါဒများအပါအဝင် အဖွဲ့အစည်းများအတွက် အဓိကဖြစ်သော ၎င်းအဖွဲ့များအတွင်း ကျင့်သုံးသည့် အလေ့အထများနှင့် ယဉ်ကျေးမှုများအပေါ်များစွာ မှီတည်နေပါသည်။ နိုင်ငံတစ်ခုအတွင်းရှိလူများ၊ လူမှုအသိုင်းအဝန်းများ၏ အမျိုးစုံလင်လှသော လိုအပ်ချက်များကို ကောင်းစွာပံ့ပိုးနိုင်ရန်အတွက် အထူးဆောင်ရွက်မှုများနှင့်အတူ ကျားမရေးရာနှင့် ယဉ်ကျေးမှု ထုံးတမ်းဓလေ့ဆိုင်ရာ နိုးကြားသတိရှိမှုတို့လိုအပ်မည် ဖြစ်ပါသည်။ နောက်ကြောင်းပြန်အကျိုးသက်ရောက်မှု ရှိလာနိုင်သော ပြင်းထန်စွာဖိနှိပ်ခြင်းမှုများ သို့မဟုတ် စစ်ဆင်ရေးများဖြင့် တုံ့ပြန်ဖြေရှင်းခြင်းထက် လုံခြုံရေး၊ တရားမျှတရေးနှင့် လူထုဘေးကင်းလုံခြုံမှုဆိုင်ရာများကို ကာကွယ်တားဆီးမှုလုပ်ခြင်းသည် ပိုမို ကောင်းမွန်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံတွင်နိုင်ငံရေးနှင့် အုပ်ချုပ်စီမံမှု အလေ့အထများတွင်အခြေခံကျသော ပြောင်းလဲမှုများ ပြုလုပ်ရန်၊ “ဒီမိုကရေစီ တန်ဖိုးများနှင့် လူ့အခွင့် အရေးများ” အပေါ် အလေးပေးရန်နှင့် နိုင်ငံအား အကြောက်တရားစက်ဝန်းမှ လွတ်မြောက်စေရန် လုပ်ဆောင်မှုများလိုအပ်ကြောင်းကျယ်ပြန့်စွာရေးသားပြုစုခဲ့ဖူးပါသည်။[၁၉]

## အကျင့်ဟောင်းတို့ စွန့်ရန်ခက်ခဲခြင်း

တပ်သားပေါင်း (၃၀၀,၀၀၀) ခန့်အင်အားရှိသည့် တပ်မတော်သည် များပြားပြီး အင်အားကြီးမားသည့် ခြေလျင်တပ်ဖွဲ့တစ်ခုအဖြစ် ဆက်လက်ရှိသေးသည်။ ၎င်း၏ သောင်းကျန်းမှု ချေမှုန်းရေးစနစ်သည် သောင်းကျန်းသူများ၏ ခိုလှုံရာနေရာနှင့်ပံ့ပိုးမှုများအား ဖြတ်တောက်နိုင်ရန် သက်ဆိုင်ရာဒေသရှိ လူထုတစ်ရပ်လုံးအပေါ် ကျယ်ပြန့်စွာ ပစ်မှတ်ထား ကာ ပြောင်းရွှေ့နေရာချထားခြင်းနှင့် အကြမ်းဖက်မှုများအား ကျူးလွန်သည့်စနစ်ကို ဆက်လက် ကျင့်သုံးနေပါသည်။ ၎င်းတို့၏ စစ်ဆင်ရေးများတွင် အသုံးပြုသော နည်းစနစ်များမှာ အတိတ်တွင်ပင် စွဲငြိနေပါသေးသည်။

ပြည်သူများအပေါ် တုန်လှုပ် ချောက်ချားဖွယ်ကောင်းသည့် စနစ်ဆက်ဆံမှုနှင့် လူ့အခွင့်အရေးများ ချိုးဖောက်ကြောင်း စွပ်စွဲခြင်းများမှအပ လက်ရှိစစ်ရေးဆိုင်ရာ နည်းစနစ်များသည် ထိရောက်မှုမရှိကြောင်းနှင့်လက်နက်ကိုင်ပဋိပက္ခအားပိုမိုမြင့်တက်စေပြီး ပိုမိုရှည်လျားစေမှုများကိုသာဖြစ်ပေါ်စေကြောင်း သက်သေပြလျက် ရှိပါသည်။ လက်နက်ကိုင် အဖွဲ့အစည်းအများစုနှင့် အပစ်အခတ်ရပ်စဲမှု လုပ်ဆောင်ပြီး ၎င်းတို့အား စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် အခွင့်အလမ်းအားပေးခြင်းဖြင့် နိုင်ငံရေး ရည်မှန်းချက်များအား လက်လွှတ်သွားရန် လုပ်ဆောင်ခြင်း မဟာဗျူဟာတစ်ခုသည် အစိုးရအား သဘာဝအရင်းအမြစ်များနှင့် ကုန်သွယ်ရေး ပင်မလမ်းကြောင်းများအပေါ်ထိန်းချုပ်မှု လုပ်ဆောင်နိုင်ရန် အကောင်းဆုံးအခွင့်အရေးပေးနေပါသည်။ သို့သော် လွန်ခဲ့

သည့်ဆယ်စုနှစ်များအတွင်း အင်အားကြီးမားသောလက်နက်ကိုင်အဖွဲ့များသည် သိသာထင်ရှားစွာလက်လျော့သွားခြင်း မရှိကြသည်ကို တွေ့ရှိရပြီး အဖွဲ့ငယ်များမှာလည်း လက်လျော့သွားခဲ့ကြသော်လည်း ၎င်းတို့အနေဖြင့် တပ်ဖွဲ့များဖျက်သိမ်းခြင်း လုပ်ငန်းစဉ်များကို စနစ်တကျ လုပ်ဆောင်နိုင်ခဲ့ခြင်း မရှိခဲ့ကြပေ။ ၎င်းအဖွဲ့များမှ တိုက်ခိုက်ရေးသမားများသည် အခြားသော အဖွဲ့များထံ သွားရောက်ပူးပေါင်းခြင်း သို့မဟုတ် အဖွဲ့အသစ်များအဖြစ် ထပ်မံဖွဲ့စည်း ပေါ်ပေါက်လာကြသည်။

တပ်မတော်သည် ၎င်း၏စွမ်းဆောင်ရည်များနှင့် လက်နက်တပ်ဆင်မှုများကို စဉ်ဆက်မပြတ် ခေတ်မီတိုးတက်ရေး ကြိုးပမ်း အားထုတ်မှုများအပေါ် ဆက်လက် ရင်းနှီးမြှုပ်နှံလျက်ရှိပါသည်။ အထူးသဖြင့် NLD အာဏာရလာသော အချိန်မှစတင်ပြီး ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ တပ်ဖွဲ့အား “အဆင့်အတန်းမြင့်တပ်မတော်” တစ်ရပ် ဖြစ်လာစေရန် အဆင့်မြှင့်တင်မှုများ ပြုလုပ်နိုင်ရန် ယခုအစီအစဉ်အား ချမှတ်လုပ်ဆောင်လာခဲ့ပါသည်။[၂၀] သို့သော်နိုင်ငံ၏ ဒီမိုကရေစီစနစ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ် ပြည့်စုံကျယ်ပြန့်သည့် ပြောင်းလဲမှုများ အစပြုလုပ်ဆောင်ရန်တိကျသည့်အစီအစဉ်များရှိမနေသေးသည်ကို တွေ့ရပါသည်။

စစ်တပ်သည် ၎င်းတို့ တပ်သားများ၏ ကျင့်ဝတ်ဆိုင်ရာအမှုကိစ္စများအား ၎င်းတို့ကိုယ်ပိုင်တရားရုံးများတွင်သာ စီရင်ဆုံးဖြတ်ချခြင်းသည်ပုံမှန် လုပ်ရိုးလုပ်စဉ် မဟုတ်သော်လည်း အဓိက အရေးကြီးသည်မှာ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုအား လက်လှမ်းမီရေးတို့၏ အခြေခံအုတ်မြစ်များကို လိုက်နာကျင့်သုံးနေသေးသည်ဆိုသည့် အချက်ပင်ဖြစ်ပါသည်။ မြန်မာစစ်တပ်၏ တရားမျှတရေးစနစ်သည် ၎င်းစံနှုန်းများအား လိုက်နာကျင့်သုံးမှု နည်းပါးနေသေးသည်။ ခေါင်းဆောင်များသည် ၎င်းတို့ လုပ်ဆောင်သော အကြမ်းဖက်မှုဆန်သည့် အစီအစဉ်များမှာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ခြင်းသာ ဖြစ်ကြောင်း အခိုင်အမာပြောဆိုနေခြင်းများက ၎င်းလမ်းညွှန်မှုများသည် စနစ်တကျ ချိုးဖောက်မှုများအားခွင့်ပြုနေသည်ကိုထောက်ပြနေပါသည်။ တရားရုံး၏ ဆုံးဖြတ်ချက်များနှင့် ပြစ်ဒဏ်ချမှတ်မှုများသည် တစ်ခါတစ်ရံသာ လူအများသိစေရန် ထုတ်ပြန်လေ့ရှိသည်။ ဆုံးဖြတ်ချက်များ အတွက် ကြားနာမှုများတွင်လည်း ပွင့်လင်းမြင်သာမှု မရှိလှသည်ကိုတွေ့ရကာ ထိုဆုံးဖြတ်ချက်များကိုရက်များ အတော်တန် ကြာပြီးမှသာ အများပြည်သူအား ချပြခြင်းများလည်း ရှိနေပါသည်။ အလေးထားသင့်ဆုံးသော အချက်မှာ လုံခြုံရေး တပ်ဖွဲ့များ၏ ရာဇဝတ်မှုဆိုင်ရာ ကျူးလွန်မှုများကို ခံစားခဲ့ကြရသူများသည် နစ်နာကြေး၊ လျော်ကြေး၊ သို့မဟုတ် ဖေးမကူညီမစမှု အစရှိသော ပုံစံတစ်ခုခုကိုမျှ လက်ခံရရှိခဲ့ကြခြင်း မရှိကြသည်ကို တွေ့မြင်ရပါသည်။

> “ပြည်သူများအပေါ် တုန့်လှုပ်ချောက်ချားဖွယ်ကောင်းသည့် စနစ်ဆက်ဆံမှုနှင့် လူ့အခွင့်အရေးများ ချိုးဖောက်ကြောင်း စွပ်စွဲခြင်းများမှအပ လက်ရှိစစ်ရေးဆိုင်ရာနည်းစနစ်များသည်ထိရောက်မှုမရှိကြောင်းနှင့် လက်နက်ကိုင်ပဋိပက္ခအား ပိုမိုမြင့်တက်စေပြီး ပိုမိုရှည်လျားစေမှုများကိုသာ ဖြစ်ပေါ်စေကြောင်း သက်သေပြလျက် ရှိပါသည်။”

တပ်မတော်သည် ရှည်လျားသော သမိုင်းကြောင်းကို ပိုင်ဆိုင်ထားသည့် ကြီးမားသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ၎င်းသည် ပြင်ပမှဝင်ရောက်စွက်ဖက်မှုများအား အလေးအနက်ဆန့်ကျင်လျက် မိမိတို့အဖွဲ့အတွင်းတိုးမြှင့်တည်ဆောက်လာသောအယူဝါဒများဖြင့်သာ ရပ်တည်လာခဲ့ပါသည်။ အစိုးရ၏ အရပ်သားအဖွဲ့ဝင်များသည် စစ်တပ်အား “အမြစ်ပါ မကျန်” လုံးဝပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန် တိုက်တွန်းလှုံ့ဆော်မှုအားအချိန်ကာလတစ်ခုအထိ လုပ်ဆောင် နိုင်ဦးမည်မဟုတ်သေးပေ။ ပြောင်းလဲမှု တစ်ခုခုသည် စစ်တပ်အတွင်းမှသာ ဦးဆောင်ဖြစ်ပေါ် လာနိုင်မည်ဖြစ်ပြီး ၎င်းပြောင်းလဲမှုများသည် အခြားသော သူတို့ထံမှလာသော စုပေါင်းဖိအားပေးမှုများ၊ အားပေးမှုများနှင့် ပံ့ပိုးကူညီမှု များဖြင့်သာ ဖြစ်နိုင်မည် ဖြစ်သည်။

အရပ်သားအစိုးရအနေဖြင့် လက်ရှိစစ်တပ်ရေးရာ နည်းလမ်းများသည် သိသာထင်ရှားသော ပြဿနာများအဖြစ်ရှုမြင်နေသည်လားဆိုသည်မှာ ရှင်းလင်းမှု မရှိသလိုအရေးပါသော အစိုးရတာဝန်ရှိသူများမှာ ကုလသမဂ္ဂအဖွဲ့ သို့မဟုတ် အခြားသောအဖွဲ့အစည်းများ၏လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများအတွက် စွပ်စွဲမှုများအပေါ် ယုံကြည်မှု မရှိကြောင်း ထပ်ခါထပ်ခါပြောဆိုလာခဲ့ကြပါသည်။[၂၁] "လူ့အခွင့်အရေး ချိုးဖောက်မှုများ အားလုံးအပေါ်" ဝေဖန်ရှုတ်ချမှုများ ပြုနေသော်လည်း ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်သူမသည်လက်နက်ကိုင်ပဋိပက္ခတွင်း ပါဝင်သူ တစ်ဦးဦးအပေါ် "ခွဲဝေအပြစ်လွှဲချမှု" သို့မဟုတ် "တာဝန်ဝတ္တရားများအားရှောင်ဖယ်ခြင်း" တို့ကို လုပ်ဆောင်မည်မဟုတ်ကြောင်းအခိုင်အမာပြောဆိုနေခဲ့ပါသည်။[၂၂] သူမ၏အစိုးရအဖွဲ့သည် တပ်မတော်အား "လူ့အခွင့်အရေးချိုးဖောက်မှုများအား ရှောင်ရှားရန်" နှင့် "စစ်ဆင်ရေးများအား အထူးဂရုစိုက် လုပ်ဆောင်ရန်" ညွှန်ကြားမှုများပေးခဲ့သည်ဟုပြောဆိုနေခဲ့သော်လည်း သူမ၏ တရားဝင် Facebook စာမျက်နှာအပေါ်တွင်မှု တပ်မတော်အား ပုံမှန်အားဖြင့်ကာကွယ် ပေးနေလေ့ရှိပြီး လုံခြုံရေးတပ်ဖွဲ့များမှလိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှုများပြုလုပ်ခဲ့သည်ဆိုသည့်စွပ်စွဲချက်များအား "အတုအယောင်မုဒိန်းမှု" ဟူသော စာကြောင်းပါ ပို့စ်ဖြင့် ငြင်းဆိုခဲ့ပါသည်။[၂၃]

> “ တပ်မတော်သည် ရှည်လျားသော သမိုင်းကြောင်းကို ပိုင်ဆိုင်ထားသည့် ကြီးမားသော အဖွဲ့အစည်း တစ်ခု ဖြစ်ပါသည်။ ၎င်းသည် ပြင်ပမှဝင်ရောက်စွက်ဖက်မှုများအား အလေးအနက် ဆန့်ကျင်လျက် မိမိတို့ အဖွဲ့အတွင်း တိုးမြှင့်တည်ဆောက်လာသော အယူဝါဒများဖြင့်သာ ရပ်တည်လာခဲ့ပါသည်။ ”

လက်နက်ကိုင်တပ်ဖွဲ့များမှလုပ်ဆောင်မှုများသည် အရပ်သားများအပေါ် ထိခိုက်စေမှုအနည်းဆုံးဖြစ်ရန် လက်နက်ကိုင် စစ်သားများသည်ကျယ်ပြန့်သော လူထု၏ တန်ဖိုးများနှင့်စိတ်ဆန္ဒများအပေါ်အခြေခံပြီး ပြုမူလုပ်ဆောင်မှုများ သေချာစေရန် ၎င်းတို့၏ ပွင့်လင်းမြင်သာမှုနှင့် ၎င်းတို့အပေါ် လေ့လာစောင့်ကြည့်မှုများအားပိုမို လုပ်ဆောင်လာနိုင်ရန်မှာ ရွေးကောက်ခံအရာရှိများနှင့် အစိုးရမဟုတ်သော လုပ်ရှားသူများဥပမာ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ သတင်းမီဒီယာများထံမှ တစ်သမတ်တည်းဖြစ်သော ဖိအားပေးမှုများအား ရေရှည်ပေးစွမ်းသွားနိုင်ရန် လိုအပ်နေလိမ့်မည် ဖြစ်သည်။

## ဘက်စုံလွှမ်းခြုံပြီး စနစ်ကျသော တရားမျှတရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု

ကိုလိုနီခေတ်ကတည်းကစတင်ပြီးမြန်မာနိုင်ငံ၏ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်အားအဓိကအားဖြင့်တရားဥပဒေစိုးမိုးမှုအားထိန်းသိမ်းရန်နှင့် နိုင်ငံတော်၏ အကျိုးစီးပွားများအားကာကွယ်ရန်အတွက်အသုံးပြုခဲ့ကြပါသည်။၁၉၆၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း နိုင်ငံရေးလှုပ်ရှားမှုများကြောင့်ခန့်မှန်းခြေအားဖြင့် လူပေါင်း (၇,၀၀၀) မှ (၁၀,၀၀၀)အထိအကျဉ်းကျခံခဲ့ကြရသည်။[၂၄] ယနေ့ခေတ်တွင် ရဲတပ်ဖွဲ့နှင့် အကျဉ်းထောင်စနစ်များသည်စစ်တပ်၏လက်အောက်တွင် သွယ်ဝိုက်သောနည်းအားဖြင့် တည်ရှိနေသေးပြီး ၎င်းဌာနများ၏ခေါင်းဆောင်ပိုင်း နေရာများတွင်လည်း များစွာသောစစ်တပ်အရာရှိဟောင်းများအား ခန့်အပ်ထားသည်ကို တွေ့ရပါသည်။

တရားမျှတမှုအားဘက်လိုက်မှုမရှိဘဲပြုမူဆောင်ရွက်ခြင်းနှင့် ပြည်သူ့ဆန္ဒသဘောကို ကာကွယ်စောင့်ရှောက်ခြင်းတို့ကို အလေးပေးသော စနစ်တစ်ခုအဖြစ် ပြောင်းလဲမှု ပြုလုပ်နိုင်ရန်အတွက် စနစ်တစ်ခုလုံးကို ခြုံငုံသုံးသပ်မှု ပြုနိုင်သော ဘက်စုံလွှမ်းခြုံမှုရှိသည့် နည်းလမ်းတစ်ခု လိုအပ်လိမ့်မည်ဖြစ်သည်။ ယနေ့အထိ ပြုပြင်ပြောင်းလဲမှုများသည် ဟိုတစ်စသည်တစ်စနှင့်သာ ရှိနေပါသေးသည်။

ရဲတပ်ဖွဲ့မှ ပြည်သူများအား ဝန်ဆောင်မှုပေးရာတွင် "စစ်ပွဲအခြေအနေတစ်ခုမှ ဆင်းသက်လာသော စစ်ဘက်ရေးရာ တန်ဖိုးများအပေါ်အခြေခံ

ခြင်းထက် အရပ်သားဝန်ဆောင်မှု၊ ကာကွယ်ပေးမှုတန်ဖိုးများအပေါ် အခြေခံပြီး ဆောင်ရွက်ခြင်းသည်အရေးကြီး လှပါသည်။[၂၅] စစ်တပ်များသည် အများပြည်သူတို့၏ ရန်သူများအား အင်အားသုံးတိုက်ခိုက်ရန် ဖွဲ့စည်းထားခြင်းသာ ဖြစ်ပါသည်။ ရဲတပ်ဖွဲ့များမှာမူ ပြည်သူအား ကာကွယ်စောင့်ရှောက်ရန် ဖွဲ့စည်းတည်ဆောက်ထားခြင်း ဖြစ်ပါသည်။ အကယ်၍ ရဲများသည် စစ်တပ်၏ အမူအကျင့်များအား ကျင့်သုံးမည်ဆိုပါက ၎င်းပြည်သူများအား ရန်သူများအဖြစ် ဆက်ဆံမှုပုံစံဖြင့် အဆုံးသတ်သွားမည် ဖြစ်သည်။ မြန်မာနိုင်ငံတွင် အရေအတွက်အားဖြင့် မသိရသော ရဲတပ်သားများသည်စစ်တပ်မှ အလှည့်ကျ တာဝန်ပြောင်းရွှေ့ထမ်းဆောင်မှုများ လုပ်ဆောင်နေခဲ့ကြသည်။ ၎င်းအလေ့အထကို၂၀၁၄ခုနှစ်အထိတိုင် ဆက်လက်ကျင့်သုံးလာခဲ့ကြရာ စစ်တပ်အရှယ်အစားအားလျှော့ချရန် ကြိုးပမ်းမှုများ၏ အစိတ်အပိုင်းဖြစ်ပြီးရောနှောမှုရှိသော ဒီမိုကရေစီ တစ်ရပ်သို့ပြောင်းလဲမှု လုပ်ငန်းစဉ်များနှင့် ကိုက်ညီသောပိုမိုခိုင်မာသည့် ရဲတပ်ဖွဲ့တစ်ခုအား တည်ထောင်ရန်တို့ ဖြစ်ပါသည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းဖြင့်အကျိုးသက်ရောက်မှုများကို နယ်ပယ် (၃) ခုတွင် တွေ့ရှိရကြောင်း တကောင်းနိုင်ငံရေးလေ့လာမှုအဖွဲ့၏ သုတေသနလေ့လာမှုအရ သိရှိရပါသည်။ ၎င်းတို့မှာ ဝန်ခံကတိပြုမှုဖြင့် တာဝန်ထမ်းဆောင်နေသော ရဲအရာရှိများသည် ရာထူးအဆင့်တိုးမြှင့်နိုင်သော အခွင့်အရေးများ မရှိခြင်းကြောင့် စိတ်အားထက်သန်မှုများ ပျောက်ဆုံးခြင်း၊ တပ်ဖွဲ့၏ပညာရှင်ဆန်သော ကျွမ်းကျင်မှုများ လျော့ကျလာခဲ့ခြင်းနှင့် အများပြည်သူနှင့် ဆက်ဆံရေးပျက်စီးသွားခြင်း အစရှိသည်တို့ ဖြစ်ပါသည်။[၂၆]

NLD သည် ၎င်း၏ ၂၀၁၅ ခုနှစ် မူဝါဒရေးရာကြေညာစာတမ်း၌ "ရဲတပ်ဖွဲ့အား ၎င်းတို့၏လုပ်ငန်းတာဝန်များအား ပြည့်ဝစွာလုပ်ဆောင်နိုင်ရေး နိုင်ငံတကာစံနှုန်းများနှင့်အညီ တည်ဆောက်သွားရန်" ကတိပြုခဲ့ပါသည်။[၂၇] ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ဖော်ပြထားသည်မှာ "တရားဥပဒေ စိုးမိုးရေးဆိုင်ရာ အဖွဲ့များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်းဖြင့်

လူတစ်ဦးချင်းစီနှင့် အထူးသဖြင့် ထိခိုက်လွယ်သည့်အုပ်စုများ ဘေးကင်းလုံခြုံရန်အတွက်' လုပ်ငန်းများအား အဆင့်ဆင့်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ လက်တွေ့တွင်မူ ရဲတပ်ဖွဲ့သည် စစ်တပ်နှင့် အစိုးရ၏ နိုင်ငံရေးအကျိုးစီးပွားအတွက် ၎င်းတို့နှင့် နီးကပ်စွာဆက်လက်ပူးပေါင်းဆောင်ရွက်နေပြီး ၎င်းသည် ဥပဒေတွင် ပြဋ္ဌာန်းထားသော ဝန်ဆောင်မှုများနှင့် လွတ်လပ်စွာ ပံ့ပိုးမှုပြုမည်ဆိုသည့် အချက်များနှင့် သွေဖယ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံအကျဉ်းဦးစီးဌာနသည် စစ်တပ်ဦးဆောင်သည့် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင် ရောက်ရှိနေပါသည်။ ၎င်းဌာနသည်အကျဉ်းထောင် (၄၈) ခု၊ ထိန်းသိမ်းရေးစခန်း (၅) ခုနှင့် အလုပ်ကြမ်း/ရဲဘက်စခန်း (၄၈) ခုတို့ဖြင့် လည်ပတ် ဆောင်ရွက်လျက် ရှိပါသည်။ အလုပ်ကြမ်း လုပ်ဆောင်ရသူများသည် ဌာနမှ သော်လည်းကောင်း ပုဂ္ဂလိကမှသော်လည်းကောင်း ပိုင်ဆိုင်သော ကုမ္ပဏီများအတွက်အလုပ်လုပ်ကြရပါသည်။[၂၈] မြန်မာနိုင်ငံရှိ ထောင်များ၏ လက်ခံနိုင်သောထောင်သားဦးရေမှာ တရားဝင်အားဖြင့် (၇၃,၀၀၀) ဦးသာ ဖြစ်သော်လည်း ၂၀၁၉ ခုနှစ် ဇွန်လတွင် တစ်နိုင်ငံလုံး၌ အကျဉ်းသားစုစုပေါင်း (၈၅,၇၉၅) ဦးရှိခဲ့ပါသည်။[၂၉] ၎င်းအကျဉ်းဦးစီးဌာနရှိအဆင့်မြင့်အရာရှိများ အပါအဝင် ဝန်ထမ်းအများစုသည် စစ်တပ်မှ ပြောင်းရွှေ့လာခဲ့ကြသူများ ဖြစ်ပါသည်။[၃၀]

အစီရင်ခံစာများအရ ကိုလိုနီခေတ်က အကျဉ်းထောင် လက်စွဲစာအုပ်တွင် ဖော်ပြထားသည့်အတိုင်း အားနည်းသော စံနှုန်းများ ဆက်လက်တည်ရှိနေပြီး ဥပမာ အစားအစာများသည် လက်တွေ့တွင် သတ်မှတ်စံနှုန်းများအား ပြည့်မီခြင်း မရှိကြောင်း တွေ့ရပါသည်။ ၁၉၆၂ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း ထောင်သွင်း အကျဉ်းချခံရသောနိုင်ငံရေး အကျဉ်းသား ၁၆၂၁ ဦးအား စစ်တမ်းကောက်ယူခဲ့ရာ (၇၂) ရာခိုင်နှုန်းမှာ ထောင်ကျစဉ်အတွင်း နှိပ်စက်ညှဉ်းပန်းခံခဲ့ကြရကြောင်း တွေ့ခဲ့ရသည့်အပြင် ၂၀၁၅ ခုနှစ်မှ စတင်ပြီး နှိပ်စက်ညှဉ်းပန်းခံရကြောင်း အစီရင်ခံမှုများ

ရှိခဲ့ကြောင်း အခြားသော အရင်းအမြစ်များစွာမှလည်းဖော်ပြနေပါသည်။[၃၁] အခြားသောပုံမှန်အလေ့အထတစ်ခုမှာ တိုက်ပိတ်ပြစ်ဒဏ် သို့မဟုတ် “ခွေးတိုက်များ” ဟုလည်းခေါ်ဆိုသော နေရာများတွင်ထောင်သားများသည် ကြမ်းပြင်ပေါ်တွင် လေးဘက်ထောက် သွားရခြင်း ဖြစ်ပါသည်။[၃၂] အလုပ်ကြမ်းနှင့် ပြစ်ဒဏ်ထမ်းဆောင်ရသော ရဲဘက်စခန်းများသည် တုန်လှုပ်ချောက်ချားဖွယ်ကောင်းကြောင်း ပြောဆိုနေခဲ့ကြပြီး ၎င်းရဲဘက်စခန်းများတွင် ၂၀၀၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်များအတွင်း အကျဉ်းသားပေါင်း တစ်ထောင်ကျော် သေဆုံးခဲ့ကြောင်း သိရှိရပါသည်။[၃၃] အကျဉ်းသားများသည် ပဋိပက္ခဒေသများအတွင်း အတင်းအဓမ္မ ပေါ်တာလိုက်ပေးသူများ အဖြစ်လည်း အသုံးပြုခံခဲ့ကြရပြီး မကြာခဏ ဆိုသလို ၎င်းတို့သည် ပြင်းထန်သော တိုက်ပွဲများရှိနေသည့် နိုင်ငံတစ်ဝန်းမှ စစ်ဆင်ရေးများတွင်လည်း ပေါ်တာလိုက်ခဲ့ကြရပါသည်။[၃၄]

## မတူကွဲပြားမှုများ

စစ်တပ်၏ စစ်သားဦးရေ အများစုမှာ အမျိုးသားများ ဖြစ်ကြပြီး ပြည်သူလူထုနှင့် ရင်ဆိုင်တွေ့ဆုံရမည့် နေရာများတွင်လည်း အမျိုးသမီးများ မရှိကြပေ။ လက်နက်ကိုင်တပ်ဖွဲ့များတွင် ဗမာတိုင်းရင်းသားလူမျိုးစုမှ အများဆုံးလွှမ်းမိုးမှုရှိနေသည်ဟု မှတ်ယူနိုင်ပါသည်။ ထိုလမ်းကြောင်းသည် ၁၉၅၀ ပြည့်နှစ်များမှ စတင် ဖြစ်ပေါ်လာပြီး ၁၉၉၀ ပြည့်နှစ်များနှင့် ၂၀၀၀ ပြည့်နှစ်များတွင်လည်းအထွတ်အထိပ်သို့ ရောက်ရှိလာခဲ့ပါသည်။ နောက်ထပ် အလွန်ထင်ရှားသော အချက် တစ်ခုမှာ ဗုဒ္ဓဘာသာကိုးကွယ်သူများမှ အများအားဖြင့် လွှမ်းမိုးမှုရှိနေကြပြီး အကြောင်းမှာ တပ်မှူးများနှင့်၎င်းတို့၏ ဇနီးများသည် ဘာသာရေးဆိုင်ရာ ပွဲလမ်းသဘင်များတွင် ပါဝင်ဆောင်ရွက်ကြရမည်ဆိုသည့်အချက်ကြောင့်ဖြစ်ပါသည်။ ထိုအချက်သည်ဗုဒ္ဓဘာသာ ဖြစ်ရမည်ဆိုသည့် အချက်ကို ပိုမိုပံ့ပိုးမှု ဖြစ်စေခဲ့ပါသည်။[၃၅] ပထမအချက် နှစ်ချက်အကြားရှိ မညီမျှမှုများအား ဖြေရှင်းနိုင်ရန် အချို့သောအားထုတ်မှုများကို စတင်ဆောင်ရွက်လာဟန်တူပါသည်။ ထိုသို့ဆိုရခြင်းမှာ အမျိုးသမီးများအားယခင်က သူနာပြုများအဖြစ်သာ တာဝန်ထမ်းဆောင်စေခဲ့ရာမှ ၂၀၁၃ ခုနှစ်မှ စတင်ကာစစ်မတိုက်ရသော အခန်းကဏ္ဍများတွင် တာဝန်ထမ်းဆောင်စေရန် အမျိုးသမီးတပ်မတော်အရာရှိများအား ခန့်အပ်လာခဲ့ ပါသည်။ စစ်တပ်ခေါင်းဆောင်များမှအခိုင်အမာပြောဆိုနေသည်မှာစစ်တပ်သည်တိုင်းရင်းသားလူမျိုးစုများ အားလုံးပါဝင်၍ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသည် ဆိုသည့်အချက်ပင်ဖြစ်သည်။[၃၆] မည်သို့ပင်ဖြစ်စေဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတူကွဲပြားမှု မရှိခြင်းအားတိတ်တဆိတ် အသိအမှတ်ပြုကာ တိုင်းရင်းသားများ နေထိုင်သည့် ပြည်နယ်များရှိတက္ကသိုလ်များ၌အမှတ်ကောင်းရရှိသူများအား ကာကွယ်ရေးတက္ကသိုလ်သို့ စာရင်းသွင်း ဝင်ရောက်လာကြရန် ဦးတည်လုပ်ဆောင်မှုအား စတင်လာခဲ့ပါသည်။[၃၇]

> “စစ်တပ်၏ စစ်သားဦးရေ အများစုမှာ အမျိုးသားများ ဖြစ်ကြပြီး ပြည်သူလူထုနှင့် ရင်ဆိုင်တွေ့ဆုံရမည့် နေရာများတွင်လည်း အမျိုးသမီးများ မရှိကြပေ။”

## ဥပဒေရေးဆွဲ ပြဋ္ဌာန်းခြင်းဆိုင်ရာ အပြောင်းအလဲ

အစိုးရအဖွဲ့နှင့် လွှတ်တော်အတွင်းရှိ ရွေးကောက်ခံ အရပ်သားကိုယ်စားလှယ်များသည် လုံခြုံရေးနှင့် တရားမျှတရေး ကဏ္ဍများအတွက် ဥပဒေရေးဆွဲပြီး ပြောင်းလဲမှုများပြုလုပ်ရာ၌ ရှေးရိုးဆန်လျက်ရှိနေခဲ့စဉ်တွင် သတိပြုဖွယ်ရာကောင်းသည့် ဖွံ့ဖြိုးတိုးတက်မှုအချို့ဖြစ်ထွန်းခဲ့ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနမှ သိသာထင်ရှားသော ဆန့်ကျင်မှုများပြုလုပ်နေခဲ့သော်လည်း ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ၊ အာဏာပိုင်များအား ဧည့်စာရင်း မတိုင်ထားသည့်ဧည့်သည်များအား “သန်းခေါင်ယံရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်း” လုပ်ဆောင် ခွင့်ပြုထားသော ၁၉၇၅ ခုနှစ် နိုင်ငံတော်ကာကွယ်ရေးဥပဒေများအားလုံးအား ဖျက်သိမ်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်းများကို ပြုလုပ်ခဲ့ကြပါသည်။[၃၈] ရာဇသတ်

ပုဒ်မ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် အကျဉ်းထောင်ဥပဒေတို့အား ပြင်ဆင်ရန် လွှတ်တော်တွင်းအတိုက်အခံပြု ဆွေးနွေးလျက်ရှိပြီး နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် တို့၏ အကူအညီဖြင့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြုပြင်ရေးလိုလားသည့်လွှတ်တော်အမတ်များအကြား ဆွေးနွေးမှုများမှာအကြိမ်ကြိမ်လွန်ဆွဲနေဆဲဖြစ်ပါသည်။

ယခု၂၀၁၉ ခုနှစ်တွင်ပြဋ္ဌာန်းသည့်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေသည် လုံခြုံရေးတပ်ဖွဲ့များ၏ လုပ်ငန်းများအပေါ် ဥပဒေပြုနိုင်ရေး ကြိုးပမ်းမှုများမှအလားအလာကောင်းသည့်ထိုးဖောက်ကျော်လွှားမှု တစ်ခုဖြစ်ခဲ့ပါသည်။ ထိုဥပဒေက နိုင်ငံတကာဥပဒေတွင် ဖော်ပြထားသကဲ့သို့[၄၀]လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ်ကြီးလေးသော အကြမ်းဖက်မှုပုံစံ (၆) မျိုးအား[၃၉] ပြစ်မှုအဖြစ် ဥပဒေပြဋ္ဌာန်းနိုင်ခဲ့သည်သာမက (၁၈) နှစ်အောက် ကလေးများအားစစ်သားအဖြစ် စုဆောင်းခြင်းအားလည်း တားမြစ် ပိတ်ပင်နိုင်ခဲ့ပါသည်။[၄၁]

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေကြမ်းကို တက်ကြွလှုပ်ရှားသူများ ပါဝင်မှုနှင့်အတူ အမျိုးသမီးများအခြေပြု အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ဖိအားများ၊ စိတ်အားထက်သန်သော လွှတ်တော် ကိုယ်စားလှယ်များ အပါအဝင်၊ အစိုးရဝန်ထမ်းများအားလုံးညီညွတ်စွာ ပါဝင်မှုဖြင့် ၂၀၁၁ ခုနှစ်မှ စတင်ဆွေးနွေးငြင်းခုံလာခဲ့ ကြပါသည်။ သို့သော် ထိုဥပဒေအား အစိုးရမှ ပြဋ္ဌာန်းနိုင်ခဲ့ခြင်း မရှိသေးပေ။ အကြောင်းမှာ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းလိုက်သည့် အမျိုးဘာသာသာသနာ ကာကွယ်ရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် အလွန်အမင်းဆွဲဆောင်မှုရှိလှသည့် ဥပဒေ (၄) ရပ်ကြောင့်ထိုဥပဒေထွက်ပေါ်လာနိုင်ရန်ကြီးမားသောကန့်သတ်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။[၄၂]

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အရပ်သားများမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား လက်လွှဲရယူမှုသည် ရွေးကောက်ခံခေါင်းဆောင်များမှ စစ်တပ်၏ အစိတ်အပိုင်းတစ်ခုအား ရယူလိုက်နိုင်ခြင်းကို ပြသသော အရေးပါသော ပထမဥပမာတစ်ခု ဖြစ်ပါသည်။ ၎င်းဆောင်ရွက်ချက်သည် "မြင်သာသောပြောင်းလဲမှုကို ယူဆောင်လာနိုင်ခြင်းဖြင့် အများပြည်သူ၏ယုံကြည်မှုအား တိုးမြှင့်ရရှိလာနိုင်သည်" ဆိုသည့်ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွင် လိုအပ်ကြောင်း ရှင်းလင်းထားပါသည်။[၄၃] ပြည်ထောင်စုဝန်ကြီးဦးမင်းသူသည် လက်ရှိတွင် အဆိုပါဌာနအားကြီးကြပ်မှု ပြုရပြီး စနစ်ကျသော ပြုပြင်ပြောင်းလဲမှု အစီအစဉ်တစ်ခုအား[၄၄] အစပြုရေးဆွဲလျက်၎င်းဌာနအား "ပြောင်းလဲမှုအတွက်စံပြနမူနာ" အဖြစ်ညွှန်းဆိုထားပါသည်။[၄၅] ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်ပြုလုပ်သောဆွေးနွေးညှိနှိုင်းမှုများအတွင်း ၎င်းမှ လူထု၏ပါဝင်မှုအား မြှင့်တင်ခြင်း၊ အဂတိလိုက်စားမှုများအား အဆုံးသတ်ခြင်းနှင့် အရာရှိများ၏ သဘောထားများအား ပြောင်းလဲခြင်းအစရှိသည်တို့အပေါ်အလေးပေးဆောင်ရွက်သွားမည့်အကြောင်း ပြောဆိုသွားခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ မေလ မတိုင်မီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် စမ်းသပ်စံပြစီမံကိန်းတစ်ခုအား စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ၎င်းအပြင် လက်စွဲစာအုပ်အသစ်တစ်ခုအားရေးဆွဲခြင်း၊ အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်း၏ သင်ရိုးညွှန်းတမ်းများအား အလုံးစုံပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခြင်း၊ ဝါရင့်ဝန်ထမ်းများ အပါအဝင် ဝန်ထမ်းများ၏ 'ပြောင်းလဲလိုစိတ်' အပေါ် ကျွမ်းကျင်မှုဆိုင်ရာ ဆန်းစစ်လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။[၄၆]

## လုံခြုံရေးကဏ္ဍအပေါ် အများပြည်သူ၏ ထိန်းချုပ်ကြီးကြပ်စီမံမှုနှင့် ပါဝင်ဆောင်ရွက်နိုင်မှု

အုပ်ချုပ်စီမံမှု၏ မည်သည့်နယ်ပယ်တွင် မဆို၎င်းတို့၏ ရည်ရွယ်ချက်မှာ ပြည်သူ့ဝန်ထမ်း ရန်ဆိုပါက အစိုးရအဖွဲ့အစည်းများသည် ပြည်သူ တို့၏လိုအပ်ချက်များကို တုံ့ပြန်ဖြေရှင်းနိုင်၍ တာဝန်ယူမှု တာဝန်ခံမှုတို့ အားအလေးပေး လုပ်ဆောင် ရမည် ဖြစ်သည်။ လုံခြုံရေး ကဏ္ဍသည်လည်း ၎င်းနှင့် ကွဲပြားခြားနားခြင်းမရှိပေ။ ၎င်းသည် ပြည်သူလူထု၏ ဘေးကင်းလုံခြုံမှုအား သေချာစေ၍ ၎င်းတို့၏ အခွင့်အရေးများနှင့် ပိုင်ဆိုင်မှုများ အားကာကွယ်ပေးရန် ရည်ရွယ်ထားပါက ပြည်သူများ၏ပါဝင်မှုနှင့် ထိန်းချုပ်ကြီးကြပ်စီမံမှုတို့ကို ခွင့်ပြုရန် လိုအပ်ပါသည်။[၄၇] ဒေါ်အောင်ဆန်းစုကြည်မှ “ဒီမိုကရေစီသည် မတူကွဲပြားမှုအတွက် အခွင့်အရေး အပြင် ၎င်းမတူကွဲပြားမှုများကိုအခြေကျအောင် ငြိမ်းချမ်းစွာ လုပ်ဆောင်ရန် တာဝန်များကို အသိအမှတ်ပြုထားပါသည်” ဟု တန်ပြန်ပြောဆိုခဲ့ပါသည်။[၄၈]

> “ယနေ့တွင် ပြည်သူများအနေဖြင့် ၎င်းတို့လုံခြုံရေးဆိုင်ရာ အကြောင်းအရာများအားရေးသားခြင်း၊ ထုတ်ဝေခြင်း၊ လူများစုဝေးပြီး အများနှင့်ဆိုင်သော နေရာများတွင် ဆွေးနွေးခြင်းတို့အား ပိုမိုလွတ်လပ်စွာ လုပ်ဆောင်လာနိုင်ခဲ့ပါသည်။ သို့သော် စစ်တပ် (နှင့် အချို့သော အရပ်သားခေါင်းဆောင်များ) သည်လွတ်လပ်စွာ ပြောဆိုခွင့်အား ပိတ်ဆို့ရန်နှင့် ၎င်းခေါင်းစဉ်များနှင့် ပတ်သက်ပြီး ဆွေးနွေးမှုများတွင်အန္တရာယ်ရှိကြောင်း အကြောက်တရားအား ထိန်းထားနိုင်ရန် အရပ်ဘက်တရားရုံးများသို့ ဦးလှည့်လာခဲ့ပါသည်။”

ထို့အပြင် ပြည်သူတိုင်းတွင် လုံခြုံရေးကဏ္ဍတွင် ပါဝင်ခွင့်ရှိရမည် ဖြစ်သည်။ ၎င်းတို့သည်လုံခြုံရေး ရည်ရွယ်ချက်များအတွက် အသုံးပြုသော အခွန်များကို ပေးဆောင်ထားသူများဖြစ်သည့်အလျောက် ၎င်းတို့သည် လုံခြုံရေးတပ်ဖွဲ့များလှုပ်ရှားသောဒေသများတွင် နေထိုင်ကြပြီး ထိုလုံခြုံရေးတပ်ဖွဲ့နှင့် ဆိုင်သော လုပ်ငန်းများ၏ အကျိုးဆက်ကို ခံစားနေကြရပါသည်။

၂၀၁၁ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံ၌ အများပြည်သူပါဝင်နိုင်သည့် နယ်ပယ်သည် သိသာစွာ ပွင့်လင်းလာခဲ့ပါသည်။ ယခင်က ရှိခဲ့သော ပြင်းထန်ခဲ့သော မီဒီယာဆင်ဆာဖြတ်မှုများ၊ အများပြည်သူအပေါ် စောင့်ကြည့်ခြင်းများကြောင့် လုံခြုံရေးဆိုင်ရာ ရေးရာကိစ္စများနှင့် ပတ်သက်ပြီးစစ်တပ်၏ တရားဝင်အရင်းအမြစ်များမှ ထုတ်ပြန်ဖြန့်ဝေသော သတင်းအချက်အလက်များမှအပ မည်သည့်အဓိပ္ပာယ်ရှိသော အများပြည်သူဆိုင်ရာသတင်းအချက်အလက်များအား တားဆီးမှု ဖြစ်စေခဲ့ပါသည်။ ယနေ့တွင် ပြည်သူများအနေဖြင့် ၎င်းတို့လုံခြုံရေးဆိုင်ရာ အကြောင်းအရာများအား ရေးသားခြင်း၊ ထုတ်ဝေခြင်း၊ လူများစုဝေးပြီးအများနှင့်ဆိုင်သောနေရာများတွင် ဆွေးနွေးခြင်းတို့အား ပိုမိုလွတ်လပ်စွာ လုပ်ဆောင်လာနိုင်ခဲ့ပါသည်။ လက်နက်ကိုင်ပဋိပက္ခနှင့် လူ့အခွင့်အရေးတို့အပါအဝင် နိုင်ငံရေးခေါင်းစဉ်များအပေါ်အခြေခံသော အများပြည်သူဆိုင်ရာ လုပ်ရှားမှုများနှင့် သတင်းမီဒီယာများမှ ထုတ်လွှင့်မှုများသည်လည်း ပုံမှန်ဖြစ်ပေါ်လျက်ရှိပါသည်။ သို့သော်စစ်တပ် (နှင့် အချို့သော အရပ်သားခေါင်းဆောင်များ) သည် လွတ်လပ်စွာ ပြောဆိုခွင့်အား ပိတ်ဆို့ရန်နှင့် ၎င်းခေါင်းစဉ်များ နှင့်ပတ်သက်ပြီး ဆွေးနွေးမှုများတွင် အန္တရာယ်ရှိကြောင်းအကြောက်တရားအား ထိန်းထားနိုင်ရန် အရပ်ဘက် တရားရုံးများသို့ ဦးလှည့်လာခဲ့ကြပါသည်။ အထူးသဖြင့် ၂၀၁၃ ခုနှစ်မှ စတင်၍ ယခုအချိန်အထိ “အသရေဖျက်မှု” ဟု ခေါ်ဆိုနိုင်သည့် အမှုပေါင်းအနည်းဆုံး (၂၀၀) ခန့်ရှိခဲ့ပြီး ၎င်းတို့အထဲမှ အများစုမှာ အရပ်သား ပြည်သူများမှ အာဏာပိုင်များအား ဝေဖန်ပြောဆိုသည့်အပေါ် စစ်တပ် သို့မဟုတ် ၎င်းအားထောက်ခံသူများမှ တုံ့ပြန်ခြင်းများ ဖြစ်ကြပါသည်။[၄၉]

ပညာရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ မူဝါဒရေးရာလေ့လာမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် လွတ်လပ်စွာရပ်တည်လျက်ရှိသောသတင်းမီဒီယာများသည် လုံခြုံရေးကဏ္ဍတွင်အများပြည်သူ၏ ထိန်းချုပ်ကြီးကြပ်စီမံမှုနှင့်

ပါဝင်မှုများအား အားကောင်းစေရန် လုပ်ငန်းများတွင်အဓိကကျသူများ ဖြစ်ကြပါသည်။ အဆိုပါကဏ္ဍ (၄) ခုသည် Saferworld မှ ရည်မှန်းလုပ်ဆောင်သော "လုံခြုံရေးအား ပြည်သူတို့၏ လက်ဝယ်၌ထားရှိခြင်း- မြန်မာ့လုံခြုံရေးနှင့် တရားမျှတရေးကဏ္ဍများတွင် အများပြည်သူ၏ ထိန်းချုပ်ကြီးကြပ်စီမံမှုနှင့် လက်တွဲဆောင်ရွက်မှု" ခေါင်းစဉ်ဖြင့် ထုတ်ဝေသော မူဝါဒရေးရာ ဆွေးနွေးမှုစာတမ်းငယ်တွင် အဓိကအလေးပေး ဆွေးနွေးထားပါသည်။

တရားမျှတရေးနှင့် လုံခြုံရေးကိစ္စများနှင့်ပတ်သက်သော ပညာရပ်ဆိုင်ရာ အခွင့်အလမ်းများနှင့် သင်တန်းများအား ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီရရှိနိုင်ရန် လုပ်ဆောင်ခြင်းသည် လုံခြုံရေးကဏ္ဍအား ဒီမိုကရေစီနည်းကျ ပြောင်းလဲမှုပြုရာတွင် အရေးပါလှပါသည်။ လုပ်နိုင်စွမ်းရှိပြီး နည်းပညာများအရ ကောင်းစွာနားလည် သိရှိထားသော အရပ်သားခေါင်းဆောင်များ မရှိပါက လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်များသည် လက်ရှိသို့မဟုတ် စစ်တပ်အရာရှိ ဟောင်းကြီးများ၏ ထိန်းချုပ်မှုအောက်တွင်သာ ဆက်လက်ရှိနေဦးမည်ဖြစ်ပါသည်။ အဆင့်မြင့် စစ်တပ်အရာရှိကြီးများအားလုံးမှာ အမျိုးသားများဖြစ်ပြီး အများစုမှ ဗမာလူမျိုးစု ဗုဒ္ဓဘာသာဝင်များဖြစ်ကြကာ ၎င်းတို့သည်အစိုးရနှင့် အခြားသော လူမှုအသိုင်းအဝိုင်းများနှင့်လုံးဝဝေးကွာသောစစ်တပ်ပိုင်တက္ကသိုလ် (၅) ခုတွင် လေ့ကျင့်သင်ကြားခဲ့ ကြပါသည်။

၂၀၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်သည်လုံခြုံရေးနှင့် မဟာဗျူဟာလေ့လာရေး မဟာဝိဇ္ဇာဘွဲ့သင်တန်းကို စတင်ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။ ၎င်းသည် ၁၉၆၂ ခုနှစ် မှ ၂၀၁၃ ခုနှစ်အတွင်းတက္ကသိုလ်၌ နိုင်ငံရေးဆိုင်ရာ ဘာသာရပ်များကို မည်သူမျှ ပွင့်လင်းစွာ သင်ယူခွင့်မရခဲ့သည့်နိုင်ငံတစ်နိုင်ငံအတွက် ကြီးမားသည့် တိုးတက်မှုကြီးတစ်ခု ဖြစ်သည်။ ၂၀၁၃ ခုနှစ်မှ စတင်ပြီးရန်ကုန်နှင့် မန္တလေးရှိ တက္ကသိုလ်များတွင် အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးများနှင့် မဟာဗျူဟာလေ့လာရေးဆိုင်ရာ ဘာသာရပ်များပါဝင်သောနိုင်ငံရေးသိပ္ပံမဟာဘွဲ့များကိုစတင်ဖွင့်လှစ်ခဲ့ပါသည်။ ထို့အပြင် နိုင်ငံတစ်ဝန်းတွင် များစွာသောပြင်ပမှ ဖွင့်လှစ်ထားသော ကျောင်းများနှင့် ပုဂ္ဂလိကဆိုင်ရာကျောင်းများတွင်လည်း၎င်းဘာသာရပ်များအားထည့်သွင်းသင်ကြားခြင်းများပြုလုပ်လာခဲ့ ကြပါသည်။ ၎င်းတို့၏ မတူကွဲပြားခြားနားမှုသည် မြင့်မားလှပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရာတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများသည်ယခုအချိန်အထိ အဓိကနေရာတွင် ရှိနေဆဲဖြစ်ပြီး ၎င်းတို့တွင် အလေးပေးမှု၊ အရွယ်အစား၊ ငွေကြေးဆိုင်ရာ အရင်းအမြစ်များနှင့် နိုင်ငံရေးနောက်ခံများအလိုက် မတူကွဲပြားစွာ လှုပ်ရှားပါဝင်နေပါသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများသည်ဒေသတွင်း အဆင့်များတွင် တရားမျှတမှုအားပိုမိုလက်လှမ်းမီရရှိစေရန် အသိပညာမြှင့်တင်ရေးအစီအစဉ်များ၊ ဥပဒေရေး ရာပညာပေးခြင်းများအပြင် အမျိုးသမီးများနှင့် အခြားသော ထိခိုက်လွယ်သော အဖွဲ့များအပါအဝင် ဒေသခံပြည်သူများအား ၎င်းတို့ရင်ဆိုင်နေရသော အမှုကိစ္စများအား သတင်းပို့နိုင်ရေး ကူညီပံ့ပိုးခြင်းများဖြင့် လုပ်ဆောင်လျက် ရှိပါသည်။ တရားသူကြီးများနှင့် ရှေ့နေများအား သင်တန်းပေးခြင်းအပါအဝင်အခြားသော နည်းပညာပိုင်းဆိုင်ရာ အကူအညီများအား အစပြုပံ့ပိုးလုပ်ဆောင်နေသော အရပ်ဘက်လူ့အဖွဲ့အစည်းများလည်း ရှိနေပါသည်။

အရပ်ဘက်လူ့အဖွဲ့အစည်းများအနေဖြင့် လုံခြုံရေးနှင့် ပတ်သက်သော ဥပဒေများနှင့် တရားဝင်မူဝါဒများအပေါ် လွှမ်းမိုးမှုပြုနိုင်ရန် နည်းလမ်းတော်တော်များများအား ရှာဖွေတွေ့ရှိခဲ့ကြပြီးသိသာထင်ရှားစွာဖြင့် တွေ့ရသော အရာများမှာအမျိုးသမီးအပေါ် အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ ကလေးသူငယ် အခွင့်အရေးများ၊ ရာဇသတ်ပုဒ်မပြင်ဆင်မှုများ၊သတင်းမီဒီယာလွတ်လပ်ခွင့်နှင့်ငြိမ်းချမ်းစွာ စုဝေးခြင်းဆိုင်ရာကဏ္ဍများတွင် ဖြစ်ပါသည်။ အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ အရေးကြီးသော အခန်းကဏ္ဍများထဲမှ တစ်ခုမှာ သုတေသနနှင့် အရေးဆို တင်ပြခြင်းလုပ်ငန်းများလုပ်ဆောင်ခြင်းလည်း ပါဝင်ပါသည်။ များပြားလှသောတိုင်းရင်းသားလူမျိုး အထူးပြုသို့မဟုတ်

**ပုံ ၁။ လုံခြုံရေးကဏ္ဍအား ဒီမိုကရေစီနည်းကျ ပြောင်းလဲနိုင်ရေး ရှုထောင့် (၃) ခု။**




နိုင်ငံတစ်ဝန်း အခြေပြုလုပ်ဆောင်သော အဖွဲ့အစည်းများသည် ပုံမှန်အားဖြင့် ကျော်သွားခံရသော (လျစ်လျူရှုခံရသော) စစ်တပ်ဆိုင်ရာလုပ်ငန်းများအပေါ်အလေးပေးပြီး ရာစုနှစ်ပေါင်းများစွာလုပ်ဆောင်ခဲ့သော အတွေ့အကြုံများကို အခြေခံသည့် လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံခြင်းများပါဝင်ပါသည်။ အခြားသော အရပ်ဘက်လူ့အဖွဲ့အစည်းများ ဦးစီးလုပ်ဆောင်သော သုတေသနများနှင့် အရေးဆိုတင်ပြမှုများသည် တိကျသောမူဝါဒရေးရာများနှင့် ဥပဒေများပေါ်အလေးပေးခြင်းနှင့် အတူ အစိုးရ သို့မဟုတ် နိုင်ငံတကာအေဂျင်စီများအတွက် ထိရောက်သော အကြံပြုချက်များအား ပံ့ပိုးပေးပါသည်။

မူဝါဒရေးရာအဖွဲ့အစည်းများသည် သုတေသနလုပ်ငန်းများ၊ ဆွေးနွေးညှိနှိုင်းမှုများအပြင် ဆုံးဖြတ်ချက်ချနိုင်သူများနှင့် ပြည်သူများအကြားအပြန်အလှန် ဆွေးနွေးပွဲများမှ တစ်ဆင့် ပိုမိုထိရောက်၍ သက်သေအထောက်အထားကို အခြေပြုသော မူဝါဒများအားဖြင့် ပံ့ပိုးကူညီနိုင်ပါသည်။ မြန်မာနိုင်ငံတွင်အချို့သောမူဝါဒရေးရာအဖွဲ့အစည်းများသည် လိုအပ်မှုများကြောင့် အရပ်ဘက်လူ့အဖွဲ့အစည်းအနေဖြင့် ရပ်တည်လျက်ရှိနေကြသလို အချို့သောအဖွဲ့များမှာ အစိုးရ သို့မဟုတ် သီးသန့်ဖြစ်သော အေဂျင်စီများနှင့် ချိတ်ဆက်နေတတ်ကြပါသည်။ ၎င်းတို့သည် မိမိတို့တစ်ဖွဲ့ချင်းစီ၏ နိုင်ငံရေးရာ လိုလားမှုများအပေါ် အလေးပေးခြင်း သို့မဟုတ် ၎င်းတို့မှ မှန်ကန်သည်ဟုထင်သော ယုံကြည်မှုများအပေါ် အထူးပြုခြင်းထက် ချင့်ချင့်ချိန်ချိန်ရှိသော ဆန်းစစ်လေ့လာမှုများလုပ်ဆောင်ခြင်းနှင့် လက်တွေ့ကျသော ဖြေရှင်းမှုနည်းလမ်းများအားရှာဖွေခြင်းတို့အား ဦးစားပေးလုပ်ဆောင်လျက် ရှိပါသည်။ ၎င်းကဲ့သို့သော သုတေသနများသည် လုံခြုံရေးနှင့် တရားမျှတရေးဆိုင်ရာလုပ်ငန်းများတွင် အရိုးစွဲနေသော အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများမှ အမှန်တကယ် လူထု၏ လုံခြုံရေးနှင့် တရားမျှတရေးဆိုင်ရာ စိုးရိမ်မှုများအပေါ်ဖြေရှင်းလုပ်ဆောင်ပေးမှုများ ဘယ်နေရာမှာအားနည်းနေသည်ကို ထင်ထင်ရှားရှား ပြသပေးရာတွင် အရေးပါလှပါသည်။

သတင်းမီဒီယာသည် မည်သို့ပင်ဆိုစေ လုံခြုံရေးကဏ္ဍအပေါ် ပြည်သူများ၏ ထိန်းချုပ် ကြီးကြပ်စီမံမှု ရရှိနိုင်ရန် ပံ့ပိုးပေးသော အရေးကြီးဆုံးသော အဖွဲ့အစည်းအဖြစ် တည်ရှိနေပါသည်။ စစ်တပ်၊ ရဲနှင့် တရားရေးကဏ္ဍဆိုင်ရာ လုပ်ငန်းများအပေါ် လွတ်လပ်သော သတင်းမီဒီယာ လွှမ်းခြုံမှုရှိခြင်းသည် ပြည်သူများအနေဖြင့် ရင်ဆိုင်နေရသောလက်နက်ကိုင် ပဋိပက္ခများနှင့် ရာဇဝတ်မှုများအား ဘယ်အချိန်၊ ဘာကြောင့်၊ ဘယ်လို ရင်

ဆိုင်တိုက်ခိုက်နေသည်နှင့် ကိုင်တွယ်ဖြေရှင်းနေသည်အစရှိသည်တို့ကို သိရှိနားလည်မှု ပေးစွမ်းနိုင်မည်ဖြစ်သည်။ ၎င်းသည် ပြည်သူများအတွက် လုပ်ပေးသည်ဆိုသည့် လုပ်ငန်းများတွင် အများပြည်သူ၏ ပံ့ပိုးမှုရရှိစေရန်နှင့် ပြည်သူများမှ သဘောမတူညီသောအခါများတွင်လည်း ၎င်းတို့အနေဖြင့် သဘောထား ထုတ်ဖော်နိုင်ရန်တို့အတွက် မရှိမဖြစ်လိုအပ်ပါသည်။ ထိရောက်သောသတင်းမီဒီယာလွှမ်းခြုံမှုသည် သက်ဆိုင်ရာအေဂျင်စီများ၏လုပ်ငန်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များအား ပွင့်လင်းစွာ ထုတ်ဝေနိုင်သော သတင်းမီဒီယာလွပ်လပ်မှု အပေါ်တွင် ဦးစွာမူတည်နေပါသည်။ ဒုတိယအနေဖြင့် သတင်းထောက်များသည် တရားဝင်အရင်းအမြစ်များမှ ပံ့ပိုးသော မှန်ကန်သည့် သတင်းအချက်အလက်များအား လက်လှမ်းမီရရှိနိုင်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ စစ်ဆင်ရေးများကြောင့် ထိခိုက်ခံစားခဲ့ရသော ပြည်သူများနှင့်ဒေသများသို့ သွားရောက်နိုင်သည့် အခြေအနေများ ရရှိနေရန် ဖြစ်ပါသည်။

၂၀၁၁ ခုနှစ်က စတင်၍ အထက်ပါ နယ်ပယ်နှစ်ခုစလုံးတွင် သိသာထင်ရှားသည့် တိုးတက်မှုများရှိလာကာ ၎င်းသည် လူထုအကြား သက်ဆိုင်ရာဗဟုသုတနှင့် အသိအမြင်များအပေါ် သိသာထင်ရှားသော သက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ ထိုမှ နောင်မျိုးဆက်သစ်များမှ လုံခြုံရေးကိစ္စများတွင် တိုက်ရိုက် ပါဝင်လုပ်ဆောင်မှုများအတွက် လှုံ့ဆော်နိုင်မည် ဖြစ်ပါသည်။ သို့သော်လည်းဆယ်စုနှစ်များကြာရှိခဲ့သောစစ်အုပ်ချုပ်မှုမှဆင်းသက်လာသည့် လုံခြုံရေး ယဉ်ကျေးမှု၏ ရလဒ်ကြောင့် ကြီးမားသော တင်းကျပ်မှုများ ဆက်လက် ရှိနေဆဲပင် ဖြစ်ပါသည်။ စစ်တပ်သည်သတင်းမီဒီယာများနှင့် ဆက်ဆံမှုများ ပြုလုပ်ခြင်း အရင်ထက် ပိုမိုလုပ်ဆောင်လာသော်လည်းတစ်ဖက်တွင် ၎င်းတို့ ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများအား ဖုံးကွယ်ရန် သတင်းထောက်များနှင့် ထုတ်ဝေသူများအား ပစ်မှတ်ထား တရားစွဲဆိုခြင်း လုပ်ဆောင်လေ့ရှိပါသည်။ လက်ရှိတွင်၎င်းတို့၏လုပ်ငန်းများနှင့်ပတ်သက်ပြီး မြင့်မားသော လျှို့ဝှက်မှုများ ထားရှိခြင်းကိုဆက်လက် လုပ်ဆောင်လျက်ရှိပါသည်။

# ရှေ့ဆက် ဆောင်ရွက်မည့် နည်းလမ်း

ဒီမိုကရေစီနည်းလမ်းကျသော လုံခြုံရေးကဏ္ဍသည် လူထုအပေါ် တာဝန်ယူမှု တာဝန်ခံမှုရှိ၍ ၎င်း၏ အဓိကရည်ရွယ်ချက်မှာ ပြည်သူလူထု၏ ဘေးကင်းလုံခြုံမှုအား ထိန်းသိမ်းကာကွယ်ရန်ဖြစ်ပါသည်။ လက်ရှိသွားနေဆဲဖြစ်သော နိုင်ငံရေးဆိုင်ရာကူးပြောင်းမှုမှ ရလာမည့် ရလဒ်များအား ကြည့်ခြင်းဖြင့်မြန်မာ့လုံခြုံရေး အဖွဲ့အစည်းများ အနေဖြင့် ထိုလမ်းစဉ်အတိုင်း သွားနေသည်ဟု မည်သည့်အရာကမှအာမခံထားခြင်း မရှိသေးသည်ကို တွေ့ရပါသည်။ မည်သို့ပင် ဖြစ်စေ နိုင်ငံရေးဆိုင်ရာ ပြောင်းလဲမှုများသည် အစိုးရအဖွဲ့ ပြင်ပနှင့်အတွင်း နှစ်ခုလုံးရှိ ဒီမိုကရေစီထောက်ခံသူများ အတွက်ထိုလမ်းကြောင်းအတိုင်း သွားနိုင်ရေး တွန်းအားဖြစ်စေသည့် အခွင့်အရေးများအား ဖန်တီးပေးပါသည်။

“ ၂၀၁၁ ခုနှစ်ကစတင်၍ အထက်ပါ နယ်ပယ်နှစ်ခုစလုံးတွင် သိသာထင်ရှားသည့် တိုးတက်မှုများရှိလာကာ ၎င်းသည် လူထုအကြား သက်ဆိုင်ရာ ဗဟုသုတနှင့် အသိအမြင်များအပေါ် သိသာထင်ရှားသော သက်ရောက်မှု များဖြစ်ပေါ်စေခဲ့ပါသည်။ ထိုမှ နောင်မျိုးဆက်သစ်များမှ လုံခြုံရေးကိစ္စများတွင် တိုက်ရိုက် ပါဝင်လုပ်ဆောင်မှု များအတွက် လှုံ့ဆော်နိုင်မည် ဖြစ်ပါသည်။ ”

ယခုစာတမ်းငယ်သည် လုံခြုံရေးကဏ္ဍအား ဒီမိုကရေစီနည်းကျ ပြောင်းလဲနိုင်ရေးကို ရှုထောင့် (၃) ခုမှ လေ့လာ ဆွေးနွေးထားပါသည်။ ၂၀၁၀ ပြည့်နှစ်မှစတင်၍ ၎င်းနယ်ပယ် (၃) ခုတွင်အတော်အသင့် တိုးတက်မှုများ ရှိခဲ့သော်လည်း ပုံ-၁ တွင် ပြသထားသည့်အတိုင်း မျိုးစုံသော အကြောင်းအရာများက တားဆီး ဟန့်တားမှုများရှိနေသည်ကို တွေ့ရမည် ဖြစ်သည်။

မြန်မာ့လုံခြုံရေးနှင့် တရားမျှတရေးကဏ္ဍများသည် နည်းလမ်းမျိုးစုံဖြင့် အဆင့်ဆင့်ပြောင်းလဲမှု ပြုနိုင်ပါသည်။ ၎င်းတို့သည် စစ်တပ်ခေါင်းဆောင်များ၏ အတွေးအမြင်များ သို့မဟုတ် ပုဂ္ဂလိက အကျိုးစီးပွားများအပေါ် အခြေခံပြီး အရပ်သားအစိုးရအဖွဲ့၏ လက်အောက်မှ ခွဲထွက်နေနိုင်ပါသေးသည်။ တစ်နည်းအားဖြင့် ၎င်းတို့သည် ဒီမိုကရေစီစနစ်သို့ တဖြည်းဖြည်း ကူးပြောင်းမှုပြုနိုင်ပြီး ရွေးကောက်ခံ အရပ်သားကိုယ်စားလှယ်များ၏ ထိန်းချုပ်ကြီးကြပ်စီမံမှုအောက်သို့ တိုးမြှင့်ကူးပြောင်းလာနိုင်ကာ ပြည်သူတို့၏ဘေးကင်းလုံခြုံမှုအားထိန်းသိမ်းကာကွယ်မှုအပေါ်အလေး ပေးမှုနှင့်အတူ အများပြည်သူနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများအား ပိုမိုပါဝင်ခွင့်ရရှိစေရန် ဖွင့်လှစ်ပေးမှုများလည်း ပြုလုပ်လာနိုင်ပါသည်။

အရပ်သားပြည်သူ့ကိုယ်စားလှယ်များ စိတ်ဝင်စားသော အများပြည်သူကောင်းကျိုးအပေါ်မှီခိုမှုပြုခြင်းနှင့်အတူ တစ်သမတ်တည်းဖြစ်သောဖိအားနှင့်လိမ္မာပါးနပ်သောညှိနှိုင်းများအားပေါင်းစပ်လုပ်ဆောင်ခြင်း မှတစ်ဆင့် ပိုမိုကြီးမားသော အင်အားနှင့် လွှမ်းမိုးနိုင်မှုတို့အား ရရှိနိုင်မည်ဟုဆိုနိုင်ပါသည်။အစိုးရအဖွဲ့မှအရပ်သားကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ မီဒီယာ၊ မူဝါဒရေးရာ အဖွဲ့အစည်းများနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ အားလုံးတွင် အရေးကြီးသော အခန်းကဏ္ဍများမှ ပါဝင်လုပ်ဆောင်နေကြပါသည်။ ပြည်တွင်းလှုပ်ရှားမှုများနှင့် မြန်မာမှ ဦးဆောင်သော ဒေသခံအဖွဲ့အစည်းများနှင့် တစ်ဦးတစ်ယောက်ချင်းစီတို့၏ အစပျိုးလုပ်ဆောင်မှုများ၏ ရလဒ်အဖြစ် ဒီမိုကရေစီရစနစ်သို့ ကူးပြောင်းမှုတွင် ယခုအချိန်အထိ ကြီးမားသော တိုးတက်မှုများ ရရှိလာပါသည်။

နိုင်ငံတကာမှ လက်တွဲ လုပ်ဆောင်သူများသည် ဒေသအတွင်း လုပ်ဆောင်သူများမှ ဆွဲယူ အသုံးပြုနိုင်သည့် အဓိကကျသည့် ကျွမ်းကျင်မှုများနှင့် အရင်းအမြစ်များအားလည်း ယူဆောင်လာနိုင်ပါသည်။ ဤအရေးကိစ္စများအပေါ် အောင်မြင်သော နိုင်ငံတကာ-ဒေသခံအကြား ပူးပေါင်းလက်တွဲ လုပ်ဆောင်နိုင်မှုများအား တည်ဆောက်နိုင်ခြင်းသည် ဒေသတွင်းနောက်ခံ အခြေအနေအပေါ် နိုင်ငံတကာအဖွဲ့အစည်းများ၏ အာရုံစူးစိုက်မှုနှင့်အတူ အပြန်အလှန် ယုံကြည်မှုနှင့် နားလည်မှုများ တည်ဆောက်နိုင်ခြင်းတို့အပေါ် မူတည်နေပါသည်။

ရှေ့ဆက်လုပ်ဆောင်ရမည့်လုပ်ငန်းများသည်ဆယ်စုနှစ်များစွာ ရင်ဆိုင်ခဲ့ရသည့် စိန်ခေါ်မှုတစ်ခုအဖြစ် လေးနက်စွာ ရှုမြင်ရန် ဖြစ်သည်။ များပြားသောအဖွဲ့အစည်းများနှင့် တစ်ဦးတစ်ယောက်ချင်းစီတို့၏ တစ်သတ်မတ်တည်း လုပ်ဆောင်မှုများသည်မျိုးဆက်သစ်များအတွက် စဉ်ဆက်မပြတ်ပြောင်းလဲမှုအား ယူဆောင်လာနိုင်ရန် လိုအပ်လျက်ရှိပါသည်။ ဒီမိုကရေစီကဲ့သို့ပင် ၎င်းနယ်ပယ်များတွင်ပြောင်းလဲမှုပြုလုပ်ခြင်းတွင် ပြီးမြောက်ပြီဆိုသည့်အဆုံးသတ် ရှိမည်မဟုတ်ပေ။ ၎င်းတို့သည် အစဉ်ပြောင်းလဲနေပြီး ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ Saferworld ၏အနာဂတ် သုတေသနလုပ်ငန်းများနှင့် လုပ်ငန်းစီမံကိန်းများသည်လည်း ထိုလုပ်ငန်းများအား ပံ့ပိုးနိုင်ရန် ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

# ကျမ်းကိုးစာရင်း


၁ Selth A (2001b), 'Burma's Armed Forces Under Civilian Rule: A Return to the Past?', Technical Advisory Network of Burma, Working Paper 02–01, May.

၂ Ibid, p 4. The quotes refer to speeches made by Aung San Suu Kyi in 1998.

၃ Article 6d of the 2008 Constitution.

၄ Article 6f of the 2008 Constitution.

၅ See chapter 4 of the 2008 Constitution.

၆ Article 17b of the 2008 Constitution states that the commander-in-chief will nominate defence personnel to serve at every level of government 'to undertake responsibilities of the defence, security, border administration, and so forth'. See also articles 232b(ii), 234b and 235c(ii).

၇ Crouch M, Ginsburg T (2016), 'Between endurance and change in South-East Asia: the military and constitutional reform in Myanmar and Thailand', Annual Review of Constitution-Building Processes: 2015 3, International Institute for Democracy and Electoral Assistance, p 69.

၈ Egreteau R (2016), Caretaking Democratization: The Military and Political Change in Myanmar (London: Hurst); Callahan M (2012), 'The generals loosen their grip', Journal of Democracy 23 (4).

၉ See Myawady (2016), 'Excerpts from the meeting with local media that reflect the stance and actions of the Tatmadaw', English daily edition, 17 May, p 18; Htet Naing Zaw (2018), 'Tatmadaw Will Cease Operations in Kachin on Govt's Order: Defense Secretary', The Irrawaddy, 30 May (https://www.irrawaddy.com/news/tatmadaw-will-cease-operations-kachin-govts-order-defense-secretary.html)

၁၀ Article 213 of the 2008 Constitution.

၁၁ The Tatmadaw claims 'civil wars' ended in 1949, when the Karen National Union (KNU) was pushed out of Yangon. For example, see Myratt Kyaw Thu (2019), 'Tatmadaw warns journalists against calling domestic conflicts "civil wars"', Myanmar Frontier, 18 January (https://frontiermyanmar.net/en/tatmadaw-warns-journalists-against-calling-domestic-conflicts-civil-wars)

၁၂ Myawady (2016), op. cit.

၁၃ Selth A (2019), Secrets and Power in Myanmar: Intelligence and the Fall of General Khin Nyunt (Singapore: ISEAS Publishing).

၁၄ Quote from article 339 of the 2008 Constitution. Details of amendments are provided in International Institute for Democracy and Electoral Assistance (2019), 'Proposals by Political Parties, Clusters and Individual Representatives (Members of Parliament) for changes, additions, removals and additional articles', July, p 179 (http://constitutionnet.org/vl/item/report-joint-committee-amend-republic-union-myanmar-constitution-and-annex)

၁၅ See recommendations related to articles 17b, 232j(ii) and 234c in International Institute for Democracy and Electoral Assistance, op. cit.

၁၆ Ibid, p 5, p 179.

၁၇ A detailed case for a Ministry of Justice is made in Ko Bo Kyi (2018), 'The Case for Penal Reform in Burma' (http://files.clickdimensions.com/nedorg-aureu/documents/thecaseforpenalreforminburmareport_final.pdf). This paper was produced for the National Endowment of Democracy's Reagan-Fascell Fellowship. The general concept was raised by numerous lawyers, members of parliament and civil society representatives during interviews in Yangon and Naypyidaw, May 2019.

၁၈ See website of The Republic of the Union of Myanmar President Office (2017), 'Appointment of National Security Advisor to the Union Government', January (http://www.president-office.gov.mm/en/?q=briefing-room/orders/2017/01/11/id-7112)

၁၉ Lubian M (2018), The Moral Democracy: The Political Thought of Aung San Suu Kyi (Warsaw: Scholar Publishing House), pp 228–254.

၂၀ This term has been used in successive Armed Forces Day speeches since 2015 by the commander-in-chief and vice commander-in-chief. It is also used at the graduation ceremonies of cadets and at other training functions.

၂၁ The Star Online (2018), 'Myanmar accuses UN of making false allegations', 30 August (https://www.thestar.com.my/news/regional/2018/08/30/myanmar-accuses-un-of-making-false-allegations-foreign-ministers-call-for-military-to-be-held-accoun/); Radio Free Asia (2017), 'Myanmar Government Official Says UN Resolution on Rakhine "Less Than Constructive"', 11 April (https://www.rfa.org/english/news/myanmar/myanmar-government-official-says-un-resolution-on-rakhine-less-than-constructive-04112017162541.html); International Institute for Strategic Studies (2018), '17th Asia Security Summit: The IISS Shangri-La Dialogue', provisional transcription, 2 June (https://www.iiss.org/-/media/images/dialogues/sld/sld-2018/documents/security-and-humanitarian-crisis-in-myanmars-rakhine-state-sld18.ashx?la=en&hash=4663620F9D9AAF4AEA011035DB7419ADF72E99BB)

၂၂ Voltaire Net (2017), 'Aung San Suu Kyi speech on National Reconciliation and Peace', 19 September (https://www.voltairenet.org/article198013.html)

၂၃ Frontier Myanmar (2017), 'Questioning the official line on Rakhine', 19 January (https://frontiermyanmar.net/en/questioning-the-official-line-on-rakhine)

၂၄ Assistance Association for Political Prisoners (2016b), '"After release I had to restart my life from the beginning": The Experiences of Ex-political Prisoners in Burma and Challenges to Reintegration', May, p 6 (http://www.burmalibrary.org/docs22/AAPPB-2016-05-After_release-en-red.pdf)

၂၅ Democratic Control of Armed Forces (2012), 'Toolkit on Police Integrity', p 80 (https://www.dcaf.ch/sites/default/files/publications/documents/Toolkit_ENG_screen.pdf)

၂၆ Interview, Yangon, May 2019; email correspondence, July 2019.

၂၇ National League for Democracy (2015), '2015 Election Manifesto: Authorised Translation', pp 7–8 (http://www.burmalibrary.org/docs21/NLD_2015_Election_Manifesto-en.pdf)

၂၈ See figures published in state media in Global New Light of Myanmar (2019), 'Improved rights for prisoners through Parole System' 6 June (http://www.globalnewlightofmyanmar.com/improved-rights-for-prisoners-through-parole-system/)

၂၉ Myanmar International Radio (2019), 'Pyithu Hluttaw discussing to solve prison overcrowding with Parole System', 4 June (http://miradio.com.mm/news/pyithu-hluttaw-discussing-solve-prison-overcrowding-parole-system)

၃၀ Separate interviews with two members of Assistance Association for Political Prisoners, Yangon, March and May 2019, and with one other former political prisoner, Yangon, May 2019.

၃၁ Assistance Association for Political Prisoners (2016a), 'Prison Conditions in Burma and the Potential for Prison Reform', September, p 32 (http://www.burmalibrary.org/docs23/AAPPB-2016-09-Prison_Conditions+Reform-en-red.pdf)

၃၂ Assistance Association for Political Prisoners (2016a), op. cit., p 36.

၃၃ Ibid, p 40.

၃၄ Karen Human Rights Group (2011), 'From Prison to Front Line: Analysis of convict porter testimony 2009–2011', 13 July (http://khrg.org/2011/07/khrg1102/prison-front-line-analysis-convict-porter-testimony-2009-%E2%80%93-2011); Human Rights Watch (2011), 'Dead Men Walking: Convict Porters on the Front Lines in Eastern Burma', 12 July (https://www.hrw.org/report/2011/07/12/dead-men-walking/convict-porters-front-lines-eastern-burma)

၃၅ Steinberg D (2018), 'Myanmar's military – an identity problem, Nikkei Asian Review, 27 August (https://asia.nikkei.com/Opinion/Myanmar-s-military-an-identity-problem); Taylor R (2017), 'Myanmar's Military and the Dilemma of Federalism', Institute of South East Asian Studies (https://www.iseas.edu.sg/images/pdf/ISEAS_Perspective_2017_7.pdf)

၃၆ For more discussion of these negotiations, see Saferworld (2017), 'Security integration in Myanmar: Past experiences and future visions', July (https://www.saferworld.org.uk/resources/publications/1132-security-integration-in-myanmar-past-experiences-and-future-visions)

၃၇ Interviews with scholar who works closely with the Defence Services Academy and military.

၃၈ Kyi Pyar Chit Saw, Arnold M (2014), 'Administering the State in Myanmar: An Overview of the General Administration Department', The Asia Foundation, October, p 33; Egreteau (2017a), 'Parliamentary Development in Myanmar: An Overview of the Union Parliament, 2011–16', The Asia Foundation, May, pp 23, 33–35 (https://asiafoundation.org/wp-content/uploads/2017/05/Parliamentary-Development-in-Myanmar.pdf)

၃၉ 2019 Child Rights Law, article 61. Unofficial translation by Saferworld.

၄၀ For details of the six grave violations, see the website of the Office of the Special Representative of the Secretary-General for Children and Armed Conflict: https://childrenandarmedconflict.un.org/six-grave-violations/

၄၁ 2019 Child Rights Law, article 60. Unofficial translation by Saferworld.

၄၂ Nyan Hlaing Lynn (2017), 'Tensions ahead over changes to "race and religion" laws', Frontier Myanmar, 20 February (https://frontiermyanmar.net/en/tensions-ahead-over-changes-to-race-and-religion-laws); The Global Justice Centre (2015), 'Myanmar's Long Road to Gender Equality', November (http://www.globaljusticecenter.net/documents/UPR.2Pager.pdf); Walton M, McKay M, Daw Khin Mar Mar Kyi (2015), 'Women and Myanmar's "Religious Protection Laws"', The Review of Faith & International Affairs 13 (4).

၄၃ Global New Light of Myanmar (2019), 'Union Minister U Min Thu meets GAD staff in Kayah State', 17 January (http://www.globalnewlightofmyanmar.com/union-minister-u-min-thu-meets-gad-staff-in-kayah-state/)

၄၄ Global New Light of Myanmar (2019), 'Union Minister U Min Thu meets GAD staff of Ayeyawady region', 2 April (http://www.globalnewlightofmyanmar.com/union-minister-u-min-thu-meets-gad-staff-of-ayeyawady-region/)

၄၅ Global New Light of Myanmar (2019), '"Transition starts with GAD": Securing Rule of Law, Community Peace and Tranquility, Regional Development, Serving the Public Interest', 19 April (http://www.globalnewlightofmyanmar.com/transition-starts-with-gad-securing-rule-of-law-community-peace-and-tranquility-regional-development-serving-the-public-interest/)

၄၆ Interview with international agency working with the General Administration Department (GAD), Yangon, May 2019.

၄၇ United Nations Development Programme (2018), 'Public Oversight of the Security Sector: A Handbook for Civil Society Organizations', January, p 11 (https://www.undp.org/content/undp/en/home/librarypage/civil_society/public_oversightofthesecuritysectorahandbookforcivilsocietyorgan.html)

၄၈ See Aung San Suu Kyi (1991), 'In Quest of Democracy', in M Aris (ed.), Freedom from Fear and Other Writings second edition (London: Penguin Books), p 176.

၄၉ San Yamin Aung (2019), 'Total Number of Defamation Cases Under Telecommunications Law Hits 200', The Irrawaddy, 24 June (https://www.irrawaddy.com/news/burma/total-number-defamation-cases-telecommunications-law-hits-200.html)



မန္တလေးမှ ပြည်သူများ မဲပေးရန် မဲရုံအပြင်ဘက်တွင် တန်းစီနေစဉ်၊ မြန်မာ၊ ၈ နိုဝင်ဘာ၊ ၂၀၁၅။
© Hkun Lat

# ၁

# နိဒါန်း

**၂၀၁၀ ပြည့်နှစ်မှစတင်ကာ မြန်မာ့လုံခြုံရေးနှင့် တရားစီရင်ရေးကဏ္ဍများတို့တွင် ဒီမိုကရေစီနည်းကျ ထိန်းချုပ်ကြီးကြပ် စောင့်ကြည့်ဆောင်ရွက်မှု ရှိလာစေရန်အတွက် အသင့်အတင့် စတင်ခြေလှမ်းအစပျိုး လုပ်ဆောင်နိုင်ခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် ထိုကဏ္ဍများဆိုင်ရာ ကိစ္စရပ်များအပေါ် လူထုပါဝင်မှုနှင့် စောင့်ကြည့်လေ့လာမှုတို့အတွက် အခန်းကဏ္ဍများ ပွင့်လာခဲ့ပြီး အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ၊ ပညာရေးအဖွဲ့အစည်းများနှင့် မူဝါဒရေးရာလေ့လာမှုဆိုင်ရာ အဖွဲ့အစည်းများမှလည်း ပါဝင်လုပ်ဆောင်ခွင့် ရရှိလာကြပါသည်။ အထက်ပါလမ်းကြောင်းနှစ်ရပ်လုံး ဆက်လက်တည်ရှိ၍ ဆောင်ရွက်နိုင်မှုသည် ငြိမ်းချမ်း၍ ဒီမိုကရက်နည်းလမ်းကျသောတိုးတက်သည့်နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရန်အတွက် အလွန်အရေးကြီးလှပါသည်။သို့မှသာပြည်သူလူထုသည်ကြောက်ရွံ့မှုကင်းပြီး လုံခြုံစိတ်ချစွာ နေထိုင်နိုင်မည်ဖြစ်သည်။**

လက်ရှိတွင် အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေသူ နိုင်ငံရေး အကျဉ်းသားဟောင်းတစ်ဦးမှ “ဒီတိုင်းပြည်က အတိတ်ဖြစ်ရပ်များကို ပြန်ကြည့်ဖို့လိုသလို ရှေ့ဆက်သွားဖို့လည်းလိုအပ်နေပါတယ်။ကျွန်ုပ်တို့ဟာအတိတ်မှာပိတ်မိမနေဘဲ အတိတ်က အမှားမျိုး ထပ်မံမပြုလုပ်မိရန် ပြုပြင်ပြောင်းလဲ၍ရှေ့ဆက်သွားရန်လိုအပ်ကြောင်း” ပြောပြ ခဲ့ပါသည်။[၅၀]

စစ်အုပ်ချုပ်မှု နှစ်ပေါင်း (၅၀) အတွင်း[၅၁] မြန်မာနိုင်ငံ၏အစိုးရနှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများသည် လက်နက်ကိုင်တပ်ဖွဲ့များ၏ လက်အောက်တွင် တင်းကျပ်စွာ ချုပ်ကိုင်ခံခဲ့ရသည်။ မူလအားဖြင့် ဗြိတိသျှကိုလိုနီတို့သည် ၎င်းတို့စီးပွားရေးအကျိုးစီးပွားအတွက်နှင့် ဒေသခံတို့ အာခံခြင်းမှ ကာကွယ်ရန်တည်ထောင်ခဲ့သည့်အဓိကလုံခြုံရေးအစိတ်အပိုင်းများသည် နောက်ပိုင်းတွင်တော့ အမျိုးသားများကြီးစိုးသည့် ရေပေါ်ဆီ လူနည်းစုလက်ထဲသို့ ရောက်ရှိသွားပါသည်။ ရန်သူများလည်းများစွာဝန်းရံ၍ ပေါ်ပေါက်လာပါသည်။ လူထုအပေါ် သတိကြီးစွာ စောင့်ကြည့်ခြင်းနှင့် မီဒီယာ၊ ပညာရေး၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လွတ်လပ်သောမူဝါဒအင်စတီကျူးရှင်းများ စသည်တို့အပေါ် တင်းကျပ်စွာပိတ်ပင်ခြင်းတို့ ရှိခဲ့ပြီး အစိုးရအား တိုက်ရိုက်ဝေဖန်ခြင်း မပြုလုပ်နိုင်ရန် တားဆီးမှုများ ပြုလုပ်ခဲ့ပါသည်။ လက်ရှိကာလတွင်လည်း အမျိုးသားရေးဝါဒနက်ရှိုင်းစွာကိန်းအောင်းနေပြီးအရပ်ဘက်မှစောင့်ကြည့် ကြီးကြပ်နိုင်ခြင်း မရှိသည့် တပ်မတော်သည် တိုင်းရင်းသား လက်နက်ကိုင်

တပ်ဖွဲ့များနှင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသို့ ဝင်ရောက်နိုင်ဖွယ်ရှိသည့် အရပ်သားများ အားလုံးကို ပစ်မှတ်ထားကျူးလွန်မှုများ ရှိနေပါသည်။

စစ်တပ်လွှမ်းမိုးမှု နက်ရှိုင်းစွာ တည်ရှိနေသည့်နိုင်ငံရေးဓလေ့ကို ဖန်တီးခဲ့ ပြီး အဓိက အစိုးရဆုံးဖြတ်ချက်များနှင့် အင်စတီကျူးရှင်းအများစု၊ ဥပဒေများနှင့် လူထုနေ့စဉ်ဘဝကို သက်ရောက်မှုရှိသောမူဝါဒများတို့သည် တပ်မတော်၏အမြင် ဖြစ်သည့်နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသား အကျိုးစီးပွားတို့အပေါ်တွင်သာ အခြေခံ၍ အလေးထား ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ တပ်မတော်ခေါင်းဆောင်များနှင့် အမျိုးသားရေးဝါဒီတို့သည် ဗမာလူမျိုးများဖြစ်ကြပြီး ၎င်းတို့၏ ဆန့်ကျင်ဘက် ရန်သူအများစုသည် လက်နက်ကိုင် အဖွဲ့အစည်းများ ဖြစ်ကြကာ အခြားတိုင်းရင်းသား လူမျိုးစုများကို အသီးသီး ကိုယ်စားပြုကြပါသည်။ အစိုးရအင်စတီကျူးရှင်းများတွင် ဗမာစကားနှင့်ယဉ်ကျေးမှုသည် အလွန်ကြီးမားစွာ နေရာယူထားပါသည်။ အခြားတိုင်းရင်းသား လူမျိုးတို့၏ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့သည် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ ခွဲခြားခံရသည်ကို တွေ့ရပြီး အဆိုပါ တိုင်းရင်းသားအဖွဲ့များကို ရံဖန်ရံခါ အမျိုးသား လုံခြုံရေးကို ခြောက်လှန့်နေသည့် အဖွဲ့များအဖြစ်ဆက်ဆံမှုများ ရှိပါသည်။ လွန်ခဲ့သည့် (၁၀) နှစ်ခန့်မှ စ၍ အဆိုပါ ဓလေ့များတဖြည်းဖြည်းပြောင်းလဲလာပါသည်။ လူထုရွေးချယ်သည့် အစိုးရနှင့် တပ်မတော်တို့အကြား အာဏာခွဲဝေထားရှိမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ အတိအလင်း ဖော်ပြထားပြီး ပေါင်းစပ်အုပ်ချုပ်သည့်အစိုးရပုံစံမျိုးကို မိတ်ဆက်ခဲ့ပါသည်။ ပြည်သူလူထုဘဝများနှင့် လူထုနိုင်ငံရေးပါဝင်လှုပ်ရှားမှုများအပေါ်ကန့်သတ်ထားသည့် အရာများကိုလျှော့ချခဲ့ပါသည်။ အဆိုပါအချက်များသည် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီတို့ကို အစိုးရအဖြစ် ဖြစ်ပေါ်လာစေခဲ့ပါသည်။ NLD ပါတီသည် စစ်အုပ်ချုပ်ရေးအဆုံးသတ်ရန်နှင့် ပြည်သူလူထုကို မျှတစွာ ကာကွယ်မှုပေးနိုင်သည့် ဒီမိုကရက်တစ်အစိုးရ[၃၂] တည်ထောင်နိုင်ရန် အလေးပေး ဆောင်ရွက်ခဲ့ပါသည်။[၃၃]

> “လက်ရှိအနေအထားအရ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖွဲ့တွင် အရပ်သားပါဝင်မှုသည် လွန်ခဲ့သည့် နှစ် (၅၀) အတွင်း ဖွဲ့စည်းခဲ့သော အစိုးရအဖွဲ့တိုင်းထက် ပိုမိုများပြားစွာ ပါဝင်နေပါသည်။ လုံခြုံရေးကဏ္ဍတွင် ရှိနေသည့် အာဏာများကိုလည်း တဖြည်းဖြည်းချင်း လွှဲပြောင်းရယူမှုများ ရှိပါသည်။”

၂၀၁၉ ခုနှစ် ဇူလိုင်လတွင် NLD သည် စစ်တပ်၏ နိုင်ငံရေးအာဏာကို လျှော့ချနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို အဆိုပြုခဲ့ပါသည်။ လက်ရှိအနေအထားအရ အစိုးရအဖွဲ့ဝင်ဝန်ကြီးများအဖွဲ့တွင် အရပ်သားပါဝင်မှုသည် လွန်ခဲ့သည့် နှစ် (၅၀)[၃၄] အတွင်း ဖွဲ့စည်းခဲ့သော အစိုးရအဖွဲ့တိုင်းထက် ပိုမိုများပြားစွာ ပါဝင်နေပါသည်။ လုံခြုံရေးကဏ္ဍတွင် ရှိနေသည့် အာဏာများကိုလည်းတဖြည်းဖြည်းချင်း လွှဲပြောင်းရယူမှုများ ရှိပါသည်။ ဥပမာအားဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအား တပ်ဘက်ထိန်းချုပ်မှုအောက်မှ အရပ်ဘက်ထိန်းချုပ်မှုအောက်သို့ ရွှေ့ပြောင်းခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့အပြင် ကွဲပြားခြားနားသော နောက်ခံမှ ရောက်ရှိလာသော နိုင်ငံရေးအကျဉ်းသားဟောင်း လွှတ်တော်ကိုယ်စားလှယ်များသည် တပ်မတော်အရာရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်များထဲတွင် အတူတကွ ပါဝင်နေခြင်း၊ အမျိုးသမီး အခွင့်အရေးတိုးတက်လာခြင်းနှင့် လုံခြုံရေးနှင့် တရားစီရင်ရေး ကဏ္ဍများအပေါ် စောင့်ကြည့်စစ်ဆေးမှုများအတွက် ဗမာလူမျိုးများ သာမက တိုင်းရင်းသားလူမျိုးများပါ ကိုယ်စားပြုပါဝင်လာခြင်း စသည်တို့ကိုလည်း တွေ့မြင်နိုင်ပါသည်။

သို့သော်ငြားလည်းတစ်ဖက်မှာ အာဏာရှင်ဆန်သည့် သဘောထားများ နက်ရှိုင်းစွာ ဆက်လက်တည်ရှိနေခြင်းနှင့် အထက်ဖော်ပြပါ ပြောင်းလဲမှုများသည် ကြိုးကိုင်မှုအောက်ရှိ အစိတ်အပိုင်းအတွင်းမှသာ ပြောင်းလဲနေခြင်း၊ နိုင်ငံရေးအာဏာနှင့် ကိုယ်ပိုင်အုပ်ချုပ်နိုင်ခွင့်တို့ကို ရယူထားသည့် တပ်မတော်အနေဖြင့် ပြုပြင်ပြောင်းလဲရေးကို နှေးကွေးစွာ ဆောင်ရွက်နေခြင်း စသည်တို့ကိုလည်း တွေ့ရပါသည်။ တပ်မတော်မှရွေးချယ်ခံ အရပ်သားအစိုးရထံ ၎င်းတို့ရယူထားသည့်နိုင်ငံရေးအာဏာများလွှဲပြောင်းပေးရန် ကတိကဝတ် ရှိသော်လည်း

၎င်းတို့၏ ကိုယ်ပိုင်ရွေးချယ်မှု လမ်းကြောင်းအရသာ ဆောင်ရွက်လိုသည့် ဆန္ဒရှိနေပြီး ၎င်းတို့၏ အတွေး အခေါ် (သို့မဟုတ်) အကျိုးစီးပွားများကို ထိခိုက်စေ မည့် မည်သည့်ပြောင်းလဲမှုမျိုးကိုမဆို ခိုင်ခိုင်မာမာ ခုခံကာကွယ်ထားသည်ကို တွေ့ရမည်ဖြစ်သည်။ အုပ် ချုပ်မှုဆိုင်ရာ အစိတ်အပိုင်းများတွင်လည်း တပ်မတော် အရာရှိဟောင်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထား ပြီး ၎င်းတို့၏ ဓလေ့အရအရပ်ဘက် ခေါင်းဆောင် များ၊ နိုင်ငံခြားသားများနှင့်လူထုအဖွဲ့အစည်း အများ စုအပေါ် ယုံကြည်မှုနည်းပါးသည်ကို တွေ့မြင်ရပါ သည်။ အထက်အောက်အမိန့်ပေး ဆောင်ရွက်သည့် ပုံစံ တည်မြဲစေရန်လည်း ဖြစ်ပါသည်။ ထို့ပြင် အရပ် ဘက်မှ လာသူများသည်လည်း အချို့ကိစ္စရပ်များ တွင် တည်ရှိနေသည့် ချဉ်းကပ်မှုနည်းလမ်းများနှင့် အမြင်များကိုသာ ဆက်လက်လက်ခံ အသုံးပြုခြင်း များ ရှိနေသလို လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များသည် တပ်မတော်သားများသာ ကျွမ်းကျင်သည်ဟူ၍ ယုံ ကြည်ပြီး လုံခြုံရေးဆိုင်ရာကိစ္စရပ်များအား တပ်မတော် ကိုသာဦးဆောင်ဦးရွက်ပြုပေးစေလိုသည့် ဆန္ဒများရှိ နေသည်ကိုလည်း တွေ့မြင်နိုင်ပါသည်။

## ၁.၁ ဒီမိုကရေစီနည်းကျ မြန်မာ့လုံခြုံရေးကဏ္ဍဆိုင်ရာ အယူအဆဖော်ထုတ်ခြင်း

ဤအစီရင်ခံစာတွင် ဒီမိုကရေစီနည်းကျ မြန်မာ့လုံခြုံရေးကဏ္ဍအတွက် ဖြစ်နိုင်ခြေရှိသည့် အလားအလာများကို ရှာဖွေသွားမည် ဖြစ်သည်။ ဒီမိုကရေစီနည်းကျ လုံခြုံရေးကဏ္ဍအတွက် အဓိက ရှုထောင့် (၃) ခု အားဖြင့် အလေးထားဖော်ပြသွား ပါမည်။ ၂၀၁၁ ခုနှစ်မှ စတင်၍ အဆိုပါကဏ္ဍတွင် ပြောင်းလဲမှုများကို တွေ့မြင်ရသော်လည်း အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာမိတ် ဖက်အဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပိုမို ဆောင်ရွက်သွားရန် လိုအပ်ပါနေပါသည်။ အထက် ဖော်ပြပါ ရှုထောင့် (၃) ခုသည် အပြန်အလှန်အား ဖြစ်စေမှုများရှိနေပြီး ယင်းရှုထောင့် (၃) ခုလုံးသည် တန်းတူအရေးကြီးမှု ရှိနေပါသည်။ ၎င်းတို့မှာ -

၁။ ရွေးကောက်ခံ အရပ်သားကိုယ်စားလှယ်များ ၏လုပ်ပိုင်ခွင့်အာဏာအား ဖော်ထုတ်တည် ဆောက်ခြင်း

၂။ လုံခြုံရေးဆိုင်ရာ ယဉ်ကျေးမှုအား ပြုပြင် ပြောင်းလဲခြင်း

၃။ ပြည်သူလူထုနှင့်ဆိုင်သော နေရာများအား ဖန်တီးခြင်းနှင့် ကာကွယ်ခြင်း

ပထမရှုထောင့်မှာ ဒီမိုကရေစီနည်းကျ တာဝန်ခံမှုရှိသော အရပ်သားများ၏ တရားဝင်အာ ဏာမှ လုံခြုံရေးကဏ္ဍအပေါ် ထိန်းချုပ်ထားနိုင်မှု နှင့် ဆက်စပ်နေပါသည်။ အဆိုပါ အာဏာများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဥပဒေများတွင် ထည့် သွင်းဖော်ပြထားရုံ သက်သက်မျှသာ မဟုတ်ဘဲ ရွေးကောက်ခံ အရပ်သားအစိုးရသည် ယင်းအာဏာ များကို ကျင့်သုံးလုပ်ကိုင်နိုင်သည့် စွမ်းဆောင်ရည်၊ စိတ်အားထက်သန်မှုနှင့် နိုင်ငံရေး နည်းလမ်းများ အရဆောင်ရွက်နိုင်မှုပါ ရှိနေရမည် ဖြစ်သည်။ ထို့ အပြင်အဆိုပါ အာဏာများအား အဖွဲ့အစည်းများ အတွင်း၊ အဓိကဝန်ကြီးဌာနများနှင့် လွှတ်တော် များတို့တွင်ပို၍ ဒီမိုကရေစီနည်းကျသည့် အလေ့ အကျင့်များဖြင့် ချိတ်ဆက် လုပ်ဆောင်သွားရမည် ဖြစ်သည်။ ဤပြောင်းလဲမှု နယ်ပယ်သည် မိမိတို့ အတွင်းမှ ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်ဖြစ် ပြီးနိုင်ငံတကာ အဖွဲ့အစည်းများ အနေဖြင့် လွှမ်းမိုး နိုင်မှုနည်းသော ကဏ္ဍလည်း ဖြစ်သည်။

ဒုတိယရှုထောင့်မှာ အာဏာများကို အရပ် ဘက်သို့ ပြောင်းလွှဲရုံမျှဖြင့် ပို၍မျှတမှု သို့မဟုတ် ငြိမ်းချမ်းမှုရှိသည့် ရလဒ်များ အလိုအလျောက်ရရှိ လာမည်မဟုတ်ဘဲ ကျင့်သုံးနေသည့်ဓလေ့များကို ပြောင်းလဲရန်လည်း လိုအပ်သည့်အချက်ကို တင်ပြ ထားခြင်း ဖြစ်ပါသည်။ ဤရှုထောင့်တွင် အလေး ထား၍ အဆိုပြုလိုသည်မှာ လက်ရှိလုံခြုံရေးတပ် ဖွဲ့များနှင့် တရားစီရင်ရေး အင်စတီကျူးရှင်းများမှ အသုံးပြုနေသည့် လူထုကြောက်ရွံ့စေရန် ခြောက် လှန့်မှုကို အခြေခံသည့် ဆောင်ရွက်ခြင်း၊ ပြစ်ဒဏ် ပေးခြင်းနှင့် ဖိနှိပ်သည့် နည်းလမ်းများစသည်တို့ကို လျော့ကျသွားစေပြီး အားလုံးပိုမို ပါဝင်မှုရှိသော၊

ပြည်သူလူထုကို ဗဟိုပြုသော၊ ကျား-မရေးရာကို အလေးထားသော ကျင့်သုံးမှု ပုံစံအနေအထား သို့ရွေ့သွားနိုင်ရန် ဖြစ်ပါသည်။ ထို့အပြင် ဤရှုထောင့်တွင် လူမှုရေးနှင့် လုံခြုံရေးပြဿနာများ ကိုင်တွယ်နိုင်ရန်ဌာနအချင်းချင်းအကြားပူးပေါင်း ဆောင်ရွက်မည့် နည်းဗျူဟာများလည်း ပါဝင်မည် ဖြစ်သည်။ ဥပမာအားဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှု ပြဿနာများကို လျှော့ချနိုင်ရန် (သုံးစွဲသူများကို လိုက်လံဖမ်းဆီးခြင်းမျိုးထက်) ကျန်းမာရေးစနစ်နှင့်ပူးပေါင်းဆောင်ရွက်ခြင်းမျိုးနှင့် လူမှုအသိုက် အဝန်းအချင်းချင်းကြား ပဋိပက္ခဖြစ်စေနိုင်သည့် အရာများကို လျှော့ချနိုင်ရန် (ပဋိပက္ခပေါ်ပေါက် တိုင်း ဖိနှိပ်ဖြေရှင်းခြင်းမျိုးထက်) ပညာရေးဌာန များအားဖြင့် ပညာပေးဆောင်ရွက်သည့် ပုံစံမျိုး စသည်တို့ဖြစ်ပါသည်။ ဤနေရာတွင် နိုင်ငံတကာ အဖွဲ့အစည်းများမှလည်း အရေးကြီးသည့်ထောက်ပံ့ မှုများကို ဒေသအရှိတရားနှင့် လိုအပ်ချက်များ အပေါ်မူတည်၍ ကူညီဆောင်ရွက်ပေးနိုင်ပါသည်။

တတိယရှုထောင့်တွင် လုံခြုံရေးကဏ္ဍ သည်လူထုကို ဝန်ဆောင်မှုပေးရန်ဖြစ်ပြီး လူထု အပေါ် တာဝန်ယူမှုနှင့် တာဝန်ခံမှုလည်း ရှိရမည် ဖြစ်သည်။ ထို့ပြင် လူ့အဖွဲ့အစည်းအတွင်း တည်ရှိနေသည့် ကွဲပြားခြားနားမှုများကို ကိုယ်စားပြု နိုင်သောခိုင်မာပြီး လွတ်လပ်သည့် အဖွဲ့အစည်းများ အားကောင်းစွာ ပါဝင်လာစေရန် ဖြစ်ပါသည်။ အဆိုပါ အဖွဲ့အစည်းများတွင် မီဒီယာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မူဝါဒလေ့လာမှုဆိုင်ရာ အဖွဲ့အစည်းနှင့် ပညာရေးဆိုင်ရာထောက်ပံ့မှုပေး နေသောအဖွဲ့များနှင့် အခြားအဖွဲ့အစည်းများစသည် တို့ပါဝင်မည်ဖြစ်သည်။ သတင်းအချက်အလက် ကောင်းမွန်စွာ ပေးနိုင်မှုနှင့်အတူ လူထုအတွင်း တက်ကြွစွာ ထိတွေ့ပါဝင်လှုပ်ရှားနေသူများသည် တာဝန်ရှိသောအဖွဲ့အစည်းများနှင့်ပိုမိုပူးပေါင်းရန် ဆန္ဒရှိနိုင်ပါသည်။ ထို့ပြင် လူ့အဖွဲ့အစည်းအတွင်း ခံစားနေရသည့် ဘေးအန္တရာယ်များ လျော့နည်း သွားစေရန်အတွက်လည်းပိုမိုပါဝင်လိုကြပါသည်။

အချိန်အခါအရ အာဏာရှင်ဝါဒသို့ ပြန်ရောက်သွားနိုင်မှုသို့မဟုတ်အကြမ်းဖက်မှုများနှင့် မတည်ငြိမ်မှုများ ထပ်မံဖြစ်ပေါ်လာနိုင်မှုများကိုတုံ့ပြန်နိုင်ရန် သင့်တင့်မျှတသည့် ယုံကြည်ချက် သဘောထားများ လူထုအကြားပျံ့နှံ့သွားရန် လိုအပ်ပါသည်။ ထို့ကြောင့် ထိုကိစ္စရပ်များကို အတွေ့အကြုံရှိပြီး ကျွမ်းကျင်သည့် အဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်ပေးသွားရန် လိုအပ်ပါသည်။ ဤပြုပြင်ပြောင်းလဲမှုသည် ဒေသနှင့်သက်ဆိုင်သည့်နယ်ပယ် များအတွင်း ဆောင်ရွက်ရမည့် အရာဖြစ်သော်လည်း နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဒေသခံအဖွဲ့ အစည်းများကိုအကြံပေးခြင်းနှင့် ထောက်ပံ့ပေးခြင်း တို့ကို ဆောင်ရွက်ပေးနိုင်ပါသည်။

မြန်မာ့လုံခြုံရေး အင်စတီကျူးရှင်းများ တည်ဆောက်ခဲ့သည်မှာ နှစ်ပေါင်း (၁၈၇) နှစ်ကျော် ရှိလာပြီဖြစ်ပြီး ကိုလိုနီစနစ်၊ ပြည်တွင်းစစ်၊ တိုင်းပြည်ပြိုကျလုအခြေအနေနှင့် အာဏာရှင် အုပ်ချုပ်မှုတို့ကို တွေ့ကြုံဖြတ်သန်းခဲ့ပါသည်။ (အခန်း -၂ တွင် တွေ့နိုင်ပါသည်)။ လက်ရှိ အရပ်ဘက်နှင့် စစ်ဘက်ပေါင်းစပ် အုပ်ချုပ်မှု ပုံစံအတွင်း ဖြတ်သန်းလျက်ရှိသည်မှာ ရှစ်နှစ်ကျော်လွန်လာပြီဖြစ်ပြီး စစ်လွှမ်းမိုးမှုလျှော့ချကာ ဒီမိုကရေစီမူဝါဒများနှင့်ကျင့်သုံးမှုအားကောင်းသည့် လုံခြုံရေးစနစ် ဖြစ်လာစေရန်မှ နှစ်ပေါင်းများစွာ အချိန်ယူရဦးမည် ဖြစ်သည်။[၅၅]

တပ်မတော်မှ အစဉ်ပြောဆိုလေ့ရှိသည်မှာ အသွင်ကူးပြောင်းရေးကာလတွင် သတိကြီးစွာ စီမံခန့်ခွဲနိုင်ရန်၊ တိုင်းပြည်တည်ငြိမ်ရန်နှင့် အချုပ်အခြာ အာဏာကိုကာကွယ်ရန်တို့ဖြစ်ပါသည်။[၅၆] တိုင်းပြည် ဒီမိုကရေစီ ကူးပြောင်းရေးလမ်းကြောင်းမှာ စောင့်ရှောက်ကာကွယ်ပေးရသူအဖြစ် ၎င်းတို့ကိုယ်တိုင် မှတ်ယူ ထားပါသည်။ လက်ရှိအနေအထားအရ ဒေါ်အောင်ဆန်းစုကြည်မှလည်း “မိမိတို့သည် ညှိနှိုင်းတွေ့ဆုံဆွေးနွေးခြင်းအားဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဖြေရှင်းသွားရမည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အစဉ်စိတ်ထဲ ထားရှိရမည်။ တိုင်းပြည်ကို ဖောက်ထိုးမိုးမျှော် ဖြစ်မည့်ပုံစံကို အားပေးမည် မဟုတ်ပါ။ မိမိတို့သည် စိတ်ရှည်ရမည်။ သို့သော် ဖွဲ့လုံ့လ ရှိရမည်” ဟူ၍ ပြောဆိုထားပါသည်။[၅၇]

ယခု အနေအထားထိ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်မှု ရောက်ရှိနေခြင်းသည် ပြည်တွင်းလှုပ်ရှားမှုများနှင့် ကျယ်ပြန့်သော ဒေသအဖွဲ့အစည်းများနှင့်

ပုဂ္ဂိုလ်များ ကမကထပြု ဆောင်ရွက်ခဲ့ကြသည့် ရလဒ်များကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းပြည်၏ ပိုမိုတိုးတက်သော အဆင့်များ ရောက်ရှိရန်မှာ နိုင်ငံတွင်းမှ ဆောင်ရွက်သူများအားဖြင့်သာ ရရှိနိုင်မည် ဖြစ်သည်။ ထိုသို့ဆောင်ရွက်ကြရာတွင်လည်း မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် သမိုင်းနောက်ခံအခြေအနေများနှင့် ကိုက်ညီမှုရှိနေရမည် ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီနည်းကျ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရာတွင် အနောက်နိုင်ငံများ၏ ပုံစံများ မိတ်ဆက်ထည့်သွင်းလုပ်ဆောင်ခြင်း သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများ၏ အခြားနိုင်ငံများတွင် ဆောင်ရွက်ခဲ့သည့် ပုံစံများကို ပုံတူကူးချဆောင်ရွက်ခြင်းမျိုးဖြင့် ဆောင်ရွက်၍ရမည် မဟုတ်ပေ။ စင်စစ် လုံခြုံရေးဆိုင်ရာ အစီအစဉ်များကို အနောက်နိုင်ငံ၏ စစ်တပ်များမှ လက်ဝါးကြီးအုပ် လေ့ရှိပါသည် (ဥပမာ အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေး)။ ၎င်းသည် အကြမ်းဖက်မှုနှင့် မလုံခြုံမှုများ ပိုမိုများပြားလာအောင် တွန်းပို့လေ့ရှိပြီး မလုံခြုံမှုများကို ဖြစ်ပေါ်စေသော အခြေခံအကြောင်းအရင်းများကို ဖြေရှင်းနိုင်ရန် ပျက်ကွက်လေ့ရှိသည်။[၅၈] ဒေါ်အောင်ဆန်းစုကြည် အနေဖြင့် မြန်မာ့ယဉ်ကျေးမှု၏ သဟဇာတဖြစ်တတ် မှုနှင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၏ ပန်းတိုင်များအကြောင်းကိုရှည်ရှည်ဝေးဝေး ပြောဆိုလေ့ရှိသည်။

သို့သော်လည်း နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် ပါဝင်ပတ်သက် ဆောင်ရွက်နေသည့် ဒေသခံများ ပြန်လည်အသုံးပြုနိုင်ရန်အတွက် အဓိကအရေးကြီးသည့် ပညာရပ်များနှင့် အရင်းအမြစ်များကို ပံ့ပိုးပေးနိုင်ပါသည်။ နိုင်ငံတကာနှင့် ဒေသခံတို့မိတ်ဖက်ပူးပေါင်း၍ ပြဿနာကိစ္စရပ်များ ဖြေရှင်းအောင်မြင်နိုင်ရန် အတွက်ဆိုလျှင် နိုင်ငံတကာမှ ဒေသအတွင်း နောက်ခံအခြေအနေများကို ဂရုစိုက်ခြင်း၊ အပြန်အလှန်ယုံကြည်မှု တိုးတက်အောင်ပြုလုပ်ခြင်းနှင့် အခြေအနေများကို နားလည်သဘောပေါက်နိုင်ခြင်း စသည်တို့အပေါ်တွင် မူတည်နေပါသည်။

## ၁.၂ သုတေသနနည်းနာ၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် အကန့်အသတ်များ

### သုတေသနနည်းနာ

ဤအစီရင်ခံစာတွင် စာပေများကို လေ့လာသုံးသပ်မှု (Literature review) နှင့် တွေ့ဆုံမေးမြန်းခြင်းများကို (၄၆) ကြိမ် ပြုလုပ်ခဲ့ပြီး ဖြေဆိုသူပေါင်း (၆၂) ဦးပါဝင်ခဲ့ပါသည်။ စာပေများကို လေ့လာသုံးသပ်မှုနှင့် ပတ်သက်၍ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် စာတမ်းများကို အဓိကထား လေ့လာခဲ့ပါသည်။ ထိုစာတမ်းများတွင် စာအုပ်များ၊ မူဝါဒလေ့လာမှုဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှထုတ်ဝေသည့်အစီရင်ခံစာများနှင့်အစိုးရမှ တရားဝင်ထုတ်ပြန်သည့် မူဝါဒများနှင့် တရားဥပဒေများပါဝင်သည်။ ထို့ပြင် မြန်မာဘာသာဖြင့် ထုတ်ဝေသည့် စာတမ်းများအားအင်္ဂလိပ် ဘာသာသို့ ပြန်ဆိုထားသော စာတမ်းများကိုလည်း အသုံးပြုထားပါသည်။

> “ယခုအနေအထားထိ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်မှု ရောက်ရှိနေခြင်းသည် ပြည်တွင်းလှုပ်ရှားမှုများနှင့် ကျယ်ပြန့်သော ဒေသအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များ ကမကထပြု ဆောင်ရွက်ခဲ့ကြသည့် ရလဒ်များကြောင့် ဖြစ်ပါသည်။”

တွေ့ဆုံမေးမြန်းမှု အင်တာဗျူးများကို ရန်ကုန်နှင့် နေပြည်တော်တို့တွင် ပြုလုပ်ခဲ့ပြီး နိုင်ငံတကာသို့ ဖုန်းခေါ်ဆို မေးမြန်းခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။ အဆိုပါ မေးမြန်းခဲ့သူများတွင် လက်ရှိအစိုးရဝန်ထမ်းများ၊ အစိုးရဝန်ထမ်းဟောင်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်များ၊ မြန်မာသတင်းထောက်များ၊ သုတေသနပညာရှင်များနှင့် တိုင်းရင်းသားလူမျိုးပညာရှင်များ ပါဝင်ခဲ့ပါသည်။ ထို့ပြင် နိုင်ငံတကာမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသုံးသပ်သူများနှင့် နိုင်ငံ

တကာအဖွဲ့အစည်းများမှ ဝန်ထမ်းများ စသည်တို့လည်းပါဝင်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုပြုလုပ်ရာတွင်ရွေးချယ်ရသည့် မေးခွန်းပုံစံမျိုး မဟုတ်ဘဲ အကြောင်းအရာပေါ်မူတည်၍ဖြေဆိုသူတို့၏အမြင်ကိုဆွေးနွေးပြောဆိုနိုင်သည့် မေးခွန်းပုံစံမျိုးဖြင့် ဆောင်ရွက်ခဲ့ပါသည်။ အဓိကထား၍ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့သည့် အကြောင်းအရာများမှာ အရပ်ဘက်-စစ်ဘက် ဆက်ဆံရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် လုံခြုံရေးကဏ္ဍအား စီမံခန့်ခွဲမှုတို့ ဖြစ်ပါသည်။

အထက်ပါ တွေ့ဆုံမေးမြန်းမှုတွင် ကျား-မရေးရာမျှတစွာ ပါဝင်နိုင်မှုတော့ မရှိခဲ့ပေ။ ပါဝင်ဖြေဆိုသူ (၄၈) ဦး (၇၇ ရာခိုင်နှုန်း) သည် အမျိုးသားများဖြစ်ပြီး (၁၄) ဦး (၂၃ ရာခိုင်နှုန်း) သာလျှင် အမျိုးသမီးများဖြစ်ကြသည်။ ထိုသို့ဖြစ်ရခြင်းမှာမိမိတို့နှင့် တွေ့ဆုံရန်အတွက် အဖွဲ့အစည်းများမှ ရွေးချယ်ပေးလိုက်သူများသည် အမျိုးသားများ ဖြစ်နေသောကြောင့်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ အထူးပြုကျွမ်းကျင်မှု သို့မဟုတ် ခေါင်းဆောင်များသည် အမျိုးသားများ ဖြစ်နေခြင်းကြောင့် ဖြစ်သည်။ အောက်တွင်ရှိသော "အကန့်အသတ်များ" ခေါင်းစဉ်ငယ် အောက်တွင်လည်း ကြည့်ရှုနိုင်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များနှင့် သတင်းထောက်များမှ အင်တာဗျူးဖြေဆိုသူများကိုမူ မိမိတို့ကိုယ်တိုင် ရွေးချယ်နိုင်ခဲ့ပါသည်။ ထို့ကြောင့် အဆိုပါတွေ့ဆုံမေးမြန်း ဖြေဆိုသူများကို ကျား-မရေးရာညီမျှမှုအပေါ်အခြေခံပြီး ရွေးချယ်ခဲ့ပါသည်။ ထို့ပြင် အမျိုးသမီးဖြေဆိုသူများတွင်တက္ကသိုလ်မှပါမောက္ခများ၊ ရှေ့နေများ၊ အမျိုးသမီးအဖွဲ့အစည်း ခေါင်းဆောင်များ၊ မူဝါဒဆိုင်ရာ လေ့လာသုံးသပ်သူများ၊ သုတေသန ပြုလုပ်သူများနှင့် အကူအညီပေးရေးဆိုင်ရာဝန်ထမ်းများလည်းပါဝင်သည်။တိုက်ဆိုင်စွာပင်အင်တာဗျူး ဖြေဆိုသူများတွင်လည်း ဖြေဆိုသူ (၄၈)ဦး (၇၇ ရာခိုင်နှုန်း) သည် ပြည်တွင်းမှ ဖြစ်ပြီး (၁၄) ဦး (၂၃ ရာခိုင်နှုန်း) သည် နိုင်ငံတကာမှ ဖြစ်ပါသည်။

## အစီရင်ခံစာ ဖွဲ့စည်းတည်ဆောက်ပုံ

ဤအစီရင်ခံစာအား အခန်း (၆) ခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး ခေါင်းစဉ် (၁၇) ခု ပါဝင်ပါသည်။ အခန်း(၁) မှာ နိဒါန်းပိုင်းဖြစ်ပြီး အခန်း (၂) တွင်အဓိကနောက်ခံ အကြောင်းအရာများကို ဖော်ပြထားပါသည်။ အခန်း (၂) ၌ ပထမဦးစွာဖြင့် မြန်မာ့လုံခြုံရေးကဏ္ဍဖြစ်တည်ပြောင်းလဲလာမှုများနှင့်တပ်မတော်တည်ထောင်မှုမှ နိုင်ငံရေးနှင့် နိုင်ငံတော်တည်ဆောက်မှုတို့တွင် အဓိက ဇာတ်ဆောင်ဖြစ်လာခဲ့ပုံ၊ ထို့နောက် ကိုလိုနီကာလ၊ ကိုလိုနီခေတ်အလွန်၊ စစ်အုပ်ချုပ်ရေးကာလနှင့် ယနေ့ခေတ် အရပ်ဘက်-စစ်ဘက် ပေါင်းစပ်အုပ်ချုပ်မှု တည်ဆောက်ခြင်းတို့ကိုဖော်ပြသွားမည် ဖြစ်သည်။ ဒုတိယအပိုင်းတွင် ယနေ့ခေတ် အရပ်ဘက်-စစ်ဘက် ဆက်ဆံရေး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့၏ဆက်ဆံရေးကို လေ့လာခြင်းနှင့် လက်ရှိတပ်မတော်၏နိုင်ငံရေး အခန်းကဏ္ဍတွင် ပါဝင်မှုတို့ ဖြစ်ပါသည်။

ထို့နောက်အခန်း(၃)မှအခန်း(၅)အထိသည် ဒီမိုကရေစီနည်းကျ လုံခြုံရေးကဏ္ဍ မိတ်ဆက်မှုကိုရှုထောင့် (၃) ခုမှ တစ်ခုချင်းစီ တင်ပြသွားမည်ဖြစ်သည်။ အခန်း (၃) သည် အရပ်သားအစိုးရ လုပ်ပိုင်ခွင့်အာဏာများ မထူထောင်မီ လုံခြုံရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့အပေါ် အာဏာမည်ကဲ့သို့ ပိုင်းခြားထားသည်ကို ဖော်ပြသွားပါမည်။ အရပ်ဘက်နှင့်စစ်ဘက် ထိန်းချုပ်မှုဆိုင်ရာ တိုးချဲ့ခြင်းများကို အလေးပေး ဖော်ပြသွားပါမည်။ အခန်း (၄) သည် လုံခြုံရေးနှင့် တရားစီရင်ရေးတို့၏ အလေ့အထများ ပြုပြင်ပြောင်းလဲခြင်းအပေါ် တွေ့ကြုံရမည့် စိန်ခေါ်မှုများကို လေ့လာသွားမည် ဖြစ်ပါသည်။ အဆိုပါကဏ္ဍများတွင်အစောပိုင်းလူထု၏ကြိုးပမ်းပါဝင်အားထုတ်မှုကိုလည်း ထည့်သွင်းဖော်ပြသွားပါမည်။ ထို့ပြင် လက်နက်ကိုင်တပ်ဖွဲ့များ၏ အဓိကစိန်ခေါ်မှုများနှင့် ဖြစ်ပျက်ပြောင်းလဲမှုများ၊ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်နှင့် ထောက်လှမ်းရေး လုပ်ငန်းများ စသည်တို့ကိုလည်း အသီးသီး ဖော်ပြသွားပါမည်။

ထို့နောက် အထူးသဖြင့် ၂၀၁၁ ခုနှစ်နောက်ပိုင်းပြောင်းလဲမှုများနှင့် ကျန်သည့်စိန်ခေါ်မှုများကို

လည်းဖော်ပြသွားပါမည်။ အခန်း (၅) တွင် လုံခြုံရေး ကဏ္ဍအတွက် လူထုပါဝင် ကြီးကြပ်ဆောင်ရွက်နိုင်မှုကို အခန်းကဏ္ဍ (၄) ခုဖြင့် လေ့လာသွားပါမည်။ ၎င်းတို့မှာ ပညာရေး၊ အရပ်ဘက်အဖွဲ့အစည်း၊ မူဝါဒ လေ့လာမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် လွတ်လပ်သော မီဒီယာတို့ ဖြစ်ပါသည်။ အခန်း (၆) သည် ဒီမိုကရေစီ နည်းကျ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း အပေါ်နားလည်သည့် ရှုထောင့် (၃) ခု၏ အနာဂတ် တိုးတက်နိုင်ခြေရှိသည့် အချက်များကို အဆိုပြု ဖော်ပြခြင်းဖြင့် နိဂုံးချုပ်ထားပါသည်။

## အကန့်အသတ်များ

ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လုံခြုံရေးကဏ္ဍ အုပ်ချုပ်မှုနှင့် အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးအပေါ် လက်ရှိနိုင်ငံတကာ၏ အသေးစိတ်ဝေဖန်သုံးသပ်မှုများကို ထည့်သွင်းဆွေးနွေးမှုများပါဝင်မည် မဟုတ်ပေ။ ထို့ပြင် အနောက်နိုင်ငံများနှင့် စစ်ရေးဆက်ဆံမှု ဝေးကွာသွားခြင်း သို့မဟုတ် ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့နှင့် စစ်ရေးဆက်ဆံမှုနီးစပ်ခြင်းကဲ့သို့ ပထဝီမဟာဗျူဟာအချက်များကိုလည်း အသေးစိတ် ဆွေးနွေးခြင်း မရှိပေ။ သို့သော် ကိုလိုနီစနစ်နှင့် ဒုတိယ ကမ္ဘာစစ်ကာလ ဆက်စပ်အခြေအနေများကို ထည့်သွင်း ဆွေးနွေးမှု အချို့ ပါဝင်မည် ဖြစ်သည်။

ဤအစီရင်ခံစာအပေါ် လေ့လာသုံးသပ်ဝေဖန်သူများအနေဖြင့် အကျိုးရှိနိုင်မည့် နိုင်ငံတကာမှရရှိသည့် အချက်အလက်များကို နိုင်ငံခြားသားစာရေးသူတစ်ယောက်အနေဖြင့် ထည့်သွင်း ဆွေးနွေးသင့်ကြောင်း ပြောဆိုလာနိုင်ပါသည်။ နိုင်ငံတကာ ငြိမ်းချမ်းရေး တည်ဆောက်မှု အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ ပဋိပက္ခပတ်ဝန်းကျင်တို့ ချိတ်ဆက် ဆောင်ရွက်မှု ကျရှုံးခြင်း သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ဝင်ရောက် ဆောင်ရွက်မှုများ ဖြင့်ဒေသတွင်း နိုင်ငံရေးပတ်ဝန်းကျင်တွင် အစိတ်အပိုင်းအဖြစ် ပါဝင်လာခြင်းကဲ့သို့ အကြောင်းအရာများသည် ရှေ့တွင်များစွာ ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံနှင့် ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းများသည် မြန်နိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးကို အပြည့်အဝ နားလည်မှု မရှိကြောင်းပြောဆိုနိုင်ပါသည်။ အကြောင်းမှာ အများအားဖြင့် မြန်မာနိုင်ငံနှင့် ဆက်စပ်၍ နိုင်ငံတကာ ဥပဒေ သို့မဟုတ် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကိုသာ အလေးထား ဆောင်ရွက်ခဲ့သောကြောင့် ဖြစ်သည်။ ဤအစီရင်ခံစာသည်ဒေသ၏ နောက်ခံအခြေအနေကို အခြေပြုကာစနစ်တကျ တင်ပြနိုင်ရန် ကြိုးပမ်းအားထုတ်ထားပါသည်။

သို့သော်လည်း ဤအစီရင်ခံစာသည် ဒေသပြဿနာများအပေါ် ဒေသခံများ၏ အမြင်ကို ကိုယ်စားပြုခြင်း မဟုတ်ပေ။ ဤအစီရင်ခံစာတွင် အင်တာဗျူးပြုလုပ်ရန် မြန်မာနိုင်ငံသားများကို အခြေခံကာရေးဆွဲခဲ့ခြင်းနှင့် မြန်မာနိုင်ငံသားမှ လက်ထောက်သုတေသီအဖြစ် ပါဝင်ခဲ့သော်လည်း ရေးသားသူမှာ နိုင်ငံခြားသားသာ ဖြစ်သည်။ ဒီမိုကရေစီနည်းကျ လုံခြုံ ရေး ကဏ္ဍအတွက် ကောင်းမွန်သော နည်းလမ်းများ ပေါ်ပေါက်လာစေရန် အတွက်ဆိုလျှင်ဒေသခံအဖွဲ့အစည်းများ၊ ဒေသတွင်း ဆောင်ရွက်နေသူများနှင့် စဉ်ဆက်မပြတ် ပိုမိုဆောင်ရွက်သွားရန် လိုအပ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့် သုတေသနနည်းနာတွင် တွေ့ရှိခဲ့သည့်အတိုင်း အင်တာဗျူးပါဝင်ဖြေဆိုသူ (၆၂) ဦး တွင် အမျိုးသမီး (၁၄) ဦးသာ ပါဝင်ပါသည်။ ထိုအချက်သည် မြန်မာနိုင်ငံ၏ လုံခြုံရေးနှင့် တရားစီရင်ရေးကဏ္ဍတို့တွင် တာဝန်ထမ်းဆောင်နေသူများ၌ ကျား/မရေးရာ မညီမျှမှုရှိနေသည်ကို ဖော်ပြနေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့ တွေ့ရှိချက်တွင် အမျိုးသားများ၏ အမြင်များသည် အမျိုးသမီး၏ အမြင်များထက်ပို၍ လွှမ်းမိုးမှုရှိနေသည့် အခြေအနေမျိုးဖြစ်သည်။

ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား ပဋိပက္ခများ သို့မဟုတ် ထိုအရာနှင့်ဆက်စပ်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို များစွာထည့်သွင်းဖော်ပြခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် Saferworld Myanmar ၏ ရှေ့က ထုတ်ဝေပြီးသော အစီရင်ခံစာများသည် အဆိုပါအကြောင်းအရာများကို အလေးပေး ဖော်ပြခဲ့သောကြောင့် ဖြစ်သည်။[၆၀] တိုင်းရင်းသား နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တိုင်းရင်း

သားအရပ်ဘက်အဖွဲ့အစည်းများ တောင်းဆိုနေသည့်ဖက်ဒရယ် ပြုပြင်ပြောင်းလဲရေးတွင် ပါဝင်သောလုံခြုံရေးကဏ္ဍနှင့် တရားစီရင်ရေး ကဏ္ဍတို့နှင့်ပတ်သက်၍ မေးခွန်းထုတ်စရာများလည်း ရှိနိုင်ပါသည်။ အဆိုပါပြဿနာများကို ဤအစီရင်ခံစာတွင်ထည့်သွင်းဆွေးနွေးမှုမရှိခြင်းသည်ထည့်သွင်းဆွေးနွေးရမည့် အကြောင်းအရာများအတွက် နေရာပေးနိုင်မှုမှာ များစွာမရှိခြင်းကြောင့် ဖြစ်သည်။ သို့သော်လည်း Saferworld Myanmar၏ ယခင်ထုတ်ဝေခဲ့သည့် အစီရင်ခံစာများသည် ထိုပြဿနာများကို အဓိကအလေးပေး ဖော်ပြခဲ့ခြင်းဖြစ်သလိုဆက်လက်၍လည်း Saferworld မှထိုပြဿနာများနှင့် ဆက်စပ်၍ အဓိကလုပ်ငန်းတစ်ခုအနေဖြင့်ပိုမို သုတေသနပြုလုပ်သွားမည် ဖြစ်သည်။

ဤအစီရင်ခံစာတွင် မြန်မာ့ လုံခြုံရေးတပ်ဖွဲ့များ၏ ကျူးလွန်ခဲ့သော စွပ်စွဲချက်များနှင့် ပတ်သက်၍ အသေးစိတ် ဆွေးနွေးထားခြင်း မရှိပေ။ ထိုအကြောင်းအရာအပေါ် နိုင်ငံတကာမှ သုတေသနများစွာပြုလုပ်ခဲ့ ပြီးဖြစ်သည်။ တပ်မတော်၏ စစ်ဆင်ရေးလှုပ်ရှားမှုများနှင့် လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်မှုများကို အစိုးရဆုံးဖြတ်ချက်ချခြင်း ခေါင်းစဉ်အောက်တွင် ဆွေးနွေးထားပြီး မည်ကဲ့သို့ အဖွဲ့အစည်းအင်္ဂါရပ်များပေါ်ပေါက်ပြောင်းလဲလာပုံနှင့် ဆောင်ရွက်ခဲ့ပုံတို့ကို ဖော်ပြထားပါသည်။ ဖော်ပြပါ အကြောင်းအရာများသည်ပဋိပက္ခများအတွင်း ခံစားခဲ့ရသော ဒေသခံပြည်သူများ၏ ဘဝအတွေ့အကြုံများကို ထိခိုက်စေလိုခြင်းမရှိပေ။ ထိုအတွေ့အကြုံများနှင့် ပတ်သက်၍ Saferworld နှင့် Karen Peace Support Network တို့မှ “မြန်မာနိုင်ငံ အရှေ့တောင်ဒေသမှ လုံခြုံရေး၊ တရားမျှတရေးနှင့် အုပ်ချုပ်ရေး” ခေါင်းစဉ်ဖြင့် ၂၀၁၉ ခုနှစ်တွင် ထုတ်ဝေခဲ့ ပြီး ဖြစ်သည်။[၆၁]

ဤအစီရင်ခံစာတွင် ဘာသာရေး၏ အခန်းကဏ္ဍကိုလည်းများစွာ ထည့်သွင်းထားခြင်း မရှိပေ။ အထူးသဖြင့် ဗုဒ္ဓဘာသာ အခြေခံသည့် အမျိုးသားရေးဝါဒ မြင့်တက်လာမှုနှင့်အတူ ၎င်းနှင့် ဆက်စပ်၍ ဖြစ်ပေါ်လာသော လှုပ်ရှားမှုများ သို့မဟုတ် ပဋိပက္ခကို ဖြစ်စေသည့် ဟောပြောမှုများစသော ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးထားခြင်း မရှိပေ။[၆၂]

# ကျမ်းကိုးစာရင်း


၅၀ Interview with a member of the Assistance Association for Political Prisoners, whose work on prison reform is explored in chapters 3.3, 3.5 and 4.2, Yangon, May 2019.

၅၁ Myanmar was under direct military rule during the periods 1962–74 and 1988–2011. It was under a nominally civilian one-party system that was effectively led by the military for the period 1974–88.

၅၂ The term 'genuine democratic' has been used in numerous speeches. See Lubina M (2018), The Moral Democracy: The Political Thought of Aung San Suu Kyi (Warsaw: Scholar Publishing House), p 141, p 257, p 278; National League for Democracy (2015), '2015 Election Manifesto: Authorised Translation' (http://www.burmalibrary.org/docs21/NLD_2015_Election_Manifesto-en.pdf)

၅၃ National League for Democracy (2015), op. cit., p 7.

၅၄ Su Mon Thazin Aung, Arnold M (2018), 'Managing Change: Executive Policy Making in Myanmar', The Asia Foundation, May, p 31. The report observes that 60 per cent of posts in the NLD's first cabinet were held by individuals who had never served in the military, making it 'by far the most civilian-dominated cabinet in Myanmar since 1962'. It should be noted however that between 1974–88, the government's most powerful executive body (the Council of Ministers) included both career civilians and former or active military officers. Nakanishi Y (2013), Strong Solders, Failed Revolution: The State and Military in Burma, 1962–88 (Singapore: National University of Singapore Press), pp 197–198, shows the vast majority of members of the party leadership and the legislature during that period were active or former soldiers. Exact data for the Council of Ministers (or the Council of State) is not available.

၅၅ The potential for a revolution or some other shock that causes the state to collapse seems lower than ever with the NLD in power, and there are no signs that the NLD has the capacity or resolve to somehow force the military from power.

၅၆ Egreteau R (2016), Caretaking Democratization: The Military and Political Change in Myanmar (London: Hurst); Callahan M (2012), 'The generals loosen their grip', Journal of Democracy 23 (4).

၅၇ Institute of Southeast Asian Studies (2018), transcription of the questions and answers of a segment of 'The 43rd Singapore Lecture by H.E. Daw Aung San Suu Kyi, State Counsellor of the Republic of the Union of Myanmar', video, 21 August (https://www.iseas.edu.sg/medias/video-gallery/item/8262-the-43rd-singapore-lecture-by-h-e-daw-aung-san-suu-kyi-state-counsellor-of-the-republic-of-the-union-of-myanmar)

၅၈ Saferworld, 'Alternative approaches to counter-terrorism', overview on Saferworld website: https://www.saferworld.org.uk/peacebuilding-responses-to-terrorism-and-migration/terrorism

၅၉ Lubina (2018), op. cit., pp 73–75. Much of this argumentation focused on its compatibility with Buddhism.

၆၀ In particular, for an overview of conflict and security sector negotiations in the peace process, see Saferworld (2017), 'Security integration in Myanmar: Past experiences and future visions', July (https://www.saferworld.org.uk/resources/news-and-analysis/post/722-security-integration-at-the-heart-of-myanmaras-peace-process); for international examples and analysis see Saferworld (2018), 'Security Integration in conflict-affected societies: considerations for Myanmar', August (https://www.saferworld.org.uk/resources/publications/1185-security-integration-in-conflict-affected-societies-considerations-for-myanmar)

၆၁ Saferworld (2019), 'Security, justice and governance in south east Myanmar: a knowledge, attitudes and practices survey in Karen ceasefire areas', January (https://www.saferworld.org.uk/resources/publications/1194-security-justice-and-governance-in-south-east-myanmar-a-knowledge-attitudes-and-practices-survey-in-karen-ceasefire-areas)

၆၂ East-West Center (2014), 'Contesting Buddhist Narratives: Democratization, Nationalism, and Communal Violence in Myanmar' (https://www.eastwestcenter.org/sites/default/files/private/ps071.pdf); Wade F (2017), Myanmar's Enemy Within: Buddhist Violence and the Making of a Muslim 'Other' (London: Zed Books).



(၇၁) ကြိမ်မြောက် အာဇာနည်နေ့ အခန်းအနားအား အာဇာနည်ဗိမာန်တွင် ကျင်းပစဉ်၊ ရန်ကုန်၊ မြန်မာ၊ ၁၉၊ ဇူလိုင်လ၂၀၁၈။
© Mar Maw/MPA

# ၂

# နောက်ခံအကြောင်းအရာ

## ၂.၁ စစ်ကြီးစိုးမှုနိုင်ငံ ဖြစ်ပေါ်လာခြင်း (၁၈၂၅-၂၀၁၅)

ဤအပိုင်းတွင် မြန်မာ့လုံခြုံရေးကဏ္ဍ ဖြစ်ပေါ်ပြောင်းလဲလာမှုနှင့် တပ်မတော်သည် နိုင်ငံရေးနှင့် နိုင်ငံတည်ဆောက်ရေးတို့တွင် အဓိကဇာတ်ကောင် ဖြစ်ပေါ်လာခဲ့ပုံတို့ကို လေ့လာတင်ပြထားပါသည်။ ကိုလိုနီခေတ်တွင် ဗြိတိသျှတို့သည် လုံခြုံရေး အဖွဲ့အစည်းများကို ၎င်းနှင့် ၎င်းတို့၏ အကျိုးစီးပွားအား ကာကွယ်ရန် အတွက် အခြေခံအားဖြင့်ဖွဲ့စည်းတည်ဆောက်ခဲ့ပါသည်။ ထို့နောက် ကိုလိုနီစနစ်အား ဖြိုချရန် တော်လှန်ရေး လှုပ်ရှားမှုများမြင့်တက်လာပြီး နယ်ချဲ့ဂျပန်တို့နှင့် ပူးပေါင်းခဲ့သည်။ နောက်ဆုံးတွင် အထက်ပါ အတွေးအခေါ်များကို အခြေခံကာ တိုင်းပြည်၏ လက်နက်ကိုင် တပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံ၏ တပ်မတော်သည် ကိုလိုနီတော်လှန်ရေး အခြေခံသည့်နိုင်ငံရေး စိတ်ဓာတ်များ နက်ရှိုင်းစွာကိန်းအောင်းလာခဲ့သည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေး ရပြီး နောက်ပိုင်းလက်နက်ကိုင် ပဋိပက္ခများ ပေါ်ပေါက်လာခြင်းသည်တပ်မတော်၏ နိုင်ငံရေး အခန်းကဏ္ဍတွင် ပါဝင်လှုပ်ရှားမှု မြင့်တက်လာသောကြောင့် ဖြစ်သည်။ ၁၉၆၂ခုနှစ်တွင်အမြင့်ဆုံးအခြေအနေအထိရောက်ရှိလာခဲ့ ပြီး အာဏာသိမ်းမှု ဖြစ်ခဲ့သည်။ ထိုအချိန်မှစ၍ နိုင်ငံ၏ အဓိကအစိတ်အပိုင်းများကိုထိန်းချုပ်ပြီး လူနည်းစုအထက်တန်းလွှာတပ်မတော်ခေါင်းဆောင်များမှ ခေတ်အဆက်ဆက် အုပ်ချုပ်မှုတွင်တပ်မတော် ကြီးစိုးမှုကို ချဲ့ထွင်ခဲ့ ပြီး အုပ်ချုပ်မှုဆိုင်ရာ နယ်ပယ်အားလုံးနှင့် ပြည်သူတို့၏ နေ့စဉ်ဘဝကိုလွှမ်းမိုးလာခဲ့ပါသည်။ ထိုနည်းတူတပ်မတော်အားနိုင်ငံတစ်ဝန်း တော်လှန်ပုန်ကန်မှုများကို တန်ပြန်ဖြေရှင်းရန်အတွက် အခြေခံအားဖြင့် အသုံးပြုခဲ့သည်။ အရပ်သားများကိုလည်း ပစ်မှတ်ထားကာဆောင်ရွက်ခဲ့သည်။[၆၃] ထိုသို့အားဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များအားလုံးသည် ပဋိပက္ခအသွင်ဆောင်သော စစ်မြေပြင် အနေအထားသို့ပြောင်းလဲရောက်ရှိသွားခဲ့ပါသည်။ လုံခြုံရေးအယူအဆသည်လည်း လက်လှမ်းမီရန် ခက်ခဲသောဗဟိုထိန်းချုပ်မှု၊ သီးသန့်ဖြစ်မှုနှင့် လျှို့ဝှက်မှုဆိုသည့်အမြင်များ အဖြစ်သာ ပြည်သူများ မြင်လာခဲ့ကြသည်။

၁၉၈၀ ပြည့်နှစ်များ နှောင်းပိုင်းတွင် လူထုအုံကြွမှုကြောင့် အုပ်ချုပ်ရေးယန္တရား ပြိုပျက်လုဖြစ်ကာ စစ်အာဏာရှင်အုပ်ချုပ်မှု အသစ်ဆီသို့အာဏာများ ရောက်ရှိသွားခဲ့ပါသည်။ ထိုအချိန်မှ

စတင်၍ ဒီမိုကရေစီ လိုလားပြီး တပ်မတော်ကို တည်ထောင်ခဲ့သည့် ခေါင်းဆောင်၏ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်နှင့် ပဋိပက္ခများ စတင်ဖြစ်ပေါ်လာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် နှစ်ပေါင်းများစွာ ကျခံခဲ့ပြီးနောက် ၂၀၁၀ ပြည့်နှစ် နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု နောက်ပိုင်းတွင် တရားဝင်နိုင်ငံရေးထဲသို့ ပြန်လည်ဝင်ရောက်လာခဲ့ပါသည်။ အဆိုပါ နိုင်ငံရေးပြောင်းလဲမှုပုံစံသည် အရပ်ဘက်နှင့် စစ်ဘက်ကို အာဏာများတိတိလင်းလင်း ခွဲဝေထားပြီး အရပ်ဘက်-စစ်ဘက်ပေါင်းစပ် အုပ်ချုပ်သည့် ပုံစံဖြစ်လာကာ လုံခြုံရေးနှင့် တရားစီရင်ရေး ကဏ္ဍများတွင် ပို၍ ဒီမိုကရေစီ ဆန်သည့် ပြောင်းလဲမှုအချို့ ဖြစ်ပေါ်ခဲ့ပါသည်။

## ကိုလိုနီကာလ (၁၈၂၄-၁၉၄၀)

ဗြိတိသျှတို့သည် ၁၈၂၅ ခုနှစ်မှ ၁၈၈၆ ခုနှစ်အကြား ၎င်းတို့ (ဘားမား) ဟုခေါ်ဆိုသည့် နယ်မြေများကို သိမ်းပိုက်အောင်မြင်ခဲ့ပြီး အဆင့်မီ တပ်မတော်ကို ဗြိတိသျှနှင့် အိန္ဒိယတပ်ဖွဲ့အများစု ဖြင့်ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။ နယ်ချဲ့များသည်နိုင်ငံတော် လုံခြုံရေးစနစ် အားကောင်းလာအောင်ရင်နှီးမြှုပ်နှံမှုကို အနည်းအကျဉ်းသာလုပ်ဆောင်ခဲ့ပြီး ထိုလုံခြုံရေးစနစ်အား ၎င်းတို့နှင့် ၎င်းတို့၏ စီးပွားရေးနှင့် ပတ်သက်သော အကျိုးစီးပွားများနှင့် ပစ္စည်းဥစ္စာများကို ကာကွယ်ရန် အသုံးပြုခဲ့သည်။ ထိုလုံခြုံရေးစနစ်အားဖြင့် လူထုအုံကြွမှုများကိုသွေးထွက်သံယို ဖြေရှင်းနှိမ်နင်းခဲ့မှုမျိုးလည်း ပါဝင်ပါသည်။[၆၄] ဥပမာ - ပြည်သူများအား ပစ်သတ်ခြင်းနှင့် ရွာများအား မီးရှို့ခြင်းများလည်း ပါဝင်ပါသည်။ လုံခြုံရေးတပ်ဖွဲ့များမှ လမ်းဖောက်ခြင်းနှင့် ရထားလမ်းများဖောက်ခြင်းတို့တွင် လူထုကိုအဓမ္မလုပ်အားပေးစေ ခိုင်းမှုများ ရှိခဲ့ပါသည်။[၆၅]

၁၈၈၀ ပြည့်နှစ် နောက်ပိုင်းများမှစ၍ အရပ်ဘက်ရဲနှင့် စစ်တပ်ရဲတို့ကို အဓိက လုံခြုံရေးဆိုင်ရာတာဝန်များကို ယူစေခဲ့သည်။[၆၆] မြင့်မားသောပြစ်မှု ကျူးလွန်မှုများကိုလည်း ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။[၆၇]ထို့ပြင်ဗြိတိသျှတို့သည်ထောက်လှမ်းရေး အဖွဲ့ကို ၁၈၈၆ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထိုထောက်လှမ်းရေးဆိုင်ရာ တပ်ဖွဲ့များသည် အထူးဌာနအနေဖြင့် ယနေ့ထိတိုင် ဆက်လက်တည်ရှိနေပါသည်။[၆၈]

ဗမာပြည်သူလူထု (ဌာနေတိုင်းရင်းသားအများစု) သည် ဗြိတိသျှအစိုးရ၏ ခွဲခြားခံရခြင်းနှင့် ဖိနှိပ်ခံရမှုများရှိခဲ့ပြီးထိုအရာများသည်လူထုအုံကြွမှုကိုဖြစ်ပေါ်စေခဲ့ပါသည်။ ရလဒ်အနေဖြင့် တိုင်းရင်းသားများအကြားခွဲခြား၍ဆက်ဆံသည့်ပုံစံကိုအသုံးပြုလာကာ ပထမကမ္ဘာစစ်အပြီးတွင် ဒေသခံတိုင်းရင်းသားများဖြစ်သည့် ကရင်နှင့် ကချင်တို့ကို လက်နက်ကိုင်တပ်ရင်းများ ဖွဲ့စည်းပေးခဲ့ပါသည်။ ဗမာလူမျိုးများ မပါဝင်ခဲ့ပေ။[၆၉]

ခွဲခြားခံရသည့် ဗမာလူထုသည် ဗြိတိသျှအား ဆန့်ကျင်လှုပ်ရှားမှုများဖြစ်ပေါ်လာပါသည်။ "ဒို့ဗမာ" ဆိုသည့်စကားလုံးကိုအလေးပေးအသုံးပြုခဲ့ပြီးဗမာ့အမျိုးသားဝါဒလည်း မြင့်မားလာကာ လှုပ်ရှားမှုများပို၍အားကောင်းလာပါသည်။[၇၀] ဗမာလူမျိုးတို့ ဦးဆောင်ဆန့်ကျင်သော လှုပ်ရှားမှုများကို ကရင်၊ အိန္ဒိယနှင့် ဗမာမဟုတ်သော လူမျိုးများပါဝင်သည့် လုံခြုံရေးတပ်ဖွဲ့များက နှိမ်နင်းဖြိုခွင်းခဲ့ပါသည်။ ထိုအရာသည် လူမျိုးစုများအကြား ကွဲပြားမှုကိုပို၍ ဖြစ်ပေါ်စေခဲ့သည်။[၇၁] တချို့သော ဗမာအမျိုးသားရေးဝါဒီများသည် လက်နက်ကိုင်အဖွဲ့ငယ်ဖြစ်သည့် "တပ်" များကို ဖွဲ့စည်းတည်ထောင် လာပါသည်။ အံ့အားသင့်စရာကောင်းသည်မှာ ကိုလိုနီအစိုးရက ထိုတည်ထောင်မှုအပေါ်တိုက်ရိုက်ဆန့်ကျင်မှု မပြုလုပ်ခဲ့ပေ။[၇၂] အလားတူစွာပဲ တက္ကသိုလ်ပညာရေးကိုလည်း မိတ်ဆက်ခဲ့ပြီးဗမာလူမျိုးနှင့် အခြားလူမျိုးစုအကြား နိုင်ငံရေးဆိုင်ရာ ကိုယ်စားပြုယှဉ်ပြိုင်မှုများ ပေါ်ပေါက်လာအောင်ရွေးကောက်ပွဲများကိုလည်း လုပ်ဆောင်ပေးလာခဲ့ပါသည်။

## ပုံ ၁ - အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးနှင့် လုံခြုံရေးကဏ္ဍ ဖြစ်တည်လာမှု အဓိကအဆင့်များ



### ကိုလိုနီခေတ် (၁၈၂၄ - ၁၉၄၀)

ဗြိတိသျှ ကိုလိုနီအစိုးရသည် ၎င်းတို့နှင့်၎င်းတို့၏ အကျိုးစီးပွားများ ကာကွယ်ရန်နှင့် ပြည်တွင်းအတိုက်အခံများအား နှိမ်နင်းရန် စစ်တပ်၊ ရဲနှင့် ထောက်လှမ်းရေး အဖွဲ့များကို ဖွဲ့စည်းခဲ့သည်။ အဆိုပါ လုံခြုံရေး အဖွဲ့များတွင်တာဝန်ထမ်းဆောင်သူများမှာ ဗြိတိသျှများ သို့မဟုတ် အိန္ဒိယလူမျိုးများအများစုဖြစ်ပြီး ၁၉၀၀ ပြည့်နှစ် နောက်ပိုင်းမှသာ (ဗမာ လူမျိုး မဟုတ်သည့်)ဌာနေတိုင်းရင်းသားများခန့်အပ်မှုကိုစတင်ပြုလုပ်လာကြပါသည်။



### ဒုတိယကမ္ဘာစစ်နှင့် လွတ်လပ်ရေးကာလ (၁၉၄၀-၁၉၄၈)

ဗမာ့လွတ်မြောက်ရေး တပ်မတော်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားဗမာအမျိုးသားရေးဝါဒီများက ဂျပန်အကူအညီဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ထိုဖွဲ့စည်းခဲ့သည့်အခြေခံ အတွေးအခေါ်သည် ယနေ့တပ်မတော်ထိတိုင် စွဲမြဲ ကျန်ရှိနေပါသည်။ ဒုတိယကမ္ဘာစစ်ကာလတွင် အဆိုပါတပ်ဖွဲ့သည် ဘက်ပြောင်းသွားခဲ့ ပြီး စစ်ပြီးကာလတွင် မြန်မာ့တပ်မတော်ကို ဖွဲ့စည်းရန် မဟာမိတ် အဖွဲ့နှင့် တိုက်ပွဲဝင်နေ သော ကရင်၊ ချင်းနှင့် ကချင်တပ်များနှင့် ပေါင်းစည်းခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့ ပြီး ကြည်းတပ်၊ လေတပ်၊ ရေတပ်ပါဝင်သောတပ်မတော်ကို တည်ထောင်ခဲ့ပါသည်။



### ပါလီမန်ခေတ် ကာလ (၁၉၄၈ - ၁၉၆၂)

ဗမာ့တပ်မတော်သည် ခွဲထွက်တော်လှန်ပုန်ကန်မှုများကြောင့် ထက်ဝက်ခန့် ပြိုကျခဲ့ကာ အဆင့်မြင့် ရာထူးနေရာများ ရရှိထားသည့် ကရင်လူမျိုးအရာရှိများလည်း ဖယ်ရှားခံခဲ့ရပါသည်။ ဦးနေဝင်းကာကွယ်ရေး ဦးစီးချုပ်ဖြစ်လာကာ တပ်မတော်အား ဗမာလူမျိုးအများစုဖြင့် ပြန်လည်တည်ဆောက်ခဲ့ပါသည်။ အရပ်သားခေါင်းဆောင်များကို ဖယ်ရှားမှုများမြှင့်တင်ကာ ဦးနေဝင်းသည်အာဏာ ပိုမိုရရှိလာပြီး အရပ်ဘက်နေရာရာထူးများကိုတပ်မတော်မှ အရာရှိများဖြင့် အစားထိုးခဲ့ပါသည်။



### ဦးနေဝင်း ကာလ (၁၉၆၂ - ၁၉၈၈)

ဦးနေဝင်းသည် အုပ် ချုပ်ရေး၊ ဥပဒေပြု ရေး နှင့် တရားစီရင်ရေး အာဏာများအားလုံးကို သိမ်းပိုက်ခဲ့ပါသည်။ တပ်မတော်ထိန်းချုပ်မှု ထိရောက်စွာဆောင်ရွက်နိုင်ရန် လုပ်ဆောင်ခဲ့ပါသည်။ တပ်မတော် အရာရှိ အများအပြားအား တရားရုံးများနှင့် အစိုးရဌာနများတွင် နေရာရယူစေခဲ့ပါသည်။ "လူထုစစ်ပွဲ" အယူအဆနှင့် "ဖြတ်လေးဖြတ်" နည်းဗျူဟာကို အသုံးပြုခဲ့ကာ ခြေလျင်တပ်များကိုလည်း ဖွဲ့စည်းခဲ့ပါသည်။ ရဲတပ်ဖွဲ့အား တပ်မတော်ထိန်းချုပ်မှုအောက်ရောက်ရှိအောင် ဆောင်ရွက်ခဲ့ ပြီး ထောက်လှမ်းရေးတပ်ဖွဲ့ကို လူထုအားထိန်းချုပ်နိုင်ရန် အသုံးပြုခဲ့ပါသည်။



### စစ်အုပ်ချုပ်ရေး ကာလ (၁၉၈၈ - ၂၀၁၀)

လူထုဆန္ဒပြမှုများနှင့်အတူ ဒေါ်အောင်ဆန်းစုကြည်သည် လူထု၏ သူရဲကောင်းဖြစ်လာပြီး တပ်မတော်အား ဒီမိုကရေစီနည်းကျ ရွေးကောက်ခံကိုယ်စားလှယ်များမှ ထိန်းချုပ်နိုင်ရန် တောင်းဆိုလာပါသည်။ တပ်မတော်သည် ကိုလိုနီခေတ်ဥပဒေများအသုံးပြုခြင်းနှင့်အတူထောက်လှမ်းရေးတပ်ဖွဲ့အားအာဏာများပေးအပ်ကာအတိုက်ခံပြုလုပ်သူများကို ဖိနှိပ်ခဲ့ပါသည်။ ၎င်းတို့ စိတ်တိုင်းကျဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွက်လာရန်လည်း ကြိုးပမ်းခဲ့ပါသည်။ ရဲတပ်ဖွဲ့အား အပေါ်ယံပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခဲ့ပြီးတပ်မတော်ကိုခေတ်မီတပ်မတော်ဖြစ်ရန် ကြိုးမားစွာတည်ဆောက်ခဲ့ပါသည်။ ထောက်လှမ်းရေးအကြီးအကဲ အောင်မြင်ခြင်းနှင့်ကျဆုံးခြင်းတို့ ရှိခဲ့ပါသည်။



### အရပ်ဘက် - စစ်ဘက် ပေါင်းစပ် အုပ်ချုပ်မှု ကာလ (၂၀၁၁ - လက်ရှိ)

ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်အားဖြင့် အရပ်ဘက်-စစ်ဘက်အာဏာများခွဲဝေပြီးပေါင်းစပ်အုပ်ချုပ်သည့်ပုံစံကို ဖြစ်ပေါ်လာစေပါသည်။ ၂၀၁၆ ခုနှစ်တွင် ဒေါ် အောင်ဆန်းစုကြည် နိုင်ငံခေါင်းဆောင် နေရာမျိုး ရရှိလာသော်လည်း အာဏာအကန့် အသတ်များ ရှိနေပါသည်။ ရဲတပ်ဖွဲ့၊ စုံစမ်းထောက်လှမ်းရေး အဖွဲ့များနှင့် အကျဉ်းထောင်များမှာ တပ်မတော် ထိန်းချုပ်မှုအောက်ဆက်လက်ကျန်ရှိနေပါသည်။ တရားစီရင်ရေးတွင်လည်း တပ်မတော်အရာရှိဟောင်းများအားခန့်အပ်ထားခြင်းများဖြင့် ဆက်လက်လွှမ်းမိုးမှု ရယူထားပါသည်။ အရပ်သားအစိုးရသည် ၎င်းတို့အာဏာများကို တဖြည်းဖြည်းချင်း စတင်တိုးချဲ့လာပါသည်။ နေရာ ရာထူးအသစ်များဖန်တီးခြင်းနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား အရပ်သားထိန်းချုပ်မှုအောက် ရွှေ့ပြောင်းခဲ့ပါသည်။

## စစ်ပွဲမှ ဖန်တီးလိုက်သည့် တပ်မတော် (၁၉၄၀-၁၉၄၇)

ယနေ့မြင်တွေ့နေရသော မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့များ (သို့မဟုတ် မြန်မာ့တပ်မတော်) သည်ဒုတိယကမ္ဘာ စစ်ကာလမှ အစပြုခဲ့ပါသည်။ ၁၉၄၁ ခုနှစ်တွင် ဗမာ့ လွတ်လပ်ရေးတပ်မတော် (Burma Independence Army-BIA)[၇၃] ကိုကျောင်းသားခေါင်းဆောင်၊ အမျိုးသားရေး လှုပ်ရှားသူနှင့် ကွန်မြူနစ်ခေါင်းဆောင် ကိုအောင်ဆန်းက ဦးဆောင်ဖွဲ့စည်းခဲ့ပါသည်။ အများအားဖြင့် အထက်တွင် ဖော်ပြခဲ့သော အမျိုးသားရေး လှုပ်ရှားနေသည့် "တပ်" မှအဖွဲ့ဝင်များဖြင့် စုဆောင်းဖွဲ့စည်းခဲ့သည်။ BIA တပ်သည် ၁၉၄၂ ခုနှစ်တွင် ဂျပန်နှင့် ပူးပေါင်း၍ မြန်မာပြည်အား အလျင်အမြန် ပြန်လည် သိမ်းပိုက်ခဲ့ပါသည်။ ထိုနောက် ဗြိတိသျှနှင့် အမေရိကန်တို့ ကဆန့်ကျင်တိုက်ခိုက်ခံရုံသာမက ကချင်၊ ချင်း၊ ရှမ်းနှင့် ကရင် အသိုင်းအဝိုင်းများနှင့်လည်း ဆန့်ကျင်မှုများ ရှိခဲ့ပါသည်။ အဆိုပါတိုင်းရင်းသားအုပ်စုတို့ မှာလည်း ကိုယ်ပိုင်အမျိုးသားဝိသေသလက္ခဏာများ ဖော်ထုတ်ကာလွတ်လပ်ရေးတောင်းဆိုမှုများရှိခဲ့ပါသည်။[၇၄] BIA တပ်နှင့် ဂျပန်တပ်ဖွဲ့တို့သည် မြန်မာနိုင်ငံ အရှေ့တောင်ဒေသကို ဖြတ်သန်းစဉ်တွင် ကရင်ကျေးရွာပေါင်း (၄၀၀) ဝန်းကျင်ကို မီးရှို့ဖျက်ဆီးခဲ့ပြီး လူပေါင်း (၁၈၀၀) ဝန်းကျင်ကိုလည်း သတ်ဖြတ်ခဲ့သည်ကို မှတ်တမ်းများတွင် တွေ့ရှိရပါသည်။[၇၅]

"ထိုကဲ့သို့ တိုးတက်မှုများနှင့် အတူတပ်မတော်သည်လည်း အမျိုးသားရေး အစီအစဉ်များ အတွက်အဓိကအသက်သွေးကြောပမာဖြစ်လာပါသည်။ တပ်မတော်ခေါင်းဆောင်များ သည်လည်း "ဒို့ဗမာ" သို့မဟုတ် "အမိမြေမှ သားကောင်းများ" ကိုကိုယ်စားပြုသည့် ပထမဆုံး တပ်မတော်ကို တည်ထောင် နိုင်ခဲ့သည့်အတွက် ဂုဏ်ယူကြပါသည်။"

ဂျပန်တို့၏သွယ်ဝိုက်သောအုပ်ချုပ်မှုအောက်တွင် BIA သည် ဗမာ့ကာကွယ်ရေးတပ်မတော် (Burma Defense Army) အဖြစ်သို့ အမည်ပြောင်းလဲခဲ့ပြီးနောက် ထပ်မံ၍ ဗမာ့အမျိုးသားတပ်မတော် (Burma National Army) ဟူ၍ ပြောင်းလဲခဲ့ပြန်ပါသည်။ တဖြည်းဖြည်းနှင့် အင်စတီကျူးရှင်းခိုင်မာအောင် ပြုလုပ်လာပြီး တပ်မတော်အရာရှိများအတွက် လေ့ကျင့်ရေး သင်တန်းကျောင်းများတည်ထောင်လာကာ အခြားလိုအပ်သည့် အခြေခံအဆောက်အအုံများကိုလည်း တိုးတက်အောင်ဆောင်ရွက်ခဲ့ပါသည်။ ထိုကဲ့သို့ တိုးတက်မှုများနှင့် အတူ တပ်မတော်သည်လည်း အမျိုးသားရေး အစီအစဉ်များအတွက် အဓိကအသက်သွေးကြောပမာ ဖြစ်လာပါသည်။ တပ်မတော် ခေါင်းဆောင်များသည်လည်း "ဒို့ဗမာ" သို့မဟုတ် "အမိမြေမှ သားကောင်းများ" ကိုကိုယ်စားပြုသည့် ပထမဆုံး တပ်မတော်ကို တည်ထောင်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူကြပါသည်။ အဆိုပါမျိုးချစ်စိတ်မြင့်မားပြီးလွတ်လပ်ရေးအတွက်တော်လှန်မှုသည်တပ်မတော်၏အခြေခံအတွေးအခေါ်တစ်ခု ဖြစ်လာပြီး ယနေ့မြင်တွေ့ရသော တပ်မတော်တွင်လည်းဆက်လက်ကိန်းအောင်းနေသည်ကိုတွေ့ရပါသည်။[၇၆] ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်သားများသာမက ပြည်သူလူထုကြားတွင်လည်းယနေ့တိုင်နိုင်ငံ့သူရဲကောင်းအဖြစ်ဆက်လက်တည်ရှိနေသည်။ အထူးသဖြင့် ဗမာလူမျိုးစုအကြားတွင်ဖြစ်ပါသည်။

၁၉၄၄ခုနှစ်တွင်ဗမာ့အမျိုးသားတပ်မတော်သည်ဘက်ပြောင်းလဲကာ ၁၉၄၅ ခုနှစ်တွင် မဟာမိတ်တို့၏ အောင်ပွဲအတွက် အထောက်အကူပြုနိုင်လည် ဖြစ်စေခဲ့ပါသည်။[၇၇] ထို့ပြင် ဗမာ့မျိုးချစ်တပ်အဖြစ် အမည်ပြောင်းလဲခဲ့ပါသည်။ ထို့နောက် ကန္ဒီစာချုပ် (KANDY Agreement) တွင် လက်မှတ်ရေးထိုးမှုနှင့် အတူ ဗမာ့တပ်မတော်ကို ဗြိတိသျှတို့၏ ကွတ်ကဲမှုအောက်မှနေ၍ ပြန်လည်တည်ထောင်ခဲ့သည်။ ထိုတပ်မတော်ကို ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်မှုဖြင့် ဗမာလက်နက်ကိုင် တပ်ဖွဲ့များနှင့် စစ်မတိုင်မီက ဗြိတိသျှတို့ လေ့ကျင့်ပေးခဲ့သည့် တပ်သားများဖြင့် ပူးပေါင်း ဖွဲ့စည်းခဲ့သည်။ လပေါင်းများစွာ ခက်ခက်ခဲခဲဆွေးနွေးပြီး ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ တပ်များအား ကချင်၊ ကရင်နှင့် ချင်းတို့ လွှမ်းမိုးသော တပ်ရင်းများမှခွဲထွက်ရန် ဗြိတိသျှတို့လိုလားတောင်းဆိုမှုကို ကြံ့ကြံ့ခံကာကွယ်ခဲ့ပါသည်။ ထို့ကြောင့် ထိုကဲ့သို့ပြုလုပ်မည့်အစား ခြေလျင်တပ်ရင်းများကိုသာ ဗမာလက်နက်ကိုင် တပ်ရင်း၊ ကချင် လက်နက်ကိုင်တပ်ရင်း၊ကရင်လက်နက်ကိုင်တပ်ရင်းနှင့်ချင်းလက်နက်ကိုင်တပ်ရင်း ဟူ၍ ဖွဲ့စည်းခဲ့သည်။[၇၈]

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာပြည် လွတ်လပ်ရေး ရရှိရန် သဘောတူညီမှု ရရှိခဲ့ပြီး ကြားဖြတ်အစိုးရ ခေါင်းဆောင်ဖြစ်လာခဲ့ပါသည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လတွင် အစိုးရအဖွဲ့ဝန်ကြီး (၆) ပါးနှင့်အတူ လုပ်ကြံခံခဲ့ရပြီး သားသမီးသုံးဦး ကျန်ရှိခဲ့ပါသည်။ သားသမီး (၃) ဦးအနက် ဒေါ်အောင်ဆန်းစုကြည်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။ နိုင်ငံရေးအခြေအနေသည် ဖရိုဖရဲဖြစ်သွားခဲ့ပြီး တိုင်းရင်းသားများနှင့် ကွဲလွဲမှုများ ဖြစ်လာသည်သာမက နိုင်ငံရေးအတွေးအခေါ် အရလည်း ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ပါသည်။ အထူးသဖြင့် လက်ယာယိမ်းသည့် ကရင်စစ် ဗိုလ်ချုပ်အများစုသည် ဗြိတိသျှအပေါ် သစ္စာရှိသည်ဟူ၍ စဉ်းစားဆုံးဖြတ်သောကြောင့် ရာထူးကြီးနေရာများကို ပေးခဲ့သည်။ တစ်ချိန်တည်းမှာပင် လွတ်လပ်ရေးလှုပ်ရှားမှု ဆောင်ရွက်ခဲ့သည့် စစ်ဗိုလ်များနှင့် နိုင်ငံရေးသမားများ အများစုသည် လက်ဝဲယိမ်းသည်ဟု အမျိုးမျိုးတံဆိပ်တပ်ခံခဲ့ရပါသည်။[၇၉] ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလတွင် တပ်မတော်လေနှင့် တပ်မတော်ရေတို့ကို ဖွဲ့စည်းတည်ထောင်ကာဗမာ့တပ်မတော်ကို ကြည်း တပ်၊ ရေတပ်၊ လေတပ်တို့ဖြင့် ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပါသည်။[၈၀]

## ပြိုပျက်လုဖြစ်ခဲ့သော နိုင်ငံတော် (၁၉၄၈-၁၉၆၂)

၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် လွတ်လပ်ရေးရရှိခဲ့ပါသည်။ လွတ်လပ်ရေးရပြီး တစ်နှစ်အတွင်းမှာပင် တပ်မတော်သည် အစိတ်အပိုင်းတချို့ ပြိုပျက်ခဲ့ပြီး ၎င်း၏ တပ်ဖွဲ့ဝင် ထက်ဝက်ကျော်သည် တော်လှန်ပုန်ကန်မှုကြောင့် အားနည်းခဲ့ပါသည်။[၈၁] မြန်မာ့ပထမဆုံး ဝန်ကြီးချုပ်သည် ဦးနုဖြစ်ပြီး အရပ်သားတစ်ဦးလည်း ဖြစ်ပါသည်။ ဦးနုသည် လွတ်လပ်ရေးတိုက်ပွဲဝင်သည့် တပ်ဖွဲ့များတွင် ပါဝင်ခဲ့ခြင်းမရှိဘဲ ဂျပန်ခေတ် အစိုးရလက်ထက်တွင်သာ အမှုထမ်းခဲ့ပါသည်။ ၁၉၄၉ ခုနှစ်တွင် BIA ကို အစဦးတည်ထောင်သူထဲမှ တစ်ဦးဖြစ်သည့် ဦးနေဝင်းသည်အသက် (၃၇) နှစ်အရွယ်တွင် ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာပါသည်။ ဗြိတိသျှတို့ လေ့ကျင့်ပျိုးထောင်ပေးခဲ့သည့် ကရင်လူမျိုးကာကွယ်ရေးဦးစီးချုပ်နေရာတွင် အစားထိုးဝင်ရောက်လာသူဖြစ်သည်။[၈၂]

ဦးနေဝင်းသည် ပြိုပျက် သွားသောတပ်မတော်ကို ဆက်ခံရပြီး ပြန်လည်တည်ဆောက်ခဲ့သည်။[၈၃] ထိုတပ်မတော်ကို ဂျပန်တို့ လေ့ကျင့်ပေးခဲ့သောစစ်ဗိုလ်များက ပြန်လည်လေ့ကျင့်ပေးထားသည့် ဗမာလူမျိုး အများစုကိုစုဆောင်းခဲ့ပါသည်။[၈၄] ရဲနှင့် ထောက်လှမ်းရေးများကိုမူ ဗြိတိသျှတို့ထံမှအမွေဆက်ခံခဲ့ပါသည်။[၈၅] ၁၉၅၁ ခုနှစ်တွင် ဦးနုသည် အထူးစုံစမ်းစစ်ဆေးရေး အဖွဲ့ (အမေရိကန်ပြည်ထောင်စုစုံစမ်းစစ်ဆေးရေးဗျူရိုနှင့် ဆင်တူနီးပါး) ကို ဖွဲ့စည်းခဲ့ကာယနေ့တိုင်တည်ရှိနေပါသည်။[၈၆] အဆိုပါကာလတစ်လျှောက် တရားစီရင်ရေးသည် လွတ်လပ်စွာဖြင့် တည်ရှိနေခဲ့သည်။ ထိုကာလအတွင်း အမှုကိစ္စရပ်များအပေါ် ဆုံးဖြတ်ချက်ချခဲ့ခြင်းများကိုကြည့်ခြင်းဖြင့် တရားစီရင်ရေးသည် အရပ်ဘက်နိုင်ငံရေးသမားများ၏ လွှမ်းမိုးမှုနှင့် စစ်ဘက်ခေါင်းဆောင်များလွှမ်းမိုးမှုမှ ကင်းလွတ်ပြီး လွတ်လပ်စွာဆောင်ရွက်နိုင်ခဲ့သည်ကို ဖော်ပြနေခြင်း ဖြစ်ပါသည်။[၈၇]

> "ထိုကာလတွင် တပ်မတော်က စီးပွားရေး လုပ်ငန်းများတွင် ဝင်ရောက်လာပြီး ကွန်မြူနစ်ဆန့်ကျင်ရေးနှင့် ဗုဒ္ဓဘာသာ ကာကွယ်ရေး လှုပ်ရှားမှုများ၊ စိတ်ဓာတ်ဆိုင်ရာစစ်ဆင်ရေးများနှင့် ပြန့်ပွားအောင်ဆောင်ရွက်မှုများကို စတင်ခဲ့ပါသည်။"

ဦးနေဝင်းသည် သူ၏ တပ်မတော်အားကောင်းလာစေရန်အတွက် အရပ်သားအစိုးရထံမှ ပို၍ ကြီးမားသည့် လုပ်ပိုင်ခွင့်အာဏာကို ရယူခဲ့ပါသည်။ တပ်မတော်ခေါင်းဆောင်များသည် အရပ်ဘက်အုပ်ချုပ် ဦးဆောင်လျက်ရှိသည့် စစ်ရေးဆိုင်ရာရုံးအား အရေးကြီးသည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် နှောင့်နှေးသည်ကို ခံစားရသည့်အတွက် အခြားနည်းလမ်း ရှာဖွေရန် ဖြစ်လာခဲ့ပါသည်။[၈၈] အကြောင်းမှာ တော်လှန်ရေးကာလတွင် တပ်မတော်၏သူရဲကောင်းများအဖြစ် ပါဝင်ဆင်နွှဲခဲ့သည့် ခေါင်းဆောင်များကို ထိုရုံးတွင် ခန့်အပ်တာဝန်ပေးထားခြင်းကြောင့် ဖြစ်ပါသည်။[၈၉]

တရုတ်နိုင်ငံအတွင်းမှ ဝင်ရောက်လာသည့် အမေရိကန်ကျောထောက်နောက်ခံ ကူမင်တန်တပ်များကိုစစ်နှင့် ပတ်သက်ပြီး သံတမန်နည်းလမ်းအရ ဖြေရှင်းခြင်းဖြင့် အောင်မြင်မှု မရရှိသည့်နောက် တပ်မတော်သည် ကူမင်တန်တပ်များကို တိုက်ထုတ်ခဲ့ပါသည်။ ရလဒ်အနေဖြင့် အရပ်ဘက်အစိုးရ ခေါင်းဆောင်များအား တိုင်းပြည်ကို ကောင်းစွာမကာကွယ်နိုင်သည့် အမြင်များ မြင်လာခဲ့ပါသည်။ ထို့ပြင် တပ်မတော်မှ ခေါင်းဆောင်များသည်လည်း ပြင်ပမှကျူးကျော် ဝင်ရောက်လာမှုများကို ကာကွယ်ရန် စဉ်းစားဆုံးဖြတ်ချက်ချစရာ ဖြစ်လာပါသည်။ ထို့ကြောင့်နိုင်ငံကို ကာကွယ်ရန် အင်အားခိုင်မာတောင့်တင်းသည့် တပ်မတော် မရှိမဖြစ် တည်ဆောက်ရန် ဖြစ်လာပါသည်။[၉၀] တစ်ချိန်တည်းမှာပင် မြို့ကြီးနေရာအများအပြားမှာလည်း တိုင်းရင်းသားများနှင့် နိုင်ငံရေးဆိုင်ရာ ပြဿနာများ ရှိလာခြင်းနှင့် တော်လှန်ပုန်ကန်မှုများ ပြန့်ပွားလျက် ရှိပါသည်။[၉၁] ထိုကဲ့သို့ အခြေအနေများသည် စစ်တပ်ကြီးစိုးသည့် နိုင်ငံအဖြစ်သို့ တွန်းပို့လျက်ရှိပြီး တိုင်းရင်းသားများအနေဖြင့်နိုင်ငံရေးအရ ဆွေးနွေးရန် အခွင့်အရေးများလည်းရရှိရန် ခက်ခဲသွားခဲ့ပါသည်။

ဦးနေဝင်းသည် အာဏာရှင်နှင့် အမျိုးသားရေးဝါဒီ အယူအဆမြင့်တက်လာပြီး တပ်မတော်ခေါင်းဆောင်ပိုင်းမှ သဘောထား ပျော့ပျောင်းသူများကို ထုတ်ပယ်ခဲ့ပါသည်။[၉၂] ၁၉၅၈ ခုနှစ်တွင် ဝန်ကြီးချုပ်ဦးနုသည် တပ်မတော်အား ယာယီအိမ်စောင့်အစိုးရအဖြစ် အာဏာလွှဲပြောင်းမှုကို သဘောတူညီခဲ့ပြီး ဦးနေဝင်းသည် ထိုအစိုးရတွင် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။[၉၃] ထိုအချိန်မှစ၍ ၁၉၆၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံသည် စစ်တပ်၏ တိုက်ရိုက်အုပ်ချုပ်မှုအောက် ပထမကာလအဖြစ်ကြုံတွေ့ခဲ့ရပါသည်။[၉၄] ထိုအချိန်တွင်အရပ်သားအစိုးရအဖွဲ့ဝန်ကြီးများ ကျန်ရှိနေသော်လည်း တပ်မတော်အရာရှိ (၉၄) ဦးကို ဝန်ကြီးဌာန အသီးသီးသို့အခြားရာထူး နေရာများအတွက် ခန့်အပ်ခဲ့ပါသည်။[၉၅] စစ်တပ်ရာထူးများမှနေ၍ အရပ်သားဝန်ကြီးဌာနများသို့ ပြောင်းရွှေ့ခြင်း အစပြုမှုပင် ဖြစ်ပါသည်။

ထို့နောက် ဦးနေဝင်းသည် တပ်မတော်ထောက်လှမ်းရေးအဖွဲ့ကို ထူထောင်ခဲ့ပြီး သာမန်ပြည်သူလူထုများ၏ လှုပ်ရှားမှုများကိုပါ စောင့်ကြည့်သည့်အာဏာအလွန်ရှိသောလျှို့ဝှက်တပ်ဖွဲ့ဖြစ်လာခဲ့ပါသည်။[၉၆] ထိုကာလတွင် တပ်မတော်က စီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက်လာပြီး ကွန်မြူနစ်ဆန့်ကျင်ရေးနှင့် ဗုဒ္ဓဘာသာကာကွယ်ရေး လှုပ်ရှားမှုများ၊ စိတ်ဓာတ်ဆိုင်ရာ စစ်ဆင်ရေးများနှင့် ပြန့်ပွားအောင်ဆောင်ရွက်မှုများကို စတင်ခဲ့ပါသည်။[၉၇] ထို့နောက် ၁၉၆၀ ပြည့်နှစ်တွင် တပ်မတော်မှ အာဏာပြန်လည်ပေးအပ်ခဲ့ ပြီး ဦးနေဝင်းသည် တပ်တွင်းရေရှည်ပြိုင်ဘက်ဖြစ်ခဲ့ သည့်တပ်မတော် ခေါင်းဆောင်များကို ဖယ်ထုတ်ခြင်း ကိစ္စရပ်များကို အလေးထားဆောင်ရွက်ခဲ့သည်။ အဆိုပါနှစ်များအတွင်း တပ်မတော်ထောက်လှမ်းရေးအဖွဲ့သည် နိုင်ငံရေးအခန်းကဏ္ဍတွင်မြင့်မားစွာ နေရာယူ လာပြီးနိုင်ငံရေး ကိစ္စရပ်များတွင်လွှမ်းမိုးအောင် ဆောင်ရွက်ခဲ့သည်။[၉၈]

## ဦးနေဝင်း၏ "ဆိုရှယ်လစ်" စစ်အုပ်ချုပ်ရေး (၁၉၆၂ - ၁၉၈၈)

၁၉၆၂ ခုနှစ်တွင် တပ်မတော်မှ အာဏာပြန်လည်သိမ်းယူပြီးအဓိကအကြောင်းပြချက်မှာဦးနု၏ ခေါင်းဆောင်မှုသည်နိုင်ငံ၏အချုပ်အခြာအာဏာကို ခြောက်လှန့်စရာ ဖြစ်လာသောကြောင့်ဟူ၍ ဖြစ်ပါသည်။[၉၉] တင့်ကားများ လမ်းပေါ်ရောက်ရှိခြင်းနှင့် အရပ်သားနိုင်ငံရေးသမားများစွာကို ဖမ်းဆီးထောင်ချခြင်းတို့ကိုပြုလုပ်ခဲ့ပြီး တပ်မတော်မှ အာဏာများကို အပြည့်အဝ သိမ်းပိုက်ခဲ့ပါသည်။[၁၀၀]

အဆိုပါ စစ်အုပ်ချုပ်မှုသည် နှစ်ပေါင်း (၅၀) နီးပါးကြာမြင့်ခဲ့ ပြီး လုံခြုံရေးကဏ္ဍနှင့် အစိုးရတစ်ခုလုံးအပေါ်တွင် နက်ရှိုင်းစွာ စိုးမိုးသွားနိုင်ခဲ့ပါသည်။ လုံခြုံရေးတပ်ဖွဲ့များ၏အရွယ်အစားနှင့်အင်အားများကိုတိုးချဲ့ရုံသာမက တပ်မတော်အရာရှိများကိုလည်း အရပ်ဘက်အုပ်ချုပ်မှု ယန္တရားများသို့ ရွှေ့ပြောင်းခန့်အပ်မှုများပြုလုပ်ခဲ့ပါသည်။ ထို့ပြင်တော်လှန်ပုန်ကန်မှုများကို တိုက်ခိုက်နှိမ်နင်းရန်အတွက် စစ်တပ်စွမ်းဆောင်ရည်များကို မြှင့်တင်ကာ တည်ဆောက်ခဲ့ ပြီး စစ်ပွဲပုံစံချဉ်းကပ်မှုများကို အပြည့်အဝ အသုံးပြုလာ

ပါသည်။ ထိုအရာများတွင် နိုင်ငံတော်ကို ဆန့်ကျင်သည့်မည်သည့် လူမှုရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်နှင့် နိုင်ငံရေးနယ်ပယ်များတွင်မဆို စစ်ရေးချုဉ်းကပ်မှုနည်းလမ်းပုံစံကို အခြေခံ၍ ဖြေရှင်းခဲ့ပါသည်။

အာဏာသိမ်းပြီး ၂ ရက်အတွင်း နိုင်ငံတော်အဆင့်နှင့် ပြည်နယ်အဆင့် အစိုးရအင်စတီကျူးရှင်းများအားလုံးကို ဖျက်သိမ်းပြီး အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး အာဏာအားလုံးသည် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌဦးနေဝင်း လက်ထဲသို့ ရောက် ရှိသွားပါသည်။[၁၀၁] ၁၉၆၂ ခုနှစ်၊ ဇူလိုင်လတွင် ဦးနေဝင်းသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို တည်ထောင်ခဲ့ပြီး အစိုးရတစ်ရပ် ဖြစ်လာသည်။ (၂) နှစ်အတွင်း နိုင်ငံရေး အတိုက်အခံများအား တရားမဝင်ဟူ၍သတ် မှတ်ခဲ့ပြီး စီးပွားရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများကို နိုင်ငံပိုင်အဖြစ် သတ်မှတ်ခဲ့ပါသည်။[၁၀၂] ၁၉၆၉ ခုနှစ်တွင် တပ်မတော်အရာရှိ (၉၀၀) ကျော်ကို မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့မဟုတ် ဝန်ကြီးဌာနများ[၁၀၃] သို့ပို့ဆောင်ပြောင်းရွှေ့ခန့်အပ်ခဲ့ပါသည်။ တပ်မတော်အရာရှိများသည် အစိုးရထိပ်တန်း ရာထူးများကိုရယူ ခြင်းသာမက အရပ်ဘက် အင်စတီကျူးရှင်းများတွင် လည်းနေရာယူခဲ့ပါသည်။

၁၉၆၄ ခုနှစ်တွင် ထောက်လှမ်းရေးဆိုင်ရာအဖွဲ့အစည်းများအားလုံးသည်တပ်မတော်၏ကွပ်ကဲမှုအောက်သို့ ရောက်ရှိလာခဲ့ပြီး ဦးနေဝင်း ဖွဲ့စည်းတည်ထောင်ခဲ့သည့် အမျိုးသားထောက်လှမ်းရေးတပ်ဖွဲ့မှ ထိန်းချုပ်ခဲ့ပါသည်။[၁၀၄] ထိုနှစ်တွင်ပင် ဦးနေဝင်းသည်ဗြိတိသျှတို့တည်ထောင်ခဲ့သောရဲတပ်ဖွဲ့ကိုဖျက်သိမ်းရန် စဉ်းစားခဲ့သော်လည်း "ပြည်သူ့ရဲတပ်ဖွဲ့" ဟူသည့်အမည်ကိုသာပြောင်းခဲ့ပါသည်။[၁၀၅] လွတ်လပ်ရေးခေတ်လွန် ဒီမိုကရက်တစ် အချိန်ကာလအတွင်း ရဲလုပ်ငန်း၏ ပြည်သူအတွက် လွတ်လပ်စွာဆောင်ရွက်နိုင်မှု တိုးတက်လာခြင်းသည် ပြန်လည်လျော့ကျသွားပြီး ရဲလုပ်ငန်းသည် ကိုလိုနီခေတ်ကာလကဲ့သို့ နိုင်ငံတော် တည်ငြိမ်မှုကို ထိန်းသိမ်းရန်အတွက် တစ်ဖန်ပြန်လည် ဖြစ်လာခဲ့ပါသည်။ ထို့ပြင် တပ်မတော်၏လွှမ်းမိုးမှု ပိုမိုကြီးမားလာပြီး ထိပ်ပိုင်းတွင် တပ်မတော်အရာရှိများကို အလှည့်ကျ တာဝန်ယူစေခဲ့ပါသည်။ ထိုသို့ဖြစ်ရခြင်းသည် ဦးနေဝင်းမှ ရဲတပ်ဖွဲ့အနေဖြင့် ၁၉၅၈ ခုနှစ်ကကဲ့သို့ သူ့အပေါ်ဆန့်ကျင်သည့်လုပ်ရပ်များ ဆောင်ရွက်လာမည်ကို စိုးရိမ်နေသောကြောင့် ဖြစ်ပါသည်။[၁၀၆]

ထို့ပြင် ဦးနေဝင်းသည် လက်နက်ကိုင် တပ်ဖွဲ့များကို ပြန်လည်၍ ကြီးမားသည့် ပြုပြင် ဖွဲ့စည်းမှုများပြုလုပ်ခဲ့ပါသည်။ "လူထုစစ်ပွဲ" ကိုလက်နက်ကိုင်တပ်ဖွဲ့များ၏ အဓိကဝါဒအနေဖြင့် ဦးနေဝင်းသည် လက်ခံအသုံးပြုခဲ့ပြီး "ဖြတ်လေးဖြတ်" နည်းဗျူဟာကိုတော်လှန်ပုန်ကန်မှုကို တန်ပြန်နှိမ်နင်းရန်အတွက် အသုံးပြုခဲ့ပါသည်။ အဆိုပါ ချဉ်းကပ်မှုနည်းလမ်းသည်ဒေသခံ လူထုများကို နေရပ်စွန့်ခွာ ရွှေ့ပြောင်းမှုကိုဖြစ်ပေါ်စေခဲ့ပါသည်။ "ဖြတ်လေးဖြတ်" ဗျူဟာ၏ ရည်ရွယ်ချက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ဒေသခံလူထုက ကူညီပံ့ပိုးခြင်းများ မပြုလုပ်နိုင်ရန်ဖြစ်သည်။[၁၀၇] ဦးနေဝင်းသည် ပြည်ထောင်စုစစ်တပ်ရဲကို ခြေလျင်တပ်ရင်း (၂၇) ရင်းအဖြစ်အသစ်ပြောင်းလဲ ဖွဲ့စည်းခဲ့ပါသည်။ ခြေလျင်တပ်ငယ်များကိုလည်း ထည်ထောင် ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ရွေ့လျားနိုင်သော ခြေလျင်တပ်ရင်းများသည် ယနေ့အထိတိုင် စစ်ဆင်ရေး လှုပ်ရှားမှုများတွင် အဓိကနေရာက ဆက်လက်ပါဝင်လျက် ရှိပါသည်။[၁၀၈] ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း တပ်ရင်း ပေါင်း (၅၂) ခုမှ (၁၆၈) ခုအထိ ရှိလာပြီး ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အကြားတွင် တပ်မတော် သား ဦးရေသည် (၁၂၂၂၈) ဦး မှ (၁၈၄၀၂၉) ဦး အထိ တိုးမြင့်လာပါသည်။[၁၀၉]

ဦးနေဝင်း၏ အဓိက အခြေခံပြောင်းလဲခဲ့မှုမှာအဖွဲ့အစည်းအသီးသီးသို့ အထက်အောက် အမိန့်ပုံစံမျိုးနှင့် မျိုးချစ်သော တပ်မတော်ဆိုသည့် အယူအဆများပျံ့နှံ့ရောက်ရှိသွားမှုပင်ဖြစ်သည်။ ဒေသန္တရအုပ်ချုပ်မှုကိစ္စရပ်များသည် လုံခြုံရေးနှင့် အုပ်ချုပ်ရေး ကော်မတီလက်ထဲသို့ရောက်ရှိသွား ပါသည်။ အုပ်ချုပ်မှု အဆင့်တိုင်းသည် တော်လှန်ရေးကောင်စီအောက်ရှိ ဗဟိုလုံခြုံရေးနှင့်အုပ်ချုပ်ရေး ကော်မတီမှစ၍ကျေးလက်အဆင့် လုံခြုံရေးနှင့် အုပ်ချုပ်ရေး ကော်မတီထဲသို့အသီးသီးရောက်ရှိသွားခဲ့သည်။[၁၁၀] တပ်မတော်အရာရှိများသည် အဆိုပါ လုံခြုံရေးနှင့် အုပ်ချုပ်ရေး ကော်မတီအသီးသီးတွင် နေရာယူခဲ့ကြပြီး ဗိုလ်ကြီးအဆင့်တပ်မတော် အရာရှိများသည် မြို့နယ်အသီးသီး၏အကြီးအကဲများဖြစ်လာကာ တပ်ရင်းမှူးများသည်

ခရိုင်အသီးသီး၏ အကြီးအကဲများ ဖြစ်လာပါသည်။ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်ရေး ကော်မတီသည်ပြည်ထဲရေး ဝန်ကြီးဌာနအောက်တွင် ရှိပြီးရာထူးနေရာသတ်မှတ်ချက်များကိုတပ်မတော်အောက် တစ်ဆင့်နိမ့်ပုံစံဖြင့် ထားရှိပါသည်။ ပြည်ထဲရေးတာဝန်များတွင်လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီများကိုစုပေါင်းစုံစမ်းစစ်ဆေးရန် တာဝန်များကိုပါပေါင်း ထည့်ခဲ့ပါသည်။[၁၁၁] လုံခြုံရေးနှင့်အုပ်ချုပ်ရေး အယူအဆတို့သည် ခွဲခြား၍ မရနိုင်သည့် အရာဖြစ်လာပြီး ဒေသန္တရ အုပ်ချုပ်ရေးနှင့် တည်ငြိမ်ရေးတို့တွင် အဓိကသွင်ပြင်လက္ခဏာများ ဖြစ်လာပါသည်။

၁၉၇၄ ခုနှစ်တွင် တော်လှန်ရေး ကောင်စီအဖြစ်မှနေ၍ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဦးဆောင်မှုဖြင့် တစ်ပါတီ အုပ်ချုပ်ရေးစနစ် ပုံစံဖြစ်လာပါသည်။[၁၁၂] အဆိုပါစနစ် တွင်ဘတ်ဂျက်ပိုင်း ဆိုင်ရာ လူသား အရင်းအမြစ် စီမံခန့်ခွဲမှု ဆိုင်ရာနှင့်အမိန့်ပေးညွှန် ကြားမှု စသည်တို့တွင် တပ်မတော်ကို အလွန်အသား ပေးထားသည်ကို တွေ့ရပါသည်။ လက်တွေ့ဆောင်ရွက် ရာတွင် ဦးနေဝင်းနှင့် အဆင့်မြင့် အရာရှိများသည် အငြိမ်းစားယူကာ မြန်မာ့ဆိုရှယ်လစ်လမ်း စဉ်ပါတီနှင့်တပ်မတော် တို့ကိုဆက်လက် ကြိုးကိုင်ထိန်းချုပ်ခဲ့ပြီးသွယ် ဝိုက်၍ စစ်အုပ်ချုပ်မှုပုံစံမျိုးကို ဖန်တီးခဲ့သည်။[၁၁၃] တပ်မတော်အရာရှိ (၁၇၄၃) ဦးကို အရပ်ဘက်အုပ်ချုပ်ရေး ယန္တရားသို့ ပြောင်းရွှေ့စေခဲ့ပြီး တပ်မတော်ထိန်း ချုပ်နိုင်မှုကို အထောက်အကူဖြစ်စေရန် ဆောင်ရွက်ခဲ့ပါသည်။[၁၁၄]

ထိုစနစ်သည်၁၉၈၈ခုနှစ် စီးပွားရေးအကျပ်အတည်းကြောင့် နိုင်ငံတစ်ဝန်း လူထုအုံကြွမှုဖြစ်ပွားခဲ့ပြီးမြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပြိုကျသွားချိန်အထိ တည်ရှိခဲ့ပါသည်။ အဆိုပါကာလ မတိုင်မီ ဇူလိုင်လတွင် ဦးနေဝင်းသည် ပါတီမှတရားဝင် နုတ်ထွက်သွားသော်လည်းနောက်ကွယ်မှထိန်းချုပ်မှု ဆက်လက် ရှိနေသည့်အတွက် အဆိုပါအပြောင်းအလဲသည်လည်း ရုပ်ပြသာသာ အနေအထားသာ ရှိခဲ့ပါသည်။ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ဆန္ဒပြမှုများသည် အမြင့်ဆုံးအနေအထားသို့ ရောက်ရှိခဲ့ပြီး ဦးနေဝင်းမှလည်း ဆန္ဒပြသူများကို ပစ်ခတ်နှိမ်နင်းရန် တပ်မတော်အား ညွှန်ကြားခဲ့ပါသည်။ ဆန္ဒပြသူ အများအပြား သေဆုံးခဲ့ပါသည်။ သို့သော်လည်းတပ်မတော်သည်တည်ငြိမ်အောင်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပေ။ ဦးနေဝင်း၏ ညွှန်ကြားချက်ဟုယူဆနိုင်သည့် စစ်ဗိုလ် ချုပ်နှစ်ဦးဖြစ်သော စောမောင်နှင့် သန်းရွှေတို့က နိုင်ငံတော် အာဏာသိမ်းခဲ့ပြီး ဆန္ဒပြမှုများကိုလည်း ဆက်လက်၍ အကြမ်းဖက် ဖြိုခွင်းခဲ့ပါသည်။ စက်တင်ဘာလ ၁၈ ရက်နေ့တွင် အဖွဲ့ဝင် (၁၉) ဦးပါဝင်သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို ဗိုလ်ချုပ်မှူးကြီး စောမောင်က ဦးဆောင်၍ တည်ဆောက်ခဲ့ပါသည်။ ထိုစစ်အုပ်ချုပ်ရေးသည် ၂၀၁၁ ခုနှစ်အထိကြာမြင့် ခဲ့ပါသည်။[၁၁၅]

## ဒေါ်အောင်ဆန်းစုကြည် နှင့် ဗိုလ်ချုပ်ကြီးများ (၁၉၈၈ - ၂၀၁၁)

၁၉၈၈ ခုနှစ်နောက်ပိုင်း အရပ်ဘက်-စစ်ဘက်ဆက်ဆံ ရေးတွင်နိုင်ငံသူရဲကောင်း အသစ်အဖြစ် ဒေါ်အောင် ဆန်းစုကြည် ပေါ်ထွက်လာကာ သူမအပေါ် လူထုထောက်ခံမှုများလည်း များပြားလာခဲ့ပြီး သူမကိုထောက်ခံသူများက “the lady” ဟူ၍ ခင်မင်ရင်းနှီးစွာ ရည်ညွှန်းခဲ့ကြပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ဗိုလ်ချုပ် အောင်ဆန်း၏ သမီးဖြစ်ပြီး အင်္ဂလန်တွင် ပညာသင်ယူ၍ ဘွဲ့ရရှိခဲ့ပါသည်။ ထို့နောက် အင်္ဂလန်တွင် အိမ်ထောင်ပြုခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၈၈ ခုနှစ်တွင် လူထုဟောပြောပွဲ ပြုလုပ်ပြီး နောက်လူသိများ ထင်ရှားလာကာ ဒီမိုကရေစီအရေး နှင့်စစ်အာဏာရှင် ချုပ်ငြိမ်းရေးကို အဓိကထားတောင်းဆို လှုပ်ရှားခဲ့ပါသည်။[၁၁၆] ထို့နောက် သူမသည် တပ်မတော်မှ တပ်မှူးဟောင်းများနှင့် ပူးပေါင်းကာ ၁၉၈၈ ခုနှစ် စက်တင်ဘာလ၂၇ ရက်နေ့တွင် အမျိုး သား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကို တည်ထောင်ခဲ့သည်။[၁၁၇] ၁၉၈၉ ခုနှစ် ဇူလိုင်လတွင် သူမ၏ လှုပ်ရှားမှုများသည် တပ်မတော်အစိုးရကို ခြောက်လှန့်စရာ ဖြစ်လာသည့်အတွက် ၁၉၇၅ ခုနှစ်နိုင်ငံတော်ကာကွယ်ရေးအက်ဥပဒေအရ နေအိမ်အကျယ်ချုပ် ချမှတ်ခြင်းခံခဲ့ရသည်။ (၂၁) နှစ်အတွင်း (၁၅) နှစ်သည် နေအိမ်အကျယ်ချုပ်ဖြင့် နေခဲ့ရသည်။[၁၁၈] တပ်မတော် အစိုးရသည် နိုင်ငံအမည်ကို နိုင်ငံတကာတွင် ခေါ်ဆိုသော (Burma) အစား (Myanmar) ဟူ၍ထိုနှစ်ဇွန်လတွင် ပြောင်းလဲခေါ်ဆိုခဲ့သည်။

၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည် ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့သော်လည်း တပ်မတော် အစိုးရသည်ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ် ရေးဆွဲရန် အကြောင်းပြချက်ဖြင့် အာဏာကို လွှဲပြောင်းပေးရန် ငြင်းဆန်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဗိုလ်ချုပ်မှူးကြီး စောမောင်နေရာတွင် ဗိုလ်ချုပ်ကြီးသန်းရွှေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌအဖြစ်အစားထိုးခန့်အပ်ခဲ့ပါသည်။၁၉၉၇ခုနှစ်တွင်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ကိုနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဟူ၍ အမည်ပြောင်းလဲခဲ့ပါသည်။[၁၁၉]

၁၉၉၃ ခုနှစ်တွင် တပ်မတော်အစိုးရက ကမကထ ပြုလုပ်၍ ဖွဲ့စည်းပုံ အခြေခံရေးဆွဲရန် အမျိုးသားညီလာခံကို စတင်ခဲ့ပြီး ယင်းနိုင်ငံရေး ဖြစ်စဉ်အားဝေဖန်မှုများကို ပိတ်ပင်အရေးယူခဲ့ပါသည်။[၁၂၀] အဆိုပါညီလာခံကိုNLD ပါတီက သပိတ်မှောက်၍ နုတ်ထွက်ခဲ့သော်လည်း တပ်မတော်အစိုးရက ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။[၁၂၁] အမျိုးသားညီလာခံကို ရပ်နားလိုက်ပြန် လည်စတင်လိုက်ဖြင့် အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ လမ်းပြမြေပုံ (၇) ဆင့်ကို ထုတ်ပြန် ကြေညာခဲ့သည်။၂၀၀၀ ပြည့်နှစ်များတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏မြို့တော်အသစ် ကိုတည်ဆောက်ခဲ့ပါသည်။ နိုင်ငံတော်၏ လုံခြုံရေး ရည်ရွယ်ချက်သာမက လွှတ်တော်များနှင့် တခြားအစိုးရ အခြေခံအဆောက်အဦးများကိုပါထည့်သွင်း၍ ပြည့်စုံစွာ တည်ဆောက်ခဲ့ပါသည်။[၁၂၂]

နိုင်ငံတကာမှ ကန့်ကွက် ရှုတ်ချမှုများနှင့် အရေးယူ ပိတ်ဆို့မှုများ ရှိနေသည့်ကြားမှပင် စစ်အုပ်ချုပ်ရေးသည် ဖိနှိပ်မှုများနှင့်အတူ တပ်မတော်ခေါင်းဆောင်များက အာဏာကို အကြွင်းမဲ့ဆက်လက်ချုပ်ကိုင်ထားနိုင်ခဲ့ပါသည်။ အစိုးရသစ်သည် အစိုးရယန္တရား တစ်ခုလုံးကိုစိတ်ကြိုက် အုပ်ချုပ်နိုင်သည်။ တပ်မတော်အစိုးရအပေါ် NLD (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)၊ ပြည်ပရောက် ဒီမိုကရေစီအရေးလှုပ်ရှားသူများနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ (ထိုအဖွဲ့များသည် ဒီမိုကရေစီ ကျင့်စဉ်ကိုလိုက်နာကြသည်) စသည်တို့က အတိုက်အခံ လုပ်ကာတောက်လျှောက် ဆန့်ကျင်မှုများ ရှိခဲ့ပါသည်။ ၂၀၀၇ ခုနှစ်တွင်ဆန္ဒပြမှုများကိုအကြမ်းဖက်နှိမ်နင်းခဲ့သောကြောင့် နိုင်ငံတကာမှကန့်ကွက် ရှုတ်ချခြင်းများ ရှိခဲ့ပါသည်။ သို့သော်တိုင်းပြည်အတွင်းတွင် ပြောင်းလဲမှုအနည်းငယ်သာရှိခဲ့ပါသည်။[၁၂၃]

စစ်အုပ်ချုပ်မှုကာလတွင် တပ်မတော်အနေဖြင့်“စောင့်ရှောက်အုပ်ထိန်းသူ”ဆိုသည့်အတွေးအခေါ်ဆက်လက် ပေါ်ပေါက်လာအောင် ဆောင်ရွက်ခဲ့သည်။ နာမည်ဆိုးဖြင့် ကျော်ကြားခဲ့ သော်လည်း တပ်မတော် သည်သာလျှင်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်း ရေးကိုအဓိကဆောင်ရွက်ပေး နိုင်သည်ဆိုသည့် အခြေခံအယူအဆမှ ပေါ်ထွက်လာ ခြင်းဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ခြင်းမှာတိုင်းပြည်ဖရိုဖရဲ ဖြစ်မသွားစေရန် သို့မဟုတ်ပြိုကွဲသွားခြင်း မရှိစေရန် ရည်ရွယ်ချက်ဖြင့်လုပ်ဆောင်သည် ဟူ၍တပ်မတော်ကယုံကြည်လက်ခံ ထားပါသည်။ (၁၉၅၈၊ ၁၉၆၂ နှင့် ၁၉၈၈ ခုနှစ်တို့တွင်လည်း အဆိုပါ ယုံကြည်မှုဖြင့် လုပ်ဆောင်ခဲ့သည်)။[၁၂၄] အဆိုပါ အတွေးအခေါ်အယူအဆသည် အနောက်နိုင်ငံ များမှစစ်အစိုးရအပေါ် ကန့်ကွက် ရှုတ်ချမှုများ တိုးမြင့်လာခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အနောက်နိုင်ငံ အချို့သည် ဒီမိုကရေစီအရေး အတွက် တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍ သော်လည်းကောင်းထောက်ပံ့မှု ပြုလုပ်ခဲ့ပြီးတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုရှိသော အဖွဲ့များကိုလည်းထောက်ပံ့ပေးခဲ့ပါသည်။ အမျိုးသားရေးဝါဒ အခြေခံကို ကိုင်ဆွဲထားသည့် တပ်မတော်သည် နိုင်ငံအတွင်းတွင်ကွဲပြားမှုဖြစ်ပေါ်ရခြင်း များကိုကိုလိုနီ စနစ်ကြောင့် ဖြစ်ပွားရသည်ဆိုပြီးအစဉ် အပြစ်တင် ပုံချခဲ့ပါသည်။ ထို့ပြင်တိုင်းရင်းသားများနှင့် ဒီမိုကရေစီ လိုလားသောအဖွဲ့များသည် အနောက်နိုင်ငံများ၏ အသုံးချခံများအဖြစ်ဖော်ပြခံရလေ့ရှိပါသည်။[၁၂၅]တပ်မတော်သည်စစ်အုပ်ချုပ်ရေးကို ဒီမိုကရေစီ၏ ဆန့်ကျင်ဘက် အနေဖြင့်မမြင်ဘဲစစ်မှန်သော ဒီမိုကရေစီသို့ တည်ငြိမ်စွာကူးပြောင်း

**၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ် အတွင်း တပ်ရင်းပေါင်း**

**(၅၂) ခုမှ (၁၆၈) ခု**

**အထိ ရှိလာပြီး ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အကြားတွင် တပ်မတော်သား ဦးရေသည် (၁၂၂၈) ဦးမှ (၁၈၄၀၂၉) ဦး အထိ တိုးမြင့်လာပါသည်။**

သွားနိုင်ရန် တပ်မတော် စောင့်ရှောက်မှုအောက်မှ မြန်မာ့တန်ဖိုးများကို အခြေခံ၍ တည်ဆောက်နိုင်မည်ဟူ၍ ယုံကြည် ကြပါသည်။[၂၆]

ထိုအယူအဆသည် စစ်မှန်သော တာဝန်ယူမှုကို ကိုယ်စားပြုနိုင်မည်လား သို့မဟုတ် စစ်ဗိုလ်ချုပ်များ၏အကျိုးအမြတ်အတွက်အာဏာကိုထိန်းသိမ်းထားနိုင်မည့် ဖန်တီးမှုများလားဆိုသည်မှာ မေးခွန်းထုတ်စရာနှင့် ဆွေးနွေးစရာအချက်ပင် ဖြစ်ပါသည်။ အထက်ပါ အယူအဆတွင် ထည့်သွင်းထားသော တန်ဖိုးများ၊ ကျင့်ဝတ်များနှင့် လုပ်ဆောင်ပုံများသည် နိုင်ငံတကာ အသိုင်းအဝန်းနှင့်လူထု၏ တောင်းဆိုသော ဒီမိုကရေစီ အယူအဆတို့နှင့် တိုက်ရိုက်ဆန့်ကျင်မှုများ ဖြစ်ပေါ်နေပါသည်။ ထို့ကြောင့် လုံခြုံရေးကဏ္ဍ စတင်ပေါ်ပေါက်လာချိန်မှစ၍ အထက်ဖော်ပြပါ အယူအဆများသည် အငြင်းပွားမှုနှင့်အတူ အစဉ် ရုန်းကန်ခဲ့ ရပါသည်။

## နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းအတွင်း စိုက်ထူခဲ့သော တပ်မတော်

၁၉၈၈ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်အကြားပြောင်းလဲခဲ့မှုများ နှင့်အတူ လုံခြုံရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့ သည်ယိုယွင်းခဲ့ပါသည်။ ၁၉၉၈ ခုနှစ်မှစ၍ ဆိုရှယ်လစ်အတွေးအခေါ်အစား စစ်တပ်လွှမ်းမိုးသော စနစ်အသစ်ပေါ်ပေါက်လာပါသည်။ အမျိုးသားရေးဝါဒနှင့် အတူ တည်ငြိမ်မှုနှင့် အချုပ်အခြာကိုအခြေခံ အလေးထားမှုသည်ထိုစနစ်တွင် သိသာစွာ ဖြစ်နေရာယူ ထားပါသည်။ တစ်ဆက်တည်းမှာပင် တပ်မတော်သည် စီးပွားရေး လုပ်ငန်းများတွင် ပို၍ပို၍ ကျယ်ပြန့်စွာပါဝင် လာပါသည်။ ကာကွယ်ရေးဝန်ကြီး ဌာနပိုင် စီးပွားရေးလုပ်ငန်း များနှင့်စစ်ခေါင်းဆောင်များနှင့် နီးစပ်သည့် လုပ်ငန်းရှင်များ၏ ကုမ္ပဏီများက ဒေါ်လာသန်းထောင် ချီ၍ပြည်တွင်းမှ တွင်းထွက်ပစ္စည်းနှင့် အခြားပို့ကုန်များကို တရားမဝင် တင်ပို့ခဲ့မှုများ ရှိပါသည်။[၂၇]

“နိုင်ငံတကာမှ ကန့်ကွက်ရှုတ်ချမှုများနှင့် အရေးယူပိတ်ဆို့မှုများ ရှိနေသည့်ကြားမှပင် စစ်အုပ်ချုပ်ရေးသည် ဖိနှိပ်မှုများနှင့်အတူ တပ်မတော် ခေါင်းဆောင်များက အာဏာကို အကြွင်းမဲ့ ဆက်လက်ချုပ်ကိုင်ထားနိုင်ခဲ့ပါသည်။ အစိုးရသစ်သည် အစိုးရယန္တရားတစ်ခုလုံးကို စိတ်ကြိုက် အုပ်ချုပ်နိုင်သည်။။”

စစ်အစိုးရ လက်ထက်တွင်လည်း တပ်မတော်အရာရှိများသည် ဌာနဆိုင်ရာ အုပ်ချုပ်ရေးအကြီးအကဲ နေရာများကို ဆက်လက်ရယူခဲ့ပါသည်။[၂၈] ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ အထွေထွေအုပ်ချုပ် ရေးဌာနသည် ကြီးမားသည့်အခန်းကဏ္ဍကို ရယူထားပြီး အထူးသဖြင့် ဒေသန္တရအဆင့်များတွင် အုပ်ချုပ်ရေး ကိစ္စရပ်များ၌ အဓိကကျောရိုး ဖြစ်လာပါသည်။[၂၉]

တပ်မတော်သည် ၎င်းတို့၏အတွေးအခေါ်များပျံ့နှံ့စေရန်နှင့် လူထုထောက်ခံမှုများသော NLD ၏အတိုက်အခံ ပြုမှုကိုတုံ့ပြန်နိုင် ရန်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ထိုအသင်းသည် အမျိုးသားရေး ဝါဒနှင့်အတူစီတန်းလှည့်လည်မှု များနှင့်ရေးသား ထုတ်ဝေဖြန့်ချိမှုများကိုနှိမ်နင်းခြင်းများအသုံးပြုလုပ်ဆောင်ခဲ့ ကြပါသည်။ နိုင်ငံရေး ဦးတည်ချက် (၃) ရပ်နှင့် ပြည်သူ့သဘောထားစသည့် ကြွေးကြော် သံများကို နိုင်ငံပိုင်သတင်းစာများနှင့် ဆိုင်းဘုတ်များဖြင့် နိုင်ငံတစ်ဝန်း ဖော်ပြခဲ့ပါသည်။ ၎င်းတို့အထူး အာရုံစိုက်သည့် ပြည်ထောင်စုအား ပြိုကွဲဖျက်ဆီး ခြင်းများမှ ကာကွယ်ရန်နှင့် ပြည်တွင်း၊ ပြည်ပအဖျက်သမား များအားချေမှုန်းခြင်းကိုအထူးအလေး ပေးပါသည်။[၃၀] အထူးသဖြင့် ၂၀၀၀ ပြည့်နှစ်များ နောက်ပိုင်းမှစ၍ အဆိုပါကြွေးကြော်သံများသည် စည်းကမ်းပြည့်ဝ သောဒီမိုကရေစီဆိုသည့် အယူအဆကို ပိုမိုတိုးမြင့်၍ ထင်ဟပ်စေခဲ့ပါသည်။ (ပုံ -၂ တွင် ရှုပါ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည်လည်း ဦးနေဝင်း ကျင့်သုံး ဆောင်ရွက်ခဲ့သည့်အတိုင်းဆက်လက်၍ဆောင်ရွက်ခဲ့သည်ကိုတွေ့ရပါသည်။အရပ်ဘက်အုပ်ချုပ်မှုယန္တရားတွင် စစ်တပ်မှဆက်လက်၍ခိုင်ခိုင်မာမာနေရာယူလွှမ်းမိုးထားသည်ကို တွေ့မြင်ရမည် ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်များမှစ၍အရပ်ဘက်အစိုးရဝန်ထမ်းများအားလုံးကိုစစ်သင်တန်း ပေးမှုများ စတင်ခဲ့ပါသည်။[၃၁] နိုင်ငံ

## ပုံ - ၂ တပ်မတော်အစိုးရ၏ ကြွေးကြော်သံများ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား
■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။
✻ RFA, DVB - သွေးထိုးနေသည်။
✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✻ နားမယောင်လေနဲ့ သတိထား။

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၄ ရက်၊ အင်္ဂါနေ့

ဒို့တာဝန်အရေး(၃)ပါး
❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

တော်အား ဆန့်ကျင်ဆန္ဒထုတ်ဖော် လှုပ်ရှားမှုများကို နှိမ်နင်းခြင်းများတွင် လက်နက်ကိုင် လုံခြုံရေးတပ်ဖွဲ့များသည် "စွမ်းအားရှင်" ဟူ၍ ခေါ်ဆိုသော လက်ရဲဇက်ရဲရှိသူ အရပ်ဝတ်များကို အသုံးပြုခဲ့ပါသည်။[၁၃၂]

အဆိုပါ ဆောင်ရွက်မှုများကို အဓိက ကိုင်တွယ်ပုံဖော်ခဲ့သူမှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသမဟုတ်ဘဲ ထောက်လှမ်းရေးအကြီးအကဲအဖြစ်တာဝန်ယူခဲ့သည့်ဗိုလ်ချုပ်ကြီးခင်ညွန့်[၁၃၃]လည်းပါဝင်ပြီး ၂၀၀၄ ခုနှစ် သူဖြုတ်ချခံရသည့် အချိန်ထိ ဖြစ်သည်။ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ထောက်လှမ်းရေးတပ်၏ ညွှန်ကြားရေးမှူးအဖြစ် တပ်ဖွဲ့ဝင်ပေါင်း(၂၀၀၀)ဝန်းကျင်အသုံးပြုကာ စစ်တပ်တစ်ခုလုံးကို သာမက အရပ်ဘက် အစိုးရဌာနများကိုလည်း ကျယ်ပြန့်စွာ ဖြန့်ကြက် စောင့်ကြည့်ခဲ့ပါသည်။ ယင်းတို့၏ အဓိက နောက်ထပ် လုပ်ဆောင်ချက် တစ်ခုမှာ NLD နှင့် NLD ကိုထောက်ခံ အားပေးသူများကို အထူးသဖြင့် တက္ကသိုလ်များတွင် စောင့်ကြည့် ဖမ်းဆီး အရေးယူမှုများကို ပြုလုပ်ခဲ့ ခြင်း ဖြစ်ပြီး လူထု၏ နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခြင်း ကိုကြောက်လန့်စေရန်ဆောင်ရွက်ခဲ့သည်။[၁၃၄]

၂၀၀၄ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အဂတိ လိုက်စားမှုနှင့် အာဏာကို အလွန်သုံးစွဲမှုအကြောင်းပြချက်များဖြင့် ဖြုတ်ချအရေးယူခြင်း ခံခဲ့ရပါသည်၊[၁၃၅] ထိုအဆင့်အထိသူဦးဆောင်ခဲ့သောထောက်လှမ်းရေးတပ်ဖွဲ့သည် နိုင်ငံခြားရေးမူဝါဒ ဆိုင်ရာများကို ဦးစီးခြင်း၊ တိုင်းရင်းသား ဒေသများရှိ ပြည်သူ့စစ်လှုပ်ရှားမှုဆိုင်ရာများ၊ ဆိုင်ဘာတိုက်ခိုက်မှုများ (အင်တာနက် ဝန်ဆောင်မှုပေး သူများကို တည်ထောင်ခြင်းဖြင့်)၊ ပုဂ္ဂလိကမီဒီယာများတွင် ရှယ်ယာရှင်အဖြစ်ပါဝင်ခြင်း၊ စာတမ်း ဖတ်ပွဲများ ဦးဆောင် ပြုလုပ်ခြင်း၊ စာအုပ်ထုတ်ဝေခြင်းများ[၁၃၆] နှင့် နယ်စပ်ဝင်ထွက်မှုများ စသည်တို့ကို ကိုင်တွယ်စောင့်ကြည့် စစ်ဆေးအရေးယူမှုများ ပြုလုပ်ခဲ့သည်။[၁၃၇] ပြည်တွင်းပြည်ပရှိ တိုင်းရင်းသားခေါင်းဆောင်များနှင့် အတိုက်အခံများ ပျောက်ကွယ်သွားခြင်းနှင့်လုပ်ကြံခံရမှုများတွင်ပါဝင်ပတ်သက်မှုရှိခဲ့သည် ဟူ၍လည်း သံသယရှိခဲ့ ကြပါသည်။[၁၃၈]

နောက်ထပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဆောင်ရွက်ခဲ့မှုမှာ ရဲတပ်ဖွဲ့ကို ပြုပြင်ပြောင်းလဲမှု ဖြစ်သည်။ ရဲတပ်ဖွဲ့၏ အဂတိလိုက်စားမှုနှင့် အားနည်းမှုရှိသည်ဆိုသောအမြင်များကိုတန်ပြန်ရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံရဲ တပ်ဖွဲ့ဟူ၍ အမည်ပြောင်းလဲခဲ့ ပြီး ဥပဒေသစ်များ၊ မူဝါဒများနှင့် လက်စွဲစာအုပ်များ ပေါ်ထွက်လာအောင်ဆောင်ရွက်ခဲ့သည်။[၁၃၉] သို့သော်လည်း အဆိုပါ ရဲတပ်ဖွဲ့သစ်ကို တပ်မတော်၏ ရည်မှန်းချက်နည်းဗျူဟာများ အထမြောက်စေရန် ကူညီဆောင်ရွက်ပေးရန်ရည်ရွယ်ချက်ဖြင့် ဆက်လက် ထိန်းချုပ်ထားပါသည်။ တရားဝင်ထုတ်ပြန်ချက်အရအဆိုပါရဲတပ်ဖွဲ့သည်သေချာစွာ သင်တန်းပေး လေ့ကျင့်ခြင်း ခံထားရသည့် လက်နက်ကိုင်အဖွဲ့ဖြစ်ပြီး နိုင်ငံ၏အရေးပေါ်ကိစ္စရပ်များတွင် ကာကွယ်စောင့်ရှောက် ပေးနိုင်သည်ဟူ၍ဖော်ပြထား ပါသည်။ ပြည်သူလူထုနှင့် ပို၍ခိုင်မာသည့်ဆက်ဆံ ရေးတည်ဆောက်ခြင်းသည် ရန်သူကို နှိမ်နင်းရန်နည်းဗျူဟာ၏အစိတ်အပိုင်းတစ်ခုဖြစ်ပြီး

“လူထုစစ်ပွဲ” အယူအဆနှင့် ဆက်စပ်နေပါသည်။[၁၄၀] “ကူညီပါရစေ” ဆိုသည့်စကားစုဖြင့်အပေါ်ယံပြောင်းလဲလာသည့်ရဲတပ်ဖွဲ့အပေါ်လူထုအကြားမှာ မေးခွန်းထုတ်မှုများနှင့်အတူ ယုံကြည်မှု နည်းပါးခြင်း၊ လက်လှမ်းမီရန် ခက်ခဲခြင်းနှင့် အဂတိလိုက်စားများဖြင့်ဆက်လက်ရှိနေပါသည်။[၁၄၁] ဗိုလ်ချုပ်ကြီးခင်ညွန့် ထုတ်ပယ်ခြင်း ခံရပြီးနောက်ပိုင်းတွင် ပြုပြင်ပြောင်းလဲမှုများကိုဝန်ကြီးချုပ်သိန်းစိန်နှင့်ရဲချုပ်ခင်ရီတို့ကဆက်လက်၍ ဆောင်ရွက်ခဲ့သည်။[၁၄၂]

ဤအချိန်ကာလများအတွင်းလက်နက်ကိုင်တပ်ဖွဲ့များအား ခေတ်မီအောင် အစီအစဉ်များချ၍ တစ်ဟုန်ထိုး ဆောင်ရွက်ခဲ့ပါသည်။ ကာကွယ်ရေး စစ်လက် နက်ပစ္စည်းစက်ရုံများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ တပ်မတော်ပိုင် ကုမ္ပဏီများအားဖြင့် လက်နက်နှင့် စွမ်းဆောင်ရည် မြင့်မားအောင် ဆောင်ရွက်ခဲ့သည်။ ဒုံးလက်နက်စနစ်များ၊ တိုက်လေယာဉ်များ၊ ရေတပ် ရေယာဉ်များနှင့် စစ်လက်နက်ပစ္စည်းများ ဝယ်ယူခြင်းများ သည် ပြင်ပရန်ကာကွယ်ရန်ဆိုသည့် အခြေခံဖြင့် လုပ်ဆောင်ခဲ့သည်။[၁၄၃] ထိုသို့လုပ်ဆောင်ခြင်းများသည် တပ်မတော်သည်ယင်း၏လမ်းကြောင်းကိုဆက်သွားနိုင်ရန်နှင့်ပြည်တွင်း ပြည်ပမှ ဖိအားပေးမှုများကို ခုခံကာကွယ်ရန်အတွက် ပို၍တိုးတက်မှုကိုဖြစ်စေခဲ့သည်။

> “ ဤအချိန်ကာလများအတွင်း လက်နက်ကိုင်တပ်ဖွဲ့များအားခေတ်မီအောင် အစီအစဉ်များချ၍ တစ်ဟုန်ထိုး ဆောင်ရွက်ခဲ့ပါသည်။ ကာကွယ်ရေးစစ်လက်နက် ပစ္စည်းစက်ရုံများ ဖွံ့ဖြိုးတိုးတက်လာမှု နှင့်အတူ တပ်မတော်ပိုင် ကုမ္ပဏီများအားဖြင့် လက်နက်နှင့် စွမ်း ဆောင်ရည်မြင့်မားအောင် ဆောင်ရွက်ခဲ့သည်။ ”

သို့သော်လည်း တပ်မတော်သည် နောက်ပြန်သွားသည် ဟူသည့် အမြင်များလည်း အခြားတစ်ဖက်မှာ ရှိခဲ့ပါသည်။ သန်းရွှေသည် ခြေလျင်တပ်ရင်းများကို ကြီးမားစွာ တိုးချဲ့ခဲ့ ပြီး ဗမာမဟုတ်သော တိုင်းရင်းသား ဒေသများတွင် တပ်အခြေချမှုများများစွာပြုလုပ်ခဲ့ပါသည်။တစ်ချိန်တည်းမှာပင် စုဆောင်းခဲ့သောတပ်သား များ၏ အရည်အသွေးများမှာ သိသာစွာ ကျဆင်းခဲ့ ပြီး တပ်ရင်းများကို ကိုယ့်အားကိုယ်ကိုး ရပ်တည်ရန်လည်း ညွှန်ကြားမှုများရှိသည့်အတွက် လူ့အခွင့်အရေး ချိုးဖောက်မှုများမြင့်တက်ခဲ့ပါသည်။ တပ်မတော်သည် ပဋိပက္ခဖြစ်ပွားရာဒေသများတွင် “ဖြတ်လေးဖြတ်” အစီအစဉ်အား တော်လှန်ပုန်ကန်မှုကိုတန်ပြန်တိုက်ခိုက်သည့်နည်းဗျူဟာအဖြစ် ဆက်လက် သုံးစွဲလျက်ရှိပါသည်။[၁၄၄] ခြေလျင်တပ်ခွဲများသည်ရွာများရှိအိမ်များကိုအကြိမ်ကြိမ်မီးရှို့ခြင်းနှင့် ဒေသခံတို့အား အစုလိုက်အပြုံလိုက်နေရာပြောင်းရွှေ့စေခြင်းများပြုလုပ်ခဲ့ပါသည်။[၁၄၅]

ဗိုလ်ချုပ်ကြီးခင်ညွန့်၏ နောက်ထပ်ဆောင်ရွက်ခဲ့မှုတစ်ခုမှာ တပ်မတော်အစိုးရသည် ၁၉၈၉ ခုနှစ် မှ ၂၀၁၀ ပြည့်နှစ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ များစွာနှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်နိုင်ခဲ့ပါသည်။[၁၄၆] ထိုအရာသည် တပ်မတော်အနေဖြင့် တိုက်ခိုက်စရာအဖွဲ့ အနည်းငယ်သာရှိသည့် အနေအထားကို ရောက်ရှိသွားပြီး တပ်အများစုသည် နယ်မြေစိုးမိုးရေးနှင့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ အပစ်အခတ်ရပ်စဲခဲ့သည့် အဖွဲ့များအား ပြည်သူ့စစ်အဖြစ် ပြောင်းလဲရန်ဆောင်ရွက်ခဲ့မှုများ ရှိ ခဲ့ ပြီး အဆိုပါ တောင်းဆိုမှုကြောင့်အပစ်ရပ်အဖွဲ့များအတွင်းထပ်မံကွဲသွားခြင်းများလည်းဖြစ်ပေါ်ခဲ့ပါသည်။နယ်စပ်ဒေသဖွံ့ဖြိုးရေး (လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားခဲ့သည့်ဒေသများ) ရည်ရွယ်ချက်ဖြင့် နယ်စပ် ရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့ပါသည်။ တိုင်းရင်းသား ဒေသများအတွင်း (ဗမာမဟုတ်သော အခြားတိုင်းရင်း သားများ) ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် ယင်းတို့အားသာချက် ပိုမိုရရှိကာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများကို အားနည်းသွားစေရန် ဖြစ်သည်။

အဆိုပါ နည်းဗျူဟာသည် အစိုးရအားအချို့ နယ်မြေအသစ်များကို ထိန်းချုပ်နိုင်ရန် အကူအညီဖြစ်စေခဲ့သလို အစိုးရအနေဖြင့် နိုင်ငံရေးအရဆွေးနွေးရန်လည်း ငြင်းဆိုခဲ့သည်။ ထို့နောက်အပစ်အခတ်ရပ် အဖွဲ့များကို တင်းကျပ်သည့် အနေအထားဖြင့် တပ်မတော် ထိန်းချုပ်မှုအောက်ရှိ နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲရန် တောင်းဆိုခဲ့သည့်အတွက် ၂၀၁၁ ခုနှစ်တွင် အပစ်ရပ်စဲခြင်းများ ကျိုးပျက်ကာ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာခဲ့သည်။

အပစ်အခတ်ရပ်စဲရေး ကာလသည် အပစ်ရပ်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို ဘဏ္ဍာရေး အရင်းအမြစ်များစွာဖြင့် ထောက်ပံ့မှု ရှိခဲ့သလိုတပ်မတော်၏ စစ်တိုးချဲ့ချထားမှုများကျယ်ပြန့်စွာဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် သဘာဝအရင်းအမြစ်များ လွန်စွာထုတ်ယူမှုများ ရှိခဲ့သည့်အတွက် တိုင်းရင်းသားဒေသများတွင် ထိခိုက် ခံစားရကာနာကြည်းမှုများ များစွာဖြစ်ပေါ်ခဲ့ပါသည်။ ရလဒ်အနေဖြင့်၂၀၁၁ ခုနှစ်နောက်ပိုင်း အသစ်သော ပဋိပက္ခများမြင့်တက်လာခဲ့ပါသည်။ တပ်မတော်၏ အငြင်းပွားဖွယ်ရာ ဆောင်ရွက်မှုများသည်လည်း ယခင် ဆယ်စုနှစ်များ ထက်ပိုမို ခြောက်လှန့်မှုကို ဖြစ်ပေါ်စေခဲ့ပါသည်။

## ဒီမိုကရေစီနည်းလမ်းကျ လုံခြုံရေးကဏ္ဍအတွက် NLD ၏ မျှော်မှန်းချက်

၁၉၈၈ ခုနှစ်မှ စ၍အရပ်သားအစိုးရဖြစ်ရေးနှင့်တပ်မတော်ကို အရပ်သားအစိုးရအောက် ထားရှိရေးသည် ဒေါ်အောင်ဆန်းစုကြည်၏ အဓိကနိုင်ငံရေးလှုပ်ရှားမှု ဖြစ်ခဲ့ပါသည်။ တပ်မတော်ကိုတည်ထောင်ခဲ့သူ၏သမီး တစ်ဦးအနေဖြင့် တပ်မတော် အပေါ်တွင်အစဉ် လေးစားမှု ရှိခဲ့ပြီး တပ်မတော် ပြိုကွဲမှုကိုလည်း အလိုမရှိကြောင်း အမြဲဖော်ပြခဲ့ပါသည်။[147] တပ်မတော်၏ ပြုပြင်ပြောင်းလဲမှုကိုသာ အစဉ်အလေးပေး ပြောဆိုခဲ့ပါသည်။[148] အထူးသဖြင့် တပ်မတော်ကို အရပ်သားအစိုးရ ထိန်းချုပ်မှုအောက်ရောက်ရှိရေးနှင့် ပြည်သူလူထုက လေးစားပြီး ဂုဏ်ရှိသည့် တပ်မတော် ဖြစ်ရေးတို့ကို ပြောဆိုခဲ့ပြီး တပ်မတော်၏ဆောင်ရွက်ချက်များ သည်ပြည်သူလူထုနှင့်တိုင်းပြည်ကို ထိရောက်စွာ ကာကွယ် စောင့်ရှောက်မှု ပေးနိုင်ရမည် ဆိုသည့် အချက်ကို အလေးပေး ဖော်ပြခဲ့ပါသည်။[149]

အဆိုပါအမြင်များသည်နိုင်ငံရေးသိပ္ပံပညာရှင်ဆယ်မြူရယ် ဟန်တင်တန်၏ "ပရော်ဖက်ရှင်နယ်တပ်မတော်" အယူအဆကို ရောင်ပြန်ဟပ်နေပြီးအနောက်တိုင်း ဒီမိုကရေစီ ဆောင်ရွက်မှု ပုံစံမျိုးဖြစ်ပါသည်။[150] ၁၉၉၀ ပြည့်နှစ်အစောပိုင်းကာလများမှ စ၍ဒေါ်အောင်ဆန်းစုကြည်သည် သူမ၏ ရည်မှန်းချက်ပန်းတိုင်များကို "လစ်ဘရယ် ဒီမိုကရေစီ"[151] အယူအဆအရ ရည်ညွှန်းပြောဆိုခဲ့ကာ အဆိုပါအတွေးအခေါ်များ ကိုဒေသနှင့် ကိုက်ညီအောင် ပြုလုပ်နိုင်ကြောင်းနှင့် အထူးသဖြင့်မြန်မာ့ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာအတွေးအခေါ်[152] တို့ဖြင့်လည်းသင့်လျော်ကြောင်း ပြောဆိုခဲ့ပါသည်။ သို့သော်လည်း ထိုအချိန်မှစ၍ သူမ၏ ရေးသားမှုများနှင့် မိန့်ခွန်းများတွင် အင်စတီကျူးရှင်းများ စီစဉ်ထားရှိမှုတို့နှင့် ပတ်သက်၍ အနည်းငယ်သာ ထည့်သွင်းပြောဆိုရေးသားခဲ့ပြီး အထူးသဖြင့် အာဏာရှင်ဝါဒချုပ်ငြိမ်းရန် အလေးပေး ပြောဆိုခဲ့သည်။ ထို့ကြောင့် အာဏာရှင်စနစ် တော်လှန်သည့် စိတ်ဓာတ်များ ပြန့်ပွားအောင်မြင်ရေးသည် အစိုးရ တရားဝင်မှုဝါဒများနှင့် အင်စတီကျူးရှင်းများကို ပြုပြင်ပြောင်းလဲရန်ကြိုးစားခြင်းထက် ပို၍ အလေးပေးခဲ့ကြောင်း တွေ့ရပါသည်။[153]

> “
> **၁၉၈၈ ခုနှစ်မှစ၍ အရပ်သားအစိုးရဖြစ်ရေးနှင့် တပ်မတော်ကို အရပ်သားအစိုးရအောက် ထားရှိရေးသည် ဒေါ်အောင်ဆန်းစုကြည်၏ အဓိကနိုင်ငံရေးလှုပ်ရှားမှု ဖြစ်ခဲ့ပါသည်။**
> ”

သို့သော်ငြားလည်း လစ်ဘရယ် ဒီမိုကရက်တစ်စံနှုန်းများကို အခြေခံသော လုံခြုံရေးကဏ္ဍနှင့် ပတ်သက်သည့် အစီအစဉ်များနှင့် လုံခြုံရေးတပ်ဖွဲ့များသည် ပြည်သူလူထု၏ အခွင့်အရေးများကို လေးစားလိုက်နာရန် လိုအပ်မှုစသည်တို့ကို သူမ၏မိန့်ခွန်းနှင့် ရေးသားမှုများတွင် တွေ့နိုင်ပါသည်။ အခြားသူမ၏အရေးကြီးသော ရပ်တည်ချက်မှာ သူမ၏ ဖခင်တည်ထောင်ခဲ့သည့်တပ်မတော်သည်ဦးနေဝင်းတပ်မတော်ထက်ပိုမိုယုံကြည်မှုခံရသောဂုဏ်ယူနိုင်သော တပ်မတော် ဖြစ်စေရန်နှင့် ပြည်သူလူထုကိုအခြေပြုဦးတည်သော တပ်မတော်ဖြစ်ရန်တို့ ဖြစ်ပါသည်။[154]

၁၉၉၉ ခုနှစ်တွင် NLD မှ ထုတ်ဝေခဲ့သော မူဝါဒစာတမ်းတွင် "တပ်မတော်သည် ဒီမိုကရေစီအလေ့အကျင့်များကို ကာကွယ်လိုက်နာ ဖြည့်ဆည်းပေးနိုင်သည့်ဂုဏ်သိက္ခာရှိသော တပ်မတော်ဖြစ်သင့်သည်" ဟူ၍ဖော်ပြထားပါသည်။[155] တပ်မတော်အားအရပ်ဘက်ထိန်းချုပ်မှုအောက်ရောက်ရှိရေး၊ အစိုးရဌာနများတွင် နေရာယူမှုများကို ဖယ်ရှားရေးနှင့်စစ်

ဘက်မှ အရပ် ဘက်ဌာနသို့ ပြောင်းရွှေ့ နေရာချထားမှုများအဆုံး သတ်ရေး တို့ကိုလည်း ဖော်ပြထားပါသည်။ အရည်အတွက်ကို အခြေမခံဘဲ အရည်အချင်းကို အခြေပြု သည့် စစ်မှန်သော ပြည်သူ့တပ်မတော်ဖြစ်ရေးအတွက် လေ့ကျင့် သင်တန်းပေးမှု၊ လူသားအရင်းအမြစ်နှင့် လစာ စသည့်ကိစ္စရပ်များကိုလည်း ထည့်သွင်းဖော်ပြ ထားပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် အဆိုပါကာလများအတွင်းဒီမိုကရေစီ အရေးအတွက် တောင်းဆိုခဲ့ရာတွင်ထိပ်တိုက်တွေ့ဆုံခြင်းကို ရှောင်ရှားခဲ့ ပြီး သူမသည်တပ်မတော်အား လေးစားကြောင်းနှင့် တပ်မတော်ခေါင်းဆောင်များသည် သူတို့အာဏာလက်လွှတ်ဆုံးရှုံးရမည့်အခြေအနေအထားကြောက်ရွံ့စိုးရိမ်နေသည်ကိုစိတ်မကောင်းကြောင်းပြောဆိုပြီးကိုယ်ချင်းစာထောက်ခံသည်ကို ထပ်တလဲလဲ ပြောဆိုလေ့ရှိသည်။ သူမသည် အကြမ်းမဖက်သည့်နည်းဖြင့် လှုပ်ရှားတောင်းဆိုခဲ့သည်။[၁၅၆] ထိုသို့လုပ်ဆောင်ရခြင်းမှာ အများ ယုံကြည်သကဲ့သို့ ကျင့်ဝတ်ဝတ္တရားကြောင့် မဟုတ်ဘဲ လက်တွေ့ နိုင်ငံရေး အခြေအနေကြောင့်ဖြစ်ပါသည်။ဤနည်းလမ်းသည်တင်းတင်းကျပ်ကျပ်အုပ်ချုပ်သော အစိုးရများကို လွယ်လွယ်ကူကူ အနိုင်ယူ နိုင်လိမ်မည် မဟုတ်ပေ။ ဒေါ်အောင်ဆန်းစုကြည်အပေါ် တပ်မတော်က တုံ့ပြန်ဆောင်ရွက်မှုများသည် သူမအားပြည်တွင်း သာမက နိုင်ငံတကာ မှာပါအား ပေးထောက်ခံမှု မြင့်တက်စေခဲ့ကာ ညှိနှိုင်းဆွေးနွေးရမည့် အခြေအနေကို ဖြစ်ပေါ်စေခဲ့ပါသည်။ နောက်ထပ်သူမ၏ အကြမ်းမဖက်နည်း ကိုရွေးချယ်ရခြင်းမှာ“လက်နက် အားကြီးသူက အနိုင်ရယူခြင်း” ဆိုသည့်အယူအဆ ကိုလူထုစိတ်ထဲ စွဲမြဲသွားပြီး လက်နက်ကိုင် ပဋိပက္ခ ကိုပိုမိုရှည်ကြာစေကာ ဒီမိုကရေစီကိုလည်း ထောက်ပံ့မှုပေးနိုင်မည် မဟုတ်သောကြောင့် ဖြစ်ပါသည်။[၁၅၇]

တရားဥပဒေ စိုးမိုးရေးသည်လည်း သူမ၏ နိုင်ငံရေး မျှော်မှန်းချက် နောက်တစ်ခု ဖြစ်ပါသည်။ ၁၉၉၁ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်သည် “ရွေးကောက်ခံ ဥပဒေပြုလွှတ်တော်နှင့် လွတ်လပ်သည့် တရားစီရင်ရေး မရှိလျှင် အာဏာပိုင်တို့၏ ဥပဒေပြဌာန်းမှုများသည် မျှတမှု မရှိဘဲ လက်ခံနိုင်လောက်သည့် စံနှုန်းများပါဝင်သော တရားစီရင်ရေးရှိနိုင်မည် မဟုတ်”ဟူ၍ရေးသားခဲ့ပါသည်။[၁၅၈] ၁၉၉၆ခုနှစ်တွင် “ဥပဒေ ကြီးစိုးမှုမရှိသည့် အစိုးရအောက်တွင် နေထိုင်ခြင်းသည်မင်းမဲ့စနစ်အောက်တွင်နေထိုင်ခြင်းထက်များစွာ ဆိုးရွားကြောင်း” ရေးသားခဲ့ပါသည်။ စာရွက်ပေါ်မှာသာရှိသည့် ဥပဒေသည် အဓိပ္ပာယ်ကင်းမဲ့ ပြီး နိုင်ငံ ခေါင်းဆောင်များမှသာ ယင်းတို့၏ လိုလားချက်ပန်းတိုင်များ ရောက်ရှိအောင် လုပ်ဆောင်သွားနိုင်ပါသည်။ မျှတ၍ ပွင့်လင်းမြင်သာမှုရှိရှိဆောင်ရွက်နိုင်မှသာလျှင် ဥပဒေသည် အဓိပ္ပာယ်ရှိကာ တန်ဖိုးရှိနိုင်မည် ဖြစ်ပြီးပြည်သူလူထုမှလည်း တရားမျှတမှုကို နားလည် လာနိုင်မည် ဖြစ်သည်။[၁၅၉]

## ပထမ အရပ်ဘက်-စစ်ဘက် ပေါင်းစပ်အစိုးရ (၂၀၁၁ - ၂၀၁၆)

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် အငြင်းပွားဖွယ်ရာများ ပါဝင်သည့် ရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး တပ်မတော် ကျောထောက်နောက်ခံ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ပါတီအဖြစ် ပြောင်းလဲလာ သည့်ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီက အနိုင်ရရှိခဲ့ပါသည်။ NLDသည် စစ်တပ်မှ နိုင်ငံရေး အခန်းကဏ္ဍနေရာများစွာ ယူထားပြီးမေးခွန်း ထုတ်စရာများ ရှိသည့် လူထုဆန္ဒခံယူပွဲဖြင့်အတည်ပြုခဲ့သည့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင် ပြီး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဝင်ရောက်ခြင်း မပြုဘဲ သပိတ်မှောက်ခဲ့ပါသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခြေခံမှု တစ်ခုဖြစ်သည့် “စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်”[၁၆၀] ဆိုသည့်အချက်သည်တပ်မတော်ကိုနိုင်ငံတော်၏ အမျိုးသား နိုင်ငံရေးအခန်းကဏ္ဍတွင်ဦးဆောင်မှုကို ဖြစ်ပေါ်စေလာပါသည်။[၁၆၁] အဆိုပါဦးဆောင်မှုကို အထောက်အကူ ဖြစ်စေရန်အတွက် လွှတ်တော်များတွင်တပ်မတော်မှ ကိုယ်စားလှယ်နေရာ ၂၅ ရာခိုင်နှုန်း[၁၆၂] ရယူထားခြင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့အတွက် ဝန်ကြီးနှင့် ဒုဝန်ကြီးများကိုကာကွယ်ရေး ဦးစီးချုပ်က လက်ရှိ တပ်မတော်သားများမှ ရွေးချယ်နိုင်မှုနှင့် ထုတ်ပယ်နိုင်မှု အခွင့်အာဏာကို ရယူထားပါသည်။[၁၆၃] ထို့ပြင် တပ်မတော်သည် စစ်ဆင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့် အာဏာကိုလည်းရယူထားပါသည်။အခန်း၃.၂တွင်အသေးစိတ်ဆွေးနွေးထားပါသည်။ ပို၍ အရေးကြီးသည့် အချက်

တစ်ချက်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ရာတွင် လွှတ်တော်၏ ၇၅ ရာခိုင်နှုန်း ကျော်ထောက်ခံမှုရရှိမှသာ ပြင်ဆင်နိုင်မှုသည် တပ်မတော်ကို ဗီတိုအာဏာပေးထားသည့် ပုံစံမျိုးဖြစ်ပါသည်။[၁၆၄] အဆိုပါပြဋ္ဌာန်းချက်များသည် တပ်မတော်ကို ဒီမိုကရေစီကူးပြောင်းရေးဖြစ်စဉ်တွင် “စောင့်ရှောက် အုပ်ထိန်းသူ ”အဖြစ်ဆက်လက်တည်ရှိစေခဲ့ ပြီး ယင်း၏ အတွေးအခေါ်နှင့်ကိုယ်ကျိုးစီးပွားကို ကာကွယ်ရန် အတွက်ဖြစ်စေခဲ့ပါသည်[၁၆၅]။

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီး ယခင်တပ်မတော်အစိုးရ၌ အဆင့် (၄) နေရာတွင်ရှိပြီး ဝန်ကြီးချုပ် တာဝန်ယူခဲ့သည့် ဦးသိန်းစိန်သည် သမ္မတဖြစ်လာပြီး တပ်မတော် အစိုးရလက်ထက် အဆင့် (၃) နေရာ၌ ရှိခဲ့သူ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဖြစ်လာခဲ့ပါသည်။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အဖြစ် အချို့စစ်ဗိုလ်ချုပ်များထက် အနည်းငယ်သက်တမ်းနုသည့်ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်ကို ကာကွယ်ရေး ဦးစီးချုပ်နေရာအား ခန့်အပ်ခဲ့ပါသည်။ ရွေးကောက်ပွဲပြီး ရက်ပိုင်းအတွင်းတွင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးခဲ့ပါ သည်။

သမ္မတ ဦးသိန်းစိန်သည် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင် ပြောင်းလဲမှုများ ပြုလုပ်ခဲ့ ပြီး သတင်းမီဒီယာများကို လွှတ်လပ်မှုပေးခြင်း၊ စာပေ ထုတ်ဝေခွင့်ကန့်သတ်မှုများကို ဖြေလျှော့ပေးခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများကိုခွင့်ပြုပေးခြင်း၊ နိုင်ငံရေးအကျဉ်းသားများကိုလွှတ်ပေးခြင်း၊[၁၆၆] ပြည်ပရောက် အတိုက်ခံလှုပ် ရှားသူများကို ပြန်လာရန် ဖိတ်ခေါ်ခြင်း၊ နိုင်ငံတကာကူညီရေး အဖွဲ့အစည်းများကို ကြိုဆိုခြင်းနှင့် ၁၉၆၂ ခုနှစ်မှစ၍ မမြင်တွေ့ခဲ့ရသည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။ ထို့ပြင် တရားဥပဒေ စိုးမိုးမှု အားကောင်းခြင်းဖြင့်လူ့အခွင့်အရေး၊ လွတ်လပ်မှုနှင့် ဒီမိုကရေစီ အလိုအလျောက်[၁၆၇]အားကောင်းလာမည်ဆိုသည့်အချက်ကိုအခြေခံပြီး တရားဥပဒေ စိုးမိုးမှုကို အလေးထားဆောင်ရွက်ခဲ့သည်။ လုံခြုံရေးနှင့် တရားစီရင်ရေးကဏ္ဍများကို သက်ရောက်မှု ရှိစေမည့် လွတ်လပ်သောတရားစီရင်ရေး စနစ် အားကောင်းစေရန် အစပြုဆောင်ရွက်ခဲ့ပါသည်။ (အခန်း ၃၊ ၄၊ ၅ တွင် ဆွေးနွေးထားပါသည်)။

တပ်မတော်၏ ပြုပြင်ပြောင်းလဲရေးများတွင် ကမကထပြုခဲ့မှုနှင့် အချိန်အခါအရ အာဏာများ စွန့်လွှတ်ရန် မရှိသေးသည့် အကြောင်းရင်းများကို ရှင်းပြခဲ့မှု များစွာရှိခဲ့ပါသည်။[၁၆၈] တပ်မတော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုလမ်းကြောင်းအပေါ်ဖွင့်ပေးမှု(သို့)ကြိုက်နှစ်သက်မှု မရှိခဲ့သည့် အချက်များကို အခန်း ၂၂တွင်ကျယ်ကျယ်ပြန့်ပြန့်ထည့်သွင်းဖော်ပြထားပါသည်။ ၂၀၁၅ ခုနှစ်တွင် တပ်မတော်ကရေးသားခဲ့သည့် စက္ကူဖြူစာတမ်းတွင် မြန်မာနိုင်ငံ၏ စီးပွားရေးအကျိုးကျေးဇူးများ ရရှိလာခြင်းသည် ကမ္ဘာတစ်ဝန်းမှ မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုကို အသိအမှတ်ပြုခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ပြည်တွင်းနိုင်ငံရေး တည်ငြိမ်လာခြင်းတို့ကြောင့် ဖြစ်ကြောင်းကို ဖော်ပြထားပါသည်။[၁၆၉] တပ်မတော်သည် “တာဝန်ယူမှု မပါသည့် အာဏာများ” ကိုရယူထားလိုဟန် ရှိပါသည်။ [၁၇၀] ဆိုလိုသည်မှာ ယင်းတို့၏ စီးပွားရေးများ ဆက်လက်ဆောင် ရွက်နိုင်ရန်နှင့် အပေါ်စီးရရှိထားသည့် နေရာများကို ဆက်လက် ထိန်းသိမ်းနိုင်ရန် ဖြစ်ပါသည်။ တစ်ဖက်တွင်တော့ အဆိုပါ အချက်များကြောင့် အစိုးရ လုပ်ဆောင်မှုများ အခက်အခဲနှင့် ကြုံတွေ့နေရပါသည်။

အပြောင်းအလဲများ ဖြစ်ပေါ်လာခြင်းကြောင့် သာမန်ပြည်သူများနှင့် ၂၀၀၈ ခုနှစ်ကတည်းက စ၍ ကြီးထွားလာသည့် အရပ်ဘက် အဖွဲ့အစည်းအတွက် လွတ်လပ်မှုများရှိလာပါသည်။[၁၇၁]အဆိုပါအရွေ့အပြောင်းသည်အစိုးရစနစ် ထိပ်ပိုင်းတွင်လည်း ပို၍ဗဟုဆန်လာသည်ကိုတွေ့ရပါသည်။အာဏာကိုအဓိကခေါင်းဆောင်သုံးနေရာအကြား ခွဲဝေခဲ့ပါသည်။[၁၇၂] သို့သော်လည်းအစိုးရအသစ်တွင် အားလုံးပါဝင်မှု မရှိသည့် အနေအထား ရှိနေဆဲ ဖြစ်ပါသည်။ အထူးသဖြင့် အမျိုးသမီး ပါဝင်မှုနှင့် လူနည်းစု တိုင်းရင်းသားများ ပါဝင်မှု အားနည်းပါသည်။

အထက်တွင် ဖော်ပြခဲ့သည့် အပြောင်းအလဲများသည်အရပ်ဘက်အုပ်စိုးမှုအပြည့်အဝသို့ရောက်ရှိရန် ပထမအဆင့်အနေဖြင့် မရှိမဖြစ် ကိုယ်စားပြုသည်ဟူ၍တော့ဆို၍ မရပေ။ အထူးသဖြင့် ဒီမိုကရေစီရှေ့ဆက် တိုးတက်လာရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းမှုအပေါ်တွင်မူတည်နေကြောင်း ပြောဆိုမှုများ မြင့်တက်လာပါသည်။ လက်တွေ့တွင်မူ ၂၀၁၁ ခုနှစ်မှစ၍ ပဋိပက္ခများ ပိုမိုမြင့်တက်မှု ရှိလာပါသည်။[၁၇၃]

၂၀၁၂ ခုနှစ် ဧပြီလတွင် NLD သည်ကြားဖြတ် ရွေးကောက်ပွဲအားဖြင့် လွှတ်တော်များအတွင်း ဝင်ရောက်လာပါသည်။ အဆိုပါ ဝင်ရောက်လာမှုသည်ဒီမိုကရေစီအတွက် အောင်မြင်မှု တစ်ခုအနေဖြင့်နိုင်ငံ တကာမှ ကျယ်ကျယ်ပြန့်ပြန့် ကြိုဆိုခဲ့ကြပါသည်။ ဤအရာသည် NLD၏ ပထမဦးဆုံး တပ်မတော်နှင့် အတူတရားဝင် နိုင်ငံရေးရာတွင် အတူဆောင်ရွက်မှုဖြစ်လာပါသည်။ ဒေါ်ဆောင်ဆန်းစုကြည်နှင့် အစိုးရ-တပ်မ တော်ခေါင်းဆောင်များအကြား ယုံကြည်မှုလည်း ပြန်မြင့်တက်လာပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသူရဦးရွှေမန်းနှင့် အလွန်နီးစပ်မှုရှိပြီး သမ္မတ ဦးသိန်းစိန်နှင့်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့နှင့်လည်း အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးမှုများရှိခဲ့ပါသည်။[၁၇၄] သမ္မတ ဦးသိန်းစိန်သည် နောက်ကွယ်မှကောင်းစွာ ကြိုးကိုင်ထားသည့် အာဏာလွှဲပြောင်းမှုတွင် နာခံမှုရှိရှိဖြင့် ဆောင်ရွက်ခဲ့ပါသည်။[၁၇၅]

NLD၏တပ်မတော်ကိုနိုင်ငံရေးမှဖယ်ထုတ်လိုသည့် အစီအစဉ်သည် ဆက်လက် တည်ရှိနေပါသည်။ NLD ၏ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ ကြေညာချက်တွင် "တပ်မတော်သည် နိုင်ငံအတွက် မရှိမဖြစ် အဖွဲ့အစည်းဖြစ်ပါသည်။ တပ်မတော်သည် ဒီမိုကရေစီမှုများကိုခုခံကာကွယ်ပြီးအားလုံး၏ဂုဏ်ယူရသည့် အဖွဲ့အစည်း ဖြစ်ရမည်"[၁၇၆] ဆိုပြီး ထည့်သွင်း ဖော်ပြထားပါသည်။ ထို့ပြင် "တပ်မတော်နှင့် ကာကွယ်ရေး အင်စတီကျူးရှင်းများ ပြည်သူ့ ထိန်းချုပ်မှုအောက်ရောက်ရှိရန် လုပ်ဆောင်သွားမည်"[၁၇၇] ဆိုသည့် အချက်ကိုလည်းထည့်သွင်း ဖော်ပြထားပါသည်။[၁၇၈]

# ၂.၂
# ၂၀၁၉ အတွင်း အရပ်ဘက်-စစ်ဘက် ဆက်ဆံရေး

## ပုဂ္ဂိုလ်နှစ်ဦး ဆက်ဆံရေးများ

၂၀၁၆ခုနှစ်မှစ၍NLDနှင့်တပ်မတော်တို့၏ ပေါင်းစပ်ထားသည့် အုပ်ချုပ်မှုတွင် အရပ်ဘက်-စစ်ဘက်ဆက် ဆံရေးနှင့် ပတ်သက်၍ ပုဂ္ဂိုလ်နှစ်ဦးဖြစ်သည့်ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီးမင်းအောင် လှိုင်တို့အကြား ဆက်ဆံရေးသည် အဓိကဖြစ်လာသည်။ အဆိုပါပုဂ္ဂိုလ် နှစ်ဦးလုံးသည် ၎င်းတို့ဦးဆောင် နေသည့် အင်စတီကျူးရှင်း များတွင်အာဏာကိုဗဟိုပြုကိုင်တွယ်ထားကြသူများဖြစ်ပါသည်။ သို့သော် သူတို့နှစ်ဦး၏ လုပ်ပိုင်ခွင့်အာဏာများသည် အခြေခံ ဥပဒေအရ တစ်ခုနှင့်တစ်ခု အပြန်အလှန်ထပ်နေသည့်သဘော ရှိပြီးမိမိတို့ ဦးဆောင်မှု တရားဝင်ဖြစ်သည်ဟု ယုံကြည်ပုံဖော်ကြပါသည်။ (ပုံ-၃ တွင်ကြည့် နိုင်ပါသည်)။[၁၇၉]

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အရပ်သား ရွေးကောက်ခံနှင့် တပ်မတော်တို့အား အာဏာများကိုတရားဝင်ခွဲဝေထားပါသည်။ အဆိုပါခွဲဝေမှုတွင် တစ်ဖက်မှ အခြားတစ်ဖက်ကို နောက်ဆုံးဆုံးဖြတ်ချက်ချနိုင်သည့်အာဏာကိုထည့်သွင်းထားခြင်းမရှိပေ။ ဤ အစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့မှုများတွင်ဖြေဆိုသူအများအပြားသည်အစိုးရပ်နှစ်ရပ်ရှိနေသည့် အမြင်များကို ဖော်ပြခဲ့ကြပါသည်။ အထက်ပါ ပုဂ္ဂိုလ်နှစ်ဦး၏ တရားဝင်နှင့် အလွတ်သဘောအာဏာရယူထားမှုများကိုပုံ-၃ တွင်အကျဉ်းဖော်ပြထား ပါသည်။

သမ္မတဖြစ်ခွင့် ပိတ်ပင်ခံထားရသည် ဒေါ်အောင်ဆန်းစုကြည်သည် အစိုးရအဖွဲ့ ဝန်ကြီးများရုံးအာဏာအများစုကို သူမ၏ လုပ်ပိုင်ခွင့်အတွင်းမှရယူနိုင်ခဲ့သည်။ အနိုင်ရပါတီ ခေါင်းဆောင်သည့်အလျောက် သူမယုံကြည်ရသည့် ဦးထင်ကျော်ကို သမ္မတအဖြစ် ၂၀၁၆ ခုနှစ်တွင် ဆောင်ရွက်စေခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ဦးဝင်းမြင့်ကို ပြောင်းလဲ ဆောင်ရွက်နိုင်စေခဲ့ပါသည်။ ဦးထင်ကျော်သမ္မတအဖြစ်လွှဲပြောင်းယူပြီးနောက် ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတရုံးဝန်ကြီးနှင့် နိုင်ငံခြားဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ပါသည်။ ဦးသိန်းစိန် အစိုးရ လက်ထက်တွင် သမ္မတရုံးဝန်ကြီးတာဝန်ကို ဝန်ကြီး (၆) ဦးအထိ ခန့်အပ်ခဲ့ပါသည်။ ထိုသို့ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတရုံးဝန်ကြီးဌာနတာဝန်ယူစေခြင်းသည်အစိုးရ၏ အရေးကြီး ကိစ္စရပ်များနှင့် ဆုံးဖြတ်ချက်များကို ယင်းဌာနက ကိုင်တွယ်နိုင်ရန် ဖြစ်ပါသည်။ နိုင်ငံခြားရေး ဝန်ကြီးဌာနအားတာဝန်ယူ ကိုင်တွယ်ခြင်းသည် ထိပ်ပိုင်းအစည်းအဝေးများနှင့် အမျိုးသား လုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီတွင် နေရာတစ်နေရာ ရယူနိုင်ရန် ဖြစ်ပါသည်။

**ပုံ -၃ ဒေါ်အောင်ဆန်းစုကြည် နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တို့ကိုင်ထားသည့် အာဏာများ**

| | ဒေါ်အောင်ဆန်းစုကြည် | ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် |
|---|---|---|
| တရားဝင် အာဏာ | • နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်<br>  • ပြည်ထောင်စုအစိုးရတွင် ဒုတိယ အမြင့်ဆုံးရာထူးနေရာ<br>  • အစိုးရလုပ်ငန်းများ၏ အဓိကဌာနများကို ကိုင်တွယ်<br>• သမ္မတရုံးဝန်ကြီး<br>• နိုင်ငံခြားရေးဝန်ကြီး<br>  • အမျိုးသား လုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီတွင် နေရာတစ်နေရာပါဝင်<br>• အစိုးရ ကော်မတီ ၂၀ ခု ၏ ဥက္ကဋ္ဌ | တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖြစ်သည့်အတွက် -<br>• ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၀ (ခ) အရ လက်နက်ကိုင်တပ်ဖွဲ့များအားလုံးအပေါ် ကွပ်ကဲနိုင်ခြင်း<br>• ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့ကို ခန့်အပ်နိုင်ရန် အမည်စာရင်းတင်သွင်းနိုင်သည့် အခွင့်အာဏာ<br>• လွှတ်တော်များတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းကို ရွေးချယ်စေလွှတ်နိုင်သည့် အာဏာ<br>• ပြည်ထဲရေးဝန်ကြီးဌာနအားဖြင့် ရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးနှင့် မီးသတ်တို့ကို ထိရောက်စွာထိန်းချုပ်ထားနိုင်ခြင်း<br>• နိုင်ငံ၏ စုံစမ်းထောက်လှမ်းရေးအဖွဲ့များကို ထိန်းချုပ်ထားနိုင်ခြင်း (တပ်မတော်အောက်ရှိ စစ်ဘက်ရေးရာလုံခြုံရေး၊ ရဲတပ်ဖွဲ့အောက်ရှိ သတင်းအထူးတပ်ဖွဲ့နှင့် ပြည်ထဲရေးအောက်ရှိ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့) |
| တရားဝင်မဟုတ်သော်လည်း ထိရောက်သော အာဏာ | • သမ္မတအပါအဝင် ပါတီဝင်များမှ သူမကို အစိုးရအဖွဲ့ဖွဲ့စည်းခွင့်၊ တိုက်ရိုက်မူဝါဒများ၊ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များတွင် တာဝန်ပေးနိုင်မှုနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များ ရွေးချယ်ခွင့်စသည့် ဆုံးဖြတ်နိုင်သည့် အာဏာများကို ပေးအပ်ထားခြင်း<br>• NLD ရွေးကောက်ပွဲဝင်ရာတွင် မဲဆန္ဒနယ် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ပေးနိုင်ခွင့်<br>• သန်းပေါင်းများစွာသော မဲဆန္ဒရှင်များ၏ ထောက်ခံမှုကို ရရှိခြင်း<br>• တိုင်းပြည်၏ ဒီမိုကရေစီလိုလားသော အုပ်စုများအပေါ် စိတ်ဓာတ်ရေးရာအရ ဩဇာအာဏာ ရှိခြင်း | • လက်ရှိတွင် အစိုးရဌာနများနှင့် တရားစီရင်ရေးတို့တွင် တာဝန်ထမ်းဆောင်နေသည့် များစွာသော တပ်မတော် အရာရှိဟောင်းများသည် တပ်မတော်နှင့် ကာကွယ်ရေးဦးစီးချုပ်အား လေးစားခြင်းနှင့် နာခံမှုရှိခြင်း<br>• အငြိမ်းစား ဗိုလ်ချုပ်ကြီးများနှင့် သူ၏စီနီယာများ၏ ထောက်ခံမှု ရရှိခြင်း<br>• စုံစမ်းထောက်လှမ်းရေး အဖွဲ့များနှင့် အရန်တပ်ဖွဲ့များကို စိတ်ပိုင်းဆိုင်ရာ စွမ်းရည်အရ ထိန်းချုပ်နိုင်သည့် အာဏာရှိခြင်း |

ထို့နောက် NLD သည်နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ရာထူးနေရာကို ဖန်တီး၍ ထိုရာထူးအား ဒေါ်အောင်ဆန်းစုကြည်ကို ပေးအပ်ခဲ့ပါသည်။ အဆိုပါရာထူးသည် နိုင်ငံတော်ကို အကြံပေးမှုနှင့်အတူ အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် လူပုဂ္ဂိုလ်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အာဏာကို ပေးအပ်ထားပါသည်။[၁၈၀] အစိုးရ၏ တရားဝင်ရာထူးအဆင့် သတ်မှတ်နေရာချထားမှုတွင် ဒေါ်အောင်ဆန်းစုကြည် ရာထူးသည်သမ္မတအောက်တွင် ရှိပြီး ဒုသမ္မတရာထူးထက်ပို၍မြင့်ပါသည်။[၁၈၁] ကျယ်ပြန့်သည့် ကိစ္စရပ်များကိုစောင့်ကြည့်ဆောင်ရွက်ရန် အစိုးရမှ ဖွဲ့စည်းထားသည့် ကော်မတီ (၂၀) ခုတွင်လည်း ဥက္ကဋ္ဌအဖြစ် ဒေါ်အောင်ဆန်းစုကြည်သည် တာဝန်ယူထားပါသည်။ ထိုအရာကိုကြည့် ခြင်းအားဖြင့် ကျယ်ပြန့်သောကိစ္စရပ်များကို ကိုင်တွယ် စောင့်ကြည့်ရန်ဆိုသည့် အနေအထားမျိုးကို မြင်တွေ့ရပါသည်။[၁၈၂]

တပ်မတော်ဘက်တွင် ကြည့်မည်ဆိုလျှင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၂ ခုနှစ် အထိကာကွယ်ရေး ဦးစီးချုပ်အဖြစ် ဆက်လက်ရှိနေမည်ဖြစ်ပြီး သူ၏အာဏာကိုလည်း သိသာမြင်သာရှိသည့် စိန်ခေါ်မှုမျိုး မရှိသည့်အပြင် အငြိမ်းစားဗိုလ်ချုပ်ကြီးများ၏ ကျောထောက်နောက်ခံ ပေးမှုကို

လည်းရရှိထားပါသည်။ ထို့ကြောင့် တပ်မတော်သာမ ကရဲတပ်ဖွဲ့နှင့် ထောက်လှမ်းရေး တပ်ဖွဲ့များ အပါအဝင်လက်နက်ကိုင် တပ်ဖွဲ့များအားလုံးကို ထိန်းချုပ် ထားနိုင်သည်ကိုတွေ့ရပါသည်။ (အခန်း (၃) တွင် ဆက်လေ့လာနိုင်ပါသည်)။ သို့သော်အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံတစ်နိုင်ငံကို "အစိုးရနှစ်ရပ်" ခွဲဝေသည့်ပုံစံတွင် လုပ်ဆောင်မှုတာဝန်များသည် ရောယှက်နေပြီး မည်သူက မည်သည့်အရာကိုထိန်းချုပ်ကိုင်တွယ်နေသည်ကို တိကျရှင်းလင်းစွာ ဖော်ပြထားမှုမရှိသောကြောင့် ရှုပ်ထွေးမှုများစွာရှိနေပါသည်။ ပို၍ ထပ်မံရှုပ်ထွေးမှုနောက်တစ်ခုမှာ တပ်မတော်အရာရှိဟောင်း များသည် အစိုးရဌာနရာထူးကြီး နေရာများတွင်ကျယ်ပြန့်စွာ နေရာယူထားသောကြောင့်ဖြစ်ပါသည်။ အထူးသဖြင့် တရားစီရင်ရေးတွင်လည်း သိသာစွာနေရာယူထားသည်ကိုတွေ့ရပါသည်။

> **"တိုင်းပြည်အတွင်း ဖြစ်ပွားသည့် မငြိမ်သက်မှုများလည်း ရပ်တန့်သင့်ပြီဖြစ်သလို ပြည်သူလူထုဒုက္ခခံစားရမှုများလည်း ရပ်တန့်သင့်ပြီဖြစ်သည်။ တိုင်းပြည်ကို ပြောင်းပြန်လှန် ထိခိုက်စေမည့်တော်လှန်မှုမျိုးကိုလည်း အားပေးမည် မဟုတ်ပေ။ မိမိတို့သည် သည်းခံရမည်ဖြစ်သလို ဖွဲ့ရှိဖို့လည်း လိုအပ်ပါသည်။"**
>
> ဒေါ်အောင်ဆန်းစုကြည်

## နိုင်ငံရေးတွင် တပ်မတော်၏ အခန်းကဏ္ဍ ညှိနှိုင်းခြင်း

ဒေါ်အောင်ဆန်းစုကြည် အစိုးရတာဝန် ယူပြီးနောက်တွင်လည်း ယခင်ကိုင်စွဲခဲ့သည့် တပ်မတော်အပေါ် အဖွဲ့အစည်းအဖြစ် လေးစားမှုရှိသလို နိုင်ငံရေးတွင် ပါဝင်နေမှုကို ဖယ်ရှားသွားရန် အစီအစဉ်အားလည်း ဆက်လက် စွဲကိုင်ထားပါသည်။ ၂၀၁၈ခုနှစ်စင်ကာပူနိုင်ငံ၌ပြုလုပ်သောဟောပြောပွဲတစ်ခုတွင် လွှတ်တော်များ အတွင်းတပ်မတော်မှ (၂၅) ရာခိုင်နှုန်း နေရာယူထားမှု ကိုဖယ်ရှားသွားရန် ထည့်သွင်း ပြောဆိုခဲ့ပါသည်။ "မိမိ တို့တွင် (၇၅) ရာခိုင်နှုန်း အခွင့်အရေးသာရှိသော်လည်း (၁၀၀) ရာခိုင်နှုန်းသော တာဝန်ယူ ဆောင်ရွက်ရန် ရှိပါသည်။ ထို့ကြောင့် လွှတ်တော်အတွင်းမှ ရွေးကောက်ခံ မဟုတ်သည့် ကိုယ်စားလှယ်များကို ဖယ်ရှားရမည်ဖြစ်ပြီးဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အခြား ဒီမိုကရေစီနှင့် ဆန့်ကျင်သည့် အာဏာများကိုလည်း ပယ်ဖျက်သွားရမည်။ အချို့မှာ တပ်မတော်၏ အာဏာများနှင့် သက်ဆိုင်မှုရှိနေသည်" ဟု၍ ထည့်သွင်းပြောဆိုခဲ့ပါသည်။[၁၈၃]

NLD ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ခြင်းနှင့် စစ်မှန်သည့် ဒီမိုကရေစီ တောင်းဆိုမှုတို့သည် ပါတီ၏ လူသိများမှုကို ဖြစ်ပေါ်စေခဲ့ပါသည်။[၁၈၄] များစွာသော အရပ်ဘက်အဖွဲ့အစည်း ခေါင်းဆောင်များ၊ အခြားနိုင်ငံရေးပါတီ အများစုနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း အများစုတို့သည်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ပြောင်းလဲရန်တစ်ညီတစ်ညွတ်တည်း တောင်းဆိုကြပါသည်။[၁၈၅]

သို့သော်လည်း အရေးကြီးသည့် အချက်မှာ ဒေါ်အောင်ဆန်းစုကြည်သည်အထက်ပါပြောင်းလဲမှုများပြုလုပ်ရာတွင် ပဋိပက္ခများ မြင့်တက်လာခြင်းနှင့် တပ်မတော်၏ ကြမ်းတမ်းစွာ တုံ့ပြန်လာမည်ကို ရှောင် ရှားနိုင်ရန် ဖြည်းဖြည်းချင်း ဆောင်ရွက်သွားမည့်သဘောထားကို ခိုင်မာစွာ ချမှတ်ထားပါသည်။ စင်ကာပူ၌ ပြောကြားမှုတွင် "မိမိတို့သည် တစ်ဆင့်ချင်းစီညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်သည်။ မိမိတို့ပန်းတိုင် ဖြစ်သည့် အမျိုးသား ရင်ကြားစေ့ရေးကို အစဉ် ထိန်းသိမ်းရမည် ဖြစ်သည်။ ပြည်သူလူထု ထိခိုက်မှုကိုလည်း မလိုလားပေ။ တိုင်းပြည်အတွင်း ဖြစ်ပွားသည့် မငြိမ် သက်မှုများလည်း ရပ်တန့်သင့်ပြီဖြစ်သလို ပြည်သူလူထု ဒုက္ခခံစားရမှုများလည်း ရပ်တန့်သင့်ပြီ ဖြစ်သည်။ တိုင်းပြည်ကို ပြောင်းပြန်လှန် ထိခိုက်စေမည့်တော် လှန်မှုမျိုးကိုလည်း အားပေးမည်မဟုတ်ပေ။ မိမိတို့သည် သည်းခံရမည် ဖြစ်သလို ဖွဲ့ရှိဖို့လည်းလိုအပ်ပါသည်။ မိမိတို့လုပ်ဆောင်မှုတိုင်းကိုတရားဥပဒေ စိုးမိုးရေး ဘောင်အတွင်းမှသာ ဆောင်ရွက်သွားရမည် ဖြစ်သည်" ဟု၍ ထည့်သွင်းပြောကြားခဲ့သည်။[၁၈၆] နောက်ဆုံးစာကြောင်းအပေါ်တွင် နည်းလမ်းတစ်ခုမကာ အဓိပ္ပာယ် ဖော်နိုင်ပြီး NLD အတွက်မူ လက်ရှိဖွဲ့စည်းပုံ အခြေခံ ဥပဒေဘောင်အတွင်းမှသာ ဖွဲ့စည်းပုံ အခြေခံဥပဒေ မပြင်နိုင်မီအထိ ဆောင်ရွက်သွားလိုဟန် ရှိပါသည်။

သို့သော်လည်း တပ်မတော်အနေဖြင့် ယင်းတို့နိုင်ငံရေးတွင် မည်သည့်အချိန်ထိ ကျန်ရှိနေမည် သို့မဟုတ် ထွက်ခွာသွားမည် ဆိုသည့်အပေါ် ရေရာပြတ်သားသည့် ကတိကဝတ် မရှိသေးဘဲ ပါတီစုံဒီမိုကရေစီ စနစ်သို့ ကူးပြောင်းနေချိန်တွင် တပ်မတော်သည်နိုင်ငံတော် တည်ငြိမ်ရေးအတွက် မရှိမဖြစ် ထိန်းသိမ်းပေး နိုင်ရန် လိုအပ်သည် ဟူ၍ ယုံကြည်နေကြပါသည်။ ၂၀၁၆ ခုနှစ် မတ်လ ၂၈ ရက်နေ့ဦးထင်ကျော်သမ္မတ တာဝန်လွှဲပြောင်းရယူခြင်း မတိုင်မီ ၂ ရက်အလိုတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းကို “ဆက် လက် ရပ်တည်နေမည်” ဆိုသည့် ခေါင်းစဉ်ဖြင့် နိုင်ငံပိုင် သတင်းစာတွင် ခေါင်းစီးသတင်းအဖြစ် ဖော်ပြခဲ့သည်။ သို့သော်လည်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဆိုပါမိန့်ခွန်းတွင် အခြားအစိုးရအင်စတီကျူးရှင်းများ အရေးကြီးသည့် အခန်းကဏ္ဍမှာ ရှိသည်ကို ထည့်သွင်းပြောဆိုခဲ့ ပြီး တိုင်းပြည်၏ တည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံ လိုအပ်ချက်ဖြစ်သည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် လူမျိုးစုများအကြား လုံလောက်စွာ ပူးတွဲ ဆောင်ရွက်ရန်သည် အဓိကဦးစားပေး လေးချက်တွင် တစ်ချက်ဖြစ်ကြောင်း ထည့်သွင်း ပြောဆိုခဲ့ပါသည်။[၁၈၇]

တပ်မတော်အနေဖြင့် အစိုးရပိုင်း ဆိုင်ရာ အခန်းကဏ္ဍများတွင် ပါဝင်မှုသည် “ယာယီ” အဖြစ်သာ ပြောဆိုလေ့ ရှိသော်လည်း နိုင်ငံရေးမှ နောက်ဆုံးထွက်ခွာမှု သို့မဟုတ် လျှော့ချသွားရန်အတွက်ရှင်းလင်းစွာဖော်ပြမှု မရှိသေးပေ။[၁၈၈] လက်ရှိတွင် နိုင်ငံရေးမှထွက်ခွာရန် အချိန်ပြဇယား သို့မဟုတ် အသေးစိတ် ချမှတ်ထားသည့် မှတ်တိုင်များစသည့် သဘောတူညီချက်များလည်း မရှိသည်ကို တွေ့ရပါသည်။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခြားအဆင့်မြင့် တပ်မတော်ခေါင်းဆောင်များမှာမူ ငြိမ်းချမ်းရေး အောင်မြင်မှုရရှိခြင်းသည် တပ်မတော်၏ နိုင်ငံရေးမှ ထွက်ခွာရန်ကြိုတင် သတ်မှတ်ချက်အဖြစ် အကြိမ်ကြိမ်ပြောဆိုခဲ့ကြသည်။[၁၈၉]လွန်ခဲ့သည့်နှစ်များအတွင်း ပဋိပက္ခများမြင့် တက်လာမှုနှင့် အတူဖော်ပြပါ အကြောင်းပြချက်ကြောင့် တပ်မတော် အနေဖြင့် ဆက်လက်ပြီးလက်ရှိ အနေအထားအတိုင်း ဆက်ရှိနေရန် လမ်းပွင့်သွားစေခဲ့ ပြီး ပဋိပက္ခများ ဖြေရှင်းရန်အတွက် တပ်မတော်သည်သာ အဓိကညှိနှိုင်းဆောင်ရွက်ရမည့်သူ ဖြစ်လာပါသည်။

အရပ်သားအစိုးရအနေဖြင့် ယင်း၏ ပထမသက်တမ်းတွင် အဓိက ဦးစားပေးသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်ငြိမ်းချမ်းရေးတည်ဆောက်မှုအဖြစ် အစပြုချဉ်းကပ် ဆောင်ရွက်ခဲ့ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် တပ်မတော်အတွက် ငြိမ်းချမ်းရေးသည် နိုင်ငံရေးမှ ထွက်ခွာရန်ကြိုတင် သတ်မှတ်ချက်ဖြစ်သည့်အတွက် များစွာတိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်လာလိမ့်မည် ဟူ၍နားလည်သောကြောင့်ဖြစ်နိုင်ပါသည်။ အရပ်သားအစိုးရလည်းအားကောင်းအောင် ဆောင်ရွက်ခြင်းဖြင့် ပဋိပက္ခများ လျှော့ချပြီး လက်နက်ကိုင် တိုက်ပွဲများ အဆုံးသတ်နိုင်သည့် အကျိုးကျေးဇူးများ ရှိခဲ့ကြောင်းကို သက်သေသာဓက ပြလို၍လည်း ဖြစ်နိုင်ပါသည်။ ထို့ပြင်ငြိမ်းချမ်းလုပ်ငန်းစဉ်မှ ဖွဲ့စည်းပုံ အခြေခံဥပဒေအားအတူတကွ ပြင်ဆင်နိုင်ရန် ဆွေးနွေး ညှိနှိုင်းနိုင်သောဖိုရမ်နှင့် လမ်းကြောင်းများကို ဖန်တီးပေးထားသည့်အခြေအနေတစ်ရပ်သို့ရောက်လာပြီဖြစ်သည်။ သို့သော်လည်း ထိုအချိန်မှ စ၍ငြိမ်းချမ်းရေး ဖြစ်စဉ်သည်အကျပ်အတည်း တစ်ခုပြီး တစ်ခုနှင့် ရင်ဆိုင်ခဲ့ရပြီးတပ်မတော်သည် ယင်းတို့ ချမှတ်ခဲ့သည့် နိုင်ငံရေးနည်း ဗျူဟာအတိုင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပုံ ရပါသည်။[၁၉၀]

၂၀၁၉ ခုနှစ်တွင် NLD သည် ယင်းတို့အလေးထား ဆောင်ရွက်မှုကို လွှတ်တော်မှ တစ်ဆင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးဆီသို့ ရွှေ့လာသည်ကို တွေ့ရပါသည်။ ၄၅ ဦးပါ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး ကော်မတီကိုလည်း ဖွဲ့စည်းခဲ့ပါသည်။[၁၉၁] တပ်မတော်သည် အဆိုပါ ကော်မတီကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် ကိုက်ညီမှု မရှိကြောင်း ပြောဆို ကန့်ကွက်ခဲ့ပါသည်။ သို့သော်လည်း ထိုကော်မတီ၏ဆက်လက် ဆောင်ရွက်နေမှုများကို ရပ်တန့်နိုင်ခဲ့ ခြင်းတော့ မရှိသည်ကို တွေ့ရပါသည်။[၁၉၂]

ဇူလိုင်လတွင် ထိုကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး အဆိုပြုချက် (၃၆၅၁) ချက်ကိုထုတ်ပြန်ခဲ့ပါသည်။ ထိုအထဲတွင် NLD၏အဆိုပြုချက် (၁၁၄) ချက်ပါဝင်ပါသည်။[၁၉၃] NLD ၏အဆိုပြုချက်များတွင် တပ်မတော် ရယူထားသည့် ပြည်ထောင်စုအဆင့် လွှတ်တော်နေရာများအား ၁၅ ရာခိုင်နှုန်း ထိုမှ ၁၀ ရာခိုင်နှုန်း ပြီးနောက် ၅ ရာခိုင်နှုန်း စသည်ဖြင့်

အသီးသီး လျှော့ချသွားမည့် အဆိုပြုချက် ပါဝင်ပါသည်။[၁၉၄] ထို့ပြင် (ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန များ) ၏ ဝန်ကြီးတာဝန်ယူသူများအား တပ်မတော်မှ အနားယူပြီးမှ ဝန်ကြီးတာဝန်ရယူရန်ကိုလည်း အဆိုပြု ထားပါသည်။[၁၉၅] နောက်အဆိုပြုချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လွှတ်တော်တွင်ပြင်ဆင်ရန် သုံးပုံနှစ်ပုံ လိုအပ်မှုဆိုသည့် အချက်ကို ပြောင်းလဲရန်ဖြစ်သည်။[၁၉၆] အကြောင်းမှာ တပ်မတော်၏ ဗီတိုအာဏာရရှိထားသည့် ပုံစံကို ပြောင်းလဲရန် ဖြစ်ပါသည်။ လုံခြုံရေး နှင့် တရားစီရင်ရေး ကဏ္ဍများနှင့် ဆိုင်သော အဆိုပြုချက်များကိုအခန်း (၃)တွင်ဆွေးနွေးထားပါသည်။

> **၂၀၁၈ ခုနှစ် မတ်လ အနေအထားအရ အစိုးရအဖွဲ့၌ အရပ်သားများ ပါဝင်မှုမှာ ၆၈ ရာခိုင်နှုန်း ရှိ၍ ၂၀၁၆ တွင်မူ အရပ်သားပါဝင်မှုမှာ ၂၂ ရာခိုင်နှုန်းသာ ရှိခဲ့ပါသည်။**

လွှတ်တော်သို့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး ကော်မတီမှ ပြင်ဆင်ရေး အဆိုပြုချက်များ ပါဝင်သည့် အစီရင်ခံစာ တင်သွင်းပြီးသည်နှင့် အဆိုပါအဆိုပြုချက်များနှင့် ပတ်သက်၍ ဆွေးနွေးရန် တပ်မ တော်သား ကိုယ်စားလှယ် (၇၈) ဦးနှင့် အခြားပါတီစုံမှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် (၄၇) ဦးတို့ ပြည်ထောင်စု လွှတ်တော်ဥက္ကဋ္ဌထံ စာရင်းပေးကြပါသည်။[၁၉၇] ပြည်ထောင်စုလွှတ်တော်သည် အဆိုပါအစီရင်ခံစာကိုတရားဝင်မဲပေးမှုဖြင့်အတည်ပြုခဲ့ ပြီးအစိုးရနှင့်တရားစီရင်ရေးတို့မှဆိုင်ရာဆိုင်ရာ အဆင့်များတွင် အကြံပြု ဆွေးနွေးမှုများ ပြုလုပ်ကာ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး ဥပဒေကြမ်း ရေးဆွဲရန် ခွင့် ပြုခဲ့ပါသည်။[၁၉၈]

တပ်မတော်၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုဆက်လက် တိုးမြင့်သွားရန် ဆန္ဒရှိမှု၊ အရပ်ဘက်အားကောင်းရေးနှင့် အာဏာရှင်ဝါဒ လျှော့ချမှုနှင့် စစ်တပ် လွှမ်းမိုးမှု ကျယ်ပြန့်စွာ နေရာယူထားသည့် အချက်များ စသည်တို့ကို ပုံ (၄) တွင် အကျဉ်းဖော်ပြထားပါသည်။[၁၉၉] တပ်မတော်၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအတွက် ရှေ့ဆက် ခြေလှမ်းရသည့်အကြောင်းရင်းများမှာ-လူထုထောက်ခံမှု ရရှိလိုခြင်း၊ ပြည်တွင်းလူထု အုံကြွမှု များဖြင့် အာဏာ စွန့်လွှတ်ရမည်ကို ကြောက်ရွံ့ခြင်း (ဦးနေဝင်း ဖြစ်ပျက်သကဲ့သို့)၊ စီးပွားရေး အဆက် အသွယ် ပိုမို ကောင်းမွန်ရန် (ဥပမာ-စီးပွားရေးပိတ်ဆို့ခံရမှုများမှလွတ်ကင်းရန်၊ တရုတ်နိုင်ငံအပေါ် မှီခို ရမှု လျှော့ချရန်)၊ ပို၍ ခေတ်မီ တိုးတက်သော နိုင်ငံဖြစ် ရန်မျှော်မှန်းချက် (အရှေ့တောင်အာရှ နိုင်ငံများ၏ စီးပွားရေးအရ လွတ်လပ်ပြီးဆောင်ရွက်ကာ နိုင်ငံရေးအရ စစ်တပ်လွှမ်းမိုးသည့်ပုံစံမျိုး) နှင့် နည်းပညာ ပြောင်းလဲလာမှုနှင့် ဒေသတွင်း စီးပွားရေး ပေါင်းစည်း ဆောင်ရွက်လာမှုများကြောင့် အတင်းအကျပ် အာဏာဖြင့် အုပ်စိုးရန် ခက်ခဲလာခြင်း စသည်တို့ ဖြစ်ပါသည်။

တပ်မတော်၏ အာဏာကို မြန်ဆန်စွာ မစွန့်လွှတ်လိုခြင်းမှာ-စီးပွားရေးဆိုင်ရာအကျိုးစီးပွားများ ခိုင်ခိုင်မာမာ ရှိနေမှု၊ တပ်ဖွဲ့များ၏ စစ်ဆင်ရေးများ အကန့်အသတ် ဖြစ်လာမည်ကို စိုးရိမ်ခြင်း (ယင်းတို့ ဆန္ဒအလျောက် ရန်သူများအပေါ် ချေမှုန်းစစ်ဆင်ရေးဆောင်ရွက်နေသည့် အနေအထားကို လျော့ကျသွားမှာ စိုးရိမ်ခြင်း)၊ အစိုးရ (၁၉၅၀ ခုနှစ်များကကဲ့သို့) အားနည်းသွားပြီး တိုင်းပြည် ဖရိုဖရဲဖြစ်ခြင်းနှင့် မတည်ငြိမ် မှုဖြစ်ခြင်း သို့မဟုတ် အချို့ပြည်နယ်များ ခွဲထွက်ခြင်း များဖြစ်မည်တို့ကို စိုးရိမ်ခြင်း၊ စစ်ဗိုလ်ချုပ်များဖိအား ပေးခံရမည်ကို စိုးရွံ့ခြင်းနှင့် စစ်ခေါင်းဆောင်များ ယခင် ဆောင်ရွက်မှုများကြောင့် ဖမ်းဆီးချုပ်နှောင်ခံရခြင်း သို့မဟုတ် မိသားစုပိုင် စီးပွားရေးလုပ်ငန်းများပိတ်ပင်သိမ်းဆည်းခံရမှုတို့ကိုကြောက်ရွံ့ခြင်း စသည် တို့ကြောင့် ဖြစ်ပါသည်။

## ၁၉၆၂ ခုနှစ်မှ စ၍ အရပ်ဘက် အများဆုံး ပါဝင်သည့် အစိုးရအဖွဲ့

လတ်တလော အချိန်အခါတွင် လက်ရှိအစိုးရအနေဖြင့် အင်စတီကျူးရှင်းဆိုင်ရာ အရပ်ဘက်-စစ်ဘက်ဆက်ဆံရေးဆွေးနွေးပွဲကြီးမျိုး လုပ်ဆောင်ရန်ကျန်ရှိနေပါသည်။သမ္မတသည်နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအကြီးအကဲ ဖြစ်သော်လည်း ကာကွယ်ရေးဦး စီးချုပ်က ကာကွယ်ရေး၊ ပြည်ထဲရေးနှင့်

**ပုံ - ၄ တပ်မတော်၏ ဒီမိုကရေစီမှုပြုခြင်း နှင့် အရပ်ဘက်အားကောင်းအောင်ပြုခြင်း (သို့) အာဏာရှင်ဝါဒနှင့် စစ်တပ်အားကောင်းအောင် ပြုလုပ်ခြင်း ဆက်စပ်အချက်များ**



**ဒီမိုကရေစီမှုပြုခြင်း နှင့် အရပ်ဘက်အားကောင်းအောင်ပြုလုပ်လိုသည့် အချက်**

- လူထုထောက်ခံမှု ရရှိလိုသည့် ဆန္ဒ
- တိုင်းပြည် ထကြွပုန်ကန်မှုကို စိုးရိမ်ခြင်း
- စီးပွားရေးတွင် တရုတ်နိုင်ငံအပေါ်သာ မှီခိုနေရမှုကို ကျော်လွှားပြီး နိုင်ငံတကာနှင့် ချိတ်ဆက်နိုင်ရန်
- ပိုမိုတိုးတက်ပြီး ခေတ်မီ နိုင်ငံဖြစ်ရန် ျော်မှန်းချက်
- ဒေသတွင်းပူးပေါင်း ဆောင်ရွက်မှုများ နှင့် နည်းပညာ တိုးတက်လာမှုတို့ တွန်းအားများကြောင့် အုပ်ချုပ်ရေး ပိုမို ပွင့်လင်းရန် လိုအပ်လာခြင်း

**တပ်မတော်ခေါင်းဆောင်များ**

- စီးပွားရေး အကျိုးစီးပွား တပ်မတော် စစ်ဆင်ရေးများ
- စိတ်ကြိုက် ဆောင်ရွက်ခွင့် မရမည်ကို စိုးရိမ်ခြင်း
- အစိုးရ အားနည်း သွားပြီး မတည်ငြိမ်မှုများ နှင့် တိုင်းပြည် ဖရိုဖရဲဖြစ်မည်ကို စိုးရိမ်ခြင်း
- ပြည်တွင်းတွင် ဗိုလ်ချုပ်ကြီးများ ဖိအားပေး ခံလာရမည်ကို စိုးရိမ်ခြင်း
- ဖမ်းဆီးခံရခြင်း နှင့် မိသားစု ပိုင်ဆိုင်မှု စီးပွားရေးများ ပိတ်ပင် သိမ်းဆီး ခံရခြင်းကို စိုးရိမ်ခြင်း

**အာဏာရှင်ဝါဒ နှင့် စစ်တပ်အားကောင်းအောင်ပြုလုပ်လိုသည့် အချက်များ**



နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုဝန်ကြီးနေရာများကို အမည်စာရင်း တင်သွင်းခွင့်၊ ဒုသမ္မတတစ်ဦး ခန့်အပ်နိုင်ရန်ထိန်းချုပ်ထားနိုင်မှုနှင့် လွှတ်တော်များတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း စေလွှတ်နိုင်ခွင့် တို့ကို ရယူထားပါသည်။[၂၀၀] အထက်ဖော်ပြပါ ဝန်ကြီးဌာန သုံးခုမှလွဲ၍ ကျန်ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့ဝင်များကို သမ္မတက ခန့်အပ်ပါသည်။ ကာကွယ်ရေး ဦးစီးချုပ်သည် အစိုးရအဖွဲ့ဝင် ဝန်ကြီးမဟုတ် သော်လည်းတပ်၏ ကွပ်ကဲ အုပ်ချုပ်မှုအရ တပ်မတော် မှ ပို့သည့် ဝန်ကြီးသုံးဦး၏ အထက်တွင် ရှိနေပါသည်။ ရလဒ်မှာ မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုအာဏာ အပိုင်းတွင် ရှုပ်ထွေးမှုကို ဖြစ်စေကာ တရားဝင်သတ်မှတ်ထားခြင်း မရှိသည့် အာဏာပိုင်းဆိုင်ရာ ဆက်ဆံမှုမျိုး များပြားနေသည်ကို တွေ့ရပါသည်။

၁၉၆၂ ခုနှစ် သို့မဟုတ် ထို့ထက် အစောပိုင်း ကာလမှစ၍ အစိုးရအဖွဲ့တွင် အရပ်သားပါဝင်မှုကို ကြည့်လျှင် NLD အစိုးရအဖွဲ့တွင် အများဆုံးဖြစ်ပါသည်။[၂၀၁] NLD အစိုးရအဖွဲ့၌ ၂၀၁၈ ခုနှစ် မတ်လ အနေအထားအရ ကြည့်လျှင် စစ်ဘက်တွင် တာဝန်ထမ်းဆောင်ခဲ့ခြင်း မရှိသည့် အရပ်သားများ ပါဝင်မှုမှာ ၆၈

ရာခိုင်နှုန်းရှိပါသည်။[၂၀၂] ၂၀၁၆ခုနှစ် ဦးသိန်းစိန်အစိုးရ တာဝန်ပြီးဆုံးချိန်၌ ယင်း၏အစိုးရအဖွဲ့တွင် စစ်ဘက်၌တာဝန်ထမ်းဆောင်ခဲ့ခြင်းမရှိသည့်အရပ်သားများ ပါဝင်မှုမှာ ၂၂ ရာခိုင်နှုန်းသာ ရှိခဲ့ပါသည်။ NLD အစိုးရအဖွဲ့တွင် စစ်ဘက်ပါဝင်မှုမှာ ကာကွယ်ရေး ဦးစီးချုပ်အမည်စာရင်း တင်သွင်းခန့်အပ်သည့် ဝန်ကြီးဌာနသုံးခုမှ အစိုးရအဖွဲ့ဝင်များနှင့် ယခင် တပ်မတော်တွင်တာဝန် ထမ်းဆောင်ခဲ့ပြီး ယခု အရပ်ဘက်ဝန်ကြီးဌာန များတွင် ကိုင်တွယ်တာဝန် ထမ်းဆောင်နေသူအစိုးရ အဖွဲ့ဝင် (၆)ဦးတို့ ဖြစ်ပါသည်။[၂၀၃] လက်ရှိ NLDအစိုးရအဖွဲ့၌ စစ်ဘက်တွင် တာဝန်ထမ်းဆောင်ခဲ့ခြင်းမရှိသည့် အရပ်သားများတွင် ယခင်အရပ်ဘက် ဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်ခဲ့သူများ၊ ဆရာဝန်များ၊ စာရေးဆရာများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပါသည်။[၂၀၄]

လက်ရှိအစိုးရဝန်ကြီးအဖွဲ့တွင် ကျား-မ ရေးရာညီမျှမှု အလွန် အားနည်းသည်ကို တွေ့ရပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည်သာ တစ်ဦးတည်းသော အမျိုးသမီးအဖွဲ့ဝင် ဖြစ်ပါသည်။ သမ္မတ ဦးသိန်းစိန် လက်ထက် အစိုးရ ဝန်ကြီးအဖွဲ့တွင် အမျိုးသမီး ဝန်ကြီး(၂)ဦး (၂၀၁၂ ခုနှစ်တွင် ခန့်အပ်ခဲ့ပြီးတိုင်းပြည်၏ နှစ် (၆၀) အတွင်း ပထမဆုံးအဖြစ်) နှင့်အမျိုးသမီးဒုဝန်ကြီး (၆)ဦးပါဝင်ပါသည်။[၂၀၅] ၂၀၁၈ ခုနှစ် မတ်လ အနေအထားအရ အစိုးရဝန်ကြီးအဖွဲ့ဝင် ၂၅ ရာခိုင်နှုန်းသည်ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ်များအဖြစ်မှ တစ်ဆင့် ဝန်ကြီးအဖွဲ့တွင် ပါဝင်လာခြင်း ဖြစ်သည်။[၂၀၆]

ဒေါ်အောင်ဆန်းစုကြည်သည် အုပ်ချုပ်ရေးပိုင်းများကို ထိန်းချုပ်ထားပါသည်။ အကြောင်းမှာအရေးကြီး ကိစ္စရပ်များအားလုံးသည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန သို့မဟုတ် သူမ ကိုင်တွယ် သည့် သမ္မတရုံးဝန်ကြီးဌာနကို ဖြတ်သန်းရန် လိုအပ်ပါသည်။ အဆိုပါရုံး နှစ်ရုံးတွင် ရာကျော်သော အစိုးရဝန်ထမ်းများရှိပြီး အများစုမှာ ယခင်သမ္မတရုံးဝန်ကြီးဌာနမှဝန်ထမ်းများ ဖြစ်ကြပါသည်။[၂၀၇]

နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာနကို ဒေါ်အောင်ဆန်းစုကြည်၏ ကျောင်းနေဖက် ဦးကျော်တင့်ဆွေကို ဝန်ကြီးအဖြစ် ဦးဆောင်စေပါသည်။ ဦးကျော်တင့်ဆွေသည် အစိုးရ ဆောင်ရွက်ချက်များတွင်လွှမ်းမိုးမှုရှိပြီး သတင်း စီးဆင်းမှုများကိုလည်း ကိုင်တွယ် ထားပါသည်။ သူသည် ယခင် စစ်အုပ်ချုပ်ရေးကာလ နှင့် ဦးသိန်းစိန် လက်ထက်တို့တွင် အဆင့်မြင့် နေရာ တစ်ခု၌ တာဝန်ထမ်းဆောင်ခဲ့ဖူးသူလည်း ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်မှလည်း သူ့အား လွှမ်းမိုးနိုင်မှု ရှိသည့်အရေးကြီးသော နေရာကိုပေးအပ်ခဲ့ပါသည်။ ထို့ပြင် ယခင်သံတမန်နယ်ပယ်တွင် တာဝန် ထမ်း ဆောင်ခဲ့သူ ဦးသောင်းထွန်းကိုလည်း နေရာများစွာကို တာဝန်ယူစေခဲ့ပါသည်။ (အခန်း ၃.၃ ၏ အမျိုးသား လုံ ခြုံရေး အကြံပေးတွင် အသေးစိတ် ဖော်ပြထားပါ သည်)။ နောက်တစ်ဦးမှာ ဦးဇော်ဌေး ဖြစ်ပြီး ဗိုလ်မှူး ဟောင်း တစ်ဦးဖြစ်ကာ ယခင် စစ်အစိုးရ လက်ထက် ဝန်ကြီးချုပ်များနှင့် ဦးသိန်းစိန် လက်ထက်တွင် တာဝန် ထမ်းဆောင်ခဲ့ပါသည်။ ကျန်တစ်ဦးမှာ ကာကွယ်ရေး ဆိုင်ရာ လေ့လာမှု မဟာဘွဲ့ ရရှိပြီး ယခင်တပ်မတော် လေတွင် ဗိုလ်မှူးကြီး ဖြစ်ခဲ့သူ ဦးမင်းသူ ဖြစ်ပါသည်။ သူသည် သမ္မတရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ပြီးလက် ရှိတွင် ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ယူထားကာ အထွေထွေ ဦးစီးဌာနကို ကိုင်တွယ်သူ ဖြစ်ပါသည်။

အထက်ပါ ပုဂ္ဂိုလ်များအပြင် သူရ ဦးရွှေမန်းနှင့်သူ၏အပေါင်းအပါ တို့ကိုလည်း ထပ်မံ၍ပေါင်းထည့်နိုင်မည် ဖြစ်သည်။ ထိုကဲ့သို့သော အနေအထားပုံရိပ်များသည် အစိုးရ၏ ရှုပ်ထွေးလှသည့် စနစ်ကို မောင်းနှင်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်နေပါသည်။ ပွင့်လင်းမြင်သာမှု နည်းပါးသည့် တပ်မတော်၏ ဆောင်ရွက်ပုံများနှင့်အတူ အတွင်းမှသိမြင်နားလည်မှုများသည် အရပ်ဘက် အစိုးရ၏ လုံခြုံရေးကိစ္စရပ်များ စောင့်ကြည့်နိုင်ရန် အဓိက လုပ်ဆောင်နိုင်မှုဖြစ်လာပါသည်။ တွေ့ဆုံမေးမြန်းခဲ့ မှုများအရ အင်တာဗျူး ဖြေဆိုသူများက ဆိုခဲ့ပါအနေအထား ပုံရိပ်များရှိနေခြင်းကြောင့် လက်ရှိအစိုးရဆုံးဖြတ်ချက်များသည် ယခင်အစိုးရများ ဆုံးဖြတ်ချက်ချသည့် ပုံစံနှင့်ယင်းတို့၏အမြင်များလွှမ်းမိုးမှုရှိနေကြောင်းသူတို့အမြင်များကိုရှင်းပြကြပါသည်။ ထို့ကြောင့်ဒီမိုကရက်တစ်လိုလားသည့် NLD ထောက်ခံသူများနှင့်NLD တွင် ရေရှည်ပါဝင် ခဲ့သူများသည်ဆုံးဖြတ်ချက်များကိုဝေဖန်ပြစ်တင်မှုများ လုပ်ဆောင်လာကာ တစ်ခါတစ်ရံတွင်တင်းမာမှုများ ရှိလာသည်ကို တွေ့မြင်ရပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးတွင် တပ်မတော် ပါဝင်နေမှုကို ဖယ်ထုတ်ရန် အစီအစဉ် ရှိသော်လည်း လက်ရှိ အစိုးရဝန်ကြီးအဖွဲ့အတွင်း တွင်အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးချောမွေ့လျက် ရှိပြီး အတူတကွ ကောင်းစွာဆောင်ရွက်မှုများရှိ ကြောင်း ဖော်ပြမှုများရှိပါသည်။ ဝန်ကြီးများ အစည်း အဝေးကိုလစဉ် ဒုတိယမြောက် ကြာသပတေးနေ့ တိုင်းတွင်[၂၀၈] ကျင်းပပြီး တစ်ခါတစ်ရံတွင် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၊ သမ္မတနှင့် တပ်မတော်ကိုင်တွယ် ဦးစီးသည့်ဌာနသုံးခု၏ ဝန်ကြီးများပါဝင်သည့်အထူး အစည်းအဝေးကို ကျင်းပပါသည်။ ထိုအထူးစည်းအ ဝေးတွင်သတင်းဖလှယ်မှုများနှင့် ပူးတွဲဆုံးဖြတ်ချက် ချခြင်းများ ပြုလုပ်ပါသည်။[၂၀၉] ဒေါ်အောင်ဆန်းစုကြည် ၏စက်ကာပူလူထု တွေ့ဆုံပွဲတွင် တပ်မတော်နှင့် ဆက် စပ်သော မေးခွန်းတစ်ခု ဖြေဆိုရာ၌ အစိုးရအဖွဲ့အ တွင်းတပ်မတော်မှ လာသည့် ဝန်ကြီးသုံးဦးစလုံး သည် အလွန်ကောင်းမွန် သူများဖြစ်ကြောင်းနှင့် မိမိ တို့သည် လက်တွေ့ကျကျ သွားရမည်ဖြစ်ကြောင်းပြီး တပ်မတော်နှင့် ဆက်ဆံ ရေးသည် မဆိုးရွားကြောင်း ကိုလည်း ထည့်သွင်းပြောဆို သွားခဲ့ပါသည်။[၂၁၀]

အဆိုပါတပ်မတော်မှ လာသည့် ဝန်ကြီးသုံး ပါးသည် ဥပဒေအရ သမ္မတအောက်တွင် ရှိပြီး ပရိုတို ကောအရ ဒေါ်အောင်ဆန်းစုကြည် အောက်တွင် ရှိပါ သည်။ ထို့ပြင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လည်း အဆိုပါ ပြည်ထောင်စု ဝန်ကြီးသုံးဦးသည် သမ္မတဦးဆောင်သည့် အစိုးရအဖွဲ့လုပ်ဆောင်မှုများ နှင့်မူဝါဒများကိုသာကိုယ်စားပြုကြောင်းအလေးပေး ပြောဆိုလေ့ရှိပြီး တပ်မတော်က ယင်းတို့အတွက် မူဝါ ဒချမှတ်ပေးရန် အခွင့်အာဏာ မရှိကြောင်းထည့် သွင်းပြောဆိုလေ့ရှိပါသည်။ အမိန့်ညွှန်ကြားမှုများကို ကောင်းမွန်စွာ တည်ဆောက်ထား နိုင်မှုသည်လုပ် ငန်းများ ဆက်ဆံဆောင်ရွက်ရာတွင် ချောမွေ့မှုကို ဖြစ်စေရန်အတွက် အရေးပါလှပါသည်။[၂၁၁] သို့သော်ဒေါ် အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင် လှိုင်တို့ အကြားအထက်အောက် ဆက်သွယ် ဆောင် ရွက်မှုမှာမူ ရှင်းရှင်းလင်းလင်း မရှိပေ။ မည်သို့ပင် ဆိုစေ အဆို ပါ ဝန်ကြီးသုံးဦးလုံးသည် ကာကွယ်ရေး ဦးစီးချုပ်ကို အစီရင်ခံတင်ပြရပါသည်။ ၎င်းတို့ နေရာ တည်မြဲရန်မှာကာကွယ်ရေးဦးစီးချုပ်၏အရေးပေးမှု အပေါ်တွင်သာ လုံးဝ မူတည်နေပါသည်။

## ပြည်ထောင်စုလွှတ်တော်၏ နိုင်ငံရေး

၂၀၁၅ခုနှစ် ရွေးကောက်ပွဲပြီးနောက် ပြည် ထောင်စု အဆင့် လွှတ်တော်နှစ်ရပ်တွင်[၂၁၂] NLD မှ ကိုယ် စားလှယ် (၃၉၀) နေရာ (၅၉ ရာခိုင်နှုန်း)၊ ရွေးကောက် ခံမဟုတ်သည့်တပ်မတော်သားကိုယ်စားလှယ်(၁၆၆) နေရာ (၂၅ ရာခိုင်နှုန်း) နှင့် အခြားပါတီများမှ ကိုယ်စား လှယ် (၁၀၈) နေရာ (၁၆ ရာခိုင်နှုန်း) အသီးအသီး ရရှိခဲ့ ပါသည်။ ထိုအထဲတွင် တပ်မတော်နောက်ခံ ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ (၄၁) နေရာ (၆ရာခိုင်နှုန်း)ရရှိခဲ့ ပြီးအခြားနေရာများတွင်တိုင်းရင်း သားပါတီများ ရရှိခဲ့ပါသည်။ ရွေးကောက်ခံ ကိုယ်စား လှယ်များတွင် တပ်မတော်မှ အငြိမ်းစားယူခဲ့သူ (၂၃) ဦး[၂၁၃] (အများစုမှာ ယခင် တပ်မတော်အစိုးရ လက် ထက်တွင် တာဝန်ထမ်းခဲ့သူ) နှင့်နိုင်ငံရေးအကျဉ်း သားဟောင်း (၁၂၃) ဦး[၂၁၄] ပါဝင်ပါသည်။ ထိုနိုင်ငံရေး အကျဉ်းသားဟောင်းများ အများစုသည် ယခင်စစ်တပ် အုပ်ချုပ်ခဲ့သည့် အစိုးရလက်ထက်တွင် ထောင်ချခြင်း ခံခဲ့ ကြရပါသည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအရ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် (၆၇) ဦး (၁၃ ရာခိုင်နှုန်း) ရှိခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၁-၂၀၁၆ ခုနှစ် လွှတ်တော်၏ အမျိုးသမီး ကိုယ်စားလှယ်ထက် နှစ်ဆပိုပါသည်။ အမှန်တကယ်၌ တစ်နိုင်ငံလုံးရှိ ပါတီများတွင် အမျိုး သမီးပါဝင်မှု (၄၀) ရာခိုင်နှုန်း[၂၁၅] ရှိပါသည်။ ထိုအရာကို ကြည့်ခြင်းဖြင့် အမျိုးသမီးများသည် နိုင်ငံရေး၌ တက် ကြွစွာပါဝင်နေသော်လည်း ခေါင်းဆောင်မှု၌ ပါဝင်ရန် အဟန့်အတားများ ရှိနေသည့်အချက်ကို တွေ့မြင်ရပါ သည်။[၂၁၆] တပ်မတော်ကိုယ်စားလှယ် (၁၆၆) နေရာတွင် အမျိုးသမီးမှာ (၁၂) ဦးသာ ပါဝင်ပါသည်။ လွှတ်တော် စတင် ဖွဲ့စည်းချိန်တွင် နှစ်ဦးသာ ပါဝင်မှုထက်တော့ များစွာ တိုးမြင့်လာပါသည်။[၂၁၇]

၂၀၁၅ ခုနှစ်တွင် လွှတ်တော် ကိုယ်စားလှယ် များအတွင်းမှ (၃၁၄) ဦးသည် (၆၄ ရာခိုင်နှုန်း) ဗမာ လူမျိုး (သို့) ဗမာသွေးတစ်ဝက်ပါသူများ ဖြစ်ပြီးရှမ်း (၇ ရာခိုင်နှုန်း)၊ ရခိုင် (၆ ရာခိုင်နှုန်း)၊ ချင်းနှင့်ဗိုမီး (၅ ရာခိုင်နှုန်း) နှင့် ကရင် (၅ ရာခိုင်နှုန်း) တို့ဖြစ်ပါသည်။[၂၁၈] လွှတ်တော်ကိုယ်စားလှယ် (၈၈ ရာခိုင်နှုန်း) သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပြီး ၁၁ ရာခိုင်နှုန်းမှာ ခရစ်

ယာန်ဘာသာဝင်များ ဖြစ်ကြပါသည်။ အစ္စလာမ်ဘာသာဝင်တစ်ဦးမျှ မရှိပေ။[၂၉] ထိုအခြေအနေသည် ကြားဖြတ် ရွေးကောက်ပွဲများကြောင့် အနည်းငယ် အပြောင်းအလဲရှိနိုင်ပါသည်။

**၂၀၁၅ ခုနှစ်တွင် လွှတ်တော်ကိုယ်စားလှယ်များ အတွင်းမှ (၁၁၄) ဦးသည် (၆၄ ရာခိုင်နှုန်း) ဗမာလူမျိုး (သို့) ဗမာသွေးတစ်ဝက်ပါ သူများဖြစ်ပြီး ရှမ်း (၇ ရာခိုင်နှုန်း)၊ ရခိုင် (၆ ရာခိုင်နှုန်း)၊ ချင်းနှင့် ဗိုမီး (၅ ရာခိုင်နှုန်း) နှင့် ကရင် (၅ ရာခိုင်နှုန်း) တို့ဖြစ်ပါသည်။**

ပြည်ထောင်စုအဆင့် လွှတ်တော်တွင် သုံးပုံနှစ်ပုံခန့် လွှမ်းမိုးထားသည့် ပြည်သူ့လွှတ်တော်၏ ဥက္ကဋ္ဌမှာ ဦးတီခွန်မြတ် ဖြစ်ပါသည်။ သူသည် တပ်မတော်ကွပ်ကဲမှုအောက်ရှိ ကွတ်ခိုင် အထူးပြည်သူ့စစ်အဖွဲ့၏ ခေါင်းဆောင် ဖြစ်ခဲ့ပါသည်။ တစ်ချိန်တည်းမှာ ပင်စစ်အုပ်ချုပ်ရေးကာလတစ်လျှောက် ရှေ့နေချုပ်ရုံးတွင်လည်းတာဝန်ထမ်းဆောင်ခဲ့ပါသည်။ သူ၏ ပထမလွှတ်တော်သက်တမ်းတွင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ကိုယ်စားပြု ရွေးချယ်ခံခဲ့ပြီး ၂၀၁၅ ခုနှစ်မှစ၍ တစ်သီးပုဂ္ဂလအဖြစ်ရပ်တည်ခဲ့သည်။ လက်ရှိပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရာထူးအား သမ္မတအဖြစ် ခန့်အပ်ခံရသူ ဦးဝင်းမြင့်ထံမှ ၂၀၁၈ ခုနှစ် မတ်လတွင် လွှဲပြောင်းရယူခဲ့ပါသည်။ ပြည်ထောင်စု လွှတ်တော်သက်တမ်းစုစုပေါင်း လပေါင်း (၆၀) တွင်ပထမ လပေါင်း (၃၀) ကိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ နာယက အဖြစ် တာဝန်ယူရပြီး နောက်ပိုင်း ကျန်ရှိသည့် လပေါင်း (၃၀) ကိုပြည်သူ့လွှတ်တော် ဥက္ကဋ္ဌမှ နာယကအဖြစ်တာဝန်ယူရပါသည်။ ထို့ကြောင့် ဦးတီခွန်မြတ်သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဖြစ်သည့်အတွက်ယခု အခါပြည်ထောင်စုလွှတ်တော် နာယက အဖြစ်လည်း တာဝန်ယူထားရပါသည်။ ဦးတီခွန်မြတ်အား နားလည်သိကျွမ်းသူ၊ လုပ်ငန်းဆောင်ရွက်မှုအပေါ်ထိန်းညှိနိုင်သူနှင့် NLD နှင့် တပ်မတော် အကျိုးစီပွားများ အကြားသင့်တင့် မျှတသည့် သဘောထားရှိသူစသည်ဖြင့်မြင်ကြပါသည်။ သို့သော်လည်း သူသည် သူရဦးရွှေမန်းနှင့် နီးစပ်သူဖြစ်ကြောင်း မှန်းဆပြောဆိုမှုများ များစွာရှိပါသည်။ သူရဦးရွှေမန်းသည် မကြာမီက ပါတီသစ်ထူထောင်ကာ ထိုပါတီသည် ၂၀၂၀ ခုနှစ်ရွေးကောက်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်မည် ဖြစ်ပါသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် မန်းဝင်းခိုင်သန်းဖြစ်ပြီး သူသည် ရှေ့နေတစ်ဦး ဖြစ်ပါသည်။ မန်းဝင်းခိုင်သန်း၏ အဘိုးဖြစ်သူသည် ၁၉၄၀ ပြည့်နှစ်များအတွင်းက ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့်ယာယီအစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီးဗိုလ်ချုပ်အောင်ဆန်းနှင့် အတူလုပ်ကြံ သတ်ဖြတ်ခံခဲ့ရပါ သည်။ သိသာထင်ရှားသည့် အချက်တစ်ခုမှာ ဦးတီခွန်မြတ်သည် ကချင်လူမျိုးဖြစ်ပြီး မန်းဝင်းခိုင်သန်းသည် ကရင်လူမျိုး ဖြစ်ပါသည်။ နှစ်ဦးစလုံးမှာ တိုင်းရင်းသား နိုင်ငံရေးလုပ်ရှားမှု များဖြင့်တွဲ၍လုပ်ဆောင်ခဲ့ဖူးခြင်း မရှိသည့် ဗမာလူမျိုးမဟုတ်သော နိုင်ငံရေးသမားများ ဖြစ်ပါသည်။

အင်တာဗျူး ဖြေဆိုသူများ၏ ဖော်ပြမှုများအရ လွှတ်တော်၏ အနေအထား အခြေအနေသည် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့အကြား ဆက်ဆံရေးအပေါ် အခြေခံနေပါသည်။ အဘယ်ကြောင့်ဆိုသော် စည်းကမ်းများတင်းကျပ်မှု မြင့်မားခြင်းကို နှစ်ဖက်လုံးတွင် တွေ့ရပြီးတပ်မတော်လွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော်အတွင်း မဲပေးရာတွင် အစဉ်တညီတညွတ်တည်းလုပ်ဆောင်ခဲ့ကြသလို[၃၀] NLD ပါတီကိုယ်စားလှယ်များသည်လည်းပါတီ လမ်းညွှန်မှု အတိုင်းအစဉ်လိုက်နာသည်ကိုတွေ့ရသောကြောင့်ဖြစ်ပါသည်။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရှေ့ဆုံးတန်းမှ ရာထူးမြင့်သည့် ဗိုလ်ချုပ်နှင့် ဗိုလ်မှူးချုပ်တို့သည် တပ်မတော်သား ကိုယ်စားလှယ်များအားလုံးတစ်သဘောတည်း လိုက်ပါဆောင်ရွက်နိုင်ရန်လက်ဖြင့် အချက်ပြလုပ်ဆောင်လေ့ရှိသည်။[၃၁] လွှတ်တော် ဦးဆောင်ကော်မတီဝင်များသည်ပါတီ ခေါင်းဆောင်များ၊ ဝန်ကြီးများ သို့မဟုတ် အတိုင်ပင်ခံရုံး ကိုယ်စားလှယ်များနှင့် နံနက်ပိုင်းပုံမှန် တွေ့ဆုံခြင်းများရှိပါသည်။ ထိုသို့ တွေ့ဆုံခြင်းတွင် လွှတ်တော်ကိုယ်စားလှယ်များကို မည်သို့ညွှန်ကြားမည်ကို ဆုံးဖြတ်ရန်လည်း ပါဝင်ပါသည်။ ပါတီ၏စည်းကမ်းများသည်ခေတ်ပေါ် ဒီမိုကရေစီနှင့် ကိုက်ညီမှု မရှိသည့်

**ပုံ - ၅ ပြည်ထောင်စုလွှတ်တော်တွင်း ပါဝင်နေမှု (၂၀၁၉)**




အရာများ များစွာပါဝင်ပါသည်။ NLD သည်သူရရှိထားသည့် ခိုင်မာသော အနေအထား နေရာကိုဆက်လက်ထိန်းထား လိုသောကြောင့် ဖြစ်ပါသည်။ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကန့်သတ်မှု ရှိနေသည့်အတွက်ကြောင့်သို့မဟုတ်လုပ်ငန်းအတွေ့အကြုံအားနည်းမှုတို့ကြောင့်လည်းဖြစ်နိုင်ပါသည်။[၂၂]

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့်တိုင်းရင်းသား နိုင်ငံရေးပါတီအချို့မှာ တပ်မတော်နှင့်သဘောထား တူညီမှုများရှိပါသည်။ အထူးသဖြင့် နိုင်ငံရေး ပြဿနာ သို့မဟုတ် လုံခြုံရေးဆက်စပ် ပြဿနာများတွင် ဖြစ်ပြီးအခြား ကိစ္စရပ်များတွင်မူပို၍ ပျော့ပျောင်းသည့် သဘောထားများ ရှိကြပါသည်။ တိုင်းရင်းသားပါတီအများသည် NLD နှင့်အနေအထားအမျိုးမျိုးဖြင့် သဘောထားတူညီမှုများရှိကြပါသည်။ ကျန်ရှိသည့် တိုင်းရင်းသားပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များသည် ပို၍သီးသန့် လွတ်လပ်စွာ ရပ်တည်နေမှုကို တွေ့ရပါသည်။[၂၃]

ရွေးကောက်ခံ အရပ်သား လွှတ်တော်ကိုယ်စားလှယ်များနှင့်တပ်မတော်သားကိုယ်စားလှယ်များအကြား ဆက်ဆံရေး အားနည်းမှုများသည် တပ်မတော်၏ ပိတ်ထားသည့် သဘောသဘာဝကြောင့်ဖြစ်ကြောင်းဖော်ပြကြပါသည်။ အရပ်သားကိုယ်စားလှယ်အများစုသည် နေပြည်တော် စည်ပင်ရိပ်သာတွင်တည်းခိုနေထိုင်ကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီမှ လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအိမ်ရာဝင်းတွင် နေထိုင်ကြကာ တပ်မတော် ကိုယ်စားလှယ်များမှာ လွှတ်တော်ရုံးများနှင့် ဆယ်မိုင်ကျော် အကွာအဝေးတွင်ရှိသည့် တပ်မတော် တည်းခိုရိပ်သာများတွင်တည်းခိုနေထိုင်ကြပါသည်။ အချို့လွှတ်တော် ကိုယ်စားလှယ်များ၏အတည်ပြုရန်ခက်သည့်အဆိုများ[၂၄]အရ အခြားလွှတ်တော် ကိုယ်စားလှယ်များနှင့် အလွန်ရင်းနှီးလာသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များကို အစားထိုးလဲလှယ်မှုများ ပြုလုပ်ကြောင်းသိရှိရပါသည်။ ရလဒ်မှာ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များသည် အရပ်သားလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ထိုင်ခြင်းနှင့် လူမှုရေးအရတွေ့ဆုံခြင်း စသည်တို့ကို ပြုလုပ်ရန် ဝန်လေးလာကြပါသည်။ သို့သော်လည်း ပူးတွဲဆောင်ရွက်သည့် အစည်းအဝေး များနှင့်အလုပ်ရုံ ဆွေးနွေးပွဲများ ဖိတ်ကြားလျှင်တော့ တက်ရောက်ကြပါသည်။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလေးပေး ပြောဆိုခဲ့မှုများမှာ "တပ်

မတော်သား လွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်တွင်းတွင် အတိုက်ခံအဖြစ် မမြင်သင့်ကြောင်း”[၂၅] “သူတို့သည် ဥပဒေပြုရေး ဖြစ်စဉ်အပေါ် အကြံပြုမှုသာဖြစ်ပြီး ဆုံးဖြတ်ချက်များကို မည်သည့်အခါမျှ မပေးနိုင်ကြောင်း” တို့ဖြစ်ပါသည်။[၂၆]

အရပ်သား လွှတ်တော် ကိုယ်စားလှယ်များသည်လုံခြုံရေး အဖွဲ့များ၏ လိုက်လံစောင့်ကြည့် သတင်းယူခြင်း များခံရပါသည်။ လုံခြုံရေးအဖွဲ့အားလုံးသည်တပ်မတော်၏ကွပ်ကဲမှုအောက်တွင်ရှိပါသည်။ လွှတ်တော် လုံခြုံရေးကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အထူးဖွဲ့စည်းထားသည့် တပ်ဖွဲ့က တာဝန်ယူဆောင်ရွက်ပေးထားပါသည်။ ဤအစီအရင်ခံစာအတွက် လွှတ်တော်ကိုယ်စားလှယ်များကို အင်တာဗျူး ပြုလုပ်မှုအရ ထိုလုံခြုံရေးတပ်ဖွဲ့တွင် ထောက်လှမ်းရေးအဖွဲ့ဝင်များပါဝင် နေလျက်ရှိပါသည်။ ထို့ပြင် စစ်ဘက်လုံခြုံရေး တပ်ဖွဲ့ဝင်များမှလည်း အရပ်သားရွေးကောက်ခံကိုယ်စားလှယ်များ၏ ဆောင်ရွက်မှုများကို နေပြည်တော်တွင်သာမကသူတို့၏မဲဆန္ဒနယ်များတွင်လည်း ခြေရာခံလိုက်ခြင်းနှင့် ဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်ကြပါသည်။ ထိုပြဿနာသည် လွှတ်တော်တွင် ကာကွယ်ရေးဝန်ကြီးအား မေးခွန်းထုတ်သည်အထိ ကြီးမားလာပါသည်။ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးမှ ၂၀၁၉ မေလတွင်လွှတ်တော်၌ “လွှတ်တော်ကိုယ်စားလှယ်များကို တပ်မတော်နှင့် ထောက်လှမ်းရေးအဖွဲ့များကလိုက်လံ စောင့်ကြည့်ခြင်းမျိုးသည် သင့်တော်မှုရှိပါသလား” ဟူ၍ မေးခွန်းထုတ်ခဲ့ပါသည်။ မေးခွန်းအပေါ် ကာကွယ်ရေးဝန်ကြီးဌာန ဒု-ဝန်ကြီးက ပြန်လည်ဖြေဆိုရာတွင် “အဆိုပါ ဆောင်ရွက်မှုသည်ပုံမှန်လုပ်ရိုးလုပ်စဉ်စောင့်ကြည့်ခြင်းမျိုးသာဖြစ်သည်” ဟူ၍ဖြေဆိုခဲ့ပါသည်။[၂၇] နောက်အချက်တစ်ခုမှာ ပြည်ထောင်စုအဆင့် လွှတ်တော်သုံးခုမှ စီမံအုပ်ချုပ်နေသည့်ညှိနှိုင်းရေးမှူးချုပ် သုံးဦးမှာ တပ်မတော်အရာရှိဟောင်း များဖြစ်ပြီး လက်ရှိနှင့် ယခင်တပ်မတော်နောက်ခံ လွှတ်တော်ဥက္ကဋ္ဌများအပေါ် သစ္စာရှိသူများဖြစ်ကြပါသည်။[၂၈]

## မိတ်ဆွေများ သို့မဟုတ် ရန်သူများ - မည်သို့အရပ် ဘက်-စစ်ဘက် ဆက်ဆံရေးများ တည်ငြိမ်မည်နည်း

အပေါ်ယံကြည့်လျှင် အရပ်ဘက်နှင့်စစ်ဘက် ဆက်ဆံရေးမှာ ချစ်ခင်ရင်းနှီးသည့် ပုံစံကိုဖော်ပြနေကြပါသည်။ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်မှ “ဒေါ်အောင်ဆန်းစုကြည်၏ ဆောင်ရွက်မှုများကို တပ်မတော်အနေဖြင့် မိမိတို့တိုင်းပြည် ကောင်းမွန်ရေးအတွက်စုပေါင်း၍တာဝန်ယူလုပ်ကိုင်ပေးနေကြောင်း” ပြောဆိုထားပါသည်။[၂၉] လက်ရှိအစီအစဉ်သည်အနည်းဆုံးတိုင်းပြည်တည်ငြိမ်ရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ထိုအစီအစဉ်သည် တပ်မတော်မှ လိုလားမှု အရှိဆုံး အရာ ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်ကမူ “အမျိုးသား ရင်ကြားစေ့ရေး”သည် သူမ၏အဓိကဦးတည်ချက်ဖြစ်ကြောင်းကို အလေးပေး ပြောဆိုပြီး ထိုသို့လုပ်ဆောင်နိုင်ရန်မှာတပ်မတော်အားနိုင်ငံရေးအရ ဖိအားပေးခြင်းထက် တပ်မတော်နှင့်ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းအပေါ်မူတည်ကြောင်း ခိုင်ခိုင်မာမာ ပြောဆိုထားပါသည်။ သေ ချာသည့်အချက်မှာမူ တပ်မတော်သည် သူတို့၏ အတွေးအခေါ်၊ အင်စတီကျူးရှင်း ဆိုင်ရာနှင့် ကိုယ်ပိုင် အကျိုးစီးပွား စသည်တို့ကို အထိမခံခြင်းမှာကြီးမားစွာ ကျန်ရှိနေသည့်အချက် ဖြစ်ပါသည်။ အသွင်ကူးပြောင်းလဲရေး ကာလ တရားမျှတမှု (Transitional Justice) နှင့်ပတ်သက်၍ မည်သည့် ပြောဆိုမှုမျှ မရှိသေးသည့်အပြင် တပ်မတော်ပိုင် သို့မဟုတ် တပ်မတော်နှင့် ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများ အပေါ် အခွန်ကောက်ခံမှုနှင့် စည်းမျဉ်းစည်းကမ်း များ မှာလည်း အနည်းငယ်သာ ပြောင်းလဲတိုးတက်မှု ရှိနေ သေးသည်ကို တွေ့ရပါသည်။ တပ်မတော်၏ နည်းဗျူဟာ အမြင်အရ ဒေါ်အောင်ဆန်းစုကြည်သည်အတော်အသင့်ကြိုတင်ခန့်မှန်းရလွယ်ကူနိုင်ခြင်းသည့် ကစားသမားဖြစ်ပြီး ဒီမိုကရေစီလိုလားသူ အများစုကို ခိုင်ခိုင်မာမာ ထိန်းထားနိုင်သည့် သူတစ်ဦး ဖြစ်ပါသည်။

နိုင်ငံတော် လုံခြုံရေး သို့မဟုတ် နိုင်ငံတော် အကျိုးစီးပွားနှင့် ပတ်သက်၍ ကြီးမားစွာ စဉ်းစား ဆုံးဖြတ်ရသည့် ပြဿနာ ကိစ္စရပ်များတွင် နှစ်ဖက်စလုံး



နေပြည်တော်ရှိတပ်မတော်ရုံးချုပ်တွင် အစည်းအဝေးမလုပ်မီ ဒေါ်အောင်ဆန်းစုကြည်က ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့် လက်ဆွဲနှုတ်ဆက်ကာ သတင်းမီဒီယာများမှ ဓါတ်ပုံရိုက်ယူနေစဉ်၊ နေပြည်တော်၊ မြန်မာ၊ ၂ ဒီဇင်ဘာလ၊ ၂၀၁၅။

© Lynn Bo Bo/EPA/Shutterstock

သဘောထား တူညီကြသည်ကို တွေ့နိုင်ပါသည်။[၂၃၀] ရခိုင်ပြည်တွင်းတပ်မတော်၏ ဆောင်ရွက်ချက်များကို နိုင်ငံတကာမှ ဝိုင်းဝန်းပြစ်တင်ရှုတ်ချ နေသော်လည်း အရပ်သား အစိုးရအနေဖြင့် အဆိုပါ ဖြစ်ရပ်အပေါ် ပြစ်တင် ဝေဖန်ရန် ရှောင်ရှားလေ့ ရှိပါသည်။[၂၃၁] အချို့ သောကိစ္စ ရပ်များဆိုလျှင် တိုက်ရိုက်ကာကွယ်ပေး မှုများပင် ရှိပါသည်။ ထို့ပြင် နှစ်ဖက်စလုံးမှာ ဒေသ တွင်းပူးပေါင်းဆောင်ရွက်မှု အားကောင်းရန် အလေး ထားကြပါသည်။[၂၃၂] ထို့ကြောင့် အနောက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးထက် တရုတ်နှင့် အိန္ဒိယတို့ ကိုပိုမိုဦးစားပေးသည်ကို တွေ့ရပါသည်။ ဒေါ်အောင် ဆန်းစုကြည်၏ အစိုးရအဖွဲ့တွင်းမှ အဓိကဆောင် ရွက်နေသူများသည် ၂၀၁၁ ခုနှစ်မတိုင်မီ တပ်မတော် အစိုးရအောက် တာဝန်ထမ်း ဆောင်ခဲ့သည့် သံတမန် များ၊ အစိုးရ ဝန်ထမ်းများနှင့် တပ်မတော်မှ တပ်မှူး များဖြစ်ကြပါသည်။ သူတို့နှင့်ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်အပါအဝင် တပ်မတော်ဘက်မှ စဉ်းစား တွေးခေါ်မှုအမြင်များ၊ သမိုင်းဆိုင်ရာများနှင့် ဓလေ့ များစသည်တို့တွင်များစွာ သဘောထားတူညီမှုများ ရှိပါသည်။

ထိုပေါင်းစည်းမှုသည် အထူးသဖြင့်အနောက်နိုင်ငံမှ စောင့်ကြည့် လေ့လာသူများအတွက် စည်းလုံးသည့်ပုံပန်းသဏ္ဍာန်ကို ဖော်နေသည်။ အကြောင်းမှာ ယင်းတို့သည် အတိအလင်း ဝေဖန်မှုများနှင့် ငြင်းခုံမှုများဖြင့်အသားကျနေသောကြောင့် ဖြစ်ပါသည်။[၂၃၃]

သို့သော်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် တိုက်ရိုက်တွေ့ဆုံမှု အလွန်နည်းပါးပြီး အစိုးရ၏ အရေးကြီးဆုံးဖြတ်ချက်များ ချမှတ်ရာတွင်သူတို့နှစ်ဦး အတူတကွ ပူးပေါင်းဆောင်ရွက်မှုများစွာ ရှိလိမ့်မည်မဟုတ်ပေ။ ဤအစီရင်ခံစာတွင် အင်တာဗျူး ဖြေဆိုသူများကလက်ရှိအခြေအနေသည်စစ်အေးပုံစံမျိုး ဖြစ်နေပြီးတစ်ဖက်နှင့် တစ်ဖက် ခေါင်းဆောင်မှုပိုင်း တရားဝင်အသိအမှတ်ပြုခြင်းအားနည်းသည်ကို ထောက်ပြကြပါသည်။ ဒေါ်အောင်ဆန်းစုကြည် ရယူထားသည့် နေရာသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အငြင်းပွားဖွယ် ဖြစ်ကြောင်း တစ်ဖက်ကပြောဆိုမှုများရှိပြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည်လည်း ရွေးကောက်ခံမဟုတ်သည်ကိုအခြားဘက်မှထောက်ပြမှုများရှိပါသည်။[၂၃၄]

> **“တစ်ဖက်တွင် တပ်မတော်၏ ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားဝင်အသိအမှတ်ပြုမှု အားနည်းသည့်အတွက် ကြိုးစား ဆောင်ရွက်ပါက ထိပ်တိုက်တွေ့ဆုံရန် လုပ်သည်ဆိုသည့် အမြင်နှင့် မဆောင်ရွက်ပါကလည်း အားနည်းသည် သို့မဟုတ် ထိရောက်မှု မရှိဆိုသည့် အမြင်များအကြား ဒေါ်အောင်ဆန်းစုကြည်သည် ခက်ခဲစွာဟန်ချက်ညီအောင် ထိန်းနေရပါသည်။”**

ဒေါ်အောင်ဆန်းစုကြည် နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့အကြား သိသာထင်ရှားသည့် ပွတ်တိုက်မှုများ ရှိသည်ကို ယခင်လအနည်းက တွေ့ရပါသည်။ ထိုဖြစ်စဉ်သည် အရေးပါသော နိုင်ငံ့အရေးကိစ္စရပ်များအတွက်နှစ်ဦးကြားဆက်သွယ်မှုနည်းပါးပြီးရုတ်တရက်ဆုံးဖြတ်ချက်ချသည့်ဘက်သို့ဦးတည်သည့်ပါးကိုက်နားကိုက်ပုံစံကို ကျင့်သုံးလေ့ရှိသည်။ ဥပမာအားဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အစိုးရမှ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို တပ်မတော်ထိန်းချုပ်မှုအောက်ရှိပြည်ထဲရေးဝန်ကြီးဌာနမှအရပ်ဘက်ထိန်းချုပ်မှုအောက်သို့ ရွှေ့ပြောင်းပြီး (အခန်း ၃.၃ တွင် ကြည့်နိုင်ပါသည်) နောက်ရက်တွင် တပ်မတော်မှ တစ်ဖက်သတ် အပစ်အခတ် ရပ်စဲခြင်းကို အံ့အားသင့်စွာ ကြေညာခဲ့ပါသည်။[၂၃၅]

NLD မှလည်း တပ်မတော်ကို ကြိုတင်ညှိနှိုင်းအသိပေးမှု မပါရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးပူးတွဲကော်မတီ ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်လာပါသည်။ အချို့မှလည်း အဆိုပါ ဆောင်ရွက်ချက်သည် တပ်မတော်နှင့် အပြုသဘောဆောင်သော ဆက်ဆံရေး တည်ဆောက်မှုကိုမဖြစ်စေဘဲ နိုင်ငံရေးအရထိပ်တိုက်ထိတွေ့မှုနှင့် NLD ၏ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအတွက် ရည်ရွယ်ချက်အဖြစ် လုပ်ဆောင်ခဲ့သည်ဟူ၍ ပြောဆိုဝေဖန်မှု ရှိခဲ့ပါသည်။ ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းမှု ပြုလုပ်ရာတွင်အချို့သော အင်တာဗျူးဖြေဆိုသူများမှာမူ နှစ်ဖက်ထိပ်ပိုင်း ခေါင်းဆောင်များ ပွင့်လင်းမြင်သာမှုရှိသည့်တွေ့ဆုံ ဆွေးနွေးညှိနှိုင်းမှုဖြင့် ပိုမိုထိရောက်သောရလဒ်များ ရရှိရန် အမြင်များရှိကြောင်း ဖော်ပြဖြေဆိုမှုများ ရှိပါသည်။

NLDအစိုးရနှင့်တပ်မတော်တို့အကြားအဖုအထစ်ဖြစ်စရာ ဖြစ်ရပ်တစ်ခုမှာ NLD ရှေ့နေတစ်ဦးဖြစ်သည့် ဦးကိုနီ လုပ်ကြံခံရခြင်းလည်း ပါဝင်ပါသည်။ ဦးကိုနီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ကျွမ်းကျင်သူတစ်ဦးဖြစ်ပြီး နိုင်ငံတော်အတိုင်ပင်ခံ ရာထူးနေရာဖန်တီးနိုင်ရန် ဆောင်ရွက်ခဲ့သူလည်း ဖြစ်ပါသည်။ ထို့ပြင်သူသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်းထန်စွာ ဝေဖန်သုံးသပ်ခဲ့သူ ဖြစ်ပြီး ထိုမှ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ရန် ၂၀၁၄ ခုနှစ်တွင် အကြံပြုခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် သူ့ကိုလုပ်ကြံသတ်ဖြတ်သူများတွင် တပ်မတော် အရာရှိဟောင်းများပါဝင်ခဲ့ပါသည်။အဆိုပါအမှုကိုတရားရုံး၌အကြိမ်ရာကျော် စစ်ဆေးခဲ့ပြီး[၂၃၆] တပ်မတော်အရာရှိဟောင်းအပါအဝင် ကျူးလွန်သူနှစ်ဦးကို သေဒဏ်ချမှတ်ခဲ့ ပြီး ကျန်တပ်မတော် အရာရှိဟောင်းကို နှစ်ရှည်ထောင်ဒဏ် ချမှတ်ခဲ့ပါသည်။ ထိုလုပ်ကြံမှုအတွက်နောက်မှ ကြိုးကိုင်သူများမှာမူ လွတ်မြောက်နေဆဲပင်ဖြစ်ပါသည်။[၂၃၇] ဤလုပ်ကြံသတ်ဖြတ်မှုသည် မည်မျှ သက်ရောက်မှုရှိသည်ကို တိုင်းတာ၍ ရနိုင်

မည်မဟုတ်ပေ။ မည်သို့ဆိုစေကာမူ ဦးကိုနီပါဝင်သည့် NLD ဦးဆောင်သော အစိုးရသည် ပို၍ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပိုမိုရှိမည်ဖြစ်ပြီး ဥပဒေပိုင်းဆိုင်ရာတွင်လည်း ပိုမိုသိနားလည်နိုင်ပါသည်။

သို့သော်လည်း အားလုံးခြုံငုံကြည့်လျှင် တိုင်းပြည်တွင်းလုံခြုံရေး၊ ဖွံ့ဖြိုးရေးနှင့် အခြားစိန်ခေါ်မှုများရှိနေသည့်တိုင် လက်ရှိအာဏာဟန်ချက်သည် တည်ငြိမ်မှု ရှိနေသည့်ပုံ ပေါ်နေပါသည်။ NLD သည် လူထုထောက်ခံမှု ကောင်းနေသည့်ကာလ ဖြစ်သည့်အတွက် ယင်းတို့ ချက်ချင်းပြောင်းလဲမှုများ မဆောင်ရွက်နိုင်သည့်တိုင် များစွာတောင်းဆို ဖိအားပေး ခံရမည်မဟုတ်ပေ။

အထက်ပါအခြေအနေသည် မူဝါဒများအား ကောင်းရန်၊ ခိုင်မာသည့် နိုင်ငံရေး အစီအစဉ်များပေါ်ထွက်လာရန်နှင့် အခြားနိုင်ငံရေးအုပ်စုများကို (ဥပမာ - တိုင်းရင်းသားပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများ) နိုင်ငံရေးအရပါဝင်မှုခွင့်ပြုရန် စသည်တို့ကို ကမကထပြု လုပ်ဆောင်ပေးရန် နှစ်ဖက်လုံး အပေါ် ဖိအားလျော့နည်းစေပါသည်။ တစ်ဖက်တွင် တပ်မတော်၏ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားဝင်အသိအမှတ်ပြုမှုအားနည်းသည့်အတွက် ကြိုးစားဆောင်ရွက်ပါက ထိပ်တိုက် တွေ့ဆုံရန် လုပ်သည်ဆိုသည့် အမြင်နှင့်မဆောင်ရွက်ပါကလည်း အားနည်းသည် သို့မဟုတ် ထိရောက်မှု မရှိဆိုသည့် အမြင်များအကြား ဒေါ်အောင်ဆန်းစုကြည်သည် ခက်ခဲစွာဟန်ချက်ညီအောင် ထိန်းနေရပါသည်။

အထက်ပါအချက်သည် တပ်မတော်အား လုံခြုံရေးကိစ္စများတွင်လည်းကောင်း စီးပွားရေးကိစ္စများတွင်လည်းကောင်း စိတ်ကြိုက်ဆောင်ရွက်ရန် ခွင့်ပြုပေးသကဲ့သို့ ဖြစ်နေပါသည်။ ဖော်ပြပါ အခြေအနေများအားလုံးသည် သမ္မတဦးသိန်းစိန် လက်ထက်နှင့် ဆန့်ကျင်ဘက် ဖြစ်နေပါသည်။ ဦးသိန်းစိန် လက်ထက်တွင်ပြည်တွင်းသဘောထားကွဲလွဲမှု မရှိအောင်ရှောင်ရှားရသည့် ဖိအားများစွာရှိပြီး တစ်ချိန်တည်းမှာလည်း အနောက်နိုင်ငံများက ပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန်အတွက် ပြုပြင်ပြောင်းလဲမှုအပေါ် ယုံကြည်မှု ရရှိအောင် ကြိုးစားဆောင်ရွက် ခဲ့ရပါသည်။

# ကျမ်းကိုးစာရင်း


၆၃ Support for these and other claims is provided throughout the main body of this chapter.

၆၄ Callahan M (2003), Making Enemies: War and State Building in Burma (Washington: Cornell University Press), pp 24–25; Nakanishi (2013), op. cit., pp 32–38.

၆၅ Callahan (2003), op. cit., p 26.

၆၆ Selth A (2013a), 'Police Reform in Burma (Myanmar): Aims, Obstacles and Outcomes', Griffith Asia Institute, Regional Outlook Paper no. 44, p 7. The police were nearly twice the size of the military. Following the separation of Burma from India in 1937, part of the military police was reformed into the Burma Frontier Force, a police service for the 'frontier areas' that covered much of the territory making up modern Myanmar's states.

၆၇ Callahan (2003), op. cit., pp 29–30. The military (including occasional reinforcements from India) was sporadically brought in to assist crackdowns on local resistance. A prominent example was the Saya San rebellion of the early 1930s, which ended with 3,000 dead or wounded and 8,000 arrests. Smith M (1999), Burma: Insurgency and the Politics of Ethnicity second edition (London: Zed Books), p 91.

၆၈ Selth A (2019), Secrets and Power in Myanmar: Intelligence and the Fall of General Khin Nyunt (Singapore: ISEAS Publishing), p 26.

၆၉ Traditional leaders in most Shan, Kachin, Chin and other 'ethnic' areas were allowed to stay in power and raise their own armies, and they actually benefited from protection by colonial forces in return for loyalty and taxes. Meanwhile, after the First World War, the state began recruiting Karen and numerous other groups. In 1938, out of 10, 365 troops stationed in the country, around 3,000 were Indians and nearly 3,000 more were Karen, Chin or Kachin.

၇၀ Walton M (2013), 'The "Wages of Burman-ness:" Ethnicity and Burman Privilege in Contemporary Myanmar', Journal of Contemporary Asia 43 (1), pp 1–27.

၇၁ Smith (1999), op. cit., pp 44–48.

၇၂ Callahan (2003), op. cit., pp 37–40.

၇၃ The name of this army in Burmese was 'Bamar Lutlatye Tatmadaw'. The original was therefore the same word that is now officially known as 'Bamar', which is the vernacular of Myanmar and which is also the official term used for the majority ethnic group. Exhibits at the Defence Services Museum in Naypyidaw refer to it as the 'Burma Independence Army'. It is often translated in English as the 'Burmese Independence Army'. However, as Burmese is often now used to refer to all ethnic groups, this is a slight misrepresentation. See also: Guyot D H (1966), The Political Impact of the Japanese Occupation of Burma (New Haven: Yale University Press).

၇၄ Callahan (2003), op. cit., pp 45–54.

၇၅ Ibid, p 75.

၇၆ Ibid, pp 54–67.

၇၇ Ibid, pp 45–68; Guyot (1966), op. cit.

၇၈ Callahan (2003), op. cit., pp 87–113.

၇၉ Ibid, op. cit., pp 120–121. See also: McEnery J M (1990), Epilogue in Burma, 1945–48 (Tunbridge Wells, Kent: Spellmount).

၈၀ Maung Aung Myoe (2009), Building the Tatmadaw: Myanmar Armed Forces Since 1948 (Singapore: Institute of Southeast Asia Studies), pp 87–88.

၈၁ Among these were ethnic armed movements, including the Karen National Union, as well as the Communist Party of Burma, led mostly by Bamar, including former allies of Aung San.

၈၂ Callahan (2003), op. cit., pp 114–144; Selth A (2001a), Burma's Armed Forces: Power without Glory (Norwalk: East Bridge), pp 10–11. The head of the air force was also Karen and was also replaced at this time. These dismissals coincided with the upsurge in fighting between the state and the Karen National Union, though these commanders did not have any affiliation with the Karen National Union at that time or even after they were dismissed. They were largely seen as 'right wing' and too close to the British.

၈၃ Callahan (2003), op. cit., p 173.

၈၄ Interview with leading scholar of the Myanmar Armed Forces.

၈၅ Selth (2013a), op. cit., pp 7–8. The two police services at that time were the Burma Police and the military police, which was renamed the Union Military Police. The Burma Police included embedded intelligence units, the Special Investigation Department (today's Special Branch) and the Criminal Investigation Department (which retains the same name).

၈၆ Selth A (1998), 'Burma's intelligence apparatus', Intelligence and National Security 13 (4), pp 33–70, p 38.

၈၇ Myint Zan (2000), 'Judicial Independence in Burma: No March Backwards Towards the Past', Asian-Pacific Law & Policy Journal 5 (1), pp 13–17.

၈၈ Callahan (2003), op. cit., p 160. The War office has been described as 'a hybrid of a Department of State and a military HQ'.

၈၉ Ibid, p 170. Further tensions grew at the same time within the military between actively combatant field officers and those handling administrative and support roles in the War Office.

၉၀ Ibid, p 171; interviews with Myanmar and foreign scholars of the Tatmadaw, May and June 2019.

၉၁ Martial law and the build up of forces precipitated the beginnings of Shan armed resistance and a separate movement led by Shan politicians and traditional princes calling for a federal system of government. Meanwhile, though the Karen National Union and its various allies had been pushed out of most towns, they had laid down firm roots throughout rural lower Burma.

၉၂ Nakanishi (2013), op. cit., pp 84–91.

၉၃ Callahan (2003), op. cit., p 186.

၉၄ Ibid, p 186-197.

၉၅ Ibid, p 191.

၉၆ Selth (1998), op. cit., p 38; O'Brien H (1991), Forgotten Land: A Rediscovery of Burma (London: Michael Joseph), p 107.

၉၇ Callahan (2003), op. cit., p 193–194. Also in this period, the military caretaker government negotiated the dissolution of the Karenni and Shan princes.

၉၈ Selth (1998), op. cit., p 37.

၉၉ Nakanishi (2013), op. cit., pp 88–91.

၁၀၀ Ibid, pp 88–91; Taylor R H (2009), The State in Myanmar (Singapore: National University of Singapore Press), original version printed in 1987, entitled The State in Burma, pp 293–296.

၁၀၁ Taylor (2009), op. cit., p 296; Myint Zan (2000), op. cit., pp 17–20. This included the abolition of the supreme courts and high courts and created a chief court under a known loyalist, and greatly weakened the lower-level courts.

၁၀၂ Taylor (2009), op. cit., p 295.

၁၀၃ Nakanishi (2013), op. cit., p 160.

၁၀၄ Selth (2019), op. cit., explains that the National Intelligence Bureau was responsible for 'coordinating the activities of the country's various intelligence and security agencies', including: the Military Intelligence Service that he had created; the Bureau of Special Investigation, which had previously reported directly to the civilian prime minister; and the Criminal Investigation Department and Special Investigation Department, which were both part of the police force under the Ministry of Home Affairs, as they both are today (with the Special Investigation Department now known as the Special Branch).

၁၀၅ Selth (2013), op. cit., p 7.

၁၀၆ Selth (2016), 'The potential for Army-Police rivalry in Myanmar', The Interpreter, 2 February (https://www.lowyinstitute.org/the-interpreter/potential-army-police-rivalry-myanmar)

၁၀၇ Selth (2003), op. cit., pp 90–91; Maung Aug Myoe (2009), op. cit., pp 24–26; Nakanishi (2013), op. cit., pp 232–234. The 'People's War' concept was inspired by Mao Tsetung, Che Guevara and experiences in the Czech Republic and Yugoslavia. This essentially viewed the entire population as a mobilisable force. It focused on establishing village-level 'people's militia', and engaging all political, social, economic, military and public management spheres of government activity to deny insurgents support from the people living in the areas of their operations. Somewhat ironically, what started from a realisation that insurgents are more popular due to violent and predatory behaviour of local Tatmadaw units soon developed into an extreme version of just that, as the 'four cuts' policy was introduced and became focused on brutal scorched earth tactics aimed at devastating entire communities in areas where the enemy was operating.

၁၀၈ Selth (2001a), op. cit., p 159.

၁၀၉ Nakanishi (2013), op. cit., p 217.

၁၁၀ Ibid, pp 151–153; Taylor (2009), op. cit., pp 315–316.

၁၁၁ Nakanishi (2013), op. cit., pp 151–153.

၁၁၂ The constitutional drafting process was nominally fully inclusive of 'the people', as thousands of documents were submitted from a wide range of people's associations. However, as Nakanishi points out, they were most likely 'not reflected in the drafting process'. Nakanishi (2013), op. cit., p 173.

၁၁၃ Ibid, p 216, pp 228–232. This complex approach was necessary as a means to maintain control without provoking too much dissatisfaction from either the party or the serving military leadership.

၁၁၄ Ibid, p 161.

၁၁၅ Ibid, pp 273–274. See also: Maung Maung (1999), The 1988 Uprising in Burma (New Haven: Yale University Press); Holliday I (2011), Burma Redux: Global Justice and the Quest for Political Reform in Myanmar (Hong Kong: Hong Kong University Press), pp 54–58.

၁၁၆ Lubina M (2018), The Moral Democracy: The Political Thought of Aung San Suu Kyi (Warsaw: Scholar Publishing House), pp 203–204.

၁၁၇ Among the military commanders were Aung Shwe, Tin Oo, Aung Gyi and Kyi Maung, all of whom had served for varying lengths under Ne Win.

၁၁၈ Human Rights Watch (2010), 'Burma: Chronology of Aung San Suu Kyi's Detention', November 13 (https://www.hrw.org/news/2010/11/13/burma-chronology-aung-san-suu-kyis-detention)

၁၁၉ Holliday (2011), op. cit., pp 59–60.

၁၂၀ Egreteau (2016), op. cit., p 33: 'the Law Protecting the Peaceful and Systematic Transfer of State Responsibility and the Successful Performance of the Functions of the National Convention against Disturbances and Oppositions, enacted by the SLORC in June 1996, was meant to punish any criticism of the National Convention and the constitution drafting process controlled by the military junta between 1992 and 2008. The junta had ruthlessly used that legislation, which imposed sentences up to 20 years and the confiscation of the offender's property, to suppress dissent.'

၁၂၁ Between 1995 and 2008, the party boycotted the junta's National Convention on the grounds that the process did not give the party enough influence, in spite of its landslide victory in 1991. The convention allowed very little influence to opposition parties or to ceasefire-holding ethnic armed organisations that also attended. Specifically, the NLD was only given 15 per cent of seats despite having won a vast majority of votes in the annulled 1990 election. The NLD insisted that a 'genuine democratic constitution' was its primary aim. McClellan P (1995), 'NLD may boycott NTN'L Convention', 22 November (http://www.burmalibrary.org/reg.burma/archives/199511/msg00163.html)

၁၂၂ Preecharushh D (2009), Naypyidaw: The New Capital of Burma (Bangkok: White Lotus).

၁၂၃ National Public Radio (2007), 'Myanmar Anti-Government Protests Turn Deadly', 26 September (https://www.npr.org/templates/story/story.php?storyId=14715135&t=1569248540642)

၁၂၄ Callahan M (2012), 'The generals loosen their grip', Journal of Democracy 23 (4), October; Callahan M (2015), 'National Security and the Military in Post-junta, Constitutional Myanmar', in The United States and Japan: Assisting Myanmar Development (Washington DC: Sasakawa Peace Foundation), pp 41–55; Egreteau (2016), op. cit.

၁၂၅ Yawngwhe S (2013), Maintaining the Union of Burma: The role of the Ethnic Nationalities in a Shan Perspective (Bangkok: Chulalangkorn University).

၁၂၆ Egreteau (2016), op. cit.; Callahan (2012), op. cit.; Selth A (2013b), 'Burma's Security Forces: Performing, Reforming or Transforming?', Griffith Asia Institute, Regional Outlook Paper no. 45 (https://www.griffith.edu.au/__data/assets/pdf_file/0026/118907/Regional-Outlook-Paper-45-Selth-web.pdf)

၁၂၇ McCarthy G (2019), Military Capitalism in Myanmar: Examining the Origins, Continuities and Evolution of "Khaki Capital" (Singapore: Institute for Southeast Asian Studies), pp 12–19; Bünte M (2017), 'The NLD-Military Coalition in Myanmar: Military Guardianship and Its Economic Foundations', in P Chambers, N Waitoolkiat (eds.), Khaki Capital: The Political Economy of the Military in Southeast Asia (Copenhagen: NIAS Press), pp 93–129.

၁၂၈ Under the SLORC/SPDC, the governance concepts of administration and security remained intertwined as people's councils were replaced with Law and Order Restoration Councils, later renamed Peace and Development Councils, at township, district, and state and division levels.

၁၂၉ Taylor (2009), op. cit., pp 451–452. Callahan (2012), op. cit., p 122, argued that 'The Tatmadaw, its notorious intelligence agencies, the police, and local authorities viewed any criticism, opposition, or even advocacy as outbreaks of "politics" posing threats to "national security." The frequently used method for countering such "threats" was a harsh crackdown whose justification lay in the military's image of itself as saviour and guardian of the nation.' See also pp 120–122.

၁၃၀ Holliday (2011), op. cit., pp 61–65.

၁၃၁ Interview, Yangon, May 2019, and additional information provided by a security expert from Myanmar. The civil service training was said to be inspired by fears of a US-led invasion, and seemingly draws on the 'People's War' concept.

၁၃၂ Cropley E (2007), 'Myanmar junta uses gangs not guns to crush dissent', Reuters, 30 August (https://uk.reuters.com/article/uk-myanmar-gangs/myanmar-junta-uses-gangs-not-guns-to-crush-dissent-idUKBKK30876420070830)

၁၃၃ Selth (2019), op. cit., pp 8–9. This body is also known as the Military Intelligence Service, as established by Ne Win in the 1950s. The exact reasons for or timing of the apparent name change are unclear. Selth (1998), op. cit., p 45. In 1983, Khin Nyunt had been tasked by Ne Win to rebuild the country's intelligence apparatus following an assassination attempt (which killed 21 people) on the President of South Korea by North Korea on Burmese soil.

၁၃၄ Selth (2019), op. cit., pp 12–13. In 1991, there was an estimated one 'spy' for every 27 students in Myanmar universities. Fears of being heard while criticising the government were widespread among the general population. In the face of significant criticism from the international community over democratic and human rights concerns, the intelligence services began to treat foreigners with particular suspicion and stated this publicly, while foreign diplomats and other residents were put under heavy surveillance. Despite not having full arrest powers by law, the agencies' ability to take people in for questioning, before handing them over to the police as part of procedure, essentially gave them such powers.

၁၃၅ Selth (2019), op. cit. In some ways, his ouster reflected the intra-military tensions of the 1950s between field commanders like Than Shwe and career officers who had never been in combat, like Khin Nyunt.

၁၃၆ Selth (2019), op. cit., pp 14–21. These activities were carried out through the Directorate of Defence Services Intelligence or through the Office of Strategic Studies, which then both merged in 2001 to create the Defence Services Intelligence Bureau, a more senior body.

၁၃၇ The Directorate of Defence Services Intelligence enjoyed significant influence over the Area Immigration Control Command, known as NaSaKa, which only staffed around 1,200 troops but which was positioned in key locations. Selth (2019), op. cit., pp 32–33.

၁၃၈ Ibid, pp 14–15.

၁၃၉ Selth (2013), op. cit., p 9. The Myanmar Police Force Maintenance of Discipline Law was passed in 1995 (and amended in 1997). A new code of conduct was established in 1999. The British era manual was updated and officially translated by 2001 and various 'public relations' initiatives began.

၁၄၀ Ibid, p 10.

၁၄၁ A 2016 survey found the police and the courts to be among Myanmar's least trusted institutions. Welsh B, Kai-Ping Huang (2016), 'Myanmar's Political Aspirations & Perceptions 2015 Asian Barometer Survey Report', Center for East Asia Democratic Studies, National Taiwan University, March (http://www.asianbarometer.org/pdf/MyanmarReport2016.pdf)

၁၄၂ Selth (2013), op. cit., p 10.

၁၄၃ Maung Aung Myoe (2009), op. cit., pp 105–135.

၁၄၄ Selth A (2018), 'The Defence Services', in A Simpson, N Farrelly, I Holliday (eds.), Routledge Handbook of Contemporary Myanmar (London: Routledge), pp 25–34, p 32.

၁၄၅ For reports by successive UN Special Rapporteurs on Human Rights in Myanmar, published multiple times per year since 1992, see United Nations Human Rights website: http://ap.ohchr.org/documents/dpage_e.aspx?m=89

၁၄၆ Jolliffe K (2015), 'Ethnic Armed Conflict and Territorial Administration in Myanmar', The Asia Foundation (https://asiafoundation.org/publication/ethnic-armed-conflict-and-territorial-administration-in-myanmar-full-report/)

၁၄၇ Selth A (2001b), 'Burma's Armed Forces Under Civilian Rule: A Return to the Past?', Technical Advisory Network of Burma, Working Paper 02–01, May.

၁၄၈ Ibid, p 4. The quotes come from Aung San Suu Kyi in 1998.

၁၄၉ This comment was made in a public statement by Aung San Suu Kyi on 2 September 1998. It was translated and published in the BurmaNet News, under the sub-heading 'The General Secretary's, Daw Aung San Suu Kyi's Request' (http://www.burmalibrary.org/reg.burma/archives/199809/msg00446.html)

၁၅၀ Huntington S P (1957), The Soldier and the State (London: Harvard University Press).

၁၅၁ For her most direct defence of liberal democracy, see Aung San Suu Kyi (1991), 'In Quest of Democracy', in M Aris (ed.), Freedom from Fear and Other Writings second edition (London: Penguin Books).

၁၅၂ Lubina (2018), op. cit., pp 228–253, pp 236–238.

၁၅၃ Ibid, p 223. See also pp 196–203. Her political ideology was also underpinned by an understanding of how authoritarianism produces fear in the population and within leaders, creating an antagonistic and paranoid relationship between society and the state. Fear, she said, leads people to ask fewer questions of the authorities, which then creates a cycle whereby 'those in power get more oppressive and the people get more frightened'. Quote from Lubina (2018), p 215.

၁၅၄ Selth (2001b), op. cit.

၁၅၅ Committee Representing the People's Parliament (1999), 'Commemorating the completion of one year since the establishment of the Committee Representing the People's Parliament elected in the 1990 Multi-Party General Elections', September, pp 92–93 (http://www.ibiblio.org/obl/docs4/CRPP-Report.pdf). The paper also stated that the 'Announcements, teachings, speeches, and policies of Bogyoke Aung San, the architect for Burma's independence and the leader of the whole nation, regarding the Tatmadaw will have to be taken seriously as a guide for implementation of reforms.'

၁၅၆ Lubina (2018), op. cit., p 192.

၁၅၇ Ibid, p 193.

၁၅၈ Aung San Suu Kyi (1991), op. cit., p 176.

၁၅၉ Lubina (2018), op. cit., p 197. As noted on p 196, in 1989 Aung San Suu Kyi argued that authoritarianism is like threatening children with punishment rather than explaining an issue to them 'so that they understand themselves. This kind of teaching by intimidation is now so prevalent that the rulers who govern us don't try to explain things to ordinary people, but, instead, use threats to control them.'

၁၆၀ Article 6d of the 2008 Constitution.

၁၆၁ Article 6f of the 2008 Constitution. These 'Basic Principles of the Union' also include the former junta's 'three national causes', which relate to maintaining sovereignty and avoiding disintegration of the union.

၁၆၂ See chapter 4 of the 2008 Constitution.

၁၆၃ Article 17b of the 2008 Constitution states that the commander-in-chief will nominate defence personnel to serve at every level of government 'to undertake responsibilities of the defence, security, border administration, and so forth'. See also articles 232b(ii), 234b and 235c(ii).

၁၆၄ Crouch M, Ginsburg T (2016), 'Between Endurance and Change in South-East Asia: The Military and Constitutional Reform in Myanmar and Thailand', Annual Review of Constitution-Building Processes: 2015, Institute for Democracy and Electoral Assistance, p 69. 'The Constitution sets out two different levels of amendment, depending on the provision concerned. Both tiers require more than 75 per cent approval in the Union Parliament. Tier 1 is the higher threshold: it requires more than 75 per cent approval in Parliament plus a nationwide referendum with the votes of more than half of those who are eligible to vote (section 436(a)). This approval process applies to most of the provisions on the powers of the government and the military'.

၁၆၅ Egreteau (2016), op. cit.

၁၆၆ International Crisis Group (2011), 'Myanmar: Major Reform Underway', September (https://www.crisisgroup.org/asia/south-east-asia/myanmar/myanmar-major-reform-underway)

၁၆၇ Selth (2013a), op. cit., p 5.

၁၆၈ For a particularly engaging and lucid account of these changes and the factors that motivated them, see Egreteau (2016), op. cit. See also: Tin Maung Maung Than, 'Myanmar's Security Outlook and the Myanmar Defence Services', chapter 7 (http://www.nids.mod.go.jp/english/publication/joint_research/series7/pdf/07.pdf); Callahan (2013), op. cit.

၁၆၉ Naypyitaw (2015), 'The Republic of the Union of Myanmar Defence White Paper', p 10.

၁၇၀ Phrase provided by an international analyst. Interview, March 2019, Yangon.

၁၇၁ Kramer T (2011), 'Civil Society Gaining Ground', The Transnational Institute, November (https://www.tni.org/en/publication/civil-society-gaining-ground)

၁၇၂ As noted by Callahan (2012), op. cit.: 'Despite many measures that exist for protecting the military from civilian interference in national security affairs, it appears that the concentration of authority in one senior general has ended. Although there has been no major shift in the demographic characteristics of personnel in elite positions (men, Burman, retired, or active-duty military officers), a new political fluidity has changed how the ruling elite governs.' While many observers have noted that Than Shwe remained extremely powerful behind the scenes – and to some extent was just playing these lower-level leaders off each other to remain in control – it is inconceivable that he remained in control of day-to-day government decisions across all these new institutions. In other words, while this shift represented a retirement plan that allowed the senior general to maintain the power necessary to protect himself and his family, and to continue to influence some key decisions, it also created a much more decentralised system of government that vested decision-making power in a much wider set of actors.

၁၇၃ Jolliffe K (2018), 'Peace and Reconciliation', in A Simpson, N Farelly, I Holliday (eds.), Routledge Handbook of Contemporary Myanmar (Oxon: Routledge).

၁၇၄ Egreteau (2016), op. cit.; Callahan (2012), op. cit.

၁၇၅ This greatly weakened the USDP, which won only a few seats and has since become a marginal political actor. It has, however, maintained offices and networks across the country that could become more mobilised in the future.

၁၇၆ National League for Democracy (2015), op. cit., p 7.

၁၇၇ Committee Representing the People's Parliament (1999), p. 92. The use of 'under the aegis' is notably softer than demanding the military come under direct command of the president, as the party had in 1999. Despite referring to a 'genuine multi-party democratic system' and to basic 'democratic standards', the manifesto did not commit to removing the military from politics. National League for Democracy (2015), op. cit., p 6.

၁၇၈ National League for Democracy (2015), op. cit., p 8.

၁၇၉ Lubian (2019), op. cit., p 191–192. As Lubian notes, 'Since the very beginning of Suu Kyi's involvement in Burmese politics, she had to play along with the rules established by the military. However, in order to get the power she needed to find a way to force the generals to relinquish the power (or at least to make concessions).' She has persisted in this basic struggle consistently for three decades.

၁၈၀ Unofficial translation from article 5 of State Counsellor Law (Pyidaungsu Hluttaw Law No. 26/2016). See also: The Republic of the Union of Myanmar President Office (2016), 'President signs State Counsellor Bill into law', April (http://www.president-office.gov.mm/en/?q=briefing-room/news/2016/04/07/id-6237)

၁၈၁ Su Mon Thazin Aung, Arnold (2018), op. cit., p 28.

၁၈၂ Interviews, Yangon, Bangkok, March and April 2019. The exact number of committees could not be determined in this research.

၁၈၃ Institute of Southeast Asian Studies (2018), transcription from the questions and answers of a segment of 'The 43rd Singapore Lecture by H.E. Daw Aung San Suu Kyi, State Counsellor of the Republic of the Union of Myanmar', August.

၁၈၄ In 2014, the NLD collected over five million signatures in a petition calling for constitutional reform, and participated in a USDP-led process that ultimately forced the military to block a handful of key amendments. Ferrie J, Aung Hla Tun (2014), 'Myanmar opposition party says 5 million sign petition to change constitution', Reuters, 22 July (https://www.reuters.com/article/us-myanmar-constitution-idUSKBN0FR0XT20140722)

၁၈၅ For context on the constitutional demands of ethnic armed organisations, see Saferworld (2017), op. cit.

၁၈၆ Institute of Southeast Asian Studies (2018), op. cit.

၁၈၇ Global New Light of Myanmar (2016), 'Here to Stay', 27 March (http://www.globalnewlightofmyanmar.com/here-to-stay/)

၁၈၈ Egreteau (2016), op. cit., p 15, pp 22–23.

၁၈၉ For a recent and lengthy statement on this, see: Eleven Media Group (2019), 'Tatmadaw will get out of the politics only when eternal peace is achieved', 24 February (https://elevenmyanmar.com/news/tatmadaw-will-get-out-of-the-politics-only-when-eternal-peace-is-achieved); Nyein Nyein (2019), 'Military Vows to Remain in Politics as Long as EAOs Exist', The Irrawaddy, 26 February (https://www.irrawaddy.com/news/burma/military-vows-remain-politics-long-eaos-exist.html). In 2015, Min Aung Hlaing said, 'It will depend a lot on the country's unity, its peace and stability. To specify an exact time is difficult.' Thiha (2015), 'Myanmar not ready for reduced military role in Parliament: Army chief', Consult-Myanmar, 21 January (https://consult-myanmar.com/2015/01/21/senior-general-min-aung-hlaing-myanmar-not-ready-for-reduced-military-role-in-parliament-army-chief/)

၁၉၀ Min Zin (2019), 'The Tatmadaw's Evolving Peace Process Preferences and Strategy', Institute for Strategy and Policy.

၁၉၁ The full name of the committee was 'The Joint Committee to Amend the Republic of the Union of Myanmar Constitution (2008)'.

၁၉၂ Htet Naing Zaw (2019), 'Military "Never Said" it Opposes Amending Constitution: Commander-in-Chief', The Irrawaddy, 31 January (https://www.irrawaddy.com/news/burma/military-never-said-opposes-amending-constitution-commander-chief.html). There is nothing barring parliament from forming a committee, however; it will just have to follow procedure when it comes to actually tabling amendments. For months, the 45-member committee, including representatives from 14 political parties and military MPs – who largely remained silent – deliberated the constitution article by article.

၁၉၃ In July 2019, the committee presented its report to parliament. The report contained 3,765 recommendations in total, including 114 from the NLD and ten from the USDP, but none from the military. The most active parties in the committee were the Shan Nationalities League for Democracy (1,112 recommendations), the Arakan National Party (858) and the Mon National Party (642). Most recommendations related to making the charter more federal and more democratic.

၁၉၄ See recommendations related to articles 109b and 141b in International Institute for Democracy and Electoral Assistance (2019), 'Proposals by Political Parties, Clusters and Individual Representatives (Members of Parliament) for changes, additions, removals and additional articles', July (http://constitutionnet.org/vl/item/report-joint-committee-amend-republic-union-myanmar-constitution-and-annex). The NLD also recommended changing article 6f to reduce the remit of the Defence Services from having a 'national political leadership role of the State' to a 'national political role of the Union in accordance with the desire of the people'.

၁၉၅ See recommendations related to articles 17b, 232j(ii) and 234c in International Institute for Democracy and Electoral Assistance, op. cit. The NLD also recommended removing article 17b, which determines that ministers and deputy ministers nominated by the commander-in-chief from among defence personnel are considered part of the executive. However, the party did not recommend any changes to the actual process by which these figures are appointed, under articles 232b(ii) and 234b. The NLD may believe that removing 17b would make it possible for the president to avoid following the commander-in-chief's recommendations but that is not clearly evident from the text. It appears that the NLD has therefore focused on requiring these ministers to resign from military service to take the positions. Numerous other parties including the SNLD and ANP recommended abolishing these procedures altogether.

၁၉၆ See the NLD's recommendations related to article 436 in International Institute for Democracy and Electoral Assistance, op. cit.

၁၉၇ Eleven Media Group (2019), 'More than 120 MPs to debate charter amendment report', 25 July (https://elevenmyanmar.com/news/more-than-120-mps-to-debate-charter-amendment-report)

၁၉၈ San Yamin Aung (2019), 'Myanmar Parliament Approves Constitutional Amendment Committee Report', The Irrawaddy, 25 June (https://www.irrawaddy.com/news/burma/myanmar-parliament-approves-constitutional-amendment-committee-report.html)

၁၉၉ In a 2015 Defence White Paper, the Tatmadaw noted that promoting multi-party politics, international economic cooperation and development are crucial to improving national security. Naypyitaw (2015), op. cit., pp 19–20.

၂၀၀ To form the Union Government following election of the Union Parliament, three presidential candidates are selected: one by elected representatives in the lower house, one by elected representatives in the upper house and one by the unelected military representatives. The entire Union Parliament then votes to elect one of the candidates as president and the other two become vice presidents.

၂၀၁ See endnote 2 of this report; also Su Mon Thazin Aung, Arnold (2018), op. cit., p 31.

၂၀၂ The figure was 61 per cent in the NLD's original cabinet formed in March 2016.

၂၀၃ This information is taken from pie charts in Su Mon Thazin Aung, Arnold (2018), op. cit., pp 58–59.

၂၀၄ Ibid, p 31.

၂၀၅ Shwe Shwe Sein Latt, Kim N.B. Ninh, Mi Ki Kyaw Myint, Lee S (2017), 'Women's Political Participation in Myanmar: Experiences of Women Parliamentarians 2011–2016', The Asia Foundation, April, pp 3–4 (https://asiafoundation.org/wp-content/uploads/2017/05/Womens-Political-Participation-in-Myanmar-MP-Experiences_report-1.pdf)

၂၀၆ Su Mon Thazin Aung, Arnold (2018), op. cit., p 31.

၂၀၇ Ibid, p 29.

၂၀၈ Ibid, p 31.

၂၀၉ Interviews, Yangon and Naypyidaw, April and May 2019.

၂၁၀ Institute of Southeast Asian Studies (2018), op. cit.

၂၁၁ Myawady (2016), op. cit.

၂၁၂ Myanmar's parliaments (hluttaw) consist of a bicameral Union Parliament (Pyidaungsu Hluttaw), which contains an upper house, the House of Nationalities (Amyotha Hluttaw) and a lower house (Pyithu Hluttaw). There are also parliaments (hluttaws) for every state and region.

၂၁၃ Egreteau (2017a), 'Parliamentary Development in Myanmar, An Overview of the Union Parliament, 2011–16', The Asia Foundation, May, p 23 (https://asiafoundation.org/wp-content/uploads/2017/05/Parliamentary-Development-in-Myanmar.pdf)

၂၁၄ Interview with the Assistance Association for Political Prisoners, Yangon, March 2019.

၂၁၅ Shwe Shwe Sein Latt, Kim N.B. Ninh, Mi Ki Kyaw Myint, Lee S (2017), op. cit., p 2.

၂၀၆ Those women who do manage to reach these positions tend to be exceptional in their qualifications and their level of activity. Many also have or had influential fathers in politics. These exceptional qualities and the reasons for lower representation of women are discussed in: Gender Equality Network (2017), 'Gender and Politics in Myanmar, Women and Men Candidates in the 2015 Election', August, pp 2–5 (https://www.genmyanmar.org/system/research_and_publications/rap_file_engs/000/000/023/original/Gender_and_Politics-_Full-_English.pdf)

၂၀၇ Data provided by Renaud Egreteau by email, July 2019.

၂၀၈ Egreteau R (2017b), 'Negotiating Parliamentary Oversight of the Security Sector in Myanmar', ISEAS Perspective 37, Yusof Ishak Institute, June, p 21.

၂၀၉ Ibid, p 21.

၂၁၀ Front-bench MPs with higher ranks.

၂၁၁ As of January 2018, the bicameral Union legislature included 'three major generals, 12 brigadier generals and 11 colonels'. Asian Review (2016), 'Myanmar military chief revamps his parliamentary team', January 27 (https://asia.nikkei.com/Politics/Myanmar-military-chief-revamps-his-parliamentary-team)

၂၁၂ Egreteau (2017a), p 35.

၂၁၃ During interviews in Yangon and Naypyidaw in May 2019, numerous politicians claimed that smaller parties – which are predominantly ethnic parties – find it much harder to get their questions and motions onto the parliamentary agenda and some MPs feel they are actively discriminated against by the speakers.

၂၁၄ Interviews, Naypyidaw, May 2019.

၂၁၅ He said that they are there to present the "dos and don'ts" and raise what is "unlawful". Myawady (2016), op. cit.

၂၁၆ See: Thiha (2015), op. cit.

၂၁၇ Interviews, Naypyidaw, May 2019. According to state media, 'In replying to a question raised by U Khin Zaw of Kawthoung constituency on the legality of military and security personnel's surveillance of Hluttaw representatives, Deputy Minister of Defence Rear Admiral Myint Nwe said surveillance of Hluttaw representatives were [sic] just routine surveillance that does not violate the personnel rights of the individual and was not in the same manner or aim of conducting surveillance on suspected threats to the State, State leaders, properties and the public.' Global New Light of Myanmar (2019), 'Second Pyithu Hluttaw 12th regular session holds fifth-day meeting', 11 May, p 2 (http://www.moi.gov.mm/npe/nlm/sites/default/files/newspaper-pdf/2019/05/11/11_May_19_gnlm.pdf)

၂၁၈ Sources specifically noted allegiances to former speakers Shwe Mann and Khin Aung Myint as well as to current lower house speaker T Khun Myat. Interviews, Yangon and Naypyidaw, May 2019; email correspondences with international researcher, July 2019.

၂၁၉ Myawady (2016), op. cit. At the press conference, Min Aung Hlaing said "As regards my meetings with Daw Aung San Suu Kyi, our endeavours during the current second term bear witness to the results of our talks. The Tatmadaw will lend a helping hand in all positive endeavours. We all will collectively take part in all the activities of Daw Aung San Suu Kyi for the good of our country. The Tatmadaw will provide cooperative support."

၂၂၀ According to a government official with close connections to the cabinet, "The bottom line is the national interest; to preserve the national identity. They have the same red lines regarding these threats. But how you [they] approach it is different." Interview, undisclosed location, May 2019.

၂၂၁ See section 4.2 of this report.

၂၂၂ Myat Myat Mon (2019), 'Trends in China-Myanmar relations: 2018 Year in Review', January (https://teacircleoxford.com/2019/01/31/trends-in-china-myanmar-relations-2018-year-in-review/); Nian Peng (2018), 'China and Myanmar's budding relationship', East Asia Forum, August 24 (https://www.eastasiaforum.org/2018/08/24/china-and-myanmars-budding-relationship/). According to a government official interviewed for this study (Yangon, May 2019), the NLD sees investment from China as potentially useful in securing another election victory, and as necessary given reticence of Western countries to engage due to moral concerns regarding the Rohingya.

၂၂၃ Onishi J, Bliss R E (2006), 'In search of Asian ways of managing conflict', International Journal of Conflict Management 17 (3), pp 203–225 (https://www.emeraldinsight.com/doi/abs/10.1108/10444060610742326?journalCode=ijcma); John Ng, '"Smiling Tiger, Hidden Dragon"…Why Asians Avoid Conflict', Leadership.com.sg (http://www.leadership.com.sg/partnership/why-smiling-tiger-hidden-dragon-why-asians-avoid-conflict/)

၂၂၄ Interviews, Yangon and Naypyidaw, March, April and May 2019.

၂၂၅ Rather than allowing the civilian administration some of the much-desired credit for this breakthrough in the peace process, the military informed the president's office just hours before. Although the GAD decision had been a long time coming and was broadly accepted by the military, the suddenness of the move was unexpected.

၂၂၆ Ye Mon (2019), 'Ko Ni murder trial reaches climax', Frontier Myanmar, 29 January (https://frontiermyanmar.net/en/ko-ni-murder-trial-reaches-climax). The International Court of Justice has found that 'Lines of inquiry related to the political motivations for the killing, particularly considering the military links of many suspects, do not appear to have been pursued satisfactorily, nor impartially, given military involvement in the investigation.'

၂၂၇ Htun Htun (2019), 'Court Hears Sentencing Appeals for U Ko Ni Murder Conspirators', The Irrawaddy, 25 June (https://www.irrawaddy.com/news/burma/court-hears-sentencing-appeals-u-ko-ni-murder-conspirators.html)



၂၀၁၅ခုနှစ် ဩဂုတ်လ ၁၈ရက်နေ့တွင်
လွှတ်တော်ကိုယ်စားလှယ်များ
အမျိုးသားလွှတ်တော်
ပုံမှန်အစည်းအဝေးအား
တက်ရောက်ရန် ရောက်ရှိလာစဉ်၊
နေပြည်တော်၊ မြန်မာ။
© Hkun Lat

# ၃

# ရွေးကောက်ခံ အရပ်ဘက်အစိုးရ လုပ်ပိုင်ခွင့်အာဏာ တိုးမြှင့်တည်ဆောက်ခြင်း

**ရွေးကောက်ခံ ကိုယ်စားလှယ်များ မရှိပါဘဲ ဒီမိုကရေစီလည်း ရှိနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် လုံခြုံရေးကဏ္ဍကို ဒီမိုကရေစီနည်းလမ်းကျ ဖော်ဆောင်ရာတွင် အရေးပါဆုံးသော ရှုထောင့်နယ်ပယ်မှာရွေးကောက်ခံ အရပ်သားကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့် အာဏာပင်ဖြစ်ပါသည်။ ထိုလုပ်ပိုင်ခွင့်တွင်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဥပဒေများတွင်ပြဋ္ဌာန်းထားသောရွေးကောက်ခံ အရပ်သားကိုယ်စားလှယ်များအတွက် တရားဝင်အခွင့်အာဏာများအပြင် ယင်းကိုယ်စားလှယ်များက သူတို့၏ အခွင့်အာဏာများကိုကျင့်သုံးရန် နည်းလမ်းများနှင့် သရုပ်ခွဲမှုများအထိ ပါဝင်ပါသည်။**

နှစ်ပေါင်း (၅၀) တိုက်ရိုက် စစ်အုပ်ချုပ်ရေးပြီးနောက်တပ်မတော်၏ ကိုယ်ပိုင်ဆောင်ရွက်နိုင်သည့် အာဏာများကို ကာကွယ်ကာ ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် နိုင်ငံတည်ဆောက်ရာတွင်လုံခြုံရေးကဏ္ဍ တိုးတက်မှုများကို တိုင်းတာရန် ကန့်သတ်မှုများ ရှိပါသည်။ အကြောင်းမှာ ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင် တပ်ဖွဲ့အားလုံးကို လွတ်လပ်စွာ ဆက်လက်ထိန်းချုပ် ကိုင်တွယ်ခွင့်ရှိနေပါသည်။ ထိုသို့ ထိန်းချုပ်နိုင်ရသည့် အကြောင်းမှာ ကာကွယ်ရေး ဦးစီးချုပ်သည် အကျဉ်းထောင်နှင့် စုံစမ်းထောက်လှမ်းရေး အဖွဲ့အားလုံးကို ကြီးကြပ်နိုင်သည့် ပြည်ထဲရေးဝန်ကြီးကို ခန့်အပ်နိုင်သော အခွင့်အာဏာရှိခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့်အရပ်သားအစိုးရသည် လုံခြုံရေးကဏ္ဍအပေါ် လွှမ်းမိုးနိုင်မှုမရှိဟု ရိုးရှင်းစွာပင် ဆိုနိုင်ပါသည်။ လွန်ခဲ့သည့် (၁၀) နှစ်အတွင်းတွင် လုံခြုံရေးကဏ္ဍ၏ ပွင့်လင်းမြင်သာမှုနှင့်အရပ်သား ရွေးကောက်ခံ ခေါင်းဆောင်များကို လက်ခံနိုင်မှုမှာ သိသာထင်ရှားစွာ တိုးတက်မှုရှိလာပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခြင်းဖြင့် တပ်မတော်သည် ယင်းတို့အာဏာများကို ဆက်လက်ထိန်းသိမ်းထားမှုများ ရှိသော

လည်းရွေးကောက်ခံ အရပ်သားများကို အာဏာအများအပြား လွှဲပြောင်းပေးခဲ့ပါသည်။ သမ္မတဦးသိန်းစိန်သည် ရွေးကောက်ပွဲများကို သူကိုယ်တိုင် ကြီးကြပ်ကွပ်ကဲမှုမပြုလုပ်ပဲ ရွေးကောက်ခံအစိုးရ၏ လုပ်ပိုင်ခွင့်များကို တိုးချဲ့ခြင်းနှင့် တိုးတက်အောင် လုပ်ဆောင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်များမှစ၍ ပထမဦးဆုံးအရပ်သား စစ်စစ်အများစု ပါဝင်ခြင်း၊ လူထုထောက်ခံမှု အများဆုံးရရှိသည့် နိုင်ငံရေးခေါင်းဆောင်အဆင့်မြင့်နေရာကိုကိုင်တွယ်လာခြင်းစသည်တို့အားဖြင့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သောအစိုးရအဖွဲ့သည် တပ်မတော်နှင့် ဒီမိုကရေစီ နည်းလမ်းကျ ရွေးကောက်ခံများအကြား အာဏာခွဲဝေထားမှုအတွက် စံနှုန်းသစ်များ ဖော်ထုတ်တည်ဆောက်ခဲ့ပါသည်။

## ၃.၁ လုံခြုံရေး နှင့် တရားစီရင်ရေး အင်စတီကျူးရှင်းများကို မည်သူထိန်းချုပ်သနည်း

ဤအပိုင်းတွင် နိုင်ငံတော်၏ လုံခြုံရေးနှင့်တရားစီရင်ရေး တို့အပေါ် ထိန်းချုပ်ကြီးကြပ်နေသည့်အင်စတီကျူးရှင်းများ စီစဥ်ထားရှိမှုကို ဖော်ပြသွားပါမည်။ အထူးသဖြင့် အရပ်ဘက်နှင့် စစ်ဘက် အာဏာခွဲဝေမှုများကို အလေးပေး ဖော်ပြသွားပါမည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အရေးကြီးဆုံး ပြဌာန်းချက်များနှင့် NLDမှ ပြင်ဆင်ရန် အဆိုပြုချက်များကို နောက်ဆက်တွဲ-၁တွင် ဖော်ပြထားပါသည်။

### တပ်မတော်

မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့များ (တပ်မတော်ဟုမြန်မာလိုတွင် သိကြသည်) သည် နိုင်ငံတော်လည်ပတ်မှုတွင် အဓိကတာဝန်ရှိသူ ဖြစ်သည်။ ပြည်ထောင်စု အခြခံမူများဖြစ်သော ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပုဒ်မ ၂၀ (ခ) တွင် “တပ်မတော်သည် တပ်ပိုင်းဆိုင်ရာ ကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲစီရင် ဆောင်ရွက်ပိုင်ခွင့်ရှိ သည်” ဟူ၍ ထည့်သွင်းဖော်ပြထားပါသည်။ ပုဒ်မ ၂၀ (ဂ)နှင့် (၃၃၈)တို့တွင် “တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည်လက်နက်ကိုင်တပ်ဖွဲ့ အားလုံး၏ အကြီးအကဲဖြစ်သည်”နှင့် “နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်း အားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင်ရှိရမည်”ဟူ၍ အသီးသီး ဖော်ပြထားပါသည်။

တပ်မတော်ဟု ဆိုရာတွင် ကြည်းတပ်၊ လေတပ်နှင့် ရေတပ်တို့ ပါဝင်သည့်အပြင် စစ်ခုံရုံးများ (တရားသူ ကြီးချုပ် ရှေ့နေချုပ် လက်အောက်တွင်ရှိသည်)နှင့် ထောက်လှမ်းရေး တပ်ဖွဲ့ဖြစ်သည့်စစ်ဘက်ရေးရာ လုံခြုံရေး အရာရှိချုပ်ရုံးတို့လည်း ပါဝင်ပါသည်။ ထို့ပြင်နယ်ခြား စောင့်တပ် (၂၃) တပ်ရင်းနှင့်အနည်းဆုံး ပြည်သူ့စစ်တပ်ဖွဲ့ (၁၅) ဖွဲ့တို့အပါအဝင် ထောင်နှင့်ချီသော အရွယ်အစားမတူညီသည့် လက်နက်ကိုင် တပ်ဖွဲ့များလည်း ပါဝင်ပါသည်။[၂၃၈] တစ်ခါတစ်ရံလည်း ရဲတပ်ဖွဲ့ကိုလည်း ယင်းအုပ်ချုပ်မှုတွင်ရှိကြောင်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၀ (ခ)နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြားပုဒ်မများအရ တပ်မတော်အား အရပ်ဘက်အရာရှိများ ဝင်ရောက်စွက်ဖက်ခြင်းကို ကာကွယ်ထားပြီး တပ်မတော်ကိုယ်တိုင်ယင်းတို့ ဥပဒေများအားဖြင့် တပ်တွင်းကိစ္စများဆောင်ရွက်ခြင်း၊ စစ်ခုံရုံးဖြင့် တပ်မတော်သား၏ပြစ်မှုများကို ကိုင်တွယ်ခြင်းနှင့် ဘတ်ဂျက်ကိုသူတို့ကိုယ်တိုင်စီမံခန့်ခွဲခြင်း စသည်တို့ကို လုပ်ဆောင်နိုင်ပါသည်။ ထို့ကြောင့် အခြားအစိုးရ အဖွဲ့များထက် များစွာပိုမို၍လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ပါသည်။

သို့သော်လည်း သမ္မတသည် နိုင်ငံတော်အကြီးအကဲဖြစ်ပြီး တပ်မတော် ခေါင်းဆောင်များမှလည်း သမ္မတ သည်သူတို့၏ အမြင့်ဆုံးနေရာတွင်ရှိကြောင်း ဖော်ပြလေ့ရှိပါသည်။[၂၃၉] ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံစဥ် “မိမိသည် တပ်မတော်၏အကြီးအကဲဖြစ်သော်လည်း မိမိတို့တိုင်းပြည်တွင် သမ္မတရှိပါသည်။ မိမိတို့တပ်မတော်သည် သမ္မတ၏ခေါင်းဆောင်မှုအောက်မှ ဆောင်ရွက်နေကြောင်းနှင့်တပ်မတော်သည် အစိုးရ၏လမ်းညွှန်မှုအောက်မှာရှိကြောင်း” ထည့်သွင်းပြောဆို ခဲ့ပါသည်။ ထို့ပြင်

"မိမိတို့သည် မိမိတို့အား ဥပဒေအရပေးအပ်ထားသည့်လုပ်ပိုင်ခွင့် အတွင်းမှသာ လုပ်ဆောင်ကြောင်းနှင့်ဥပဒေပြင်ပ ကျော်လွန်၍ မည်သည့်အရာမျှလုပ်ပိုင်ခွင့်မရှိကြောင်း" လည်းပြောဆိုခဲ့ပါသည်။[၂၄၀]

တပ်မတော်ခေါင်းဆောင်များသည် အဆိုပါ ပုံစံဥပဒေ တည်ရှိမှုကို ရည်ညွှန်းဖော်ပြလေ့ရှိပြီး သူတို့သည် ထင်ရာစိုင်း လုပ်ဆောင်နေသူများ မဟုတ်ကြောင်း သမ္မတသည် ပို၍အခွင့်အာဏာနှင့် တာဝန်ယူမှုရှိကြောင်း ဖော်ပြလေ့ ရှိပါသည်။ သို့သော်လည်း သမ္မတ၏ ဝင်ရောက်စွက်ဖက်နိုင်မှုမှာဖွဲ့စည်းပုံအရ ပြတ်ပြတ်သားသား မတွေ့ရပေ။ ထိုအချက်ကြောင့် ဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲရေး လိုအပ်သလို အရပ်ဘက်အစိုးရ ကိုင်တွယ်ဆောင်ရွက်နိုင်ရန် စံနှုန်းအသစ်များ ထားရှိရန်၊ နိုင်ငံတော်အကြီးအကဲ၏ လုပ်ပိုင်ခွင့်အာဏာနှင့် ဒီမိုကရေစီအစိုးရ၏ လုပ်ပိုင်ခွင့်တာဝန်များကို တပ်မတော်က ငြင်းပယ်ခွင့်မရှိအောင် လုပ်ဆောင်ရန် လိုအပ်နေကြောင်းပြသနေပါသည်။

ကာကွယ်ရေး ဦးစီးချုပ်နှင့် ပြည်ထောင်စုအစိုးရအကြား ဆက်ဆံရေး မရှင်းလင်းမှုသည် မြန်မာနိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့များအပေါ် ကွပ်ကဲမှုကိုပို၍ရှုပ်ထွေး စေပါသည်။ ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်တပ်ဖွဲ့ အားလုံး၏ အကြီးအကဲ ဖြစ်သော်လည်း ပြည်ထောင်စု အစိုးရဝန်ကြီးများတွင် မပါဝင်သည့်အပြင်သူနှင့် သမ္မတအကြား ရှင်းလင်းသည့် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှုများ မရှိချေ။ ကာကွယ်ရေးဝန်ကြီး (လက်ရှိ ဒုတိယ ဗိုလ်ချုပ်ကြီးစိန်ဝင်း) သည်သမ္မတအောက်မှာ ရှိသော်လည်း သူ့ကိုခန့်အပ်ရန် အမည်တင်သွင်းခွင့်နှင့် ဖြုတ်ချနိုင်မှုများမှာ ကာကွယ်ရေးဦးစီးချုပ်တွင်သာ လုပ်ပိုင်ခွင့်ရှိနေပါသည်။[၂၄၁] ကာကွယ်ရေး ဝန်ကြီးဌာနသည် တပ်မတော်နှင့် အစိုးရအကြား အဓိကတရားဝင်ဆက်သွယ်ဆောင်ရွက်မှု ပြုပေးသည့်အပြင် အစိုးရဝန်ကြီးများအဖွဲ့ဝင် ကိုယ်စားပြုဝန်ကြီးဌာနဖြစ်ပြီး လွှတ်တော်တွင်း ယင်းဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးခွန်းများ ရှိလျှင်လည်း လာရောက်ဖြေဆိုရပါသည်။ သို့သော်လည်း ရာထူးသတ်မှတ်ချက်အရ ဒုတိယဗိုလ်ချုပ်ကြီးရာထူးသည် အဆင့် (၄) နေရာမှာသာရှိပြီး ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းကွပ်ကဲရေးမှူး ကြည်း၊ ရေ၊ လေအောက်တွင် ရှိနေပါသည်။ စစ်ဆင်ရေးအထူးအဖွဲ့မှူးများနှင့် ရာထူးတူညီပါသည်။ စစ်ဆင်ရေးအထူးအဖွဲ့မှာ ဒေသ (၆) နေရာဖြင့် ခွဲထားပြီး ဒေသတွင်း အမြင့်ဆုံးအဆင့် ဖွဲ့စည်းထားမှုဖြစ်ပါသည်။ ကာကွယ်ရေးဝန်ကြီးဌာနတွင် ဝန်ကြီးရုံး၊ စာရင်းရုံး (ဘတ်ဂျက်များ တရားဝင်စီမံခန့်ခွဲရန်)၊ ပြည်တွင်းပြည်ပ ရေးရာရုံးနှင့် ဝယ်ယူရေးဌာနဟူ၍ ရုံးဌာနလေးခု ရှိပါသည်။[၂၄၂]

## တိုက်ပွဲအာဏာများ

Andrew Selth၏ အကျဉ်းဖော်ပြချက် အရ "ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ အစိုးရသည် လက်နက်ကိုင်တပ်ဖွဲ့များ စစ်ဆင်ရေးဆောင်ရွက်မှုများအပေါ် ထိန်းချုပ်နိုင်စွမ်းမရှိပေ"။[၂၄၃] ထို့ကြောင့် စစ်ဆင်ရေးများနှင့် ယင်းကြောင့်ဖြစ်ပေါ်လာသည့် အကျိုးဆက်များ အရပ်သားအစိုးရတွင် လုံးလုံးတာဝန်ရှိကြောင်း ပြောဆိုခြင်းသည် မှန်ကန်နိုင်မည် မဟုတ်ပေ။ ယခုအချိန်ထိမှာမူ အရပ်သားအစိုးရ အနေဖြင့် တပ်မတော် ဆုံးဖြတ်ချက်ချမှုများတွင် ပါဝင်နိုင်ရန်နှင့် တာဝန်ယူမှုတာဝန်ခံမှုကို ပိုမိုရရှိရန်တောင်းဆိုနိုင်မှုလမ်းကြောင်း မတွေ့ရသေးပေ။ သို့သော် ထိုသို့ဆောင်ရွက်ရန် နိုင်ငံရေး နေရာများ ရှာဖွေနိုင်ပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေးထားချက်အရ သမ္မတသည် လွှတ်တော် သဘောတူညီချက်နှင့်အတူ အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုကို ဆန့်ကျင်သည့် အကြမ်းဖက် ဆောင်ရွက်မှုများတွင် သင့်လျော်သော စစ်ရေးအရ အရေးယူဆောင်ရွက်မှုပြုနိုင်သည် ဆိုသည့်အချက်ကို တွေ့ရပါသည်။ ထို့ပြင် သမ္မတသည် ပြည်ထောင်စုလွှတ်တော် သဘောတူမှုအရ "စစ်ကြေညာခြင်း သို့မဟုတ် ငြိမ်းချမ်းရေးပြုလုပ်ခြင်းကို ပြုလုပ်နိုင်ပါသည်။[၂၄၄]၎င်းအရာသည် အလွန်အရေးကြီးသည့် အချုပ်အခြာအာဏာဖြစ်ပြီး သမ္မတနှင့် လွှတ်တော်လက်ထဲ ပေးထားပါသည်။ နိုင်ငံတကာ ကျင့်သုံးမှုအရ လွှတ် တော်၏သဘောတူညီမှု ရယူရန် လိုအပ်မှုသည် တိုင်းပြည်အားစစ်ပွဲဖြစ်မှုမှ လျှော့ချနိုင်ရန် ရည်ရွယ်ပါသည်။ နိုင်ငံတကာ ပဋိပက္ခများ လျှော့ချရန်အတွက်မှာမူ

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂ (က) တွင် "နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု" ဟူ၍ဖော်ပြထားပါသည်။[၂၄၅] အမှန်တကယ်တွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်နောက်ပိုင်း မည်သည့်နိုင်ငံကိုမျှ စစ်ကြေညာခြင်း မရှိခဲ့ပေ။

သို့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခနှင့် ပတ်သက်ပြီး ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရပါသည်။ တပ်မတော်က "ပြည်တွင်းစစ်" မရှိကြောင်း အစဉ်တစိုက်ပြန် ပြောဆိုခဲ့ပါသည်။ "ပြည်တွင်းစစ်" သည်၁၉၄၉ ခုနှစ် ကရင်အမျိုးသား အစည်းအရုံး - ကေအဲန်ယူ (KNU) ကိုရန်ကုန်မှ တိုက်ထုတ်ပြီးချိန်မှစ၍ ပြီးဆုံးခဲ့ ပြီဖြစ်ကြောင်း ပြောဆိုလေ့ရှိပါသည်။[၂၄၆] ထို့ကြောင့်သမ္မတနှင့်လွှတ်တော်သည်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်စပ်၍ စစ်ကြေညာခြင်းသို့မဟုတ် ငြိမ်းချမ်းရေး ပြုလုပ်ခြင်းကို အဟန့်အတား ဖြစ်စေသည့်အချက် ဖြစ်နိုင်ပါသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို (ပြောစရာရှိသည့်အချက်မှာ ထိုအထဲတွင် KNU ပါဝင်နေဆဲပင်ဖြစ်ပါသည်)စစ်ဆင်ရေးဆောင်ရွက်မှုများသည်စစ်ပွဲဆင်နွှဲခြင်း မဟုတ်ဘဲ ပုံမှန်တပ လှုပ်ရှားဆောင်ရွက်မှုများဖြစ်ကြောင်း ဖော်ပြလေ့ရှိပါသည်။ ထိုအရာသည် တပ်မတော်၏ လွတ်လပ်စွာ အုပ်ချုပ်နိုင်ခြင်းနှင့် ဆုံးဖြတ်ချက်ချနိုင်ခြင်း စသည့်အခွင့်အာဏာရှိနေခြင်းကြောင့်ဖြစ်သည်။[၂၄၇] ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၃၉) တွင်လည်း "နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်ကဦးဆောင်ရမည်" ဟူ၍ပါရှိသည့်အတွက် တပ်မတော်၏ ပြည်တွင်းစစ်ဆင်ရေး များကိုပိုမိုဆောင်ရွက်နိုင်ရန် အားပေးနေသကဲ့သို့ ဖြစ်နေပါသည်။

တပ်မတော်သည် အစိုးရ၏ လမ်းညွှန်မှုကို ခံယူကြောင်း ပြောဆိုနေသော်လည်း ၂၀၁၆ ခုနှစ်တွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားမှုတွင် "ကိစ္စရပ်များနှင့် ဆက်စပ်၍ ယင်းနယ်ပယ်အတွင်း ကိုယ်ပိုင်အခွင့်အရေးများရှိသလို တပ်မတော်သည်လည်း ကိုယ့်နည်းကိုယ့်လမ်းဖြင့် တိုင်းတာမှုများပြုလုပ်ရမည်ဖြစ်သည်" ဆိုပြီးထည့်သွင်းပြောဆိုမှုရှိခဲ့ပါသည်။ သို့သော်သူက တပ်မတော်သည် "တင်ပြသင့်သည့် ကိစ္စရပ်များ အားလုံးကို တင်ပြပါသည်" ဟုဆိုပြီး တစ်ချိန်တည်းတွင် နိုင်ငံတော်၏အကြီးအကဲသည် သမ္မတဖြစ်၍ ယင်းတို့၏ အမြင့်ဆုံးဖြစ်သည်ဟူ၍လည်း အလေးပေး ပြောဆိုခဲ့သည်။ ဆက်လက်ပြောဆိုခဲ့သည်မှာ "အလုပ်ကိစ္စ အမျိုးအစားအပေါ်မူတည်၍ အချို့ကိစ္စရပ်များသည် ပူးပေါင်းဆောင်ရွက်ရသည့် အလုပ်မျိုးဖြစ်ပါသည်။ ခွင့်ပြုချက်လိုအပ်သည့် ကိစ္စများဆိုလျှင် မိမိတို့သည် ခွင့်ပြုချက်ရရှိရန်ဆောင်ရွက်လေ့ရှိပါသည်" ဟူ၍ပြောဆိုခဲ့ပါသည်။[၂၄၈] အဆိုပါ ပြောဆိုမှုများသည် ဝေဝေဝါးဝါးသာဖြစ်နေပြီး ဆိုလိုရင်းမှာ တပ်မတော်သည် လိုအပ်လျှင်ခွင့်ပြုချက် တောင်းခံမှု ပြုလုပ်မည်ဖြစ်သော်လည်းဥပဒေအရ ရှင်းရှင်းလင်းလင်း ပြုလုပ်ထားမှု မရှိသည်ကို တွေ့ရမည်ဖြစ်သည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်တွင် သမ္မတဦးသိန်းစိန်သည် ကချင်လွတ်မြောက်ရေးအဖွဲ့ ကေအိုင်အို ရုံးချုပ်အနီး ခုခံစစ်မှ လွဲ၍စစ်ဆင်ရေးဆောင်ရွက်မှုများကို ရပ်တန့်ရန် ညွှန်ကြားစာထုတ်ပြန်ခဲ့ပါသည်။ ထုတ်ပြန်ပြီး ရက်ပိုင်းအတွင်း စစ်ဆင်ရေးများ လျော့ကျသွားပါသည်။[၂၄၉] သို့သော်နောက်တစ်နှစ်တွင် ပြင်းထန်စွာပြန်လည် ဖြစ်ပွားလာပါသည်။ ထို့ကြောင့် အဆိုပါ ညွှန်ကြားချက်သည် မြေပြင်အခြေအနေ သက်ရောက်မှုထက် ဦးသိန်းစိန်ကိုငြိမ်းချမ်းရေး ဆောင်ရွက်သူအဖြစ် မြင်စေရန် အထောက်အပံ့ပေးမှုသာ ဖြစ်ခဲ့သည် ဟူ၍ဆိုနိုင်ပါသည်။[၂၅၀] ၂၀၁၈ ခုနှစ် မေလတွင် တပ်မတော်ခေါင်းဆောင်များသည် "အကယ်၍ သမ္မတဦးဝင်းမြင့်က တပ်မတော်၏ စစ်ဆင်ရေးများကို ရပ်တန့်ရန်ညွှန်ကြားမှုထုတ်ပြန်ပါက လိုက်နာမည်ဖြစ်ကြောင်း" ပြောဆိုခဲ့ပါသည်။[၂၅၁]

သို့သော်လည်း NLD ဦးဆောင် အစိုးရသည် အဆိုပါညွှန်ကြားမှုအမိန့်မျိုး စာထုတ်ပြန်ရန်ကြိုးစားခဲ့ ခြင်း မရှိသေးပေ။ ထိုအစား တပ်မတော်မှအင်အားသုံး ဖြေရှင်းနိုင်မှုမျိုးအတွက်သာ အကြိမ်ကြိမ်ညွှန်ကြားမှုများရှိခဲ့သည်။ ဥပမာအားဖြင့် လွတ်လပ်ရေးနေ့ မတိုင်မီ သုံးရက်အလိုတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်း လေးခုကို ဝင်ရောက်တိုက်ခိုက်ခဲ့သည့် ရခိုင်လွတ်မြောက်ရေး တပ်တော် (AA) ကိုပြန်လည်တုံ့ပြန်ဆောင်ရွက် တိုက် ခိုက်ရန် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၇ ရက်နေ့တွင် အစိုးရနှင့် တပ်မတော်တို့ တွေ့ဆုံကာ

သဘောတူ ဆုံးဖြတ်ခဲ့သည်။ တွေ့ဆုံအစည်းအဝေးပြီးသည့်နောက် အစိုးရပြောရေးဆိုခွင့် ရှိသူက "နိုင်ငံတော် သမ္မတရုံးသည် အကြမ်းဖက်ဆောင်ရွက်ခဲ့မှုများကို စစ်ဆင်ရေးပြုလုပ်ရန် တပ်မတော်ကို ညွှန်ကြားခဲ့ကြောင်း" ရှင်းလင်းပြောဆိုခဲ့ပါသည်။[၂၅၂]

## ကာကွယ်ရေးဘတ်ဂျက်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ငွေကြေးဆိုင်ရာစည်းမျဉ်းများကို အခြားအစိုးရဝန်ကြီးဌာနများ အားလုံးက လိုက်နာရမည်ဖြစ်သော်လည်း ကာကွယ်ရေး ဝန်ကြီးဌာန၏ဘတ်ဂျက်ဆိုင်ရာလုပ်ဆောင်မှုများကိုမူချန်လှပ် ထားခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ကာကွယ်ရေးဝန်ကြီးဌာန၏ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များသည် ယင်းဝန်ကြီးဌာန၏ ဥပဒေလုပ်ထုံးလုပ်နည်းများဖြင့်သာ ဆောင်ရွက်သည့် အတွက်ကြောင့် ဖြစ်ပါသည်ဟုဆိုပါသည်။[၂၅၃] ကာကွယ်ရေး ဝန်ကြီးဌာနဘတ်ဂျက်အတွက် ပြည်ထောင်စုဘတ်ဂျက် ဥပဒေကြမ်းများ၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ ကြွေးမြီနှင့် အခြားခေါင်းစဉ် အမျိုးအစားများ ပါရှိသော်လည်း ငွေကြေးများကို မည်ကဲ့သို့ အသုံးပြုသည်ဆိုသည်နှင့်ပတ်သက်၍ စာရွက်စာတမ်း ရှင်းတမ်းများ ပေးပို့ခြင်း မရှိသည်ကို တွေ့ရပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန တို့မှာမူ အခြား ဝန်ကြီးဌာနများကဲ့သို့ ဆောင်ရွက်ရပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနကို အခြားဝန်ကြီးဌာနများနှင့် မတူဌာနကိုယ်ပိုင် ဘဏ်စာရင်း ထားရှိနိုင်ရန်ခွင့်ပြုပေးထားပါသည်။ ထို့ပြင် ကာကွယ်ရေးဝန်ကြီးဌာန၏ အသုံးစရိတ် ဘတ်ဂျက်များကိုလည်း ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးက စာရင်းစစ်ပိုင်ခွင့်မရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာနသည် အသုံးစရိတ်များကို လစဉ်ကိုယ်ပိုင်ဘဏ္ဍာရေး စာရင်းရှင်းတမ်းများဖြင့်သာ ထိန်းသိမ်းထားပြီး ဘဏ္ဍာရေးနှစ်ကုန်မှသာ အဆိုပါရှင်းတမ်းများကို ဘဏ္ဍာရေးသို့ တင်ပြရပါသည်။ သို့သော် လွှတ်တော်အမတ်များသည် ယင်းဌာနဘတ်ဂျက်ကို စစ်ဆေးနိုင်ပြီး အဆိုပါ ကိစ္စရပ်နှင့်ပတ်သက်၍ ဌာနကိုယ်စားပြုဝန်ကြီး၊ ဒုဝန်ကြီးတို့ကို မေးခွန်းများ ဖြေဆိုပေးရန် ဆင့်ခေါ်နိုင်ပါသည်။

အားလုံးကို ခြုံငုံရေးဆွဲထားသည့် စာရွက်စာတမ်းကိုလည်း တောင်းခံနိုင်ပါသည်။ (အခန်း ၃၂ တွင် ဆက်လက် လေ့လာနိုင်ပါသည်)။[၂၅၄]

၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ကာကွယ်ရေးဝန်ကြီးဌာန တောင်းခံခဲ့သည့် ပမာဏမှာ မြန်မာကျပ် သန်းပေါင်း ၃.၃ သန်း ဖြစ်ပြီးနိုင်ငံ့သမိုင်းတွင် အများဆုံးဖြစ်ခဲ့ပြီး အစိုးရ ဘတ်ဂျက်စုစုပေါင်း၏ ၁၃ရာခိုင်နှုန်း ရှိပါသည်။[၂၅၅] ယင်းမှသန်းပေါင်း ၁.၈ သန်းသည်သာမန် အသုံးစရိတ်များဖြစ်ပြီး ကျပ်သန်းပေါင်း ၁.၄ သန်းမှာ ငွေလုံးငွေရင်း အသုံးစရိတ် ဖြစ်ပါသည်။[၂၅၆] ငွေလုံးငွေရင်း အသုံးပြုမှုသည် လက်ရှိ ခေတ်မီတပ်မတော် တည်ဆောက်ရေး အစိတ်အပိုင်း ဖြစ်သည့် စစ်လက်နက်များ ဝယ်ယူတပ်ဆင်ရန်ဖြစ်ပါသည်။ လက်ရှိရရှိသည့် ဘတ်ဂျက်ပမာဏသည် ပထမ အစိုးရစနစ်ပြောင်းလဲချိန် ၂၀၁၁-၂၀၁၂ ခုနှစ် ကာကွယ်ရေး ဘတ်ဂျက် ပမာဏထက်နှစ်ဆကျော် (ဂဏန်းအားဖြင့် ၂.၃၅) မြင့်တက်ခဲ့ ပါသည်။ သို့သော်လည်း ကာကွယ်ရေး ဝန်ကြီးဌာန၏ဘတ်ဂျက်ကို ရာခိုင်နှုန်းအားဖြင့် ကြည့်လျှင်တည်ငြိမ်မှု ရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ပမာဏမြင့်တက်ခြင်းသည် အစိုးရ ဘတ်ဂျက်အားလုံးမြင့်တက်လာမှု ကြောင့်ဖြစ်ပါသည်။ ဂျီဒီပီ တိုးလာမှုကို ကျေးဇူးတင်ရမည်ဖြစ်သည်။[၂၅၇]

> **၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ကာကွယ်ရေးဝန်ကြီးဌာန တောင်းခံခဲ့သည့် ပမာဏမှာ မြန်မာကျပ် သန်းပေါင်း ၃.၃ သန်း ဖြစ်ပြီး နိုင်ငံ့သမိုင်း တွင်အများဆုံး ဖြစ်ခဲ့ ပြီးအစိုးရ ဘတ်ဂျက် စုစုပေါင်း၏ ၁၃ ရာခိုင်နှုန်း ရှိပါသည်။**

တပ်မတော်သည် အစိုးရထံမှရရှိသည့် ဘတ်ဂျက်မဟုတ်ဘဲ ကာကွယ်ရေးဝန်ကြီးဌာနပိုင် စီးပွားရေးလုပ်ငန်းများမှ ရရှိသည့် ဝင်ငွေများလည်း ရှိနေပါသည်။[၂၅၈] အဆိုပါ လုပ်ငန်းများတွင် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC)နှင့် အခြားအကျိုးတူလုပ်ငန်းများ စသည်တို့ပါဝင်ပါသည်။ ထိုကုမ္ပဏီများနှင့် ယင်းတို့၏ဖက်စပ် ကုမ္ပဏီသုံးခုမှ ဝင်ငွေခွန်များကိုကောက်ခံခြင်းမရှိဟု ဝေဖန်မှုများစွာ ရှိသော်လည်း

ယင်းတို့ ပေးဆောင်သည့် အခွန်ငွေသည် တိုင်းပြည်၏ထိပ်ဆုံးအခွန်ဆောင်သည့် အဆင့် (၂၅) အဆင့်တွင်ပါဝင်နေပါသည်။[၂၅၉] အဆိုပါလုပ်ငန်းများကိုအစိုးရဘတ်ဂျက်များက သွယ်ဝိုက်ထောက်ပံ့သည့် ပုံစံမျိုးဖြစ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် တပ်မတော်သားများသည် သူတို့ရရှိသည့်လစာမှ (အစိုးရဘတ်ဂျက်မှ) ဖော်ပြပါ ကုမ္ပဏီများတွင် နှစ်စဉ်ရှယ်ယာဝယ်ယူမှုများ ပြုလုပ်ကြရပါသည်။ ထိုသို့ လုပ်ရခြင်းမှာ အငြိမ်းစားယူသည့်အခါ ပြန်လည်ပေးအပ်နိုင်ရန် ဖြစ်ပါသည်။ (လက်တွေ့တွင် အငြိမ်းစား ပင်စင်လစာကို အစိုးရဘတ်ဂျက်တွင်လည်း ထည့်တွက်ထားပါသည်)။[၂၆၀] ထို့ပြင် တပ်မတော်သည် လျှပ်စစ် အသုံးပြုခ ကင်းလွတ်ခွင့်၊ လောင်စာဆီနှင့် ဒေသန္တရ အစိုးရအဆင့်ရရှိသည့် အခြားထောက်ပံ့မှု ပစ္စည်းများလည်းရရှိရန်ဆောင်ရွက်ပါသည်။ ထို့ကြောင့် အခြားအစိုးရဌာနများ၏ ဘတ်ဂျက်ကိုလည်း သုံးစွဲသည့် ပုံစံဖြစ်နေပါသည်။[၂၆၁] လက်နက်ကိုင်တပ်ဖွဲ့များကို ဒီမိုကရေစီနည်းကျ ထိန်းချုပ်မှုအောက် ရောက်ရှိ ရန်အတွက်ဆိုလျှင် ကာကွယ်ရေးဘတ်ဂျက်ကို ကြီးကြပ်နိုင်မှုသည်လည်း အဓိကဖြစ်လာပါမည်။ အကယ်၍လူထုအကျိုးကျေးဇူးအတွက် ထည့်သွင်းစီမံဆောင်ရွက်နိုင် မည်ဆိုလျှင် တပ်မတော် သုံးစွဲမှုများသည် တိုင်းပြည် စီးပွားရေးတွင် ရေရှည်အကျိုးဖြစ်ထွန်းမှုရှိနိုင်မည် ဖြစ်သည်။ အဆိုပါ သုံးစွဲမှုမှ အလုပ်အကိုင်များ ဖန်တီးပေး ခြင်း၊ ပို့ကုန်များ တိုးမြှင့်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မြှင့်တင်ခြင်း စသည်တို့ ပြုလုပ်နိုင်ပါ သည်။

“
လက်နက်ကိုင်တပ်ဖွဲ့များကို ဒီမိုကရေစီနည်းကျ ထိန်းချုပ်မှုအောက် ရောက်ရှိရန်အတွက်ဆိုလျှင် ကာကွယ်ရေးဘတ်ဂျက်ကို ကြီးကြပ်နိုင်မှုသည်လည်း အဓိကဖြစ်လာပါမည်။
”

## စစ်ဘက်ဆိုင်ရာ တရားစီဆင်ရေး

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၀ (ခ)၊ ၂၉၃နှင့် ၃၁၉ တို့အရ တပ်မတော်နှင့် ဆက်စပ်၍ ဖြစ်ပေါ်သော အမှုကိစ္စရပ်များကို စစ်ဘက်ခုံရုံးဖြင့် ဖြေရှင်းဆုံးဖြတ်ရန် ပါရှိသည့်အတွက် တရားစီရင်ရေးကိုလည်း ကိုင်တွယ်ထားနိုင်ပါသည်။[၂၆၂] စစ်ဘက်ခုံရုံး နောက်ဆုံးဆုံးဖြတ်ချက် ချနိုင်မှုသည် ပြည်ထောင်စု တရားရုံးချုပ်တွင် မရှိဘဲ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၌ ရှိနေပါသည်။[၂၆၃] ဖော်ပြပါ ပုဒ်မများသည် ၁၉၅၉ ကာကွယ်ရေး အက်ဥပဒေနှင့် ဆင်တူနေပြီး တပ်မတော်သားများ တာဝန်ထမ်းဆောင်စဉ် ပြစ်မှုကြီးများ ကျူးလွန်သော (လူသတ်မှုနှင့် မတရား အဓမ္မပြုကျင့်မှု စသည်ကဲ့သို့) ပြစ်မှုတို့ကို အရပ်ဘက် တရားရုံးများတွင် စစ်ဆေးခြင်းထက် စစ်ဘက်ခုံရုံးများ တွင်သာ စစ်ဆေးပါသည်။[၂၆၄] ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ရဲနှင့်တပ်မတော်တို့၏ လူ့အရင်းအမြစ် ကိစ္စများအတွက် ကိုယ်ပိုင်ဥပဒေထားရှိနိုင်ရန် ပြဋ္ဌာန်းထားခြင်းကြောင့် ယင်းတို့သည်အခြား အရပ်သားဝန်ထမ်းများကို ကြီးကြပ်အုပ်ချုပ်မှုနှင့် ကွဲပြားပါသည်။[၂၆၅]

ထို့အပြင် ပုဒ်မ ၄၄၅ အရယခင် စစ်အုပ်ချုပ်ရေးကာလ တာဝန်ထမ်းဆောင်ခဲ့ သူများနှင့်လက်နက်ကိုင်တပ်ဖွဲ့များ၏တာဝန်အရ ဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက် နောက်ပြန်အရေးယူ၍မရအောင် အာမခံပေးထားသည်ကိုတွေ့ရပါသည်။ အကြောင်းမှာ ယခင် စစ်အုပ်ချုပ်မှုခေတ်တွင် လုံခြုံရေးဝန်ထမ်းများက ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် တရားစွဲဆိုခြင်း များမပြုလုပ်နိုင်အောင် ဖြစ်နိုင်ပါသည်။ သမ္မတဦးသိန်းစိန် သက်တမ်းကုန်ဆုံးခါနီး အချိန်တွင်လည်း သမ္မတများကို သူတို့တာဝန်ယူချိန် တာဝန်အရ ဆောင်ရွက်ခဲ့မှု များနှင့်ဆက်စပ်၍ အရေးယူခြင်းမခံရအောင် နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေ ထွက်ရှိခဲ့ပါသည်။[၂၆၆]

## ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ဖြစ်နိုင်ခြေ

၂၀၁၉ ခုနှစ်တွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး အဆိုပြုချက်တွင် NLDသည် ပုဒ်မ ၂၀ (ခ) ပါ “တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲစီရင် ဆောင်ရွက်ပိုင်ခွင့် ရှိသည်” ဆိုသည့်အချက်နှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲရန် မည်သည့် အဆိုပြုချက်ကိုမျှ

မပြုလုပ်ခဲ့သည်ကို တွေ့ရပါသည်။ ထိုပုဒ်မသည် အရပ်ဘက်အစိုးရက တပ်မတော်နှင့် ဆက်စပ်သည့် ကိစ္စရပ်များကို ပါဝင်ဆောင်ရွက်ခွင့် မရအောင်ပြုလုပ်ထားခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် ပေါ်ထွက်ခဲ့သည့် NLDပါတီ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်စာရင်းတွင်လည်း အဆိုပါ ပုဒ်မပါဝင်ခြင်း မရှိသည်ကို တွေ့ရပါသည်။[၂၆၇]

NLD ၏ အဆိုပါပုဒ်မကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်တွင် မထည့်သွင်းရန် ဆုံးဖြတ်ခြင်းသည် တပ်မတော်ကို နိုင်ငံရေးမှ ထွက်ခွာရန်သာအလေးထားပြီး ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များကို ကိုယ်တိုင်ကိုယ်ကျ လွတ်လပ်စွာပင် ဆက်လက် ဆောင်ရွက်ရန် ခွင့်ပြုပေးသည့် ပုံစံအဖြစ် မှတ်ယူနိုင်ပါသည်။ မကြာမီတွင် အဆိုပါကိစ္စအောင်မြင်နိုင်မည် ဟူ၍ ယုံကြည်မှု ရှိသည့် အတွက်လည်းဖြစ်တန်ရာ ရှိပါသည်။ အခြား ပါတီအများစုမှာမူ အဆိုပါပုဒ်မကို လုံးဝပယ်ဖျက်ရန် အဆိုပြုကြပြီး လုပ်ပိုင်ခွင့်အာဏာကို ကာကွယ်ရေးဝန်ကြီး သို့မဟုတ် သမ္မတကို အပ်နှင်းပေးရန် သို့မဟုတ် အဆိုပါ ကိစ္စရပ်များကို ဥပဒေ ပြုလုပ်သွားရန် အဆိုပြု ကြပါသည်။[၂၆၈]

NLDက ပယ်ဖျက်ရန် အဆိုပြုသည့် ပုဒ်မများမှာ ပုဒ်မ ၂၀ (ဂ) နှင့် ၃၃၈ ဖြစ်ပါသည်။ ထိုပုဒ်မများတွင် လက်နက်ကိုင်အဖွဲ့များအားလုံးမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော် ကွပ်ကဲမှုအောက်၌ရှိကြောင်း ဖော်ပြထားပါသည်။ အဆိုပါပြုပြင်ပြောင်းလဲလို မှုတွင် အချို့တပ်ဖွဲ့များကို တပ်မတော်ကွပ်ကဲမှုအောက်မှ အရပ်သား ထိန်းချုပ်မှုအောက်သို့ ရွှေ့ပြောင်းခြင်း သို့မဟုတ် အရပ်သားအစိုးရက လုံခြုံရေးတပ်ဖွဲ့များ ဖွဲ့စည်း တည်ထောင်ခွင့်တို့ ပါဝင်မည်ဖြစ်သည်။[၂၆၉] NLD၏ နောက်ထပ် အဆိုပြုချက်မှာ ပုဒ်မ ၃၃၉ကို ပယ်ဖျက်ခြင်း ဖြစ်သည်။ ထိုပုဒ်မသည် "နိုင်ငံတော်အားပြည်တွင်းပြည်ပအန္တရာယ်များမှကာကွယ်ရေးအတွက်တပ်မတော်ကဦးဆောင်ရမည်" ဟု ဖော်ပြထားသည့် ပုဒ်မဖြစ်ပါသည်။ အဆိုပါ ကိစ္စရပ်များကို အရပ်သားအစိုးရမှခေါင်းဆောင်မှု ရယူနိုင်ရန် အကြံပြုထားခြင်းဖြစ်နိုင်ပါသည်။[၂၇၀] အမှန်တကယ်တွင်မူ အဆိုပါပုဒ်မသည် ပုဒ်မ ၂၀ (ခ) နှင့်ချိတ်ဆက်နေပြီး ပုဒ်မ ၂၀ (ခ) ကို မည်သို့မျှ ဆောင်ရွက်သေးခြင်း မရှိသည်ကို သတိပြုရမည်ဖြစ်သည်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်သည် ပုဒ်မ ၃၃၈နှင့် ပတ်သက်၍ ရှည်လျားသော ထပ်မံဖြည့်စွက်ချက်များဖြင့် အဆိုပြုထားပါသည်။ တပ်မတော်အား ဒီမိုကရေစီ နည်းကျ ရွေးကောက်ခံ အရပ်သားကိုယ်စားလှယ်များ ထိန်းချုပ်မှုအောက် ထားရှိရေး၊ ယင်း၏ ဘတ်ဂျက်ကိုစစ်ဆေးပိုင်ခွင့်၊ တိုင်းရင်းသားလူမျိုးများကို ကာကွယ်ပေးရေးနှင့် တိုင်းရင်းသားများ အားလုံးပါဝင်သည့် တပ်မတော်ဖြစ်ရေး စသည်ဖြင့် အချက်ပေါင်းများစွာကို အဆိုပြုထားပါသည်။[၂၇၁] စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးနှင့် ပတ်သက်လျှင် အပေါ်ယံအပြောင်းအလဲမျှသာ အကြံပြုချက်ရှိသည်ကိုလည်း တွေ့ရပါသည်။[၂၇၂]

## ရဲတပ်ဖွဲ့

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် ပြည်ထောင်စုတွင်း တစ်ခုတည်းသော ရဲတပ်ဖွဲ့ ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးကို လွှမ်းခြုံထားပြီး ပြည်ထဲရေး ဝန်ကြီးဌာန အောက်တွင်ရှိပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထဲရေးဝန်ကြီးကို ခန့်အပ်နိုင်ရန် ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းပေးရပါသည်။[၂၇၃] ဖယ်ရှားရန်လည်း ကာကွယ်ရေးဦးစီးချုပ်မှာ အခွင့်အာဏာရှိ ပါသည်။ ၁၉၉၅ ခုနှစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ ရဲတပ်ဖွဲ့က ကျူးလွန်သော ခြောက်လန့်ခြင်းနှင့် ဖမ်းဆီးခြင်းများ အပါအဝင် ကြမ်းတမ်းသော ကျူးလွန်မှုများကို ရဲတပ်ဖွဲ့တရားရုံးမှာသာ စီရင်ခွင့် ရှိသည်။[၂၇၄]

လွတ်လပ်သော ရဲတပ်ဖွဲ့များ ဖြစ်ရန်အရေးကြီးကြောင်း NLD မှာ တောက်လျှောက်ပြောဆိုလာခဲ့ပါသည်။ ပါတီ၏ ၂၀၁၅ ခုနှစ် ကြေညာချက်တွင် "လွတ် လပ်သော ရဲတပ်ဖွဲ့တည်ဆောက်ရန် ထိုမှသာ ရဲတပ်ဖွဲ့များသည် ယင်းတို့၏ တာဝန်များကို တရားဥပဒေအရ သော်လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးအောက်မှ သော်လည်းကောင်း ဆောင်ရွက်နိုင်မည်" ဟူ၍ ပါရှိပါသည်။[၂၇၅]

အာဏာရှင် အုပ်ချုပ်သည့် အချိန်ကာလ သို့မဟုတ် ပဋိပက္ခများ ဖြစ်ပွားချိန်မျိုးတွင် ရဲတပ်ဖွဲ့များသည် စစ်တပ်လွှမ်းမိုးခံရသည်မှာ သဘာဝဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ရဲတပ်ဖွဲ့ကို တပ်မတော်အောက်သေချာပြင်ဆင် ထားရှိခြင်းသည်ထူးခြားပါသည်။ ၁၉၅၈ ခုနှစ်တွင် ဖြစ်ပျက်ခဲ့သည့် အရပ်သားဦးဆောင်သည့် ပြည်ထောင်စု ရဲတပ်ဖွဲ့များသည် တပ်မတော်ကိုခုခံကာကွယ်တိုက်ခိုက်ခဲ့သည့်အတွေ့အကြုံများကြောင့်လည်း ဖြစ်တန်ရာ ရှိပါသည်။[၂၇၆]

ရဲတပ်ဖွဲ့ကို တပ်မတော် အောက်ထားရှိခြင်းသည် ယေဘုယျအားဖြင့် နားလည်နိုင်သည့် အချက်မှာဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၀ (ဂ) နှင့် ၃၃၈တို့ကြောင့်ဖြစ်ပါသည်။[၂၇၇] အဆိုပါ ပုဒ်မများသည် လက်နက်ကိုင်တပ်ဖွဲ့ အားလုံးသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်ကွပ်ကဲမှုအောက်တွင် ရှိကြောင်းဖော်ပြထားပါသည်။ သို့သော်လည်း “လက်နက်ကိုင်တပ်ဖွဲ့အားလုံး” ဆိုသည့်အပေါ် တိကျသည့် အဓိပ္ပာယ်ဖွင့်ဆိုမှုကိုမူ မည်သည့် ဥပဒေတွင်မှထည့်သွင်းဖော်ပြထားခြင်း မရှိပေ။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ရဲတပ်ဖွဲ့ကို သီးသန့်ပြဋ္ဌာန်း ထားချက်မှာ ဇယား-၁ရှိ ပြည်ထောင်စုတာဝန်ယူမှု အောက်တွင် သာထည့်သွင်းထားပြီး ပြည်နယ်နှင့်တိုင်း ဒေသကြီးကိုထည့်သွင်းထားခြင်းမရှိပေ။[၂၇၈]ရဲတပ်ဖွဲ့ဝင်များသည် အခြားအစိုးရ ဝန်ထမ်းများ သို့မဟုတ် တပ်မတော်သားများနှင့် မတူညီသည့်သီးသန့် ဥပဒေဖြင့် ရဲတပ်ဖွဲ့ဝင် ခန့်အပ်ခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းကို ဆောင်ရွက်ပါသည်။[၂၇၉]

သီအိုရီအရ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပြင်ဆင်စရာမလိုဘဲ ရဲတပ်ဖွဲ့အား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို အခြားဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့ခဲ့သည့်ပုံစံအတိုင်းဆောင်ရွက်နိုင်ပါသည်။ သို့သော် တပ်မတော်အနေဖြင့် ကိုင်စွဲထားနိုင်သည့် အချက်မှာ ရဲတပ်ဖွဲ့သည် လက်နက်ကိုင်ဆောင်သည့်အတွက် ရွှေ့ပြောင်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီကြောင်း ဖော်ပြနိုင်ပါသည်။ သစ်တောဦးစီးဌာနမှသစ်တောဝန်ထမ်းများသည် လက်နက်ကိုင်ဆောင်ခွင့်မရှိသောကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သစ်တောရဲများမှသာ အကာအကွယ်ပေးထားပေးပါသည်။[၂၈၀]

၂၀၁၉ ခုနှစ် ဇူလိုင်လတွင် NLD သည် ကာကွယ်ရေးဦးစီးချုပ်မှ ခန့်အပ်နိုင်ရန် အမည်စာရင်းပေးသည့် ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့ကို ဝန်ကြီးဌာနတာဝန်ယူသည်နှင့် တစ်ချိန်တည်း တပ်မတော်မှအနားယူရန် အဆိုပြုထားပါသည်။ ထိုသို့လုပ်ဆောင်နိုင်ပါက ပြည်ထဲရေးဝန်ကြီးဌာနကို အရပ်သားကွပ်ကဲမှုအောက်တွင် ထားရှိနိုင်မည် ဖြစ်သည်။[၂၈၁] ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀ (ဂ) နှင့် ၃၃၈ များကို NLDက ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ပယ်ဖျက်ရန် အဆိုပြုခြင်းသည် ရဲတပ်ဖွဲ့ကို လွတ်လပ်စွာ လှုပ်ရှားနိုင်ရန် ရည်ရွယ်ခြင်းလည်း ဖြစ်နိုင်ပါသည်။[၂၈၂] NLD ကြေညာချက်ပါ “လွတ်လပ်သော ရဲတပ်ဖွဲ့” အယူအဆသည် ရဲတပ်ဖွဲ့ကို တပ်မတော် ကွပ်ကဲမှုမှကင်းလွတ်ရန် သာမက အခြားနိုင်ငံရေး လွှမ်းမိုးမှု ပုံစံအားလုံးမှ ကင်းလွတ်ရန်လည်းဖြစ်သည်။

လွတ်လပ်မှုရှိခြင်း ဆိုသည်မှာ ကောင်းမွန်သောဟန်ချက်ညီမှုရှိရန်လိုအပ်ပါသည်။[၂၈၃]တစ်ဖက်မှာရဲတပ်ဖွဲ့သည် ဘက်လိုက်မှု ကင်းရမည်ဖြစ်ပြီး ခွဲခြားမှုမရှိဘဲ ဥပဒေသက်ရောက်မှုရှိရန် ဆောင်ရွက်ရပါမည်။ အာဏာရပါတီ၊ အုပ်ချုပ်ရေးနှင့် တပ်မတော်တို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးခြင်းမျိုးပြုလုပ်၍ မရပေ။ အခြားတစ်ဖက်မှာလည်း ရဲတပ်ဖွဲ့၏ ဆောင်ရွက်ချက်များကို စောင့်ကြည့်ခြင်းနှင့်ကြီးကြပ်ခြင်းတို့ကို ပြုလုပ်နိုင်ရန် အင်စတီကျူးရှင်းများ ရှိရမည် ဖြစ်သည်။ အကြောင်းမှာ ရဲတပ်ဖွဲ့၏စိတ်တိုင်းကျ လိုသလိုဆောင်ရွက်ခြင်းများ မရှိစေရန်ဖြစ်ပါသည်။[၂၈၄] ရဲတပ်ဖွဲ့ကိုမည်သည့်နိုင်ငံရေး အင်စတီကျူးရှင်းမှ လွှမ်းမိုးခြယ်လှယ်ခြင်း မရှိစေရန်နှင့် အာဏာကို တန်ပြန်ထိန်းညှိနိုင်ရန်အတွက် ရဲတပ်ဖွဲ့ကို ခိုင်မာသည့် အင်စတီကျူးရှင်း ဖြစ်လာစေရန်စံနှုန်းများနှင့် ဥပဒေများအားဖြင့် တည်ဆောက်သွားရန် လိုအပ်ပါသည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်ကရဲတပ်ဖွဲ့ကို ပြည်ထောင်စုနှင့် ပြည်နယ်များတွင်သီးသန့်စီ ဖွဲ့စည်းရန် အဆိုပြု ထားပါသည်။ ဖက်ဒရယ်စနစ် ဆောင်ရွက်မှု ပုံစံမျိုး[၂၈၅] ဖြစ်ပြီး ယင်းသည်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အများစု လိုလားသည့် ပုံစံလည်း ဖြစ် ပါသည်။[၂၈၆]

## စုံစမ်းထောက်လှမ်းရေးအဖွဲ့များ

မြန်မာနိုင်ငံတွင် ကိုလိုနီကာလမှစ၍ စုံစမ်းထောက်လှမ်းရေးအဖွဲ့များ တည်ထောင်လာရခြင်းသည်ပြည်တွင်း တည်ငြိမ်ရန်နှင့် ထိန်းချုပ်နိုင်ရန်ဖြစ်ပါသည်။ အထူးသဖြင့် ၁၉၈၀ ပြည့်နှစ်နှင့် ၂၀၀၄ ခုနှစ်အကြားတွင် အဆိုပါရည်ရွယ်ချက်ကို အမြင့်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ထိုကာလအတွင်းထောက်လှမ်းရေး တပ်ဖွဲ့ကို ဗိုလ်ချုပ်ကြီးခင်ညွန့်ကဦးဆောင်ခဲ့ပါသည်။သတိပြုရမည့်အချက်တစ်ခုမှာ ထောက်လှမ်းရေးတပ်ဖွဲ့ အကြောင်းကို လူထုသိရှိနိုင်မှု သတင်းအချက်အလက် အလွန်နည်းပါးသည့်အတွက် ဒီမိုကရေစီ ပြောင်းလဲရေးလမ်းကြောင်းတွင်မည်သို့ ကိုက်ညီနိုင်မည် သို့မဟုတ် ဆန့်ကျင်နေသည်ဆိုသည်မှာ ပြောဆိုရခက်မည် ဖြစ်သည်။[၂၇၇]

မြန်မာနိုင်ငံတွင် စုံစမ်း ထောက်လှမ်းရေးနှင့် ပတ်သက်၍ အခြေခံအားဖြင့် အဖွဲ့သုံးဖွဲ့ ရှိပါသည်။ အားလုံးသည် တပ်မတော်ကို အစီရင်ခံတင်ပြရပါသည်။ ယင်းတို့မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အောက်ရှိသတင်းတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိအထူးစုံစမ်းစစ်ဆေးရေး တပ်ဖွဲ့နှင့် တပ်မတော်၏တပ်ဖွဲ့တစ်ဖွဲ့ဖြစ်သည့် စစ်ဘက်ရေးရာ လုံခြုံရေးတို့ဖြစ်ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွင်းမှ အချို့အဖွဲ့များသည်လည်း စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ကြပါသည်။[၂၇၈] အဆိုပါ စုံစမ်းထောက်လှမ်းရေး အဖွဲ့များ၏ ဆောင်ရွက်မှုများ ရှင်းလင်းစွာ မသိရှိရသည့်အတွက်မည်သည့်အဖွဲ့က မည်သည့်တာဝန်ယူ ထားသည်၊ မည်သည့်လုပ်ပိုင်ခွင့်ရှိသည်ကို တိတိကျကျဖော်ပြရန် ခက်ခဲပါသည်။ ထိုအဖွဲ့များ၏ ဖွဲ့စည်းပုံနှင့်အဓိကတာဝန်များကို အခန်း (၄) တွင်ဆွေးနွေးထားပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် နိုင်ငံတကာထောက်လှမ်းရေးဆိုင်ရာ အချက်အလက်များကို စုစည်းရမည့်အခန်းကဏ္ဍ ရှိသော်လည်း ကာကွယ်ရေးတွဲဖက်နေရာများကိုမူ တပ်မတော်က ခန့်အပ်ပါသည်။[၂၇၉] ပြည်တွင်းထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များကိုအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက စုဆောင်းလေ့ရှိပြီး ယခုအခါတွင် အရပ်သားအစိုးရထံ အစီရင်ခံ တင်ပြရပါသည် (စာမျက်နှာ ၇၀ ကို ကြည့်ပါ)။ အဆိုပါ အစီရင်ခံတင်ပြမှုသာ မရှိလျှင်အရပ်သားအစိုးရသည်ကိုယ်ပိုင်ကွန်ရက်များ(ဥပမာ NLD ပါတီဝင်များဖြင့်) တည်ထောင်၍ သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် တပ်မတော်နှင့်တပ်မတော်ကွပ်ကဲမှုအောက်ရှိ အဖွဲ့များ၏ မျှဝေသောထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်များကိုသာရရှိနိုင်မည် ဖြစ်သည်။ အမျိုးသားလုံခြုံရေးအကြံပေးသည် အချို့ထောက်လှမ်းရေး ဆိုင်ရာများအတွက် တာဝန်ရှိသော်လည်း ထောက်ပံ့ဆောင်ရွက်ပေးမည့်အဖွဲ့နှင့် ပတ်သက်လျှင် အားနည်းချက်ရှိနေပြီးတပ်မတော်မှလည်းပို၍အသိအမှတ်ပြုပေးနိုင်ရန်လိုအပ်နေပါသည်။ (အခန်း ၃.၂ တွင်ဆက်လက်ကြည့်နိုင်ပါသည်)။

အရပ်သားအစိုးရအနေဖြင့် စုံစမ်းထောက်လှမ်းရေးဆိုင်ရာများနှင့် ပတ်သက်၍ ထိန်းချုပ်နိုင်ရန်ဆောင်ရွက်မှုကို မတွေ့ရပေ။ စုံစမ်းထောက်လှမ်းရေးနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင်လည်းသေချာထည့်သွင်း ဖော်ပြထားခြင်း မရှိသည်ကိုတွေ့ရပါသည်။ အကယ်၍ NLD ကအဆိုပြုသည့်အတိုင်း ပြည်ထဲရေးဝန်ကြီးသည် တပ်မတော်မှ အနားယူလျှင် သတင်းတပ်ဖွဲ့ နှင့် အထူးစုံစမ်းရေးအဖွဲ့တို့ကိုအရပ်သား ကွပ်ကဲမှုအောက် ရောက်ရှိနိုင်မည် ဟူ၍ယူဆနိုင်ပါသည်။[၂၈၀] သို့သော် စစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့ကို တပ်မတော်မှ ခွဲထုတ်ရန် မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုတပ်ဖွဲ့သည် တပ်မတော်စစ်ဆင်ရေးများတွင် အဓိကတပ်ဖွဲ့ ဖြစ်နေပါသည်။

မရေရာသည့် သတင်းအရင်းအမြစ်မှ ထွက်ပေါ်လာသောသတင်းအရ တပ်မတော်သည် စုံစမ်းထောက်လှမ်းရေး အဖွဲ့များအားလုံး ပူးပေါင်းဆောင်ရွက်သွားရန် အမျိုးသားလုံခြုံရေးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းရန် အစီအစဉ်ရှိပါသည်။[၂၈၁] အရပ်သား အစိုးရအနေဖြင့် ထိုကိစ္စအပေါ် စိတ်ဝင်စားမှုရှိနိုင်ပြီး အရပ်သားအစိုးရ ဦးဆောင်မှုအောက် ယန္တရားတွင်ပူးပေါင်းဆောင်ရွက်နိုင်ခြေ ရှိပါသည်။ သို့သော်လည်း ထိုအရာသည်မရှိမဖြစ် လွှမ်းမိုးနိုင်သည့် လက္ခဏာ မရှိနိုင်ပေ။ ထို့ပြင် အရပ်သားအစိုးရ ကိုင်တွယ်လိုက်လျှင်လည်း တပ်မတော်သည် ယင်းတို့ဖွဲ့စည်းပုံ အခြေခံဥပဒေအရရရှိထားသည့် လုပ်ပိုင်ခွင့်အာဏာများ ချိုးဖောက်ခံရသကဲ့သို့ မြင်သွားနိုင်ပါသည်။

## တရားစီရင်ရေး

တရားစီရင်ရေးနှင့် ပတ်သက်၍ စာရွက်ပေါ်တွင်ရေးသား ပြဋ္ဌာန်းဖော်ပြထားမှုအရ မြန်မာနိုင်ငံအရပ်ဘက် တရားရုံးများသည် တရားမမှုနှင့် ရာဇဝတ်မှုကိစ္စရပ်များအားလုံးအတွက် တာဝန်ယူရပါသည်။ စစ်ဥပဒေချုပ်က ယင်းဆန္ဒ လွှဲပြောင်းပေးသောအမှုနှင့်အတူ တပ်မတော်နှင့်ဆိုင်သော အမှုများအတွက်မှာမူပါဝင်ခြင်း မရှိသည်ကိုတွေ့ရမည်ဖြစ်သည်။[၂၅] ပြဋ္ဌာန်းချက်များအရ တရားစီရင်ရေးသည် အမှီအခိုကင်းပြီး လွတ်လပ်သည်ဟူ၍ ဆိုနိုင်ပါသည်။ ဖော်ပြခဲ့သည့်ဌာနများနှင့်မတူ တရားစီရင်ရေးသည် တပ်မတော်၏ထိန်းချုပ်မှုအောက်တွင် ရှိကြောင်း တရားဝင် ဖော်ပြထားမှုမရှိသည်ကို တွေ့ရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒ၏ ပြည်ထောင်စု အခြေခံမူများ အောက်ရှိ ပုဒ်မ ၁၉ တွင် လွတ်လပ်စွာ တရားစီရင်ရေးကို ဖော်ပြထားပါသည်။ လွတ်လပ်သော တရားစီရင်ရေးသည် NLD ၏ကြေညာချက်နှင့် အခြားထုတ်ပြန်သော စာတမ်းများတွင်ဦးစားပေးတစ်ခုဖြစ်ကြောင်း နှစ်ပေါင်းများစွာ ဖော်ပြလာခဲ့ပါသည်။[၂၆] တရားစီရင်ရေးနည်းဗျူဟာအစီအစဉ်တွင် လွတ်လပ်စွာတရားစီရင်မှု တိုးမြှင့်ခြင်းသည် အဓိကရည်ရွယ်ချက်တစ်ခု ဖြစ်ပါသည်။[၂၇]

လက်တွေ့တွင်မူ တပ်မတော်သည် တရားရုံးများအပေါ်လွှမ်းမိုးမှုမှာ ကြီးမားစွာ ကျန်ရှိနေပါသည်။ အဘယ်ကြောင့်ဆိုသော် အဆင့်မြင့် တရားရေးဝန်ထမ်းများသည် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သူများနှင့် ယခင်တပ်မတော် အစိုးရအောက်တာဝန်ထမ်းဆောင်ခဲ့သူများ ဖြစ်ကြပါသည်။ ထို့ပြင်လွတ်လပ်စွာ ဆုံးဖြတ်ချက်ချသည့် ဓလေ့အားနည်းခဲ့သည့်အတွက် တရားသူကြီးအများစုသည် စီရင်ချက်မချမီ တပ်မတော် သို့မဟုတ် အုပ်ချုပ်သူများ၏ အချက်ပြမှုကို ကြည့်နေရသည့် အနေအထားမျိုး ရှိပါသည်။ တရားစီရင်ရေးစနစ်အတွင်း တပ်မတော်၏ လွှမ်းမိုးထားသည့်သဘောသဘာဝနှင့် သက်ရောက်မှုများကို အခန်း (၄) တွင်ဖော်ပြထားပါသည်။

ဤအစီရင်ခံစာတွင်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးနှင့် ပတ်သက်၍ သုတေသနပြုလုပ်ထားခြင်း မရှိပေ။[၂၈] ခုံရုံးတွင်မူ မည်သို့အရပ်ဘက်နှင့်စစ်ဘက်အာဏာခွဲဝေခြင်းအပေါ် အထူးအဓိပ္ပာယ် သက်ရောက်မည့်အနက်ဖွင့်ဆိုထားမှု ရှိနိုင်မည်ဖြစ်သည်။ လက်ရှိတွင်အာဏာဟန်ချက်ညီမှုသည် တပ်မတော်အပေါ်ကဲနေသည့် အနေအထားမျိုး နားလည်ရသော်လည်း တစ်ဖက်မှာ တရားဥပဒေအရ ပြင်ဆင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ကြိုးပမ်းနေပါသည်။ ဥပမာအားဖြင့်ရဲတပ်ဖွဲ့ကိုထားရှိမည့်နေရာ၊စစ်ကြေညာခွင့် သို့မဟုတ် ငြိမ်းချမ်းရေးပြုလုပ်ခွင့်နှင့် “လက်နက်ကိုင်တပ်ဖွဲ့များ၏ ကိစ္စရပ်များအားလုံး” တွင်အတိအကျပါဝင်မည့်အချက်များစသည်တို့သည်မရှိမဖြစ်စာရွက်ပေါ်တွင် ထည့်သွင်းစရာ မလိုဘဲလက်တွေ့တွင် ကျင့်သုံးနေသည့်အရာများ ဖြစ်ပါသည်။ NLD အပါအဝင် အခြားပါတီအများစုသည် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးကို ဖျက်သိမ်းကာ ယင်း၏အာဏာများကို ပြည်ထောင်စုတရားရုံးချုပ်ထံ လွှဲပြောင်းပေးရန်တောင်းဆိုကြပါသည်။

## အကျဉ်းဦးစီးဌာနနှင့် တရားရေးဝန်ကြီးဌာန ဖွဲ့စည်းခြင်း အဆိုပြုချက်

မြန်မာ့ အကျဉ်းထောင်များကို (အများစုမှာ ကိုလိုနီခေတ်တွင်တည်ဆောက်ခဲ့သည်)ပြည်ထဲရေးဝန်ကြီးဌာနရှိ အကျဉ်းဦးစီးဌာနက အုပ်ချုပ်သည့်အတွက် တပ်မတော်ထိန်းချုပ်မှုအောက်၌ ရှိပါသည်။

အင်တာဗျူး ဖြေဆိုသူများအနက် ရှေ့နေများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့သည် တရားရေးဝန်ကြီးဌာနဖွဲ့စည်းရေးအတွက် ဖြစ်နိုင်ခြေများကို ဆွေးနွေးဖော်ပြကြပါသည်။ ထိုသို့ဖွဲ့စည်းနိုင်ပါက ယင်းသည် အကျဉ်းဦးစီးဌာနအပါအဝင် တရားစီရင်ရေးနှင့် ဆိုင်သောဘတ်ဂျက်ပိုင်းသာမက အုပ်ချုပ်ရေး အပိုင်းကို အဆိုပါဝန်ကြီးဌာနက ကိုင်တွယ်သွားနိုင်မည် ဖြစ်သည်။ သို့သော်လည်း ထိုပြောင်းလဲမှုအတွက် အားလုံးသဘောတူညီနိုင်မည့် သေချာစွာပြင်ဆင် ထားရှိမှုကိုမူအပြောင်းအလဲကို ထောက်ခံသူများအကြားတွင် မတွေ့ရှိရပေ။[၂၉] ၂၀၁၉ခုနှစ်၊ဇူလိုင်လဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အဆိုပြုချက်တွင် ရခိုင်အမျိုးသားပါတီနှင့် မွန်အမျိုးသားပါတီတို့က တရားရေး

ဝန်ကြီးဌာန ဖွဲ့စည်းရေးအတွက် အဆိုပြုခဲ့ကြပါသည်။ NLD ပါတီမှာမူ အဆိုပြုခဲ့ခြင်း မရှိသည်ကို တွေ့ရပါသည်။ သို့သော်လည်း အဆိုပါအရွေ့အပြောင်းသည်ဖွဲ့စည်းပုံအခြေခံဥပဒေ မဖြစ်မနေ ပြင်ဆင်ရန် လိုအပ်မည် မဟုတ်ပေ။

ထိုတရားရေး ဝန်ကြီးဌာနသည် ပြည်ထောင်စုရှေ့နေချုပ်၏ အချို့လုပ်ငန်းတာဝန်များကိုလည်း ရယူနိုင်ပါသည်။ ပြည်ထောင်စုရှေ့နေချုပ်သည် အုပ်ချုပ်ရေးကဏ္ဍ၏ တရားရေးဆိုင်ရာ၌ ဦးဆောင်သူဖြစ်ပြီး ဥပဒေအရာရှိများနှင့် တရားရုံးများ၏ အစိုးရရှေ့နေများကိုလည်း ခန့်အပ်သူ ဖြစ်ပါသည်။[၂၄၇] လက်ရှိရှေ့နေချုပ်သည် ဦးထွန်းထွန်းဦးဖြစ်ပြီး တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ကာ နောက်ပိုင်း တပ်မတော် အရာရှိဖြစ်လာပါသည်။ ထို့နောက် ဦးသိန်းစိန်လက်ထက်တွင် ဒုတိယရှေ့နေချုပ်ရာထူးကို ခန့်အပ်ခံရပါသည်။ သတင်းအရင်းအမြစ်များစွာမှ သိရှိရသည့် အချက်အရ တပ်မတော် သို့မဟုတ် အစိုးရက တင်ပြလာသည့် အမှုကိစ္စရပ်များကို အစိုးရဥပဒေအရာရှိများလွတ်လပ်စွာ ဆောင်ရွက်နိုင်မှု အလွန်နည်းပါးခြင်းပင်ဖြစ်ပါသည်။ယင်းသည်လည်းလုပ်ရိုးလုပ်စဉ်အတိုင်းဖြစ်လာပါသည်။ တရားသူကြီးများကဲ့သို့ပင် ဥပဒေအရာရှိများသည်လည်း ပြည်သူလူထုအကျိုးနှင့်ဥပဒေများကို သေချာမှန်ကန်စွာ အနက်ဖွင့်ဆောင်ရွက်ပေးခြင်းထက် စနစ်တစ်ခု၏ အလုပ်ဖြစ်ရေးကိုသာ အလေးပေးကြပါသည်။ ထို့ပြင်အများစုသည်တပ်မတော်အစိုးရလက်ထက် စိတ်သဘောထားအတိုင်း ဆက်လက်ကျန်ရှိနေပါသည်။ ပြည်သူလူထုဆန္ဒပြခြင်း သို့မဟုတ် ဝေဖန်ပြစ်တင်ပြောဆိုရေးသားမှုများကို ဒီမို ကရေစီလူ့အဖွဲ့အစည်းအတွက် အရေးကြီးသည့်အချက် ဖြစ်သည်ကို မြင်ခြင်းထက် တိုင်းပြည်မတည်ငြိမ်အောင် ဆောင်ရွက်သည့်အနေအထားမျိုးအဖြစ်သာ မြင်နေဆဲ ဖြစ်သည်။[၂၄၈]

## နယ်စပ်ရေးရာဝန်ကြီးဌာန

နယ်စပ်ရေးရာဝန်ကြီးဌာနသည် တပ်မတော်ကရယူထားသည့် ဝန်ကြီးဌာန သုံးခုအနက် တစ်ခုဖြစ်ပါသည်။ ထိုဌာနသည် ပဋိပက္ခဖြစ်ပွားခဲ့သည့် ဒေသများအပါအဝင် နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အခန်းကဏ္ဍကို တာဝန်ယူထားပြီးတော့ လုံခြုံရေးများကို တန်ပြန်နှိမ်နင်းရန် အစီအစဉ်အတွက်လည်း အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ပါသည်။ ထိုဌာနကို မူလအားဖြင့် ၁၉၈၉ ခုနှစ်တွင် ကော်မတီအဖြစ် စတင်ဖွဲ့စည်းခဲ့ပြီး နောက်ပိုင်း ၁၉၉၀ ပြည့်နှစ်များတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာ ရေးဝန်ကြီးဌာနအဖြစ် တိုးချဲ့ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်မှသာ ယခုဝန်ကြီးဌာနအမည်သို့ ပြောင်းလဲခံယူခဲ့ပါသည်။ ဖော်ပြပါ ကော်မတီသည် ယနေ့တိုင်

> “ သတင်းအရင်းအမြစ်များစွာမှ သိရှိရသည့် အချက်အရ တပ်မတော် သို့မဟုတ် အစိုးရက တင်ပြလာသည့် အမှုကိစ္စရပ်များကို အစိုးရဥပဒေအရာရှိများ လွတ်လပ်စွာ ဆောင်ရွက်နိုင်မှု အလွန်နည်းပါးခြင်းပင် ဖြစ်ပါသည်။ ”

ဆက်လက်တည်ရှိနေပြီး လက်ရှိဒေါ်အောင်ဆန်းစုကြည် ဦးဆောင်နေခြင်းသည် သူမအဆိုပါ ဝန်ကြီးဌာနနှင့် ကောင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်သည်ဟူ၍ ယူဆနိုင်ပါသည်။ ထိုဌာန အနေဖြင့် ဝန်ကြီးဌာန လွှမ်းမိုးထားမှုများကို လျှော့ချရန်ဆောင်ရွက်လာမှုများလည်း ရှိပါသည်။ ဥပမာအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနကို ယင်းဝန်ကြီးဌာနမှ အခြားဝန်ကြီးဌာနသို့ ၂၀၁၃ ခုနှစ်တွင် ပြောင်းရွှေ့ခဲ့ပါသည်။

တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီးများ ရှိပါသည်။ ထိုဝန်ကြီးများကို ခန့်အပ်နိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း ပေးသွင်းရပါသည်။ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီးများ ရုံးတက်ရာတွင်လည်း စစ်ဝတ်စုံများကိုသာ ဝတ်ဆင်ပါသည်။ အခြားပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများကဲ့သို့ပင် သူတို့လက်အောက် ဌာနဝန်ထမ်းများသီးသန့်ဖွဲ့စည်းပေးထားမှု မရှိဘဲ သက်ဆိုင်ရာအစိုးရနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများဖြင့်ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရပါသည်။ ထို့ပြင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရ အဖွဲ့ဝင်များဖြစ်ကြပြီး သမ္မတက ခန့်အပ်သည့် တိုင်းဒေသကြီး/

ပြည်နယ်ဝန်ကြီးချုပ်များနှင့် အတူတကွ အစည်းအဝေးထိုင် ဆောင်ရွက်ရပါသည်။ သို့သော် နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီးများသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများရှိ စစ်တိုင်းဌာနချုပ်များကိုအစီရင်ခံ တင်ပြကြရပြီး ထိုမှကာကွယ်ရေးဦးစီးချုပ်ဆီသို့ ဆက်လက်တင်ပြနိုင်ပါသည်။

# ၇.၂ အရပ်ဘက်အစိုးရက ယင်း၏ အခန်းကဏ္ဍကို ရှာဖွေခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေအရအကန့်အသတ်များရှိနေသည့်အတွင်းမှ NLD ဦးဆောင်အစိုးရနှင့် လွှတ်တော်တို့သည် လုံခြုံရေးကဏ္ဍကို လွှမ်းမိုးနိုင်သည့်နည်းလမ်းများကို ရှာဖွေလာနိုင်ပါသည်။ စံနှုန်းသစ်များဖော်ထုတ်ခြင်း နှင့်အတူ အရပ်ဘက်ကကြီးကြပ်နိုင်ရန်နှင့်ခေါင်းဆောင်မှု ရယူနိုင်ရန် ကြိုးပမ်းနေသည်ကို တွေ့ရပါသည်။

## ပြည်ထောင်စုအစိုးရ

အရပ်သား ရွေးကောက်ခံများနှင့် စစ်ယူနီဖောင်းဝတ်တပ်မတော်အရာရှိများ ပါဝင်သည့်မြန်မာ့အုပ်ချုပ်ရေးပိုင်းသည် မူဝါဒများကို ဥပဒေနှင့်အညီ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ရန် အဓိကတာဝန်ရှိသည့်အပြင် တစ်ဖက်မှာ လွှတ်တော်နှင့် တရားစီရင်ရေးကဏ္ဍတို့မှ စောင့်ကြည့် ထိန်းကျောင်းမှုကိုလည်း ခံယူရမည် ဖြစ်ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကန့်အသတ်များ ရှိနေသည့် တိုင်လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ထိတွေ့ကိုင်တွယ်နိုင်ရန် အရပ်သားအစိုးရ အတွက် နေရာရရှိရန်အရေးကြီးပြီး ထိုလုံခြုံရေးဆိုင်ရာ ကိစ္စများအပေါ် အနေအထားတစ်ခုအထိ ခေါင်းဆောင်မှု ရရှိရန် လိုအပ်ပါသည်။ တစ်ဖက်တွင် ဖွဲ့စည်းပုံ ပြဋ္ဌာန်းချက်အရတပ်မတော်ရရှိထားသည့် အာဏာများကို လေးစားရမည့်အပြင် တစ်ဖက်မှာလည်း NLD ဦးဆောင်အစိုးရသည် လုံခြုံရေးကဏ္ဍ၌ ယင်းတို့၏ အခန်းကဏ္ဍကိုတိုးချဲ့ရန် အရေးကြီးအဆင့်များကို ရယူခဲ့ပါသည်။ သို့သော်လည်း NLD အနေဖြင့် သူတို့ရရှိထားသည့် အာဏာကို အပြည့်အဝအသုံးပြုခြင်း မရှိကြောင်းဝေဖန်မှုများလည်း ရှိနေပါသည်။

### အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (ကာ/လုံ) ကိုဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၀၁ အရ ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ကာ/လုံဖွဲ့စည်းတည်ဆောက်ပုံကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် တိတိကျကျပြဋ္ဌာန်းထားပါသည်။ ဒီမိုကရေစီ နည်းကျရွေးကောက်ခံအရပ်သားငါးဦး၊ တပ်မတော်မှ ငါးဦးနှင့် တပ်မတော်က အမည်စာရင်း တင်သွင်းသည့်ဒုသမ္မတ တစ်ဦးပါဝင်ပါသည်။ (ပုံ-၅ တွင် ရှုနိုင်ပါသည်)။[၂၉၉] သမ္မတသည်ဥက္ကဋ္ဌ ဖြစ်သည့်အတွက် ကာ/လုံအစည်းအဝေးခေါ်ဆိုနိုင်မှုနှင့် မည်သို့အသုံးပြုနိုင်သည် ဆိုသည့်အချက်မှာ သမ္မတ၏ သဘောထားအပေါ်တွင် မူတည်ပါသည်။ နိုင်ငံခြားရေးဝန်ကြီးအတွက် နေရာတစ်နေရာပါဝင်သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်သည် ကာ/လုံအစည်းအဝေးကို တက်ရောက်နိုင်မည်ဖြစ်သည်။ သို့သော်ခေါင်းဆောင်မှု အခန်းကဏ္ဍကိုမူရှင်းရှင်းလင်းလင်း ယူနိုင်မည် မဟုတ်ပေ။

NLD အစိုးရ တာဝန်ယူချိန်မှစ၍ ကာ/လုံအစည်းအဝေးကိုတရားဝင်တစ်ကြိမ်မျှခေါ်ဆိုခဲ့ခြင်း မရှိသည်ကိုတွေ့ရပါသည်။ ထိုအချက်သည် ယခင်အစိုးရနှင့် အလွန်ကွာခြားသော အချက်တစ်ခုဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်မတိုင်မီ စစ်အစိုးရလက်ထက်တွင်အမျိုးသားလုံခြုံရေးကဲ့သို့ အဖွဲ့သည် အစိုးရဆုံးဖြတ်ချက် ၈၀ ရာခိုင်နှုန်းဝန်းကျင်ကို ပြုလုပ်ခဲ့ပါသည်။ ဦးသိန်းစိန် လက်ထက်တွင် အစပိုင်း၌ ကာ/လုံကိုတစ်ပတ်တစ်ခါခေါ်ဆိုခဲ့သော်လည်း နောက်ပိုင်းပုံမှန်ပြုလုပ်မှု နည်းလာခဲ့သည်ကို တွေ့ခဲ့ရပါသည်။[၃၀၀]

အင်တာဗျူးဖြေဆိုသူများသည် လေ့လာသူများသုံးသပ်တင်ပြခဲ့သကဲ့သို့ NLD ခန့်အပ်သော သမ္မတနှစ်ဦးလုံးသည် ကာ/လုံ အစည်းအဝေး ခေါ်

ယူမှုမရှိခြင်း သည် ဒီမိုကရေစီနည်းကျ ရွေးကောက်ခံပါဝင်မှု အရေအတွက် လျော့နည်းမှုကြောင့်နှင့် သမ္မတမှာ အဖွဲ့၏ အကြီးဆုံးနေရာ ယူထားသော်လည်း ဒေါ်အောင်ဆန်းစုကြည်မှာ ကာကွယ်ရေးဦးစီးချုပ်အောက် ရောက်ရှိနေသည့် အနေအထားတို့ကြောင့်ဖြစ်နိုင်ကြောင်း ထောက်ပြကြပါသည်။[၁၀၁] ထို့ကြောင့်ကာ/လုံအစား ထိုအဖွဲ့ဝင်များနှင့်အတူ အခြားတာဝန်ရှိ ပုဂ္ဂိုလ်များပါ တက်ရောက်စေခဲ့သည့် အစည်းအဝေးများကို ပြုလုပ်ခဲ့ပါသည် (ပုံ-၅ တွင် ရှုနိုင်ပါသည်)။ ထိုကဲ့သို့ အစည်းအဝေးမျိုးကို ရခိုင်ပြည်နယ်တွင် ဖြစ်ပွားသည့် ပဋိပက္ခမျိုးကဲ့သို့ အဓိကအမျိုးသားလုံခြုံရေးပြဿနာကိစ္စရပ်များတွင်ခေါ်ဆိုလေ့ရှိပါသည်။ ကာကွယ်ရေးဦးစီးချုပ် အကြိမ်တိုင်းတွင်မှာမူ တက်ရောက်လေ့မရှိသည်ကို တွေ့ရပါသည်။[၁၀၂] ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် NLD က ဖွဲ့စည်းပုံပြင်ဆင်ရေး အဆိုပြုချက်တွင် ပုဒ်မ ၂၀၁ ကို ထည့်သွင်းခဲ့ပြီး ကာ/လုံတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌများကို ထပ်မံပေါင်းထည့်ထားပြီး (ဒုတိယကာကွယ်ရေးဦးစီးချုပ် ထည့်ထားသကဲ့သို့) နယ်စပ်ရေးရာ ဝန်ကြီးဌာနဝန်ကြီးကို ကာ/လုံမှ ဖယ်ရှားရန် အဆိုပြုထားသည်ကို တွေ့ရပါသည်။ ထိုသို့လုပ်ဆောင်ခြင်းမှာ ရွေးကောက်ခံအရပ်သား အရေအတွက်ပိုမို ပါဝင်နိုင်ရန် ဖြစ်ပါသည်။[၁၀၃]

NLD အနေဖြင့် တခြားအရပ်ဘက်နေရာတစ်နေရာကိုလည်း ကာ/လုံသို့ လက်ရှိဥပဒေအောက်မှာပင် ထည့်သွင်းရန် ဖြစ်နိုင်ခြေ ရှိပါသည်။ ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုအစိုးရ ပြဋ္ဌာန်းဥပဒေအရ ပြည်ထောင်စု အစိုးရအဖွဲ့ အတွင်းရေးမှူး နေရာကို ပြဋ္ဌာန်းထား လက်ရှိတွင် ထိုရာထူးနေရာမှာ လစ်ဟင်းလျက်ရှိပါသည်။ ထိုရာထူးနေရာရှိခဲ့ပါက ကာ/လုံ၏ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်နိုင်ပါသည်။ သို့သော် အပြောင်းအလဲပြုလုပ်လျှင် သေချာစွာဆောင်ရွက်ရန် လိုအပ်သည့်အပြင် တပ်မတော်က ဖွဲ့စည်းပုံအရ မကိုက်ညီကြောင်း ငြင်းဆိုချက်များလည်းထွက်ပေါ်လာနိုင်ပါသည်။

ကာ/လုံကို ပေးအပ်ထားသည့် အဓိကအခန်းကဏ္ဍများမှာ ထူးခြားဖြစ်ရပ်များနှင့် ဆက်စပ်သည့် သံတမန်ဆိုင်ရာ ဖြစ်ပွားသည့် ပြဿနာကိစ္စရပ်များ၊ လွတ်ငြိမ်းချမ်းသာခွင့်နှင့် နိုင်ငံတော်အရေးပေါ် ကြေညာခြင်းစသည့် ကိစ္စရပ်များတွင် သမ္မတ၏ ဆုံးဖြတ်ချက်များကို ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အတည်ပြုချက်ပေးနိုင်ပါသည်။ ထို့ပြင်လက်ရှိတွင် မရှိသေးသောနိုင်ငံသားများ စစ်မှုထမ်းရန်အတွက်လည်း ခွင့်ပြုချက် ပေးနိုင်ပါသည်။

ကာ/လုံ၏ အထူးဖြစ်နိုင်ခြေတစ်ခုမှာ အရပ်ဘက်နှင့် စစ်ဘက်အကြား လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအပေါ်ပူးတွဲ၍ နည်းဗျူဟာများ၊ မူဝါဒများနှင့်ရပ်တည်ချက်များ ချမှတ်နိုင်သည့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သော နေရာတစ်ခုအဖြစ် အသုံးပြုနိုင်ပါသည်။ အင်တာဗျူး ဖြေဆိုသူများသည် ယုံကြည်မှုတည်ဆောက်ရန်နှင့် ပူးတွဲဆောင်ရွက်မှုများ အားကောင်းလာရန်ပုံမှန်တွေ့ဆုံမှုများ လိုအပ်ကြောင်း အလေးပေးပြောဆိုကြပါသည်။ အကယ်၍ ယုံကြည်မှုများတိုးတက်လာပါက အဆိုပါတွေ့ဆုံ အစည်းအဝေးသည် အရပ်သားအစိုးရ အနေဖြင့် လုံခြုံရေးတပ်ဖွဲ့များ၏ လှုပ်ရှားမှုများအပေါ် သတင်းအချက်အလက်များ ပိုမိုရရှိလာမည်ဖြစ်ပြီး ယင်းတို့အပေါ်လည်း အရပ်ဘက်ကပိုမိုလွှမ်းမိုးနိုင်မှု ရှိလာနိုင်ပါသည်။

အချို့အင်တာဗျူး ဖြေဆိုသူများက ကာ/လုံသည်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးကဲ့သို့ကိစ္စရပ်များတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ကာကွယ်ရေးဦးစီးချုပ်တို့အကြား နီးကပ်စွာဖြင့် ပိုမိုတရားဝင် ညှိနှိုင်းဆွေးနွေးနိုင်သည့် နေရာအဖြစ်အသုံးပြုနိုင်ကြောင်းကိုလည်း အကြံပြုကြပါသည်။ အကယ်၍ကာ/လုံကို အကျိုးရှိစွာ အသုံးပြုနိုင်မည်ဆိုလျှင် အရပ်သားသမ္မတ ဦးဆောင်နိုင်သည့် နိုင်ငံတော်အတွက် အရေးကြီးဆုံး အာဏာရှိသည့် အစိတ်အပိုင်း ဖြစ်လာနိုင်ပါသည်။

ကာ/လုံအတွက်ဥပဒေပြဋ္ဌာန်းခြင်းဖြင့်ကာ/လုံ၏အခန်းကဏ္ဍကို ပိုမို၍ တရားဝင်သတ်မှတ်ပေးနိုင်သည့် ဖြစ်နိုင်ခြေလည်း ရှိပါသည်။ ဦးသိန်းစိန်လက်ထက်တွင် ထိုအတွက်ကြိုးစားမှုရှိခဲ့သော်လည်း ဥပဒေပြုရန်အတွက် လွှတ်တော်သို့ရောက်ရှိလာခြင်းမရှိခဲ့ပေ။ အကြောင်းမှာ သဘောတူညီချက် ရရှိရန် ထိလွယ်ရှလွယ်ကိစ္စ ဖြစ်သောကြောင့် ဖြစ်တန်ရာရှိပါသည်။ လက်ရှိနိုင်ငံရေး အခြေအနေအရ အရပ်

**ပုံ- ၆ NLD အစိုးရလက်ထက် ၎င်းမှဦးဆောင်ကျင်းပသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (ကာ/လုံ) အဖွဲ့ဝင်များနှင့် အခြားအစိုးရ အရာရှိများ ပါဝင်သော ကာ/လုံဆိုင်ရာ အစည်းအဝေးများ**

**ကာလုံအဖွဲ့ဝင်များ**

၁။ သမ္မတ - ဦးဝင်းမြင့်
၂။ ဒုတိယ သမ္မတ - ဦးမြင့်ဆွေ
၃။ ဒုတိယ သမ္မတ - ဦး ဟင်နရီဗန်ထီးယူ
၄။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ - ဦးတီခွန်မြတ်
၅။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ - မန်းဝင်းခိုင်သန်း
၆။ ကာကွယ်ရေးဦးစီးချုပ်
 - ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
၇။ ဒုတိယကာကွယ်ရေးဦးစီးချုပ်
 -ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း
၈။ ကာကွယ်ရေးဝန်ကြီး - ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း
၉။ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး
 - ဒေါ်အောင်ဆန်းစုကြည်
၁၀။ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး
 - ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ
၁၁။ နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး
 - ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်

**တရားဝင်မဟုတ်သည့် လုံခြုံရေး အစည်းအဝေးတွင် ပါဝင်မှု**

- နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီး - ဦးကျော်တင့်ဆွေ (၂၀၁၈ ခုနှစ် ဇွန် ၉ ရက်နှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၇ ရက်)
- အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး - ဦးကျော်တင် (၂၀၁၈ ခုနှစ် ဇွန် ၉ ရက် နှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၇ ရက်)
- ပြည်ထောင်စု ရှေ့နေချုပ် - ဦးထွန်းထွန်းဦး (၂၀၁၈ ခုနှစ် ဇွန် ၉ ရက် နှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၇ ရက်)
- ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီး - ဦးမင်းသူ (၂၀၁၈ ခုနှစ် ဇွန် ၉ ရက် နှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၇ ရက်)
- ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီး နှင့် အမျိုးသားလုံခြုံရေးအကြံပေး - ဦးသောင်းထွန်း (၂၀၁၉ ခုနှစ် ဇန်နဝါရီ ၇ ရက်)
- ပြည်ထောင်စု ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ - ဒေါက်တာတင်မျိုးဝင်း (၂၀၁၉ ခုနှစ် ဇန်နဝါရီ ၇ ရက်)
- စစ်ဘက်ရေးရာ လုံခြုံရေးအကြီးအကဲ - ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် (၂၀၁၉ ခုနှစ် ဇန်နဝါရီ ၇ ရက်)

**NLD ဖွဲ့စည်းပုံတွင် ပြင်ဆင်လိုမှု**

- ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ - လက်ရှိ ဦးထွန်းထွန်းဟိန်
- အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ - လက်ရှိ ဦးအေးသာအောင်
- ဖယ်ထုတ်ရမည့်ဝန်ကြီးဌာန - နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး - လက်ရှိ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်

ဘက်မှ စိုးရိမ်မှုများရှိနိုင်ပါသည်။ သို့သော်အကယ်၍ အသုံးပြုနိုင်လျှင် လုံခြုံရေးကိစ္စများအတွက် အဓိက အခွင့်အရေးတစ်ခုဖြစ်လာနိုင်ပါသည်။ လက်ရှိအနေ အထားအရ ဥပဒေတစ်ခုပေါ် ထွက်လာနိုင်မှုသည် NLD ၏အာဏာတွင်းမှာ တည်ရှိနေသောကြောင့် အခြေခံဥပဒေနှင့် ငြိစွန်းနိုင်မှုကို ရှောင်ရှားနိုင်ပါ သည်။

## အမျိုးသားလုံခြုံရေးအကြံပေး

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် နေ့တွင် အရပ်သားအစိုးရသည် ပြည်ထောင်စု အစိုးရအတွက် "အမျိုးသား လုံခြုံရေးအကြံပေး" ရာထူးနေရာကို ဖန်တီးခဲ့ပါသည်။ ထိုလုံခြုံရေးအကြံပေးသည် "သမ္မတ နှင့်ပြည်ထောင်စု အစိုးရအဖွဲ့အား ပြည်တွင်းပြည်ပ အန္တရာယ်များနှင့် စပ်လျဉ်း၍ မဟာဗျူဟာရှုထောင့် မှလေ့လာသုံးသပ် အကြံပြုနိုင်ရေးအတွက်" ခန့် အပ်ခဲ့ခြင်း ဖြစ်ပါသည်။[၁၀၅] အဆိုပါ ရာထူးနေရာကို ဒေါ်အောင်ဆန်းစုကြည်က ယုံကြည်မှုရှိပြီး သံတမန် လောကတွင် ကြာရှည်စွာ တာဝန်ထမ်းဆောင်ခဲ့သူ ဦးသောင်းထွန်းကို ခန့်အပ်ခဲ့ပါသည်။ သူသည် နောက်ပိုင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီး အဖြစ်လည်း ခန့်အပ်ခံရပါသည်။ ထို့နောက် ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီး အဖြစ်ပြောင်းရွှေ့ခန့်အပ်ခံရပါသည်။ ထိုဝန်ကြီးဌာန နှစ်ခုလုံးသည်အသစ်ဖွဲ့စည်းခဲ့သည့်ဝန်ကြီးဌာနများ ဖြစ်ပါသည်။[၁၀၆] ဦးသောင်းထွန်းသည် အမျိုးသား

လုံခြုံရေး အကြံပေးအဖြစ် တောက်လျှောက်တာဝန် ထမ်းဆောင်ခဲ့ပြီး နိုင်ငံပိုင်မီဒီယာများတွင် မကြာမကြာ အဆိုပါရာထူးအဖြစ် မိတ်ဆက်ပေးခြင်း ခံရပါသည်။

အမျိုးသား လုံခြုံရေးအကြံပေး ရာထူးသည် ၁၉၆၀ ပြည့်နှစ်များမှစ၍ အရပ်သားအစိုးရအနေဖြင့် လုံခြုံရေးဆိုင်ရာ နေရာတစ်ခုကို ပထမဆုံးဖန်တီး ထားရှိသည့်ရာထူးနေရာဖြစ်လာပါသည်။[၁၀၇]သို့သော် ထိုရာထူးသည် အခြားဝန်ကြီးဌာနမှ အတွင်းရေးမှူးကိုသာ မှီခိုအားထားရပြီး ကိုယ်ပိုင်ဌာနရုံး သတ်သတ်မှတ်မှတ်မရှိသည့်အပြင် အင်စတီကျူးရှင်းအရ လုပ်ပိုင်ခွင့်အာဏာလည်း ရှင်းရှင်းလင်းလင်းမရှိပေ။ အဓိကအခြေခံ ဆောင်ရွက်ရသည့်အရာမှာ မူဝါဒများချမှတ်ခြင်းနှင့် ပြင်ပဆက်ဆံရေး အခန်းကဏ္ဍများဖြစ်ပါသည်။ သတင်းအရင်းအမြစ်များ၏ အတည်ပြုပြောကြားချက်အရ တပ်မတော်သည် အရပ်သားအစိုးရနှင့် ဆက်သွယ်ဆောင်ရွက်မှုများကို ယခုချိန်ထိသမ္မတရုံးမှသာ တိုက်ရိုက်အစီရင်ခံ တင်ပြ ဆက်သွယ်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။[၁၀၈]

အမျိုးသားလုံခြုံရေး အကြံပေး၏ ပြင်ပဆက်သွယ်ဆောင်ရွက်ရသည့် အဓိကလုပ်ငန်းများမှာ နိုင်ငံတကာတွင် ရခိုင်ပြည်နယ် အရေးကိစ္စနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိသွားသော ရိုဟင်ဂျာ ဒုက္ခသည်များ၏ အခြေအနေကြောင့် အစိုးရပုံရိပ်ပျက်စီးသွားခြင်းနှင့် စီးပွားရေး အကျပ်အတည်းများ ကြုံနေမှုကို လျှော့ချရန် ဖြစ်ပါသည်။ ဦးသောင်းထွန်းသည် ယခင်ကလည်း နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်နှင့်အခြား တာဝန်များ ယူစဉ်အခါက တပ်မတော်အစိုးရအတွက် အလားတူ ဆောင်ရွက်ပေးခြင်းမျိုးကို လုပ်ဆောင်ခဲ့ပါသည်။ ထိုအချိန်က တပ်မတော်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ငြင်းပယ်ပြီး စီးပွားဖြစ်ထွန်း အောင်မြင်မှုများရရှိနေကြောင်းနိုင်ငံတကာတွင် သွားရောက် တင်ပြခဲ့မှုများ ရှိခဲ့ပါသည်။[၁၀၉]

၂၀၁၈ ခုနှစ် ဒေသတွင်း နှစ်စဉ်ပြုလုပ်လေ့ရှိသည့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ရှန်ဂရီလာ ဆွေးနွေးပွဲတွင် ရခိုင်ပြည်မှ ၂၀၁၆-၂၀၁၇ ခုနှစ်များ အကြား မွတ်ဆလင်များဟူ၍ ရည်ညွှန်းခဲ့သော ရိုဟင်ဂျာ (၈) သိန်းကျော် ထွက်ခွာသွားမှုနှင့် ပတ်သက်၍ အဆိုပါဖြစ်ရပ်သည် ထိုသူတို့ အကြမ်းဖက်မှုကြောင့်သာ ဖြစ်ရခြင်းဖြစ်ပြီး နိုင်ငံတကာမှနေ၍ သေချာစိစစ်ခြင်း မရှိဘဲ ဖိအားပေးမှုများသည် အပြုသဘောမဆောင်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။[၁၁၀] သူ၏ပြောဆိုမှု အသုံးအနှုန်းပုံစံများသည် တပ်မတော်ခေါင်းဆောင်များထက် ပို၍ သံတမန်ဆန်သည်ကို တွေ့ရပါသည်။ တပ်မတော်၏ စွပ်စွဲခံရမှုများအပေါ် ပြောကြားရာတွင် နှစ်ဖက်စွန်းလွတ်အောင် ကြိုးစား ပြောဆိုခဲ့ပြီး ARSA အပေါ်စွပ်စွဲ ပြစ်တင်မှုများနှင့် မွတ်ဆလင် မဟုတ်သော တခြားဘာသာဝင်များလည်း အလားတူ ခံစားခဲ့ရမှုများကို ဖော်ပြသွားပါသည်။ ဦးသောင်းထွန်းအား ဝန်ကြီးဌာန အသစ်ဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးအဖြစ် ဦးဆောင်စေခြင်းသည် နိုင်ငံတကာတွင်စီးပွားရေး ချိတ်ဆက်မှုများ တည်ဆောက်နိုင်ရန်နှင့် နိုင်ငံတကာဆက်ဆံရေး ကျဆင်းမှုများကို တုံ့ပြန်နိုင်ရန် ဖြစ်ပါသည်။

အမှန်တကယ်တွင် ဦးသောင်းထွန်း၏ အခန်းကဏ္ဍသည် ဖော်ပြပါအချက်များထက် ပို၍ ကျယ်ပြန့်ပါသည်။ အမျိုးသားလုံခြုံရေး အကြံပေး ခန့်အပ်ခံရပြီးမကြာမီမှာ ပေကျင်းသို့ သွားရောက်ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့ပါသည်။ ထို့နောက် ယူနန်ပြည်နယ်သို့ သွားရောက်ကာ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အခြားကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။[၁၁၁] သူသည် ပထမအကြိမ် ဘင်္ဂလားပင်လယ်အော်ဒေသတွင်းကဏ္ဍစုံ နည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်၏လုံခြုံရေးအကြီးအကဲ (Security Chiefs Meeting of the Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation) နှစ်ပတ်လည် အစည်းအဝေးကိုလည်း အခြားနိုင်ငံခုနစ်နိုင်ငံမှ အဆင့်မြင့်အရာရှိများနှင့် အတူတက်ရောက်ခဲ့ပါသည်။[၁၁၂] ၂၀၁၈ ခုနှစ်၊ မေလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကို ဆင့်ခေါ်ကာ နှစ်နိုင်ငံအကြားနယ်စပ်အနီး ကတုတ်ကျင်းများ တည်ဆောက်နေမှုကိုကန့်ကွက်ခဲ့ပါသည်။[၁၁၃] ထိုအရာကို ကြည့်ခြင်းဖြင့် သူသည် စုံစမ်းထောက်လှမ်းမှု သတင်းများ ရရှိနိုင်ပြီး ထိုသို့ရရှိမှုသည် သူ၏ကိုယ်ပိုင်ချိတ်ဆက်မှု ကွန်ရက်အတွင်းမှလား သို့မဟုတ် တပ်မတော်၊ သို့မဟုတ်

ရဲတပ်ဖွဲ့များမှ တစ်ဆင့်လား ဆိုသည်ကိုမူ သိရှိရခြင်း မရှိပေ။

အမျိုးသားလုံခြုံရေးအကြံပေးအခန်းကဏ္ဍသည်အရပ်သားအစိုးရ ဦးဆောင်မှုဖြင့် အစိုးရ၏ လုံခြုံရေးမူဝါဒများ ရေးဆွဲခြင်းနှင့် ပိုမိုခိုင်မာအား ကောင်းလာစေရန် ဆောင်ကျဉ်းပေး နိုင်မည်လား သို့မဟုတ် အကန့်အသတ်အတွင်းမှသာ နိုင်ငံရေးနှင့်စီးပွားရေးတို့၏ မျှော်မှန်းချက်များကို ဆောင်ရွက်ပေးနေမည်လား ဆိုသည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရှိရပေ။

## လုံခြုံရေး၊ တရားစီရင်ရေးနှင့် ကာကွယ်ရေး မူဝါဒများ ချမှတ်ခြင်း

ဦးစားပေးမူဝါဒ အစီအစဉ်များကို ရှင်းရှင်းလင်းလင်းသတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ခြင်းသည် အစိုးရ လုပ်ငန်းဆောင်တာ အားလုံးနှင့် ခေါင်းဆောင်မှုအတွက် အလွန်အရေးကြီးသောအရာ ဖြစ်ပါသည်။ အထူးသဖြင့် ရေးဆွဲထားသည့် မူဝါဒများကိုလက်ခံဆောင်ရွက်ရန် တာဝန်ရှိသော ဝန်ကြီးဌာနများသည် ဌာနခွဲများ၊ ဆောင်ရွက် အကောင်အထည်ဖော်ကြမည့် ဝန်ထမ်းများ သို့မဟုတ် ယင်းတို့၏ ချဉ်းကပ်မှုများနှင့် တိုးတက်မှုများကို ပုံမှန်စောင့်ကြည့်လေ့လာနိုင်မှုများအတွက် အထောက်အကူ ပြုနိုင်ပါသည်။ မူဝါဒလုပ်ငန်းစဉ်များကြောင့် ဥပဒေသစ်များ ဖြစ်လာလျှင် ရည်မှန်းချက်နှင့် ချဉ်းကပ်မှု နည်းလမ်းများရောက်ရှိရန် အစိုးရဌာနများကို ခိုင်မာစွာ စည်းနှောင်ထားနိုင်ပါသည်။ မူဝါဒရေးဆွဲခြင်းကိုသက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် ဝန်ကြီးဥက္ကဋ္ဌတာဝန်ယူထားသော ကော်မတီအားဖြင့် ဦးဆောင်အကောင်အထည်ဖော် ရပါသည်။ ဆိုလိုသည်မှာ အဆိုပါလုပ်ငန်းစဉ်သည် ဝန်ကြီးများကို တခြားဝန်ကြီး ဌာနများနှင့်ပူးပေါင်း ဆောင်ရွက်နိုင်သည့် အာဏာကိုပေးအပ်ထားပါသည်။

NLD ဦးဆောင်အစိုးရ၏ ပြည်တွင်း လုံခြုံရေးနှင့် တရားစီရင်ရေးတို့တွင် မူဝါဒတိုးတက်မှုတချို့ကိုမြင်တွေ့ရသော်လည်း တပ်မတော် ထိန်းသိမ်းထားသည့်နယ်ပယ်များတွင် ကိုင်တွယ်ဆောင်ရွက်ရန် ရှောင်နေဆဲ ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရတွင် အရပ်ဘက်မှ တပ်မတော်လက်အောက်ရှိ ဝန်ကြီးဌာနများ လိုက်နာဆောင်ရွက်ရမည့် မူဝါဒများ သို့မဟုတ်ဥပဒေများ ရေးဆွဲခြင်းကို ဖွဲ့စည်းပုံအရ ကန့်သတ်ထားခြင်း မရှိသည့် အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဇယား (၁) တွင် ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ ထိုဇယားအောက်ရှိအာဏာများအတွက် အရပ်ဘက်နှင့် စစ်ဘက်အာဏာဟူ၍ တိကျစွာခွဲဝေထားခြင်းမရှိသည်ကို တွေ့ရပါသည်။ တပ်မတော် ဦးဆောင်သည့် ဝန်ကြီးဌာနများအနေဖြင့် ထိုမူဝါဒများကိုမည်မျှအထိ လိုက်နာမည်နှင့် ထိုမူဝါဒများသည်ကဏ္ဍအလိုက်အပေါ် လက်တွေ့အရှိတရားကို မည်မျှ အခြေခံထားမည် စသည်တို့သည် အဆိုပါဝန်ကြီးဌာနများ၏ သဘောတူညီမှုနှင့် ပူးပေါင်းပါဝင်လုပ်ဆောင်မှုအပေါ် မူတည်ပါသည်။ သို့သော် ဖော်ပြပါမူဝါဒဆိုင်ရာ လုပ်ဆောင်မှုများအတွက် လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဆက်စပ်လာမည်ဆိုလျှင် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀ (ခ) ကို ရည်ညွှန်းကာ တုံ့ပြန်လာနိုင်ပါသည်။ ထိုပုဒ်မသည် အစိုးရက မူဝါဒ သို့မဟုတ် ဥပဒေအသစ် ပြဋ္ဌာန်းချက်များကို တပ်မတော်မှ အဟန့်အတားပြုလုပ်ရန် ဖြစ်ပါသည်။

လက်ရှိတွင် တပ်မတော်သည် လူထုများအတွက်ပါ အသုံးပြုနိုင်သည့် ကာကွယ်ရေးနှင့် လုံခြုံရေးမူဝါဒများ ထွက်ရှိရန်အတွက် စနစ်တစ်ခုထူထောင်ထားခြင်း မရှိသည်ကိုတွေ့ရပါသည်။ မြန်မာနိုင်ငံတွင် တခြားနိုင်ငံများကဲ့သို့အသုံးပြုလေ့ရှိသည့်အမျိုးသားလုံခြုံရေး နည်းဗျူဟာများ သို့မဟုတ် ပြန်လည်သုံးသပ်ခြင်းများလည်း မရှိသည်ကို တွေ့ရပါသည်။ တပ်မတော်၏ အယူဝါဒသည် ပြည်တွင်း၌သာ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ကာကွယ်ရေးတက္ကသိုလ်သည် အရာရှိများကို ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ မူဝါဒများနှင့် နည်းဗျူဟာများကို သင်ကြားပေးရန် အဓိကနေရာ ဖြစ်ပါသည် (အခန်း ၅ တွင်ဆက်လက်လေ့လာနိုင်ပါသည်)။ တပ်မတော် သတင်းမှန် ပြန်ကြားရေးအဖွဲ့သည် နိုင်ငံတကာ ဝေဖန်မှုများကို တုံ့ပြန်နိုင်ရန် မီဒီယာများနှင့် တွေ့ဆုံကာ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်လေ့ရှိလာပါသည်။ ၂၀၁၅ ခုနှစ် ရက်စွဲတပ်ထားသည့် တပ်မတော်၏ စက္ကူဖြူစာတမ်းကို၂၀၁၆ ခုနှစ်တွင် နိုင်ငံခြား သံရုံးများစွာကို

ဖြန့်ဝေခဲ့ပါသည်။ သို့သော် ထိုစာတမ်းသည် တစ်ကြိမ်သာထုတ်ဝေခဲ့ပြီး ထိုစာတမ်းကို ထိုကဲ့သို့ ထုတ်ဝေနိုင်ရန် ခွင့်ပြုချက် သေချာမရရှိခဲ့သည်ကို ရည်ညွှန်းပြောဆိုမှုများ ရှိခဲ့ပါသည်။

NLD ဦးဆောင်အစိုးရသည် အလွန်အကဲဆတ်သည့် ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာအရေးတွင် အစဦး၌ ခေါင်းဆောင်မှု တချို့ရရှိရန် ဆောင်ရွက်ချက်တစ်ခုမှာ ကိုဖီအာနန် ဦးဆောင်သည့် နိုင်ငံတကာမှပါဝင်မှုရှိသော ကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ ပုံရိပ်သည် အစိုးရကိုလည်း အကူညီပေးနိုင်သည် ဟူ၍ မျှော်လင့်ခဲ့ပါသည်။ သို့သော် ကော်မရှင်မှ အစီရင်ခံစာ မထုတ်ပြန်မီ တစ်ရက်အလို ပဋိပက္ခဖြစ်ပွားရာ ဒေသ၌ ဆယ်စုနှစ်များအတွင်း အကြီးမားဆုံး အကြမ်းဖက်မှု ဖြစ်ပွားခဲ့ပါသည်။ အဆိုပါ အကြမ်းဖက်မှု၏ နောက်ဆက်တွဲ တုံ့ပြန်မှုများကြောင့် ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်မှုများလည်း တွေ့ကြုံခဲ့ရပါသည်။[၂၁၄] ထိုအဖြစ်အပျက်သည် အရပ်သားအစိုးရနှင့် တပ်မတော်တို့ကို နီးကပ်စေခဲ့ပြီး နိုင်ငံတကာ အမြင်များနှင့် တင်းမာမှုများ ဖြစ်လာခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည် လက်မှတ်ရေးထိုးထားသော "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း" တွင် "ဗဟိုအစိုးရ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် ငြိမ်းချမ်းပြီး သာယာဝပြောသည့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တစ်ခုဖြစ်လာရန်ဖော်ဆောင်ရာတွင် ဤစီမံကိန်း (MSDP) ကဘက်စုံပူးပေါင်းဆောင်ရွက်မှု မူဘောင်တစ်ခုအဖြစ်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်" ဟူ၍ ဖော်ပြထားပါသည်။[၂၁၅]

ထိုအစီအစဉ်တွင် "ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု" ကိုအဓိက ပထမဦးဆုံး မဏ္ဍိုင်သုံးရပ်အနေဖြင့်ထည့်သွင်းထားပါသည်။ နိုင်ငံရေးအရ ဖြေရှင်းရန်အချက်များနှင့် ပဋိပက္ခကို ဖြစ်ပွားစေသည့် ညီမျှမှုမရှိသော တည်ဆောက်မှုကို ထည့်သွင်းဖော်ပြထားပါသည်။[၂၁၆] ဤမဏ္ဍိုင်အောက်ရှိ နည်းဗျူဟာငါးခုအနက်တစ်ခုမှာ "တရားမျှတမှု၊ လူတစ်ဦးချင်းစီ၏ အခွင့်အရေးများနှင့် တရားဥပဒေစိုးမိုးမှု ပိုမိုရှိစေရေး" ဟူ၍ ဖြစ်ပါသည်။ ထိုမဟာဗျူဟာခွဲအောက်တွင် "တရားစီရင်ရေးကဏ္ဍတွင် ဘက်စုံပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ ချမှတ်ရန်" နှင့် "လုံခြုံရေးကဏ္ဍတွင် လိုအပ်သလို ပံ့ပိုးပေးခြင်းဖြင့် ယင်း၏ မူလဖြစ်သည့်ပြည်သူများကိုထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ရန်နှင့် ရပ်ရွာများ ငြိမ်းချမ်းရေး၊ ဘေးကင်းလုံခြုံစေရေး ဆောင်ရွက်ရန်၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ဥပဒေဆိုင်ရာ အခွင့်အရေးများနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်း" တို့ ပါရှိပါသည်။

သို့သော်လည်း အဆိုပြုစာတမ်းတွင် အရပ်သားအစိုးရအနေဖြင့် တပ်မတော်ဦးဆောင်သည့် ဝန်ကြီးဌာန သုံးခုအတွက် ဆောင်ရွက်မည့်အစီအစဉ်များထည့်သွင်းရန် အခက်အခဲကြုံတွေ့ရမှု ရှိသည့် အပြင်တပ်မတော် ကိစ္စရပ်များနှင့် ယင်းတို့ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေး သို့မဟုတ် လူသားလုံခြုံရေးအပေါ် သက်ရောက်မှုတို့ကိုပင် ထည့်သွင်းရန် ခက်ခဲမှု ရှိနေကြောင်း ထင်ဟပ်နေပါသည်။ ထို့ကြောင့် ဝန်ကြီးဌာန (၁၉) ခုအတွက် ဆောင်ရွက်ရန်လုပ်ငန်းများပါဝင်သော်လည်း ကာကွယ်ရေး ဝန်ကြီးဌာနကိုမူထည့်သွင်းထားခြင်း မရှိသည်ကို တွေ့ရပါသည်။ နည်းဗျူဟာတွင် ပါဝင်မှုအရ လုံခြုံရေးကဏ္ဍကို ပြုပြင်ပြောင်းလဲရေး သို့မဟုတ် တိုးတက်ကောင်းမွန်လာစေရန်ဆိုသည်ထက် "အထောက်အကူပြုခြင်း" ကိုသာရည်ညွှန်း ထည့်သွင်းထားပါသည်။ နိဒါန်းပိုင်းတွင်အလေးပေး ဖော်ပြချက်ဖြစ်သည့် "လုံခြုံရေးနှင့် တည်ငြိမ်မှုရရှိရန် နိုင်ငံတော်၏ စွမ်းဆောင်ရည်ကို အားကောင်းစေခြင်း" သည်ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး အောင်မြင်ရန်အတွက် မဖြစ်မနေရှိရမည့်အခြေအနေတစ်ခုအဖြစ် ဦးစားပေးအဆင့်အဖြစ် ထည့်သွင်းဖော်ပြ ထားပါသည်။ ပဋိပက္ခထိခိုက်ခံစားရသောဒေသများအတွက် လုံခြုံရေးနှင့် တရားစီရင်ရေးနှင့် ပတ်သက်၍ "ပဋိပက္ခထိခိုက် ခံစားရသော ဒေသများအတွင်း "အခွင့်အရေး အခြေပြုပုံစံဖြင့်" ထိရောက်စွာဖွံ့ဖြိုးတိုးတက်ရေးကိုအားထုတ်ဆောင်ရွက်နိုင်ရန် တရားဥပဒေ စိုးမိုးမှုရရှိရန်" အချက်ကိုသာရည်ညွှန်း ဖော်ပြထားပါသည်။ ထိုအချက်သည် နိုင်ငံတော်အနေဖြင့် ပဋိပက္ခဖြစ်ပွားရာ ဒေသတွင်း စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုသာ ဦးစားပေး လုပ်ဆောင်ရန်ဖြစ်ပြီး အရေးတကြီး လိုအပ်သည့် အမျိုးသမီး၊

ကလေးနှင့်ပြည်သူလူထုကို ကာကွယ် စောင့်ရှောက်ခြင်းအတွက် တရားဥပဒေစိုးမိုးမှုကို လျစ်လျူရှုသကဲ့သို့ဖြစ်နေပါသည်။[၁၁၇]

NLD ဦးဆောင်အစိုးရသည် ဦးသိန်းစိန် လက်ထက် ဆောင်ရွက်ခဲ့သော အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်မှု လျှော့ချရေးမူဝါဒ၊ အမျိုးသားပြစ်မှုကာကွယ်ရေး နည်းဗျူဟာနှင့် တရားရေး နည်းဗျူဟာများကို ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။ ပထမအစီအစဉ် နှစ်ခုသည် ပြည်ထဲရေးဝန်ကြီးဌာနမှ ကြီးကြပ်ဆောင်ရွက်ပြီး ရှားပါးသည့် ဌာနအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းသည့် ဥပမာကောင်းတစ်ခု ဖြစ်ခဲ့ပါသည်။ ယင်းနှင့် ဆက်စပ်သော တချို့အချက်များကို အခန်း (၄) တွင် ဆွေးနွေးထားပါသည်။

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်

၂၀၁၁ခုနှစ်တွင်သမ္မတဦးသိန်းစိန်ကမြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းထူထောင်ပေးခဲ့ပါသည်။ အဆိုပါကော်မရှင်မျိုးသည် မြန်မာနိုင်ငံသမိုင်းတွင် ပထမဦးဆုံး ဖြစ်လာပါသည်။ ထိုကော်မရှင်သည် သမ္မတ၏ ပထမဦးဆုံး မိန့်ခွန်းပြောကြားပြီး လအနည်းငယ်တွင် ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ထိုမိန့်ခွန်းသည် တိုင်းပြည်တွင်းလူ့အခွင့်အရေးဆိုင်ရာ လုပ်ဆောင်မှု လိုအပ်ချက်ကို အစိုးရခေါင်းဆောင်တစ်ဦး အနေဖြင့် ပထမဆုံးအကြိမ် ထည့်သွင်း ပြောကြားခဲ့ခြင်းလည်း ဖြစ်ပါသည်။ နှစ်အနည်းငယ်အကြာ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေပေါ်ထွက်လာပါသည်။[၁၁၈] ထိုအရာသည် အုပ်ချုပ်ရေးပိုင်းက စတင်ဆောင်ရွက်ခဲ့မှုကို ဥပဒေပြုရေးအပိုင်းကပါနောက်ထပ်ပါဝင် ဖော်ဆောင်လာခြင်းကို ဖော်ပြနေခြင်းပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်တွင် ဝန်ကြီးများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားပြု နှစ်ဦးပါဝင်ပါသည်။ အရပ်ဘက်နှင့် စစ်ဘက်အရာရှိဟောင်းများ ရောနှော၍ ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။[၁၁၉]

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စစ်ဆေးခြင်း၊ ဥပဒေများ ပြန်လည်သုံးသပ်ခြင်း၊ အကျဉ်းထောင်များကို စစ်ဆေးခြင်းနှင့် မေးခွန်းများ မေးမြန်းနိုင်ရန်အတွက် ဝန်ကြီးဌာနများကို ဆင့်ခေါ်ခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ပါသည်။ ထိုဆောင်ရွက်ချက်များကို အခြေခံ၍ အစီရင်ခံစာ ရေးသားခြင်းနှင့် အကြံပြုချက်များ ရေးသားခြင်းတို့ ပြုလုပ်ကာအုပ်ချုပ်ရေးအပိုင်းကို တင်ပြမှု ပြုလုပ်သည်သာမက လွှတ်တော်၏ နှစ်ဝက်ကြားနာမှုများတွင်လည်းတင်ပြကြရပါသည်။ ထိုသို့ဆောင်ရွက်နိုင်ခြင်းသည်အရပ်ဘက် ကြီးကြပ်နိုင်မှုကို အဆင့်တစ်ခု အထိရောက်ရှိ လာသည်ဟု ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုလုပ်ဆောင်ချက်များတွင် တပ်မတော်ဦးဆောင် ဝန်ကြီးဌာနဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ရဲတပ်ဖွဲ့နှင့် အကျဉ်းထောင်များကိုထည့်သွင်းစစ်ဆေးလုပ်ဆောင်ခွင့်ရှိနေသောကြောင့်ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အစိုးရ၊ ရဲတပ်ဖွဲ့နှင့် တပ်မတော်သားများကို လူ့အခွင့်အရေးနှင့် ပတ်သက်သည့်သင်တန်းများလည်း ပေးနိုင်ခဲ့ကာတက်ရောက်သူများလည်း လူ့အခွင့်အရေး အယူအဆအမြင်များကိုပထမဆုံး ကြားသိ ဆွေးနွေးခွင့်များ ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် လုပ်ဆောင်ချက်များအတွင်းမှ မှတ်သားစရာကိစ္စတစ်ခုမှာတပ်မတော်သားစစ်ဗိုလ်၏ဥပဒေပြင်ပမှ သတ်ဖြတ်ခြင်းခံရသူတစ်ဦး၏ ဇနီးကို အဆိုပါသတ်ဖြတ်ခံရခြင်း အမှုကိစ္စတွင် ကူညီဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုအမှုကိစ္စကို အရပ်ဘက်တရားရုံးသို့ ရွှေ့ပြောင်းနိုင်ရန် ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၉ ခုနှစ်၊ မေလတွင် အရပ်ဘက် တရားရုံးမှ အဆိုပါ ပြစ်မှုကျူးလွန်သူကို ထောင်ဒဏ်ဆယ်နှစ် ချမှတ်ခဲ့ပါသည်။[၁၂၀]

သို့သော်လည်း မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သို့ ဖြေရှင်းနိုင်ရန် တင်ပြလာသော အမှုကိစ္စများ အနည်းငယ်သာ ရှိပါသည်။ အထူးသဖြင့် တပ်မတော်ပါဝင်သည့် ကိစ္စများမှာ ပိုမိုနည်းပါးလေ့ရှိသည်။ ကော်မရှင်အနေဖြင့်လည်း သူ၏ အကြံပြုချက်များကို သက်ရောက်စေရန်

ဆောင်ရွက်နိုင်သည့် အခွင့်အာဏာများ မရှိပေ။ ထိုအချက်သည် တပ်မတော်၏ ဆောင်ရွက်ချက်များကိုတိုက်ရိုက် စစ်ဆေးနိုင်ရန်အတွက် အခွင့်အရေးအလွန်နည်းပါးသည်ကို ဖော်ပြနေခြင်းလည်း ဖြစ်ပြီး အကျဉ်းထောင်များကို သွားရောက် စစ်ဆေးရန်အတွက်ပင် ကြိုတင်အကြောင်းကြားထားရပါသည်။[၃၂၀] ကော်မရှင်တွင် ပါဝင်သော ဝန်ကြီးများသည် လွတ်လပ်စွာ ဆောင်ရွက်နိုင်မှု နည်းပါးသည်ကို တွေ့ရသည့်အပြင် တရားရုံးအမှုစစ်ဆေးမှုများတွင်လည်း ပါဝင်နိုင်ကြခြင်း မရှိသည်ကို တွေ့ရပါသည်။ ထိုသို့အားမကောင်းရသည့် အကြောင်းရင်းများမှာ ပါရီအခြေခံမူ (Paris Principles) ၏အားနည်းချက်ကြောင့်နှင့်ကုလသမဂ္ဂ၏လူ့အခွင့်အရေးကော်မရှင်နာ (UN High Commissioner of Human Rights) ရုံးတို့၏ အဆင့် သတ်မှတ်ချက်အရ "B" အဆင့်နှင့် ချိတ်ဆက်ဆောင်ရွက်မှုတို့ကြောင့်ဖြစ်နိုင်ပါသည်။[၃၂၁] သိသာထင်ရှားသည့် ဖြစ်ရပ်တစ်ခုမှာ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ARSA အဖွဲ့၏ လုပ်ဆောင်ချက်များကို စစ်ဆေးရန်သာ တင်ပြခဲ့ပြီးပြည်တွင်းရှိလူ့အခွင့်အရေး အဖွဲ့အစည်း (၂၄) ဖွဲ့မှ ဘက်လိုက်မှု မရှိဘဲ ဆောင်ရွက်ပေးရန် တောင်းဆိုနေသည့်ကြားမှ လုံခြုံရေးတပ်ဖွဲ့များ၏ ဆောင်ရွက်ချက်များကိုပင် ထည့်သွင်းခဲ့ခြင်း[၃၂၃] မရှိသည်ကို တွေ့မြင်ရပါသည်။[၃၂၄]

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကပေးသော သင်တန်းများသည် အောက်ခြေဝန်ထမ်းများကိုသာ ဦးတည်လေ့ရှိပြီး သီအိုရီကိုသာအခြေခံပါသည်။ ထို့ကြောင့် လက်တွေ့ဆောင်ရွက်နိုင်မှု၊ လုပ်ငန်းစဉ်များ တိုးတက်မှုနှင့် စည်းမျဉ်းသစ်များ သက်ရောက်အောင် ဆောင်ရွက်နိုင်မှုတို့တွင်အားနည်းချက်များ ရှိနေပါသည်။[၃၂၅] ကော်မရှင်၏ ဆောင်ရွက်မှုများကို ကောင်းမွန်စွာသိနားလည်သောအင်တာဗျူး ဖြေဆိုသူတစ်ဦးက ကော်မရှင်၏ သင်တန်းများနှင့် သတင်းပို့သည့် နည်းလမ်းများနှင့် ပတ်သက်၍ သူကဆိုသည်မှာ "အကူအညီ ဖြစ်နိုင်ပါတယ် ဒါပေမဲ့ အလွန်နှေးပါတယ်။[၃၂၆] မိမိတို့မှာ နှေးကွေးနေသည့် ဖြစ်စဉ်အတွက် အချိန် မရှိတော့ပါ" ဟု ဖြေဆိုထားပါသည်။ ထို့ကြောင့်လည်း နိုင်ငံတွင်းတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက် များပြားနေခြင်း ဖြစ်ပါသည်။ သို့သော်လည်းလွှတ်တော်ကိုယ်စားလှယ်များနှင့် အရပ်ဘက်အဖွဲ့အစည်းများကအဆိုပါကော်မရှင်သည်တဖြည်းဖြည်းတိုးတက်မှုရှိနေပြီး ပို၍လည်း လွတ်လပ်သည့် အဖွဲ့အစည်း ဖြစ်လာကြောင်း ပြောဆိုကြပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက် ရေးအသင်း (AAPP) နှင့် ပူးပေါင်းလုပ်ဆောင်ရာတွင် အရေးကြီးသည့်အခန်းကဏ္ဍက ပါဝင်လာပါသည်။ AAPP သည် တပ်မတော် အစိုးရလက်ထက်တွင် နိုင်ငံပြည်ပတွင် အခြေစိုက်ကာ လှုပ်ရှားခဲ့ပါသည် (အခန်း ၄.၃ တွင်လေ့လာနိုင်ပါသည်)။ မြန်မာနိုင်ငံအမျိုးသား လူ့ အ ခွ င့် အ ရေး ကော်မရှင်သည် အကဲဆတ်သည့် ပြဿနာကိစ္စရပ်များနှင့် ပတ်သက်၍အရပ်ဘက် အဖွဲ့အစည်းများနှင့် တွေ့ဆုံ ဆွေးနွေး ညှိ နှို င်း မှု များ လု ပ် ဆောင်ခြင်း၊ ယင်းတို့ထံမှ အကြံပြုမှုများ ရယူခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်းတို့ကို တခြား အစိုးရဌာနများနှင့် နှိုင်းယှဉ်ပါကပိုမို ပြုလုပ်လေ့ရှိပါသည်။[၃၂၇]အရပ်ဘက်အဖွဲ့အစည်းများနှင့် လုပ်ရှားသူများက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အပေါ်ပြုပြင်ပြောင်းလဲရေးအတွက် ဆက်လက်ဖိအားပေးမှုများသည် လုံခြုံရေး ပြဿနာကိစ္စများတွင် အရပ်ဘက်က ပိုမိုစောင့်ကြည့်နိုင်မှုနှင့် လူထု ပိုမိုပါဝင်နိုင်မှုအတွက် အရေးပါသော နေရာကို ဖန်တီးပေးနိုင်ပါသည်။

> **"မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စစ်ဆေး ခြင်း၊ ဥပဒေများ ပြန်လည်သုံးသပ်ခြင်း၊ အကျဉ်းထောင် များကို စစ်ဆေးခြင်းနှင့် မေးခွန်းများ မေးမြန်းနိုင်ရန် အတွက် ဝန်ကြီးဌာနများကို ဆင့်ခေါ်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ပါသည်။"**

### အစိုးရကော်မတီများ

ကော်မတီများသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဓလေ့တွင် အဓိက အခန်းကဏ္ဍ

မှာရှိနေပါသည်။ ကော်မတီများကို ဝန်ကြီးဌာနအချင်းချင်းပူးပေါင်းလုပ်ဆောင်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှသော်လည်းကောင်း NLD ဦးဆောင်သော အစိုးရမှသော်လည်းကောင်း ပုံစံမျိုးစုံဖြင့် ဖွဲ့စည်းတည်ထောင်လေ့ ရှိပါသည်။ အများအားဖြင့် ကော်မတီများကို အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဦးဆောင်ပြီး အဖွဲ့ဝင်များတွင် ဝန်ကြီးဌာနအများအပြားမှ ကိုယ်စားလှယ်များ ပါဝင်ကြပါသည်။ တစ်ခါတစ်ရံ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များလည်း ပါဝင်သည်ကို တွေ့ရပါသည်။ ကော်မတီများကို အထူးသဖြင့် မူဝါဒများရေးဆွဲခြင်း သို့မဟုတ် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက်ဖွဲ့စည်းလေ့ရှိပါသည်။သို့သော်ပုံမှန်ပူးပေါင်းဆောင်ရွက်မှုများအတွက်လည်း အသုံးပြုပါသည်။

ကော်မတီကို ဦးဆောင်သည့် ဝန်ကြီးသည် ကော်မတီမှာ ပါဝင်သော တခြားကိုယ်စားလှယ်များထက်ပိုမြင့်သည့် အနေအထား ရှိပါသည်။ သို့သော်လည်းဝန်ကြီးဌာနများအား ဆုံးဖြတ်ချက်အသစ်များဖြင့်အကောင်အထည်ဖော်ရန် ညွှန်ကြားခြင်းကိုမူ ပြုလုပ်၍ မရသည်ကို တွေ့ရပါသည်။ ယခုအချိန်ထိ တောင်းဆိုရန်ရှိသည့် ကိစ္စရပ်များကို နိုင်ငံတော်အတိုင်ပင်ခံရုံး သို့မဟုတ် သမ္မတရုံးသို့ တင်ပြပြီးမှသာဆောင်ရွက် ရပါသည်။ အထူးသဖြင့် ရှုပ်ထွေးသည့်ကိစ္စရပ်များ၊ အရင်းအမြစ်များ လိုအပ်မှုများသည့်ကိစ္စရပ်များ သို့မဟုတ် နိုင်ငံရေးအရ အကဲဆတ်သည့်ကိစ္စရပ်များအတွက် အထက်ကိုအဆိုပြုရပါသည်။[၃၂၉]

လုံခြုံရေး ဆက်စပ်ပြဿနာများ ကိုင်တွယ်ဆောင်ရွက်နေသည့်ကော်မတီများ ရှိပါသည်။သိသာသည့်ကော်မတီနှစ်ခုမှာလူသားလုံခြုံရေးနှင့်လူ့အခွင့်အရေးပြဿနာများကိုအလေးပေးဆောင်ရွက်သည့် "အမျိုးသားအဆင့် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်မှုကော်မတီ" နှင့် "လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး လုပ်ငန်းကော်မတီ" တို့ဖြစ်ကြပါသည်။ ထိုကော်မတီနှစ်ခုလုံးသည် အရပ်ဘက်အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂ အဖွဲ့များ၏ ဖိအားပေး တောင်းဆိုမှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

အထက်ပါ ကော်မတီနှစ်ခုလုံးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပါသည်။ သူသည်အမျိုးသားအဆင့် အမျိုးသမီးရေးရာ ကော်မတီကိုလည်း တာဝန်ယူထားပါသည်။ ဒေါက်တာဝင်းမြတ်အေးသည် အရပ်သားစစ်စစ်ဖြစ်ပြီး ယခင်အစိုးရအဖွဲ့များတွင် တာဝန်ထမ်းဆောင်ခဲ့ခြင်း မရှိပေ။ အရပ်သားစစ်စစ်မှ လုံခြုံရေးဆိုင်ရာ ပြဿနာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရသည့် ပထမဆုံးဝန်ကြီး ဖြစ်ပါသည်။ သို့သော် သူသည် အမျိုးသမီးအခွင့်အရေးကို အဓိကထားလုပ်ဆောင်နေကြောင်းပြောဆိုနေသော်လည်းကျား-မရေးရာကို ကျွမ်းကျင်သူတစ်ဦး[၃၃၀] မဟုတ်သောကြောင့် အမျိုးသမီးအဖွဲ့အစည်းများနှင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များထံမှ တက်လာသည့် ကိစ္စရပ်များကိုနားလည်မှု အားနည်းပါသည်။[၃၃၁]

ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်ပြဿနာနှင့် ယင်းနှင့် ဆက်စပ်လုံခြုံရေး ပြဿနာများကို ဆောင်ရွက်သော ကော်မတီများကိုလည်း ကြီးကြပ်ရပါသည်။ ယေဘုယျအားဖြင့် အဆိုပါကော်မတီများသည် တပ်မတော်မှ တိုက်ရိုက်ပါဝင်မှုမျိုး မရှိသည့်အတွက် အရပ်သားအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများဖြစ်ပြီး ယင်းတို့၏ တာဝန်များဖြစ်သည့် လူမှုရေးကိစ္စရပ်များနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဖြစ်ပါသည်။ သို့သော်လည်း ထိုကော်မတီများသည် ရိုဟင်ဂျာများ ပြန်လည်ဝင်ရောက်လာရေးနှင့် ပတ်သက်၍ ဝေဖန်ခံရမှုများရှိနေပြီး[၃၃၂] ယင်းတို့လုပ်ဆောင်မှုများနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ရရှိရန် ခက်ခဲပါသည်။

## လုံခြုံရေးကဏ္ဍအပေါ် လွှတ်တော်၏ ကြီးကြပ်မှု

ဒီမိုကရေစီနည်းကျ လုံခြုံရေးကဏ္ဍဖြစ်ထွန်းလာနိုင်မှုသည် လွှတ်တော်မှ တက်ကြွစွာ ထိတွေ့ပါဝင်မှုအပေါ် မူတည်ပါသည်။ ရွေးကောက်ခံ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော ဥပဒေပြုမှုသည် ဒီမိုကရေစီတိုင်း၏ ဗဟိုချက်မပင် ဖြစ်ပါသည်။ တိုင်း

ပြည်တစ်ဝန်းမှ မဲဆန္ဒနယ်များ၏ ကိုယ်စားပြု ပါဝင်နေပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် တိုက်ရိုက် ရွေးကောက်ခံများ ဖြစ်ကြပြီး ဥပဒေများ ပေါ်ထွက်လာရန် တာဝန်ရှိကြပါသည်။ ထွက်လာသည့်ဥပဒေများကို အုပ်ချုပ်ရေးပိုင်းက သက်ရောက်မှုရှိအောင် (နှင့်လေးစားမှုရှိအောင်) အကောင်အထည်ဖော်ဆောင်ရွက်ကြရပြီး တရားစီရင်ရေးက အနက်ဖွင့်ဆိုပေး ရပါသည်။ လွှတ်တော်သည် အစိုးရဆောင်ရွက်နေသည့် လုပ်ငန်းစဉ်ကြီးတစ်ခုလုံးကို စောင့်ကြည့်ခြင်းနှင့် စစ်ဆေးခြင်းများကို ဘတ်ဂျက်များခွင့်ပြုချက် မပေးမီနှင့် အစိုးရဌာနများကို မေးခွန်းများ မေးမြန်းခြင်းတို့ကို ဆောင်ရွက်ရပါသည်။[၂၂၂]

## လုံခြုံရေးပြဿနာကိစ္စရပ်များအပေါ် ဆွေးနွေးခြင်းနှင့် မေးခွန်းမေးမြန်းခြင်း

လွှတ်တော် အခန်းကဏ္ဍ၏ အဓိက သွင်ပြင်လက္ခဏာမှာ အစိုးရမူဝါဒများနှင့် ကျင့်သုံးဆောင်ရွက်နေမှုများကို ပွင့်ပွင့်လင်းလင်း ငြင်းခုံခြင်းနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများကို လိုအပ်သည့်အချိန်တွင်မေးခွန်းများ မေးမြန်းခြင်းတို့ဖြစ်ပါသည်။ လုံခြုံရေးနှင့်ဆိုင်သော အာဏာပိုင်များ အပါအဝင် အစိုးရလုပ်ဆောင်ချက် အားလုံးကို ထိန်းကျောင်းစောင့်ကြည့်ခြင်းကို ပြုလုပ်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် ဆယ်စုနှစ်ပေါင်းများစွာလုံခြုံရေးကဏ္ဍဆုံးဖြတ်ချက်များကို တစ်ဦးတစ်ယောက် သို့မဟုတ် လူနည်းစုမှသာဆောင်ရွက်ခဲ့ပါသည်။ ကျယ်ကျယ်ပြန့်ပြန့် စိစစ်သုံးသပ်မှုလည်း မပြုလုပ်ခဲ့ပေ။ လုံခြုံရေးပြဿနာကိစ္စရပ်များ ဆွေးနွေးရန်အတွက် ပါတီ၏ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် လွှတ်တော်ဥက္ကဋ္ဌများအား ဖြင့်အကန့်အသတ်များ ကျန်ရှိနေသေးသော်လည်း အစိုးရဆောင်ရွက်ချက်များကိုမူရွေးကောက်ခံအရပ်သားကိုယ်စားလှယ်များက စိစစ်ဆွေးနွေးနေပြီကို တွေ့မြင်ရမည် ဖြစ်သည်။ လွှတ်တော်တွင်း ဆွေးနွေးချက်များကို မီဒီယာမှတစ်ဆင့် ပြည်သူတို့ သိရှိခွင့်ရရှိနေပါသည်။ ထို့ကြောင့် လုံခြုံရေးအဖွဲ့များ၏ ဆောင်ရွက်နေသည့် အရာများကို ပြည်သူလူထုက ကောင်းမွန်စွာ သိရှိနိုင်ရန် အားပေးဆောင်ရွက်သင့်ပါသည်။

လွှတ်တော် ကိုယ်စားလှယ်များသည် ဥပဒေကြမ်း (ဥပဒေရေးဆွဲခြင်း) တင်ခြင်း၊ အဆိုတင်သွင်းခြင်း (လွှတ်တော်မှ ရှေ့ဆက်မည်သို့ ဆောင်ရွက်သွားမည်ကိုဆွေးနွေးဆုံးဖြတ်ခြင်း) နှင့်မေးခွန်းမေးမြန်းခြင်း (သက်ဆိုင်ရာဝန်ကြီးဌာနများ သို့မဟုတ် တခြားအစိုးရအဖွဲ့အစည်းများ၊ ယင်းတို့၏ ဆောင်ရွက်ချက်များ သို့မဟုတ် မူဝါဒများ) စသည့်အခွင့်အရေးများ ရှိပါသည်။ လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် လွှတ်တော်တွင် တိုက်ရိုက် သက်ဆိုင်ရာဝန်ကြီးဌာနများကို မေးခွန်းများမေးနိုင်ရန် ရွေးချယ်ပေးခြင်း (ကြယ်ပွင့်ပြမေးခွန်း) နှင့် ကြယ်ပွင့်ပြမေးခွန်း မဟုတ်လျှင် ဝန်ကြီးဌာနမှ လွှတ်တော်ကိုယ်စားလှယ်ထံသို့ အဖြေများကို စာဖြင့် ပေးပို့ရပါသည်။ လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် လုံခြုံရေးကိစ္စရပ်များကို မေးမြန်းလိုပါက ပထမဆုံး ကျော်ဖြတ်ရမည့် အခက်အခဲမှာ ပါတီ၏ ခွင့်ပြုချက် ဖြစ်ပါသည်။ NLD ပါတီတွင်းတွင် လွှတ်တော်ကိုယ်စားလှယ်အနေဖြင့်ဥပဒေကြမ်းတင်ခြင်း၊ အဆိုတင်သွင်းခြင်းနှင့် မေးခွန်းမေးမြန်းခြင်းတို့ ပြုလုပ်လိုပါက ပါတီ၏ ရှစ်ဦးကော်မတီထံသို့ တင်ပြရပါသည်။[၂၂၄] ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ကော်မတီ သို့မဟုတ် အတိုင်ပင်ခံပုဂ္ဂိုလ်အထိပင် တင်ပြရပါသည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်သည် ခွင့်ပြုချက်ရသည်အထိ စောင့်ဆိုင်းရပြီး ခွင့်ပြုချက်ရလျှင် လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့ရပါသည်။[၂၂၅]

နောက်ထပ် စိန်ခေါ်ချက် တစ်ခုမှာ လွှတ်တော်ဥက္ကဋ္ဌဖြစ်ပါသည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့ပြီးနောက် လွှတ်တော်ဥက္ကဋ္ဌသည် ထပ်မံ၍ စဉ်းစားဆုံးဖြတ်ခြင်းကို ပြုလုပ်ပါသည်။ အနည်းဆုံး (၁၀) ရက်ခန့် စောင့်ဆိုင်းရန် ဖြစ်ပါသော်လည်း တချို့ကိစ္စရပ်များဆိုလျှင် လွှတ်တော်နောက်တစ်ကြိမ်ခေါ်ယူချိန်အထိ ကြာမြင့်သည့်အတွက် လနှင့်ချီ၍ပင် စောင့်ဆိုင်းရပါသည်။ လက်ရှိ ပြည်ထောင်စုလွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ယခင် ဤရာထူးကို ထမ်းဆောင်သူများကဲ့သို့ တင်းကျပ်သူ ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် သူတို့တင်ပြထားသည့် အဆိုပြုမှုများကို အကြံပြုချက် သို့မဟုတ် ပြင်ဆင်ရန်ဆိုသည့် မှတ်ချက်များဖြင့် ပြန်လည်လက်ခံရလေ့ရှိပါသည်။ ထို့ကြောင့် လွှတ်တော်တွင် တင်ပြရန်

လက်ခံခြင်း မပြုမီ အကြိမ်ကြိမ်ပြင်ဆင်တည်းဖြတ်ရခြင်းများ ကြုံတွေ့ရတတ်ပါသည်။ တစ်ခါတစ်ရံတွင် အဆိုပြုချက်များကို လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် သူနှင့် အနီး၌ ရှိနေသော ဩဇာလွှမ်းမိုးနိုင်သည့် အစိုးရဝန်ထမ်းက အကြောင်းအမျိုးမျိုးပြ၍ ငြင်းပယ်ခြင်းခံရမှုများလည်း ရှိပါသည်။

လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက "လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသည့် အဆိုပြုမှုများထဲတွင် လုံခြုံရေး စကားလုံးပါလျှင် ဖယ်ရှားခံရတတ်ပြီး ခြွင်းချက်အနေဖြင့် ဩဇာရှိသော နိုင်ငံရေးသမား သို့မဟုတ်တပ်မတော်သားကိုယ်စားလှယ်များတင်ပြသည့်အဆိုပြုမှုများတွင်မူ (ဥပမာအားဖြင့် နှစ်ဖက်လုံးမှ ခေါင်းဆောင်များ ပါဝင်နေလျှင်) ခွင့်ပြုမှုရှိကြောင်း" ရှင်းပြပါသည်။ ထိုကိုယ်စားလှယ်၏ အဆိုတစ်ခုတွင် "လူသားလုံခြုံရေး" ဆိုသည့် စကားလုံးပါရှိသည့်အတွက် ငြင်းပယ်ခြင်း ခံခဲ့ရကြောင်း ပြောပြပါသည်။ လွှတ်တော်ဥက္ကဋ္ဌသည် "လုံခြုံရေးကိစ္စသည်အစိုးရတာဝန်ဖြစ်ပြီး လွှတ်တော်၏ ထိန်းကျောင်းစောင့်ကြည့်မှု အခွင့်အာဏာအတွင်း မရှိကြောင်း" ပြောဆိုလေ့ရှိပါသည်။[၃၃၆] အဆိုပြုမှုများကိုပိတ်ပင်ရန်အတွက်ဆိုလျှင် လွှတ်တော်ဥက္ကဋ္ဌသည် လွှတ်တော်နည်းဥပဒေနှင့် မကိုက်ညီဆိုသည့် အကြောင်းပြချက်ဖြင့်ပယ်ချလေ့ရှိပါသည်။ သို့သော် လွှတ်တော်ဥက္ကဋ္ဌသည် သူမကြိုက်နှစ်သက်သည့် အဆိုများဖြစ်ပါက အကြိမ်ကြိမ်ပြင်ဆင်ရန် တောင်းဆိုလေ့ရှိပြီး လွယ်လွယ်ကူကူ ခွင့်ပြုလေ့မရှိသည့်အပြင် နောက်အကြိမ် လွှတ်တော်ခေါ်ယူချိန်အထိ ရောက်ရှိသွားတတ်ပြီး ဆွေးနွေးရန် စားပွဲဝိုင်းပေါ် ရောက်လာရန်မလွယ်ကူပေ။

လွှတ်တော် ကိုယ်စားလှယ်များသည် တပ်မတော်နှင့်ဆိုင်သော ဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ (ယေဘုယျအားဖြင့် တာဝန်ရှိသည့် ဝန်ကြီးဌာန) ကို တိုက်ရိုက်မေးခွန်းမေးမြန်းနိုင်ပါသည်။ ဝန်ကြီးဌာနများမှ မေးခွန်းများအားစာဖြင့်သော်လည်းကောင်း အများအားဖြင့် ဝန်းကြီးဌာန၏ဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးတို့မှ လွှတ်တော်တွင်လာရောက် ဖြေဆိုမှုများ ရှိပါသည်။ ရှုပ်ထွေးသည့်ကိစ္စရပ်များနှင့် အရေးကြီးသည့်ကိစ္စရပ်များအတွက် မူလွှတ်တော်ကိုယ်စားလှယ် အနေဖြင့် ဆက်လက်၍ မရှင်းသည်များကို စောင့်ကြည့်၍ မေးခွန်းများမေးမြန်းနိုင်ပါသည်။ လိုအပ်သည့် သတင်းအချက်အလက်နှင့်အဖြေများရရှိရန် တက်ကြွစွာဖြင့် အဆက်မပြတ်မေးခွန်းများ မေးမြန်းသွားနိုင်မှုသည် လွှတ်တော်ကိုယ်စားလှယ်၏ မရှိမဖြစ် စွမ်းဆောင်နိုင်ရမည့် အရာဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက တပ်မတော်နှင့် ဆက်စပ်သည့် မေးခွန်းများ ဖြစ်ပါက နိုင်ငံရေးအရ အန္တရာယ်ရှိသည်ဟူ၍ မြင်တတ်ကြကြောင်းရှင်းပြပါသည်။ ထိုမေးခွန်းများအတွက် ရှင်းလင်းရာတွင်လည်း အဓိကအချက်များကို ရှင်းပြမည့် အစားယင်းတို့၏ အောင်မြင်မှုများကို ပြောဆိုခြင်း သို့မဟုတ် ဖိအားပေးခြင်းများကို လုပ်ဆောင်လေ့ရှိပါသည်။ ထို့ပြင် ကိုယ်စားလှယ်များသည် အခက်အခဲရှိလာနိုင်သည့် မေးခွန်းများနှင့် အဆိုများကို ရှောင်ရှားလေ့ရှိပါသည်။ အကြောင်းမှာ စောင့်ကြည့်ခြင်း၊ စုံစမ်းထောက်လှမ်းမှုများ ရှိနေခြင်းနှင့် တိုင်းပြည်၏သမိုင်းအခြေအနေများကြောင့် ဖြစ်ပါသည်။

၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် NLD လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် ကာကွယ်ရေးဒုတိယဝန်ကြီးကို "တပ်မတော်သည် ပြည်ထောင်စုအစိုးရ (အမိန့်ပေးမှု) အောက်တွင် ရှိသလားနှင့် ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခများသည် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြားဖြစ်ပွားခြင်းလား" ဆိုသည့်မေးခွန်းကို မေးမြန်းရန် ကြိုးပမ်းခဲ့ပါသည်။ သူသည် ဖြစ်ပွားနေသည့်ပဋိပက္ခများမှာ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားလားသို့မဟုတ် ပြည်ထောင်စုအစိုးရပါ တိုက်ရိုက်ပါဝင် ပတ်သက်နေသည်လားဆိုသည့် အချက်ကို ရှင်းရှင်းလင်းလင်း ဖြစ်ရန်ရည်ရွယ်၍ မေးမြန်းလိုခြင်း ဖြစ်ပါသည်။ နောက်ပိုင်း သူသည် သတင်းသမားတစ်ဦးကို "လူထုအမြင်တွင် အဆိုပါကိစ္စနှင့် ပတ်သက်၍ တပ်မတော်နှင့် အစိုးရအကြား အမြင်ကွဲလွဲမှုရှိနေ၍" ဖြစ်ကြောင်းပြောဆိုခဲ့ပါသည်။ လွှတ်တော်ဥက္ကဋ္ဌသည် အထက်ပါမေးခွန်းကို လွှတ်တော်တွင် မေးမြန်းရန် ခွင့်ပြုခဲ့ခြင်း မရှိဘဲ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ စာဖြင့်သာဖြေဆိုရန် ညွှန်ကြားခဲ့ပါသည်။[၃၃၇] ဤကိစ္စသည်ပါတီမှ ကမကထပြုခြင်းဖြင့် ထွက်ပေါ်လာ

ခြင်းမဟုတ်ဘဲ တစ်သီးပုဂ္ဂလ အနေဖြင့်ဆောင်ရွက်မှုမျိုးဖြစ်ပါသည်။ တခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ အဆိုပါမေးခွန်းမျိုး အလွန်နည်းပါးခြင်းသည်“တပ်မတော်၏ပြောဆိုလေ့ရှိသောတပ်မတော်သည်အရပ်သား ထိန်းချုပ်မှုအောက်တွင် ရှိကြောင်းနှင့်အဆိုပါ မေးခွန်းမျိုးသည် NLD မှ တပ်မတော်၏ဆောင်ရွက်မှုများကို အပြစ်တင်ပုံချသည့် အမြင်မျိုးလူထုအကြား ရောက်ရှိသွားရန် အထောက်အကူဖြစ်သွားစေနိုင်သည်ကို အရပ်သားလွှတ်တော်ကိုယ်စားလှယ်များ ကောင်းစွာသဘောပေါက် နားလည်သောကြောင့် ဖြစ်ကြောင်း” သူ့အမြင်ကို ရှင်းပြပါသည်။

တပ်မတော် ပါဝင်ပတ်သက်မှု ရှိသည့်မြေယာပြဿနာများ သို့မဟုတ် လူသားချင်းစာနာမှု ကိစ္စရပ်များ ဆွေးနွေးနိုင်ရန် အတွက်ကိုမူ ခွင့်ပြုလေ့ရှိတတ်ပြီး တပ်မတော်၏ စစ်ဆင်ရေးများနှင့် လူ့အခွင့်အရေးချိုးဖောက်မှု ကိစ္စရပ်များကိုမူ ကန့်သတ်မှုများရှိပါသည်။ တိုင်းရင်းသားနိုင်ငံရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပြောကြားခြင်းအရ အစောပိုင်းလွှတ်တော် အစည်းအဝေးများတွင် အဆိုပါ မေးခွန်းများ ပုံမှန်ပို၍ မေးမြန်းမှုများ ရှိခဲ့သော်လည်း ထိုအချိန်က လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့် (ယခုသမ္မတ) မှပယ်ချလေ့ ရှိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ် အများစုသည်အဆိုပါ မေးခွန်းမျိုး မေးမြန်းမှုကိုရပ်တန့်သွားခဲ့ကြောင်း” ပြောပြပါသည်။ လုံခြုံရေးကိစ္စရပ်များအပိုင်းနှင့် ပတ်သက်လျှင် ကော်မတီအစည်းအဝေးများတွင် ပိုမို၍ ပွင့်လင်းစွာ ဆွေးနွေးကြပါသည်။ အထူးသဖြင့် ကော်မတီ၏ အဓိကထားဆောင်ရွက်မှုတွင် လုံခြုံရေးပိုင်နှင့် နိုင်ငံတော် လုံခြုံရေးဆိုင်ရာ မေးခွန်းပါဝင်နေလျှင် ဖြစ်သည်။

## လုံခြုံရေးကိစ္စရပ်များကို ဥပဒေပြုခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား -၁ တွင် “ပြည်ထောင်စု ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ” ခေါင်းစဉ်ကို ထည့်သွင်းထားပြီး ပြည်ထောင်စု လွှတ်တော်အား ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွက် ဥပဒေရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်းတို့ကို လုပ်ဆောင်နိုင်သည့် အခွင့်အာဏာ ပေးအပ်ထားပါသည်။ လုပ်ဆောင်နိုင်သည့် နယ်ပယ်များမှာ ပြည်ထောင်စုကာကွယ်ရေး၊ ကာကွယ်ရေး စက်ရုံများ၊ လက်နက်များ၊ စစ်ကြေညာခြင်း၊ ဥပဒေစိုးမိုးတည်ငြိမ်ရေးနှင့် ရဲလုပ်ငန်းများ စသည်တို့ဖြစ်ပါသည်။ လွှတ်တော်တွင် NLD ကိုယ်စားလှယ်အများစု လွှမ်းမိုးနေသည့်အတွက် ဥပဒေ ပေါ်ထွက်လာရန်အတွက် တစ်ဖက်သတ် အခွင့်အာဏာကို ပိုင်ဆိုင်ထားနိုင်ပါသည်။ သို့သော် ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၀ (ခ) အရ တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စ အားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင် ခွင့်ရှိသည်ကိုသတိပြုရမည် ဖြစ်သည်။

ပုဒ်မ ၂၀ (ခ) အရ ရဲတပ်ဖွဲ့အပါအဝင် လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဆက်စပ်သော ကိစ္စရပ်များကိုဥပဒေပြုလျှင် တပ်မတော်သဘောမတူပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီကြောင်း ငြင်းဆိုမှုပြုနိုင်ပါသည်။ လက်ရှိအုပ်ချုပ်ရေးအပိုင်းမှ ရရှိထားသည့်အာဏာသည် ဥပဒေပြုထားမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ကြသော်လည်း[၁၁၈] ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွက် ဥပဒေပြုထားမှုအများစုကို အစိုးရနှင့် တပ်မတော်အကြား ကြိုတင်ညှိနှိုင်းဆောင်ရွက်မှု မရှိလျှင် ဆောင်ရွက်နိုင်ရန် မလွယ်သည်ကို တွေ့မြင်ရပါသည်။

လက်နက်ကိုင် တပ်ဖွဲ့များ၏ အခွင့်အရေးများနှင့် တာဝန်များကို အဓိကသက်ရောက်သော ဥပဒေများကို ၂၀၁၀ ခုနှစ်မှစ၍ ကိုင်တွယ်ရန် ကျန်ရှိနေဆဲ ဖြစ်သည်ကို တွေ့ရပါသည်။ ယင်းတို့ထဲတွင် ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေ၊ ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေ (၂၀၁၀ ပြည့်နှစ်တွင် ပြင်ဆင်မှုရှိ)၊ ၁၉၆၀ ပြည့်နှစ် ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများ၊ ၁၉၉၅ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေ၊[၁၁၉] ၂၀၁၀ ပြည့်နှစ် တပ်မတော်အက်ဥပဒေ၊ ၂၀၁၀ ပြည့်နှစ် အရန်တပ်ဖွဲ့ ဥပဒေ၊ ၂၀၁၀ ပြည့်နှစ် နိုင်ငံတော်ကာကွယ်ရေး အဆောက်အအုံနှင့် လုပ်ငန်းများဥပဒေ၊ ပြည်ထောင်စုဥပဒေနှင့် ၂၀၁၀ ပြည့်နှစ် ကာကွယ်ရေးဌာန ပို့ဆောင်ဆက်သွယ်ရေးဥပဒေ စသည်တို့ ပါဝင်ပါသည်။

သို့သော်လည်း လုံခြုံရေးနှင့် တရားစီရင်ရေးကိုအကျိုးသက်ရောက်မှုရှိသော ဥပဒေပြုမှုများ များစွာရှိခဲ့ပါသည်။ အထူးသဖြင့် ပြစ်မှုဆိုင်ရာများနှင့် အရပ်ဘက် လူထုလုံခြုံစိတ်ချရမှုများအတွက် ဖြစ်ပါသည်။ အခန်း (၄) တွင် ဆွေးနွေးထားပါသည်။

## လုံခြုံရေးဘတ်ဂျက်များ စိစစ်ခြင်း

ဘတ်ဂျက်စိစစ်ခြင်း လုပ်ငန်းစဉ်အတွက် လွှတ်တော် ကိုယ်စားလှယ်များပါဝင်သည့် အဖွဲ့ (၂၀) ဝန်းကျင်ကို ဖွဲ့စည်းပါသည်။ တစ်ဖွဲ့လျှင် (၁၅) ဦး ပါဝင်ပါသည်။ ဝန်ကြီးဌာန တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောဝန်ကြီးဌာနများ၏ ဘတ်ဂျက်များကို ယင်းတို့၏အကြောင်းအရာအပေါ်မူတည်၍ စိစစ်ဆေးစိစစ်ပေးရပါသည် (အဖွဲ့ (၂) သည် ကာကွယ်ရေးဘတ်ဂျက်ကိုကြီးကြပ်ပေးရပါသည်)။[240] ထို့နောက် ဝန်ကြီးဌာနအတွက် စိစစ်သုံးသပ်ခြင်းနှင့် လိုအပ်သည့်မေးခွန်းများကို သက်ဆိုင်ရာလွှတ်တော်အလိုက်ဖွဲ့စည်းထားသည့် ပြည်သူ့ငွေစာရင်းကော်မတီသို့ တင်ပြရပါသည်။ ပြီးလျှင် လွှတ်တော်နှစ်ရပ် ပေါင်းစည်းထားသည့်ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသို့ပေးပို့ရပါသည်။ ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီသည် သုံးသပ်မှုများလုပ်၍ ဝန်ကြီးဌာနများကို မှတ်ချက်ပေးခြင်းများပြုလုပ်ပြီးလိုအပ်သည့်ပြောင်းလဲလိုမှုများကို ဆောင်ရွက်စေပါသည်။[241]

> “ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား -၁ တွင် “ပြည်ထောင်စု ကာကွယ်ရေးနှင့် လုံခြုံရေး ကဏ္ဍ” ခေါင်းစဉ်ကို ထည့်သွင်းထားပြီး ပြည်ထောင်စု လွှတ်တော်အား ကာကွယ်ရေး နှင့် လုံခြုံရေးကိစ္စရပ်များ အတွက် ဥပဒေရေးဆွဲခြင်း နှင့် ပြင်ဆင်ခြင်းတို့ကို လုပ်ဆောင်နိုင်သည့် အခွင့်အာဏာ ပေးအပ်ထားပါသည်။”

ကာကွယ်ရေး ဝန်ကြီးဌာနနှင့် တခြားတပ်မတော်ဦးဆောင်သောဝန်ကြီးဌာနများသည်မေးခွန်းများမေးမြန်းခြင်းနှင့် ဘတ်ဂျက်ခွဲဝေခြင်း တချို့ကို နှုတ်ဖြင့် သို့မဟုတ် တရားဝင် မဟုတ်သော စာရွက်စာတမ်းဖြင့် ဆောင်ရွက်ပေးခြင်းတို့အတွက် ယေဘုယျအားဖြင့် လိုလားမှုရှိကြောင်းကို ပြသလေ့ရှိပါသည်။ ထိုအသုံးစရိတ်များမှာ စက်ရုံအသုံးစရိတ်များနှင့် တိုက်ခိုက်ရေးတပ်သားများ မပါဝင်သော စစ်ဆင်ရေးများကဲ့သို့ ကိစ္စရပ်များတွင် ဖြစ်ပါသည်။ သို့သော် ကြီးမားသည့် နိုင်ငံတကာစက်ရုံ များမှ ဝယ်ယူမှုများ၊ အကဲဆတ်သည့် အကြောင်းအရာများအတွက် ပိုမို၍စာတမ်း အထောက်အထားများပေးရန် ဝန်လေးတတ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တပ်မတော်၏ ဝယ်ယူမှုများကို တပ်မတော်ထံမှ တိုက်ရိုက်ကြားသိရခြင်းထက် သတင်းမီဒီယာများမှ သို့မဟုတ် မြန်မာ့တပ်မတော်ကို ရောင်းချလိုက်သည့် နိုင်ငံခြားအစိုးရများ၏ ဖော်ပြချက်များမှသာကြားသိရမှုများ အကြိမ်ကြိမ်ရှိနေပြီ ဖြစ်သည်။

တစ်ဖက်မှာ ကာကွယ်ရေး ဘတ်ဂျက် ဖြစ်စဉ်သည် ပိုမို၍ စစ်ဆေးနိုင်သော စံနှုန်းများနှင့် လုပ်ငန်းစဉ်ကို တည်ထောင်နိုင်ရန် အနေအထားရှိနေသော်လည်း လွှတ်တော်မှ တွန်းလှန်ခြင်း သို့မဟုတ် ဝေဖန်အကြံပြုမှုများ အနည်းငယ်သာ ရှိပါသည်။ သတင်းအရင်းအမြစ်များမှမူ ထိုသို့ဖြစ်ရခြင်းမှာ လွှတ်တော်မှ ဆောင်ရွက်လိုမှု ဆန္ဒအားနည်းပြီး လုပ်ဆောင်နိုင်စွမ်းရည်နည်းကြောင်း ထောက်ပြကြပါသည်။ ၂၀၁၈-၂၀၁၉ ခုနှစ် ဘတ်ဂျက်တွင် NLD အစိုးရသည် ဘတ်ဂျက်များအားလုံးကို တတ်နိုင်သမျှဖြတ်နိုင်သည့်အရာများကို ဖြတ်တောက်ခဲ့ပါသည်။ ကာကွယ်ရေးဝန်ကြီးဌာနအတွက် ၁.၁၂ ရာခိုင်နှုန်းသာ (ငွေလုံးငွေရင်းစာရင်း၏ ၁.၇ ဘီလီယံကျပ်မှ) အစွန်းကုန် ဖြတ်တောက်နိုင်ပါသည်။ ထိုဘတ်ဂျက် ဖြတ်တောက်ခဲ့မှုမှာ တပ်မတော်သားများအတွက် ထုတ်လုပ်ပေးသော မုန့်စက်ရုံများနှင့် ဘောလုံးစက်ရုံ အသုံးစရိတ်များမှ ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက “မိမိတို့သည် ထိုဝန်ကြီးဌာနကို ဘတ်ဂျက်အား တတ်နိုင်သမျှဖြတ်တောက်လို့ ရနိုင်သည့် နေရာများကိုဖြတ်တောက်ရန်ပြောဆိုခဲ့သော်လည်း ယခုရလဒ်သည် ယင်းတို့အနေဖြင့် အတတ်နိုင်ဆုံး လုပ်ခဲ့သည့်အရာဖြစ်ကြောင်း ဝန်ကြီးဌာန၏ ကိုယ်စားလှယ်များက ပျော့ပျောင်းသောလေသံဖြင့် နှိမ့်နှိမ့်ချချ ပြောဆိုလာသည့်အတွက် သဘောတူညီပေးခဲ့ရကြောင်း” ပြောပြပါသည်။[242] အားလုံးခြုံငုံကြည့်ပါက လွှတ်တော်ကိုယ်စားလှယ်များအကြားတွင် ဘတ်ဂျက်စစ်ဆေးခြင်းကို ပိုမိုဆောင်

ရှက်ရန် အနည်းငယ်သာ စိတ်ဝင်စားမှု ရှိကြပါသည်။ ယင်းတို့သည် ပါတီ၏ ပိုကျယ်ပြန့်သော နည်းဗျူဟာ ဖြင့်သာ လုပ်ဆောင်ရန် လိုလားကြသည့် ဟန်ရှိပါ သည်။

တပ်မတော်သည် ၂၀၁၀ ပြည့်နှစ်ရွေးကောက် ပွဲမတိုင်မီ တပ်မတော်အစိုးရလက်ထက်တွင် ပေါ် ထွက်လာသည့် ဥပဒေအရ "အထူးရန်ပုံငွေ" ကို တောင်းခံနိုင်သည့် အခွင့်အရေးလည်း ရှိပါသည်။ ထိုရန်ပုံငွေသည် ပုံမှန်တောင်းခံနိုင်ခွင့် ရှိပါသည်။ သို့သော် လွှတ်တော်အမတ်တစ်ဦး၏ အင်တာဗျူး ဖြေဆိုမှုအရ ယင်းရန်ပုံငွေကို သဘာဝဘေးအန္တရာယ် ခံစားရသည့် အချိန်များတွင် တပ်မတော်မှ တုံ့ပြန် ဆောင်ရွက်ပေးရန် လိုအပ်မှသာ တောင်းခံကြောင်း သိရပါသည်။

## ကာကွယ်ရေး နှင့် လုံခြုံရေး ကော်မတီများ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုအဆင့်လွှတ်တော်နှစ်ရပ်၏လွှတ်တော် တစ်ရပ်စီတွင် ကာကွယ်ရေးနှင့် လုံခြုံရေး ကော်မတီ ကိုဖွဲ့စည်းခွင့်ရှိပါသည်။ ကာကွယ်ရေးနှင့် လုံခြုံရေး ကိစ္စရပ်များ သို့မဟုတ် တပ်မတော်ကိစ္စရပ်များကို လေ့လာနိုင်ရန်နှင့် ပြန်လည်တင်ပြနိုင်ရန် ဖြစ်ပါ သည်။ ထိုကော်မတီများတွင် တပ်မတော်သား ကိုယ် စားလှယ်များ ပါဝင်ရပါမည့်အပြင် တခြားလွှတ်တော် ကိုယ်စားလှယ်များလည်း ပါဝင်ခွင့်ရှိပါသည်။[၃၇၃] လွှတ် တော်တစ်ရပ်စီသည် ကော်မတီဖွဲ့စည်း ရေးအတွက် လွှတ်လပ်စွာဖြင့် ကော်မတီတွင်ပါဝင်မည့် ကိုယ်စား လှယ်အရေအတွက်၊ တာဝန်များ၊ လုပ်ပိုင်ခွင့် အာဏာ များ၊ အခွင့်အရေးများနှင့် ထမ်းဆောင်ရမည့်ကာလ တို့ကိုဆုံးဖြတ် သတ်မှတ်နိုင်ပါသည်။[၃၇၄]

ယနေ့ထိ အဆိုပါ ကော်မတီကို လွှတ်တော် နှစ်ရပ်လုံးတွင် ဖွဲ့စည်းခြင်း မရှိသေးသည်ကို တွေ့ရပါ သည်။ ယေဘုယျအားဖြင့် ကော်မတီဖွဲ့စည်းခြင်း နှင့်ရွေးချယ်ခြင်းကို လွှတ်တော်ဥက္ကဋ္ဌ အသီးသီးက ထိန်းချုပ်ထားပါသည်။ လွှတ်တော် ကိုယ်စားလှယ် များသည် ကော်မတီရွေးချယ်ခြင်းတွင် တိုက်ရိုက် ပါဝင်ခွင့် မရှိသည့်အပြင် ကော်မတီများ ရွေးချယ်ရန် နှင့်ပြောင်းရွှေ့မှုများအတွက်လည်း သတိပေးခံရပါ သည်။ ဆူဟာတိုအလွန် အင်ဒိုနီးရှားနိုင်ငံတွင် အဆိုပါ ကော်မတီများမည်သို့အရေးပါခဲ့ပုံနှင့်ယင်းတို့၏ကျွမ်း ကျင်မှုဖြင့် ပုံမှန်တဖြည်းဖြည်း တည်ဆောက်ကာ အချိန်ကြာလာသည်နှင့်အမျှ လွှမ်းမိုးရရှိ သွားနိုင်ခဲ့ပုံ တို့ကို Egreteau ကမီးမောင်းထိုးပြထားပါသည်။[၃၇၅]

ထိုကော်မတီမျိုးသည် အရပ်သားအစိုးရနှင့် တပ်မတော်အကြား ကာကွယ်ရေးနှင့် လုံခြုံရေး ကိစ္စ ရပ်များတွင် ယုံကြည်မှုတည်ဆောက်ခြင်းအတွက် အထောက်အကူ ပြုနိုင်ခြေရှိပါသည်။ ထိုကော်မတီ တွင်ကာကွယ်ရေးနှင့် လုံခြုံရေး ကိစ္စရပ်များဆွေး နွေးခြင်းဖြင့် အရပ်ဘက် နိုင်ငံရေးသမားများသည် ထိုကိစ္စများကို ပိုမိုလေ့လာ သင်ယူနိုင်ပါသည်။ ရွေး ကောက်ခံကိုယ်စားလှယ်များအနေဖြင့် ကာကွယ် ရေးနှင့် လုံခြုံရေးဆိုင်ရာ ဥပဒေပြုရန် အဦးဆုံး အဆင့်လည်း ဖြစ်လာနိုင်ပါသည်။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန် အဆိုပြုချက်များတွင် NLD ပါတီက အဆိုပါပြဋ္ဌာန်း ချက်ကိုပယ်ဖျက်ရန်အဆိုပြုထားပါသည်။ ရခိုင်အမျိုး သားပါတီနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ ချုပ်တို့က တပ်မတော်သားများ ပါဝင်မှုကို ဖယ်ရှားရန် အဆိုပြုကြပါသည်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်က ထိုကော်မတီတွင် အမျိုးသားလွှတ်တော် အမတ်များဖြင့်သာ ဖွဲ့စည်းရန် အကြံပြုထားပါသည်။[၃၇၆]

တရားစီရင်ရေးနှင့် လုံခြုံရေးအကြောင်းအရာ များနှင့် စပ်ဆက်၍ ကော်မတီများရှိကြပါသည်။ ထို ကော်မတီများတွင် တိုင်းရင်းသားနှင့် ငြိမ်းချမ်းရေး အရေးတို့ကို ဆောင်ရွက်သော ကော်မတီ၊ လူ့အခွင့် အရေး၊ အမျိုးသမီးအခွင့်အရေး၊ ကလေးသူငယ် အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးနှင့် တခြားကော် မတီများစသည်ဖြင့် တက်ကြွစွာ ဆောင်ရွက်နေသော ကော်မတီများစွာရှိပါသည်။[၃၇၇] ထိုကော်မတီများသည် ပုံမှန်လည်ပတ် ဆောင်ရွက်နေမှုများကို အထောက် အကူပြုရုံသာမက မတူညီသည့်အမြင်များနှင့် ကွဲပြား သည့်ဘက်နှစ်ဖက်အကြားချိတ်ဆက်မှုကိုလည်းပေး နိုင်ပါသည်။ ထို့အပြင်လွှတ်တော်သို့ အဆိုပြုမှုများ မတင်မီ ပိုမိုခိုင်မာသော အနေအထား သို့မဟုတ် အစီ အစဉ်များကိုလည်း ရရှိစေနိုင်ပါသည်။ ထိုဆောင် ရွက်ချက်များသည်ပို၍လုပ်ငန်းပိုင်းဆိုင်ရာအားကောင်း

မှုနှင့် ပိုမိုပါဝင်မှုရှိသော ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချခြင်းတွင် အပြုသဘောတည်ဆောက်မှုများကို ဖြစ်စေနိုင်ပါသည်။

## အရပ်သားက အာဏာအသစ်များ တောင်းဆိုလာခြင်း

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန - အရပ်သားအာဏာသိမ်းမှုလား။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်နေ့တွင် အစိုးရပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေ/အုပ်) ကိုတပ်မတော်ဦးဆောင်သောပြည်ထဲရေး ဝန်ကြီးဌာနအောက်မှ အရပ်သားဦးဆောင်သော အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအောက်သို့ပြောင်းရွှေ့မည့်အကြောင်း ကြေညာခဲ့ပါသည်။[၃၄၈] ထိုလုပ်ဆောင်ချက်သည် အစိုးရ၏ နေ့စဉ်ဆောင်ရွက်ချက်များအပေါ်တပ်မတော်၏ လွှမ်းမိုးမှုများကို လျှော့ချရန်အတွက်ကြီးမားသည့် ခြေလှမ်းတစ်ရပ် ဖြစ်ပါသည်။

ထွေ/အုပ်သည်အစိုးရအုပ်ချုပ်ရေး၏ ကျောရိုးအဖြစ် ခေါ်ဆိုကြပါသည်။ ယင်းသည် တရားစီရင်ရေးနှင့် လုံခြုံရေးကဏ္ဍများ၏ အစိတ်အပိုင်းများစွာကိုလည်းလွှမ်းမိုးထားပါသည်။[၃၄၉] ဦးနေဝင်းလက်ထက်မှစ၍ "အုပ်ချုပ်ရေး" အယူအဆသည် လုံခြုံရေးနှင့် တရားစီရင်ရေး ပြဋ္ဌာန်းချက်များနှင့် နီးကပ်စွာချိတ်ဆက်မှု ရှိခဲ့ပါသည်။ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့်တို့တွင် ထွေ/အုပ်သည် ဌာနအချင်းချင်းအကြား ညှိနှိုင်းဆောင်ရွက်ပေးသည့် အခန်းကဏ္ဍမှာရှိနေပြီး အစိုးရအဖွဲ့ အများအပြား၌ အတွင်းရေးမှူးနေရာကိုလည်း ယူထားပါသည်။[၃၅၀] ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စုနှင့် ရပ်ကွက်စသည့် အဆင့်များတို့တွင် အဓိကအုပ်ချုပ်ရေး နေရာကိုရယူထားပြီး အဆင့်တိုင်းတွင် အခြားဌာနများကို ဦးဆောင်နေပါသည်။ ထိုအဆင့်များ၌ အုပ်ချုပ်ရေးမှူးများသည် ကော်မတီများအားလုံးတွင် ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးနေရာများကို ရယူထားကြပါသည်။ အခွန်ကောက်ခံခြင်း၊ ခွင့်ပြုမိန့်များချပေးခြင်း၊ တခြားဌာနဝန်ထမ်းများကို အစည်းအဝေးခေါ်ဆိုခွင့် (ရဲတပ်ဖွဲ့ အပါအဝင်)၊ မြေယာအငြင်းပွားမှု ပြဿနာများ ဆုံးဖြတ်နိုင်ခြင်း၊ ခရီးသွားလာခွင့် ကန့်သတ်ခြင်း သို့မဟုတ် ခွင့်ပြုခြင်းနှင့် ဒေသတွင်းအရေးပေါ် ထုတ်ပြန်နိုင်ခြင်း စသည့် အခွင့်အာဏာများကို ရရှိထားပါသည်။

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ရည်မှန်းချက်လေးချက်တွင် ပထမနှစ်ချက်မှာ "တရားဥပဒေစိုးမိုးရေး" နှင့် "ရပ်ရွာအေးချမ်းတည်ငြိမ်ရေး" တို့ဖြစ်ပါသည်။[၃၅၁] တရားစီရင်ရေးနှင့် လုံခြုံရေးကိစ္စရပ်များအပေါ် ရှင်းလင်းစွာ အခွင့်အာဏာ ပေးထားခြင်းဖြစ်ပါသည်။ ထို့အတွက်ကြောင့် ကျေးရွာအုပ်စု၊ ရပ်ကွက်နှင့် ကျေးရွာတို့အတွက် တရားဝင်ပြဋ္ဌာန်းခြင်းမရှိသော်လည်း အရေးပါသော အခန်းကဏ္ဍများကိုရရှိထားသကဲ့သို့ ဖြစ်နေပါသည်။ ထိုအဆင့်များတွင်တရားစီရင်ရေး ကိစ္စရပ်များ အများစုသည် တရားရုံးသို့ သွားရောက်ခြင်းမရှိဘဲ အုပ်ချုပ်ရေးမှူးများသာတရားသူကြီးကဲ့သို့ ဖြေရှင်းပေးမှု၊ ညှိနှိုင်းမှုနှင့် လျော်ကြေးပေးဆောင်စေမှုများကို ပြုလုပ်လေ့ရှိပါသည်။ မြေယာအငြင်းပွားမှုကိစ္စများတွင် ထွေ/အုပ်သည်အထူးအာဏာရှိပြီး မြန်မာနိုင်ငံ ကျေးလက်ဒေသများရှိ အာဏာရှိပုဂ္ဂိုလ်များ သို့မဟုတ် ကုမ္ပဏီများကမြေယာသိမ်းယူမှုများ၌ ပါဝင်မှုရှိကြောင်း စွပ်စွဲခံရမှုများ ရှိပါသည်။[၃၅၂]

ထွေ/ အုပ်သည် နယ်တရားရုံးများအပေါ်လည်းသွယ်ဝိုက်၍ လွှမ်းမိုးမှုများ ရှိပါသည်။ စာရွက်ပေါ်ပြဋ္ဌာန်းချက်မှာ လွတ်လပ်သော တရားစီရင်ရေးဖြစ်ကြောင်း ဖော်ပြသော်လည်း ဆယ်စုနှစ်များစွာစစ်အုပ်ချုပ်ရေးကြောင့်ရရှိလာသည့် အထက်အောက်အမိန့်ပေးအုပ်ချုပ်မှုဓလေ့၏ ရလဒ်ဖြစ်ပါသည်။[၃၅၃] ခရိုင်နှင့်မြို့နယ်အဆင့်များတွင် ထွေ/ အုပ်သည် တရားသူကြီးများနှင့် ရဲအရာရှိများကို အစည်းအဝေးခေါ်နိုင်ခွင့်ရှိသောကြောင့် သူတို့အပေါ် သွယ်ဝိုက်၍ လွှမ်းမိုးမှုရှိနေပါသည်။ ထိုဌာနသည် ပြည်သူ့လုပ်ရှားမှုအဖြစ်အပျက်များနှင့်လူဦးရေစာရင်းများစသည့် လုံခြုံရေးနှင့် ဆိုင်သောသတင်း အချက်အလက်များကိုနေပြည်တော်သို့ ပို့ရန် ကောက်ယူလေ့ရှိပါသည်။[၃၅၄]

ထွေ/အုပ်၏ အထူးခြားဆုံး ကိုင်တွယ်ထားနိုင်မှုမှာ အရေးပေါ်ကြေညာနိုင်သည့် အာဏာဖြစ်ပါသည်။ ထိုအာဏာသည် တရားစီရင်ရေးကို ကျော်

ဖြတ်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ အခန်း (၁၄၄) အရတစ်ဖက်သတ် ညမထွက်ရ အမိန့်ထုတ်ပြန်ခြင်းနှင့်လူစုလူဝေး မပြုလုပ်ရန် ထုတ်ပြန်ကြေညာခြင်းများပြုလုပ်နိုင်ပါသည်။[၃၅၅] ထိုလုပ်ပိုင်နိုင်ခွင့်အာဏာကို အသုံးပြု၍ တပ်မတော်၏ရည်မှန်းချက်များကိုအထောက်အကူပြုပေးခြင်း၊ ညမထွက်ရ အမိန့်များထုတ်ပြန်ခြင်း (လက်ရှိရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ထုတ်ပြန်ထားသကဲ့သို့) နှင့် လူသားချင်းကူညီမှုဆိုင်ရာများနှင့်သတင်းမီဒီယာများကိုကန့်သတ်ပိတ်ပင်ခြင်းစသည်တို့ကို ပြုလုပ်လေ့ ရှိပါသည်။

အရပ်သားအစိုးရအတွက် ထွေ/အုပ်၏အာဏာများထိန်းချုပ်ထားနိုင်မှုအပေါ်မေးခွန်းထုတ်စရာဖြစ်လာသည်မှာ အဘယ်ကြောင့် တပ်မတော်ကထိုကဲ့သို့ ဖြစ်ရပ်ကို ခွင့်ပြုသလဲဆိုသည့်အချက်ပင်ဖြစ်ပါသည်။ ဤဖြစ်စဉ်၏ အစမှာ သမ္မတဦးသိန်းစိန်လက်ထက် ကာလအတွင်းမှာဖြစ်ပါသည်။ ထွေ/အုပ်အနာဂတ်အတွက် ရွေးချယ်စရာများ စဉ်းစားကြရာတွင်မြို့နယ်အုပ်ချုပ်ရေးမှူးများ ရွေးကောက်ပွဲဖန်တီးပေးနိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဥပဒေရေးဆွဲရန်လည်း ပါဝင်ပါသည်။ ဦးသိန်းစိန်က ထွေ/အုပ်ဌာနကို တခြားဝန်ကြီးဌာနအောက်သို့ ရွှေ့ပြောင်းရန်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကိုက်ညီမှုရှိ မရှိပြည်ထဲရေးဝန်ကြီးဌာနကို စစ်ဆေးမှုများ ပြုလုပ်စေခဲ့ပါသည်။ စိစစ်သုံးသပ်ခြင်း ပြုလုပ်ပြီးသည့်အခါမည်သည့်ပြဿနာမျှ ထူးထူးထွေထွေ မရှိကြောင်း ထွက်ပေါ်လာသော်လည်း ထိုအချိန်က ပြည်ထဲရေးဝန်ကြီးဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အဆိုပါပြောင်းရွှေ့မှုအစီအစဉ်ကို လက်ခံခြင်း မရှိသည့်အတွက်ဆက်လက် ဆောင်ရွက်ခြင်း မပြုခဲ့သည်ကိုတွေ့ရပါသည်။[၃၅၆]

NLD အာဏာရလာချိန်တွင် အဆိုပါ အင်စတီကျူးရှင်း ပြောင်းလဲမှုသည် တစ်ဖန်ပြန် အသက်ဝင်လာနိုင်ပြီး ရွှေ့ပြောင်းနိုင်ရန် ဖြစ်နိုင်ခြေရှိမှုကိုလည်းကောင်းမွန်စွာ နားလည်ခဲ့ကြပါသည်။ ထိုအပြောင်းရွှေ့အတွက် တပ်မတော်သည် မည်သည့်အချိန်တွင်အုပ်ချုပ်ရေးနှင့် နိုင်ငံရေးမှ ဖြေးဖြေးဆုတ်ခွာရန်လုံလောက်သည့် သက်သောင့်သက်သာဖြစ်မှုကို ရရှိခဲ့ပါသလဲဆိုသည်ကို မေးခွန်းထုတ်စရာ ဖြစ်စေခဲ့ပါသည်။ အဆိုပါအရွှေ့အပြောင်းသည် တပ်မတော်ဘက်မှ အန္တရာယ်အဖြစ် မြင်လာနိုင်သည်ဟူ၍အမြင်များရှိခဲ့သော်လည်း တပ်မတော်အနေဖြင့် တာဝန်ကြီးတချို့ လျော့ပေါ့သွားလိုသည့်ဟန်ရှိနေပြီး တပ်မတော်၏လုပ်ပိုင်ခွင့်အာဏာများ၊ အကျိုးစီးပွားများနှင့် ပိုင်ဆိုင်မှုများကိုလည်း တိုက်ရိုက်ထိခိုက်စရာ မရှိသည့်အတွက်ထူးထူးခြားခြား ကန့်ကွက်ခဲ့ခြင်း မရှိခဲ့သည်ကိုတွေ့ရပါသည်။ ထို့ပြင် လက်ရှိအစိုးရ ဆောင်ရွက်ချက်များ တိုးတက်မှု နှေးကွေးရခြင်းမှာ တပ်မတော်ထိန်းချုပ်ထားသည့် ထွေ/အုပ်ဌာနက ပိတ်ပင်ကန့်သတ်မှုများကြောင့် ဖြစ်သည်ဆိုသော စွပ်စွဲချက်ကိုရှောင်ရှားကာ တုံ့ပြန်လိုသည့် အတွက်ကြောင့်လည်းဖြစ်နိုင်ပါသည်။

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ထွေ/အုပ်ရွှေ့ပြောင်းမှုအတွက် အကြမ်းဖျင်း သဘောတူညီခဲ့ကြပြီး ထိုလမှာပင် တပ်မတော်လေတပ်ဗိုလ်မှူးကြီးဟောင်းသမ္မတရုံး ဒုတိယဝန်ကြီးဦးမင်းသူကို ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာနသို့ ဝန်ကြီးအဖြစ်ခန့်အပ်ခဲ့ပါသည်။[၃၅၇] ဌာနပြောင်းရွှေ့မှုကို၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ရုတ်တရက် ကြေညာမှုသည်ပြောင်းရွှေ့ရမည့်ရက် ကြိုတင်ဆွေးနွေး သတ်မှတ်ထားခြင်း မရှိသေးသောကြောင့် တပ်မတော်အတွက်ရုတ်တရက် အံ့အားသင့်မှု ဖြစ်စေခဲ့မည်ဖြစ်နိုင်သည်။ ထွေ/အုပ်ပြောင်းရွှေ့မှု ရုတ်တရက်ဆုံးဖြတ်ကြေညာခြင်းသည် တပ်မတော်က တိုင်းငါးတိုင်းဖြစ်သောကချင်၊ ရှမ်းနှင့် ကယားပြည်နယ်တို့တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကို တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေးအား အရပ်သားအစိုးရ၏အခန်းကဏ္ဍကို အသိအမှတ်မပြုသည့်အပြင် ယင်းကိုအသိမပေးဘဲ ကြေညာခဲ့သည့်အတွက် ဖြစ်နိုင်ပါသည်။[၃၅၈] ထွေ/အုပ်ဌာန ပြောင်းရွှေ့ခြင်းကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အစိုးရအဖွဲ့ ဝန်ကြီးများအစည်းအဝေးတွင် တရားဝင်သဘောတူညီမှု ရရှိခဲ့ပါသည်။[၃၅၉] ထို့နောက်ရက်အနည်းငယ်တွင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အမြဲတမ်းအတွင်းဝန် ရာထူးတာဝန်ကို ထမ်းဆောင်ခဲ့သည့်ဦးတင်မြင့်သည် အစိုးရအဖွဲ့ရုံး ဒုတိယဝန်ကြီးဖြစ်လာပါသည်။[၃၆၀]

## ကမ်းခြေစောင့်တပ်

မြန်မာနိုင်ငံသည် ကမ်းခြေစောင့်တပ်အဖွဲ့ကိုဖွဲ့စည်းရန် ကြိုးပမ်းနေပါသည်။ ထိုကမ်းခြေစောင့်တပ်အဖွဲ့သည် အရပ်သားထိန်းချုပ်မှု အောက်တွင် ထားရှိနိုင်ပြီး ရေတပ်က ကြီးကြပ်ပေးခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်း အခန်းကဏ္ဍကို ယူနိုင်ပါသည်။ ဤအစီရင်ခံ စာရေးနေစဉ် အဆိုပါတပ်ဖွဲ့ကို မည်သည့်အောက်တွင် ထားရှိမည်ကို ငြင်းခုံ ဆွေးနွေးမှုများပြုလုပ်နေပါသည်။အဆိုပါအရွေ့အပြောင်းသည်စစ်တပ်မှ လွှမ်းမိုးမှုမရှိဘဲ ရွေးကောက်ခံအရပ်သားက ပထမဦးဆုံး တည်ထောင်သည့် အရေးကြီးသောလုံခြုံရေး အဖွဲ့အစည်းတစ်ခုအဖြစ် သာဓကကောင်းဖြစ်လာနိုင်ပါသည်။ ထို့ပြင် ထိုအရာသည် လုံခြုံရေး လိုအပ်ချက်အပေါ် မူတည်၍ ပူးတွဲညှိနှိုင်းဆောင်ရွက်မှု၊ ပရော်ဖယ်ရှင်နယ်ကျခြင်းနှင့် ဌာနအသီးသီး ပူးပေါင်းပါဝင်သော ချဉ်းကပ်မှု နည်းလမ်းအတွက်ကြီးမားသော အပြောင်းအလဲ တစ်ခုဖြစ်လာနိုင်ပါသည်။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဦးသန့်ဇင်မောင်က သတင်းထောက်များကို ပြောကြားရာတွင် ကမ်းခြေစောင့်တပ်အဖွဲ့ကို အရပ်သားထိန်းချုပ်မှု အောက်တွင် ဖွဲ့စည်းနိုင်ကြောင်း ပြောကြားခဲ့ပါသည်။ သူကဆက်လက်၍ တိုင်းပြည်လုံခြုံရေးကဏ္ဍ၏ မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းမှု ဖြစ်ပြီးပင်လယ်စီးပွားကူးသန်းရေး လမ်းကြောင်းများ၊ ကမ်းလွန်တူးဖော်မှုများ၊ ပင်လယ်ပြင် သဘာဝဝန်းကျင်စသည်တို့ကို ကာကွယ်ရန်ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။ ထို့ပြင် ပုံမှန်လုံခြုံရေး ခြိမ်းခြောက်မှုမျိုး မဟုတ်သည့် လူကုန်ကူးမှု၊ တရားမဝင် ရွှေ့ပြောင်းမှုနှင့် ငါးခိုးဖမ်းခြင်း စသည်တို့ကို ကာကွယ်ရန်လည်း ရည်ရွယ်ကြောင်း ဖော်ပြခဲ့ပါသည်။[၃၆၁] ဝန်ကြီးက ဆက်လက်၍ "သမ္မတရုံးသည်အဆိုပါတပ်ဖွဲ့ကို အရပ်သား ထိန်းချုပ်မှုအောက်တွင်ထားရှိလိုသည့် ဆန္ဒရှိပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန အောက်တွင်ထားရှိမည်" ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။

ထိုအချိန်မှစ၍ ဆက်လက်ဆွေးနွေးမှုများပြုလုပ်လျက် ရှိပါသည်။ အမျိုးသားအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ် လုပ်ကိုင်မှု ဗဟိုကော်မတီအတွင်းတွင် ဆွေးနွေးမှု အများဆုံးပြုလုပ်ပြီးလက်ရှိ ထိုကော်မတီဥက္ကဋ္ဌမှာ တပ်မတော်ကအမည်စာရင်း တင်သွင်းသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဖြစ်ပါသည်။ နောက်ဆုံးဆွေးနွေးချက်များအရ အဆိုပါတပ်ဖွဲ့ကို တပ်မတော်ရေက အဓိကကြီးကြပ်ပေးမည့်အနေအထားဖြစ်နေပြီး ဌာနပေါင်းစုံပါဝင်သည့် ပူးပေါင်းအဖွဲ့က ကွပ်ကဲသွားမည် ဖြစ်သည်။ သို့သော် အဆိုပါတပ်ဖွဲ့ကို တပ်မတော်ရေကတိုက်ရိုက်ကြီးကြပ်သည့်အတွက် ကာကွယ်ရေး ဝန်ကြီးဌာနအောက် ထားရှိမည်လား သို့မဟုတ် တပ်မတော်ရေက အရပ်သားဝန်ကြီးဌာနနှင့် ပူးတွဲဆောင်ရွက်သွားမည်လားဆိုသည်မှာ ယခုထိ ရှင်းရှင်းလင်းလင်းမရှိသေးသည်ကို တွေ့ရပါသည်။ ကာကွယ်ရေးဝန်ကြီးဌာနက မတ်လတွင် အဆိုပါတပ်ဖွဲ့သည် ကာကွယ်ရေး ဝန်ကြီးဌာနအောက်တွင် ထားရှိမည် ဖြစ်ကြောင်းကြေညာပါသည်။[၃၆၂] သို့သော် ထိုကိစ္စသည် ဆက်လက်ဆွေးနွေးဆဲ ဖြစ်ကြောင်း သတင်းရင်းမြစ်များစွာမှ သိရှိရပါသည်။

ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းမည့် အစီအစဉ်ကို အငြင်းပွားခြင်းမရှိကြဘဲ အစိုးရဌာနများကသဘောတူညီကြပါသည်။ ထိုတပ်ဖွဲ့၏ တာဝန်မှာ ကမ်းခြေမှ ၁၅ ကီလိုမီတာအတွင်း ကင်းလှည့်ခြင်းများဆောင်ရွက်ရမည်ဖြစ်သည်။ တပ်ဖွဲ့ကို အထူးသင်တန်းပေးခြင်း၊ ဘတ်ဂျက်ကိစ္စနှင့် လိုအပ်သည့် အထောက်အကူပစ္စည်းများ တပ်ဆင်ပေးခြင်းစသည်တို့ကိုကျယ်ပြန့်စွာ လုပ်ဆောင်ပေးရမည်ဖြစ်သည်။ ကမ်းခြေနှင့် နီးစပ်နေသော မြို့နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ ပေါ်ပေါက်လာရန် ပို၍ အလိုရှိကြပါသည်။ သူတို့သည် ပင်လယ်ကမ်းခြေ အနီးအနား မှောင်ခိုလုပ်ငန်းများ (ပစ္စည်းနှင့်လူ)၊ နိုင်ငံတကာ မူခင်းများနှင့် ပင်လယ်တွင်းကျွန်းငယ်များတွင် တရားမဝင် အခြေချဆောင်ရွက်နေမှုများစသည့်ပြစ်မှုကိစ္စ တင်ပြမှုများကို လက်ခံရလေ့ရှိပါသည်။ ထို့ပြင် ကမ်းနားရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဆောင်ရွက်နေသူများနှင့် ဆိပ်ကမ်းမှသူများသည်လည်း နိုင်ငံတော်အခွန်နှင့် အကျိုးစီးပွား မလျော့နည်းစေရန် ကမ်းခြေစောင့်တပ်ဖွဲ့ကို အလိုရှိကြပါသည်။[၃၆၃]



သမ္မတလွှဲပြောင်းပေးအပ်ပွဲအခန်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်သည် တပ်မတော်ဗိုလ်ချုပ်များနှင့် စကားပြောဆိုနေစဉ်၊ နေပြည်တော်၊ မြန်မာ။
© Nyein Chan Naing/Shutterstock

အဆိုပါတပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ တပ်မတော်ရေသည်သာ အတွေ့အကြုံ အရှိဆုံးဆိုသည့် အမြင်နှင့် အရပ်သားမှသာ ထိန်းချုပ်သင့်သည်ဆိုသောအမြင်နှစ်ခုအကြား အငြင်းပွားမှုများ ရှိနေပါသည်။ နိုင်ငံတကာအတွေ့အကြုံအရ ထိုတပ်ဖွဲ့သည် အရပ်သားအောက်တွင် ထားရှိခြင်းမှာ အကောင်းဆုံးဖြစ်ပြီး အထူးသဖြင့် တာဝန်ယူ ကိုင်တွယ်ဆောင်ရွက်ရမည့်အရာမှာ ရန်သူ့တပ်ဖွဲ့များကို တိုက်ခိုက်ခြင်းမဟုတ်ဘဲ မြန်မာနှင့် နိုင်ငံတကာပြစ်မှုများနှင့် တရားမဝင် လူကုန်ကူးခံရသူများနှင့် တခြားအရပ်သားများအပေါ်ကျရောက်သည့်ပြစ်မှုများကိုကိုင်တွယ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထိုတပ်ဖွဲ့သည် ဖမ်းဆီးခြင်း၊ သက်သေများစုဆောင်းခြင်း၊ပြစ်မှုများတည်ဆောက်ခြင်းနှင့် တပ်မတော်ရေမှ ယင်း၏ စစ်ဘက်နှင့်မဆိုင်သောကြောင့် မဆောင်ရွက်သည့် ကိစ္စရပ်များကိုဆောင်ရွက်ခြင်းတို့ ပါဝင်မည်ဖြစ်သည်။ ဥပမာ လူတစ်ဦးတစ်ယောက်၏ စာရွက်စာတမ်း အထောက်အထားမပါဘဲ ဝင်ရောက်လာခြင်း၊ တရားမဝင် ခိုးဝင်ခြင်း၊ တရားမဝင်ပစ္စည်းများကို လက်ဝယ်တွေ့ရှိခြင်းနှင့်နိုင်ငံတကာက အလိုရှိသော ပြစ်မှုကျူးလွန်ခဲ့သူများစသည်တို့ကို စစ်ဆေးခြင်းများလည်း ပါဝင်ပါသည်။ အဆိုပါကိစ္စများ ထိရောက်စွာ လွှဲပြောင်းဆောင်ရွက်ပေးနိုင်ရန် လိုအပ်သော ဥပဒေအကြောင်းအရာများကို ကောင်းမွန်စွာ သိနားလည်သိရှိရန် လိုအပ်ပြီးဆက်စပ်ဌာနများ ဖြစ်သည့် လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်၊ ရဲတပ်ဖွဲ့နှင့် တရားရုံးများစသည့် ဌာနများနှင့် တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။

တပ်မတော်ခေါင်းဆောင်များအနေဖြင့်အဆိုပါတပ်ဖွဲ့၏ ကောင်းမွန်စွာ လည်ပတ်ပြီး ပရော်ဖက်ရှင်နယ်ကျသည့် လုံခြုံရေးနှင့် တရားရေးဆိုင်ရာ အဖွဲ့အဖြစ်ရပ်တည်ရန်နိုင်ငံတကာချိတ်ဆက်ဆောင်ရွက်ခြင်းကဲ့သို့သောအရာများ ပါဝင်သည့်အတွက် အရပ်သားပါဝင်မှုနှင့်တပ်မတော်က ဗဟိုချုပ်ကိုင်မှုလျှော့ချသည့်လုပ်ရပ်များ၏ အကျိုးကို နားလည်သဘောပေါက်နိုင်ပါသည်။ သို့သော်လည်း လုံခြုံရေးကိစ္စသည် တင်းကျပ်စွာ ကိုင်တွယ်ရသည့် အလျောက် ယင်းတို့ကွပ်ကဲမှု အောက်တွင်သာ ရှိရမည့်အကြောင်း ပြောဆိုလာနိုင်ပါသည်။

နောက်အချက် တစ်ခုမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အငြင်းပွားလာနိုင်မှု ဖြစ်ပါသည်။ လုံခြုံရေးတပ်ဖွဲ့ဖြစ်သည့်အလျောက် လက်နက်များ တပ်ဆင်ပေးရမည် ဖြစ်သည့်အတွက် လက်နက်ကိုင်တပ်ဖွဲ့အားလုံး ကာကွယ်ရေးဦးစီးချုပ်အောက်၌ ရှိသည်

ဆိုသောပြဌာန်းချက်ကို တပ်မတော်က ထောက်ပြပြောဆိုလာ နိုင်ပါသည်။ သို့သော် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဦးသန့်ဇင်မောင် ပြောကြားချက်တွင် သစ်တောဌာနနှင့် လူဝင်မှုကြီးကြပ်ရေးဌာန တို့ကဲ့သို့ ဆောင်ရွက်သွားမည်ဆိုသော အချက်ကို လည်းထည့်သွင်းပြောဆိုခဲ့ပါသည်။[၃၆၅]

နောက်ထပ် မရှင်းလင်းသည့် အချက်တစ်ခုမှာမြန်မာနိုင်ငံရဲတပ်ဖွဲ့အောက်ရှိ ရေကြောင်း ရဲတပ်ဖွဲ့နှင့် ကမ်းခြေစောင့်တပ်သည် မည်သို့အာဏာတာဝန်များ ခွဲဝေမည်ဆိုသော အချက်ဖြစ်သည်။ ရေကြောင်းရဲတပ်ဖွဲ့သည် လက်ရှိကုန်းတွင်း ရေလမ်းများနှင့် ကမ်းခြေ ၂၀၈၀ ကီလိုမီတာကို တာဝန်ယူဆောင်ရွက်နေပါသည်။ အဆိုပါ ရဲတပ်ဖွဲ့သည်လည်းပူးပေါင်းကွပ်ကဲရေးအဖွဲ့[၃၆၆] တွင် ပါဝင်မည်ဖြစ်ပြီး ကမ်းခြေစောင့်တပ် ဖွဲ့စည်းမှုကိုလည်း ကြိုဆိုကြောင်းသိရပါသည်။[၃၆၇] ဖြစ်နိုင်ခြေရှိသည့် အချက်မှာ ရေကြောင်းရဲတပ်အဖွဲ့ဝင်များ ကမ်းခြေစောင့် တပ်အဖွဲ့အတွင်းသို့ ရွှေ့ပြောင်းမှုများ ရှိလာနိုင်ပြီး ကမ်းခြေစောင့်တပ်နှင့် ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ကမ်းခြေစောင့်တပ် ဖွဲ့စည်းခြင်း၏ ရလဒ်အပေါ်မူတည်၍ မြန်မာ့လုံခြုံရေးကဏ္ဍအတွက် စိတ်ဝင်စားစရာများ ဖြစ်ပေါ်လာနိုင်ပါသည်။ ပထမအနေဖြင့်အရပ်သား ပါဝင်မှုအတွက် ဖြစ်နိုင်ခြေရှိနေခြင်းနှင့်ဌာနအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်သည့်ချဉ်းကပ်မှုအပေါ် အာရုံစိုက်လာနိုင်ခြင်းတို့ဖြစ်ပါသည်။ ကမ်းခြေစောင့် တပ်အဖွဲ့ကို မည်သူထိန်းချုပ်စေကာမူ တစ်စုံတစ်ယောက် သို့မဟုတ် တပ်မတော်၏ စီမံကိန်းသက်သက် မဟုတ်ဘဲ အနည်းဆုံးပြည်သူ့လုပ်ငန်းများအတွက် စုစည်းလုပ်ဆောင်နိုင်သည့်အခွင့်အာဏာ ရှိနေမည်ဖြစ်ပြီး လက်တွေ့ကျသောချဉ်းကပ်မှုနည်းလမ်းလည်းဖြစ်ပါသည်။အရေးကြီးဆုံးအချက်မှာမူ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်တို့ တောင်းဆိုမှုနှင့်အတူ လူထုအကျိုးကိုအရပ်ဘက်နှင့် စစ်ဘက်အကြား ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း၊ ပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် ပူးတွဲကြီးကြပ်ခြင်း စသည်တို့အတွက် စံနှုန်းသစ်များပေါ်ထွက်လာနိုင်ခြင်းပင် ဖြစ်ပါသည်။

# ကျမ်းကိုးစာရင်း


၂၃၈ For a comprehensive overview of these various forces, see Buchanan J (2016), 'Militias in Myanmar', The Asia Foundation.

၂၃၉ See Myawady (2016), 'Excerpts from the meeting with local media that reflect the stance and actions of the Tatmadaw', 17 May, p 18; Htet Naing Zaw (2018), 'Tatmadaw Will Cease Operations in Kachin on Govt's Order: Defense Secretary', The Irrawaddy, 30 May (https://www.irrawaddy.com/news/tatmadaw-will-cease-operations-kachin-govts-order-defense-secretary.html)

၂၄၀ Website of Senior General Min Aung Hlaing (2018), 'Discussions between Senior General Min Aung Hlaing and permanent envoys of UNSC', May (http://www.seniorgeneralminaunghlaing.com/2018/05/discussions-between-senior-general-min.html?q=UN+Security+council)

၂၄၁ See section 2.3 of this report.

၂၄၂ Website of the Republic of the Union of Myanmar President Office, 'Ministry websites' (http://www.president-office.gov.mm/en/?q=cabinet/id-6208)

၂၄၃ Selth (2018), op. cit., p 28.

၂၄၄ Article 213 of the 2008 Constitution.

၂၄၅ Article 42a of the 2008 Constitution.

၂၄၆ For example, see Myratt Kyaw Thu (2019), 'Tatmadaw warns journalists against calling domestic conflicts "civil wars"', Myanmar Frontier, 18 January (https://frontiermyanmar.net/en/tatmadaw-warns-journalists-against-calling-domestic-conflicts-civil-wars) This period is also framed as the 'civil war' period in official publications and museums. The period also saw conflicts with various 'pocket armies' and Kachin communist defectors led by Naw Seng. It excludes not only the seven decades of EAO conflicts that have taken place since 1949 but also the 40-year conflict with the Burma Communist Party.

၂၄၇ Article 20b of the 2008 Constitution.

၂၄၈ Myawady (2016), op. cit., p 18.

၂၄၉ Ba Kaung (2011), 'President's Ceasefire Order Fails to Stop Offensive', The Irrawaddy, 28 December (https://www2.irrawaddy.com/article.php?art_id=22741)

၂၅၀ Interviews, Yangon, May 2013; Myitkyina, October 2013.

၂၅၁ In response to a question on whether the military would obey such an order from the president as it had under Thein Sein, Permanent Secretary of the Ministry of Defence Brigadier General Aung Kyaw Hoe said, "The Tatmadaw is under the leadership of the state. The President is the head of the country. If he gives an executive order, we are ready to obey. There is no reason we won't obey it." Htet Naing Zaw (2018), 'Tatmadaw Will Cease Operations in Kachin on Govt's Order: Defense Secretary', The Irrawaddy, 30 May (https://www.irrawaddy.com/news/tatmadaw-will-cease-operations-kachin-govts-order-defense-secretary.html)

၂၅၂ The official state media report referred more loosely to discussions on Myanmar's international relations and national security, an analysis of the situation after the Tatmadaw made its ceasefire announcement, and on the topic of Rakhine State and border security matters. Global New Light of Myanmar (2019), 'Coord meeting on international relations, national security, held at Presidential Palace', 8 January (https://www.globalnewlightofmyanmar.com/coord-meeting-on-international-relations-national-security-held-at-presidential-palace/)

၂၅၃ Ministry of Planning and Finance (2017), 'Regulations on Financial Management of Myanmar' https://www.mopf.gov.mm/sites/default/files/upload_pdf/2018/10/Financial%20Rules%20and%20Regulations.pdf)

၂၅၄ During the budget session of parliament, which ends in September each year, around 20 budget teams are formed to oversee specific areas of the budget. The defence ministry's budget is under team two.

၂၅၅ It was also approximately 13 per cent of the total budget in the 2018–19 budget year, though an increase was requested and granted halfway through the year as it was for numerous other ministries.

၂၅၆ Marginally more detail was given in the breakdown of the 2017 budget, when 51.5 per cent was earmarked for salaries and allowances, while 29 per cent would go to 'vehicles, warships, armoured cars and heavy weapons'. Htoo Thant, Thin Lynn Aung (2016), 'Few alterations to 2016 budget in amended draft', Myanmar Times, 27 July (http://www.mmtimes.com/index.php/national-news/nay-pyi-taw/21584-few-alterations-to-2016-budget-in-amended-draft.html). Note that this article gives the figure of 1.2 trillion, but states that this is unchanged from the previous budget; however it states that the original budget was 2.75 trillion, as provided in Naypyitaw (2015), op. cit., p 43.
The 1.2 trillion figure appears to be a typo.

၂၅၇ Meanwhile the approved 2018–19 budgets for the other military-led ministries – the Ministry of Home Affairs and the Ministry of Border Affairs – were MMK 432.9 billion and MMK 129.3 billion respectively.

၂၅၈ This challenge is discussed extensively in Bünte (2017), op. cit.

၂၅၉ McCarthy (2019), op. cit., p 21.

၂၆၀ Ibid.

၂၆၁ Interviews, Yangon, Naypyidaw and Bangkok, May and June 2019.

၂၆၂ Article 20b provides that 'The Defence Services has the right to independently administer and adjudicate all affairs of the armed forces.'

၂၆၃ See articles 293(b) and 319 of the 2008 Constitution.

၂၆၄ See section 72 of the Defence Services Act (1959), as amended. See also the International Commission of Jurists (2018), 'Achieving Justice for Gross Human Rights Violations in Myanmar: Baseline Study', January, p 11 (https://reliefweb.int/sites/reliefweb.int/files/resources/Myanmar-GRA-Baseline-Study-Publications-Reports-Thematic-reports-2018-ENG.pdf)

၂၆၅ Articles 291 and 292 of the 2008 Constitution.

၂၆၆ Htoo Thant (2016), 'Presidential immunity secured', Myanmar Times, 29 January (https://www.mmtimes.com/national-news/nay-pyi-taw/18726-presidential-immunity-secured.html)

၂၆၇ Kyaw Zwa Moe (2019), 'Making Myanmar's Constitution Democratic', The Irrawaddy, 22 February (https://www.irrawaddy.com/opinion/commentary/making-myanmars-constitution-democratic.html)

၂၆၈ International Institute for Democracy and Electoral Assistance (2019), 'Proposals by Political Parties, Clusters and Individual Representatives (Members of Parliament) for changes, additions, removals and additional articles', July (http://constitutionnet.org/vl/item/report-joint-committee-amend-republic-union-myanmar-constitution-and-annex)

၂၆၉ The NLD recommended maintaining article 337: 'The main armed force for the Defence of the Union is the Defence Services'.

၂၇၀ Quote from article 339 of the 2008 Constitution. Details of amendments provided in International Institute for Democracy and Electoral Assistance, op. cit., p 179.

၂၇၁ International Institute for Democracy and Electoral Assistance, op. cit., pp 179–180.

၂၇၂ The NLD suggested changing 'other law' to 'military law' seemingly to formalise what is already protocol and to effectively reinforce military independence. The SNLD recommended adding a further sentence indicating that the courts martial would not have jurisdiction over civil cases involving defence personnel, which is already protocol.

၂၇၃ Articles 17b, 232b(ii), 234b and 235c(ii) of the 2008 Constitution.

၂၇၄ International Commission of Jurists (2018), op. cit., pp 12–13, p 18.

၂၇၅ National League for Democracy (2015), op. cit., pp 7–8.

၂၇၆ Selth A (2016), 'The potential for Army-Police rivalry in Myanmar, The Interpreter, 2 February (https://www.lowyinstitute.org/the-interpreter/potential-army-police-rivalry-myanmar)

၂၇၇ For example, see Selth (2013a), op. cit., p 14; Kyaw Zwa Moe, op. cit.

၂၇၈ See schedule 1 of the 2008 Constitution.

၂၇၉ Articles 290–292 of the 2008 Constitution. According to the Minister of Home Affairs, speaking in parliament in 2012, "Police manual, Police Act, Police Disciplinary Law and Police Code of Conduct have been prescribed under Section 292 of the constitution. In addition, rules and regulations, orders and directives are issued. Based on developments of the country, orders and directives will be issued if they are needed." See minutes (2012), 'Third regular session of the first Amyotha Hluttaw continues for 14th day', Burma Library, 14 March (http://www.burmalibrary.org/docs13/AH-NLM2012-03-14-day14.pdf)

၂၈၀ Htet Khaung Linn (2016), 'Rangers face violent loggers to save Bago's shrinking forests', Frontier Myanmar, 9 August (https://frontiermyanmar.net/en/rangers-face-violent-loggers-to-save-bagos-shrinking-forests)

၂၈၁ It appears these ministers would still have to be nominated by the commander-in-chief from among defence personnel, but this might be down to interpretation. See Selth A (2001b), op. cit.

၂၈၂ International Institute for Democracy and Electoral Assistance, op. cit, p 5, p 179.

၂၈၃ There are no universal standards for police independence. Some useful academic contributions on the concept in other countries using English Common Law include Stenning P (2007), 'The idea of the political "independence" of the police: International interpretations and experiences' in M E Beare and T Murray (eds.) (2007), Police and Government Relations: Who's Calling the Shots (Toronto: Toronto University Press); Roach K (2018), 'Balancing Police Independence and Political Responsibility for the Police: Some Recent Developments in Australia, Canada, and the UK', Policing: A Journal of Policy and Practice, August.

၂၈၄ Organization for Security and Co-operation in Europe (2008), 'Guidebook on Democratic Policing', May, p 25 (https://www.osce.org/secretariat/23804?download=true). The document continues, 'Oversight institutions may include the executive (policy control, financial control and horizontal oversight by government agencies), the legislature (members of parliament, parliamentary commissions of enquiry), the judiciary, as well as human rights commissions, civilian complaint review boards or independent ombudspersons. Furthermore, the media can play an important role in providing the public with information on police activities. Ultimately, democratic police services can be distinguished by their submission to, and acceptance of, outside supervision and examination and the degree of openness of these examinations.'

၂၈၅ International Institute for Democracy and Electoral Assistance, op. cit., p 183.

၂၈၆ Saferworld (2017), op. cit.

၂၈၇ Selth A (2019), 'Myanmar's intelligence apparatus under Aung San Suu Kyi', The Interpreter, April (https://www.lowyinstitute.org/the-interpreter/myanmar-s-intelligence-apparatus-under-aung-san-suu-kyi)

၂၈၈ Ibid.

၂၈၉ Ibid, p 200.

၂၉၀ Selth (2001b), op. cit.

၂၉၁ Selth (2019), op. cit., p 20.

၂၉၂ Some observers, such as Melissa Crouch, have criticised the 2008 Constitution for the level of power it provides to the executive branch in selecting supreme and high court judges. While a proper assessment was not undertaken for this study, expert interviewees indicated they did not see these processes as extreme infringements of the independence of the judiciary. Crouch M (2016b), 'The Judiciary in Myanmar: Beyond Reform?' (http://www.austlii.edu.au/au/journals/UNSWLRS/2016/10.pdf)

၂၉၃ National League for Democracy (2015), op. cit., p 7; Committee Representing the People's Parliament, op. cit.

၂၉၄ The Supreme Court of the Union (2018), 'Judicial Strategic Plan (2018–20)', pp 17–18 (http://www.unionsupremecourt.gov.mm/sites/default/files/supreme/stplan2018eng.pdf)

၂၉၅ See more on the constitutional tribunal in Crouch M (2018), 'Dictators, Democrats, and Constitutional Dialogue: Myanmar's Constitutional Tribunal', International Journal of Constitutional Law 16 (2).

၂၉၆ A detailed case for a Ministry of Justice is made in Ko Bo Kyi (2018), 'The Case for Penal Reform in Burma'. This paper was produced for the National Endowment of Democracy's Reagan-Fascell Fellowship (http://files.clickdimensions.com/nedorg-aureu/documents/thecaseforpenalreforminburmareport_final.pdf). The general concept was raised by numerous lawyers, MPs and civil society representatives during interviews in Yangon and Naypyidaw, May 2019.

၂၉၇ Attorney General's Law (2010), article 14.

၂၉၈ Interviews with lawyers, civil society and international experts, Yangon and Naypyidaw, May 2019.

၂၉၉ Myint Swe, the current military-appointed vice president, is retired from the military, where he served as a lieutenant general – so he is technically a civilian. The constitution does not require those appointed to president or vice president to step down from the military, so in other circumstances the civilian-military make-up of the NDSC could be different.

၃၀၀ Su Mon Thazin Aung, Arnold (2018), op. cit., p 19. A key reason that the NDSC meetings dwindled was because of worsening relations between the president and commander-in-chief and the speaker Shwe Mann.

၃၀၁ These reasons were put forward by numerous interviewees for this study and have also been noted by Selth A (2018), op. cit., p 28.

၃၀၂ Such meetings with the commander-in-chief include one in June 2018 where the threat of the International Criminal Court was discussed. Global Light of Myanmar (2018), 'Meeting held to discuss Rakhine issue, national security, international relations', June (http://www.burmalibrary.org/docs24/GNLM2018-06-09-red.pdf). There was another meeting on 7 January 2019 in response to Arakan Army attacks on police posts, when the president's office reportedly called for the military 'to crush the insurgents'. Mratt Kyaw Thu (2019), 'Govt stirs Rakhine anger with warning about Arakan Army', Frontier Myanmar, 14 January (https://frontiermyanmar.net/en/govt-stirs-rakhine-anger-with-warning-about-arakan-army); Global New Light of Myanmar (2019), 'Coord meeting on international relations, national security, held at Presidential Palace', January (https://www.globalnewlightofmyanmar.com/coord-meeting-on-international-relations-national-security-held-at-presidential-palace/)

၃၀၃ See recommendations for article 201 in International Institute for Democracy and Electoral Assistance, op. cit. Amendments were proposed by the NLD in 2014 that would have had a similar effect. Kyaw Zwa Moe, op. cit.

၃၀၄ At the June 2018 meeting, Min Thu still held the position of Deputy Minister of the President's Office.

၃၀၅ See website of The Republic of the Union of Myanmar President Office (2017), 'Appointment of National Security Advisor to the Union Government', 10 January (http://www.president-office.gov.mm/en/?q=briefing-room/orders/2017/01/11/id-7112)

၃၀၆ As noted by The Asia Foundation, Thaung Tun 'increasingly plays a role in which he is positioned to coordinate the work of other ministries'. Su Mon Thazin Aung, Arnold (2018), op. cit., p 32.

၃၀၇ The position was reportedly formed on advice from the Indian government (email correspondence, July 2019), while interviewees linked to the Tatmadaw had assumed it was based on the US equivalent (interview, Yangon, April 2019).

၃၀၈ Interviews, Yangon and Naypyidaw, April and May 2019.

၃၀၉ Referring to a meeting with Thaung Tun in 2004 about a US human rights report on Myanmar, a US diplomatic cable leaked by WikiLeaks in 2010 summarised his delivery as a 'standard' Myanmar government response to foreign criticism of its human rights practices and policies, including: questioning the integrity of the messenger; steering clear of irrefutable abuses; emphasising efforts to achieve 'national unity' and to build new bridges and highways; and throwing in an "inflated figure or two". On at least one occasion, Thaung Tun was required to play down claims of nuclear weapons development. See 'Public library of US diplomacy' on WikiLeaks website: https://wikileaks.org/plusd/cables/04RANGOON370_a.html

၃၁၀ Institute for International and Strategic Studies (2018), '17th Asia Security Summit: The IISS Shangri-La Dialogue. Special Session 3: The Security and Humanitarian Crisis in Myanmar's Rakhine State', provisional transcript, 2 June (https://www.iiss.org/-/media/images/dialogues/sld/sld-2018/documents/security-and-humanitarian-crisis-in-myanmars-rakhine-state-sld18.ashx?la=en&hash=4663620F9D9AAF4AEA011035DB7419ADF72E99BB)

၃၁၁ The Republic of the Union of Myanmar, Ministry of Information (2017), 'National Security Advisor to Government visits China' (https://www.moi.gov.mm/moi:eng/?q=news/14/11/2018/id-10472)

၃၁၂ Ibid.

၃၁၃ Nyan Lynn Aung (2018), 'Government objects to construction bunkers on border by Bangladesh', Myanmar Times, 14 August (https://www.mmtimes.com/news/government-objects-construction-bunkers-border-bangladesh.html)

၃၁၄ See the reports of the UN's Independent International Fact-Finding Mission, on the United Nations Human Rights Council website: https://www.ohchr.org/en/hrbodies/hrc/myanmarffm/pages/index.aspx

၃၁၅ The Government of the Republic of the Union of Myanmar Ministry of Planning and Finance (2018), 'Myanmar Sustainable Development Plan 2018-2030', August (https://themimu.info/sites/themimu.info/files/documents/Core_Doc_Myanmar_Sustainable_Development_Plan_2018_-_2030_Aug2018.pdf)

၃၁၆ Within this is a wide range of goals patching together initiatives started by previous governments, or from other policy documents, along with new approaches. The preamble to that section duly notes distrust between groups, grievances, exclusion and marginalisation as drivers of conflict, but does not mention ethnic rights, self-determination or federalism. These are the key issues raised by ethnic activists, politicians and armed organisations.

၃၁၇ Burke A, Williams N, Barron P, Jolliffe K, Carr T (2017), 'The Contested Areas of Myanmar: Subnational Conflict, Aid, and Development', The Asia Foundation. See also: Jolliffe K (2017), 'Ceasefires, Governance and Development: The Karen National Union in Times of Change', The Asia Foundation.

၃၁၈ The 2014 law is available in English from the Burma Library website: http://www.burmalibrary.org/docs23/2014-03-28-Myanmar_Human_Rights_Commission_Law-21-en.pdf

၃၁၉ According to one source, the civilians and the former military commissions are not generally in tension with one another and in some cases the military figures have proven to be more ambitious and willing to challenge the status quo. They said that it is key to have people who are really passionate about human rights and willing to take risks. As in most parts of government, these people remain few and far between.

၃၂၀ Lawi Weng (2019), 'Army Officer Jailed for 10 Years for Killing Civilian Who Failed to Present ID Card', The Irrawaddy, May (https://www.irrawaddy.com/news/burma/army-officer-jailed-10-years-killing-civilian-failed-present-id-card.html)

၃၂၁ According to CSO network Progressive Voice, 'It is clear that the MNHRC has neither the political will, nor sufficient independence from the all-powerful Myanmar Military, to adequately protect the rights of the victims of the military's abuse.' Progressive Voice (2018), 'Return to Sender: MNHRC Enabling Law Must be Returned to Parliament for Structural Reform', August, p 12 (https://progressivevoicemyanmar.org/wp-content/uploads/2018/10/MNHRC_Report_English_Web.pdf)

၃၂၂ International Coordinating Committee of National Institutions for the Promotion and Protection of Human Rights (2015), 'Report and Recommendations of the Session of the Sub-Committee on Accreditation (SCA)', November (https://nhri.ohchr.org/EN/AboutUs/GANHRIAccreditation/Documents/SCA%20FINAL%20REPORT%20-%20NOVEMBER%202015-English.pdf). See also Progressive Voice website for details of the Myanmar National Human Rights Commission: https://progressivevoicemyanmar.org/mnhrc/

၃၂၃ Myanmar National Human Rights Commission (2017), 'Statement by the Myanmar National Human Rights Commission with regard to the terrorist attacks that occurred in Maung Daw and Buthidaung townships of Rakhine State, Statement No. (11/2017)' (http://www.mnhrc.org.mm/en/statement-by-the-myanmar-national-human-rights-commission-with-regard-to-the-terrorist-attacks-that-occurred-in-maung-daw-and-buthidaung-townships-of-rakhine-state-statement-no-112017/)

၃၂၄ Equality Myanmar (2019), 'MNHRC Must Take Stand on Extrajudicial Killings of Rakhine Villagers', 15 May (https://equalitymyanmar.org/mnhrc-must-take-stand-on-extrajudicial-killings-of-rakhine-villagers/)

၃၂၅ Interview with person who has worked closely with MNHRC, undisclosed location, April 2019.

၃၂၆ Interview, undisclosed location, April 2019.

၃၂၇ Important critiques of the MNHRC have been published by the civil society network Progressive Voice, which notes, 'In practice, the MNHRC has taken steps in recent years to engage further with civil society, including making a commitment to develop regular communication with the organisations that authored this report…This is a welcome improvement over the years and it is recommended that the MNHRC maintains, deepens, and institutionalises this engagement with a wider range of civil society groups who are working to improve various human rights situations.' See Progressive Voice (2018), op. cit., pp 20–21.

၃၂၈ Su Mon Thazin Aung, Arnold (2018), op. cit., discuss this dynamic in relation to Soe Thane's relative seniority compared with other ministers due to his committee positions under the USDP government.

၃၂၉ This analysis is based on a combination of interviews carried out for this report and analysis provided in Su Mon Thazin Aung, Arnold (2018), op. cit., pp 17–19 and pp 31–32.

၃၃၀ Interviews, Yangon and Naypyidaw, April–May 2019.

၃၃၁ San Yamin Aung (2017), 'Social Welfare Minister: "I Will Always Campaign for Gender Equality"', The Irrawaddy, 8 March (https://www.irrawaddy.com/in-person/social-welfare-minister-will-always-campaign-gender-equality.html)

၃၃၂ International Crisis Group (2018), 'Bangladesh-Myanmar: The Danger of Forced Rohingya Repatriation, November (https://d2071andvipowj.cloudfront.net/b153-bangladesh-myanmar_0.pdf). In July 2019, a delegation of 35 Rohingya refugees told the Myanmar government they would not return without recognition of their group as an ethnicity. Ruma P (2019), 'Rohingya tell Myanmar they refuse to return without recognition', Reuters, 28 July (https://www.reuters.com/article/us-myanmar-rohingya-bangladesh/rohingya-tell-myanmar-they-refuse-to-return-without-recognition-idUSKCN1UN0GD)

၃၃၃ For a comprehensive account of the evolving role of Myanmar's union legislatures, see Egreteau R (2017a), 'Parliamentary Development in Myanmar: An Overview of the Union Parliament, 2011–2016', The Asia Foundation, May.

၃၃၄ Interviews, Naypyidaw, May 2019. See also Egreteau (2017a), op. cit., p 35; Ei Ei Toe Lwin (2016), 'NLD "iron rules" stifle new parliamentarians', Myanmar Times, 25 April.

၃၃၅ According to Egreteau (2017a), op. cit., p 35, as of 2017, no bill or motion had been submitted to parliament without prior Central Executive Committee permission. However, in interviews for this study, one MP explained that a small minority of 'rebels' have done so.

၃၃၆ See Egreteau (2017a), op. cit., p 38, for a discussion of the (sometimes oversimplified) use of English and Burmese terms related to checks and balances.

၃၃၇ Htet Naing Zaw (2019), 'Lawmaker Blocked from Asking about Gov't-Military Ties on House Floor', The Irrawaddy, 13 May (https://www.irrawaddy.com/news/burma/lawmaker-blocked-asking-govt-military-ties-house-floor.html). See also the state media report by the Global New Light of Myanmar, which did not specify the content of these questions but just referred to the raising of additional questions:
The Global New Light of Myanmar (2019), 'Second Amyotha Hluttaw 12th regular session holds fifth-day meeting name', May (https://www.moi.gov.mm/npe/nlm/sites/default/files/newspaper-pdf/2019/05/11/11_May_19_gnlm.pdf)

၃၃၈ Egreteau (2017a), op. cit., p 31, argues that the NLD-led executive has dominated the legislative agenda and notes 'In most democratic legislatures, especially in parliamentary systems, there is an informal "90 percent rule," according to which the government controls at least 90 percent of the legislative agenda, and at least 90 percent of what is discussed in parliament is thereafter adopted.'

၃၃၉ This law was amended in 1997.

၃၄၀ These teams are not legally constituted. This system has instead emerged and been refined over the years, as a means to smooth the process.

၃၄၁ The JPAC is split into four groups, which are each assigned a number of budget vetting teams.

၃၄၂ Interview, Naypyidaw, May 2019.

၃၄၃ Article 115b of the 2008 Constitution.

၃၄၄ Article 115c of the 2008 Constitution.

၃၄၅ Egreteau (2017b), op. cit., p 5.

၃၄၆ International Institute for Democracy and Electoral Assistance (2019), op. cit., pp 62–63.

၃၄၇ These include the Pyithu Ethnic Affairs and Eternal Peace Committee, the Pyithu Justice and Legal Affairs Committee, the Pyithu Citizens' Fundamental Rights Committee, the Pyithu International Relations Committee, the Amyotha Ethnic Affairs Committee, the Amyotha Citizens' Fundamental Rights, Democracy and Human Rights Committee, and the Amyotha Women's and Child Rights Committee, among others.

၃၄၈ The Irrawaddy (2018), 'Govt Announces Transfer of Military-Controlled Dept to Civilian Ministry', 21 December (https://www.irrawaddy.com/news/govt-announces-transfer-military-controlled-dept-civilian-ministry.html)

၃၄၉ In May 2019, the Ministry of the Office of the Union Government told a meeting of senior staff that the GAD "is the administrative backbone of the country".

၃၅၀ Kyi Pyar Chit Saw, Arnold M (2014), 'Administering the State in Myanmar: An Overview of the General Administration Department', The Asia Foundation, October.

၃၅၁ General Administration Department website: http://www.gad.gov.mm/en/objective-and-motto

၃၅၂ International Commission of Jurists (2018), op. cit., p 29.

၃၅၃ Ibid, p 29; Crouch M A (2016a), 'The Everyday Emergency: Between the Constitution and the Code of Criminal Procedure in Myanmar', in A Harding (ed.), Constitutional Change and Legal Reform in Myanmar (Hart Publishing/Bloomsbury); UNSW Law Research Paper no. 2016–01, p 11.

၃၅၄ Kyi Pyar Kyit Saw, Arnold (2014), op. cit., p 12.

၃၅၅ Crouch (2016a), op. cit., pp 11–14. Such states of emergency have been in place continuously in Maungdaw and Buthidaung Townships of Rakhine State since 2012. Amnesty International (2017), '"Caged without a roof", Apartheid in Myanmar's Rakhine State' (https://www.amnestyusa.org/wp-content/uploads/2017/11/Caged-without-a-Roof-Apartheid-in-Myanmar-Rakhine-State-FINAL.pdf)

၃၅၆ Interviews, Yangon, Naypyidaw, via online call, March–May 2019.

၃၅၇ Thaung Tun had previously been moved out of that position to take over the new Ministry of Investment and Foreign Economic Relations.

၃၅၈ Interviews, Yangon, Naypyidaw, March–May 2019.

၃၅၉ The Global New Light of Myanmar (2019), 'Union Minister U Min Thu meets GAD staff in Kayah State', January (http://www.globalnewlightofmyanmar.com/union-minister-u-min-thu-meets-gad-staff-in-kayah-state/)

၃၆၀ Nan Lwin (2019), 'GAD Chief Appointed Deputy Union Gov't Office Minister', The Irrawaddy, 3 January (https://www.irrawaddy.com/news/gad-chief-appointed-deputy-union-govt-office-minister.html)

၃၆၁ Htet Naing Zaw (2019), 'Gov't Plans to Set Up Coast Guard under Civilian Control', The Irrawaddy, 3 January (https://www.irrawaddy.com/news/burma/govt-plans-set-coast-guard-civilian-control.html); Xinhuanet (2019), 'Myanmar to establish coast guard force', January (http://www.xinhuanet.com/english/2019-01/22/c_137765608.htm)

၃၆၂ Htoo Thant (2019), 'Defence submits coast guard plan to parliament', Myanmar Times, 14 March (https://www.mmtimes.com/news/defence-submits-coast-guard-plan-parliament.html). Follow up discussions with staff from the newspaper and a member of parliament who questioned the minister confirmed that this is what the minister said. However the state media report on the same discussion was more ambiguous, and numerous government and military-linked sources insisted that it was still possible that it would be placed under civilian control (interviews, Yangon, May 2019; email and telephone correspondence, June 2019).

၃၆၃ Interviews, Yangon, May and June 2019. See also the official article in state media on the Ministry of Information website: https://www.moi.gov.mm/moi:eng/?q=news/14/03/2019/id-17011.

၃၆၄ One international expert suggested that, at the very least, the military would reserve the right to call the coastguard under its command in an emergency.

၃၆၅ It was not possible to verify whether officials in these departments are able to carry weapons or not. However, they generally rely on the police for armed protection so the minister may have been mistaken. See Htet Khaung Linn (2016), op. cit.

၃၆၆ See the departments included in the official state media article on the Ministry of Information website: https://www.moi.gov.mm/moi:eng/?q=news/14/03/2019/id-17011

၃၆၇ Interviews, Yangon, May 2019.




နိုင်ငံတကာ အမျိုးသမီးများနေ့
ချီတက်ပွဲ၊ ရန်ကုန်၊ ၁၅ နိုဝင်ဘာ ၂၀၁၂။
ရန်ကုန်၊ နိုဝင်ဘာ ၂၀၁၂။
© J Paing/MPA

# ၄

# အဖွဲ့အစည်းဆိုင်ရာ အလေ့အထများနှင့် ယဉ်ကျေးမှုများကို ပြုပြင်ပြောင်းလဲခြင်း

**စစ်တပ်ထံမှ အာဏာများအား အရပ်သားကိုယ်စားလှယ်များထံသို့ လွှဲပြောင်းလိုက်ခြင်းဖြင့် ပိုမိုတရားမျှတမှုရှိပြီး ငြိမ်းချမ်းသော ရလဒ်များ အလိုအလျောက် ဖန်တီးလိုက်နိုင်မည် မဟုတ်ပေ။ ရွေးကောက်ပွဲများ ကျင်းပခြင်းတစ်ခုတည်းက ခိုင်မာသော ဒီမိုကရေစီကို ဖော်ဆောင်နိုင်မည် မဟုတ်သကဲ့သို့ လုံခြုံရေးဆိုင်ရာ အခွင့်အာဏာများအား ရွေးကောက်ခံအရာရှိများလက်သို့ ပေးအပ်လိုက်ခြင်းကလည်း လုံခြုံရေးဆိုင်ရာ အလေ့အထများနှင့် စံနှုန်းများ အလိုအလျောက်ပြောင်းလဲမှုများ ပြုလုပ်နိုင်မည် မဟုတ်သည်ကို လေ့လာတွေ့ရှိရပါသည်။ အများကြိုက်သော နိုင်ငံရေးသမားများကို လုံခြုံရေး အဖွဲ့အစည်းများအပေါ် ပိုမိုထိန်းချုပ်နိုင်ခွင့်ပေးသော ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြောင်းလဲမှုများ သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ ညှိနှိုင်းမှုများ ပြုလုပ်ခြင်းကလည်း ထိုအဖွဲ့အစည်းများမှ ပြည်သူများ၏ အကျိုးစီးပွားအပေါ် အခြေခံသော လုပ်ဆောင်မှုများ အလိုအလျောက် ဖြစ်ပေါ်လာမည် မဟုတ်ပေ။**

ပြည်သူလူထုကို လုံခြုံရေးနှင့် တရားမျှရေး ကဏ္ဍများက မည်မျှအတိုင်းအတာထိ ဝန်ဆောင်မှု ပေးနိုင်သည်ဆိုသည်မှာ အစိုးရက ချမှတ်ထားသော ဥပဒေများ၊ လမ်းညွှန်မှုများနှင့် မူဝါဒများအပါအဝင် အဓိကကျသော အဖွဲ့အစည်းများ၏ အဖွဲ့အတွင်း အလေ့အထများနှင့် ယဉ်ကျေးမှုများအပေါ် မူတည်နေပါသည်။ နိုင်ငံအတွင်းရှိ ပြည်သူများနှင့် လူမှုအသိုင်းအဝိုင်းများ၏ မတူကွဲပြားသည့် လိုအပ်မှုများ အမှန်တကယ် ဖြည့်ဆည်းပေးနိုင်ရန်မှာ ကျား-မရေးရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အချက်များအပေါ် နိုးကြားသတိရှိစွာ လုပ်ဆောင်သည့် အထူးဆောင်ရွက်ချက်များလိုအပ်ပါသည်။

ယင်းတို့သည် အမျိုးသမီးများနှင့် လူနည်းစုများကို အချိုးကျခန့်အပ်ခြင်းများသာမက မူဝါဒများနှင့်လက်တွေ့ကျင့်သုံးမှုများတွင် ယင်းတို့၏ အဓိကလိုအပ်ချက်များကို အစဉ်ထည့်သွင်း စဉ်းစားရန်လည်းလိုအပ်ပါသည်။ လုံခြုံရေးနှင့် တရားမျှတရေး အဖွဲ့အစည်းများသည် အတတ်နိုင်ဆုံး ယင်းတို့၏ အာဏာကို အနည်းဆုံးအထိ လျှော့ချနိုင်ရေးကြိုးစားရန်လိုအပ်သည့်အပြင် ယင်းတို့၏ လုပ်နည်းလုပ်ဟန်များသည်လည်း တရားဝင်ဖြစ်စေရန်နှင့် အချိုးညီဖြစ်စေရန် သေချာစေရပါမည်။ ဤလုပ်ဆောင်ချက်သည်

စစ်တပ်၊ ရဲတပ်ဖွဲ့၊ ထောက်လှမ်းရေး၊ အကျဉ်းထောင်များ၊ တရားရုံးများနှင့် တခြားသော ဆက်စပ် အဖွဲ့များအားလုံးနှင့် သက်ဆိုင်မှုရှိပါသည်။

လုံခြုံရေး၊ တရားမျှတရေးနှင့်အများပြည်သူဘေးကင်းလုံခြုံမှုဆိုင်ရာ ပြဿနာများကို ဖြစ်ပြီးမှ တုံ့ပြန်မှု ပြုခြင်းထက် မဖြစ်ခင်က ကြိုတင် ကာကွယ်နိုင်ခြင်းက ပို၍ကောင်းပါသည်။ အကြမ်းဖက်ကျူးလွန်မှု၊ ရာဇဝတ်မှု သို့မဟုတ် တခြားသော ပြဿနာများ အသစ်ဖြစ်ပေါ်လာမှု သို့မဟုတ် ပို၍ မြင့်မားလာမှုတို့မှ ကာကွယ်ခြင်းသည် ပြစ်ဒဏ်ခတ်ခြင်းနှင့် စီမံခန့်ခွဲမှုမပြုလုပ်နိုင်သည့် ပြဿနာများကိုပြင်းထန်၍ အပြစ်ပေးသော လုံခြုံရေးဆိုင်ရာ တုံ့ပြန်မှုများအပေါ် မှီခိုခြင်းထက်အများပြည်သူ၏ ကောင်းကျိုးချမ်းသာအပေါ် ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်အထောက် အကူပြုမည် ဖြစ်သည်။ ဦးစွာအနေဖြင့် ယင်းတွင် ဌာနများအချင်းချင်းအပြန်အလှန် ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ပြီး သို့မှသာ ပညာရေး၊ ကျန်းမာရေး၊လူမှုဖူလုံရေးနှင့်တခြားသောအဖွဲ့များနှင့် အတူတကွ အလုပ်လုပ်ဆောင်နိုင်ကာလုံခြုံရေးနှင့် တရားမျှတရေးဆိုင်ရာ ပြဿနာများအတွက် အတူတကွ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထိုမှ အခြေခံကျသည့် အကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်ပြီး ယင်းတို့ဖြစ်ပေါ်စေခဲ့သော ထိခိုက်မှုများကိုလည်း သင့်တော်မှန်ကန်သည့်နည်းလမ်းများဖြင့် လျှော့ချနိုင်မည် ဖြစ်သည်။ ဒုတိယအနေဖြင့် ထိုနည်းလမ်းတွင် လိုအပ်သော အရာမှာ အာဏာပိုင်များနှင့် ယင်းတို့တာဝန်ယူသော ဒေသများရှိပြည်သူများအကြား ပုံမှန်ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပါသည်။[၃၆၈] ဤသို့ဖြင့် တစ်ဦးတစ်ယောက်၏ ရာဇဝတ်မှု အဖြစ်အပျက်များထက် ကျော်လွန်ပြီး အိမ်နီးချင်းများ၏ စိုးရိမ်ပူပန်မှုများကိုလည်း ဖော်ထုတ်၍ ဖြေရှင်းနိုင်ရန် ဖြစ်သည်။ အလားတူ ပုန်ကန် သောင်းကျန်းမှုများနှင့် စနစ်တကျ စီစဉ်ကျူးလွန်သော ရာဇဝတ်မှုများကို ဖြေရှင်းရာတွင်လည်းထိုရာဇဝတ်မှု ဖြစ်စေသော အခြေခံကျ၍ ဖွဲ့စည်းတည်ဆောက်ထားသော အကြောင်းရင်းများ အပေါ်အလေးပေးခြင်းသည် အကောင်းဆုံး ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် အဆင့်မြင့်ပစ်မှတ်ထားမှုများနှင့် မဟာဗျူဟာအရ လိုအပ်သော အကြောင်းအရာများအပေါ်သာ အလေးပေးသည့် အစိုးရ၏ ဖြို့ခွင်းမှုများနှင့် စစ်တပ်စစ်ဆင်ရေးများကို လျှော့ချရန် ကြိုးပမ်း ဆောင်ရွက်ရပါမည်။

“ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခြင်း လုပ်ငန်းစဉ်တွင်အဓိကအရေးကြီးသော အချက်မှာ ရွေးကောက်ခံခေါင်းဆောင်များအနေဖြင့် အထက်အမိန့်ကိုသာနာခံလုပ်ဆောင်တတ်သော အရင်အာဏာပိုင်များ၏ အထက်မှအောက်သို့ သွားသည့်ပုံစံ၊ ခက်ထန်လွန်းသည့်လုံခြုံရေး ဗဟိုပြုသော အလေ့အထများနှင့် သဘောထားများကို ရိုးရှင်းစွာ အမွေဆက်ခံခြင်း မပြုရန် ဖြစ်ပါသည်။”

ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခြင်း လုပ်ငန်းစဉ်တွင် အဓိကအရေးကြီးသောအချက်မှာ ရွေးကောက်ခံခေါင်းဆောင်များအနေဖြင့် အထက်အမိန့်ကိုသာနာခံလုပ်ဆောင်တတ်သော အရင်အာဏာပိုင်များ၏ အထက်မှအောက်သို့ သွားသည့်ပုံစံ၊ ခက်ထန်လွန်းသည့်လုံခြုံရေး ဗဟိုပြုသော အလေ့အထများနှင့် သဘောထားများကို ရိုးရှင်းစွာ အမွေဆက်ခံခြင်း မပြုရန်ဖြစ်ပါသည်။ ယင်းသည် ပြည်သူ့ဝန်ထမ်းများ ပြန်လည်ခန့်အပ်ရန်နှင့် ပြန်လည်လေ့ကျင့်ရန် သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ လမ်းညွှန်မှုများကို ပြုပြင်ပြောင်းလဲရန် ရရှိနိုင်သော အရင်းအမြစ်များ နည်းပါးသည့် အခြေအနေတွင်ဖြစ်လာနိုင်ပါသည်။ အရပ်သားနိုင်ငံရေးသမားများအနေဖြင့် အာဏာရှင်ဆန်သော အစိုးရများနှင့်သာ အတွေ့အကြုံရှိခဲ့သော အခြေအနေများတွင်လည်း သူတို့သည် သူတို့တွေ့ကြုံခဲ့သော အရာများကို ပြန်လည်အတုယူ ကျင့်သုံးမှုများလည်း ရှိနိုင်ပါသည်။ ယင်းကဲ့သို့သော အလေ့အထများ ပြောင်းလဲရန်အတွက်မှာ အသစ်သော ကျွမ်းကျင်မှုများ၊ အသစ်သောမူဝါဒများကို တိုးမြှင့်တည်ဆောက်မှုအပေါ် ရင်းနှီးမြှုပ်နှံရန်နှင့် အရပ်သားအစိုးရတို့က အလုံးစုံသော ပြုပြင်ပြောင်းလဲမှုအပေါ်မဟာဗျူဟာကျသော အလေးပေးလုပ်ဆောင်မှုတို့ လိုအပ်လျက် ရှိပါသည်။ မြန်မာ့မူဝါဒရေးရာ ဆန်းစစ်လေ့လာသူတစ်ဦး၏ အကြံပြုချက်မှာ “အရပ်သားအစိုးရသည် လုံခြုံရေးအပေါ် ယင်းတို့ကိုယ်ပိုင် အမြင်ဖွင့်ဆိုမှု ရှိရန်၊ လုံခြုံရေးမူဝါဒမူကြမ်းပြုစုနိုင်ရန်နှင့်လုံခြုံရေးဆိုင်ရာပြဿနာများဖြေရှင်းရာတွင် အစိုးရတစ်ခုလုံးပါဝင်သော နည်းလမ်းများကို အသုံးပြုရန်ရန်တို့အပေါ် အလေးအနက်ထည့်သွင်း စဉ်းစားသင့်သည်” ဟူ၍ ဖြစ်ပါသည်။[၃၆၉]

ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံတွင်နိုင်ငံရေးနှင့် အုပ်ချုပ်စီမံမှု အလေ့အထများတွင် အခြေခံကျသော ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်ကြောင်းကျယ်ပြန့်စွာ ရေးသားပြုစုခဲ့ပါသည်။ ထိုရေးသားချက်များတွင် "ဒီမိုကရေစီ တန်ဖိုးများနှင့် လူ့အခွင့်အရေးများ" အပေါ်အလေးပေးရန်နှင့် နိုင်ငံကို အကြောက်တရား စက်ဝန်းမှ လွတ်မြောက်စေရန် လုပ်ဆောင်မှုများ လိုအပ်ကြောင်း မကြာခဏ ပါဝင်ပါသည်။[၃၇၀] စစ်တပ်အုပ်ချုပ်ခဲ့စဉ်အခါက သူမအနေဖြင့် ထပ်ခါထပ်ခါ အလေးပေးပြောဆိုခဲ့သော အရာမှာ ထိုသဘောတရားများသည် မြန်မာနိုင်ငံ၏ အခြေအနေအပေါ်တွင် အသုံးပြုနိုင်ကြောင်းနှင့် အသုံးပြုသင့်ကြောင်းဖြစ်ပြီး စစ်တပ်မှမူ ထိုသဘောတရားများသည် "အမျိုးသားရေး ယဉ်ကျေးမှုကို ဆန့်ကျင်ကြောင်း" သို့မဟုတ် မြန်မာပြည်သူများသည် "ဒီမိုကရေစီနှင့် မထိုက်တန်သေးကြောင်း" ဆိုသည့် အချက်များကို အကြောင်းပြ၍ အစဉ်တစိုက် ငြင်းဆိုနေခဲ့ပါသည်။ ထို့ကြောင့် ဒီမိုကရေစီနည်းကျ ပြုပြင်ပြောင်းလဲမှုများ စတင်မှု မပြုမီ အကန့်အသတ် မရှိသော အချိန်ကာလတစ်ခုကို ဖြတ်သန်းရဦးမည်ဟု ဆိုခဲ့ကြပါသည်။[၃၇၁]

သူမအနေဖြင့် လူတစ်ဦးတစ်ယောက်ချင်းစီမှဖြစ်ပေါ်လာရန် လိုအပ်သည့် ပြောင်းလဲမှုများအပေါ် အလေးပေးလာခဲ့ပြီး "စိတ်ဓာတ်ရေးရာပြောင်းလဲမှုတစ်ခု" ဖြစ်ကာ အထူးသဖြင့် အကြောက်တရားများနှင့် အာဏာရှင်စနစ်ကြောင့် စွဲထင်ကျန်ခဲ့သည့် တခြားသော စိတ်ပိုင်းဆိုင်ရာဖိစီးမှုများ[၃၇၂] ကိုကျော်လွှားနိုင်ရန် ဖြစ်ပါသည်။[၃၇၃] သို့သော် 'သာမန်ပြည်သူ' များက နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို မည်သို့ ဦးဆောင်နိုင်မည့်အပေါ် အလေးပေးသော်လည်း[၃၇၄] ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းများနှင့် ရေးသားမှုများတွင် ထိုကဲ့သို့သော တန်ဖိုးများအပေါ်အခြေခံသော အစိုးရတစ်ခုတည်ဆောက်ရန် လိုအပ်သည့် မူဝါဒရေးရာနှင့် အဖွဲ့အစည်းများအတွက် တိကျခိုင်မာသော ပြောင်းလဲမှုများ အနည်းငယ်သာ ပါရှိနေသည်ကို တွေ့ရပါသည်။

ဤအခန်းတွင် မြန်မာ၏ အဓိကဖြစ်သည့် လုံခြုံရေးနှင့် တရားမျှတရေး အဖွဲ့အစည်းများကိုပုံဖော်ပေးနိုင်သည့် အလေ့အထများနှင့် ယဉ်ကျေးမှုများကို လေ့လာမှုပြုသွားမည်ဖြစ်သည်။ အထူးသဖြင့် ထိုအဖွဲ့အစည်းများ၏ စစ်ပုံသွင်းခြင်းနှင့် ဗဟိုပြုသော လက္ခဏာသွင်ပြင်များ အပါအဝင် ယင်းတို့အနေဖြင့် တခြားသော ခေါင်းစဉ်များအကြား ကျား-မရေးရာနှင့်ယဉ်ကျေးမှုဆိုင်ရာ နိုးကြားသတိရှိမှု မည်မျှရှိသည်တို့ကို လေ့လာသွားမည် ဖြစ်သည်။ ထို့အပြင် လက်ရှိအစိုးရများအတွင်းရှိ အရာရှိများ အနေဖြင့် တည်ရှိသော အလေ့အထများနှင့် ယဉ်ကျေးမှုများကိုပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမှုများကို မည်သည့်နေရာတွင် မည်သို့လုပ်ဆောင်နေသနည်း သို့မဟုတ် မည်သည့်အရာကို သူတို့သည် အလွယ်တကူ အမွေဆက်ခံလုပ်ဆောင်ခဲ့ကြသည် စသည်တို့ကို ဆန်းစစ်လေ့လာသွားမည်ဖြစ်သည်။ အခန်းတစ်ခုချင်းစီတွင် တခြားသော အခြေအနေများမှ ဆက်စပ်သည့်သဘောတရားများအပေါ် ထင်ဟပ်မှုပြုခြင်းတို့ အပါအဝင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ရန် အလားအလာရှိသော လမ်းကြောင်းအပေါ် အနည်းငယ်သုံးသပ်ချက်များ ပါဝင်ပါသည်။

## ၄.၁ အရပ်သားဦးဆောင်သော ပြုပြင်ပြောင်းလဲမှုများအတွက် ဆောလျင်သောအားထုတ်မှုများ

အစိုးရအဖွဲ့နှင့် လွှတ်တော်အတွင်းရှိ ရွေးကောက်ခံအရပ်သား ကိုယ်စားလှယ်များသည် လုံခြုံရေးနှင့် တရားမျှတရေး ပြောင်းလဲမှုအပေါ်အားထုတ်မှုများတွင် ရှေးရိုးဆန်မှုများ ရှိနေသေးသော်လည်း သတိပြုမိလောက်သော တိုးတက်မှု တချို့ရှိလာခဲ့ပါသည်။ ပထမဦးစွာဖြင့် ဥပဒေပြုရေး ပြုပြင်ပြောင်းလဲမှုများအပေါ် ဟိုတစ်စသည်တစ်စ အားထုတ်မှုများရှိလာခဲ့ပြီး လွှတ်တော်အတွင်းရှိပါတီစုံတို့၏ တက်ကြွသော ပါဝင်လုပ်ဆောင်မှုများလည်း တွေ့လာခဲ့ရပါသည်။ ဒုတိယအနေဖြင့် အစိုးရက 'ပြောင်းလဲမှုအတွက်စံနမူနာ' အဖြစ်ညွှန်းဆိုလျက်ရှိသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြုပြင် ပြောင်းလဲမှုပြုခြင်းလုပ်ငန်းစဉ်ရှိပြီး အနာဂတ်တွင် ထိုကဲ့သို့သော

နည်းလမ်းကိုအခြားသော ဌာနများနှင့် အေဂျင်စီများတွင်အသုံးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း ပါးနပ်စွာအကြံပြုလျက်ရှိပါသည်။ နောက်ဆက်တွဲ အခန်းများတွင် လက်နက်ကိုင်တပ်ဖွဲ့များ၊ ရာဇဝတ်မှုဆိုင်ရာ တရားမျှတရေးစနစ်များနှင့် ထောက်လှမ်းရေးဌာနများ၏ တိကျသော အခန်းကဏ္ဍများအပေါ် ပိုမိုအသေးစိတ်သောလေ့လာမှုများ ပြုထားပါသည်။

## ဥပဒေရေးဆွဲ ပြဋ္ဌာန်းခြင်းဆိုင်ရာ အပြောင်းအလဲ

၂၀၁၀ ခုနှစ်မှ စတင်၍ လုံခြုံရေးနှင့် တရားမျှတရေး ကိစ္စရပ်များအပေါ် သက်ရောက်မှုရှိသည့် ထင်ရှားသော ဥပဒေပြုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများရှိလာခဲ့ပြီး အထူးသဖြင့် ယင်းတို့သည် ရာဇဝတ်မှုများ၊ အရပ်သားများ၏ ဘေးကင်းလုံခြုံမှုများနှင့်ဆက်စပ်လျက် ရှိပါသည်။ ဥပဒေရေးရာ အကျိုးဆက်များအနေဖြင့် ထိုလုပ်ငန်းစဉ်များသည် အသစ်သောစံနှုန်းများ တည်ဆောက်ရန် အကူအညီဖြစ်စေခဲ့ပြီး အရပ်သားများက လုံခြုံရေးနှင့် တရားမျှတရေး အာဏာပိုင်များအတွက် သတ်မှတ်ချက်ဘောင်များ ချမှတ်ရာတွင် ဦးဆောင်မှုပြုနိုင်စေရန် အသစ်သော အလေ့အထများကိုလည်း ချမှတ်နိုင်ခဲ့ကြပါသည်။

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ပြင်းထန်၍ ဖိနှိပ်မှုရှိသော ယခင် စစ်အစိုးရ၏ ဥပဒေပြုမှုများကို အစားထိုးရာတွင် ကြီးမားသော တိုးတက်မှုများ ရှိနေသော်လည်း ယင်းသည်အာဏာပိုင်များက အရေးကြီးသော လွတ်လပ်မှုများကိုလျော့ပါးစေရန် ဆက်လက်ခွင့်ပြုထားလျက်ရှိပါသည်။ ညီညွတ်သော အရပ်ဘက်အဖွဲ့အစည်းများ၏ပြောင်းလဲရေးအတွက် လှုပ်ရှားမှုများ အပါအဝင်တစ်ဖက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ စစ်တပ်တို့ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့်အများအားဖြင့် သဘောထားတူသည်) နှင့်အခြားတစ်ဖက်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တို့အကြား ထိပ်တိုက်ရင်ဆိုင်မှုများက ထိုဥပဒေကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် ပြင်ဆင်မှုများ ပြုလုပ်နိုင်ခဲ့ကြပါသည်။[၃၇၅]

NLD ဦးဆောင်သော လွှတ်တော်သည် ၁၉၇၅ ခုနှစ်နိုင်ငံတော် ကာကွယ်ရေးဥပဒေ၊ ၁၉၅၀ ပြည့်နှစ် အရေးပေါ်ထောက်ပံ့မှု အက်ဥပဒေများ အပါအဝင် အာဏာပိုင်များက ဒြော့်စာရင်း မတိုင်ထားသည့်ဧည့်သည်များကို “သန်းခေါင်ယံ ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်း” လုပ်ဆောင်ခွင့်ပြုထားပြီး တက်ကြွလှုပ်ရှားသူများ (နှင့် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများ) ကိုတိုက်ခိုက်ရန် အသုံးပြုခဲ့သောရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၏ အဓိကအချက်များကို ရုပ်သိမ်းခဲ့ပါသည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပယ်ဖျက်မှုကိုမူ ပြည်ထဲရေးဝန်ကြီးဌာန၏ သိသိသာသာ အတိုက်အခံပြုသည့်ကြားမှ လုပ်ဆောင်ခဲ့ပါသည်။[၃၇၆]

နိုင်ငံတကာအကူအညီဖြင့် မူကြမ်းရေးဆွဲခဲ့သော ၂၀၁၄ ခုနှစ် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ[၃၇၇]သည်အများပြည်သူတစ်ရပ်လုံး၏ ဘေးကင်းလုံခြုံမှုအပေါ် အလေးထားသည့် လုံခြုံရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှုများ သေချာစေရန် တတ်စွမ်းသော အရပ်သားများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း ဖော်ပြနေပါသည်။ တစ်ဖက်တွင် ဥပဒေသည် တရားဥပဒေစိုးမိုးမှုကို တစ်ဆင့်ပိုမိုမြင့်မားစေခဲ့ပြီး ယင်းသည် မတူကွဲပြားသော အကြမ်းဖက်မှုများအပေါ် ဥပဒေရေးရာ အဓိပ္ပာယ်ဖွင့်ဆိုမှုများစွာနှင့် ထိခိုက်ခံစားရသော ပြည်သူများကို ကာကွယ်လိုသည့် အဆင့်များကို ပွင့်လင်းမြင်သာစွာ ချပြထားပါသည်။ ယင်းသည် အတော်လေးတိုးတက်မှု ရှိသည်ဟုဆိုနိုင်ပြီး အကြောင်းမှာ နိုင်ငံတော်တော်များများသည် အကြမ်းဖက်မှုဝါဒအပေါ် ရိုးရှင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုမှုများ မရှိခဲ့သည့်အပြင် အနက်ဖွင့်ရန်လည်း မလုပ်ဆောင်ခဲ့ကြခြင်း တို့ကြောင့်ဖြစ်ပါသည်။ စစ်တပ်သည် ခြိမ်းခြောက်မှုများကို တစ်ဖက်သတ်ဆန်စွာ တုံ့ပြန်နိုင်သော အခွင့်အာဏာ ရှိနေသော်လည်း ယင်း၏ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ရာတွင် တာဝန်ဝတ္တရားများကို ဥပဒေပြုပြဋ္ဌာန်းရန် ကြိုးပမ်းမှုတိုင်းသည် အပြုသဘောဆောင်သော ခြေလှမ်းတစ်ခုအဖြစ် ရှုမြင်သင့်ပါသည်။ အခြားတစ်ဖက်တွင် ရဲတပ်ဖွဲ့သည် အာရကန် ရိုဟင်ဂျာ လွတ်မြောက်ရေးတပ်၏ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် ပြုလုပ်ခဲ့သော တိုက်ခိုက်မှုများနောက်ဆက်တွဲအနေဖြင့် စစ်တပ်က ရိုဟင်ဂျာ

ပြည်သူများအပေါ် အကြမ်းဖက်မှုပြုခြင်းများ ရပ်တံ့ရန်ပြောဆိုခဲ့သော ရိုဟင်ဂျာ လွှတ်တော်အမတ်ဟောင်းကို ပစ်မှတ်ထားသည့်နေရာတွင် ထိုဥပဒေကိုအသုံးပြုရန် ကြိုးပမ်းခဲ့ကြပါသည်။[၃၇၈] အာရကန်လူမျိုး နိုင်ငံရေးသမားများသည် ရခိုင်ပြည်နယ်တွင် ဗုဒ္ဓဘာသာများနှင့် မွတ်စလင်များကို ခွဲခြားမှုပြုရာတွင်ထိုဥပဒေကို အသုံးပြုရန် ကြိုးပမ်းခဲ့ကြသော်လည်းထိုဥပဒေတွင် ထိုသို့ပြုလုပ်ရန် ခွင့်ပြုသည်ဆိုသည့်အချက်များ ရှင်းလင်းစွာပါရှိခြင်း မရှိပေ။[၃၇၉]

၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ၁၉၉၃ ခုနှစ်မှ ဥပဒေကို အစားထိုးသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်တစ်ခု အတည်ပြုနိုင်ခဲ့ပါသည်။ ယင်းသည် အခြေခံအခွင့်အရေးများကို ကာကွယ်ရန်အတွက် စစ်တပ်အပါအဝင် လုံခြုံရေးတပ်ဖွဲ့များအပေါ် တိုက်ရိုက်ကန့်သတ်မှုပြုနိုင်သော ပထမဦးဆုံးသော ပြည့်စုံသည့် ဥပဒေပြဋ္ဌာန်းမှုတစ်ခုဖြစ်ပြီးအလားအလာရှိသည့် ကျော်လွှားနိုင်မှု တစ်ခုဖြစ်ခဲ့ပါသည်။ ဥပဒေ၏ အခန်း (၁၇) တွင် နိုင်ငံတကာဥပဒေ[၃၈၁] ၌ဖော်ပြထားသကဲ့သို့ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောအကြမ်းဖက်မှု ပုံစံ (၆) မျိုး[၃၈၀] ကို ပြစ်မှုအဖြစ် ပြဋ္ဌာန်းနိုင်ခဲ့သည်သာမက အသက်(၁၈)နှစ်အောက်ကလေးများကို စစ်သားအဖြစ် စုဆောင်းခြင်းမှ တားမြစ်နိုင်ခဲ့သည်။ စုဆောင်းခဲ့သော အသက်မပြည့်သေးသည့်ကလေးများအတွက် 'ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာပြန်လည် ကောင်းမွန်စေရန် ပြုစုကုသရေး၊ ပြန်လည်ထူထောင်ရေးအတွက် လည်းကောင်း၊ ပညာသင်ကြားရေးအတွက်လည်းကောင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ ပေါင်းစည်းနိုင်ရေးအတွက်လည်းကောင်း အစီအမံများ ချမှတ်ပြီး သင့်လျော်သော အကူအညီများပေးရမည်' ကိုအစိုးရကလုပ်ဆောင်ရန်လိုအပ်သည်တို့အထိပါဝင်ပါသည်။[၃၈၂] ဥပဒေက ပြဋ္ဌာန်းထားသည်မှာ ဥပဒေချိုးဖောက်သောစစ်သည်များသည် စစ်ခုံရုံးတွင် စီရင်ခံရမည်ဖြစ်ပြီး စစ်တပ်၏ တရားစီရင်ရေး သီးခြားထားရှိခြင်းကို ဆက်လက်ထိန်းသိမ်းထားရန် ဖြစ်ပါသည်။ သို့သော်လည်း ယင်းသည် အရပ်သားအဖွဲ့အစည်းများအနေဖြင့် စစ်တပ်တရားရုံးများပါ လိုက်နာဖော်ဆောင်ရမည့် ဥပဒေကို ပြဋ္ဌာန်းရာတွင် ပါဝင်ခွင့်ရခဲ့သောဥပမာတစ်ခု ဖြစ်ပါသည်။

တိုးတက်မှု အရှိဆုံးဖြစ်သည့် တရားမျှတရေးနှင့် လုံခြုံရေးဆိုင်ရာ ဥပဒေပြုရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ အချို့တို့တွင် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်နေခဲ့ကြသော်လည်း ဥပဒေများသည်တစ်ခါတစ်ရံ ပြဋ္ဌာန်းနိုင်ရန် ခက်ခဲလေ့ရှိတတ်ပါသည်။ ၂၀၁၁ ခုနှစ်မှ စတင်ကာ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေကြမ်းကို တက်ကြွလှုပ်ရှားသူများ ပါဝင်မှုနှင့်အတူ အမျိုးသမီးများအခြေပြုအရပ်ဘက်အဖွဲ့အစည်းများ၏ ဖိအားများ၊ စိတ်အားထက်သန်သော လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင်၊ အစိုးရဝန်ထမ်းများနှင့် တခြားသက်ဆိုင်ရာ ပုဂ္ဂိုလ်များအားလုံး ညီညွတ်စွာ ပါဝင်မှုဖြင့်ဆွေးနွေးငြင်းခုံလာခဲ့ကြပါသည်။ထိုဥပဒေမူကြမ်းကို ၂၀၁၅ ခုနှစ်တွင် ရေးဆွဲခဲ့ပြီးယင်းကို အတည်ပြုနိုင်ခဲ့မည်ဆိုပါက လင်မယားအကြားမုဒိမ်းမှု ကျူးလွန်ခြင်းကို ခွင့်ပြုထားသည့် လက်ရှိဥပဒေ[၃၈၃] များ၏ ရေးဆန်၍ တရားမျှတသည်ဟု မဆိုနိုင်သည့် ပြဋ္ဌာန်းချက်များကို အဆုံးသတ်ရန် အရေးကြီးသည့် ခြေလှမ်းတစ်ခုအနေဖြင့် ကိုယ်စားပြုနိုင်မည်ဖြစ်သည်။ ထိုဥပဒေမူကြမ်းသည် တချို့သော အမျိုးသမီးအဖွဲ့အစည်း[၃၈၄]များကတောင်းဆိုသောစံနှုန်းများကိုဖြည့်ဆည်းနိုင်မှု မရှိသော်လည်း အိမ်တွင်းအကြမ်းဖက်မှုများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် အလုပ်ခွင်အတွင်း နှောင့်ယှက်မှုများ (ပြစ်မှုများအတွက် ပြဋ္ဌာန်းထားသော စီရင်ချက်များ အပါအဝင်) မှအမျိုးသမီးများကို ကာကွယ်မှုပေးရန်နှင့် လွတ်မြောက်လာသူများကို ဆေးဘက်ဆိုင်ရာ ပံ့ပိုးမှုများ ရရှိစေရေးသေချာစေရန်အတွက် ကြီးမားသော ခြေလှမ်းတစ်ခုဖြစ်လိမ့်မည် ဖြစ်ပါသည်။[၃၈၅]

> "နိုင်ငံတကာအကူအညီဖြင့် မူကြမ်းရေးဆွဲခဲ့သော ၂၀၁၄ ခုနှစ် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေသည် အများပြည်သူတစ်ရပ်လုံး၏ ဘေးကင်းလုံခြုံမှုအပေါ် အလေးထားသည့် လုံခြုံရေးဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းမှုများ သေချာစေရန် တတ်စွမ်းသောအရပ်သားများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း ဖော်ပြနေပါသည်။"

ထိုဥပဒေသည် အစိုးရအဖွဲ့ အတွင်းတွင် ကြန့်ကြာနေပြီး ယင်းအတွက် ကြေညာချက်များ လုပ်ဆောင်နေ သော်လည်း လွှတ်တော်သို့ ပြန်လည်

တုံ့ပြန်မှုများလည်း မရှိသေးပေ။ ထိုဥပဒေကို ပြဋ္ဌာန်းရန်မအောင်မြင်မှုသည် ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းလိုက်သည့် အမျိုးဘာသာသာသနာ ကာကွယ်ရန်ဆိုသည့်ရည်ရွယ်ချက်ဖြင့် အလွန်အမင်း ဆွဲဆောင်မှုရှိလှသည့် ဥပဒေ (၄) ရပ်ကြောင့် ကြီးမားသော ကန့်သတ်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။[၁၈၆] ယင်းသည် အစိုးရအဖွဲ့ အစည်းများအတွင်း ကြီးမားသော ကျား-မ မညီမျှမှု ရှိနေခြင်းနှင့် အမျိုးသမီးများ၏ လိုအပ်ချက်များအပေါ်နားလည်မှု သို့မဟုတ် ဦးစားပေးမှု မရှိခြင်းတို့အပြင် ရှေးရိုးဆန်သော ဘာသာရေးဆိုင်ရာ အယူအဆများက ကြီးမားသော လွှမ်းမိုးမှု ရှိနေသည်ကို ထင်ဟပ်ပြသလျက် ရှိပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကထိုလုပ်ငန်းစဉ်ကို အစိုးရဘက်မှနေ၍ ဦးဆောင်မှုပြုနေပြီး ထိုဝန်ကြီးဌာနက အထက်ပါ ဥပဒေကို ၂၀၁၉ ခုနှစ်အတွင်း အတည်ပြုနိုင်မည် ဖြစ်ကြောင်း ကတိပြုထားခဲ့ပါသည်။[၁၈၇]

ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဥပဒေမူကြမ်းကိုလည်း ပြုစုလျက်ရှိပြီး လွှတ်တော်အတွင်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကာ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပါဝင်ပါသည်။[၁၈၈] အဓိကငြင်းခုံမှုများသည် တခြားနိုင်ငံများတွင် မြင်တွေ့ရသည့်အတိုင်း နိုင်ငံတော်၏ ‘လုံခြုံရေး’ အကျိုးစီးပွားများနှင့် တစ်ဦးတစ်ယောက်ချင်းစီ၏တစ်ကိုယ်ရေ အခွင့်အရေးများအကြား အားပြိုင်မှုများအပေါ် ဗဟိုပြုလျက်ရှိကြောင်း ပြောဆိုမှုများရှိနေပါသည်။[၁၈၉] ပြည်ထဲရေးဝန်ကြီးဌာန၏ အဆိုအရမြန်မာနိုင်ငံရဲတပ်ဖွဲ့ ဥပဒေတစ်ခုကိုလည်း ပြဋ္ဌာန်းထုတ်ပြန်မှုပြုရန် နီးကပ်လာပြီဖြစ်ကြောင်း သိရှိရပါသည်။[၁၉၀] နောက်ဆုံးအနေဖြင့် များပြားလှသော တိုင်းရင်းသားပါတီများသည် လူများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) နှင့်ဆက်သွယ်သည်ဆိုသည့် စွပ်စွဲမှုဖြင့် အပြစ်ပေးရာတွင် အသုံးပြုလေ့ရှိသည့် တရားမဝင်သော အဖွဲ့အစည်းများဥပဒေကို ပြင်ဆင်ရန် လုပ်ငန်းစဉ်တစ်ခုရှိနေသော်လည်း ယင်းသည် လက်ရှိအစိုးရသက်တမ်းအတွင်း အလေးပေးမှုများအရ ခွင့်ပြုမည်/မပြုမည်ဆိုသည့်အချက်မှာ ရှင်းလင်းမှု ရှိမနေသေးပေ။

ပြစ်မှုဆိုင်ရာ ဥပဒေ၊ ရာဇဝတ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းဥပဒေနှင့် အကျဉ်းထောင်ဥပဒေများကိုပြင်ဆင်မှုများသည်လည်း လွှတ်တော်အတွင်းဆွေးနွေးငြင်းခုံနေဆဲဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနနှင့်နိုင်ငံရေး အကျဉ်းသားဟောင်းများဖြစ်ခဲ့ပြီး ထိုဥပဒေများအောက်တွင် အဖိနှိပ်ခံ၊ အနိုင်ကျင့်ခံမှုများကို ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရသည့် တချို့သောလွှတ်တော်ကိုယ်စားလှယ်များက အဓိကပါဝင်လျက်ရှိပါသည်။ ထိုလုပ်ငန်းစဉ်ကို ပြည်သူ့ရေးရာ ကော်မတီနှင့် တခြားသော အဖွဲ့အစည်းများအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ပါဝင်ဆောင်ရွက်မှုမှ တစ်ဆင့်နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) နှင့်မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့က ပံ့ပိုးကူညီလျက်ရှိပါသည် (အခန်း ၄.၃ တွင် ဆက်လက်ကြည့်ရန်)။

## အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် အရပ်သားကိုယ်စားလှယ်ဦးဆောင်သော ပြည်ထောင်စု အစိုးရဝန်ကြီးဌာနသို့ လွှဲပြောင်းခဲ့သည်၊ ထို့နောက်ဝန်ကြီးဦးမင်းသူကအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအား ပြုပြင်ပြောင်းလဲမှုပြုရန် ရိုးရှင်းသောလုပ်ငန်း အစီအစဉ်တစ်ခုကို ချက်ချင်းကြေညာခဲ့ပါသည်။[၁၉၁] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ‘ပြောင်းလဲမှုအတွက် စံပြနမူနာ’ အဖြစ်သော်လည်းကောင်း ပြုပြင်ပြောင်းလဲမှု၏အစိတ်အပိုင်းအဖြစ် သော်လည်းကောင်း ညွှန်းဆိုခဲ့ပါသည်။[၁၉၂] ယင်းသည် ရွေးကောက်ခံအစိုးရက စစ်တပ်၏ အစိတ်အပိုင်းတစ်ခုကို ရယူနိုင်မှုအတွက် အရေးပါသော ပထမဥပမာတစ်ခုဖြစ်ပြီး ထိုမှဆက်လက်ဖော်ပြနေသည်မှာ “မြင်သာသော ပြောင်းလဲမှုကိုယူဆောင်လာနိုင်ခြင်းဖြင့် အများပြည်သူ၏ ယုံကြည်မှုကို တိုးမြင့်ရရှိလာနိုင်ခြင်း” ဆိုသည့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွင် လိုအပ်ကြောင်း ရှင်းလင်းထားပါသည်။[၁၉၃] ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့်ဆွေးနွေးညှိနှိုင်းမှုများကို ချက်ချင်းဆိုသလို စတင်ခဲ့ပါသည်။ယင်းတို့သည်ပြုပြင်ပြောင်းလဲမှုများအပေါ် အလေးပေးခဲ့ပြီး ပုံမှန်အားဖြင့် ဌာနနှင့် ဒေသခံ

အစိုးရအဖွဲ့ကို ဆန့်ကျင့်သော အဓိကဝေဖန်မှုများ အပေါ်ထင်ဟပ် နားလည်နိုင်စေရန် ဖြစ်သည်။

ဝန်ကြီးသည် အထွေထွေ အုပ်ချုပ်ရေးဦးစီး ဌာနအနေဖြင့် အများပြည်သူကို ပိုမိုကိုယ်စားပြုနိုင်သောအဓိကကျသည့် အချက် (၃) ချက်အပေါ်အထူး အလေးပေးလျက် ရှိပါသည်။ ပထမတစ်ချက်မှာ “ပြည်သူများ” နှင့် တွေ့ဆုံခြင်းမှ သူတို့၏ အကြံဉာဏ်များနှင့် သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် အများပြည်သူ၏ ပါဝင်မှုကို တိုးမြှင့်လုပ်ဆောင်ရန်ဖြစ်သည်။ ဒုတိယတစ်ချက်မှာ ‘ပုဂ္ဂလိက အကျိုးခံစားခွင့်များနှင့် အကျင့်ပျက်ခြစားမှုတို့ကို ဖယ်ရှားရန်’ ဖြစ်ပြီးရည်ရွယ်ချက်မှာ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးယူနစ်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအောက်အတွင်း ဖွဲ့စည်းထားရှိရန် ဖြစ်သည်။ တတိယတစ်ချက်မှာ ဝန်ထမ်းတစ်ဦးချင်းစီအတွက်ဖြစ်ပြီး သူတို့အနေဖြင့် ‘မှန်ကန်သောစိတ်ဓာတ်” ရှိရန်၊ အများပြည်သူအတွက် အကောင်းဆုံးသော အကျိုးစီးပွားအပေါ် အခြေခံသောနားလည်လက်ခံမှုဖြင့် ပြုပြင်ပြောင်းလဲမှုအတွက် “သတ္တိရှိ” ပြီးပွင့်လင်းမှု ရှိစေရန် ဖြစ်ပါသည်။[၃၉၄] ဝန်ကြီးက ဝန်ထမ်းများကို ညွှန်ကြားခဲ့သည်မှာ သူတို့အနေဖြင့် “တိုင်းရင်းသားများနှင့် နီးကပ်စွာ အလုပ်လုပ်သည့်”[၃၉၅] အချိန်တွင် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းအတွက် သူတို့၏အခန်းကဏ္ဍကိုနားလည်ရန်လိုအပ်ကြောင်းနှင့်သူတို့သည် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဗဟိုထိန်းချုပ်မှု လျှော့ချခြင်းလုပ်ငန်းတွင် အဓိက အခန်းကဏ္ဍက လုပ်ဆောင်ရမည် ဖြစ်ကြောင်းတို့ ဖြစ်ပါသည်။[၃၉၆]

တချို့သော လေ့လာသူများကမူ ထိုပြောင်းလဲမှုသည် NLD က “တစ်ခုခုလုပ်ဆောင်လျက်ရှိသည်” ဆိုသည်ကို မဲဆန္ဒရှင်များကို ပြသရန်အပေါ်ယံလက္ခဏာတစ်ခုသာ ဖြစ်နေမည်ကို စိုးရိမ်လျက်ရှိနေကြသော်လည်း ဝန်ကြီးဦးမင်းသူ၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများသည် ယခုအချိန်အထိ အတော်လေးခိုင်မာပြီး ထိရောက်လျက်ရှိ နေပါသည်။ ၂၀၁၉ ခုနှစ်၊ မေလတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ရှိအနည်းဆုံး မြို့နယ်တစ်ခုကို ရွေးချယ်ပြီးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို စမ်းသပ်လုပ်ဆောင်နိုင်ရန် စမ်းသပ်စံပြစီမံကိန်းတစ်ခုကို စတင်ခဲ့ပြီးလက်စွဲစာအုပ်အသစ်တစ်ခု ရေးဆွဲခြင်း၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း၏ သင်ရိုးညွှန်းတမ်းများကို အလုံးစုံပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခြင်း၊ ဝါရင့်ဝန်ထမ်းများအပါအဝင်ဝန်ထမ်းများ၏ ‘ပြောင်းလဲလိုစိတ်’ အပေါ်ကျွမ်းကျင်မှုဆိုင်ရာ ဆန်းစစ်လေ့လာမှုများကို ပြုလုပ်ခဲ့ပါသည်။[၃၉၇]

သို့သော်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအတွင်း ကျား-မ သို့မဟုတ် တိုင်းရင်းသားလူမျိုးများမျှတစွာပါဝင်မှု မရှိခြင်းအပေါ်ဖြေရှင်းရန် အစိုးရ၏ ၂၀၁၇ ခုနှစ် ပြည်သူ့ဝန်ဆောင်မှု ပြုပြင်ပြောင်းလဲခြင်းအစီအစဉ်တွင် အထူးအလေးပေးဖော်ပြထားသော်လည်း ယင်းတို့ကိုယခုအချိန်ထိဖော်ပြလုပ်ဆောင်မှုများ မရှိသေးပါ။[၃၉၈] လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ အမျိုးသမီးမြို့နယ်အုပ်ချုပ်ရေးမှူးများ မရှိသေးသကဲ့သို့အမျိုးသမီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည်လည်းအနည်းငယ်သာရှိနေပါသေးသည်။[၃၉၉] အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအတွင်း ဗမာ မဟုတ်သူနှင့် ဗုဒ္ဓဘာသာဝင် မဟုတ်သူများ၏ အရေအတွက်ကို မသိရှိနိုင်သော်လည်း ထိုဌာနတွင် ထင်ရှားသောချန်လှပ်ထားမှုများ ရှိနေပြီး အများအားဖြင့် ဗမာဗုဒ္ဓဘာသာဝင်များသာ အများဆုံးတာဝန် ထမ်းဆောင်လျက်ရှိကြောင်း ထင်မြင်ယူဆမှုများ ရှိနေပါသည်။

> “[ဝန်ကြီးဦးမင်းသူ] ကမူ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနကို ‘ ပြောင်းလဲမှုအတွက် စံပြနမူနာ’ အဖြစ်သော်လည်းကောင်း၊ ပြုပြင်ပြောင်းလဲမှု၏ အစိတ်အပိုင်းအဖြစ်သော်လည်းကောင်းညွှန်းဆိုခဲ့ပါသည်။ ယင်းသည် ရွေးကောက်ခံ အစိုးရက စစ်တပ်၏ အစိတ်အပိုင်းတစ်ခုကို ရယူနိုင်မှုအတွက် အရေးပါသော ပထမဥပမာတစ်ခု ဖြစ်ပြီး ထိုမှ ဆက်လက်ဖော်ပြနေသည်မှာ "မြင်သာသော ပေါင်းလဲမှုကို ယူဆောင်လာနိုင်ခြင်းဖြင့် အများပြည်သူ၏ ယုံကြည်မှုကို တိုးမြှင့် ရရှိလာနိုင်ခြင်း" ဆိုသည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် လိုအပ်ကြောင်း ရှင်းလင်းထားပါသည်။”

တခြားသောအရေးကြီးသည့်မေးခွန်းတစ်ခုမှာအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် လုံခြုံရေးနှင့် တရားမျှတရေး ကိစ္စရပ်များတွင် ယင်းတို့၏

အလွတ်သဘော အဖြစ်သော်လည်းကောင်း တရားဝင်အဖြစ်သော်လည်းကောင်းပါဝင်နေမှုကိုဆက်လက်ထိန်းသွားမလားဆိုသည့် အချက်ပင် ဖြစ်ပါသည်။[၄၀၀] ရာဇဝတ်မှု လုပ်ထုံးလုပ်နည်းဥပဒေရှိ အခန်း (၁၄၄) အောက်ရှိ အရေးပေါ်အာဏာများ ပြဋ္ဌာန်းခြင်းအတွက် တာဝန်ရှိသော အမိကအဖွဲ့အစည်းတစ်ခု အဖြစ်ဆက်ရှိနေမလား သို့မဟုတ် ထိုတာဝန်များသည် စစ်တပ်အောက်ရှိ တခြားသောအဖွဲ့တစ်ခုခု အောက်သို့ရောက်ရှိသွားမလား စသည့်မေးခွန်းများ ရှိနေပါသည်။[၄၀၁] နောက်မေးခွန်းများမှာမူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည်ဒေသအတွင်းအဆင့်ရှိ လုံခြုံရေးဝန်ထမ်းများအပေါ်ညွှန်ကြားမှုများပြုနေနိုင်ဦးမလား၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အရွှေ့အပြောင်းသည် စစ်တပ်က တရားရုံးများအပေါ် သွယ်ဝိုက်သောနည်းဖြင့် လွှမ်းမိုးနိုင်သော ယင်း၏ အာဏာကို လျှော့ချသွားနိုင်မလား၊ အရေးကြီးဆုံးတစ်ခုမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် သွယ်ဝိုက်သောနည်းဖြင့် စစ်တပ်၏ လက်အောက်ခံအဖြစ် ဆက်လက် ရှိနေမလား သို့မဟုတ်အသစ်သောအဖွဲ့အစည်းဆိုင်ရာယဉ်ကျေးမှု တစ်ခု ဖြစ်လာမလားဆိုသည့် မေးခွန်းများ ဖြစ်ပါသည်။

တချို့သော မေးခွန်းများသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ အာဏာများနှင့် လုပ်ပိုင်ခွင့်များကို ရေးဆွဲထားသော ဥပဒေ (၁၉) ခု၊ ဥပဒေစည်းမျဉ်း (၁၀) ခုနှင့် ဒါဇင်လိုက်ရှိသော ရေးချထားသည့်အမိန့်စာများနှင့်ညွှန်ကြားချက်များကိုပြန်လည်ဆန်းစစ်ခြင်းနှင့် ပြင်ဆင်ခြင်းများမှ တိကျသောအဖြေများရရှိနိုင်မည် ဖြစ်ပါသည်။[၄၀၂] အရေးကြီးသည်မှာတချို့သော တရားဝင်အာဏာများသည် ဌာနမှတိုက်ရိုက် ကိုင်တွယ်ထားသော်လည်း တချို့မှာမူ ပြည်ထဲရေးဝန်ကြီးဌာနမှ တရားဝင်ညွှန်ကြားပြဋ္ဌာန်းထားသောအရာများ ဖြစ်ပါသည်။ တချို့သော အဖြေများမှာအဆင့်တိုင်းရှိ စစ်တပ်နှင့် အရပ်သားများအကြားပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းမှုများအပေါ်များစွာမူတည်ပြီး ယင်းသည် အချိန်နှင့်အမျှ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲဖြစ်ပေါ်လာမည် ဖြစ်သည်။

## ၄.၂ မြန်မာလက်နက်ကိုင် တပ်ဖွဲ့များ

မြန်မာလက်နက်ကိုင်တပ်ဖွဲ့များ (တပ်မတော်) သည်ရှည်လျားသော သမိုင်းကြောင်းကို ပိုင်ဆိုင်ထားသည့်ကြီးမားသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီးမိမိတို့အဖွဲ့အတွင်း ဆယ်စုနှစ်များကြာ တိုးမြင့်တည်ဆောက်လာသောအယူဝါဒများနှင့် ထုံးတမ်းအစဉ်အလာများဖြင့်သာ ရပ်တည်လာခဲ့ပါသည်။[၄၀၃] ပုံစံအမျိုးမျိုးဖြင့်လာသောပြင်ပမှ ဝင်ရောက်စွက်ဖက်မှုများကို စွဲမြဲခိုင်မာစွာဆန့်ကျင်လာခဲ့ကြပါသည်။ အစိုးရ၏ အရပ်သားကိုယ်စားလှယ်များဘက်ခြမ်းတွင် မကြာခင် ကာလအတွင်း၌ စစ်တပ်ကို အမြစ်ပါမကျန် ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် လှုံ့ဆော်မှုနှင့် ဦးဆောင်မှုများလုပ်နိုင်သည့် အခွင့်အရေးမှာ သူတို့တွင် တကယ်တမ်းရှိမနေပေ။ အလားတူ စစ်တပ်ကို ဦးတည်သော ‘လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး’ လုပ်ငန်းအစီအစဉ်များအတွက် နိုင်ငံတကာမှ ပံ့ပိုးရန် နယ်ပယ်များရှိမနေသေးပေ။

မကြာခင် ကာလအတွင်း ဖြစ်ပေါ်လာမည့် ပြောင်းလဲမှုတိုင်းသည် စစ်တပ်အတွင်းမှသာ ဦးဆောင်ဖြစ်ပေါ် လာမည်ဖြစ်ပြီး ထိုပြောင်းလဲမှုသည် တခြားမှလာသောညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သော ဖိအားများ၊ အားပေးလှုံ့ဆော်မှုများနှင့် အကူအညီများဖြင့်သာ ဖြစ်နိုင်လိမ့်မည် ဖြစ်သည်။ စစ်တပ်သည် ခေတ်မီသော အဖွဲ့အစည်းတစ်ခုဖြစ်ရေး အားထုတ်မှုများပေါ် ရင်းနှီးမြှုပ်နှံမှုကို ဆက်လက်လုပ်ဆောင်လာခဲ့ပါသည် (စာကွက် ၁ ကိုကြည့်ရန်)။ အထူးသဖြင့် NLD အာဏာရရှိလာပြီး အချိန်မှစ၍ စစ်ဦးစီးချုပ်မင်းအောင်လှိုင်၏ ဝိသေသလုပ်ငန်းစဉ်များသည် သူကခေါ်ဆိုသည့် “အဆင့်အတန်းမီစစ်တပ်”[၄၀၄] အဖြစ်သို့တပ်ဖွဲ့များကို အဆင့်မြှင့်တင် လုပ်ဆောင်လာခဲ့ပါသည်။[၄၀၅] အချုပ်အရ သူသည် လက်နက်ကိုင်တပ်ဖွဲ့များ၏ စစ်တပ်စွမ်းရည်များကို ခေတ်မီ၍ နိုင်ငံတကာအဆင့်အတန်း မီတပ်ဖွဲ့တစ်ခုအဖြစ်သို့ အဆင့်မြှင့်တင်လုပ်ဆောင်လျက် ရှိခြင်းကို ညွှန်းဆိုပါသည်။ ယင်းတွင်စစ်တပ်၏နည်းပညာပိုင်းနှင့်သင်တန်းများ တိုးမြှင့်

## စာကွက် ၁ -
## ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ရေး လုပ်ငန်းအစီအစဉ်

၁၉၈၀ ခုနှစ်များ နောက်ပိုင်းမှ စတင်ကာလက်နက်ကိုင် တပ်ဖွဲ့များက တပ်ဖွဲ့ကို ခေတ်မီအဖွဲ့ ဖြစ်လာရေးအပေါ် အဓိကထားအလေးပေးလာခဲ့ ပြီး ဒေသအတွင်း စစ်တပ်များနှင့် ကမ္ဘာလုံးဆိုင်ရာ ပြိုင်ဘက်များနှင့် တန်းတူဖြစ်လာ ရန်ဖြစ်သည်။[၄၁၀] 'နှောင်ကြိုးမပါသော" ပံ့ပိုးမှုများကိုသာ လက်ခံ၍ ကမ္ဘာ့ပဋိပက္ခဇာတ်ခုံတွင် ကြားနေရေးဝါဒကိုထိန်းသိမ်းလျက်ရှိသော နိုင်ငံတစ်ခုတွင် စစ်တပ်သည်ယင်း၏ ရည်ရွယ်ချက်များအပေါ်အတော်လေးအောင်မြင်မှု ရရှိနေခဲ့ပါသည်။[၄၁၁] လက်ရှိနှစ်များအတွင်း စစ်တပ်သည် ယင်း၏လေတပ်ကို ပုံမှန် တိုးချဲ့လာခဲ့ကာ နိုင်ငံခြားကုမ္ပဏီများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဂျက်လေယာဉ်များကို နိုင်ငံတွင်း တပ်ဆင်ခြင်းများ စတင်ပြုလုပ်လာခဲ့သည့်အပြင် တင့်ကားများ၊ ဒုံးလောင်ချာများနှင့် များပြားလှသောလက်နက်ငယ်များနှင့် အပေါ့စားလက်နက်များ တည်ဆောက်တပ်ဆင်ခြင်းများကိုလည်းပြုလုပ် လာခဲ့ပါသည်။[၄၁၂] စစ်တပ်သည် အနည်းဆုံး စစ်သင်္ဘောကြီး (၃) စီး (၂ ခုမှာ အမျိုးအစား တူပါသည်) ကိုတည်ဆောက်ခဲ့ ပြီး ယင်းတို့သည် ၂၀၀၈၊ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်တို့တွင် အသီးသီး တာဝန်ထမ်းဆောင်မှုများ စတင်ခဲ့သည့်အပြင် ဖျက်သင်္ဘောများ၊ အမြန်တိုက်ခိုက်ရေး ရေယာဉ်နှင့် အခြားသော စစ်ရေယာဉ်များအားလည်း တည်ဆောက်ခဲ့ကြပါသည်။[၄၁၃]

ဤစွမ်းရည်များကို ပြသရန်အတွက် စစ်တပ်သည် လက်ရှိနှစ်များတွင် များစွာသော စစ်ရေးလေ့ကျင့်မှုများကို စီစဉ်ခြင်း၊ ပါဝင်ခြင်းများ လုပ်ဆောင်လာခဲ့ ပြီး၂၀၁၈ ခုနှစ်[၄၁၄] တွင်နှစ်ပေါင်း ၂၀ အတွင်းပထမဦးဆုံးသော အဖွဲ့သုံးဖွဲ့ပါ လေ့ကျင့်မှုတွင် ပါဝင်ခဲ့ကာ ၂၀၁၉[၄၁၅] ခုနှစ်၊ မတ်လတွင်လည်း ရေတပ်လေ့ကျင့်မှုများ အပါအဝင် ၂၀၁၈ ခုနှစ်တွင် အိန္ဒိယနှင့် ပူးပေါင်းလေ့ကျင့်မှုများစွာကိုလုပ်ဆောင်ခဲ့ပါသည်။[၄၁၆]

လုပ်ဆောင်မှုများ ပါဝင်သည့်အပြင် ဦးသန်းရွှေက ၁၉၉၀ ပြည့်နှစ်များတွင် အစပြုလုပ်ဆောင်ခဲ့သော ခေတ်မီတိုးတက်ရေး လုပ်ငန်းစဉ်ကို ကျယ်ပြန့်စွာ ဆက်လက် လုပ်ဆောင်လာခြင်းသာ ဖြစ်ပါသည်။ တပ်မတော်၏ လက်နက်ကိရိယာ၊ ကျွမ်းကျင်မှု၊ အယူဝါဒနှင့် ဦးစားပေးများသည် တစ်ဆင့်ပြီးတစ်ဆင့် အဆက်မပြတ် ပြောင်းလဲလာသော်လည်း နိုင်ငံ၏ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းခြင်း လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခု အနေဖြင့် ကျယ်ပြန့်ပြည့်စုံသော ပြုပြင်ပြောင်းလဲမှုများ အစပြုလုပ်ဆောင်နိုင်ရန် တိကျသည့် လုပ်ငန်းစဉ်များ ရှိမနေခဲ့ပေ။ စင်စစ်တပ်မတော်သည် ပြောင်းလဲမှု၏ ကိုယ်စားလှယ်တစ်ဦးအဖြစ်ထက် ယင်းသည် ယုံကြည်စိတ်ချရပြီး တည်ငြိမ်မှုကို ထိန်းသိမ်းသော အဓိကအဖွဲ့အဖြစ်သာ မိမိကိုယ်ကို ရှုမြင်လျက်ရှိပါသည်။

မင်းအောင်လှိုင်အနေဖြင့် အခါအားလျော်စွာ "ပညာရှင်ဆန်မှု"[၄၀၆] ဆိုသည့် အသုံးအနှုန်းကို အသုံးပြုခဲ့သော်လည်း သူ့အနေဖြင့် လက်နက်ကိုင်တပ်ဖွဲ့များသည်အရပ်သားကိုယ်စားလှယ်များ၏ သတ်မှတ်ဦးဆောင်မှုဖြင့် ဖော်ဆောင်လျက်ရှိသော ပေါ်လစီများကိုလိုက်နာ၍ နိုင်ငံရေးနှင့် ကင်းရှင်းသော စစ်တပ်တစ်ခုဖြစ်ရမည်ဆိုသော အနောက်တိုင်းပညာရေး အယူအဆဖြစ်သည့် "ပညာရှင်ဆန်သော" အဖွဲ့[၄၀၇] ဖြစ်လာနိုင်ရန်ဆိုသည့် ညွှန်းဆိုမှုမျိုး မပြုလုပ်မိရန် ဂရုစိုက်လာခဲ့ပါသည်။[၄၀၈] ထို့အပြင် သူ၏လုပ်ငန်းစဉ်တွင်လူ့အခွင့်အရေးများသို့မဟုတ်နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေတို့အပေါ်တိကျသည့် အလေးပေးမှုများ ပါဝင်မှု ရှိမနေပေ။[၄၀၉]

NLD ၏ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ ကြေညာစာတမ်းတွင် 'တပ်မတော်သည် ဒီမိုကရေစီကျင့်စဉ်များကို ကာကွယ်ဖြည့်ဆည်းပေးသော ဂုဏ်သိက္ခာရှိသည့် အင်အားစုဖြစ်ရမည်' ဟုဖော်ပြထားပါသည်။ ထိုတပ်မတော်သည် 'ပြည်သူတို့၏ ယုံကြည်

အားကိုးလေးစားသော တပ်မတော် ဖြစ်မြောက်ရေး မူအပေါ် ရပ်တည်ဆောင်ရွက်မည်’ ဆိုသည့်အချက် အပေါ် ဝန်ခံကတိပြုထားပါသည်။ သို့သော် NLD သည် စစ်တပ်ပြုပြင်ပြောင်းလဲမှုအတွက် ယင်းတို့ တွင်မည်သို့သော ဦးစားပေးမှုများရှိနေသည်ကိုယခု နှစ်များအတွင်း အလွန်နည်းသော အချက်အလက် များကိုသာတွေ့နေရပါသည်။

## ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ

သောင်းကျန်းမှု တိုက်ဖျက်ရေး အစီအစဉ် သည်တခြားသော စစ်တပ်စစ်ဆင်ရေး အမျိုးအစား များထက် မြန်မာနိုင်ငံရှိပြည်သူများကို ပိုမိုတိုက်ရိုက် ထိခိုက်စေလျက် ရှိပါသည်။ အကြောင်းမှာ စစ်တပ် သည်တခြားသော လက်နက်ကိုင်အဖွဲ့များကို ပံ့ပိုး နိုင်သည်ဟု ယူဆသောလူများအပေါ် ပုံမှန်အားဖြင့် ပစ်မှတ်ထားလေ့ ရှိခြင်းကြောင့် ဖြစ်ပါသည်။ အရပ် သားများအပေါ်ဆက်ဆံပြုမူခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ စွပ်စွဲမှုများမှလွဲပြီး လက်ရှိစစ် တပ်၏ ချဉ်းကပ်ပုံများသည် ထိရောက်မှု မရှိကြောင်း ရိုးရှင်းစွာ သက်သေပြလျက် ရှိပါသည်။ ယင်းတို့၏ ချဉ်းကပ်ပုံသည် ပဋိပက္ခကို ပိုမိုတိုးမြင့်စေခြင်းနှင့် ရှည်ကြာစေခြင်းတို့ ဖြစ်ပေါ်စေသည့်အပြင် ပဋိပက္ခ ဒေသများအတွင်းရှိ ပြည်သူများ၏ လုံခြုံရေးနှင့် တစ်ခါတစ်ရံ နိုင်ငံတော် လုံခြုံရေးကိုလည်း ခြိမ်း ခြောက်လျက် ရှိပါသည်။

၁၉၈၀ ပြည့်နှစ်များနောက်ပိုင်းမှ စတင်၍ တပ်မတော်၏ ဆက်စပ်လွှမ်းခြုံနေသော မဟာဗျူဟာ တစ်ခုမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အများ စုနှင့် အပစ်ခတ်ရပ်စဲမှုများ လက်မှတ်ထိုး ထိန်းသိမ်း လာခဲ့ခြင်းဖြစ်သည်။ တစ်ကြိမ်တွင် အဖွဲ့အနည်း ငယ်နှင့်သာ တိုက်ခိုက်ခြင်းက ထိုအဖွဲ့များ အလွန် အင်အားကြီးထွားလာမှုနှင့် နယ်မြေချဲ့မှု များမဖြစ် စေရန် ခြောက်သွေ့ရာသီများတွင် အဖွဲ့များအပေါ် ပြင်းထန်သော စစ်ဆင်ရေးများဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခဲ့ပါသည်။ ထိုစစ်ဆင်ရေးများ၌ ၁၉၆၀ ပြည့် နှစ်များတွင် တည်ဆောက်လာခဲ့သော မဟာဗျူဟာ ဆိုင်ရာ သဘောတရားများအား ဗြိတိသျှနှင့် ဂျပန် တို့၏မြေလှန်စနစ်အပေါ် အခြေခံသော နည်းလမ်း များကို အသုံးပြုလာခဲ့ကြပါသည်။ ထိုစစ်ဆင်ရေး များသည် လက်နက်ကိုင်အဖွဲ့များကို ပံ့ပိုးသည်ဟု ယူဆသော လူထုများကို ပုံမှန်အားဖြင့် ပစ်မှတ်ထား ခဲ့ကြကာ ယင်းတို့ကို သတ်မှတ်ထားသော ဒေသများ သို့ရွှေ့ပြောင်းစေခြင်း သို့မဟုတ် အင်အားသုံး ရှင်း လင်းခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

မျိုးဆက်များစွာမှ သန်းချီသော ပြည်သူများ သည်နေရပ်စွန့်ခွာ ခဲ့ကြရပြီး မရေတွက်နိုင်သော ထောင်ပေါင်းများစွာသော ပြည်သူများလည်း သတ် ဖြတ်ခံခဲ့ကြရခြင်း သို့မဟုတ် ပြင်းထန်သော အကြမ်း ဖက်မှုများကို ခံစားခဲ့ကြရပါသည်။ ဒေသခံနှင့် နိုင်ငံ တကာ အဖွဲ့အစည်းများသည် လူ့အခွင့်အရေး ချိုး ဖောက်မှုများကို ‘စနစ်တကျ’ မှတ်တမ်းတင်မှုများ လုပ်ဆောင်ပါသည်။

တပ်မတော်သည် ပုံမှန်အားဖြင့် ကျေးရွာ များကို မီးရှို့ခြင်း၊ အမျိုးသမီးများကို မုဒိမ်းကျင့်ခြင်း၊ သောင်းကျန်းသူများကို ပံ့ပိုးမှုပြုသည်ဆိုသည့် စွပ်စွဲ မှုများဖြင့် အမျိုးသားများကို နှိပ်စက်ညှဉ်းပန်းခြင်း ပြည်သူတို့၏ အစားအစာ သိုလှောင်ရုံများကို ဖျက် ဆီးခဲ့ခြင်း၊ အရပ်သားများ နေထိုင်ရာနှင့် လယ် ယာခင်းများတွင် မြေမြှုပ်မိုင်းများထောင်ခြင်း၊ တခြား သောစံတင်လောက်သည့် အကြမ်းဖက်မှုပုံစံများကို ကျူးလွန်ခြင်းတို့ရှိခဲ့ကြောင်း တွေ့ရှိရပါသည်။[၄၁၈] ထိုကဲ့ သို့သောချိုးဖောက်မှုများသည် အများအားဖြင့် စစ် တပ်၏ ခြေမြန်တပ်မကြီး (၁၀) ခုနှင့် ပုံမှန်အားဖြင့် ဆက်စပ်လျက် ရှိခဲ့ကြပြီး ယင်းတို့သည် ရွေ့လျား တပ်ဖွဲ့များဖြစ်ကာထိုတပ်မတစ်ခုချင်းစီတွင်ခြေလျင် တပ်ရင်း (၁၀) ခုစီပါဝင်ကြသည့်အပြင် အထူးသဖြင့် သောင်းကျန်းမှု တိုက်ဖျက်သည့် စစ်ဆင်ရေးများ အတွက်အမြောက်တပ်ဖွဲ့များကိုပါ တပ်ဆင်ထားပါ သည်။ ယင်းတို့ကို ပုံမှန်အားဖြင့် ‘နယ်မြေရှင်းလင်း ခြင်းစစ်ဆင်ရေးများ’ တွင်အသုံးပြုလေ့ရှိပြီး အရပ် သားများနှင့် စစ်သားများကို သောင်းကျန်းမှုများမှ တည်ဖြစ်ပွားလျက်ရှိသော သတ်မှတ်နေရာများမှာ မောင်းထုတ်နိုင်ရန် ဖြစ်ပါသည်။ တစ်နှစ်ချင်းစီတွင် ဖြစ်ပွားခဲ့သော ထိုပဋိပက္ခများတွင် သေဆုံးခဲ့သော သို့မဟုတ် ထိခိုက်ဒဏ်ရာ ရရှိခဲ့သော မြန်မာစစ်သား များစုစုပေါင်း၏ အရေအတွက်သည် မသိရှိရသော် လည်းကြီးမားသော ဝန်ထုတ်ဝန်ပိုးတစ်ခု အဖြစ်ကိုယ် စားပြုလျက် ရှိပါသည်။

## စာကွက် ၂ - နယ်ခြားစောင့်တပ်ဖွဲ့များ၊ ပြည်သူ့ အရံတပ်များနှင့် ‘စီးပွားရေးဖွံ့ဖြိုးမှု”

အနည်းဆုံး ဒုတိယကမ္ဘာစစ်မှစတင်ကာဒေသအတွင်း ပေါ်ပေါက်လာသော ပြည်သူ့စစ်အရံတပ်များသည် ဗဟိုကွပ်ကဲမှုလျော့နည်းပြီး စစ်တပ်ခေါင်းဆောင်များက တည်ငြိမ်ရေးနှင့် ထိန်းချုပ်ရေးများ ဆက်လက်တည်ရှိနိုင်ရေး ပံ့ပိုးသော အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ်များ နောက်ပိုင်းမှစတင်၍ စစ်တပ်သည် တရားဝင်ဖြစ်သည့်အရန်တပ်များ သို့မဟုတ် ဒေသခံကာကွယ်ရေး အဖွဲ့ငယ်များ တည်ထောင်ခြင်းများ စတင်ခဲ့ကြပါသည်။ ယင်းတို့၏ သစ္စာရှိမှုကို ရရှိစေရန် ယင်းတို့ကို စီးပွားရေးနှင့် ကုန်သွယ်ရေး အခွင့်အရေးများ ပံ့ပိုးပေးခဲ့ပါသည်။ အများစုသော အဖွဲ့များမှာ တိုင်းရင်းသားလက်ကိုင် အဖွဲ့အစည်းဟောင်းများဖြစ်ကြပြီး အကျိုးစီးပွားများ အတွက် ယင်းတို့က ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် သဘောတူညီခဲ့ကြပါသည်။ ကိစ္စတော်တော်များတွင် ယင်းတို့သည် မိခင်အဖွဲ့အစည်းများမှ ခွဲထွက်လာသော တစ်ဦးချင်းခေါင်းဆောင်များက ဖွဲ့စည်းခဲ့ကြခြင်း ဖြစ်ပါသည်။ ရလဒ်တစ်ခုအနေဖြင့် ယင်းတို့၏ အဓိကဖွဲ့စည်းတည်ရှိမှုမှာ တိကျသော လုံခြုံရေးတာဝန်များ ဖြည့်ဆည်းပေးခြင်းထက် တိုက်ခိုက်မှုကို ရိုးရှင်းစွာ ရပ်တန့်ရန်နှင့် လက်နက်ကိုင်ဆန့်ကျင်မှုများ အားလျော့သွားစေရန်ဖြစ်ပါသည်။

လက်ရှိတွင် အနည်းဆုံး နယ်ခြားစောင့်တပ်ဖွဲ့ (BGF) (၂၃) နှင့် အနည်းဆုံး ပြည်သူ့အရန်တပ် (PMF) (၁၅) ခုရှိနေသည်သာမက သေးငယ်သော ‘ပြည်သူ့စစ်များ’ မှာရာနှင့်ချီရှိနေကြပါသည်။ BGF နှင့် PMF များကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသို့ ကူးပြောင်းသော အစိတ်အပိုင်းအနေဖြင့် ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်များတွင် ဖွဲ့စည်းခဲ့ကြပါသည်။ ထိုအချိန်ရှိ အပစ်ခတ်ရပ်ထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးကို မြန်မာ့စစ် တပ်မတော်၏အမိန့်အောက်သို့လာရောက်ကြရန် အမိန့်ပေးခဲ့ပါသည်။ အများစုမှာ ငြင်းဆိုခဲ့ကြပြီး နိုင်ငံ၏ မြောက်ပိုင်းတွင် ပဋိပက္ခများ ကျယ်ပြန့်စွာ ပေါ်ပေါက်လာခြင်းသို့ တွန်းပို့ခဲ့ပါသည်။ ပြန်လည်ဖွဲ့စည်းခဲ့သော အဖွဲ့များသည် ပုံမှန်အားဖြင့် စီးပွားရေးလုပ်ဆောင်လာခဲ့ကြပြီး အချို့သောအဖွဲ့များကို ထိန်းချုပ်ရန်မှာမြန်မာစစ်တပ်အတွက်ပင်လျှင် ခက်ခဲမှုများရှိလာကာ ဒေသခံအရပ်သား အာဏာပိုင်များအတွက်မူ ပိုမိုခက်ခဲနိုင်ပါသည်။[၄၁၉]

နယ်ခြားစောင့် တပ်ဖွဲ့တစ်ခုစီတွင်တပ်သား (၃၂၆) ဦးနှင့် မြန်မာစစ်တပ်အရာရှိနှင့် ရာထူးတူသော ပံ့ပိုးသူစစ်သား (၃၂) ဦးမှာ ပုံမှန်အားဖြင့် ပါရှိကြပါသည်။ PMF များသည် မြန်မာစစ်တပ်၏ အမိန့်အောက်တွင် ရှိနေသော်လည်း ကြီးမားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ဆက်လက်ထိန်းသိမ်းထားပြီး ယင်းတို့နှင့် ရာထူးတူသော မြန်မာစစ်တပ်အရာရှိများလည်း ပါဝင်ခြင်းမရှိပေ။ တချို့သောအဖွဲ့ငယ်များသည် ဒေသခံတိုင်းရင်းသားနိုင်ငံရေးပါတီများ သို့မဟုတ် တစ်သီးပုဂ္ဂလနိုင်ငံရေးသမားများနှင့် တိုက်ရိုက်ချိတ်ဆက်မှုများ ရှိနေတတ်ကာ ထိုနိုင်ငံရေးသမားများသည် အမှန်တကယ်လွတ်လပ်စွာ ရပ်တည်သူများ ဖြစ်သလို စစ်တပ် ကျောထောက်နောက်ခံ ကြံ့ခိုင်ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ လက်ဝေခံများ ဖြစ်နေတတ်ပါသည်။[၄၂၀] ထိုပြည်သူ့စစ်များထဲမှ ကောင်းခါးပြည်သူ့စစ်သည် တပ်မတော်နှင့် ၁၉၉၁ ခုနှစ်မှ စတင်မဟာမိတ်ဖွဲ့ခဲ့ပါသည်။ ထိုအဖွဲ့သည် အာရှပစိဖိတ်ဒေသအတွင်း နှစ်စဉ် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၃၀.၃ နှင့် ၆၁.၄ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွဆေးပြားကူးသန်းရောင်းဝယ်မှုကို လုပ်ဆောင်လျက်ရှိပါသည်။[၄၂၁]

စစ်တပ်တစ်ခု၏ အမြင်မှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ထိန်းသိမ်းထားပြီးယင်းတို့က အဓိကကျသော မြို့များတွင် နိုင်ငံ၏

အဓိကကျမှုကို စိန်ခေါ်မှု ပြုနေခြင်း သို့မဟုတ် အများစုသော သဘာဝအရင်း အမြစ်များနှင့် ကုန်သွယ်ရေးလမ်းကြောင်းများကို ထိန်းချုပ်နိုင်သော ယင်းတို့၏ အရည်အသွေးများကို တားဆီးရန်အတွက် စစ်တပ်တွင်တာဝန်ရှိသည်ဟု ယူဆခြင်း ဖြစ်သည်။ သို့သော် လက်ရှိ ဆယ်စုနှစ်များအတွင်း ကြီးမားသော လက်နက်ကိုင်အဖွဲ့အစည်းများသည် ကျရှုံးခဲ့ခြင်း မရှိခဲ့သည်မှာ ထင်ရှားသည့်အပြင် ရှုံးနိမ့်ခဲ့သော အဖွဲ့ငယ်များသည်လည်း တပ်ဖွဲ့များ ဖြုတ်သိမ်းမှု ပြုလုပ်ခဲ့ခြင်းမရှိသလောက် ရှားပါးပြီး ယင်းတို့၏ တိုက်ခိုက်ရေးသမားများသည် တခြားသော အဖွဲ့များနှင့်သွားရောက်ပူးပေါင်းရန် သို့မဟုတ် အဖွဲ့အသစ်များ ဖွဲ့စည်းခြင်းဖြင့် ပြန်လည်ရပ်တည်လာ ကြပါသည်။ ယင်းအချိန်အတောအတွင်း မြန်မာအစိုးရအပေါ် မယုံကြည်မှုများသည် တိုးမြင့်လာခဲ့ပြီး ထိခိုက်မှုခံစားရသောဒေသများရှိ ပြည်သူများသည် လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် ပြည်သူ့စစ်များကို ပံ့ပိုးခြင်း၊ ဖွဲ့စည်းခြင်းကသာ ယင်းတို့ကို ကာကွယ်မှုပေးနိုင်သည့်တစ်ခုတည်းသော နည်းလမ်းအဖြစ် လက်ခံယုံကြည်လာခဲ့ကြပါသည်။ တပ်မတော်၏ စစ်ဆင်ရေးများသည် အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်မှုကို ကြီးမားစွာ ဖြစ်ပေါ်စေခဲ့ပြီး အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ အသစ်သော မဟာဗျူဟာကျသည့် စိန်ခေါ်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ အထူးသဖြင့် ပစ်မှတ်ထားခံရသော တိုင်းရင်းသားလူမျိုးများက ပြည်ပရောက် လူထုများသည် နိုင်ငံတကာမဟာမိတ်များ၏ အကူအညီများရယူကာ မြန်မာအစိုးရကို နိုင်ငံတကာမှ လေးနက်သော အရေးယူမှုများလုပ်ဆောင်ရန် လှုပ်ရှားတောင်းဆိုခဲ့ကြပါသည်။

၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များ၌ ရခိုင်ပြည်နယ်အတွင်း ပြုလုပ်ခဲ့သော စစ်တပ်စစ်ဆင်ရေးများသည်မြန်မာအစိုးရအတွက်ကြီးမားပြီးမဟာဗျူဟာကျသောစိန်ခေါ်မှုများကို ဖန်တီးပေးခဲ့သည်။ ယင်းသည် အစိုးရနှင့် စစ်တပ်၏ နိုင်ငံတကာ ဆက်ဆံရေးကို ပျက်စီးစေခဲ့ရုံသာမက တစ်သန်းနီးပါးလောက်ရှိသည့် ဒုက္ခသည်များကို ထွက်ခွာသွားစေခဲ့ပြီး ယင်းတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်အနီးတွင် ပိတ်မိနေကာ အိမ်နီးချင်း၏ ဆန့်ကျင်မှုများကို တိုးမြင့်ခံစားလာနေရပါသည်။ ရိုဟင်ဂျာလူထုနှင့် နိုင်ငံတကာအစ္စလမ်မစ်အစွန်းရောက် ကွက်ရက်များနှင့် ချိတ်ဆက်မှု ရှိသည် သို့မဟုတ် အာရကန်ရိုဟင်ဂျာ လွတ်မြောက်ရေးတပ်များနှင့် ချိတ်ဆက်မှုရှိနေသည် ဆိုခြင်းသည် ခိုင်မာမှုတော်တော်လေး မရှိသည်ကို တွေ့ရသော်လည်း ထိုချိတ်ဆက်မှုများ ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်သည်အရင်ကထက် မြင့်တက်လာလျက် ရှိပါသည်။ အကြောင်းမှာ ရွှေ့ပြောင်းခဲ့ရသော လူထုအကြားရှိ နက်ရှိုင်းသော မကျေနပ်မှုများနှင့်အတူ သူတို့၏ အကျပ်အတည်းများအပေါ် နိုင်ငံတကာ၏ အလေးပေးအာရုံစိုက်မှုကို များစွာရရှိ ထားခြင်းတို့ကြောင့် ဖြစ်ပါသည်။

စစ်တပ်က နိုင်ငံရေးဆွေးနွေး ညှိနှိုင်းမှုများကိုလုပ်ဆောင်ရန် ဆန္ဒမရှိနေသေးသည့် အတွက် အပစ်ရပ်အဖွဲ့များနှင့်ပြည့်စုံခိုင်လုံသောငြိမ်းချမ်းရေးသဘောတူညီမှုများ အောင်မြင်စွာ ရယူနိုင်ခြင်း မရှိသေးပေ။ ယင်းအစား ထိုအဖွဲ့များကို ပြည်သူ့အရန်စစ်တပ်ဖွဲ့များနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ အဖြစ်ပြောင်းလဲရန် လိုလားပြီး ယင်းတို့ကို စီးပွားရေးလုပ်ပိုင်ခွင့်များနှင့် နိုင်ငံရေး သစ္စာရှိမှုအတွက် လက်နက်များ ဆက်လက်ကိုင်ဆောင်စေရန် ဖြစ်သည် (စာကွက် ၂ ကို ကြည့်ရန်)။ ထိုအစိုးရ နောက်ခံတပ်ဖွဲ့များသည် သိသာထင်ရှားသည့် ကြွယ်ဝချမ်းသာမှုနှင့် အာဏာကိုစုဆောင်းနိုင်ခဲ့ပြီး တစ်ခါတစ်ရံတွင် ယင်းတို့သည် တရားမဝင် မူးယစ်ဆေးဝါးများ[၄၂၃] နှင့် စည်းမျဉ်းဥပဒေများ စိုးမိုးမှုနည်းပါးသော သဘာဝအရင်းအမြစ်အပေါ် အမြတ်ထုတ်သည့် ထိခိုက်မှု မြင့်မားသောစီးပွားရေး လုပ်ငန်းများကို လုပ်ဆောင်လာခဲ့ကြပါသည်။[၄၂၄] ထိုအချိန်အတောအတွင်း အစိုးရသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများအား ပဋိပက္ခကိုဖြေရှင်းနိုင်သော နည်းလမ်းတစ်ခုအဖြစ် ပုံမှန်အားပေးလျက် ရှိပါသည်။[၄၂၅]

ထို့ပြင် အပစ်ခတ်ရပ်ထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း တော်တော်များများသည်အစိုးရနှင့် ဆန့်ကျင်သော နိုင်ငံရေးခံယူချက်များရှိနေကြပြီး ယင်းတို့သည် ကြီးမားသော နယ်မြေများကို ဆက်လက်ထိန်းချုပ်လျက်ရှိကာ ကြီးမားသော စီးပွားရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိကြပါသည်။ အပစ်ခတ်ရပ်စဲမှုသည် ယာယီအဖြစ်ဆက်လက်တည်ရှိနေပြီး ရေရှည်တည်တံ့သော နိုင်ငံရေးသဘောတူညီမှုများ ရရှိရန် ကျဆုံးနေသည့်ကာလ

ပတ်လုံး ပဋိပက္ခအခြေအနေများသို့ အချိန်မရွေး ပြန်လည် ရောက်ရှိသွားနိုင်သော အန္တရာယ်များ ရှိနေပါသည်။

စစ်တပ်၏ ခေတ်မီတပ်မတော် တစ်ရပ်တည်ဆောက်ရေး လုပ်ငန်းစဉ်သည် သောင်းကျန်းမှု တိုက်ဖျက်ရေးနည်းလမ်းများကို ခေတ်မီမှုရှိရန် လုပ်ဆောင်မှုများနှင့် သက်ဆိုင်မှု မရှိသည်ကို တွေ့ရပါသည်။ ရလဒ်တစ်ခုအနေဖြင့် ယခင်နှစ်များတွင် လေတပ်ကိုတိုးမြင့်အသုံးပြုခဲ့ခြင်းနှင့် တချို့သော သေးငယ်သည့်တိုးတက်မှုများ ရှိနေသေးသည်။ ယင်းအပြင် စစ်တပ်သည် ရက်စက်သည့် "နယ်မြေရှင်းလင်းခြင်း စစ်ဆင်ရေးများ" အပေါ်ဆက်လက် မှီခိုနေပြီး သောင်းကျန်းသူများက အသစ်သော အမာခံနယ်မြေများ မရရှိစေရန်အတွက် ရေရှည်မဟာဗျူဟာများကို စဉ်းစားခြင်းမရှိဘဲ အမြောက်များဖြင့် ပစ်ခတ်ခြင်းများ လက်လွတ်စပယ် ပြုလုပ်လေ့ရှိပါသည်။ ထိုစစ်ဆင်ရေးများသည် ကျင့်ဝတ်များအရသာ ပြဿနာရှိနေခြင်း မဟုတ်ဘဲ ယင်းတို့သည် ထိရောက်မှုအလွန်နည်းပါသည့်အပြင် တုံ့ပြန်မှုမြင့်ကာ ကုန်ကျစရိတ်များပြားသည့် နည်းလမ်းများကို ကိုယ်စားပြုလျက်ရှိပါသည်။ ခေတ်မီသော သောင်းကျန်းမှု တိုက်ဖျက်ရေး စစ်ဆင်ရေးများသည် ငြိမ်းချမ်းစွာ လုပ်ဆောင်ခြင်းမှ ဝေးကွာလျက်ရှိပြီး ယင်းတို့တွင် လူ့အခွင့်အရေးများအပေါ်ချိုးဖောက်မှုများ ပါဝင်နေနိုင်ကာ အရပ်သားများလည်း ထိခိုက်မှု ဖြစ်စေနိုင်ပါသည်။ သို့သော် ထိုနည်းလမ်းသည် ပဋိပက္ခကိုဖြေရှင်းရန်အတွက် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး ရှုထောင့်များအပေါ် အလေးပေးမှုနှင့် အကြမ်းဖက်မှုများ ဖြစ်ပွားခြင်းမှ ကာကွယ်ရာနိုင်ရန် ဒေသခံပြည်သူများ ခံစားနေရသောမကျေနပ်မှုများနှင့် မယုံကြည်မှုများကို ဖြေရှင်းခြင်းများ လုပ်ဆောင်ခြင်း ပါဝင်ပါသည်။ မြန်မာ၏ သောင်းကျန်းမှုများ တိုက်ဖျက်ရေးသည် ထိရောက်မှုမရှိသေးသည့်အပြင် အတိတ်တွင်ပင် ပိတ်မိနေပါသေးသည်။

## စစ်တပ် စစ်ဆင်ရေးများတွင် NLD ၏ ရပ်တည်ချက်ကို ဖော်ထုတ်ခြင်း

NLD အာဏာရယူသည့် ကာလအစကတည်းကပင် ဒေါ်အောင်ဆန်းစုကြည်သည် တပ်မတော်၏ စစ်ဆင်ရေးများအပေါ် စိတ်ဓာတ်ရေးရာ နောက်ခံအထောက်အပံ့များ ကြိမ်ဖန်များစွာပေးခဲ့ပြီး အဓိကအားဖြင့် တပ်မတော် တိုက်ရိုက်အတိုက်ခိုက်ခံရသည့် အခြေအနေများတွင် ဖြစ်ပါသည်။[၃၂၆] သို့သော် သူမနှင့် သူမအစိုးရသည် တိုက်ပွဲများ ဆင်နွှဲခြင်းနှင့် ချဉ်းကပ်မှုများပြုလုပ်သော လက်နက်ကိုင်တပ်ဖွဲ့များအပေါ် တိုက်ရိုက်ဖြစ်ပြီး တိကျသော ရပ်တည်မှုများ ရယူရန် နှုတ်နည်းနေလျက် ရှိပါသည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များ၌ ရခိုင်ပြည်နယ်တွင်ပြင်းထန်သော အကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက် သိသာထင်ရှားသော နိုင်ငံတကာ ဖိအားများအပေါ် ဒေါ်အောင်ဆန်းစုကြည်က ဖော်ပြသည်မှာ - "မြန်မာနိုင်ငံ အစိုးရအနေနဲ့ ပြစ်တင်ဝေဖန်မှုတွေကို လျှော့ပါးစေဖို့၊ တာဝန်ဝတ္တရားတွေကိုရှောင်လွှဲဖို့ကြိုးစားတာ မဟုတ်ပါဘူး။ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ ဥပဒေနဲ့ဆန့်ကျင်တဲ့အကြမ်းဖက်တွေအားလုံးကို ကျွန်မတို့အနေနဲ့ ရှုတ်ချပါတယ်။ ရခိုင်ပြည်နယ်တစ်ခုလုံး ပြန်လည်ငြိမ်းချမ်းဖို့၊ ပြန်လည်တည်ငြိမ်ဖို့၊ တရားဥပဒေပြန်လည် စိုးမိုးဖို့ သန္နိဋ္ဌာန်ချမှတ်ထားတဲ့အတိုင်း ကျွန်မတို့ ဆောင်ရွက်နေပါတယ်။ လုံခြုံရေးတပ်ဖွဲ့တွေအနေနဲ့ တတ်နိုင်သမျှထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ဖို့၊ ဘေးထွက်ဆိုးကျိုးတွေ မဖြစ်စေဖို့၊ အပြစ်မဲ့ပြည်သူတွေ ထိခိုက်မှုမရှိစေဖို့၊ စစ်ဆင်ရေးတွေ ဆောင်ရွက်ရာမှာ ကျင့်ဝတ်တွေကို တိတိကျကျ လိုက်နာဖို့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ၊ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေမယ့် ဆောင်ရွက်ချက်တွေ အားလုံးကို တရားဥပဒေအရ တိတိကျကျ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။"[၃၂၇]

ထိုစကားလုံးများသည် အစိုးရက စစ်တပ်၏ ကျင့်ဝတ်များနှင့် ပတ်သက်ပြီး လမ်းညွှန်မှုများ ပြုလာခဲ့သည့်ဘက်သို့ နီးကပ်လာခဲ့သော်လည်း လက်နက်ကိုင်တပ်ဖွဲ့များအား ဝေဖန်ပြစ်တင်ခြင်းကို ရှောင်ကျဉ်ခဲ့သည်မှာ ရှင်းလင်း နေပါသည်။ ၂၀၁၈ ခုနှစ်တွင်

စင်ကာပူ၌ ပြုလုပ်ခဲ့သော ဆွေးနွေးမှုများတွင်လည်း ဒေါ်အောင်ဆန်းစုကြည်သည် ထိုကဲ့သို့ပြစ်တင်မှုများ မပြုလုပ်ခဲ့သလို ယင်းအစား သူမအမြင်ဖြစ်သည့် "အကြမ်းဖက်မှုဝါဒသည် မည်သည့်အကြောင်းပြချက်၊ မည်သည့်ပုံစံတွင်ရှိရှိလျစ်လျူမရှုသင့်ပါ" အချက်အပေါ် သာအလေးပေးခဲ့ပါသည်။[၄၀၈] ယင်းနောက်တစ်လတွင် ဗီယက်နမ်၌ သူမအနေဖြင့် "(ရခိုင်ပြည်နယ်အတွင်း ရှိ) အခြေအနေကို ပိုမိုကောင်းမွန်စွာကိုင်တွယ်လာ နိုင်ခဲ့သည်" ကိုဖော်ပြခဲ့ပေမယ့် "ရေရှည်ဖြစ်သော တည်ငြိမ်မှုနှင့် လုံခြုံမှုတို့ကို ရရှိနိုင်ရန်အတွက် ဆိုလျှင် ကျွန်မတို့အနေဖြင့် ဘက်များအားလုံးအပေါ် မျှတမှု ရှိမည်" ကိုယုံကြည်ကြောင်း ဆက်လက် ပြောဆိုခဲ့ပါသည်။[၄၀၉]

ထိုပြောဆိုမှုအပေါ် သဘောထားကြီးကြီး ဖြင့်ကောက်နုတ်ကြည့်လျှင် သူမအနေဖြင့် တပ်မတော်၏လုပ်ဆောင်မှုများကို ခွင့်မပြုကြောင်း ဖော်ပြနေသော်လည်း သူမတွင် ရှိနေသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကန့်အသတ်များ အပေါ်လေးစားမှုပြသည်ကို ပြသနေပါသည်။ သူမအနေဖြင့်တိုက်ရိုက် တုံ့ပြန်မှုများထက် ယုံကြည်မှု တည်ဆောက်ခြင်းနှင့် 'အမျိုးသားပြန်လည်သင့်မြတ်ရေး' အပေါ်ကိုသာ ဆက်လက်၍ ဦးစားပေးလိုကြောင်း ဖော်ပြ နေသည်ကို တွေ့ရပါသည်။ အရေးကြီးဆုံးအချက်မှာသူမအနေဖြင့် တပ်မတော်၏လုပ်ငန်းများနှင့် ပတ်သက်သောသတင်းအချက်အလက်များကို မည်သည့်နေရာမှ ရရှိနေလဲဆိုသော အချက်နှင့် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ အပေါ်မည်မျှယုံကြည်ကြောင်း ဆိုသည့် အချက်များသည် မသေချာသော အရာများအဖြစ် ရှိနေပါသည်။ တစ်ချိန်တည်း တွင်သူမ၏တရားဝင်ဖေ့ဘွတ်စာမျက်နှာတွင် ပုံမှန်အားဖြင့် တပ်မတော်ကိုကာကွယ်ပေးနေသောအချက်များကို တွေ့ရပြီး လုံခြုံရေးတပ်ဖွဲ့များ၏ လိင်ပိုင်းဆိုင်ရာ မတရားပြုကျင့်မှုများ ပြုလုပ်သော စွပ်စွဲမှုများအပေါ် လည်း 'အတုအယောင်မုဒိန်း' ဟုငြင်းဆိုခဲ့ပါသည်။[၄၁၀] သူမ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်မှူးကြီးဟောင်း ဦးဇော်ဌေးကလည်း သူမ၏ အမျိုးသား လုံခြုံရေး အကြံပေး ဦးသောင်းထွန်းကဲ့သို့ပင် လက်ရှိအခြေ အနေများအပေါ်ကုလသမဂ္ဂ၏ တွေ့ရှိချက်များ[၄၁၁]ကို ပြတ်ပြတ်သားသား ငြင်းဆိုခဲ့ပါသည်။[၄၁၂]

> ထိုပြောဆိုမှုအပေါ် သဘောထားကြီးကြီးဖြင့် ကောက်နုတ်ကြည့်လျှင် သူမအနေဖြင့် တပ်မတော်၏ လုပ်ဆောင်မှုများကို ခွင့်မပြုကြောင်းဖော်ပြနေသော်လည်း သူမတွင်ရှိနေသော ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အကန့်အသတ်များအပေါ် လေးစားမှုပြသည်ကို ပြသနေပါသည်။ သူမအနေဖြင့် တိုက်ရိုက် တုံ့ပြန်မှုများထက် ယုံကြည်မှု တည်ဆောက်ခြင်းနှင့် 'အမျိုးသားပြန်လည် သင့်မြတ်ရေး' အပေါ်ကိုသာ ဆက်လက်၍ ဦးစားပေး လိုကြောင်း ဖော်ပြနေသည် ကိုတွေ့ရပါသည်။

၂၀၁၉ ခုနှစ် ဖွန်လတွင် အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက "ပြီးခဲ့သည့် ညွှန်ကြားချက်များနှင့်အညီ သမ္မတရုံးက ရခိုင်ပြည်နယ်အတွင်းရှိ ရက္ခိုင့်တပ်မတော်နှင့် ဖြစ်ပွားနေသော တိုက်ပွဲများ တွင်တပ်မတော်အနေဖြင့် ဥပဒေနှင့်အညီ လုပ်ဆောင်ရမည့်အကြောင်း" ပြောဆိုခဲ့ပါသည်။ ဒုတိယအချက် မှာတပ်မတော်သည် လူ့အခွင့်အရေး ချိုးဖောက်မှု များကို ရှောင်ရှားရမည့်အကြောင်း ဖြစ်ပါသည်။ တတိယအချက်မှာ စစ်ဆင်ရေးများကို ဂရုတစိုက် လုပ်ဆောင်သင့်ကြောင်းလည်း ပါဝင်ပါသည်။[၄၁၃] ထို့အပြင် သူက "သမ္မတရုံးက ရဟတ်ယာဉ်များ အသုံးပြုမှုအပါအဝင် လိုအပ်သော စစ်တပ်အင်အား အသုံးပြုရန် တပ်မတော် ဦးစီးချုပ်ရုံးသို့ ညွှန်ကြားခဲ့သည်"[၄၁၄] ဆိုသည့် အကြောင်းလည်း ထပ်မံပြောဆိုခဲ့ပါသည်။ လက်ရှိ ဥပမာမှလွဲ၍ နိုင်ငံပိုင်သတင်းမီဒီယာများ သို့မဟုတ် လူအများကို အသိပေး ကြေညာထားသည့်[၄၁၅] အမိန့်ပြန်တမ်းများတွင် မှတ်တမ်းတင်ထားခြင်းမရှိသည့်အချက်မှာ NLD အနေဖြင့် ယခုအချိန်အထိတပ်မတော်၏ လုပ်ငန်းများအပေါ် လွှမ်းမိုးမှု ပြုလိုသောဆန္ဒ သို့မဟုတ် လွှမ်းမိုးနိုင်သော အခွင့်အာဏာကင်းမဲ့နေကြောင်း ပေါ်လွင်လာခဲ့ပါသည်။

သမ္မတ ဦးသိန်းစိန်အနေဖြင့် သူတာဝန်ယူခဲ့သော အချိန်ကာလအတွင်းတွင် တပ်မတော်အပေါ် နည်းလမ်းများစွာဖြင့် ထိန်းချုပ်မှုပြုနိုင်ခဲ့သည့်ပုံရှိခဲ့ကြောင်း သတိပြုသုံးသပ် နိုင်ပါသည်။ ယင်းတို့မှာ ပဋိပက္ခဖြစ်ပွားသော ဒေသများအတွင်း စစ်ဆေးရေးဂိတ်များနှင့် တပ်မတော်က ပြုလုပ်သော အနှောင့်အယှက်ဖြစ်စေသည့် ကင်းလှည့်မှုလုပ်ငန်း အရေအတွက်များ သိသာစွာ လျော့ကျသွားခဲ့ပါသည်။[၄၁၆] စစ်တပ်အနေဖြင့် ထိုကာလအတွင်း လက်နက်ကိုင်

ပဋိပက္ခများတွင် ကျေးရွာများကို မီးရှို့ခြင်းလုပ်ငန်းများလျော့နည်းလာပြီး လူသားဆန်သော အလေ့အထများအပေါ် ပိုမိုလိုလားသော အပြောင်းအလဲရှိလာသည်ကို တွေ့ရပါသည်။

## စစ်သားကျင့်ဝတ်နှင့် စစ်တပ်တရားမျှတရေး

ကမ္ဘာပေါ်ရှိ စစ်တပ်များတွင် ယင်းတို့၏ တပ်သားများက ကျင့်ဝတ်နှင့်ပတ်သက်သော ကိစ္စရပ်များအပေါ် စီရင်ဆုံးဖြတ်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရန်အတွက်ကိုယ်ပိုင်တရားရုံးများထားရှိခြင်းမှာထူးခြားသော အချက်တစ်ခုမဟုတ်ပေ။ သို့သော်လည်း တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကို လက်လှမ်းမီရေးတို့၏ အခြေခံအုတ်မြစ်များကို လိုက်နာဆောင်ရွက်နေခြင်းမှာ အဓိကကျပါသည်။ အတိအကျဆိုရလျှင် ဥပဒေများသည် တရားမျှတ၍ ဘက်မလိုက်ရန်၊ ပြည်သူအများမှ ကောင်းစွာသိရှိရန်နှင့် အခြေခံကျသော အခွင့်အရေးများကို ကာကွယ်ပေးရန်ဆိုသည့် အချက်များအပေါ် အမြစ်တွယ်နေရန် လိုအပ်ပါသည်။ ထိုအခြေခံအခွင့်အရေးများမှာ -တစ်ဦးတစ်ယောက်ချင်း သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုချင်းစီ သော်လည်းကောင်း ယင်းတို့က ဥပဒေများကို ချိုးဖောက်ခဲ့သော် ထိုအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရမည်၊ တရားရေး လုပ်ငန်းစဉ်များသည်လည်း ဘက်လိုက်မှုကင်းရမည်၊ နိုင်ငံရေးဆိုင်ရာဝင်ရောက်စွက်ဖက်မှုများ ကင်းလွတ်ရမည်၊ ပွင့်လင်းမြင်သာမှုနှင့် စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်းကို အကောင်အထည် ဖော်ရမည့်အပြင် အရေးကြီးဆုံးမှာ နစ်နာသူများအတွက် တရားသဖြင့်ဖြစ်စေရန် လုပ်ဆောင်ခြင်းတို့ ဖြစ်ပါသည်။

လက်ရှိတွင် မြန်မာ့တပ်မတော်၏ တရားရေးစနစ်သည်အထက်ဖော်ပြပါစံနှုန်းများနှင့် များစွာကိုက်ညီမှု မရှိပေ။ ဆက်စပ်ဥပဒေများသည် ကြီးမားပြင်းထန်သော ရာဇဝတ်မှုအများစုကို တားမြစ်ထားသော်လည်း ယင်းတို့သည် ခေတ်နှင့် လျော်ညီမှု မရှိခြင်းနှင့် ညီမျှစွာ အသုံးပြုနေခြင်း မရှိတော့သည်ကိုတွေ့ရပါသည်။ တရားရုံး၏ ဆုံးဖြတ်ချက်များနှင့် ပြစ်ဒဏ်များသည် တစ်ခါတစ်ရံသာ အများပြည်သူသိရှိစေရန်ထုတ်ပြန်ကြေညာလေ့ရှိပြီး[၄၂၇]တရားစွဲဆိုခြင်းလုပ်ငန်းများသည် ပွင့်လင်းမြင်သာမှု မရှိသလိုကာလအတော်ကြာပြီးမှသာ အများပြည်သူထံ ချပြခြင်းများလည်း ရှိနေပါသည်။[၄၂၈] ပြစ်ဒဏ်များကိုအများပြည်သူသိရှိစေရန် ကြေညာပေးလေ့ရှိသော အမှုအခင်းများသည် ဘက်လိုက်မှုကင်း၍ တစ်သမတ်တည်းဖြစ်သော တရားရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၏ ရလဒ်ထက်စာလျှင် ပြည်သူ့ဆက်ဆံရေးအရ လုပ်ဆောင်မှုများအဖြစ်သာ တွေ့ရပါသည်။ လက်ရှိမြင့်မားသော အမှုအခင်းတစ်ခုတွင် ရိုဟင်ဂျာလူကြီးနှင့်လူငယ် စုစုပေါင်း (၁၀) ဦးကို သတ်မှုဖြင့် (၁၀) နှစ်ထောင်ဒဏ်ချမှတ်ခံခဲ့ရသော စစ်သားခုနစ်ဦးသည် ခုနှစ်လကြာပြီးနောက် လွတ်မြောက်လာခဲ့ပါသည်။ ထိုသတင်းကို ရေးသားသော သတင်းထောက် နှစ်ဦးကိုမူ လွတ်ငြိမ်းချမ်းသာခွင့်နှင့် မလွတ်မြောက်လာခင်သူတို့၏ အမှုကိစ္စသည် ပိုမိုရှည်ကြာခဲ့ပါသည် (အခန်း ၅.၄ တွင် ကြည့်ရန်)။[၄၂၉]

ပွင့်လင်းမြင်သာမှုမရှိသည့်အတွက်စစ်သားများအနေဖြင့် စစ်သားမဟုတ်သော ပြည်သူများအပေါ်ကျူးလွန်မှုများအတွက် ပုံမှန်အားဖြင့် မည်မျှလောက် အပြစ်ပေး ခံခဲ့သည်ဆိုသည့် အချက်မှာ မသိရှိနိုင်ပေ။ စစ်တပ်အရာရှိများသည် စစ်တပ်စည်းကမ်းများ၏ အရေးကြီးပုံအပေါ် ပုံမှန်အားဖြင့် အလေးပေးလျက်ရှိပြီး ယင်းသည် 'အဆင့်မြင့်တပ်မတော်' အစီအစဉ်အတွက် အထူးအရေးပါသောအစိတ်အပိုင်းတစ်ခုအဖြစ် ဖော်ပြလေ့ရှိသည်။ တပ်မတော် အရာရှိအနေဖြင့်ယင်းတို့၏ အဖွဲ့အစည်းအတွင်း ကျင့်ဝတ်များနှင့် ဆက်ဆံရေးဆိုင်ရာ စည်းမျဉ်းများကိုအများပြည်သူနှင့်ဆက်ဆံသောအချိန်များတွင်ရည်ညွှန်းကိုးကားမှုများ ထပ်ကာထပ်ကာ ပြုလုပ်

> "တပ်မတော်အရာရှိများအနေဖြင့် ယင်းတို့၏ အဖွဲ့အစည်း အတွင်းကျင့်ဝတ်များနှင့် ဆက်ဆံရေးဆိုင်ရာ စည်းမျဉ်းများကို အများပြည်သူနှင့် ဆက်ဆံသော အချိန်များတွင် ရည်ညွှန်းကိုးကားမှုများ ထပ်ကာထပ်ကာ ပြုလုပ်ခဲ့ကြသော်လည်း ထိုစာရွက်စာတမ်း များသည် အများပြည်သူ လက်လှမ်းမီနိုင်မှု မရှိသည့်အပြင် လွှတ်တော်က စိစစ်မှုများ ပြုလုပ်နိုင်သော ဥပဒေများအဖြစ် ရှိမနေသည်ကိုလည်း တွေ့ရှိရပါသည်။"

ခဲ့ကြသော်လည်း ထိုစာရွက်စာတမ်းများသည် အများပြည်သူလက်လှမ်းမီနိုင်မှု မရှိသည့်အပြင် လွှတ်တော်ကစိစစ်မှုများ ပြုလုပ်နိုင်သော ဥပဒေများအဖြစ် ရှိမနေသည်ကိုလည်း တွေ့ရှိရပါသည်။ တပ်မတော်ခေါင်းဆောင်များသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် ရိုဟင်ဂျာ (၈၀၀,၀၀၀) ကျော်နေရပ်စွန့်ခွာခဲ့ရသော ကိစ္စများအပါအဝင် တပ်မတော်စစ်ဆင်ရေးများသည် အထက်ဖော်ပြပါ စည်းမျဉ်းများနှင့်အညီ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အခိုင်အမာ ပြောဆိုလေ့ရှိခဲ့ကြပါသည်။[၄၄၀] ထိုအချက်ကိုကြည့်ခြင်းဖြင့် လူ့အခွင့်အရေးများ ချိုးဖောက်မှုများဆီသို့ဦးတည်စေသော နည်းလမ်းများသည် မြေပြင်ပေါ်တွင် စည်းမျဉ်းများကို လိုက်နာမှု အလွန်နည်းပါးမှုများမှ ဖြစ်ပေါ်လာသော ဆိုးရွားသည့် လုပ်ဆောင်မှုများဖြစ်သည် ဆိုသည်ထက် လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီနေကြောင်း ဖော်ပြနေပါသည်။ သို့သော် ထိုလုပ်ထုံးလုပ်နည်းများကို အရွေးကောက်ခံအရာရှိများ သို့မဟုတ် အများပြည်သူများ သိရှိနိုင်ရန်မည်သည့် နည်းလမ်းများ ရှိမနေသည်ကို တွေ့ရပါသည်။

အများက မျှော်လင့်နေသော်လည်း လုံခြုံရေးတပ်ဖွဲ့များ၏ ရာဇဝတ်မှုကျူးလွန်မှုကို ခံစားရသူများသည် နစ်နာမှု၊ စစ်လျော်ကြေး (Reparation) သို့မဟုတ် ကုစားမှုပုံစံတစ်ခုကိုမျှ လက်ခံရရှိခဲ့ခြင်း မရှိပေ။ ယင်းတို့ကို လျော်ကြေး၊ လူထုတောင်းပန်မှု သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အကူအညီပေးများအဖြစ် လုပ်ဆောင်နိုင်ပါသည်။ စင်စစ်ပြည်သူများ နှင့် သူတို့၏မိသားစုဝင်များသည် ပုံမှန်အားဖြင့် အနှောင့်အယှက်ခံရခြင်း၊ခြိမ်းခြောက်ခံရခြင်းသို့မဟုတ်အမှုကိစ္စများနှင့် ပတ်သက်၍ ဖွင့်ချမှုများ ပြုလုပ်ခဲ့လျှင်လည်းတပ်မတော် သို့မဟုတ် အစိုးရ၏ အသရေဖျက်မှုနှင့် တရားစွဲဆို ခံရခြင်းများ ခံစားနေကြရပါသည်။[၄၄၁]

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေစတင်အသက်ဝင်လာသော အချိန်မှစ၍ စစ်ဘက်တရားရုံးများမှ အမှုများသည် အရပ်ဘက်တရားရုံးများသို့ လွှဲပြောင်းစစ်ဆေးမှုများ တချို့ရှိလာခဲ့ပါသည်။ တပ်မတော်အနေဖြင့် စွပ်စွဲထားသော ရာဇဝတ်မှုများကို အဆင့်ခွဲ လုပ်ဆောင်ခြင်းနှင့်တူပြီး "တာဝန်ထမ်းဆောင်ဆဲ" သူများကိုမူ လွှဲပြောင်းပေးလေ့ မရှိပေ။ ထိုအမှုများတွင် နိုင်ငံသားမှတ်ပုံတင် မပြနိုင်သော အရပ်သား အမျိုးသားတစ်ဦးကိုသတ်မှု[၄၄၂] အပြင် (၁၅) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို မုဒိမ်းကျင့်မှုတွင်ပါဝင်မှုနှင့် (၆) နှစ်အရွယ် မိန်းကလေးတစ်ဦးကိုသတ်မှု[၄၄၃] တို့ ကျူးလွန်ခဲ့သော ဗိုလ်ကြီးတစ်ဦး၏ အမှုလည်း ပါဝင်နေပါသည်။ နောက်ထပ်အမှုတစ်ခုမှာတပ်သားနှစ်ဦးသည် သူတို့တပ်ရင်းမှ လက်နက်များခိုးယူထွက်ပြေး၍ အရပ်သားခုနစ်ဦးကို သတ်မှုဖြင့်စွပ်စွဲခံခဲ့ရသော တပ်မတော်သားနှစ်ဦး ကိုအရပ်ဘက်တရားရုံးသို့ လူသတ်မှုဖြင့် တရားစွဲဆိုနိုင်ရန် လွှဲပြောင်းခြင်း မပြုခင် ပထမတွင် စစ်တပ်တရားရုံးကအနှစ်နှစ်ဆယ် ထောင်ဒဏ် ချမှတ်ခဲ့သည့်အမှုတို့ဖြစ်ပါသည်။[၄၄၄]

ထိုအမှုကိစ္စများကို အရပ်ဘက်တရားရုံးများသို့လွှဲပို့ခဲ့ကြပြီး အဓိကအကြောင်းရင်းမှာ အရပ်ဘက်အဖွဲ့အစည်းများ၏တောင်းဆိုမှုများ၊ဖိအားများနှင့်အများပြည်သူ၏ တောင်းဆိုမှုများကြောင့်အပြင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကြောင့်လည်း အနည်းဆုံး အမှုကိစ္စတစ်ခုလောက်ရှိခဲ့ဖူးပါသည်။[၄၄၅]သို့သော်ဘယ်အမှုအခင်းကိစ္စတစ်ခုမှ ခံစားခဲ့ရသူများအတွက် နစ်နာကြေး ပေးအပ်ခြင်းများမရှိခဲ့သလို အဓိကသတင်းအချက် အလက်များကိုလည်း အများပြည်သူသိရှိမှု မရှိစေရန် ထိန်ချန်မှုများရှိခဲ့ပါသည်။[၄၄၆] ဖော်ပြပါ ရိုဟင်ဂျာအမှုကိစ္စတွင် ပါဝင်ခဲ့သူများ ဆောလျင်စွာ လွတ်မြောက်လာမှုကို ကြည့်ခြင်းဖြင့် အခြားသော အမှုအခင်းကိစ္စများတွင် ပါဝင်ခဲ့သည့် စစ်သားများသည်လည်း ခံစားရသူများ သို့မဟုတ် အများပြည်သူ မသိရှိခင် လွတ်မြောက်နိုင်ကြောင်းသုံးသပ်နိုင်ပါသည်။

မြန်မာ့တပ်မတော်၏ တရားရေးစနစ်သည် ပြဿနာအများအပြား၏ စံနမူနာအဖြစ် မြန်မာနိုင်ငံ အရပ်ဘက်-စစ်ဘက်ဆက်ဆံရေး၏ အချက်အချာကျသောနေရာတွင် ရှိနေကာ ဖြေရှင်းမှုများလိုအပ်နေကြောင်း ပြသနေပါသည်။ ဒီမိုကရေစီလိုလားသူများနှင့် အခွင့်အရေးဆိုင်ရာရှေ့နေများက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနှင့် တရားရေးဆိုင်ရာ အာဏာများကို စစ်တပ်က အရပ်သားဘက်သို့ လွှဲပြောင်းရန်လိုအပ်မှုအပေါ် အချိန်ကြာမြင့်စွာ အလေးပေး

ပြောဆိုလာခဲ့ပါသည်။ ယင်းတစ်ခုတည်းက အဖွဲ့အစည်းဆိုင်ရာ အလေ့အကျင့်များတွင် စစ်တပ်က လွှမ်းမိုးပျံ့နှံ့ တည်ရှိနေမှုကို အရပ်သားများအတွင်း တွင်ပင်နက်ရှိုင်းစွာ နစ်ဝင်နေပြီဖြစ်သောကြောင့် ထို အလေ့အကျင့်များကိုပြင်ဆင်နိုင်ရန်မှာ လွယ်ကူမည် မဟုတ်ကြောင်း နားလည်ထားသင့်ပါသည်။

ထိန်းချုပ်ကွပ်ကဲမှုဆိုင်ရာ မေးခွန်းများအပြင် စစ်တပ်ကျင့်ဝတ်များတွင် တိုးတက်မှုများကိုတိုင်းတာရန်မှာ စစ်တပ်အတွင်း တန်ဖိုးထားမှုများနှင့်ကျင့်ဝတ်ဆိုင်ရာ ပြောင်းလဲမှုများနှင့်တကွ ဆက်ဆံရေးဆိုင်ရာကျင့်ဝတ်နှင့် စည်းမျဉ်းများကို ပြုပြင်ပြောင်းလဲခြင်း၊ မှန်ကန်တည့်မတ်စွာ လိုက်နာဆောင်ရွက်ခြင်းတို့အပေါ်တွင် မူတည်နေပါသည်။ ကမ္ဘာပေါ်တစ်ဝန်းရှိစစ်တပ်များသည် အရပ်ဘက် တိုက်ရိုက်ပါဝင်မှုများ မပါရှိစေဘဲ ယင်းတို့၏ အရေးကိစ္စများကိုဆောင်ရွက်ရာတွင် သိသာထင်ရှားလောက်သော အာဏာများ ရယူထားကြပါသည်။ ယင်းတို့၏ လုပ်ဆောင်ချက်များသည် လူ့အဖွဲ့အစည်း၏ တန်ဖိုးများကို မည်မျှမျှဝေထားသည်၊ အရပ်သားနှင့်ဆိုင်သော အဖွဲ့အစည်းများ၊ အများပြည်သူများနှင့် ရင်းနှီးသော ဆက်ဆံရေးကိုမည်မျှထိန်းသိမ်းထားသည် တို့အပေါ် အဆုံးအဖြတ်ပေးနိုင်ပါသည်။ ပြည်သူ့ဝန်ထမ်းအဖြစ် သူတို့၏အခန်းကဏ္ဍအပေါ် ကြီးမားသော လေးစားမှုရရှိခြင်းနှင့်သူတို့၏ရာထူးအဆင့်အတန်းအလိုက် အသိအမှတ်ပြုမှုများရရှိနိုင်ရန်တို့အတွက် ထိုကျင့်ဝတ်လုပ်ဆောင်ချက်များသည် အရေးပါပါသည်။

အဖွဲ့အစည်းအတွင်း သို့မဟုတ် ပြင်ပမှလာသောစည်းမျဉ်းများအပြင် တပ်ဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းသည် လုပ်ဆောင်ချက်ကျင့်ဝတ်ဆိုသည့်အချက်အပေါ်သက်ရောက်မှု ရှိပါသည်။ ဥပမာ - ရရှိထားသောပညာအရည်အချင်း အမျိုးအစားနှင့် ပြန်တမ်းဝင်ဖြစ်ခြင်း မဖြစ်ခြင်းဆိုသည့် လူမှုစီးပွားအခြေအနေများကဲ့သို့သော အရာများအပေါ် အခြေခံပါသည်။ သင်တန်းသည်လည်း ကျင့်ဝတ်အပေါ် ကြီးမားသော အကျိုးသက်ရောက်မှုရှိသော အရာတစ်ခု ဖြစ်ပါသည်။ အထူးသဖြင့် စစ်နည်းဗျူဟာသင်တန်း၊ အရပ်သားကာကွယ်ရေးသင်တန်း၊ ဥပဒေရေးရာသင်တန်း၊ နိုင်ငံရေးဆိုင်ရာ ပညာပေးသင်တန်းများနှင့် အထက်အရာရှိများသို့မဟုတ် စစ်သားများ အချင်းချင်းအကြားနှိပ်ကွပ်ခြင်း အဆင့်ဆင့်တို့ဖြစ်ပါသည်။[၄၇၇] ကျင့်ဝတ်သည် ယင်းတို့ တန်ဖိုးများနှင့် ကမ္ဘာ့အမြင်များအပေါ်လည်း မူတည်နေပါသည်။ ယင်းတို့မှာ ဆက်သွယ်ဆက်ဆံမှုပြုခံရပုံနှင့် သင်ကြားခဲ့ရသောနိုင်ငံ၊ လူ့အသိုင်းအဝန်း၊ ကျားမရေးရာ၊ လူမျိုးစု၊ ဘာသာတရားနှင့် စစ်သားများကိုယ်တိုင်၏အမြင်များ (ပညာရှင်ဆန်သော စစ်သားများကဲ့သို့ သို့မဟုတ် နိုင်ငံရေးလှုပ်ရှားသူများကဲ့သို့) နှင့် ယင်းတို့၏ တာဝန်နှင့်ဝတ္တရားများ (ဖော်ပြထားသည့်အတိုင်းနှင့် လိုက်နာဆောင်ရွက်ရသည့်အတိုင်း) များမှဖြစ်တည်လာပါသည်။

ကျင့်ဝတ်သည် အလုပ်ယဉ်ကျေးမှုမှလည်း အကျိုးသက်ရောက်မှု ရှိနေပြီး ယင်းတွင်လူမှုဖူလုံမှုပုံစံများ (ဘယ်သူက ပံ့ပိုးပေးနေတာလဲ - သူတို့၏ လူမှုအသိုင်းအဝန်းကလား သို့မဟုတ် သူတို့၏အထက်အရာရှိများကလား)၊ တာဝန်ထမ်းဆောင် ရချိန်နှင့် အလုပ်၏ တောင်းဆိုမှုများ၊ ရွှေ့တန်းသွားရသော အကြိမ်ရေ၊ ကာကွယ်မှု ရရှိခြင်း (ဥပမာအားဖြင့် - ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ရေးနှင့် ရိက္ခာများ)၊ ထွက်ခွာခြင်းအတွက် အပြစ်ဒဏ်များ၊ မကျေနပ်မှုများတိုင်တန်းနိုင်သော ယန္တရားများကို လက်လှမ်းမီမှု၊ အသင်းအဖွဲ့ဆိုင်ရာ အခွင့်အရေးများနှင့် စစ်သားများအတွက် ဥပဒေရေးရာ အခွင့်အရေးများ (သူတို့သည်အရပ်သားပြည်သူများနှင့် အတူတူပဲလား) အစရှိသည်တို့ ပါဝင်ပါသည်။ ထို့အပြင် ဘယ်သူက ရာထူးတိုးမြင့်ခံရလဲ၊ ဘယ်လိုလုပ်ဆောင်မှုများက ပညာရှင်ဆန်သောချီးမြှောက်ခံရမှုလဲနှင့် ဘယ်လိုခေါင်းဆောင်မျိုးက ရာထူးအဆင့်များအကြား ချီးမြှောက်ခံရလဲ ဆိုသည်တို့ကလည်း ကျင့်ဝတ်အပေါ် အကျိုးသက်ရောက်မှုရှိနေပါသည်။

## အမျိုးကွဲပြားစုံလင်မှု

တပ်မတော်သည် ယင်း၏ တပ်သားများအတွင်းအမျိုးသား၊ အမျိုးသမီးများနှင့် တိုင်းရင်းသားလူမျိုးများ စုံလင်စွာပါရှိ ရမည်ဆိုသည့် အချက်ကို ရည်ရွယ်ချက်ချမှတ် လုပ်ဆောင်နေကြောင်း ဖော်ပြခဲ့ပါသည်။ စစ်တပ်တွင်းရှိ တပ်သားအများစုမှာ အမျိုးသားများဖြစ်ကြပြီး အများပြည်သူနှင့် တိုက်ရိုက်ဆက်ဆံမှုပြုရသော အကြီးတန်း အရာရှိများနေရာ

တွင်အမျိုးသမီးများ မရှိပေ။ ၂၀၁၃ ခုနှစ်ကစ၍ တပ်မတော်သည် အမျိုးသမီးများကို စစ်တပ်တွင်း တိုက်ခိုက်ရေး မဟုတ်သော အခန်းကဏ္ဍများနှင့် တခြားသော ဝန်ဆောင်မှုလုပ်ငန်းများတွင် အရာရှိများအဖြစ် ခန့်အပ်မှုများ လုပ်ဆောင်လာခဲ့ပါသည်။ ၁၉၆၁ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်အကြားတွင် အမျိုးသမီးများသည် အဓိကအားဖြင့် သူနာပြုများအဖြစ်ခန့်အပ်မှုရရှိကြပြီး စစ်သူနာပြုအားလုံးသည် အမျိုးသမီးများမဟုတ်ကြသော်လည်း အများစုသည် အမျိုးသမီးများဖြစ်ပါသည်။ သူနာပြုအခန်းကဏ္ဍတွင် အမျိုးသမီးများသည် ဘွဲ့ရပြီးပါက ဒုဗိုလ်ရာထူးဖြင့် အစပြုထမ်းဆောင်နိုင်ပြီး ယင်းမှ ဒုတိယဗိုလ်မှူးကြီးရာထူးအထိ ရာထူးတိုးမြှင့် ထမ်းဆောင်သွားနိုင်ပါသည်။ ၂၀၁၃ ခုနှစ်မှစတင်၍ အမျိုးသမီးများကို စစ်တပ်အရာရှိများအဖြစ်ခန့်အပ်မှုများ ရှိလာခဲ့ ပြီး ဒုဗိုလ်အဖြစ် စတင်တာဝန် ထမ်းဆောင်နိုင်ကာ အမျိုးသားများနည်းတူရာထူးများ တိုးမြှင့်ရရှိလာနိုင်သည်ဟု ယူဆရပါသည်။[၄၄၈] နောက်ပိုင်းတွင် တပ်မတော်အတွင်း အမျိုးသမီးများ၏ ပါဝင်မှုပိုမိုတိုးမြှင့်လာစေရန် စုဖောင်ဒေးရှင်းက ကြိုးပမ်းအားထုတ်မှုများ အချို့ရှိလာပါသည်။[၄၄၉]

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥဒေတွင် ပါရှိသောအပိုဒ် (၃၅၂) သည်ပြည်သူ့ဝန်ဆောင်မှုဝန်ထမ်းများခန့်အပ်ခြင်းနှင့် ပတ်သက်၍ 'လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာသာသနာနှင့် အမျိုးသားအမျိုးသမီးကို အကြောင်းပြုလျက်" ခွဲခြားမှု မရှိစေရဟု ပါရှိထားပါသည်။ ဆက်လက်ရှင်းလင်းသည်မှာ 'သို့ရာတွင်အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများကိုရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတား မဖြစ်စေရ' ဟုပါရှိပါသည်။ ထိုသို့ မရှင်းမလင်း ဖော်ပြမှုသည် အမျိုးသမီးများကို လိုအပ်သော ရာထူးနေရာများအတွက် ရှင်းလင်းသော စံနှုန်းများ မထားရှိဘဲ ခွဲခြားဆက်ဆံမှုပြုနိုင်ရန် အစိုးရကို လွတ်လပ်မှု ပေးထားသလို ဖြစ်နေပါသည်။ ထိုအချက်သည် အဓိကအားဖြင့် လုံခြုံရေးဆိုင်ရာ ရာထူးနေရာများအတွက် ဖန်တီးထားခြင်း ဖြစ်နိုင်ပြီး အကြောင်းမှာ လုံခြုံရေးယဉ်ကျေးမှုအပေါ် အမျိုးသားများသာ ကြီးစိုးနေခြင်းကြောင့် ဖြစ်ပါသည်။[၄၅၀]

လက်နက်ကိုင်တပ်ဖွဲ့များတွင် ဗမာလူမျိုးတိုင်းရင်းသားအများစုသာ ကြီးစိုးမှုကြီးမားစွာ ရှိနေသည်ဟုသုံးသပ်နိုင်ပါသည်။ ထိုမညီမျှမှုသည် ၁၉၅၀ ပြည့်နှစ်များမှ စတင်လာခဲ့ကာ ဦးသန်းရွှေလက်ထက်တွင် အမြင့်ဆုံးသို့ ရောက်ရှိလာခဲ့ပါသည်။[၄၅၁] ထိုမညီမျှမှုအပေါ်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက စိုးရိမ်ကြောင်း ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲများတွင်တင်ပြလာခဲ့ကြပါသည်။[၄၅၂]အများပြည်သူကတပ်မတော်သည် အဖွဲ့များအားလုံးကို ကိုယ်စားပြုသည်ဟု ဆိုကြသော်လည်း မင်းအောင်လှိုင်မှမှူး စစ်တက္ကသိုလ်တွင် စာရင်းသွင်းနိုင်ရန်အတွက် တိုင်းရင်းသားပြည်နယ်များရှိတက္ကသိုလ်ကျောင်းများမှအမှတ်အမြင့်ဆုံးရရှိသောကျောင်းသားများကိုသာစတင်ပစ်မှတ်ထားလာခဲ့ကြောင်း တွေ့ရပါသည်။[၄၅၃] ထိုအချက်တွင်ပြဿနာတစ်ခုခု ရှိနေကြောင်းလည်း သတိပြုမိလာပါသည်။ ထိုပြဿနာများသည် လူမျိုးရေးထက် စာလျှင် နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖြစ်တည်မှုများနှင့် ပိုမိုသက်ဆိုင်နေနိုင်ပါသည်။ အစိုးရအထက်တန်းကျောင်းများနှင့် အရာရှိသင်တန်းမှ အောင်မြင်ခဲ့သူ အများစုသည် မြန်မာဘာသာစကားကို ကျွမ်းကျင်စွာပြောနိုင်ကြပြီး ဗမာများနှင့် ကြီးမားစွာ တူညီသောနိုင်ငံရေးခံယူချက် ရှိနေကြပါသည်။ တိုင်းရင်းသားများ၏ နစ်နာမှုများနှင့် ဘေးဖယ်ခံထားရမှုများကိုမူမြန်မာနိုင်ငံ၏ နယ်နိမိတ်ဒေသများတွင် နေထိုင်ကြသည့်သူများက နက်ရှိုင်းစွာ ခံစားခဲ့ကြရပါသည်။

## အယူဝါဒနှင့် မဟာဗျူဟာကျသော ဆန်းစစ်လေ့လာမှု

အကယ်၍ အချိန်နှင့် အမျှရွေးကောက်ခံအရပ်သား ကိုယ်စားလှယ်များသည် လုံခြုံရေးကဏ္ဍမူဝါဒအပေါ် ပိုမိုလွှမ်းမိုးနိုင်မှု ရရှိလာနိုင်ပါက အဓိကဆန်းစစ်လေ့လာမှုများသည် တပ်မတော်မူဝါဒများပြောင်းလဲလာနိုင်ရန် လမ်းပြပေး သွားနိုင်မည်ဖြစ်သည်။ ကမ္ဘာအနှံ့မှ သက်သေအထောက်အထားများကအကြံပြုနေသည်မှာ အားနည်းလွန်းသော အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးသည် အားနည်းသော မဟာဗျူဟာ ဆန်းစစ်လေ့လာမှုများနှင့် တုံ့ပြန်မှုများသို့ ဦးတည်ဖြစ်ပေါ်စေပြီး ယင်းသည်အကျိုး

ခံစားခွင့်ရှိသူများအပေါ် အကျိုးသက်ရောက်စေနိုင်ပါသည်။[၄၅၄]

တပ်မတော်သည် ယင်း၏ အိမ်နီးချင်းများနှင့်ငြိမ်းချမ်းသော ဆက်ဆံရေးကို ဆက်လက်ထားရှိရန်နှင့် 'တခြားနိုင်ငံများကို ကျူးကျော်ရန်စမှု'[၄၅၅] စတင်မပြုလုပ်ရန် အလေးထား လုပ်ဆောင်ခဲ့ပါသည်။ ထိုအချက်ကိုအရပ်သားအစိုးရအဖွဲ့က သဘောတူသောရပ်တည်မှုတစ်ခုဖြစ်ပါသည်။ သို့သော်မဟာဗျူဟာကျသောဝန်းကျင်အပေါ်တပ်မတော်၏အမြင်သဘောထားသည် နိုင်ငံခြားဝင်ရောက် ပတ်သက်မှုများသည် နိုင်ငံကို မတည်မငြိမ် ဖြစ်စေနိုင်သည်ဆိုသည့် လွန်ကဲလွန်းသော စိုးရိမ်မှုအပေါ် အခြေခံပြီးပြောင်းလဲနိုင်ပါသည်။ ကိုလိုနီခေတ်အတွေ့အကြုံများနှင့် စိုးရိမ်မှုများအပေါ် အရင်းခံ၍ ၁၉၉၀ သို့မဟုတ် ၂၀၀၀ ပြည့်နှစ်များတွင် အနောက်နိုင်ငံများ၏ဝင်ရောက်စွက်ဖက်မှု သို့မဟုတ် ကျူးကျော်ဝင်ရောက်လာနိုင်ခြေ ရှိမှုတို့ကြောင့် အလွန်အမင်းစိုးရိမ်မှုတို့သည် ယနေ့အချိန်အထိ ဆက်လက်တည်ရှိနေပါသေးသည်။[၄၅၆]

ရလဒ်တစ်ခုအဖြစ် လက်နက်ကိုင်တပ်ဖွဲ့များသည် ကမ္ဘာပေါ်ရှိ တခြားသော စစ်တပ်များနှင့် ဆက်ဆံမှု သိပ်မရှိဘဲ သီးခြားရပ်တည် လာခဲ့ပါသည်။ ထို့ကြောင့် အတိုက်အခံ နိုင်ငံရေးလှုပ်ရှားမှုများနှင့်တိုင်းရင်းသားများ၏တော်လှန်ရေးလှုပ်ရှားမှုများသည် တိုင်းတစ်ပါးလက်ကိုင်တုတ်များ အဖြစ်ရှုမြင်လာခဲ့ပါတော့သည်။ ထိုအချက်က တပ်မတော်ကိုနိုင်ငံတကာကြိုးဝိုင်းတွင် တုံ့ပြန်မှုနှင့် ကာကွယ်ရေးလုပ်ငန်းများတွင် လွန်ကဲစွာ လုပ်ဆောင်တတ်သောစစ်တပ်ဖြစ်စေပြီး ပုံမှန်အားဖြင့် ယင်းတို့၏လုပ်ရပ်များနှင့် ပတ်သက်၍ တခြားနိုင်ငံများ သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများက တိုင်ကြားချက်များနှင့် မေးခွန်းများအပေါ် ကိုင်တွယ်နိုင်ခြင်းမရှိသည့်အပြင် ကြားဝင်စွက်ဖက်မှုများ အားလုံးသည် မလိုမုန်းထားသော တိုက်ခိုက်မှုများ ဖြစ်ကြောင်းတပ်မတော်က ရှုမြင်ခဲ့ကြပါသည်။

တပ်မတော်၏ နိုင်ငံရေးနှင့် စီးပွားရေးနယ်ပယ်များတွင် ဖြန့်ကြက်ပါဝင်နေမှုနှင့် ပြည်တွင်းအာဏာတည်တံ့မှုအပေါ် အာရုံစိုက်မှုတို့သည် ဖောင်းပွပြီးခြေလျင်တပ်၏ ကြီးစိုးမှုရှိသော တပ်ဖွဲ့တစ်ခုအဖြစ်ဦးတည် ဖြစ်ပေါ်စေခဲ့ပါသည်။ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပတ်သက်သော အများပြည်သူသိရှိသည့်တရားဝင်သတင်း အချက်အလက်အနည်းငယ်သာဖြစ်သော်လည်း[၄၅၇] အင်ဒရူးဆပ်သ်က ၂၀၁၈ ခုနှစ်တွင် တပ်မတော်၏ စုစုပေါင်း အင်အားမှာ ၃၀၀,၀၀၀ ခန့်[၄၅၈] ရှိနိုင်ကြောင်းခန့်မှန်းတွက်ချက်မှုပြုခဲ့ပြီး ယင်းသည် လွန်ခဲ့သော ရာစုနှစ်များအောက်လျော့နည်းနေသည်ကို တွေ့ရပါသည်။[၄၅၉] နိုင်ငံ၏ လူဦးရေ ၅၁ သန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် လူဦးရေ ၁၇၀ တွင်စစ်သားတစ်ဦးသာ ရှိနေသည်ကို ပြသနေပြီး လူဦးရေကျဲ၍ စစ်တပ်စခန်း များပြားသော ဒေသများဖြစ်သည့် ကယားပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ထိုအချိုးသည် ပိုမိုသိသာလွန်းလှပါသည်။ ၂၀၀၉ ခုနှစ်တွင် မောင်အောင်မျိုးက ရေးသားခဲ့သည်မှာ ၉၀ ရာခိုင်နှုန်းသော စစ်သားများသည် တပ်မတော် (ကြည်း) တွင် ရှိနေကြပြီး တပ်ရင်း သုံးခုအနက် နှစ်ခုသည် ခြေလျင်တပ်ရင်းများ ဖြစ်ကြပါသည်။[၄၆၀] ခေတ်မီစစ်တပ်များတွင် ခြေလျင်တပ်အား လျော့လျော့ပေါ့ပေါ့နှင့် လူတစ်ဦးနှင့်တစ်ဦး ထိပ်တိုက်ရင်ဆိုင်တွေ့ရန် လိုအပ်ချိန်တွင်သာ အသုံးပြုနေကြချိန်တွင် တပ်မတော်ခြေလျင်စစ်သားများသည် နိုင်ငံတစ်ဝန်းရှိ မြို့နယ်တိုင်းတွင်တပ်ရင်းဌာနချုပ်များ ထားရှိကာ စခန်းချတာဝန်ထမ်းဆောင်နေကြပါသည်။[၄၆၁] ပဋိပက္ခများဖြစ်ပွားရာဒေသများ အများအားဖြင့် ကျေးလက်ဒေသများတွင် ခြေလျင်တပ်ရင်းများ သို့မဟုတ် တပ်စခန်းများ ပျံ့နှံ့တည်ရှိနေပြီး အများအားဖြင့် အဓိကကျသောလမ်းများနှင့် မဟာဗျူဟာကျသော တောင်ကုန်းများအပေါ်တွင်နေရာ ယူထားကြပါသည်။ သို့သော် တပ်မတော်ကိုပိုမိုစွမ်းဆောင်ရည် မြင့်မား၍ စစ်သားအရေအတွက်နည်းသော စစ်တပ်တစ်ခုအဖြစ် ဖော်ဆောင်ရန်ထင်ရှားသော အစီအစဉ်တစ်ခု ရှိနေပါသည်။[၄၆၂]

> " တပ်မတော်၏ နိုင်ငံရေးနှင့် စီးပွားရေးနယ်ပယ်များတွင် ဖြန့်ကြက်ပါဝင်နေမှုနှင့် ပြည်တွင်းအာဏာတည်တံ့မှု အပေါ်အာရုံစိုက်မှုတို့သည် ဖောင်းပွပြီး ခြေလျင်တပ်၏ ကြီးစိုးမှုရှိသော တပ်ဖွဲ့တစ်ခု အဖြစ်ဦးတည် ဖြစ်ပေါ်စေခဲ့ပါ သည်။ "

မြန်မာ့တပ်မတော်အယူအဆ၏ အဓိကကျသောကဏ္ဍတစ်ခုမှာ 'ပြည်သူ့စစ်' ဖြစ်ပြီး ယင်းသည်

မာဝစ် (Maoist) သဘောတရား တစ်ခုဖြစ်၍ ၁၉၅၀ ပြည့်နှစ်များကတည်းက စတင်ကာ တပ်မတော်၏ အဓိကကျသော တွေးခေါ်စဉ်းစားမှုတစ်ခု ဖြစ်လာခဲ့ပါသည်။ ထိုအချက်သည် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းမှုအတွက် တင်းအားတစ်ခု ဖြစ်လာနိုင်ပါသည်။

'ပြည်သူ့စစ်' သဘောတရားသည် အမျိုးသား၊ အမျိုးသမီးနှင့် ကလေးတိုင်းကို ပဋိပက္ခတွင် ဖြစ်နိုင်ခြေရှိသော အရင်းအမြစ်အဖြစ် စာရင်းသွင်းထားပါသည်။ ထို့အပြင် ပြည်သူများသည် နိုင်ငံကို ကာကွယ်ရန် စည်းရုံးနိုင်သည် သို့မဟုတ် ထိုပြည်သူများသည် ရန်သူများနှင့် ပူးပေါင်း၍ နိုင်ငံကို ဆန့်ကျင်မှု ပြန်လည်လုပ်ဆောင်နိုင်သူများ အဖြစ်မှတ်ယူထားပါသည်။ ထိုသဘောတရား၏ အဓိကရည်ရွယ်ချက်မှာ 'ပြည်ပအကူအညီများ အပေါ်မှီခိုခြင်းမရှိဘဲ ပြည်တွင်းအင်အားအပေါ် အခြေခံ၍ လူထုတစ်ရပ်လုံး ပါဝင်သော နိုင်ငံတော်ကာကွယ်ရေးအတွက်ခေတ်မီသော ပြည်သူ့ကာကွယ်ရေး စနစ်တစ်ခု ဖွဲ့စည်းတည်ဆောက်ရန်' ဖြစ်သည်။[၄၆၃] ထိုအစီအစဉ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အပိုဒ် ၂၀ (ဃ) နှင့် ၃၄၀ တို့တွင် ထည့်သွင်းထားကာ 'တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူ တစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်' ဟု ဖော်ပြထားပါသည်။ တခြားသော ပါတီများ ထိုပုဒ်မကို ပြင်ဆင်ရန် သို့မဟုတ် ဖယ်ထုတ်ရန် ကြိုးပမ်းခဲ့ကြသော်လည်း NLD အနေဖြင့် ထိုပုဒ်မကို ပြင်ဆင်ရန် အဆိုပြုခဲ့ခြင်း မရှိပေ။ ထိုအချက်သည် 'အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး'နှင့် 'ပြည်ထောင်စု မပြိုကွဲရေး' တို့ ပါဝင်သော စစ်တပ်၏ အမျိုးသားရေး ဦးတည်ချက် ၃ ရပ်ကို နိုင်ငံသားတိုင်း 'စောင့်ထိန်းရန်' ဖွဲ့စည်းပုံ အခြေခံအရတာဝန်ရှိသည်ဆိုသည့် အချက်ကိုလည်း လှစ်ဟပြလျက်ရှိပါသည်။[၄၆၄] သံသယများဖြင့် ဆက်ဆံခံနေရသောပြည်သူတစ်ဦးဖြစ်ဖြစ် အဖွဲ့အစည်း တစ်ခုဖြစ်ဖြစ် ထိုဝါဒများကို ဆန့်ကျင်မှု ပြုလုပ်လာနိုင်ပါသည်။

# ၄.၃ ရာဇဝတ်မှု တရားရေးစနစ်

## ဘက်စုံလွှမ်းခြုံသော စနစ်တစ်ခုလုံး ဆိုင်ရာပြုပြင်ပြောင်းလဲရေး

"တချို့သော လူတွေက ဥပဒေဟာ အမှားလုပ်သူတွေကို အပြစ်ပေးနိုင်တဲ့ အရာလို့ ထင်ကြတယ်၊ တချို့သော လူတွေကတော့ သူတို့ရဲ့ လွတ်လပ်မှုကို ကန့်သတ်တဲ့အရာလို့ ထင်ကြတယ်၊ အဲ့ဒီ နှစ်ခုလုံး မဟုတ်ပါဘူး"

**ဒေါ်အောင်ဆန်းစုကြည်၊ ၂၀၁၈**[၄၆၅]

ကိုလိုနီခေတ်မှ စတင်၍ မြန်မာ့ရာဇဝတ်မှု တရားရေးစနစ်သည် အာဏာကို ထိန်းသိမ်းရန်နှင့် နိုင်ငံ၏အကျိုးစီးပွားကိုကာကွယ်ရန်တို့အတွက်သာ အဓိက အသုံးပြုခဲ့သော နည်းလမ်းတစ်ခု ဖြစ်ပါသည်။ စစ်တပ်အုပ်ချုပ်မှု အောက်တွင် ထိုစနစ်သည်တပ်မတော်ကို ကျေးဇူးပြုပေးသော ကဏ္ဍတစ်ခု ဖြစ်လာပြီး ဥပဒေပြုသူများ၊ ရဲတပ်ဖွဲ့၊ အစိုးရရှေ့နေများ၊ တရားရုံးများနှင့် ထောင်များသည် စနစ်တစ်ခု၏ထိန်းချုပ်မှုအောက်တွင် တာဝန်ထမ်းရသော ဝန်ထမ်းများ ဖြစ်လာကြကာ သေးငယ်သောအထက်တန်းလွှာအုပ်စု၏ အကျိုးစီးပွားအပေါ် ခြိမ်းခြောက်မှုပြုသူများကို အပြစ်ပေးရန်နှင့် ဗျူရိုကရေစီစနစ်အပေါ် အမှီပြုခြင်းတို့အပေါ် အလေးပေးလာခဲ့ပါသည်။ ၁၉၆၂ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အကြားခန့်မှန်းခြေအားဖြင့် လူဦးရေ ၇,၀၀၀ နှင့် ၁၀,၀၀၀ အကြားရှိသော ပြည်သူတို့သည် နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ထောင်ချခံခဲ့ကြရပါသည်။[၄၆၆]

ဒေါ်အောင်ဆန်းစုကြည်က 'ဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုအတွက် ကိရိယာအဖြစ် လုပ်ဆောင်ခြင်းသည် အကြွင်းမဲ့အာဏာရှင်ဝါဒနှင့် ရင်းနှီးကျွမ်းဝင်သော နည်းလမ်းတစ်ခု ဖြစ်ပါသည်။ ထင်ရှားသော ရွေးကောက်ခံ ဥပဒေပြုသူနှင့် လွတ်လပ်သော တရားစီရင်ရေးအဖွဲ့တစ်ခု မရှိလျှင် အာဏာပိုင်များအနေဖြင့် "ဥပဒေ"သည် အာဏာရှင်ဆန်သော အမိန့်ချမှတ်မှုများအဖြစ် အားပေးသက်ရောက်မှုရှိစေပါသည်။ ထိုအရာသည် လက်ခံနိုင်

ဖွယ်ရှိသည့် တရားမျှတမှုဆိုင်ရာ စံနှုန်းများကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်မှုများ ပြုလုပ်ရာ ရောက်စေကြောင်း' ဆွေးနွေးခဲ့ဖူးပါသည်။[၄၆၇]

သူမ၏ အစိုးရအဖွဲ့သည် 'ဥပဒေရေးဆွဲရာ၌ ပိုမိုပွင့်လင်းမြင်သာမှု ရှိရန်နှင့် ညှိနှိုင်းတိုင်ပင်မှုရှိစေရန်၊ ပြည်သူများ၏ အကျိုးစီးပွားအတွက် ပြဋ္ဌာန်းသည့် ဥပဒေဖြစ်ရန်၊ တရားမျှတ၍ ဘက်လိုက်မှု မရှိစေရေး စီမံဆောင်ရွက်ရန်၊ လူ့အခွင့်အရေးကို လေးစားရန်နှင့် ခွဲခြားဆက်ဆံမှု မရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သို့မှသာ ဥပဒေ၏ အထက်တွင် မည်သူမျှ ရှိမနေဘဲ အုပ်ချုပ်မှုစနစ်အောက်တွင် လူတိုင်းတူညီသော အကျိုးကျေးဇူး ရရှိမည်ဖြစ်ပါသည်' စသည့် မူဝါဒတစ်ခုကိုရေးသားပြုစုခဲ့ပါသည်။[၄၆၈]

ယနေ့ မျက်မှောက်ခေတ်တွင် ရဲတပ်ဖွဲ့နှင့် အကျဉ်းထောင်စနစ်များသည် စစ်တပ်၏ ထိရောက်သောထိန်းချုပ်မှု အောက်တွင် ဆက်လက်တည်ရှိနေပါသည်။ ထိုစနစ်ကိုအဓိကအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာနကတစ်ဆင့် အုပ်ချုပ်လျက်ရှိပြီး အထူးသဖြင့်ခေါင်းဆောင်မှု ရာထူးနေရာများတွင် စစ်တပ်အရာရှိဟောင်းများကို အရေအတွက်အား ဖြင့်မြင့်မားစွာ ခန့်အပ်ထားပါသည်။ ဥပဒေများပြုစုနေချိန်တွင်တရားစီရင်ရေးနှင့် တရားရုံးများကို စစ်တပ်၏ ထိန်းချုပ်မှုအောက်မှ ဖယ်ထုတ်ခဲ့သော်လည်း ယင်းတို့တွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သူများသို့မဟုတ် စစ်တပ်အမှုထမ်းဟောင်းများ ဆက်လက်ပါရှိနေပြီး ယခင်အစိုးရများ၏ အလေ့အထများလွှမ်းမိုးမှုများ ကြီးမားစွာ ကျန်ရှိနေပါသေးသည်။

ထိုစနစ်ကို ဘက်လိုက်မှု မရှိသောအမူအကျင့်များနှင့် ပြည်သူကို ကာကွယ်ပေးသော တရားမျှတမှု ယူဆောင်ပေးနိုင်သည့် စနစ်တစ်ခုအဖြစ်သို့ ပြုပြင်ပြောင်းလဲမှု ပြုရာတွင် စနစ်တစ်ခုလုံးကို စုပေါင်းခြုံငုံနိုင်သော ဘက်စုံလွှမ်းခြုံသည့် ချဉ်းကပ်ပုံနည်းလမ်းတစ်ခု လိုအပ်မည် ဖြစ်ပါသည်။ ပြည်သူများ၏ စိုးရိမ်မှုများမှာ တရားရေးနှင့် လုံခြုံရေးအာဏာပိုင်များသည် ကျန်းမာရေးနှင့် ပညာရေးဌာနများကဲ့သို့သော တခြားသော အစိုးရစနစ်များနှင့် အတူ လက်တွဲလုပ်ဆောင်ရန် လိုအပ်ပါသည်။

AAPP မှ ကိုဘိုကြည်က ပြစ်ဒဏ်ပေးခြင်းစနစ်နှင့် ပတ်သက်၍ 'အစိုးရအနေဖြင့် ဘက်စုံလွှမ်းခြုံသောပြစ်ဒဏ်စနစ် ပြုပြင်ပြောင်းလဲခြင်းလုပ်ရန်လိုအပ်ပြီးအကြောင်းမှာယခင်ကဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြေရှင်းနိုင်ရန်၊ အနာဂတ်တွင် ချိုးဖောက်မှုများမှ ကာကွယ်နိုင်ရန်နှင့် (မြန်မာနိုင်ငံတွင်) ဒီမိုကရေစီစနစ် စနစ်တကျအကောင်အထည် ဖော်နိုင်ရန်တို့ဖြစ်ပါသည်။[၄၆၉]ထိုလုပ်ချက်များကိုလက်တွေ့ အကောင်အထည်ဖော်နိုင်သကဲ့သို့ ရေရှည်တည်တံ့မှုရှိသောအရာလည်းဖြစ်သည်' ဟု ဆွေးနွေးခဲ့ပါသည်။ AAPP မှ သူ၏လုပ်ဖော်ဆောင်ဖက်တစ်ဦးကလည်း ရေရှည်အတွက်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းသည် အဓိကကျသလို တစ်ချိန်တည်းတွင် "မကောင်းသောဥပဒေများကို ရုပ်သိမ်းရန်" နှင့် ရာဇဝတ်မှုဆိုင်ရာ တရားရေးစနစ်ကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အစရှိသော အရာများစွာသည် လွှတ်တော်နှင့် အစိုးရအတွင်းရှိ အရပ်သား ကိုယ်စားလှယ်များက လုပ်ဆောင်နိုင်သည်ဟု ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထိုပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်နိုင်ရန် အတွက် အရပ်သားဦးဆောင်သော တရားမျှတရေးဝန်ကြီးဌာနတစ်ခုတည်ထောင်ရန် လိုအပ်မှုအပေါ် ကိုဘိုကြည်ကအထူးအလေးပေးလျက် ရှိပါသည်။

**၁၉၆၂ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အကြား ခန့်မှန်းခြေအားဖြင့် လူဦးရေ ၇,၀၀၀ နှင့် ၁၀,၀၀၀ အကြား ရှိသောပြည်သူတို့သည် နိုင်ငံရေး လှုပ်ရှားမှုများကြောင့် ထောင်ချခံခဲ့ကြရပါသည်။**

အရေးပါလှသောအချက်မှာ တပ်မတော်လက်အောက်ရှိ တချို့သော စစ်တပ်အရာရှိများနှင့် အဖွဲ့အစည်းများသည် စစ်တပ်ရေးရာ ကိစ္စများထက် စာလျှင် တရားရေးနယ်ပယ်တွင် ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန် ကြီးမားသော ပွင့်လင်းမှုများ ပြလာခဲ့ကြခြင်းဖြစ်ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာ အေဂျင်စီများနှင့် ပူးပေါင်း၍ AAPP နှင့် အတူ အကျဉ်းထောင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ အပါအဝင် အစပျိုးလုပ်ဆောင်မှုများစွာ လုပ်ဆောင်လာခဲ့ပါသည်။

လက်ရှိ အစိုးရမူဝါဒနှစ်ခုသည် ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်သော လုပ်ငန်းများဖြင့် ပြုစုနိုင်ခဲ့ပြီး ယင်းသည် တရားရေးစနစ်ပြုပြင်ပြောင်းလဲမှုကို အစိုးရဌာနများ အချင်းချင်းအကြား ပူးပေါင်းလုပ်ဆောင်သော နည်းလမ်းအတွက် အပြုသဘောဆောင်သော ခြေလှမ်းများအဖြစ် ဖော်ပြနေပါသည်။ ပထမတစ်ခုမှာ အမျိုးသား မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒဖြစ်ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ပြဋ္ဌာန်းခဲ့ကာ၊ ဒုတိယတစ်ခုဖြစ်သော အမျိုးသားရာဇဝတ်မှု တားဆီးရေး မဟာဗျူဟာကို ၂၀၁၉ ခုနှစ် မေလတွင် ပြဋ္ဌာန်းခဲ့ပါသည်။

မကြာသေးခင်အချိန်က ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မူဝါဒနှစ်ခုကို ရေးသားပြုစုနိုင်ခဲ့ပါသည်။ ထိုမူဝါဒရေးရာ၌ တခြားဌာနဆိုင်ရာ အစိုးရအဖွဲ့များလည်း အတူတကွပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီး ယင်းသည် တရားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် အပြုသဘောဆောင်သောခြေလှမ်းကို စတင်တွေ့ရှိ နေရကြောင်းကို ပြသလိုက်ခြင်းဖြစ်ပါသည်။ ပထမမူဝါဒတစ်ခုမှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုစုရေးသားထုတ်ဝေသော အမျိုးသား မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒ ဖြစ်ပြီး ဒုတိယတစ်ခုမှာ ၂၀၁၉ ခုနှစ် မေလတွင် ပြုစုရေးသားထုတ်ဝေသော အမျိုးသားအကြမ်းဖက်မှု ကာကွယ်ရေးမဟာဗျူဟာ တို့ဖြစ်ပါသည်။

> “ အရေးပါလှသော အချက်မှာ တပ်မတော်လက်အောက်ရှိ တချို့သောစစ်တပ်အရာရှိများနှင့် အဖွဲ့အစည်းများသည်စစ်တပ်ရေးရာကိစ္စများထက်စာလျှင် တရားရေးနယ်ပယ်တွင် ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန် ကြီးမားသော ပွင့်လင်းမှုများ ပြလာခဲ့ကြခြင်း ဖြစ်ပါသည်။ ”

ထိုမူဝါဒနှစ်ခုလုံးသည် ကော်မတီများဖြင့် ပြုစုခဲ့ခြင်းဖြစ်ပြီး အရပ်ဘက်အဖွဲ့အစည်းများနှင့် တခြားသော ဝန်ကြီးဌာနများ၏ အကြံပြုမှုများ သိသာများပြားစွာ ရယူခဲ့ကြသလို မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ UN ရုံးအပြင် တခြားသောနိုင်ငံတကာအကူအညီများကိုလည်း ရယူခဲ့ပါသည်။ ထိုမူဝါဒနှစ်ခုလုံးတွင် အခွင့်အရေးများကို အခြေခံ၍ ကျား-မရေးရာဆိုင်ရာ နိုးကြားသတိရှိသည့် အသစ်သောနည်းလမ်းများနှင့် တိုးတက်မှုကို ဖြစ်စေမည့် နည်းလမ်းများကို အားပေးမြှင့်တင်ထားပါသည်။

မူးယစ်ဆေးဝါးမူဝါဒသည် မြန်မာနိုင်ငံ၏ တရားမဝင် မူးယစ်ဆေးဝါးဆိုင်ရာ ပြဿနာများကို ဖြေရှင်းရာတွင် ပြစ်ဒဏ်ပေးမှုမှ လွှတ်ကင်းခြင်း၊ ကျန်းမာရေးကို အခြေခံကာ လူသားဗဟိုပြုသော နည်းလမ်းများအတွက် ကြီးမားသော ခြေလှမ်းတစ်ခု အဖြစ်ဖော်ပြနေပါသည်။ ထိုလုပ်ငန်းစဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း စုစုပေါင်း (၁၅) ဖွဲ့ခန့်ဝင်ခဲ့ပါသည်။ ထို့အပြင် မူဝါဒကို အကောင်အထည်ဖော်ရန် လုပ်ငန်း အစီအစဉ်အတွက်လည်း တပ်မတော် ဦးဆောင်သော ဌာနများနှင့် အရပ်သားဦးဆောင်သော ဌာနများ၏ အကြံပြုမှုများနှင့် ပူးပေါင်းပါဝင်မှုများ လိုအပ်ပြီး ယင်းသည် ဌာနများအချင်းချင်းအကြား ပူးပေါင်းလုပ်ဆောင်မှု ပိုမိုအားကောင်းစေမည့် အခြေခံကောင်းကို ပြုစုပေးနိုင်မည် ဖြစ်သည်။[၄၇၀]

ပြည်နယ်အဆင့်ရှိ အာဏာပိုင်များကို အသိပေးခြင်းနှင့် ပြင်ဆင်မှုများ အစပြုလုပ်ဆောင်နေသော်လည်း အရင်နည်းလမ်းဟောင်းများကို ဆက်လက်အသုံးပြုနေမှုများ ရှိနေသေးသည်။ မြင်သာသောဥပမာများမှာ မူးယစ်ဆေးသုံးဆွဲသူများကို ပုံမှန်ဖမ်းဆီးနေသေးခြင်းနှင့် အနည်းငယ် ရောင်းဝယ်သူများအပေါ် အလေးပေးနေသေးခြင်းတို့ ဖြစ်သည်။[၄၇၁] မူဝါဒပြုစုရာတွင် အရာရှိများပါရှိခြင်းက အောင်မြင်မှုတစ်ခုအဖြစ် ရှိနေသော်လည်း ထိုမူဝါဒကို အကောင်အထည်ဖော်ဆောင်မှုတွင် အကန့်အသတ်များ ရှိလာခဲ့ပါသည်။ အမှန်စင်စစ် မူဝါဒပြဋ္ဌာန်းကြေညာမှု မပြုလုပ်မီ တစ်ပတ်လောက်အလိုတွင် ပြည်ထောင်စုလွှတ်တော်က ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒအား ပြင်ဆင်သော ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေသည် ယစ်ဆေးဝါးမူဝါဒမှ ဖယ်ထုတ်ခဲ့သော ခေတ်မမီတော့သည့် ပြစ်ဒဏ်ပေးသောနည်းလမ်းဟောင်းများကို ပြန်လည်အားဖြည့်မှုပြုလုပ်သလို ဖြစ်ခဲ့ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ မူဝါဒပြုစုရေး လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သူ အများအပြားက အဆိုပါ အချက်များအပေါ် စည်းရုံးတောင်းဆိုမှုများပြုခဲ့သည့်ကြားမှ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်ပါ

သည်။ လွှတ်တော်ကိုယ်စားလှယ်များကမူ ထိုနည်းလမ်းသည် ဆန်းသစ်သော လမ်းကြောင်းဟု ခံစားရသောကြောင့် ပြောင်းလဲလိုစိတ် မရှိကြခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။[၄၇၂] မည်သို့ပင်ဆိုစေကာမူ ထိုမူဝါဒတစ်ခု ပေါ်ပေါက်လာခဲ့ပြီး ဥပဒေသည်တင်းကျပ်မှုလျော့ရဲကာ ထိုမူဝါဒကို မလိုအပ်သောအရာများအဖြစ်သို့ မတွန်းပို့ခဲ့ပေ။ လိုအပ်သောသင်တန်းနှင့်ပြောင်းလဲမှုများကို လက်တွေ့ကျကျ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်နိုင်ရန် ဝန်ကြီးဌာနများအကြား ပိုမိုကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုနှင့် ငွေကြေးထောက်ပံ့မှုရှိသော အားထုတ်မှုတစ်ခု လိုအပ်လိမ့်မည်ဖြစ်သည်။[၄၇၃]

အမျိုးသား အကြမ်းဖက်မှု ကာကွယ်ရေး မဟာဗျူဟာသည် ထိုအမျိုးအစားများထဲတွင် ပထမဆုံးဖြစ်ပြီး ရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင်ပြစ်ဒဏ်ပေးခြင်းနှင့် ဥပဒေများ ပိုမိုအားကောင်းစေရန်ကိုသာ အလေးပေးသော နည်းလမ်းများထက်ကြိုတင် တားဆီးကာကွယ်မှုနှင့် ဘက်စုံလွှမ်းခြုံသောနည်းလမ်း လိုအပ်သောအချက်တို့ကို အသိအမှတ်ပြုထားပါသည်။ ထိုမဟာဗျူဟာသည် အစိုးရအဖွဲ့အစည်းဆယ်ခုကို တိုက်ရိုက်တာဝန်အပ်နှင်း၍အဓိကအားဖြင့် ယင်းတို့သည် လူမှုအသိုင်းအဝိုင်းမှရာဇဝတ်မှုနှင့် ပတ်သက်၍ ခံစားနေရသော မလုံခြုံမှုများအားလုံး လျှော့ချခြင်းကို ရည်ရွယ်လုပ်ဆောင်ရန်တာဝန်များ ရှိကြပါသည်။ ၂၀၁၇ ခုနှစ် 'မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့" တွင်တပ်မတော်က အဆိုပြုခန့်အပ်သော ဒုတိယသမ္မတမြင့်ဆွေ၏ မိန့်ခွန်း၌ "လူမှုရေးပြဿနာများ၊ လူမှုအသိုင်းအဝိုင်း ပြဿနာများ၊ စီးပွားရေး ပြဿနာများနှင့် ဆေးဝါးပြဿနာများ" သည်ရာဇဝတ်မှုနှင့် အကြမ်းဖက်ဝါဒဆိုင်ရာအန္တရာယ်များအပေါ် အကျိုးသက်ရောက်မှု ရှိပါသည်။ ထို့ကြောင့် "ရဲတပ်ဖွဲ့အနေဖြင့် တရားစီရင်ရေးကဏ္ဍအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ အိုးအိမ်၊ အလုပ်အကိုင်ရှာဖွေရေးကဏ္ဍ၊ သတင်းမီဒီယာ၊ ဒေသတွင်းနှင့်နိုင်ငံခြားမှလာသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် သော်လည်းကောင်း ကဏ္ဍပေါင်းစုံမှလူမှုအသင်းအဖွဲ့များနှင့် သော်လည်းကောင်း ပူးပေါင်းလုပ်ဆောင်ရန်မှာ အရေးကြီးပါသည်" ဟုထည့်သွင်းပြောဆိုခဲ့ပါသည်။[၄၇၄]

ရာဇဝတ်မှု ကာကွယ်တားဆီးရေး မဟာဗျူဟာတွင်မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ယင်းတို့၏ တာဝန်များနှင့် လုပ်ငန်းများကို ဒီမိုကရေစီစနစ် ပိုမိုအားကောင်းစေရန် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေးနှင့် မြှင့်တင်ရေးလုပ်ငန်းများ' အပြင် ကလေးများနှင့် လူငယ်များကို ပညာပေးခြင်းနှင့် ပြုစုပျိုးထောင်ခြင်းဆိုင်ရာနောက်ဆက်တွဲ မဟာဗျူဟာ အစီအစဉ်များအထိ ပါဝင်လျက် ရှိပါသည်။[၄၇၅] ယင်းသည် 'တရားဥပဒေစိုးမိုးရေးတိုးမြှင့်ရေး' သဘောတူညီမှု ပါရှိသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ရန်လည်းထည့်သွင်းထားပါသည်။[၄၇၆] ထိုလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သော နိုင်ငံတကာပညာရှင်များ၏ အဆိုအရ ယင်းသည် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒကဲ့သို့ တိုးတက်မှု မရှိသော်လည်း ယင်းသည်ပင်လျှင် ရှေ့ဆက်လှမ်းနိုင်မည့် ကြီးမားသော ခြေလှမ်းတစ်ခုအဖြစ်ရှုမြင်နိုင်ပါသည်။[၄၇၇]သတိပြုရမည်မှာ ယင်းသည် အမျိုးသမီးများနှင့် ကလေးများ လူကုန်ကူးခံရမှုသည် ဦးစားပေးရာဇဝတ်မှု" အဖြစ်သတ်မှတ်ကာ လုပ်ဆောင်ရန်ကတိပြုထားသော်လည်း ကျား-မအခြေပြု အကြမ်းဖက်မှု သို့မဟုတ် ယင်းနှင့် ဆက်စပ်သော ရာဇဝတ်မှုများအပေါ် ဘက်စုံလွှမ်းခြုံသော အလေးပေးမှုမပါဝင်ခြင်း ဖြစ်ပါသည်။

## ရဲတပ်ဖွဲ့

အရပ်သားဦးဆောင်သော အစိုးရအနေဖြင့် ရဲတပ်ဖွဲ့၏ ထိရောက်အကျိုးရှိမှုကို ပိုမိုတိုးမြှင့်ကောင်းမွန်စေရန် လုပ်ငန်းများအပေါ် စိတ်ဝင်စားမှုတချို့ကို ပြသခဲ့သည်။ ထိုအချက်ကို တပ်မတော်ကမူ အစပျိုးလုပ်ဆောင်မှုပင် မရှိခဲ့ပေ။ အစိုးရ၏ "မြန်မာနိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း' တွင် 'တရားဥပဒေ စိုးမိုးရေးဆိုင်ရာအဖွဲ့များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းဖြင့် လူတစ်ဦးချင်းစီနှင့် အထူးသဖြင့် ထိခိုက်လွယ်သည့် အုပ်စုများ ဘေးကင်းလုံခြုံရန်အတွက် ဆောင်ရွက်ရာတွင်ပြည်သူ့အခြေပြုရဲလုပ်ငန်းဆောင်ရွက်ခြင်း၊နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ခြင်း ကဲ့သို့သော ဆန်းသစ်သည့် ချဉ်းကပ်မှုများကို အသုံးပြုခြင်း' စသည့်



လုပ်ငန်းစဉ်များကိုဖော်ပြထားပါသည်။[၄၇၈] အလားတူပင်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ရွေးကောက်ပွဲကြေညာစာတမ်းတွင် ‘ရဲတပ်ဖွဲ့ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို ဖြည့်ဆည်းထမ်းဆောင်နိုင်ရန်’ ရည်ရွယ်ချက်တစ်ခုအဖြစ် ဖော်ပြပါရှိပါသည်။[၄၇၉]

မြန်မာနိုင်ငံင်ံ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် လိုအပ်သည့်အသေးစိတ် အစီအစဉ်များပါရှိခြင်း မရှိသော်လည်းအစိုးရအဖွဲ့ အတွင်းရှိ အရပ်သားကိုယ်စားလှယ်များသည် ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေး အားထုတ်မှုများအတွင်း တိုက်ရိုက်ပါဝင်ခြင်း မရှိစေရန်ရှောင်ရှားကြကြောင်း များစွာသော အရင်းအမြစ်များမှသိရှိရပါသည်။ ထိုကြောင့် ရဲတပ်ဖွဲ့နှင့် ဆိုင်သောပြုပြင်ပြောင်းလဲရေး အားထုတ်မှုများကို ပြည်ထဲရေးဝန်ကြီးဌာနက ဦးဆောင်လျက်ရှိပါသည်။ ထိုအားထုတ်မှုများကို နာမည်ကြီး နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ဥရောပသမဂ္ဂက ငွေကြေးထောက်ပံ့သော MyPol စီမံကိန်း၊[၄၈၀] မူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာကုလသမဂ္ဂရုံးနှင့် တခြားနိုင်ငံတကာ ပံ့ပိုးသောစီမံကိန်းများ ပါဝင်ပါသည်။[၄၈၁]

စစ်အုပ်ချုပ်ရေး မြင့်မားသော ၂၀၀၀ ပြည့်နှစ်များအချိန်တွင်ပင် ရဲတပ်ဖွဲ့ ခေတ်မီတိုးတက်မှုများရှိစေရေးနှင့် ရပ်ရွာအခြေပြု ရဲလုပ်ငန်းနည်းလမ်းတစ်ခုကို မိတ်ဆက်ခြင်းတို့ အားထုတ်လုပ်ဆောင်ခဲ့ဖူးကြောင်း ပြန်လည်သတိပြုနိုင်ပါသည်။[၄၈၂] စစ်တပ်ခေါင်းဆောင်များအနေဖြင့် ယင်းတို့၏ ထိန်းချုပ်မှုအောက်တွင် ရဲလုပ်ငန်းများ ပိုမိုထိရောက်စွာ လုပ်



၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွင်း တာဝန်ထမ်းဆောင်ရန် ခန့်အပ်ထားသော ရဲတပ်ဖွဲ့ဝင်များ သင်တန်းတက်နေစဉ်၊ ၂၂ အောက်တိုဘာလ၊ ၂၀၁၅၊ မန္တလေး၊ မြန်မာ။
© Hkun Lat

ဆောင်နိုင်၍ ပြည်သူနှင့် ရင်ဆိုင်ထိတွေ့နေသော တပ်ဖွဲ့တစ်ခု ရှိခြင်းက အကျိုးကျေးဇူးများ ရှိနေသည်ကို မြင်နိုင်ခဲ့နိုင်ခြေ ရှိပါသည်။ ထိုအချက်သည် ဥပဒေအထက် မည်သူမျှ မရှိရဆိုသည့် အချက်ကို ရရှိစေရန် ရဲတပ်ဖွဲ့ကို လွတ်လပ်၍ ဘက်မလိုက်သောအဖွဲ့အစည်းတစ်ခုအဖြစ် ဖော်ဆောင်ရာတွင် ယခုအချိန်ထိ ကင်းမဲ့နေခဲ့သော နိုင်ငံရေးဆန္ဒသည် အာဏာပိုင်များ၏ ပြင်းပျသော ဝန်ခံကတိပြုမှုလို အပ်နေမည် ဖြစ်ပါသည်။[၄၈၃]

## ဖွဲ့စည်းပုံနှင့် အရွယ်အစား

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဝန်ထမ်းအင်အား အလွန်နည်းပါးခြင်းဒဏ်ကို ခံစားနေရပါသည်။ ယင်းတို့တွင် တပ်ဖွဲ့ဝင်အင်အား ၈၅,၀၀၀ သာရှိပြီး ၁၅,၀၀၀ မှာရာထူးအဆင့်ရှိသူများ ဖြစ်ကြပါသည်။ ပြည်ထဲရေး ဝန်ကြီးဌာနအရ တောင်းဆိုမှုနှင့် ငွေကြေးဆိုင်ရာ ခွဲဝေမှုများသည် ယင်းအရေအတွက် ထက်နှစ်ဆပံ့ပိုးမှု ပြုခဲ့ပြီး ရဲတပ်ဖွဲ့အနေဖြင့် လိုအပ်သောတပ်ဖွဲ့ဝင်များ တတ်နိုင်သလောက် မြန်မြန်ဆန်ဆန်ခေါ်ယူခန့်အပ်ရန် လုပ်ဆောင်ခဲ့သော်လည်း ယင်းတို့ တပ်ဖွဲ့ဝင်အဖြစ် စာရင်းသွင်းရန်နှင့် သင်တန်းများ ပံ့ပိုးရန်တို့တွင် အကန့်အသတ်များ ရှိနေခဲ့ပါသည်။[၄၈၄] ရဲတပ်ဖွဲ့များသည် အထူးသဖြင့် အများစုသောကျေးလက်ဒေသများတွင် ရှားပါးခြင်းနှင့် ဆက်လက်ကြုံတွေ့နေရဆဲ ဖြစ်ပါသည်။[၄၈၅] ထိုကိစ္စမှလွဲ၍ တပ်ဖွဲ့များသည် ၂၀၁၄ ခုနှစ်မှ စတင်ကာ သုံးပုံတစ်ပုံခန့် ကြီးထွားလာခဲ့ပါသည်။[၄၈၆]

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တပ်ဖွဲ့ဝင်များ သုံးပုံနှစ်ပုံခန့်သည် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် နေပြည်တော်ရှိ ကွပ်ကဲရေးဌာန (၁၅) ခုအောက်တွင် စုရုံးတည်ရှိလျက် နေ့စဉ်ရဲလုပ်ငန်းများအတွက် တာဝန်ထမ်းဆောင်နေကြရပါသည်။ 'ဒေသခံ' ရဲများသည် ဗဟိုထိန်းချုပ်မှုအောက်တွင် ယူနီဖောင်းများ အတူတူဝတ်ဆင်ကြ၍ တူညီသော လုပ်ထုံးလုပ်နည်းများကိုလိုက်နာ ဆောင်ရွက်ကြရပါသည်။ ယင်းတို့သည် အဓိကအားဖြင့် နေပြည်တော်မှ ညွှန်ကြားမှုနှင့်ရန်ပုံငွေများ ရရှိကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရဲလုပ်ငန်းများအပေါ် အုပ်ချုပ်စီမံမှုနှင့် ဥပဒေပြုရေးအာဏာများသည် ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်တွင်သာ ရှိနေပါသည်။[၄၈၇]

ရဲတပ်ဖွဲ့အောက်တွင် သီးခြားတာဝန်များနှင့်တရားစီရင်ရေး လုပ်ငန်းများအတွက် အထူးကျွမ်းကျင်ယူနစ် သို့မဟုတ် ဌာနစုစုပေါင်း (၁၆) ခုရှိပါသည်။ ယင်းတို့မှာ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဌာန၊ ရေကြောင်းရဲ၊ ယာဉ်ထိန်းရဲနှင့် သစ်တောရဲအစရှိသည်တို့ ဖြစ်ပါသည်။ ယင်းတို့ထဲမှ နှစ်ခုသည် အရန်စစ်တပ်အဖွဲ့များ ဖြစ်ပြီး 'လုံခြုံရေးကွပ်ကဲမှုဌာန' တစ်ခုတွင် အနည်းဆုံး ရဲလုံခြုံရေးတပ်ရင်း (၃၄) ခု (လုံထိန်းဟု အများ သိရှိထားသည်) နှင့်ရခိုင်ပြည်နယ် တစ်ခုတည်းတွင်သာ စခန်းချတည်ရှိသော နယ်စပ်လုံခြုံရေးရဲတပ်ဖွဲ့တို့ ဖြစ်ပါသည်။[၄၈၈] လုံထိန်းတပ်ရင်း (၁၀) ခုသည်လည်း ရခိုင်ပြည်နယ်တွင် တည်ရှိနေပြီး တခြားသော တပ်ဖွဲ့များမှာ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင်အသီးသီးတည်ရှိနေကြသော်လည်း တခြားသော ဒေသများသို့လည်း တပ်ဖြန့်နိုင်ပါသည်။ တခြားသော ဌာန (၁၆) ခုမှာ အထူးသတင်းတပ်ဖွဲ့နှင့် ရာဇဝတ်မှုစုံစမ်းထောက်လှမ်းရေး ဌာနတို့ ဖြစ်ပါသည် (အခန်း ၄.၄ရှိထောက်လှမ်းရေးတွင်ပိုမိုလေ့လာနိုင်ပါသည်)။

## ဘယ်သူ့ဝန်ထမ်းလဲ

ရဲများသည် ပြည်သူများကို ဝန်ဆောင်မှုပေးရန်အတွက်ဖြစ်ပါက အနည်းဆုံး ပဋိပက္ခဖြစ်ပွားနေသောဒေသပြင်ပတွင် အရပ်သားကဲ့သို့ စီမံအုပ်ချုပ်ခြင်းသည် အလွန်အရေးပါပါသည်။ ထိုစီမံအုပ်ချုပ်မှုမျိုးမှာ 'စစ်ပွဲအခြေအနေတစ်ခုမှ ဆင်းသက်လာသောစစ်ဘက်ရေးရာ တန်ဖိုးများ' ထက်အရပ်သားဝန်ဆောင်မှုနှင့် တားဆီးကာကွယ်ရေး တို့အပေါ်အခြေခံသော တန်ဖိုးများအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။[၄၈၉] စစ်တပ်များသည် ပြည်သူ၏ ရန်သူများကို အင်အားအသုံးပြု ချေမှုန်းရန် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ရဲတပ်ဖွဲ့သည် ပြည်သူကိုကာကွယ်ရန် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ ရဲတပ်ဖွဲ့ကစစ်တပ်၏ ဝိသေသလက္ခဏာများကို ယူဆောင်ကျင့်သုံးခဲ့မည်ဆိုလျှင် ယင်းတို့အနေဖြင့် ပြည်သူများကိုလည်း ရန်သူများကဲ့သို့ ပြုမူဆက်ဆံခြင်းဖြင့်အဆုံးသတ်သွားနိုင်ပါသည်။ အထူးသဖြင့် ရဲတပ်ဖွဲ့သည်လူများကို ဖမ်းဆီးရာတွင် နိုင်ငံသားများ၏ အခြေခံ အခွင့်အရေးများကို ထိန်းသိမ်းလုပ်ဆောင်နိုင်သော အာဏာများနှင့် အရည်အချင်းများရှိရမည်၊ ရှုပ်ထွေးမှုတချို့ ရှိနေသည့် ဥပဒေများကို အနက်ဖွင့်ဆိုနိုင်ရမည်၊ တရားရုံးများနှင့် ထိရောက်အကျိုးရှိစွာပူးပေါင်း လုပ်ဆောင်နိုင်ရမည်၊ ပညာရှင်ဆန်သောရဲတပ်ဖွဲ့ဖြစ်ရန် လိုအပ်သည့် တခြားသော ကျွမ်းကျင်မှုများ ရှိရမည်ဆိုသည့် အချက်များနှင့်ပြည့်စုံရမည် ဖြစ်သည်။ ယင်းတို့သည် စစ်တပ်စစ်ဆင်ရေးများ လုပ်ဆောင်ရန် လိုအပ်သော ကျွမ်းကျင်မှုများနှင့် အလွန်ကွာခြားလွန်းလှပါသည်။

မြန်မာနိုင်ငံတွင် စစ်တပ်မှ ရဲတပ်ဖွဲ့ဝင်များ အဖြစ်သို့ အလှည့်ကျ တာဝန်ထမ်းဆောင်သော အရေအတွက်မှာ မသိရှိနိုင်သော ဂဏန်းအနေဖြင့် ရှိနေပါသည်။ ထိုအလေ့အထကို ၂၀၁၄ ခုနှစ်ထိ တိုင်ဆက်လက် ကျင့်သုံးလာခဲ့ကြရာ စစ်တပ်အရွယ်အစားကို လျှော့ချရန် ကြိုးပမ်းမှုများ၏ အစိတ်အပိုင်းဖြစ်ပြီး ရောနှောမှုရှိသော ဒီမိုကရေစီ တစ်ရပ်သို့ပြောင်းလဲမှု လုပ်ငန်းစဉ်များနှင့် ကိုက်ညီ၍ ပိုမိုခိုင်မာသည့် ရဲတပ်ဖွဲ့တစ်ခုကို တည်ထောင်ရန်တို့ ဖြစ်ပါသည်။[၄၉၀] အများစုသော အဆင့်မြင့် ရဲအရာရှိများသည် တပ်မတော်မှဖြစ်ပြီး ထိုကဲ့သို့ ပြောင်းလဲတာဝန်ထမ်းဆောင်ခြင်းဖြင့် သူတို့ကို ပိုမိုမြင့်မားသောရာထူးများ ရရှိစေပါသည် (စစ်တပ်နှင့် ထိုတပ်ဖွဲ့ဝင်များသည် တခြားသော ဝန်ဆောင်မှုလုပ်ငန်းများအားလုံးရှိ ဝန်ထမ်းများထက် ပိုမိုအလေးပေး ဆက်ဆံခံကြရပါသည်)။ တကောင်းနိုင်ငံရေးလေ့လာမှုအဖွဲ့က ပြုလုပ်ခဲ့သော သုတေသနအရ အကျိုးသက်

ရောက်မှုမှာ သုံးခေါက်ချိုး ဖြစ်နေပါသည်။ ယင်းတို့မှာရာထူးတိုးမြှင့်နိုင်ခြင်း အခွင့်အရေးများ မရှိခြင်းကြောင့် ရဲအရာရှိများအဖြစ် အသက်မွေးဝမ်းကျောင်းပြုရန် ကတိကဝတ်ပြု တာဝန်ထမ်းဆောင်သူများအတွက် စိတ်ဓာတ်ရေးရာ လှုံ့ဆော်မှုများ ပျောက်ဆုံးခြင်း၊ တပ်ဖွဲ့၏ ကျွမ်းကျင်ပညာရှင်များ လျော့နည်းလာခြင်းနှင့် ပြည်သူ့ဆက်ဆံရေးများ ပျက်စီးလာခြင်းတို့ ပါဝင်ပါသည်။[၄၉၁]

လက်ရှိ အစိုးရလက်ထက်တွင် ရဲများသည် လွတ်လပ်စွာဖြင့် ဥပဒေရေးရာ ဝန်ဆောင်မှုများကို ထမ်းဆောင်နေရခြင်းထက် စစ်တပ်နှင့် အစိုးရအဖွဲ့တို့၏ နိုင်ငံရေးအကျိုးစီးပွားများနှင့် နီးကပ်စွာပါဝင်ပတ်သက် လုပ်ဆောင်နေရမှုများ ဆက်လက်ရှိနေဆဲဖြစ်ပါသည်။ ထိုအမှုအကျင့်များကို အချို့သောကိစ္စရပ်များတွင် မြင်တွေ့နေရပါသည်။ ယင်းတို့မှာ ရဲကထောင်ချောက်ဆင် ဖမ်းဆီးခဲ့သော အစိုးရလျှို့ဝှက်အက်ဥပဒေနှင့် ပြစ်ဒဏ်ပေးခံခဲ့ရသော ရိုက်တာသတင်းထောက်နှစ်ဦး၏ အမှုအပါအဝင် ရဲများ၏စစ်တပ်က ယင်းတို့ကိုဝေဖန်မှု ပြုသည်ဆိုကာ တရားစွဲဆိုမှု သို့မဟုတ် မိမိတို့နှင့် ပြိုင်ဘက်များကို တရားစွဲဆိုမှုပြုသော အချိန်တိုင်းတွင် ရဲများသည် ထိုလုပ်ထုံးလုပ်နည်းများကို ပုံမှန်အားဖြင့် ကျိုးနွံစွာ လိုက်လံလုပ်ဆောင်ပေးခြင်း တို့ဖြစ်ပါသည်။[၄၉၂]

ထပ်ပေါင်းဆိုရသော် လုံထိန်းလုံခြုံရေးတပ်ရင်းများနှင့် တခြားသော ရဲတပ်ဖွဲ့ယူနစ်များသည် အများပြည်သူ ဆန္ဒထုတ်ဖော်ပွဲများနှင့် တခြားသော အခြေအနေများတွင် အင်အားအလွန်အကျွံ အသုံးပြုမှုများ ဆက်လက်ကျင့်သုံးနေပါသေးသည်။[၄၉၃]

၂၀၁၂ ခုနှစ်တွင် ထိုယူနစ်များသည် လက်ပံတောင်းတောင် သတ္တုတွင်းကို ကန့်ကွက်ဆန့်ကျင်သော ဆန္ဒ ဖော်ထုတ်ပွဲများကို ဖြိုခွဲရာတွင် အဖြူရောင်မီးစုန်းဓာတ်များကို အသုံးပြုခဲ့ ကြပါသည်။[၄၉၄] ထိုလုပ်ဆောင်ချက်သည် အတိတ်တွင် ပြုလုပ်ခဲ့ဖူးသော အုံကြွမှု နှိမ်နှင်းခြင်းများတွင် စစ်တပ်၏ ပါဝင်မှု လျော့နည်းလာသည့် အချက်နှင့် ဆက်နွယ်နေပါသည်။[၄၉၅]

၂၀၁၆ခုနှစ်မှစတင်ကာနယ်ခြားစောင့်လုံခြုံရေးရဲနှင့် မြို့ပြရဲများသည် ရခိုင်ပြည်နယ်အတွင်း ပြုလုပ်ခဲ့သော တပ်မတော်ဦးဆောင်သည့် အရပ်သားများကို ပစ်မှတ်ထားသော နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများတွင် အထူးသဖြင့် ပါဝင်ခဲ့ကြပါသည်။[၄၉၆] ယင်းမှာ အဆိုပါတပ်ဖွဲ့များသည် အာရကန်ရိုဟင်ဂျာ လွတ်မြောက်ရေးတပ်နှင့် ရက္ခိုင့်တပ်မတော်တို့၏ စစ်ရေးပစ်မှတ်များအဖြစ် အဆက်ဆံခံခဲ့ကြရခြင်း၏ရလဒ်တစ်ခု ဖြစ်ပါသည်။ ထိုအချက်သည် ပဋိပက္ခများ ဖြစ်ပွားလျက်ရှိသော အခြေအနေတွင် စစ်တပ်ရေးရာများက ရဲတပ်ဖွဲ့၏ ခွဲခြားရန်အတွက် စိန်ခေါ်မှုများရှိနေကြောင်း ဖော်ပြနေပါသည်။ လုံခြုံရေးတပ်ဖွဲ့များအားလုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ‘နိုင်ငံတော် လုံခြုံရေး အကျိုးငှာ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ’ အခြေအနေမျိုးတွင် ‘စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ’ လူတစ်ဦးကို ၂၄ နာရီထက် ပို၍ ထိန်းသိမ်းထားနိုင်သော အာဏာများလည်း ရှိကြပါသည်။[၄၉၇] အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် များစွာသော အခြားပါတီများက ထိုပုဒ်မကို ပြင်ဆင်ရန် ကြိုးပမ်းခဲ့ ကြပါသည်။

## ကွဲပြားစုံလင်မှုနှင့် လက်လှမ်းမီရရှိမှု

ရဲတပ်ဖွဲ့ကို ခေတ်မီတိုးတက်စေရေးသည် အမျိုးသမီးများ ပိုမိုပါဝင်လာစေရေးနှင့် ယင်းတို့ကို ပိုမိုခန့်အပ်ရန် တို့အပေါ်တွင်လည်း မူတည်နေပါသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များ၏ ခုနစ် ရာခိုင်နှုန်းခန့်သာ အမျိုးသမီးများဖြစ်ပြီး ယင်းသည် တပ်ဖွဲ့၏ ရည်မှန်းချက်ဖြစ်သော ၂၅ ရာခိုင်နှုန်းအောက် များစွာလျော့နည်းနေပါသည်။[၄၉၈] ထိုပြောင်းလဲမှုသည် ၂၀၁၃ ခုနှစ်တွင် ရှိခဲ့သော နှစ်ရာခိုင်နှုန်း[၄၉၉] ထက် တိုးမြှင့်မှုရှိခဲ့ကာ ၂၀၁၄ ခုနှစ်တွင် လေးရာခိုင်နှုန်း[၅၀၀] ဝန်းကျင်သို့ မြင့်လာခဲ့မှုများကို ကြည့်ခြင်းဖြင့် ယင်းတို့၏ ရည်မှန်းချက်သို့ ရောက်ရှိနိုင်ရန် ကြိုးပမ်းမှုများ တချို့ရှိနေကြောင်း ဖော်ပြနေပါသည်။ သို့သော် ဗိုလ်မှူးကြီးအဆင့်ရှိသောအမျိုးသမီးအနေဖြင့် တစ်ဦးတည်းသာ ရှိနေပြီး နောက်တစ်ဦးမှာမူ ပင်စင်ယူသွားပြီ ဖြစ်သည်။ လက်ရှိတွင် ဒုတိယဗိုလ်မှူးကြီးအဆင့် အမျိုးသမီး အရာရှိများမှာ ၂၀ ဦး ရှိနေပါသည်။[၅၀၁]

အဆင့်မြင့် အမျိုးသမီးအရာရှိများက အမျိုးသမီးများသည် ကျား-မ အခြေပြု အကြမ်းဖက်မှု သို့မဟုတ် အမျိုးသမီးများ လူကုန်ကူးခံရမှုများ ကိုင်တွယ်ဖြေရှင်းရာတွင် ပိုမိုကျွမ်းကျင် ပိုင်နိုင်သည့်အပြင် ဘောလုံးပွဲသို့သော မြင့်မားသည့် တာဝန်ပေးခံရသော အခြေအနေများတွင်အမျိုးသားများထံမှ ကြီးမားသော ပူးပေါင်းပါဝင်မှု ရရှိရန် လုပ်ဆောင်နိုင်သောအရည်အသွေးများနှင့် ပုံမှန်အားဖြင့် အမျိုးသမီးများသည် ပြည်သူများနှင့်ယုံကြည်မှု တည်ဆောက်ရာတွင် ပိုမိုပံ့ပိုးနိုင်မှုတို့အထိသင့်တော်သောတာဝန်များထမ်းဆောင်နိုင်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။ [၅၀၂] အမျိုးသမီးများကို ပိုမိုမြင့်မားသောရာထူးများ တိုးပေးရန် လိုအပ်သည်နှင့်အညီ ကျား-မတန်းတူ ဖြစ်စေရန် တခြားပြုပြင်ပြောင်းလဲမှုများကို တစ်ပြိုင်တည်း လုပ်ဆောင်ရန် လိုအပ်ပါသည်။ ယင်းတို့မှာ အဝတ်လဲခန်းများ သီးသန့်စီစဉ်ပေးခြင်း၊ တပ်ဖွဲ့အတွင်း ဖြစ်ပွားလျက်ရှိသည့် ကျား-မအခြေပြု အကြမ်းဖက်မှုများကို ဖြေရှင်းပေးခြင်း၊ တပ်ဖွဲ့ဝင်အမျိုးသမီးများကို သူတို့၏ တာဝန်ထမ်းဆောင်ကာလ ပထမနှစ်နှစ်အတွင်း လက်ထက်ခြင်း မပြုရဆိုသော အချက်များကို ဖယ်ရှားပေးခြင်းနှင့် အမျိုးသမီးအရာရှိများ ညဘက်ကင်းလှည့်နိုင်ရေး စီစဉ်ပေးခြင်း (အထူးသဖြင့် ကျား-မ အခြေပြုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အများအပြား ဖြစ်ပေါ်တတ်သော အချိန်များအတွက် အမျိုးသမီး အရာရှိများလိုအပ်ပါသည်) တို့ဖြစ်ပါသည်။[၅၀၃]

**၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များ၏ ၇% သည် အမျိုးသမီးများ ဖြစ်ပြီး ထိုပြောင်းလဲမှုသည် ၂၀၁၃ ခုနှစ်တွင် ရှိခဲ့သော နှစ်ရာခိုင်နှုန်းထက် တိုးမြင့်မှုရှိခဲ့ကာ ၂၀၁၄ ခုနှစ်တွင် လေးရာခိုင်နှုန်း ဝန်းကျင်သို့ မြင့်လာခဲ့သည်။ သို့သော် ဗိုလ်မှူးကြီး အဆင့်ရှိသော အမျိုးသမီးအနေဖြင့် တစ်ဦးတည်းသာ ရှိနေပြီး နောက်တစ်ဦးမှာမူ ပင်စင်ယူသွားပြီ ဖြစ်သည်။**

ရဲတပ်ဖွဲ့အတွင်း တိုင်းရင်းသားလူမျိုးများ သို့မဟုတ် ဘာသာတရား ကိုးကွယ်မှုများ မည်သို့ကွဲပြားစွာ ပါဝင်နေသည်ဆိုသော အချက်ကို မသိရှိရပေ။ တချို့သော ဆွေးနွေးဖြေဆိုသူများကမူ ဗမာမဟုတ်သောသူများသည် ထိုဝန်ဆောင်မှုတွင် အများစုဖြစ်သော လူမျိုး၏ ကြီးစိုးမှုခံကြရကြောင်း သတိပြုမိမှုအပေါ် အလေးပေး ဆွေးနွေးခဲ့ပါသည်။[၅၀၄] အကြီးတန်းရဲအရာရှိအများစုသည် တပ်မတော်မှ လာကြရာထိုအရာရှိများသည် အစဉ်သဖြင့် ဗုဒ္ဓဘာသာဝင်များဖြစ်သော ဗမာအများစု ဖြစ်ကြပါသည်။ ၂၀၁၃ ခုနှစ်တွင် ရဲတပ်ဖွဲ့အတွင်း ဗမာမဟုတ်သော တိုင်းရင်းသား ဘာသာစကားပြောသည့် အဖွဲ့များတိုးမြင့်ခန့်အပ်ရန် ဆောင်ရွက်မှုများရှိခဲ့ပြီး ထိုအစီအစဉ်ကို အတိုင်းတာတစ်ခုအထိ ဆက်လက်လုပ်ဆောင်သွားနိုင်ဖွယ် ရှိပါသည်။[၅၀၅] ထိုသို့ လုပ်ဆောင်ခြင်းသည် အထူးသဖြင့် ပိုမိုဝေးလံသော ဒေသများရှိ ဗမာမဟုတ်သည့် ပြည်သူများ ရင်ဆိုင်နေရသော အတားအဆီးများကို ဖယ်ရှားရန် အဓိကကျလိမ့်မည် ဖြစ်သည်။ အထူးသဖြင့် ပဋိပက္ခ ထိခိုက်ခံနေရသောဒေသများရှိ ကျေးလက်ဒေသများတွင် ရဲတပ်ဖွဲ့များ၏ လွှမ်းခြုံနိုင်မှု အလွန်အမင်း နိမ့်ပါးနေခြင်း ကပြဿနာများကို များစွာနက်ရှိုင်းစေပါသည်။ ကျေးရွာအများစုတွင် ထုံးတမ်းအစဉ်အလာအရ သို့မဟုတ် အနည်းဆုံး အလွတ်သဘော တရားရေးဆိုင်ရာ အလေ့အထများကို အသုံးပြုနေလေ့ရှိပြီး အဓိကအားဖြင့် အလွန်ကြီးမားသော အမှုကိစ္စများကိုသာ ရဲထံသို့ သတင်းပို့လေ့ ရှိကြပါသည်။ ထိုသို့သတင်းပို့ရာတွင်လည်း ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လွှဲပြောင်းစာ လိုအပ်လေ့ရှိပါသည်။ ရဲတပ်ဖွဲ့ ဝန်ဆောင်မှုများကို (တရားမျှတမှုပိုမိုကောင်းမွန်စွာ ရရှိရန်နှင့်) ကျေးရွာများသို့ တိုးချဲ့နိုင်ခြင်းသည် အစိုးရက ခေတ်မီတိုးတက်သော နည်းလမ်းများဖြင့် ချဉ်းကပ်မှုအပေါ် မူတည်နေပါသည်။ ထိုချဉ်းကပ်မှုတွင် ပဋိပက္ခဆိုင်ရာ နိုးကြားသတိရှိမှုအပြင် ထိုဒေသများအတွင်း ရှိနှင့်ပြီးသော အလေ့အထများကို သင်ယူ၍ တခြားဝန်ဆောင်မှုများနှင့် ပေါင်းစည်းလုပ်ဆောင်နိုင်မှုကို ပံ့ပိုးသည့် နည်းလမ်းများ ပါဝင်ပါသည်။

တချို့သော ဒေသများတွင် ဒေသခံများကို ခန့်အပ်ထားခြင်းသည် အစိုးရပညာရေးကို ပြီးမြောက်ခဲ့ခြင်း မရှိခဲ့သော သို့မဟုတ် မြန်မာဘာသာစကား ကျွမ်းကျင်စွာ ပြောဆိုနိုင်ခြင်း မရှိသောသူများအတွက် အထူးပြုသင်တန်းများ ပြုလုပ်ပေးခြင်းအပေါ် မူတည်နေမည်ဖြစ်ပါသည်။ ရဲလုပ်ငန်း ဝန်ဆောင်မှုများကို မြန်မာဘာသာစကား မပြောသောသူများအတွက် လည်းအတတ်နိုင်ဆုံး လက်လှမ်းမီရရှိစေရန် ထပ်မံကြိုးပမ်းမှုများ လိုအပ်နေမည် ဖြစ်ပါသည်။

## တရားစီရင်ရေး

ယခုအစီရင်ခံစာအတွက် မေးမြန်းမှုပြုလုပ်ခဲ့သော ပါတီနိုင်ငံရေးသမားတစ်ဦးက "ဒီနိုင်ငံရဲ့ ပြဿနာက စစ်တပ်ကနေ ပြည်သူများကို ဘယ်အချိန်မဆို တရားစွဲဆိုနိုင်တယ်၊ ဒါပေမဲ့ ပြည်သူတွေက စစ်တပ်ကို ဘယ်သောအခါမှ တရားစွဲဆိုမှု မပြုနိုင်ပါဘူး" ဟု ဆွေးနွေးခဲ့ပါသည်။[၅၀၆]

သူ၏ မှတ်ချက်သည် တရားစီရင်ရေး၏ ပြဿနာနှစ်ရပ်ကိုညွှန်းဆိုနေပါသည်။ တစ်ဖက်တွင် စစ်တပ်သည် အခန်း (၃) တွင်ဆွေးနွေးခဲ့သည့် အတိုင်းတရားရေးဆိုင်ရာ တိုင်တန်းမှုများကို တပ်ဖွဲ့အတွင်း ကိုင်တွယ်ဖြေရှင်းနိုင်သော လွတ်လပ်သည့် အုပ်ချုပ်မှု ရရှိထားပါသည်။ အခြားတစ်ဖက်တွင် စစ်တပ်သည် အရပ်ဘက် တရားရုံးများအပေါ်ကြီးမားသောလွှမ်းမိုးမှုကို ထိန်းသိမ်းထားနိုင်၍ ထိုတရားရုံးအား ယင်းတို့ကို ဝေဖန်မှုများမှ ရှောင်လွှဲနိုင်စေရန်နှင့် ဝေဖန်သူများကို ပစ်မှတ်ထားသော ကိရိယာတစ်ခုအဖြစ် ဆက်လက် အသုံးပြုလျက် ရှိပါသည်။

တရားရုံးများ၏ လွတ်လပ်မှုသည် ၁၉၆၂ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်အကြားကာလများတွင် အဆက်ဆက် စစ်အစိုးရများကြောင့် လုံးဝမှောက်လှန်ခဲ့ရပါသည်။[၅၀၇] အထူးသဖြင့် ၁၉၈၈-၂၀၁၁ ခုနှစ်များအတွင်းရှိ စစ်အစိုးရ၏ လက်အောက်တွင် တရားသူကြီးများသည် အစိုးရမူဝါဒများကို အကောင်အထည်ဖော်ပေးသော အလုပ်ကို လုပ်ဆောင်သည့် အရာထမ်းများသာ ဖြစ်လာခဲ့ကြပါသည်။ သူတို့သည်စစ်တပ်အရာရှိများ၏ တိုက်ရိုက်လမ်းညွှန်မှုများကို မဖြစ်မနေ လိုက်နာခဲ့ကြရပါသည်။[၅၀၈] တရားသူကြီးများသည် ဥပဒေကို မိမိတို့ကိုယ်တိုင် အနက်ဖွင့်ခြင်းနှင့် ဘက်လိုက်မှု မရှိသော ဆုံးဖြတ်ချက်များချမှတ်ခြင်းတို့ကို လုပ်ဆောင်နိုင်သော လွတ်လပ်သည့်သူများအဖြစ် ရှုမြင်ခြင်းမှ ရပ်စဲခဲ့ကြပါသည်။

ယနေ့ခေတ်တွင် များပြားလှသော တရားသူကြီးများနှင့် တရားရေးဝန်ထမ်းများသည် စစ်တပ်အရာရှိဟောင်းများ ဖြစ်နေကြခြင်း မဟုတ်လျှင်တောင်အနည်းဆုံး သူတို့သည် စစ်အစိုးရလက်အောက်တွင် ကာလကြာရှည်စွာ တာဝန်ထမ်းဆောင်ခဲ့သူများ ဖြစ်နေလေ့ရှိကြပါသည်။ ရလဒ်တစ်ခုအနေဖြင့်တရားရုံးများသည် စစ်တပ်၏ ပုံမှန်အသုံးပြုမှုကို ခံနေရကာ အရပ်သားအဖွဲ့များကလည်း သတင်းမီဒီယာများနှင့် တက်ကြွလှုပ်ရှားသူများ၏ ဝေဖန်မှုများကို ထိန်းချုပ်ရန် ရံဖန်ရံခါ အသုံးပြုလေ့ရှိကြပါသည် (အခန်း ၅ ကို ကြည့်ရန်)။ စစ်တပ်ယဉ်ကျေးမှုသည် တရားရုံး အများအပြားတွင် ပျံ့နှံ့ဝင်ရောက်နေလျက် ယင်းတို့သည် တရားရေးနှင့် တရားမျှတမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို နှောင့်နှေးစေသည့်အပြင် တရားဝင်တရားရေးစနစ်ကို အများပြည်သူက ကျယ်ပြန့်စွာအသုံးပြုမှု နည်းပါးနေသေးသည်။[၅၀၉]

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး[၅၁၀] နှင့်ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရှိ တခြားသောတရားသူကြီးနှစ်ဦးတို့သည် သူတို့၏ လုပ်သက်အချိန်တော်တော်များများကို စစ်တပ်တရားရေးစနစ်၏အဓိကရုံးတွင် ကုန်ဆုံးခဲ့ကြကာ သူတို့သည် ဒုတိယဗိုလ်မှူးကြီးရာထူး အဆင့်ရှိသော စစ်ဥပဒေချုပ်များဖြစ်ခဲ့ပါသည်။[၅၁၁] တခြားသော တရားသူကြီး ခြောက်ဦးအနက်သုံးဦးသည် အဆက်ဆက်သော စစ်အစိုးရများလက်အောက်ရှိ အရပ်သား တရားရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး ကျန်သုံးဦးမှာ တရားရုံးရှေ့နေများဖြစ်ခဲ့ကြပါသည် (အကြီးတန်း ရှေ့နေများ)။ ဦးထွန်းထွန်းဦးသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဒုတိယပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သမ္မတဦးသိန်းစိန်က ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်ခဲ့ပါသည်။[၅၁၂] ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရှိ တရားသူကြီးများအားလုံးသည် အမျိုးသားများ ဖြစ်ကြပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်များတွင် တာဝန်ထမ်းဆောင်နေသော တရားသူကြီး (၅၃) ဦး တွင် (၁၈) ဦး (၃၄ ရာခိုင်နှုန်း) သည် အမျိုးသမီးများ ဖြစ်ကြကာ သုံးဦးမှာ စစ်ဥပဒေချုပ်ရုံးမှ လာခဲ့သူများ ဖြစ်ပါသည်။ အများစုမှာ စစ်အစိုးရဟောင်းများ လက်အောက်ရှိခဲ့သော အရပ်ဘက်တရားစီရင်ရေးတို့တွင် တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်ပါသည်။[၅၁၃] အဆင့်တိုင်းရှိ တရားရုံးများတွင် တရားရုံးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင် လျက်ရှိသောစစ်တပ်အရာရှိဟောင်းများ၏ အရေအတွက်ကို

တိတိကျကျ မသိရှိနိုင်သော်လည်း အရေအတွက်အားဖြင့် အတော်လေးမြင့်မားစွာ ရှိနေပါသည်။ အများစုသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ နှောင်းကာလ သို့မဟုတ် ဦးသိန်းစိန်လက်အောက်ရှိ စစ်ဥပဒေချုပ်ရုံးမှ ပြောင်းရွှေ့လာခဲ့ကြသူများ ဖြစ်ပါသည်[၅၁၄]။

၂၀၁၁ ခုနှစ်မှစတင်၍ တရားသူကြီးများသည်လွတ်လပ်သော ဆုံးဖြတ်ချက်များ ပိုမိုချမှတ်လုပ်ဆောင်ရန် အသိပေးခြင်းခံခဲ့ ကြရသော်လည်း သူတို့သည်ထုံးစံအတိုင်း နိုင်ငံရေးသမားများသို့မဟုတ် လုံခြုံရေး အရာရှိများ၏ အရိပ်အခြည်ကို ကြည့်နေလေ့ရှိကြပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ မူဝါဒနှင့် ပိုမိုကိုက်ညီမည်ဟု သူတို့ကိုယ်တိုင် ထင်မှတ်နေခြင်း၊ တချို့သောအထူးဆုံးဖြတ်ချက်များအတွက် လာဘ်ပေးမှုကို လက်ခံခြင်း၊ ရဲ သို့မဟုတ် အစိုးရရှေ့နေများ၏ အကြံပေးမှုကို မစိစစ်ဘဲ လက်ခံခြင်း သို့မဟုတ် လူမှုကွန်ရက်မီဒီယာများမှ လူထု၏ ဖိအားအပေါ်တုံ့ပြန်မှုများတိုးမြင့်လုပ်ဆောင်လာခြင်းတို့လည်း ရှိနေပါသေးသည်။ အထူးသဖြင့် လူသိများသော နိုင်ငံရေးအမှုကိစ္စများတွင်တရားသူကြီးများသည် နိုင်ငံရေးသမားများ သို့မဟုတ် စစ်တပ်အရာရှိများ၏ ခြိမ်းခြောက်မှုများ တိုက်ရိုက်ရှိမနေသော်လည်း ထိုသူတို့၏ ဆန္ဒကို လိုက်လျော်ပေးလိုပုံ တွေ့ကြရပါသည်။ ယခင်က စစ်တပ်၏ အုပ်ချုပ်မှုအောက်တွင် ရှိနေသေးသော အထွေထွေအုပ်ချုပ်ရေးဌာနသည် တရားရုံးများအပေါ်တရားဝင်မဟုတ်သောလွှမ်းမိုးမှုများ ကြီးမားစွာ ရှိနေခဲ့ပါသည်။[၅၁၅]

“
အသစ်လုံးလုံးဖြစ်သော တရားစီရင်ရေးယဉ်ကျေးမှု တစ်ခုတည်ဆောက်ရန် အတွက် ပိုမိုဘက်စုံလွှမ်းခြုံမှု ရှိသော အစီအစဉ်တစ်ခု လိုအပ်လျက် ရှိပါသည်။ ယင်းမှာ တရားသူကြီးများ၏ အခန်းကဏ္ဍသည် ဥပဒေအပေါ် မျှတ၍ ဘက်လိုက်မှုကင်းစွာ ရှင်းလင်းရန်ဖြစ်ကြောင်း နိုင်ငံရေးလုပ်ရှားသူများ ထံမှ ခိုင်မာသောအချက် ပြမှုများ ဖြစ်ပါသည်။
”

ပြည်ထောင်စု တရားလွှတ်တော်ချုပ် သို့မဟုတ် ပြည်နယ်/ တိုင်းဒေသကြီး တရားလွှတ်တော်များရှိ တရားသူကြီးများသည် သူတို့ အသက် (၇၀) အရွယ်ရောက်မှု၊ ရာထူးမှ အနားယူခြင်း၊ ရာထူးတိုးမြင့်သွားခြင်း၊ သေဆုံးခြင်း သို့မဟုတ် စွပ်စွဲပြစ်တင်ခံရခြင်းခံရသည့်အခါများမှသာ သူတို့၏ ရာထူးများမှဖယ်ရှားနိုင်မည် ဖြစ်ပါသည်။ သီအိုရီအရ အစိုးရအဖွဲ့အတွင်းရှိ အရပ်သားကိုယ်စားလှယ်များသည် ‘ရုံးအတွင်းထိရောက်မှုမရှိ’ ဟုသတ်မှတ်ကာအကြောင်းအမျိုးမျိုးပြ၍ တရားသူကြီးများကို ရာထူးမှ ဖယ်ရှားနိုင်သော သိသာထင်ရှားသည့် အာဏာများ ရရှိထားကြပါသည်။[၅၁၆] ၂၀၁၆ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဥပဒေအရာရှိ (၁၆၀) ဦးကို စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူမှုများ ပြုလုပ်ခဲ့ချိန်တွင် သုံးဦးသာ သူတို့၏အလုပ်ကို ဆုံးရှုံးခဲ့ကြပြီး (နှစ်ဦးမှာ တရားသူကြီးများဖြစ်ကြကာ) တခြားသောသူများကို မည်သို့သော အရေးယူမှုများ ပြုလုပ်ခဲ့သည်ဆိုသည့် အချက်များ ရှင်းလင်းမှု မရှိခဲ့ပေ။[၅၁၇]

အသစ်လုံးလုံးဖြစ်သော တရားစီရင်ရေးယဉ်ကျေးမှုတစ်ခု တည်ဆောက်ရန် အတွက်ပိုမိုဘက်စုံလွှမ်းခြုံမှုရှိသော အစီအစဉ်တစ်ခု လိုအပ်လျက်ရှိပါသည်။ ယင်းမှာ တရားသူကြီးများ၏ အခန်းကဏ္ဍသည် ဥပဒေအပေါ် မျှတ၍ ဘက်လိုက်မှုကင်းစွာရှင်းလင်းရန် ဖြစ်ကြောင်း နိုင်ငံရေးလုပ်ရှားသူများထံမှ ခိုင်မာသောအချက်ပြမှုများ ဖြစ်ပါသည်။ အဂတိလိုက်စားမှုများ နှိမ်နင်းရန်နှင့် တရားရုံးများကို စစ်တပ် သို့မဟုတ် အရပ်သားအရာရှိများ၏တိုက်ရိုက် ဖိအားများမှ လွတ်မြောက်နိုင်စေရန်အတွက်ဆိုလျှင် ထပ်မံအားထုတ်မှုများ လိုအပ်နေပါသေးသည်။ အစိုးရ၏တရားစီရင်ရေး မဟာဗျူဟာ အစီအစဉ် (၂၀၁၈-၂၂) သည် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီနှင့် မြောက်မြားစွာသော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးမှုများ ရရှိခဲ့ပါသည်။ ထိုအစီအစဉ်တွင် တရားရုံး၏လွတ်လပ်မှုကို အဓိကကျောရိုး ငါးခုထဲမှတစ်ခု အဖြစ် ပိုမိုအားဖြည့်ပေးခဲ့သော်လည်း တရားရုံးများတွင်စစ်တပ်၏ လွှမ်းမိုးမှုနှင့် ပတ်သက်၍ တိကျသော ဖော်ပြမှုများ မရှိပေ။[၅၁၈] အလားတူ အဆိုပြုများသည် မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ဖော်ပြပါရှိပါသည်။ ယင်းတွင် ‘တရားရုံးများသည် လွတ်လပ်မှုရှိရမည်ဖြစ်ပြီး တရားစီရင်ရာတွင်လည်း ပွင့်လင်းမျှတမှုရှိရမည်’ ဆိုသည့်အချက်ကို မီးမောင်းထိုးဖော်ပြကာ ထိုအချက်သည် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏

ရွေးကောက်ပွဲ ကတိကဝတ်နှင့် ထပ်တူကျနေပါသည်။[၅၀]

၂၀၁၅ ခုနှစ်တွင် ရှေ့နေများနှင့် အရပ်ဘက်အဖွဲ့အစည်းများသည် တရားရုံးများမှာ စစ်တပ်အရာရှိဟောင်းများ ခန့်အပ်ခြင်းကို ရပ်တန့်ရန် 'ဖဲကြိုးဝါကမ်ပိန်း' ကို စတင်ခဲ့ကြပါသည်။[၅၁] ရလဒ်တစ်ခုအဖြစ် တရားရုံးများသည် လစ်လပ်နေသောနေရာများကို အစားထိုးရန် လျာထားခဲ့သော စစ်တပ်အရာရှိဟောင်း (၃၀၀) ဦး ခန့်အပ်မှုကို ရပ်တန့်ရန်သဘောတူခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုအချိန်မှ စတင်ကာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည်လည်းတရားလွှတ်တော်များတွင် လွတ်လပ်သောအရပ်သား တရားသူကြီးများ ခန့်အပ်နိုင်ရေး ဦးစားပေးလုပ်ဆောင် လာခဲ့ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော အစိုးရက ခန့်အပ်ခဲ့သည့်တရားသူကြီး ငါးဦးအနက် သုံးဦးသည် ယခင်တရားရုံးရှေ့နေများ ဖြစ်ကြပြီး တစ်ဦးမှာ တိုင်းဒေသကြီးအဆင့်အရပ်သား ဥပဒေအရာရှိ တစ်ဦးဖြစ်ခဲ့ကာ တခြားတစ်ဦးမှာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ အရပ်သားအရာရှိတစ်ဦးတို့ ဖြစ်ပါသည်။ ရာထူးနေရာနှစ်ခု လစ်လပ်လျက်ရှိကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ပြည်ထောင်စုတရားသူကြီးချုပ်ကထောက်ခံတင်သွင်းသော စာရင်းကို ကြိမ်ဖန်များစွာငြင်းဆိုခဲ့ပါသည်။[၅၂]

## အကျဉ်းထောင်များ

နိုင်ငံတော်၏ လုံခြုံရေးနှင့် တရားရေးအဖွဲ့အစည်းများအနက် အကျဉ်းထောင်များသည် ကိုလိုနီ၏အမွေအနှစ်များကို နက်ရှိုင်းစွာ စွဲထင်ကျန်ရှိနေဆဲဖြစ်ပါသည်။ အကြောင်းမှာ ထိုအဖွဲ့အစည်းသည် ဘယ်သောအခါမှ ခေတ်မီတိုးတက်ရေး အတွက် အားထုတ်မှုများ၏ပစ်မှတ် မဖြစ်ခဲ့ကြသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံ အမှားပြင်ဆင်ရေးဌာန (မြန်မာနိုင်ငံ၏ အကျဉ်းဦးစီးဌာနအဖြစ်လည်း သိထားကြပါသည်) သည်စစ်တပ်ဦးဆောင်သော ပြည်ထဲရေးဝန်ကြီးဌာနအောက်တွင် ရောက်ရှိနေသည်။ ယင်း၏အထောက်အပံ့ ပစ္စည်းပစ္စယများနှင့် အဆောက်အအုံများသည် ခေတ်နောက်ကျနေခြင်း၊ အရင်းအမြစ်ရရှိသုံးစွဲနိုင်မှု အလွန်နည်းခြင်းနှင့် လွန်ကဲစွာပြည့်ကျပ်နေခြင်းများနှင့် ကြုံတွေ့နေရပါသည်။ အကျဉ်းထောင်များသည် ပြန်လည်ပြုစုပျိုးထောင်မှု ပြုနိုင်သော စင်တာများ အဖြစ် လုပ်ဆောင်နေခြင်းထက် အဓိကအားဖြင့် နိုင်ငံအတွင်း နိုင်ထက်စီးနင်းပြုမှု အာဏာကို ပိုမိုအားဖြည့်ပေးသည့် ယန္တရားဖြစ်ခဲ့ပါသည်။ ထိုဌာနသည် လူထုဘေးကင်းလုံခြုံမှုထက် အာဏာတည်တံ့ခြင်းအတွက် အသုံးပြုလျက်ရှိသော ပြစ်ဒဏ်ပေးခြင်းဆိုင်ရာစနစ်တစ်ခုအဖြစ် ဆက်လက်တွေ့နေရဆဲ ဖြစ်ပါသည်။[၅၃]

**၂၀၁၉ ခုနှစ် ဇွန်လတွင် နိုင်ငံတစ်ဝန်းတွင် အကျဉ်းသား စုစုပေါင်း (၈၅,၇၉၅) ဦး ရှိခဲ့ ပြီး အကျဉ်းထောင်များ စုစုပေါင်း၏ တရားဝင် လက်ခံနိုင်စွမ်းမှာ (၇၁,၀၀၀) ဦးသာ ရှိပါသည်။**

**၂၀၁၇ ခုနှစ်တွင် အမျိုးသားအကျဉ်းသားများ ထားရှိရာ အခန်း၏ ကြမ်းခင်းသည် ပျမ်းမျှအားဖြင့် (၁၁. ၉၆) စတုရန်းပေသာရှိပြီး အမျိုးသမီးအကျဉ်းသား များအတွက်မှာမူ (၁၅.၃) စတုရန်းပေ ရှိနေပါသည်။**

မြန်မာနိုင်ငံတွင် လက်ရှိလည်ပတ်နေသော အကျဉ်းထောင် (၄၂) ခု၊ ထိန်းသိမ်းရေးစခန်း (၅) ခုနှင့် အလုပ်ကြမ်းစခန်း (၄၈) ခုရှိပါသည်။ နောက်ပိုင်းတွင် ကုန်ထုတ်လုပ်မှု စခန်း (၁၈) ခုနှင့် 'စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ထုတ်လုပ်ရေးစခန်းများ' အခု (၃၀) အဖြစ် တရားဝင် တည်ဆောက်ခဲ့ပြီး ယင်းတို့သည် ကုမ္ပဏီများကို ဝန်ဆောင်မှုပေးကာ ယင်းတို့ကိုဌာနမှသော်လည်းကောင်း၊ ပုဂ္ဂလိကကုမ္ပဏီများမှသော်လည်းကောင်း ပိုင်ဆိုင်ကြပါသည်။[၅၄] ၂၀၁၉ ခုနှစ် ဇွန်လတွင် နိုင်ငံတစ်ဝန်းတွင် အကျဉ်းသား စုစုပေါင်း (၈၅,၇၉၅) ဦးရှိခဲ့ ပြီး အကျဉ်းထောင်များ စုစုပေါင်း၏ တရားဝင် လက်ခံနိုင်စွမ်းမှာ (၇၁,၀၀၀) ဦး[၅၅] သာရှိပါသည်။ ၂၀၁၇ ခုနှစ်တွင် အမျိုးသားအကျဉ်းသားများ ထားရှိရာ အခန်း၏ ကြမ်းခင်းသည် ပျမ်းမျှအားဖြင့် (၁၁. ၉၆) စတုရန်းပေသာရှိပြီး အမျိုးသမီးအကျဉ်းသားများအတွက်မှာမူ (၁၅.၃) စတုရန်းပေရှိနေပါသည်။[၅၆]

၂၀၁၉ ခုနှစ်၊ မေလ၌ အကျဉ်းထောင် ခြောက်ခုတွင် ဆူပူအုံကြွမှုများ ဖြစ်ပြီးနောက် လွှတ်တော်နှင့်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC) တို့၏ နောက်ဆက်တွဲ ဖိအားကြောင့် ပြည်ထဲရေး ဝန်ကြီးဌာနသည် အကျဉ်းထောင်တွင် အကျဉ်းသားများ ပြည့်ကျပ်နေမှုကို လျှော့ချနိုင်ရန် ပြစ်ဒဏ်ကာလ မစေ့မီ ကတိဝန်ခံချက်ဖြင့် အကျဉ်းသားများ လွှတ်ပေးခြင်းစနစ်ကို မိတ်ဆက်ရန် စတင်ကြိုးပမ်းလာခဲ့ပါသည်။[၁၁၇] ထိုဆူပူအုံကြွမှုများသည် ကတိဝန်ခံချက်စနစ်ဖြင့် လအစောပိုင်းတွင် အစိုးရကထောင်ပေါင်းများစွာသောအကျဉ်းသားများကိုလွှတ်ငြိမ်းချမ်းသာခွင့်ပေးသော နည်းလမ်းအပေါ် မမျှတသောနည်းလမ်းဖြစ်ကြောင်း ရှုမြင်ခဲ့ရာမှပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီး ပြည့်ကျပ်စွာ နေထိုင်နေရခြင်းကလည်းအုံကြွမှုကို ပိုမိုဆိုးရွားစေခဲ့ပုံရပါသည်။[၁၁၈]

ခန့်မှန်းခြေအားဖြင့် အကျဉ်းသားများ၏ ၅၀ ရာခိုင်နှုန်းသည် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများဖြင့် ထောင်ချခံခဲ့ကြရပြီး ယင်းတို့တွင် အများစုမှာ မိမိတို့တစ်ကိုယ်ရည် သောက်သုံးရန်အတွက် လက်ထဲတွင်ရှိနေသည့် အနည်းငယ်သော ဆေးပြားများကြောင့်သာ ဖြစ်ကြပါသည်။[၁၁၉] မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချရေးအတွက် တခြားသော နည်းလမ်းများကိုကြိုးပမ်း လုပ်ဆောင်လာသော်လည်း တိုးတက်မှုသည်နှေးကွေးလွန်းကာ ရဲများသည်လည်း အသုံးပြုသူများကို လိုက်လံဖမ်းဆီးခြင်းကိုသာ အဓိကလုပ်ငန်းတစ်ခုအဖြစ် ဆက်လက်အလေးပေးလုပ်ဆောင်နေပါသေးသည်။ ထို့အတူ အကျဉ်းထောင်များတွင် လိင်လုပ်ငန်းနှင့် တခြားသော ပြစ်မှုများကြောင့်ထောင်ကျခံနေရသော အမျိုးသမီးများ အရေအတွက်ကို အတိအကျ မသိရှိရသော်လည်း မြင့်မားသော အရေအတွက်ရှိနေသည်ကို တွေ့ရပါသည်။ ထိုပြစ်မှုများသည်တားဆီးကာကွယ်ခြင်း၊ ပြည်သူ့ကျန်းမာရေး၊ နှစ်သိမ့်အားပေး ဆွေးနွေးခြင်းနှင့် အသိအမြင်ဖွင့် အစီအစဉ်များ လုပ်ဆောင်ပေးခြင်း အစရှိသောပြစ်ဒဏ်မဟုတ်သည့် တခြားသော နည်းလမ်းများဖြင့် ပိုမိုထိရောက်စွာ ဖြေရှင်းနိုင်ပါသည်။[၁၂၀]

အကျဉ်းဦးစီးဌာနရှိ ရာထူးအဆင့်မြင့်မားသူများနှင့် တချို့သော ကြီးကြပ်သူများ အပါအဝင် ဝန်ထမ်းတော်တော်များများသည် စစ်တပ်မှ ပြောင်းရွှေ့လာသူများ ဖြစ်ကြပါသည်။[၁၂၁] ရဲတပ်ဖွဲ့အတွင်းကဲ့သို့ပင် ပြောင်းရွှေ့မှုသည် တပ်မတော်သားများကို ပိုမိုမြင့်မားသော ရာထူးတစ်ခု ရရှိစေပြီး ထိုအချက်သည်တပ်မတော်သည် တခြားသော ဌာနများထက် ပိုမိုမြင့်မားကြောင်း သုံးသပ်တွေ့ရှိနိုင်ပါသည်။ ကြီးကြပ်သူကဲ့သို့သော ရာထူးအဆင့်နိမ့်သည့် ဝန်ထမ်းအရေအတွက် တော်တော်များများသည် အသက်အရွယ်ကြီးသူ မိသားစုဝင်များ၏ ရာထူးများကို လက်ဆင့်ကမ်း ရရှိခဲ့ကြပါသည်။ ဤသို့ဖြင့် ယင်းတို့မိသားစု ရရှိထားသော နေစရာကို ဆက်လက်ထိန်းသိမ်းသွားနိုင်မည်ဖြစ်သည်။ အကျဉ်းဦးစီးဌာနသည် ဆွဲဆောင်မှုမရှိခြင်း၊ လစာနည်းပါးခြင်းနှင့် ပညာရှင်ဆန်သော အလုပ်အကိုင် အခွင့်အလမ်း လမ်းကြောင်းဖြစ်မနေခြင်းတို့ကြောင့် လူသစ်များ ခန့်အပ်ရန် ရုံးကန်ကြရပါသည်။[၁၂၂]

ကြီးကြပ်ရေးမှူးများသည် ကိုလိုနီခေတ် အကျဉ်းထောင်လက်စွဲ (၁၉၅၀ နှင့် ၁၉၆၈ တို့တွင် ပြင်ဆင်မွမ်းမံမှု ပြုခဲ့သည်[၁၂၃]) ကိုဆက်လက် အသုံးပြုလျက်ရှိပါသည်။ အများစုသော အချက်များမှာ စိုးရိမ်ရဖွယ် ခေတ်မီမှု မရှိတော့သည့်အပြင်[၁၂၄] သင်တန်းများပေးရာတွင်လည်း ဌာနအတွင်း အချင်းချင်းပေးကြပါသည်။ အကျဉ်းထောင် ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်နေသော နိုင်ငံရေးအကျဉ်းသားတစ်ဦးကအစားအစာ အတိုင်းအချင့် ကဲ့သို့သောအရာအတွက် လက်စွဲစာအုပ်အတွင်း ပါရှိသော စံနှုန်းများကိုယ်တိုင်ကပင်လျှင် မစို့မပို့ ဖြစ်နေသည့်အပြင် လက်တွေ့တွင်လည်း ထိုစံနှုန်းနှင့် ကိုက်ညီမှု ရှိမနေပြန်ကြောင်း ရှင်းပြခဲ့ပါသည်။[၁၂၅] အကျဉ်းထောင်များသည်ပြင်ဆင်ရန် ကြိုးပမ်းနေဆဲဖြစ်သော ၁၉၉၄ ခုနှစ် အကျဉ်းထောင်များ အက်ဥပဒေဖြင့်သာ ဆက်လက်ဥပဒေပြုပြဌာန်း လည်ပတ်လာခဲ့ပါသည်။

အကျဉ်းသားများအပေါ် ဆက်ဆံမှုသည် အထူးဆိုးရွားလှပါသည်။ ၁၉၆၂ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် အကြားပြစ်ဒဏ် ချမှတ်ခံခဲ့ရသော နိုင်ငံရေးအကျဉ်းသားပေါင်း (၁,၆၂၁) များ၏အတွေ့အကြုံများအပေါ် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (အေအေပီပီ) ၏ တွေ့ရှိချက်အရ (၇၂) ရာခိုင်နှုန်းသော နိုင်ငံရေး အကျဉ်းသားများသည် အချုပ်ခန်းအတွင်း ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများ ခံစားခဲ့ကြရပါသည်။ ထို့ပြင် ၂၀၁၅ ခုနှစ်မှ စတင်ကာ ညှဉ်းပန်းနှိပ်စက်မှုများ တွေ့ရှိရကြောင်း

များပြားသော အရင်းအမြစ်များမှလည်း ထောက်ပြနေခဲ့ပါသည်။[၅၃၆] "ခွေးအကျဉ်းခန်းများ" ဟုလည်းခေါ်သောတိုက်ပိတ်ပြစ်ဒဏ်တွင် အကျဉ်းသားများသည် လေးဘက်ထောက် လမ်းလျှောက်ရပြီး ယင်းသည် တခြားသော ပုံမှန်လုပ်ရသော အလေ့အထတစ်ခု ဖြစ်ပါသည်။[၅၃၇] အလုပ်ကြမ်းစခန်းများ၏ အခြေအနေများသည် အံ့သြတုန်လှုပ်ဖွယ်ဖြစ်ပြီး ၂၀၀၄ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်း စခန်းများအတွင်း ထောင်သားပေါင်း (၁၀၀၀) ခန့် သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက အစီရင်ခံခဲ့ပါသည်။[၅၃၈] ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပုဒ်မ (၃၅၉) အရ ရာဇဝတ်မှုတစ်ခုအတွက် ပြစ်ဒဏ်ချမှတ်ခံရပါက အလုပ်ကြမ်းသည် ခွင့်ပြုထားပြီးဖြစ်ပါသည်။

အကျဉ်းသားများသည် ပဋိပက္ခဒေသများတွင်ပေါ်တာများအဖြစ် အတင်းအကျပ် အသုံးပြုခံရခြင်းများရှိခဲ့ပြီး တစ်ခါတစ်ရံတွင် နိုင်ငံတစ်ဝန်းရှိ စစ်ဆင်ရေးများတွင် အသုတ်လိုက် ပို့ဆောင်ခြင်းများလည်း ရှိခဲ့ပါသည်။[၅၃၉] အလုပ်ကြမ်းကို ပုဂ္ဂလိကကုမ္ပဏီများက အသုံးပြုပြီး ယင်းတို့သည် အကျဉ်းထောင်များနှင့် သဘောတူစာချုပ်များ ပြုလုပ်သော်လည်းထိုအတွက် စည်းမျဉ်းရေးဆွဲ သတ်မှတ်ထားမှုများမှာ အလွန်အားနည်းကာ အများပြည်သူ သိရှိနိုင်သော သတင်းအချက်အလက်မှာလည်း အလွန်နည်းပါးပါသည်။ အကျဉ်းထောင်ကြီးကြပ်ရေးမှူးများသည် သာမာန်ထောင်များရှိ အကျဉ်းသားများထံမှ ပုံမှန်အားဖြင့် လုပ်အားများလည်း သင့်သလိုတောင်းဆိုမှုများ ရှိနေပါသည်။[၅၄၀]

၂၀၁၁ ခုနှစ်မှ စတင်ကာ တိုးတက်မှုများသည်နှေးကွေးစွာ ဖြစ်ပေါ်လာခဲ့သော်လည်း ကန့်သတ်မှုများ ရှိနေပါသေးသည်။ အကျဉ်းထောင်များနှင့်ပတ်သက်၍ လွှတ်တော်တွင် ပိုမိုပွင့်လင်းစွာဆွေးနွေးခဲ့ကြခြင်း နှင့်အတူ တရားဝင်အချက်အလက်များလည်း သတင်းမီဒီယာထံ ပေးပို့မှုများလည်းပိုမိုတိုးမြင့် လာခဲ့ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် နေရာတော်တော်များများတွင် အကျဉ်းထောင်တွင်း ပြည့်ကျပ်နေမှု ပြဿနာအပေါ်ပွင့်လင်းစွာ ဝန်ခံမှုပြုခဲ့ပြီး အကျဉ်းသားများအတွက် ပညာရေးနှင့် ကျန်းမာရေးတို့အပေါ် လက်လှမ်းမီရရှိမှုလည်း တိုးတက်ကောင်းမွန်လာခဲ့ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အစပျိုးလုပ်ဆောင်မှုများသည် ဥပမာအားဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများကကူညီပံ့ပိုးခဲ့ကြပါသည်။[၅၄၁]

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် အကျဉ်းထောင် ဆယ်ခုသို့ သွားရောက်လည်ပတ်ခဲ့သော်လည်း ကြိုတင်အသိပေးပြီးမှသာ သွားရောက်ခဲ့ခြင်း ဖြစ်ပါသည်။ ကော်မရှင်သည် AAPP နှင့် ပူးပေါင်း၍ အကျဉ်းထောင်စနစ်ကို ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန် လုပ်ဆောင်လာနေပြီး ထိုလုပ်ငန်းစဉ်များမှာ နှေးကွေးနေသော်လည်း ထိုအချက်သည် အရေးပါသော အောင်မြင်မှု ဖြစ်ခဲ့ပါသည် (အခန်း ၅.၂ တွင် ကြည့်ရန် )။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်အကျဉ်းထောင် စစ်ဆေးရေးကို လုပ်ဆောင်လာခဲ့ပါသည်။[၅၄၂] အကျဉ်းသားများပြည့်ကျပ်နေမှုကို လျှော့ချနိုင်ရန် ပြစ်ဒဏ်ကာလမစေ့မီ ကတိဝန်ခံချက်ဖြင့် အကျဉ်းသားများ လွှတ်ပေးခြင်းစနစ်တစ်ခု မိတ်ဆက်ခြင်းကို လုပ်ဆောင်လျက်ရှိပါသည်။[၅၄၃] ထိုလုပ်ငန်းစဉ်သည် အရေးကြီးသောခြေလှမ်းတစ်ခု ဖြစ်သော်လည်း ပြစ်ဒဏ်ပေးစီရင်ခြင်းစနစ်တွင် ပိုမိုကျယ်ပြန့်သော ပြုပြင်ပြောင်းလဲမှုများ အပါအဝင် မူးယစ်ဆေးဝါးအမှုနှင့် ဆိုင်၍ ဖမ်းဆီးခြင်းကိုလည်း လျှော့ချမှုပြုခြင်းတို့သည်လည်းတူညီသောအရေးကြီးမှုရှိနေကြောင်းသတိပြုရပါမည်။[၅၄၄]

## ၄.၄ ထောက်လှမ်းရေးဌာနများ

မြန်မာနိုင်ငံ၏ ထောက်လှမ်းရေးအဖွဲ့များသည်စစ်တပ်၏ ထိန်းချုပ်မှုအောက်တွင် ဆက်လက်တည်ရှိနေကြပြီး ယင်းကို ပြည်တွင်း ပြည်ပနှစ်ခုလုံး၌ပုံမှန်အားဖြင့် နိုင်ငံရေးဆိုင်ရာ လုပ်ငန်းများအတွက် အသုံးပြုလေ့ရှိပါသည်။ အရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့်မှု ထိုအဖွဲ့များကို အရပ်သားထိန်းချုပ်မှုအောက်သို့ရောက်ရှိလာစေရန် မည်သို့သော ကြိုးပမ်းလုပ်ဆောင်မှုများကိုမတွေ့ရှိရသည့်အပြင် ယင်းတို့၏ ပြုပြင်ပြောင်းလဲမှုအတွက်အားပေးကြိုးပမ်းခြင်းရှိနေသည်ဆိုသည်မှာလည်းမသိရှိရပေ။[၅၄၅]

စစ်တပ်၏ အဓိကထောက်လှမ်းရေးဌာနမှာ စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံး ဖြစ်ပါသည်။ လက်ရှိ ခေါင်းဆောင်မှာ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် ဖြစ်ပါသည်။[၇၄၆] စစ်ဘက်ရေးရာ လုံခြုံရေး အရာရှိချုပ်ရုံး တွင်ဌာန ခုနစ်ခုရှိကာ ယင်းတို့မှာ - သတင်းအချက် အလက်နှင့် ပြည်သူ့ဆက်ဆံရေး၊ နိုင်ငံရေးနှင့် စီးပွား ရေး၊ မူးယစ်ဆေးဝါးနှင့် စီးပွားရေးဆိုင်ရာ သုတေသန၊ တိုက်ခိုက်ရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ၊ သင်တန်းများ၊ ပြည်ပ စစ်တပ်လုံခြုံ ရေးနှင့် စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေး အစရှိသည်တို့ လွှမ်းခြုံပါဝင်ပါသည်။[၇၄၇]အင်ဒရူးဆယ်သ်၏အဆိုအရ စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံးမှ တစ်ဆင့် တပ်မတော်သည် ဦးခင်ညွှန့်၏ ထောက်လှမ်းရေး တပ်ဖွဲ့များ ရှိခဲ့သော စွမ်းဆောင်ရည်နှင့် လွှမ်းမိုးနိုင်မှု များကို ပြန်လည် အားဖြည့်နိုင်လာခဲ့ပြီဖြစ်ကြောင်း နှင့်အဓိကအချက်မှာ ယင်းတို့အနေဖြင့် လက်ရှိတွင် ဗဟိုထိန်းချုပ်မှု စနစ်ဖြင့် ပိုမိုလုပ်ဆောင်လျက် ရှိကြ ကြောင်းတွေ့ရှိရပါသည်။[၇၄၈] ၂၀၁၉ ခုနှစ်၊ မေလတွင် လွှတ်တော်ကိုယ်စားလှယ်များက ကာကွယ်ရေးဝန် ကြီးဌာနကို မေးခဲ့သော အဓိကအချက်မှာ သူတို့ကို စစ်တပ်ထောက်လှမ်းရေးများက စောင့်ကြည့်ခြင်း သည်သင့်တော် မှန်ကန်သလားဆိုသည့် အချက်ဖြစ် ပြီးသူတို့၏ မဲဆန္ဒနယ်များတွင် ပြန်လည်ရောက် ရှိသော အချိန်များတွင်ပင်လျှင် သူတို့ကို ပုံမှန်ဓာတ်ပုံ များရိုက်ယူခြင်းတို့ ပါဝင်ပါသည်။[၇၄၉]

မြန်မာနိုင်ငံရဲတပ်ဖွဲ့အောက်ရှိ အထူးသတင်း တပ်ဖွဲ့သည် ပြည်တွင်းထောက်လှမ်းရေး လုပ်ငန်းများ အတွက်အဓိက တာဝန်ယူလုပ်ဆောင်ရသော အဖွဲ့ တစ်ခုဖြစ်ပုံ တွေ့ရပါသည်။ ၂၀၁၅ ခုနှစ်တွင် အထူး သတင်းတပ်ဖွဲ့တွင် တပ် ဖွဲ့ဝင်အင်အား (၂,၅၀၀) ဦးရှိကာ ခုနစ်ရာခိုင်နှုန်းမှာ အမျိုးသမီးများ (တပ်ဖွဲ့ အတွင်းကိုင်တွယ်ဖြေရှင်းရန် လိုအပ်သော မညီမျှမှု တစ်ခုအဖြစ် ဆိုနိုင်ပါသည်) ဖြစ်ပါသည်။[၇၅၀] တပ်ဖွဲ့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး၌ ကွပ်ကဲ ရေးစင်တာ တစ်ခုစီရှိကာ ထိုစင်တာအောက်တွင် ဌာနငါးခု ဖွဲ့စည်းပါဝင်လျက်ရှိရာ ယင်းတို့မှာ - လုံခြုံ ရေးဌာန၊ ထောက် လှမ်းရေးဌာန၊ ‘ကုမ္ပဏီတပ်ဖွဲ့များ’ ငါးခု၊ နိုင်ငံတကာ ဆက်ဆံရေးဌာနနှင့် စီမံခန့်ခွဲရေး နှင့်သင်တန်းပေးရေးဌာနတို့ ဖြစ်ပါသည်။

ထိုတပ်ဖွဲ့သည် ကျောင်းသားလှုပ်ရှားမှုများ၊ အတိုက်အခံနိုင်ငံရေး လှုပ်ရှားမှုများနှင့် ဘာသာရေး အဖွဲ့အစည်းများကို ကာလကြာရှည်စွာ အလေးပေး စောင့်ကြည့်လာခဲ့ ကြပါသည်။ အရပ်ဘက်အဖွဲ့ အစည်း တော်တော်များများသည် တခြားသောဌာန များထက်စာလျှင် အထူးသတင်းတပ်ဖွဲ့နှင့် ပိုမိုရင်းနှီး မှုရှိကြပါသည်။ အကြောင်းမှာ ယင်းတို့သည် အစီရင် ခံစာစတင်ထုတ်ဝေသော အခမ်းအနားများနှင့် တခြား သောအခမ်းအနားများတွင် ပုံမှန်တက်ရောက်လေ့ ရှိခြင်း သို့မဟုတ် နိုင်ငံခြားသား ခရီးစဉ်များနှင့် ပတ် သက်၍ အသေးစိတ် အချက်အလက် တောင်းခံခြင်း သို့မဟုတ် တခြားသော လုပ်ငန်းများကြောင့် ဖြစ်ပါ သည်။ တပ်ဖွဲ့သည် သံတမန်များ (နှင့် ယင်းတို့၏ ဝန်းကျင်)၊ အဆင့်မြင့်အရာရှိများနှင့် တာဝန်ထမ်း ဆောင်လျက်ရှိသော နိုင်ငံရေးသမားများအတွက် လုံခြုံရေးများကိုလည်း ပံ့ပိုးပေးပါသည်။

အထူးသတင်း တပ်ဖွဲ့အနေဖြင့် အခြားသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့များနှင့် သတင်းအချက်အလက် များဝေမျှဖလှယ်မှုပြုခြင်းမှာ ရှားပါးလှကြောင်း ညွှန် ပြမှုများရှိနေပြီး ထိုအစား အစီရင်ခံစာများကို ပြည် ထဲရေးဝန်ကြီးဌာနဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး ထံတိုက်ရိုက်ပေးပို့ပါသည်။[၇၅၁] တပ်ဖွဲ့သည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကို ထောက်လှမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ သင်တန်းများ ပံ့ပိုးပေးပါသည်။ ကျောင်းသားနှင့် နိုင်ငံရေးလှုပ်ရှားမှုများကိုထိန်းချုပ်မှုများပြုလုပ်လာ ခဲ့သည့် တပ်ဖွဲ့၏ သမိုင်းကြောင်းအရ ယင်းသည် လူထုအပေါ် နိုင်ထက်စီးနင်းပြုကာ သံသယရှိသော အပြုအမူများဖြင့် ပိုမို ဆက်ဆံတတ်သည့်အကျင့် သည်ထိုဝန်ထမ်းများအကြား စွဲမြဲစေမည့် အန္တရာယ် များရှိနေနိုင်ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရာဇဝတ် မှုစုံစမ်းစစ်ဆေးရေးဌာနသည်လည်း ထောက်လှမ်း ရေးကဏ္ဍကို ထမ်းဆောင်လေ့ရှိပြီး ရံဖန်ရံခါ အထူး သတင်းတပ်ဖွဲ့နှင့် ပူးပေါင်း လုပ်ဆောင်လေ့ရှိကြ ပါသည်။[၇၅၂]

၂၀၁၁ ခုနှစ်မှ စတင်ကာ အစိုးရသည် ယင်း၏ အင်တာနက် အသုံးပြုမှုအပေါ် စိစစ်ဖြတ် တောက်ခြင်းနှင့် ထိန်းချုပ်ခြင်းများ ပြုလုပ်လာခဲ့ သည့်အစီအစဉ်ကို ပိုမိုလွတ်လပ်ခွင့်ပေး၍ အဖျက် အမှောက် လှုပ်ရှားမှုများကိုသာ စောင့်ကြည့်သည့်

လမ်းကြောင်းသို့ ပြောင်းလဲကျင့်သုံးလာပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် 'တရားစီရင်ရေးဆိုင်ရာ ဆန်းစစ်မှုမတိုင်ခင် ကျယ်ပြန့်သော အခြေအနေများအောက်တွင်ဝရမ်းမပါရှိဘဲဝင်ရောက်ခြင်းနှင့်အရေးပေါ်ကြားဖြတ် ယူနိုင်ခြင်းစသည့် အာဏာများ' ကို ၂၀၁၃ ခုနှစ်၏ ဆက်သွယ်ရေးဥပဒေက ပံ့ပိုးသော အာဏာများကို အသုံးပြု နေကြပါသည်။[၅၅၃] တက်ကြွလှုပ်ရှားသူများနှင့် သတင်းထောက်များကို သူတို့၏ လိုင်းပေါ်ဆက်သွယ်ခြင်း သို့မဟုတ် အများပြည်သူဆိုင်ရာ လုပ်ငန်းများအတွင်း တရားရုံးသို့ တင်ပို့နိုင်ရန်ထိုဥပဒေနှင့် တခြားသော ဥပဒေများကို စစ်တပ်သို့မဟုတ် ရဲများက ပုံမှန်အားဖြင့် အသုံးပြုနေကြပါသည် (အခန်း ၅ တွင် ကြည့်ရန်)။

စစ်ထောက်လှမ်းရေး (စရခလက်အောက်တွင်ဖြစ်နိုင်ပါသည်) သည်အွန်လိုင်းစစ်ဆေးရေးများတွင်လည်း ပါဝင်နေကြကာ အထူးသဖြင့် ရခိုင်ပြည်နယ်နှင့် ပတ်သက်သော ပြဿနာများအပေါ် အများပြည်သူနှင့် နိုင်ငံတကာမှ သိရှိစေရန် ထုတ်ဖော်မှုများကို ထိန်းကြောင်းနိုင်ရန် လုပ်ငန်းများတွင် ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် Facebook က (၄၂၅) ခုသော စာမျက်နှာများ၊ အဖွဲ့ (၁၇) ဖွဲ့၊ အကောင့် (၁၃၅) ခုနှင့် အင်စတာဂရမ်အကောင့် (၁၅) ခုတို့ကို ပိတ်သိမ်းခဲ့ပြီး အဓိကအကြောင်းရင်းမှာ မြန်မာ့တပ်မတော်နှင့် ချိတ်ဆက်နေကြောင်း စုံစမ်းတွေ့ရှိရခြင်း ကြောင့်သော်လည်းကောင်း 'တိုင်းရင်းသားများအပေါ် အကြမ်းဖက်မှု'၊ 'အမုန်းတရား' နှင့် 'သတင်းအမှားများပေးခြင်း' အစရှိသည်တို့နှင့်ဆက်စပ်နေသောကြောင့် လည်းကောင်း ဖြစ်ပါသည်။[၅၅၄]

အထူးစုံစမ်းစစ်ဆေးရေးဌာနသည် အဓိကအားဖြင့် အဆင့်မြင့်သော ရာဇဝတ်မှုများတွင် ပါဝင်ကြကာ အထူးသဖြင့် ငွေကြေးဆိုင်ရာ ရာဇဝတ်မှုများဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ယင်းတို့အနေဖြင့် အမှု (၅၂၈)မှုကိုကိုင်တွယ်ခဲ့ပါသည်။[၅၅၅]ထိုဌာနသည်အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်[၅၅၆] အပြင်များစွာသောတခြားအဖွဲ့အစည်းများ[၅၅၇]နှင့်လည်း နီးကပ်စွာလုပ်ဆောင်လျက်ရှိရာ အဓိကအားဖြင့် စုံစမ်းစစ်ဆေးရေး ကဏ္ဍတစ်ခုကိုသာ လုပ်ဆောင်ပါသည်။ အဆင့်မြင့်သော အမှုကိစ္စများ[၅၅၈] အတွက်နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်မှုများလည်းရှိသည့်အပြင် လိုင်စင်မရှိသော ငွေကြေးလဲလှယ်မှုလုပ်ငန်းများကို တိုက်ဖျက်ရာတွင်လည်း ပါဝင်ပါသည်။[၅၅၉] မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင် ငွေကြေးဆိုင်ရာထောက်လှမ်းရေးဌာန တစ်ခုရှိပြီး ထိုဌာနသည် ငွေဖြူငွေမဲ လုပ်ငန်းများကို ဆန့်ကျင်ရန် တာဝန်ယူရသော်လည်း ယင်းနှင့် အထူးစုံစမ်းစစ်ဆေးရေးဌာနတို့အကြားရှိ ဆက်ဆံရေးကို ရှင်းလင်းစွာ မတွေ့ရှိရပေ။ ၂၀၁၉ ခုနှစ်၊ ဖွန်လတွင် အထူးစုံစမ်းစစ်ဆေးရေးဌာနမှ ညွှန်ချုပ်ဖြစ်သော ဦးမောင်မောင်ကျော်ကမြန်မာနိုင်ငံရှိ ငွေဖြူငွေမည်း ပြုလုပ်ခြင်းလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းသည် မူးယစ်ဆေးဝါးအမှုများနှင့်ဆက်စပ်လျက်ရှိကြောင်း ကြေညာခဲ့ပါသည်။[၅၆၀]

# ကျမ်းကိုးစာရင်း

၃၆၈ Saferworld (2006), 'The ten principles of community-based policing' (https://www.saferworld.org.uk/resources/publications/1130-policing-resources)

၃၆၉ Interview with Ye Myo Hein, Tagaung Institute for Political Studies, Yangon, May 2019.

၃၇၀ Lubian, op. cit., pp 228–254.

၃၇၁ Ibid, p 134. See also p 234.

၃၇၂ Ibid, p 223.

၃၇၃ Ibid, p 220.

၃၇၄ Ibid.

၃၇၅ Interview with journalist who had been covering parliament activities during the 2016 changes.

၃၇၆ Pyar Kyi Chit Saw, Arnold (2018), op. cit., p 33; Egreteau (2017a), op. cit., pp 33–35.

၃၇၇ Radio Free Asia (2013), 'Myanmar Drafts New Anti-Terror Law', 21 October (https://www.rfa.org/english/news/myanmar/terrorism-10212013172911.html/)

၃၇၈ San Yamin Aung (2017), 'Police Open Case Against Former Buthidaung MP', The Irrawaddy, 8 September (https://www.irrawaddy.com/news/burma/police-open-case-former-buthidaung-mp.html)

၃၇၉ Htet Naing Zaw (2017), 'ANP Asks Army Chief to Segregate Ethnic Communities in Maungdaw', The Irrawaddy, 10 August (https://www.irrawaddy.com/news/burma/anp-asks-army-chief-segregate-ethnic-communities-maungdaw.html)

၃၈၀ 2019 Child Rights Law, article 61.

၃၈၁ For details of the six grave violations, see the website of the Office of the Special Representative of the Secretary-General for Children and Armed Conflict: https://childrenandarmedconflict.un.org/six-grave-violations/

၃၈၂ 2019 Child Rights Law, article 60. Unofficial translation by Saferworld.

၃၈၃ Gender Equality Network (2013), 'Developing Anti-Violence Against Women Laws', January (http://www.burmalibrary.org/docs20/Developing_AVAW_Laws--Discussion_Paper-pt-1-Background-en-red.pdf); Women's League of Burma (2019), 'Procedural And Substantive Suggestions for the Proposed Protection and Prevention of Violence Against Women Law' (https://www.womenofburma.org/policy-papers/procedural-and-substantive-suggestions-proposed-protection-and-prevention-violence)

၃၈၄ Interviews, Yangon, May 2019; Women's League of Burma (2019) op. cit.; See also: Walsh G (2018), 'Defending Women's Rights in Myanmar', Trocaire, 30 August (https://www.trocaire.org/news/gender-equality-network-myanmar)

၃၈၅ Interviews, Yangon, 2019. See also: Gender Equality Network (2013), op. cit.

၃၈၆ Nyan Hlaing Lynn (2017), 'Tensions ahead over changes to "race and religion" laws', Frontier Myanmar, 20 February (https://frontiermyanmar.net/en/tensions-ahead-over-changes-to-race-and-religion-laws); The Global Justice Centre (2015), 'Myanmar's Long Road to Gender Equality', November (http://www.globaljusticecenter.net/documents/UPR.2Pager.pdf); Walton M J, McKay M, Daw Khin Mar Mar Kyi (2015), 'Women and Myanmar's "Religious Protection Laws"', The Review of Faith & International Affairs 13 (4).

၃၈၇ Aung Myat Thu (2018), 'Protection from Violence against Women Act likely to be passed next year', Mizzima, 27 November (http://mizzima.com/article/protection-violence-against-women-act-likely-be-passed-next-year)

၃၈၈ Myanmar Centre for Responsible Business (2019), 'MCRB provides initial comments to government on the draft cybersecurity framework, and discusses cybersecurity with MPs', 4 February (https://www.myanmar-responsiblebusiness.org/news/draft-cybersecurity-framework.html)

၃၈၉ Interview, Naypyidaw, May 2019.

၃၉၀ Myanmar Times (2019), 'Myanmar in urgent need of more police', 15 March (https://www.mmtimes.com/news/myanmar-urgent-need-more-police.html)

၃၉၁ Global New Light of Myanmar (2019), 'Union Minister U Min Thu meets GAD staff of Ayeyawady region', 2 April (http://www.globalnewlightofmyanmar.com/union-minister-u-min-thu-meets-gad-staff-of-ayeyawady-region/)

၃၉၂ Global New Light of Myanmar (2019), '"Transition starts with GAD": Securing Rule of Law, Community Peace and Tranquillity, Regional Development, Serving the Public Interest', 19 April (http://www.globalnewlightofmyanmar.com/transition-starts-with-gad-securing-rule-of-law-community-peace-and-tranquility-regional-development-serving-the-public-interest/)

၃၉၃ Global New Light of Myanmar (2019), 'Union Minister U Min Thu meets GAD staff in Kayah State', 17 January (http://www.globalnewlightofmyanmar.com/union-minister-u-min-thu-meets-gad-staff-in-kayah-state/)

၃၉၄ These three points were emphasised in different ways at all of the consultations, but were laid out systematically as three points in Taunggyi, Shan State. Global New Light of Myanmar (2019), 'Union Minister U Min Thu meets GAD staff of Shan State (South, North)', 8 February (http://www.globalnewlightofmyanmar.com/union-minister-u-min-thu-meets-gad-staff-of-shan-state-south-north/); Global New Light of Myanmar (2019), 'Union Minister U Min Thu meets with staff of GAD in Shan State (East)', 6 February (https://www.globalnewlightofmyanmar.com/union-minister-u-min-thu-meets-with-staff-of-gad-in-shan-state-east/)

၃၉၅ Global New Light of Myanmar (2019), 'Union Minister U Min Thu meets GAD staff of Shan State (South, North)', 8 February.

၃၉၆ Ibid.

၃၉၇ Interview with international agency working with the GAD, Yangon, May 2019.

၃၉၈ Civil Service Reform Strategic Action Plan for Myanmar 2017–20.

၃၉၉ In 2017, The Asia Foundation found that 'Of Myanmar's 16,785 ward and village administrators, only 42 are women. None of the country's 330 township administrators are women.' Shwe Shwe Sein Latt, Kim N B Ninh, Mi Ki Kyaw Myint, Lee S (2017), 'Women's Political Participation in Myanmar: Experiences of Women Parliamentarians 2011–2016', The Asia Foundation, April, pp 3–4 (https://asiafoundation.org/wp-content/uploads/2017/05/Womens-Political-Participation-in-Myanmar-MP-Experiences_report-1.pdf)

၄၀၀ The department's four main objectives, including those related to public security, have been continued.

၄၀၁ This power was seemingly retained in the GAD's hands in April 2019, when states of emergency in Buthidaung and Maungdaw Townships were extended by the NLD as per routine. See: Amnesty International (2019), 'No one can protect us: War crimes and abuses in Myanmar's Rakhine State' (https://www.amnesty.org/download/Documents/ASA1604172019ENGLISH.PDF). According to email correspondence with researchers from Amnesty International, this announcement was made locally from the township administrator's office in the usual way.

၄၀၂ Global New Light of Myanmar (2019), '"Transition starts with GAD": Securing Rule of Law, Community Peace and Tranquility, Regional Development, Serving the Public Interest', 19 April (http://www.globalnewlightofmyanmar.com/transition-starts-with-gad-securing-rule-of-law-community-peace-and-tranquility-regional-development-serving-the-public-interest/)

၄၀၃ Among the three services, the army (Tatmadaw Kyi) is officially superior to the navy (Tatmadaw Yay) and the air force (Tatmadaw Lay) 'by taking a leading role of the entire Armed Forces'. Naypyitaw (2015), op. cit., p 25. This is reflected in the automatic placement of the commander-in-chief of the army as the deputy commander-in-chief of the entire Defence Services.

၄၀၄ This term has been used in successive Armed Forces Day speeches since 2015 by the commander-in-chief and vice commander-in-chief. It is also used at the graduation ceremonies of cadets and at other training functions.

၄၀၅ It is sometimes stressed that this is necessary in order to defend the country against international aggression, and is often justified in the context of past experiences of colonialism. For example, see the website of the Office of the Commander-in-Chief of Defence Services: https://cincds.gov.mm/node/99.

၄၀၆ Myawady (2015), 'Interview with Commander in Chief of Defence Services Senior General Min Aung Hlaing and BBC News Agency', 20 July.

၄၀၇ There has been an intentional effort on the part of military leaders to avoid this terminology, according to a former Tatmadaw colonel and a Myanmar scholar who works closely with the Tatmadaw. Interviews, Yangon, May 2019.

၄၀၈ According to two sources close to the Tatmadaw, the concept of 'new professionalism', as applied to Brazil and Peru in the 1970s, is considered more amenable and relevant to the Myanmar military. See Stepan A (1973), The new professionalism of internal warfare and military role expansion (New Haven: Yale); McCann F D (1979), 'Origins of the "New Professionalism" of the Brazilian Military', Journal of Interamerican Studies and World Affairs 21 (4), November, pp 505–522.

၄၀၉ This term is not used in formal speeches, and only appears in the 2016 White Paper to emphasise how 'some powerful States are now interfering with the internal affairs of the smaller nations by using democratization, human rights and humanitarian grounds as a pretext to influence on geo-strategically important regions', in an apparent reference to the US and its allies.

၄၁၀ Selth A (2016), 'Strong, Fully Efficient and Modern: Myanmar's New Look Armed Forces', Regional Outlook Paper no. 49, Griffith Asia Institute (https://www.griffith.edu.au/__data/assets/pdf_file/0017/118313/Regional-Outlook-Paper-49-Selth-web.pdf)

၄၁၁ Naypyitaw (2015), op. cit., p 16.

၄၁၂ Selth (2018), op. cit., pp 26–27.

၄၁၃ For a clear overview of these vessels that draws on many sources, see the Wikipedia page on 'Myanmar Navy': https://en.wikipedia.org/wiki/Myanmar_Navy#2010s

၄၁၄ YouTube (2018), 'Myanmar military joint exercises 2018 "Sin Phyu Shin". Part 2', February (https://www.youtube.com/watch?v=3-5-5blg3ow)

၄၁၅ Xinhuanet (2019), 'Myanmar navy conducts military exercise in Bay of Bengal', March (http://www.xinhuanet.com/english/2019-03/19/c_137906627.htm)

၄၁၆ These included a joint army exercise in 2018 and naval exercises in both 2018 and 2019. The Economic Times (2018), 'India-Myanmar Bilateral Army Exercise begins in Meghalaya', 12 July (https://economictimes.indiatimes.com/news/defence/india-myanmar-bilateral-army-exercise-begins-in-meghalaya/articleshow/61727092.cms).

၄၁၇ National League for Democracy (2015), op. cit., pp 7–8.

၄၁၈ For reports by successive UN Special Rapporteurs on Human Rights in Myanmar, published multiple times per year since 1992, see United Nations Human Rights website: http://ap.ohchr.org/documents/dpage_e.aspx?m=89

၄၁၉ Moe Myint (2017), 'BGF Plans Large City Expansion Project in Karen State', The Irrawaddy, 24 November (https://www.irrawaddy.com/news/burma/bgf-plans-large-city-expansion-project-karen-state.html)

၄၂၀ For more on Border Guard Forces and People's Militia, see Buchanan (2016), op. cit. and Saferworld (2017), op. cit.

၄၂၁ Reuters (2019), 'The hunt for Asia's El Chapo', 15 October (https://www.reuters.com/investigates/special-report/meth-syndicate/)

၄၂၂ Selth A (2018), 'Myanmar's Armed Forces and the Rohingya Crisis', United States Institute for Peace, August, pp 34–37 (https://www.usip.org/publications/2018/08/myanmars-armed-forces-and-rohingya-crisis)

၄၂၃ International Crisis Group (2019), 'Fire and Ice: Conflict and Drugs in Myanmar's Shan State', 8 January (https://www.crisisgroup.org/asia/south-east-asia/myanmar/299-fire-and-ice-conflict-and-drugs-myanmars-shan-state)

၄၂၄ Woods K (2011), 'Ceasefire capitalism: military-private partnerships, resource concessions and military-state building in the Burma-China borderlands', The Journal of Peasant Studies 38 (4), September (https://www.tandfonline.com/doi/abs/10.1080/03066150.2011.607699)

၄၂၅ In particular, the Ministry of Border Affairs' work is underpinned by the belief that conflicts can be solved by connecting remote conflict-affected areas to the heartland of the country, in order to bring people under centralised control and discourage support for EAOs. In 2017, the ministry stated, 'Without peace and stability, the government will not be able to make efforts on development of the country. Similarly, without development, peace and stability will not prevail in the country.' These sentiments have been largely adopted by Aung San Suu Kyi since she took office and became Chair of the Committee for Development of Border Areas and National Races. For this quote and more on the Ministry of Border Affairs and on the role of development as part of the Myanmar military's counter-insurgency, see Burke et al. (2017), op. cit., pp 35–36.

၄၂၆ For example, on 24 November 2016, the Global New Light of Myanmar reported her saying that 'The valiant effort of the Tatmadaw and security forces has resulted in stabilizing a certain degree of stability in the Northeast Shan State', following attacks on a trade route by the Northern Alliance of Burma. The Global New Light of Myanmar (2016), 'State counsellor Daw Aung San Suu Kyi dismayed over Shan State violence', 24 November (http://www.moi.gov.mm/npe/nlm/?q=content/24-nov-16)

၄၂၇ Voltaire Net (2017), 'Aung San Suu Kyi Speech on National Reconciliation and Peace' 19 September (https://www.voltairenet.org/article198013.html)

၄၂၈ ISEAS (2018), 'Democratic Transition in Myanmar: Challenges and the Way Forward', Transcription of Aung San Suu Kyi's speech at the 43rd Singapore Lecture, 21 August (https://www.iseas.edu.sg/images/43rd-Singapore-Lecture-Speech-by-Aung-San-Suu-Kyi-Final-transcript.pdf)

၄၂၉ Beech H (2018), 'Rohingya Crisis "Could Have Been Handled Better," Aung San Suu Kyi says', New York Times, 13 September (https://www.nytimes.com/2018/09/13/world/asia/aung-san-suu-kyi-rohingya.html)

၄၃၀ Frontier Myanmar (2017), 'Questioning the official line on Rakhine', 19 January (https://frontiermyanmar.net/en/questioning-the-official-line-on-rakhine)

၄၃၁ The Star Online (2018), 'Myanmar accuses UN of making false allegations', 30 August (https://www.thestar.com.my/news/regional/2018/08/30/myanmar-accuses-un-of-making-false-allegations-foreign-ministers-call-for-military-to-be-held-accoun/)

၄၃၂ Radio Free Asia (2017), 'Myanmar Government Official Says UN Resolution on Rakhine "Less Than Constructive"', 11 April (https://www.rfa.org/english/news/myanmar/myanmar-government-official-says-un-resolution-on-rakhine-less-than-constructive-04112017162541.html); International Institute for Strategic Studies (2018), '17th Asia Security Summit: The IISS Shangri-La Dialogue', provisional transcription, June (https://www.iiss.org/-/media/images/dialogues/sld/sld-2018/documents/security-and-humanitarian-crisis-in-myanmars-rakhine-state-sld18.ashx?la=en&hash=4663620F9D9AAF4AEA011035DB7419ADF72E99BB)

၄၃၃ Radio Free Asia (2017), 'Myanmar Authorizes Helicopter Use by Military in Rakhine', 7 June (https://www.rfa.org/english/news/myanmar/helicopter-06072019164143.html)

၄၃၄ Ibid.

၄၃၅ Ibid.

၄၃၆ Interviews in Shan State, 2014, 2017, 2018; Kayin State, 2014, 2015, 2016.

၄၃၇ International Commission of Jurists (2018), op. cit., p 14, finds 'Court hearings are not open to the public and there is a lack of transparency regarding proceedings and their outcomes. However, there have been rare and inexplicable reports of members of the public being permitted to view some proceedings of military courts.'

၄၃၈ See Selth (2018), op. cit., p 33.

၄၃၉ The Irrawaddy (2019), 'Circumstances of Release of 7 Soldiers in Rohingya Massacre Remain Unclear', 27 May (https://www.irrawaddy.com/news/burma/circumstances-release-7-soldiers-rohingya-massacre-remain-unclear.html)

၄၄၀ Selth A (2019), op. cit.; International Commission of Jurists (2018), op. cit.

၄၄၁ International Commission of Jurists (2018), op. cit., pp 31–32.

၄၄၂ Lawi Weng (2019), 'Army Officer Jailed for 10 Years for Killing Civilian Who Failed to Present ID Card', The Irrawaddy, 21 May (https://www.irrawaddy.com/news/burma/army-officer-jailed-10-years-killing-civilian-failed-present-id-card.html)

၄၄၃ Lawi Weng (2014), 'Rare Civilian Trial for Soldier Accused of Rape', The Irrawaddy, 25 September (https://www.irrawaddy.com/news/burma/rare-civilian-trial-soldier-accused-rape.html)

၄၄၄ Lawi Weng (2019), 'Myanmar Soldiers Sentenced to 20 Years After Civilian Killings', The Irrawaddy, 6 September (https://www.irrawaddy.com/news/burma/myanmar-soldiers-sentenced-20-years-civilian-killings.html)

၄၄၅ The MNHRC was involved in the case of the captain who murdered the man without an ID card. Lawi Weng (2019), op. cit.

၄၄၆ The Irrawaddy (2019), 'Circumstances of Release of 7 Soldiers in Rohingya Massacre Remain Unclear', 27 May (https://www.irrawaddy.com/news/burma/circumstances-release-7-soldiers-rohingya-massacre-remain-unclear.html)

၄၄၇ Hazing is the practice of forcing soldiers (particularly new recruits) to perform strenuous or humiliating tasks. It is sometimes seen as a form of bonding but is increasingly found to cause psychological harm, and is arguably more related to establishing power over troops. It has been most rigorously defined and discussed in the US context. See: Congressional Research Service (2019), 'Hazing in the Armed Forces', updated 18 July (https://fas.org/sgp/crs/natsec/IF10948.pdf)

၄၄၈ An advertisement was placed in state media to encourage women to apply in 2013. President Thein Sein's office marked the occasion of the first two women graduates as army officers in 2014. McLaughlin T (2014), 'First women graduate from officer training', Myanmar Times, 13 August (https://www.mmtimes.com/national-news/11487-first-women-graduate-from-officer-training-school.html). For more on nurse training and ranks, see Maung Aung Myoe (2009), op. cit., pp 150–151, which also notes that all nurses were women, at least before 2000 and possibly after.

၄၄၉ Aye Thu San (2019), 'A Burmese rose in Hawaii works for stronger homeland', Myanmar Times, 5 June (https://www.mmtimes.com/news/burmese-rose-hawaii-works-stronger-homeland.html)

၄၅၀ See: Salween Institution and Women's League of Burma (2018), 'Strategies to Promote Gender Equality', January 2018, pp 7–8.

၄၅၁ Steinberg D (2018), 'Myanmar's military – an identity problem', Nikkei Asian Review, 27 August (https://asia.nikkei.com/Opinion/Myanmar-s-military-an-identity-problem); Taylor R (2017), 'Myanmar's Military and the Dilemma of Federalism', Institute of Southeast Asian Studies (https://www.iseas.edu.sg/images/pdf/ISEAS_Perspective_2017_7.pdf)

၄၅၂ For more discussion of these negotiations, see Saferworld (2017), op. cit.

၄၅၃ Interviews with scholar who works closely with the Defence Services Academy and the military.

၄၅၄ Brooks R A (2008), Shaping Strategy: The Civil-Military Politics of Strategic Assessment (Princeton: Princeton University Press).

၄၅၅ See articles 41 and 42 of the 2008 Constitution, which also feature repeatedly in the Defence White Paper. See Naypyidaw (2015), op. cit.

၄၅၆ These fears were extreme but not wholly unreasonable, as argued in Selth A (2008), Burma and the Threat of Invasion: Regime Fantasy or Strategic Reality?, Griffith Asia Institute, Regional Outlook Paper no. 17; Selth A (2008), 'Even Paranoids Have Enemies: Cyclone Nargis and Myanmar's Fears of Invasion', Contemporary Southeast Asia 30 (3), December, pp 379–402.

၄၅၇ See Selth (2018), op cit.

၄၅၈ Selth (2018), op. cit., p 25. See also: Selth A (2009), 'Known Knowns and Known Unknowns: Measuring Myanmar's Military Capabilities', Contemporary Southeast Asia 31 (2), August, pp 272–95.

၄၅၉ Numerous sources have indicated that recruitment has slowed in the past decade as other opportunities for employment and status have opened up and the force has reduced its reliance on forced or coercive recruitment. Interviews, Yangon, May 2019; undisclosed location, June 2019.

၄၆၀ Maung Aung Myoe (2009), op. cit., pp 201–202.

၄၆၁ The most stationary forces are organised under 14 regional military commands. These are: the Northern Command, which covers Kachin State; the North Eastern Command, which covers northern Shan State; the Eastern Central Command, which covers central Shan State; the Eastern Command, which covers southern Shan State and Kayah State; the South Eastern Command, which covers Kayin and Mon States; and the Southern Command, which covers Tanintharyi Region. The army also oversees 21 military operations commands (MOCs), consisting of ten mechanised infantry battalions, as well as at least seven regional operations commands which oversee four infantry battalions each. One of these MOCs is an airborne infantry unit. Equivalent in the order of battle to Light Infantry Divisions, MOCs are also deployed across the country for specific operations, but tend to be more stationary overall. All of these infantry units are provided with air support as needed, as well as with backing from specialised artillery, intelligence and other support units.

၄၆၂ Interviews with a foreign expert of security affairs in Myanmar, Yangon, April 2019. In April 2019, the vice commander-in-chief referred to shifting the training policy from "quantity to quality". Office of the Commander-in-Chief of Defence Services, 'Passing out Parade of Thura Company of 122nd Intake of Defence Services (Army) Officers Training School (Bahtoo) held', April 5 (http://cincds.gov.mm/node/2382)

၄၆၃ Naypyidaw (2016), op. cit., p 18.

၄၆၄ As provided in article 383 of the 2008 Constitution.

၄၆၅ Institute of Southeast Asian Studies (2018), transcription from the questions and answers of segment of 'The 43rd Singapore Lecture by H.E. Daw Aung San Suu Kyi, State Counsellor of the Republic of the Union of Myanmar', video, 21 August (https://www.iseas.edu.sg/medias/video-gallery/item/8262-the-43rd-singapore-lecture-by-h-e-daw-aung-san-suu-kyi-state-counsellor-of-the-republic-of-the-union-of-myanmar)

၄၆၆ Assistance Association for Political Prisoners (2016b), '"After release I had to restart my life from the beginning": The Experiences of Ex-political Prisoners in Burma and Challenges to Reintegration', May, p 6 (http://www.burmalibrary.org/docs22/AAPPB-2016-05-After_release-en-red.pdf)

၄၆၇ Aung San Suu Kyi (1991), 'In Quest of Democracy', in M Aris (ed.), Freedom from Fear and Other Writings second edition (London: Penguin Books). In line with these criticisms, her government's 2018 Myanmar Sustainable Development Plan 'seeks to make the law more transparent and consultative, producing legislation that is in the interest of all our people, administered fairly and impartially, with respect for human rights, and without discrimination so that no person is above the law and every person may benefit equally from its administration'. Myanmar Sustainable Development Plan, p 12.

၄၆၈ Myanmar Sustainable Development Plan, p 12.

၄၆၉ Ko Bo Kyi (2018), op. cit.

၄၇၀ Central Committee for Drug Abuse Control (2018), 'National Drug Control Policy', February (https://www.unodc.org/documents/southeastasiaandpacific//2018/02/Myanmar_Drug_Control_Policy.pdf)

၄၇၁ Interviews with civil society and international agencies in Yangon, May 2019.

၄၇၂ Ibid.

၄၇၃ This information was taken from interviews with three international practitioners and one Myanmar researcher. See also: TNI (2018), 'Will Myanmar complete its transition towards an evidence-based approach to drug control?, 20 March (https://www.tni.org/en/article/will-myanmar-complete-its-transition-towards-an-evidence-based-approach-to-drug-control); International Crisis Group (2019), 'Fire and Ice: Conflict and Drugs in Myanmar's Shan State', 8 January (https://www.crisisgroup.org/asia/south-east-asia/myanmar/299-fire-and-ice-conflict-and-drugs-myanmars-shan-state)

၄၇၄ The Republic of the Union of Myanmar President Office (2018), 'Vice President U Myint Swe addresses 54th Myanmar Police Force Day in Nay Pyi Taw', 10 February (http://www.president-office.gov.mm/en/?q=briefing-room/news/2018/10/02/id-9037)

၄၇၅ National Crime Prevention Strategy (2019), p 8.

၄၇၆ Ibid.

၄၇၇ Interviews with two international agencies, Yangon, May 2019.

၄၇၈ Myanmar Sustainable Development Plan, p. 12. It goes on to state, 'In doing so, further crime prevention efforts, including progressive measures to combat drug harm, the dismantling of criminal networks and the protection of social capital in families and within communities, will be taken.'

၄၇၉ National League for Democracy (2015), op. cit., pp 7–8.

၄၈၀ MyPol is a large EU-funded programme led by former police from numerous European agencies, which seeks to assist the Myanmar Police Force in 'becoming a modern police service that adheres to international best practices, respects human rights and maintains gender awareness', and includes a focus on 'community policing, crowd management, crime investigation and human resource management'. See MyPol website: http://www.mypol.eu/about-us/

၄၈၁ Selth A (2014), 'Myanmar police force needs more foreign help to reform', The Interpreter, 3 December (http://www.lowyinterpreter.org/the-interpreter/myanmar-police-force-needs-more-foreign-help-reform)

၄၈၂ Selth (2013a), op. cit., p 17.

၄၈၃ Interviews, Yangon and Naypyidaw, April and May 2019.

၄၈၄ Myanmar Times (2019), 'Myanmar in urgent need of more police', 15 March (https://www.mmtimes.com/news/myanmar-urgent-need-more-police.html). The article quotes the deputy minister saying that they trained 7,800 personnel in 2018. However, numerous other sources confirmed the police force only has a training capacity of between 400 to 800 personnel per year. The article also claimed that 70 per cent of police personnel are in Yangon and Mandalay, which is also incorrect. A similar figure for total personnel is provided in: Frontier Myanmar (2018), 'Wanted: More female police officers', 26 February (https://frontiermyanmar.net/en/wanted-more-female-police-officers). This is in contrast with a much higher figure from 2018, which – following corroboration through discussion with experts – appears to be incorrect: Toe Wai Aun, Htoo Thant (2018), 'Police to go high-tech in fight against crime', Myanmar Times, 2 October (https://www.mmtimes.com/news/police-go-high-tech-fight-against-crime.html)

၄၈၅ See Saferworld (2018), op. cit., for detail on justice delivery in urban and rural parts of Kayin State.

၄၈၆ An unpublished technical review of the police force found it had just over 68,000 officers in 2014.

၄၈၇ Schedule 1 of the 2008 Constitution.

၄၈၈ Unpublished study produced by an international agency in 2014.

၄၈၉ Democratic Control of Armed Forces (2012), 'Toolkit on Police Integrity', p 80 (https://www.dcaf.ch/sites/default/files/publications/documents/Toolkit_ENG_screen.pdf)

၄၉၀ Interview with international expert, based on his interviews with senior police officers.

၄၉၁ Interview, Yangon, May 2019; email correspondence, July 2019.

၄၉၂ International Commission of Jurists (2018), op. cit.

၄၉၃ The most recent publicly reported example was in Kayah State in February 2019. Thu Thu Aung (2019), 'Myanmar police use rubber bullets to break up protest', Reuters, 21 February (https://www.reuters.com/article/us-myanmar-protests/myanmar-police-use-rubber-bullets-to-break-up-protest-idUSKCN1Q10No). More severe abuses took place in 2012 and 2014. Kyaw Hutu Aung (2019), '"May I help you?" The Police and National Reconciliation', The Irrawaddy, 3 April (https://www.irrawaddy.com/opinion/guest-column/may-i-help-you-the-police-and-national-reconciliation.html)

၄၉၄ Slow O, Win Zar Ni Aung, Ei Ei Mon (2019), 'Left behind by the Ledpadaung copper mine', Frontier Myanmar, 5 June (https://frontiermyanmar.net/en/left-behind-by-the-letpadaung-copper-mine)

၄၉၅ International Crisis Group (2014), 'Myanmar's Military: Back to the Barracks?', 22 April, pp 13–15 (https://www.crisisgroup.org/asia/south-east-asia/myanmar/myanmar-s-military-back-barracks)

၄၉၆ Selth (2018), op. cit.

၄၉၇ Article 376 of the 2008 Constitution.

၄၉၈ Frontier Myanmar (2018), op. cit.

၄၉၉ Selth (2013a), op. cit., p 9.

၅၀၀ Unpublished review of the Myanmar Police Force.

၅၀၁ Frontier Myanmar (2018), op. cit.

၅၀၂ These reasons were all given by police officers or experts in Frontier Myanmar (2018), op. cit.

၅၀၃ Most of this information comes from Frontier Myanmar (2018), op. cit.

၅၀၄ Interviews, Yangon, March and May 2019.

၅၀၅ Selth (2013a), op. cit., pp 11–12.

၅၀၆ Interview, Yangon, May 2019.

၅၀၇ See Myint Zan (2000), op. cit., for a chronological account of independence in Myanmar's judiciary.

၅၀၈ Myint Zan (2000), op. cit. Information was also gained from interviews with Myanmar lawyers and two international experts.

၅၀၉ My Justice (2017), 'Searching for justice in the law: Understanding access to justice in Myanmar', British Council (https://www.myjusticemyanmar.org/sites/default/files/MJS%20Report_FINAL_online.pdf)

၅၁၀ Not to be confused with the Union Attorney General, Tun Tun Oo.

၅၁၁ Profiles of all the Supreme Court Justices can be found on The Supreme Court of the Union website: http://www.unionsupremecourt.gov.mm/?q=content/3012. In the following article, they are said to have all held the rank of lieutenant colonel: Radio Free Asia (2015), 'Myanmar Lawyers Launch Campaign to End Military Appointments to The Judiciary', 11 September (https://www.rfa.org/english/news/myanmar/lawyers-launch-campaign-to-end-military-appointments-to-the-judiciary-09112015153320.html)

၅၁၂ His predecessor, Aung Toe – who had served for the whole SLORC/SPDC era – stepped down due to old age.

၅၁၃ See profiles listed by state or region on The Supreme Court of the Union website: http://www.unionsupremecourt.gov.mm/?q=content/3012. The three former military judges are the chief justices of Kayin and Mon State, and a judge in Rakhine State. All are men.

၅၁၄ Interviews, Yangon, May 2019. Reportedly, 20 such officers were hired to the Supreme Court in 2015. Radio Free Asia (2015), op. cit. Many of these are lower-level staff, so their profiles are not published on the government websites.

၅၁၅ International Commission of Jurists (2018), op. cit, p 29.

၅၁၆ Crouch (2016b), op. cit., p 4. See also articles 302 and 311 of the 2008 Constitution.

၅၁၇ Htet Naing Zaw (2018), '160 Legal Officers Disciplined in 2017, Supreme Court Says', The Irrawaddy, 2 May (https://www.irrawaddy.com/news/burma/160-legal-officers-disciplined-2017-supreme-court-says.html)

၅၁၈ The Supreme Court of the Union (2018), 'Judicial Strategic Plan (2018–2022)' (http://www.unionsupremecourt.gov.mm/sites/default/files/supreme/stplan2018eng.pdf)

၅၁၉ Myanmar Sustainable Development Plan, p 12.

၅၂၀ National League for Democracy (2015), op. cit., p 7.

၅၂၁ This campaign ran in parallel with a 'black ribbon campaign' focused on demilitarising the health ministry.

၅၂၂ Interviews, Yangon, May 2019.

၅၂၃ Ko Bo Kyi (2018), op. cit.

၅၂၄ See figures published in state media: The Global New Light of Myanmar (2019), 'Improved rights for prisoners through Parole System,' 6 June (http://www.globalnewlightofmyanmar.com/improved-rights-for-prisoners-through-parole-system/). However, the names given for different types of facilities have been mistranslated. Proper translations were determined through corroboration with interviews and other secondary sources. Agricultural and livestock production centres have also been referred to as "career training centres" by a retired prison department officer. See: Swe Win (2016), 'Exclusive: Abuse and corruption exposed in Myanmar's prison labor camps', Reuters, 1 September (https://www.reuters.com/article/us-myanmar-prisons/exclusive-abuse-and-corruption-exposed-in-myanmars-prison-labor-camps-idUSKCN11758R?il=0)

၅၂၅ Myanmar International Radio (2019), 'Pyithu Hluttaw discussing to solve prison overcrowding with Parole System', 4 June (http://miradio.com.mm/news/pyithu-hluttaw-discussing-solve-prison-overcrowding-parole-system)

၅၆ Htoo Thant (2018), 'Drug offenders make up half of prisoners across nation: MPs', Myanmar Times, 22 August (https://www.mmtimes.com/news/drug-offenders-make-half-prisoners-across-nation-mps.html)

၅၇ See comments from the Minister of Home Affairs in parliament in June 2019: The Global New Light of Myanmar (2019), 'Improved rights for prisoners through Parole System', 6 June (http://www.globalnewlightofmyanmar.com/improved-rights-for-prisoners-through-parole-system/). This came after a series of amnesties and pardons that released 23,000 prisoners, so overcrowding was seemingly worse months before.

၅၈ Zarni Mann (2019), '6 Prisons Hit by Riots over "Unfair" Pardons; Inmates Reported Killed', The Irrawaddy, 9 May (https://www.irrawaddy.com/news/burma/6-prisons-hit-riots-unfair-pardons-inmates-reported-killed.html). Making the pardon system more fair and systematic was also an issue highlighted by members of the Assistance Association for Political Prisoners interviewed for this study, who emphasised that pardons should be at least based partially on inmate behaviour and their progress in rehabilitation. Interview, Yangon, March 2019.

၅၉ The Global New Light of Myanmar (2019), 'Improved rights for prisoners through Parole System', 6 June (http://www.globalnewlightofmyanmar.com/improved-rights-for-prisoners-through-parole-system/). This figure is also given by the Assistance Association for Political Prisoners.

၆၀ This was argued by representatives of two CSOs – one working with the prison system and another working on women's protection. See also: Open Society Foundations, 'Laws and Policies affecting Sex Work' (https://www.opensocietyfoundations.org/uploads/f6ae725c-4344-47b1-bc32-abec41f791c3/sex-work-laws-policies-20120713.pdf)

၆၁ Separate interviews with two members of the Assistance Association for Political Prisoners, Yangon, March and May 2019; and one other former political prisoner, Yangon, May 2019.

၆၂ Interviews, Yangon, March and May 2019.

၆၃ The 1968 version of the Burma Jail Manual is available here: https://www.policinglaw.info/assets/downloads/1968_Jail_Manual_Burma.pdf

၆၄ Assistance Association for Political Prisoners (2016a), 'Prison Conditions in Burma and the Potential for Prison Reform', September, p 15 (http://www.burmalibrary.org/docs23/AAPPB-2016-09-Prison_Conditions+Reform-en-red.pdf)

၆၅ Interview, Yangon, May 2019.

၆၆ Assistance Association for Political Prisoners (2016a), op. cit., p 32.

၆၇ Ibid, p 36.

၆၈ Ibid, p 40.

၆၉ Karen Human Rights Group (2011), 'From Prison to Front Line: Analysis of convict porter testimony 2009–2011', July (http://khrg.org/2011/07/khrg1102/prison-front-line-analysis-convict-porter-testimony-2009-%E2%80%93-2011); Human Rights Watch (2011), 'Dead Men Walking: Convict Porters on the Front Lines in Eastern Burma', July (https://www.hrw.org/report/2011/07/12/dead-men-walking/convict-porters-front-lines-eastern-burma)

၇၀ Interviews, Yangon, March and May 2019.

၇၁ The Global New Light of Myanmar (2019), 'Ministries of Home Affairs, Defence, Health and Sports explain third-year performances', 28 May (http://www.globalnewlightofmyanmar.com/ministries-of-home-affairs-defence-health-and-sports-explain-third-year-performances/)

၇၂ Ministry of Information (2017), 'Judge of the Supreme Court of the Union inspects Kyaukpyu Prison', December (https://www.moi.gov.mm/moi:eng/?q=news/14/11/2018/id-12193)

၇၃ Eleven Media Group (2019), 'Home Affairs Ministry plans to implement the parole system', 4 June (https://elevenmyanmar.com/news/home-affairs-ministry-plans-to-implement-the-parole-system)

၇၄ For an incisive case for penal reform in Myanmar, see Ko Bo Kyi (2018), op. cit.

၇၅ The Interpreter (2019), 'Myanmar's intelligence apparatus under Aung San Suu Kyi', 12 April (https://www.lowyinstitute.org/the-interpreter/myanmar-s-intelligence-apparatus-under-aung-san-suu-kyi)

၇၆ Soe Htut took over from Lieutenant General Myat Tun Oo in 2016. He is now Chief of General Staff of the Armed Forces, the military's third most senior post, having risen rapidly in the ranks. Soe Htut is also the current Commander of the Bureau of Special Operations, which oversees the military's regional commands. For an example of a recent official reference, see Indian Navy (2017), 'Commander-in-Chief of Myanmar Armed Forces visits ENC' (https://www.indiannavy.nic.in/content/commander-chief-myanmar-armed-forces-visits-enc)

၇၇ This information was provided by an anonymous source via email, who listed the departments as follows:

1. Information and Public Relations Department
2. Politics and Economic Department
3. Drug and Economic Research Department
4. Combat and Ethnic Armed Groups Department
5. Training Department
6. External Military Security Department
7. Management and Administration Department

This contrasts slightly with information provided by a purported former officer in the Office of the Chief of Military Security Affairs, who leaked information under the name Moe Zay Nyein in 2014. According to Selth op. cit. (2019), pp 115–166, there were six departments for training, administration, internal, external, counterintelligence and information – with the internal department holding the most staff. This department was then further divided into operations, ethnic affairs, the navy, the air force, economic research, narcotics, security and administration. These are all the departments we know of, but this information is difficult to verify.

၇၈ Selth (2019), op. cit., p 118.

၇၉ Interviews, Naypyidaw, May 2019. See also Global New Light of Myanmar (2019), 'Second Pyithu Hluttaw 12th regular session holds fifth-day meeting' 11 May (http://www.moi.gov.mm/npe/nlm/sites/default/files/newspaper-pdf/2019/05/11/11_May_19_gnlm.pdf)

၈၀ Selth (2019), op. cit., p 122.

၈၁ Ibid, p 123.

၈၂ Ibid, p 124.

၈၃ Dean K (2017), 'Myanmar: Surveillance and the Turn from Authoritarianism?', Surveillance & Society 15 (3/4), Tallinn University, p 501 (https://ojs.library.queensu.ca/index.php/surveillance-and-society/article/view/6648/6451)

၈၄ Facebook (2018), 'Removing Myanmar Military Officials From Facebook', 28 August (https://newsroom.fb.com/news/2018/08/removing-myanmar-officials/)

၈၅ Nay Yaing, Aung Min Thein (2019), 'Most money laundered from drugs: BSI boss', Eleven Media Group, 28 May (https://elevenmyanmar.com/news/most-money-laundered-from-drugs-bsi-boss)

၈၆ Moe Moe (2018), 'Anti-Corruption Investigation of Finance Minister Nearly Complete', The Irrawaddy, 23 May (https://www.irrawaddy.com/news/burma/anti-corruption-investigation-finance-minister-nearly-complete.html)

၈၇ According to an article in The Irrawaddy, 'The bureau leads international money laundering investigations in partnership with the Central Bank of Myanmar, the Income and Revenue Department, the Department of Agricultural Land Management and Statistics, the Customs Department, the Financial Investigation Police Force, the Anti-Narcotic Task Force and the Anti-Human Trafficking Police Force, and they partner on information sharing with their counterparts in Thailand.' Htet Naing Zaw (2019), '90 Pct. of Money Laundering Cases Tied to Drugs', The Irrawaddy, 28 June (https://www.irrawaddy.com/news/burma/90-pct-money-laundering-cases-tied-drugs.html)

၈၈ Consult–Myanmar (2018), 'Anti-Drug Squad, BSI cooperating on Malaysia seizure of drugs worth $18m', 7 June (https://consult-myanmar.com/2018/06/07/anti-drug-squad-bsi-cooperating-on-malaysia-seizure-of-drugs-worth-18-m/)

၈၉ Toe Wai Aung, Htin Lynn Aung (2018), 'Unlicensed forex traders hauled in for questioning', Myanmar Times, 26 September (https://www.mmtimes.com/news/unlicensed-forex-traders-hauled-questioning.html)

၉၀ Htet Naing Zaw (2019), '90 Pct. of Money Laundering Cases Tied to Drugs', The Irrawaddy, 28 June (https://www.irrawaddy.com/news/burma/90-pct-money-laundering-cases-tied-drugs.html)




တရားရေးမဏ္ဍိုင်တည့်မတ်ရေး ဒို့အရေး ဆိုသည့် ဆိုင်းဘုတ်ကို ရန်ကုန်တွင် ကျင်းပသော တရားဥပဒေစိုးမိုးရေးအတွက် ချီတက်ပွဲတွင် အမျိုးသမီးတစ်ဦး ကိုင်ဆောင်ထားစဉ်၊ ရန်ကုန်၊ မြန်မာ။ ၁၂၊ အောက်တိုဘာလ၊ ၂၀၁၈။

© J Paing / MPA

# ၅

# လုံခြုံရေးကဏ္ဍတွင် အများပြည်သူ၏ ထိန်းကျောင်းကြီးကြပ်မှုနှင့် လက်တွဲဆောင်ရွက်မှု

လုံခြုံရေးကဏ္ဍတွင် အများပြည်သူ၏ ထိန်းကျောင်းကြီးကြပ်မှု ရှိခြင်းသည် ပိုမိုထိရောက်မှု၊ တရားဝင်မှုနှင့် တာဝန်ယူမှု တာဝန်ခံမှုကို ပိုမိုအားကောင်းစေမည်ဖြစ်သည်။ အုပ်ချုပ်စီမံမှုနယ်ပယ်တိုင်းအတွက် ရည်ရွယ်ချက်သည် ပြည်သူ့ဝန်ထမ်းရန်ဖြစ်ပါက ပါဝင်လျက်ရှိသော အစိုးရအဖွဲ့အစည်းများအနေဖြင့် ပြည်သူများအပေါ် တုံ့ပြန်ဆောင်ရွက်မှုနှင့် တာဝန်ခံမှု တာဝန်ယူမှုများရှိရန် လိုအပ်ပါသည်။ လုံခြုံရေးကဏ္ဍသည်လည်း ထိုနယ်ပယ်များနှင့်ကွာခြားမှု မရှိပေ။ ယင်း၏ ရည်ရွယ်ချက်သည် ပြည်သူများ၏ ဘေးကင်းလုံခြုံမှုနှင့် သူတို့၏ အခွင့်အရေးများ၊ ပိုင်ဆိုင်မှုများကို ကာကွယ်ပေးရေးဖြစ်ပါက ထိုသူတို့ ပါဝင်ဆောင်ရွက်ရန်နှင့် ထိန်းကြောင်းကြီးကြပ်ရန် ခွင့်ပြုမှု လိုအပ်ပါသည်။[၅၆၀] ပြည်သူလူထု၏ ပါဝင်မှုမရှိဘဲ မိဘအသွင်အုပ်ချုပ်ရေးနှင့်အထက်မှ အောက်ပုံစံဖြင့် ဆောင်ရွက်ပါက ပြည်သူလိုလားသော လုံခြုံရေးကို ပံ့ပိုးနိုင်ရန် လုံးဝမဖြစ်နိုင်ပေ။ ထိုကဲ့သို့ လုံခြုံရေးမျိုးသည် အစိုးရနှင့်ထင်ရှားသော အရာရှိကြီးများကို ပြည်သူလူထု၏ ရန်မှကာကွယ်ရန် ရည်ရွယ်သော အခြေအနေတွင်သာအသုံးဝင်နေမည် ဖြစ်ပါသည်။[၅၆၂]

ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုခဲ့သည်မှာ "ဒီမိုကရေစီသည် ကွဲပြားခြားနားမှုများကို အသိအမှတ်ပြုခြင်းနှင့် အဆိုပါ ကွဲပြားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းပေးရန် တာဝန်ရှိပါသည်။ အာဏာရှင်အစိုးရသည် ယင်းတို့၏ လုပ်ဆောင်ချက်များနှင့် မူဝါဒများအပေါ် ဝေဖန်မှုများကို တိုက်ဖျက်ရမည့် စိန်ခေါ်မှုတစ်ရပ်အဖြစ်သာ ရှုမြင်ကြပါသည်။ စစ်တပ်၏ တပ်ရင်းတစ်ရင်းကဲ့သို့ စိတ်ထားသည် စစ်မှန်သည့် ဆွေးနွေးမှုများမှ တစ်ဆင့် အဓိကကွဲလွဲချက်များကို ပွင့်လင်းစွာဖလှယ်၍ ဖြေရှင်းရသည့် အယူအဆကို ဆုပ်ကိုင်နိုင်မည် မဟုတ်ပေ။ သဘောထားကွဲလွဲမှု အားလုံးကိုချေမှုန်းရန် နိုင်ထက်စီးနင်းမှုကို အခြေခံသည့် အာဏာ မခိုင်မြဲမှု လိုအပ်ကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုလေ့ရှိပါသည်" တို့ဖြစ်ပါသည်။[၅၆3] ကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်ကပင်လျှင် "ဒီမိုကရေစီစနစ်သည် မြန်မာနိုင်ငံ၏ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ စည်းမျဉ်းစည်းကမ်းများအပေါ် အခြေခံသောသဘောသဘာဝကို အလေးအထား ဖော်ပြခြင်းမပြုမီ ဘက်ပေါင်းစုံမှ ကွဲလွဲသော အမြင်များကို စေ့စပ်ညှိနှိုင်းပေးရန်ဖြစ်ပြီး တူညီသော သဘောထားဖြင့်ပေါင်းစည်း နေထိုင်ကြရမည်" ဟု ဆိုပါသည်။[၅၆4]

ပြည်သူတို့သည် လုံခြုံရေးကဏ္ဍ၌ ပါဝင်ဆောင်ရွက်ခွင့် ရှိကြရမည် ဖြစ်သည်။ သူတို့သည် လုံခြုံရေးတပ်ဖွဲ့များအတွက် လုပ်ခလစာ အပါအဝင် လုံခြုံရေးအတွက် အခွန်များပေးဆောင်ရပါသည်။ ထိုပြည်သူများသည် လုံခြုံရေးတပ်ဖွဲ့များ လှုပ်ရှားသော ဒေသများတွင် နေထိုင်ကြပြီးယင်းတို့ ဆောင်ရွက်ချက်များ၏ အကျိုးဆက်များကိုခံစားနေကြရပါသည်။ လုံခြုံရေးကိုမည်ကဲ့သို့ ဆောင်ရွက်နေကြောင်းနှင့် အဘယ့်ကြောင့် ဆောင်ရွက်ရကြောင်း ပြည်သူများကို သိရှိစေခြင်းဖြင့် ပြည်သူများက တာဝန်ရှိသောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လိုစိတ်တို့ ဖြစ်ပေါ်လာစေ နိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့်ရဲတပ်ဖွဲ့သို့ ကိစ္စရပ်အဖြစ်အပျက်များကို သတင်းပို့ခြင်းနှင့် ဆောင်ရွက်နေဆဲကိစ္စရပ်များအတွက် သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ပါသည်။

“ ၂၀၁၁ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံ၌ အများပြည်သူပါဝင်နိုင်သည့် နယ်ပယ်သည် သိသာစွာ ပွင့်လင်းလာခဲ့ပါသည်။ ယခင်ကာလများတွင် သတင်းမီဒီယာများအပေါ် ကြိုတင်ဆင်ဆာဖြတ်ခံရမှုများကြောင့် လုံခြုံရေးဆိုင်ရာရေးရာကိစ္စများနှင့်ပတ်သက်၍ စစ်တပ်၏ တရားဝင် အရင်းအမြစ်များက ထုတ်ပြန်ဖြန့်ဝေသောသတင်းအချက်အလက်များမှအပ မည်သည့်အဓိပ္ပာယ်ရှိသော အများပြည်သူဆိုင်ရာ သတင်းအချက်အလက်များ ရယူရန်အတွက်ဖြစ်စေ တားဆီးမှုများဖြစ်စေခဲ့ပါသည်။ ”

ဤလေ့လာမှုတွင် ပါဝင်ခဲ့သူများက ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးကနဦး အဆင့်ကတည်းကပင် လုံခြုံရေးကဏ္ဍ၌ ပြည်သူများနှင့် လက်တွဲဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ကြပါသည်။ ပြည်သူလူထုနှင့် အရပ်ဘက်အဖွဲ့အစည်းအများစုသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အပေါ် နိုင်ငံရေးအရ မျှော်လင့်ချက်များ ဆယ်စုနှစ်များစွာ ယုံကြည်မှုထားခဲ့ကြပေသည်။ လက်ရှိ NLD အစိုးရလက်ထက်တွင်ပြည်သူတို့၏လိုအပ်ချက်များနှင့်အညီ ယင်းတို့၏ ဦးစားပေးဆောင်ရွက်ရမည့် အချက်များနှင့် တောင်းဆိုထားသည့် အချက်များကို ဆောင်ရွက်ပေးရန် ပြည်သူများအနေဖြင့် နိုင်ငံရေးအသိအမြင်ရှိရန် အထူးအရေးကြီးပါသည်။ ယင်းအချက်သည် ရင့်ကျက်သော ဒီမိုကရေစီစနစ် ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ် လိုအပ်ပါသည်။

ပြည်သူများ၏ ထိန်းချုပ်ကြီးကြပ်စီမံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် ပြည်သူများအတွက် ပေးထားသည့် အခွင့်နေရာအပေါ် မူတည်နေပါသည်။ သတင်းမီဒီယာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးအတိုက်အခံများ၊ အသိပညာပေးသူများ၊ ရှေ့နေများ၊ ပညာရှင်များနှင့် တက်ကြွလှုပ်ရှားသူများသည် လွတ်လပ်ပွင့်လင်းစွာ ဆောင်ရွက်နိုင်ကြရပါမည်။ ထိုသို့ ဆောင်ရွက်ကြသူများသည် အစိုးရအဖွဲ့အစည်းများ၏ ပွင့်လင်းမြင်သာမှု၊ တာဝန်သိမှုနှင့် တုံ့ပြန်နိုင်မှုတို့ကို တိုးမြှင့်ပေးရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။ သူတို့သည် ပြည်သူများအတွက် သတင်းအချက်အလက်များ ရရှိနိုင်ရေးနှင့် ပြည်သူများ၏ အသံကို အစိုးရက နားထောင်ပေးရေး တို့အတွက် ဆောင်ရွက်နိုင်ကြပါသည်။

၂၀၁၁ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံ၌ အများပြည်သူပါဝင်နိုင်သည့် နယ်ပယ်သည် သိသာစွာ ပွင့်လင်းလာခဲ့ပါသည်။ ယခင်ကာလများတွင် သတင်းမီဒီယာများအပေါ် ကြိုတင်ဆင်ဆာဖြတ်ခံရမှုများကြောင့် လုံခြုံရေးဆိုင်ရာရေးရာ ကိစ္စများနှင့်ပတ်သက်၍ စစ်တပ်၏ တရားဝင်အရင်းအမြစ်များက ထုတ်ပြန်ဖြန့်ဝေသော သတင်းအချက်အလက်များမှအပ အဓိပ္ပာယ်ရှိသော အများပြည်သူဆိုင်ရာ မည်သည့်သတင်းအချက်အလက်များ ရယူရန်အတွက် ဖြစ်စေတားဆီးမှုများ ဖြစ်စေခဲ့ပါသည်။ လုံခြုံရေးဆိုင်ရာပြဿနာများအပေါ် ပြည်သူများအနေဖြင့်လည်းအချေအတင် ဆွေးနွေးခြင်းမျိုး မရှိခဲ့ပေ။ ပြည်သူများ၏ ဆန္ဒပြမှုများကို မဆိုထားနှင့် ပြည်သူများ၏ နိုင်ငံရေးဆိုင်ရာ ဆောင်ရွက်မှုများကို လုံးလုံးတားမြစ်ပိတ်ပင်သည့် အပြင်လူ (၅) ဦးအထက် စုဝေးခြင်းတို့ကို တရားဝင်ကန့်သတ် တားမြစ်ထားခဲ့ပါသည်။ ထောက်လှမ်းရေးအဖွဲ့များကလည်း NLD ထောက်ခံသူများနှင့် တခြားနိုင်ငံရေး အဖွဲ့အစည်းများကို အနှောင့်အယှက်များပေး၍ ပုံမှန်ရုံးတင်စစ်ဆေးမှုများပြုလုပ်ကာ ထောင်ချခဲ့ကြပါသည်။ ၂၀၁၁ ခုနှစ်မတိုင်မီအထိ အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသားပေါင်း (၂၀၀၀) ဦးကျော် ရှိခဲ့ပါသည်။[၅၆၅]

ယနေ့ကာလတွင် ပြည်သူများသည် လွတ်လပ်စွာ စုဝေးဟောပြော လာနိုင်ကြပါသည်။ လက်

နက်ကိုင်ပဋိပက္ခများနှင့် လူ့အခွင့်အရေး ပြဿနာများအပါအဝင်နိုင်ငံရေးနှင့်ပတ်သက်သည့်အကြောင်းအရာများကို လူထုဟောပြောပွဲများနှင့် သတင်းမီဒီယာများတွင် ပုံမှန်ထုတ်ပြန် လာနိုင်ကြပါသည်။ သတင်းစာများတွင်လည်း ကြိုတင်ဆင်ဆာ ဖြတ်မှုများမရှိတော့သကဲ့သို့ ပုဂ္ဂလိကပိုင် နေ့စဉ်သတင်းစာများကို ထုတ်ဝေခွင့် ပြုခဲ့ပေသည်။ ပြည်သူများအနေဖြင့်လည်း အကြောင်းအရာ ခေါင်းစဉ်အများစုအပေါ်ပွင့်လင်းစွာ ပြောဆိုလာနိုင်ကြပါသည်။ အရပ်ဘက်အဖွဲ့အစည်းများသည်လည်း အလုပ်ရုံဆွေးနွေးပွဲများကျင်းပနိုင်ပြီး အစီရင်ခံစာများကိုလည်း ယခင်နှစ်များထက် ပိုမိုလွတ်လပ်စွာ ထုတ်ဝေဖြန့်ချိလာနိုင်ကြပေသည်။ လွှတ်တော်အစည်းအဝေးများကိုလည်းရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့်ပေးလျက်ရှိသည့်နည်းတူ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် အစည်းအဝေးများကိုပါ ထုတ်လွှင့်ပေးသည့်အတွက် လက်နက်ကိုင် အဖွဲ့အစည်းများသည်ပင်လျှင် ယင်းတို့၏ စိုးရိမ်ကြောင့်ကြမှုများနှင့် နိုင်ငံရေး အမြော်အမြင်တို့ကို ပြည်သူများနှင့်တိုက်ရိုက် ပြောဆိုလာနိုင်ကြပါသည်။[၅၆၆]

သို့သော် တပ်မတော် (နှင့် အချို့သော အရပ်သားခေါင်းဆောင်များ) အနေဖြင့် လွတ်လပ်စွာပြောဆိုခွင့်အပေါ် ပိတ်ပင်ရန်နှင့် အကြောင်းအရာအချို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြရာ၌ ကြောက်ရွံ့မှုနှင့် ခြိမ်းခြောက်မှု အချို့တို့ ကျန်ရှိနေစေရန် တရားရုံးများသို့ ပြန်လည်ဦးလှည့်လာကြပါသည်။ အကျဉ်းထောင်များတွင် နိုင်ငံရေး အကျဉ်းသားများ လျော့နည်းသွားသော်လည်း[၅၆၇] နိုင်ငံရေး တက်ကြွလှုပ်ရှားသူများနှင့် သတင်းထောက်များသည် သူတို့တာဝန်များထမ်းဆောင်ခြင်းအတွက် တရားစွဲဆိုမှုများ ကြာမြင့်စွာခံရလေ့ရှိပြီး ပုံမှန်ဖိအားပေး နှောင့်ယှက်မှုများကိုလည်း ခံကြရပါသည်။

၂၀၁၃ ခုနှစ်မှစတင်၍ "အသရေဖျက်မှု" နှင့်ဆိုင်သော အမှုပေါင်းအနည်းဆုံး အမှု (၂၀၀) ခန့်ရှိခဲ့ရာ အများစုသည် တပ်မတော်က စွဲဆိုထားခြင်းသို့မဟုတ် ယင်းတို့ကိုထောက်ခံသူ အရပ်သားများက အာဏာပိုင်များအပေါ် ဝေဖန်မှုများကို တုန့်ပြန်ခြင်းများဖြစ်ပါသည်။[၅၆၈] ယင်းတွင် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားသည့် နေရာများရှိ ပြည်သူများကို စစ်တပ်၏ လူ့အခွင့်အရေး အလွဲသုံးစားမှု ကိစ္စများနှင့် ပတ်သက်သော အသိပညာ မြှင့်တင်ပေးသည့် အမှုများအများအပြား ပါဝင်ပါသည်။[၅၆၉] ဥပဒေတွင် အသရေဖျက်မှုဆိုင်ရာ အဓိပ္ပာယ်များကို တိကျစွာ ဖွင့်ဆိုနိုင်ခြင်းမရှိခဲ့ပေ။ ယင်းတွင်ပါဝင်သည့် ဖော်ပြချက်များသည်မှန်ကန်မှုရှိမရှိနှင့် အကယ်၍ တစ်ဦးတစ်ယောက်၏အယူအဆများသာ ဟုတ်၊ မဟုတ် ထည့်သွင်းစဉ်းစားမှုမျိုးလည်း မရှိပေ။[၅၇၀] သတင်းမီဒီယာနှင့် ပတ်သက်၍ ဖြစ်ပေါ်ခဲ့သော အမှုကိစ္စများကို အခန်း ၄.၃ တွင်ဆွေးနွေးထားပါသည်။

ပြည်သူလူထုသည် အများနှင့်သက်ဆိုင်သည့်လှုပ်ရှားမှုများနှင့် စုဝေးပွဲများကို လွတ်လပ်စွာ ကျင်းပခွင့် ပိုမိုရလာသော်လည်း အဆိုပါအခွင့်အရေးများသည် မကြာသေးမီ နှစ်များအတွင်း ထပ်မံလျော့နည်းသွားခဲ့ပါသည်။[၅၇၁] ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုသူများသည် စီတန်းလှည့်လည်ခွင့်အတွက် ခွင့်ပြုမိန့်ရရှိရန် ကြာမြင့်စွာ ဆက်လက်တင်ပြရပြီး အကယ်၍ အဆိုပါအမိန့်အတိုင်း မလိုက်နာပါက ဖမ်းဆီးခံရခြင်းသို့မဟုတ် အကျဉ်းချခြင်းတို့ ခံရနိုင်ပါသည်။ သက်ငယ်မုဒိန်းမှုများတွင် ရဲတပ်ဖွဲ့၏ဆောင်ရွက်မှုအပေါ် ဝေဖန်သည့် အရွယ်မရောက်သေးသူများအတွက် တရားမျှတမှု ပိုမိုတိုးတက်စေရေးအား တောင်းဆိုလှုံ့ဆော်စည်းရုံးသူကို ရဲတပ်ဖွဲ့က အသရေဖျက်မှုဖြင့် စွဲချက်တင်ထား၍ သူ၏ဘဏ်စာရင်းကို ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးဌာန၏ အကြံပေးချက်အရ ပိတ်ထားခဲ့ပါသည်။[၅၇၂] ၂၀၁၉ ခုနှစ်၊ မေလတွင် ရန်ကုန်မြို့၌ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုကို အဓိကရုဏ်းနှိမ်နင်းရေးရဲများက အရပ်သားဝတ်စုံများဖြင့် အကြမ်းဖက်ဖြိုခွဲခဲ့သည်ဟု စွပ်စွဲမှုများလည်း ရှိခဲ့ပါသည်။[၅၇၃]

တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများသည် အစိုးရက ချမှတ်ထားသော ကန့်သတ်ချက်များကို ကွဲပြားစွာ တုံ့ပြန်ကြပါသည်။ တချို့သည် ဖြည်းဖြည်းနှင့် လက်တွေ့ကျကျ လုပ်ကိုင်ရန် ကြိုးပမ်းခဲ့ကြပြီး လုံခြုံစွာ စောင့်ရှောက်၍ အတားအဆီးများကို တစ်ဆင့်ချင်း ဖြိုခွင်းရန် ကြိုးပမ်းကြပါသည်။ တခြားသူများမှာ သူတို့အခွင့်အရေးများကို တောင်းဆိုရန် ကြိုးစားကြပြီး အာဏာရှင်များနှင့် ထိပ်တိုက်ရင်ဆိုင်ရန်မတွန့်ဆုတ်ကြပေ။ ထိုနည်းလမ်း နှစ်ခုလုံးသည် ဒီမိုကရေစီနှင့်အညီ ပိုမိုတရားမျှတသော လုံခြုံရေး

ကဏ္ဍတိုးတက်မှုအတွက် အဖြေရှာပေးရန် အရေးပါသော အခန်းကဏ္ဍတွင် ဆက်လက် ပါဝင်နေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ လူမှုမီဒီယာများတွင်လည်း အမုန်းစကားများ မြင့်တက်လာမှုအပေါ် ကြည့်ခြင်းအားဖြင့် တစ်ခါတစ်ရံ လုံခြုံရေးအတွက် အာဏာရှင်ဆန်ဆန် အကြမ်းဖက်သည့် နည်းလမ်းများအသုံးပြု၍ ဖြေရှင်းမှုများကို ပြည်သူများက ထောက်ခံလာလျက် ရှိသည်ကို သတိပြုသင့်ပါသည်။[၅၇၄] ထို့ပြင် ပြည်သူများအပေါ် သြဇာလွှမ်းမိုးသူများသည် လူ့အဖွဲ့အစည်းအတွင်း အာဏာမညီမျှမှုကို ပိုမိုခိုင်မာစေခြင်းမျိုး မဖြစ်ရန် အလွန်လိုအပ်ပါသည်။ ဥပမာ - လူနည်းစုများနှင့် အမျိုးသမီးများအပေါ် လူအများစုကခွဲခြားဖယ်ထားခြင်းမျိုး မပြုရန် လိုအပ်ပါသည်။ အထူးသဖြင့် လူများစု လွှမ်းမိုးခြင်းဝါဒဆိုရာ၌ လူနည်းစုကို ကိုယ်စားပြုသောအဖွဲ့အတွက် ဥပဒေရေးရာနှင့် နိုင်ငံရေးရာအရ ကာကွယ်ပေးမှုတို့ အညီအမျှဖန်တီးပေးရန် လိုအပ်သည်။ နိုင်ငံရေးသမားများနှင့် အာဏာပိုင်တို့သည် ပြည်သူတို့၏ ဝန်ကိုထမ်းရန်နှင့် အများပြည်သူ၏ အကျိုးစီးပွားအတွက် ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြု ဆောင်ရွက်ရန် တာဝန်ရှိပြီး အင်းအားကြီးအုပ်စု၏ တောင်းဆိုမှုကိုသာ လိုက်နာဆောင်ရွက်ရန် မဟုတ်ပေ။

ယခုအစီရင်ခံစာ၏ အောက်ပါအခန်းများတွင်လုံခြုံရေးကဏ္ဍအတွင်း အများပြည်သူ၏ ထိန်းကြောင်းကြီးကြပ် စီမံမှုနှင့် လက်တွဲဆောင်ရွက်မှုများမည်သို့ နေရာယူနေကြသည်ကို ပညာရေး၊ သတင်းမီဒီယာ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် မူဝါဒရေးရာ လေ့လာရေးအဖွဲ့အစည်းများ အစရှိသည့် ကဏ္ဍအားဖြင့် လေ့လာမှု ပြုထားပါသည်။ ထိုကဏ္ဍလေးခုလုံးတွင် ၂၀၁၁ ခုနှစ်မှ စတင်ကာ စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် တခြားလုံခြုံရေး တာဝန်ရှိသူများနှင့် ဆက်ဆံရေး အခွင့်အလမ်းများ သိသာစွာ ပိုမိုရရှိလာခဲ့သော်လည်း အာဏာရှင်စနစ်၏ ခိုင်မြဲသောအမွေ၏ ရလဒ်အနေဖြင့် သိသာထင်ရှားသော တင်းကျပ်မှုများနှင့် စိန်ခေါ်မှုများ ဆက်လက်ကျန်ရှိနေပါသေးသည်။

# ၅.၁
# ပညာရေး

*"မည်သည့်အသိုင်းအဝိုင်းတွင်မဆို ပညာတတ်များသည် လွန်စွာအရေးကြီးပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူတို့သည် ပြည်သူများကို နိုးဆော်ပေးနိုင်သူများ၊ အကြံဉာဏ်သစ် ပေးနိုင်သူများ၊ အမြင့်သို့ တွန်းပို့ပေးနိုင်သောသူများ ဖြစ်ကြသောကြောင့်ဖြစ်ပါသည်။ အာဏာရှင် စိတ်ဓာတ်ရှိသောသူများနှင့် မေးခွန်းထုတ်တတ်သော စိတ်ဓာတ်ရှိသူများအကြား အမြဲတစေ ပဋိပက္ခများ ဖြစ်နေပါလိမ့်မည်။ ထိုလူမျိုးနှစ်မျိုးသည် မည့်သည့်အခါမျှ အတူယှဉ်တွဲလျှောက်လှမ်းနိုင်မည် မဟုတ်ပါ။"*

**အောင်ဆန်းစုကြည်၊ ၁၉၉၁**[၅၇၇]

ယခု အစီရင်ခံစာတွင် ဆွေးနွေးထားသော ရည်မှန်းချက်နှင့် စိန်ခေါ်မှု တစ်ခုချင်းစီတိုင်းသည် လုံခြုံရေး ပြဿနာများနှင့် လုံခြုံရေးကဏ္ဍ စီမံအုပ်ချုပ်မှုဆိုင်ရာ ပညာရေးကို လက်လှမ်းမီရရှိမှုများ ပိုမိုတိုးမြင့်လာမှုအပေါ် မူတည်နေပါသည်။ လွတ်လပ်သောပညာပေးသူတစ်ဦး ရှင်းပြသည်မှာ "[ပညာသင်ကြားရေးတွင်] လုံခြုံရေးအယူအဆကို ဦးစားပေးရပါမည်။ စစ်တပ်ကမူ ထိုအယူအဆသဘောထားကို လက်ဝါးကြီးအုပ်ထားပါသည်။ ထိုလုံခြုံရေးသည်နိုင်ငံ၏ ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသင့်ပေသည်။ ယင်းကို စစ်တပ်က ထိန်းချုပ်ထားရမည့် ကိရိယာသဖွယ် အသုံးမပြုသင့်ပေ" ဟု ဖြစ်ပါသည်။[၅၇၆]

ပထမဆုံးအနေဖြင့် ပညာရေးကို ပြည်သူများအတွက် လူသားအားလုံး၏ အခြေခံအခွင့်အရေးများကို မြှင့်တင်နိုင်ရန် စံနှုန်းသစ်များနှင့် အစိုးရနှင့် ဆက်ဆံရေးအသစ်များအပေါ် အသိရှင်သန်နေစေရေးတွန်းအားပေးနိုင်မည့် အရာအဖြစ် မြှင့်တင်ပေးရန်လိုအပ်ပါသည်။ ထိုမှ ယင်းတို့၏ အခြေခံအခွင့်အရေးများနှင့် အစိုးရ၏ အခြေခံဝတ္တရားများကိုသိရှိလာမည်ဖြစ်သည်။ အထက်ပါ ပညာပေးသူက "မြန်မာနိုင်ငံသည် သိသိပ်သော လူမှုအဖွဲ့အစည်း ဖြစ်၍ နိုင်ငံရေး ဆွေးနွေးမှုများတွင် ပါဝင်ရချိန်များတွင် ဖက်ဒရယ်စနစ် သို့မဟုတ် ဒီမိုကရေစီကဲ့သို့သော

ရေပန်းစားသည့် စကားလုံးများကိုသာ ပုံမှန်အားဖြင့်သိနေကြပါသည်။ သူတို့အနေဖြင့် ထိုစကားလုံးများ၏ နောက်ကွယ်ရှိ အနက်အဓိပ္ပာယ်များကို သိရှိမနေကြပါ” ဟု ဆက်လက်ဆွေးနွေးခဲ့ပါသည်။[၁၇၇]

နိုင်ငံတော်အနေဖြင့်လုံခြုံရေးကဏ္ဍပြဿနာများကို ဆွေးနွေးနိုင်မည့် နည်းပညာပိုင်းဆိုင်ရာ ဗဟုသုတရှိသော နယ်ပယ်စုံမှ ကျွမ်းကျင်သည့် အရပ်သားခေါင်းဆောင်များစွာ လိုအပ်ပါသည်။ ယင်းသည် လုံခြုံရေးကဏ္ဍတွင် သင့်တော်သော ခေါင်းဆောင်မှု၊ မူဝါဒချမှတ်ခြင်း၊ ရသုံးငွေချထားပေးခြင်းနှင့် နိုင်ငံရေးအရ ထိန်းချုပ်ကြီးကြပ် စီမံမှုများအတွက် အရေးပါပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းမှ ပညာရှင်ဖြစ်လာသူတစ်ဦးက “အရပ်သား လွှတ်တော်ကိုယ်စားလှယ်များသည် လုပ်ရည်ကိုင်ရည် အကန့်အသတ်ရှိကြသည်။ ကဏ္ဍအားလုံးအတွက် လုံခြုံရေးပညာရှင်များ ကျွန်တော်တို့ လိုအပ်ပါသည်။ စစ်တပ်နှင့်ရဲအတွက်သာမဟုတ်၊ လက်နက်ကိုင်ဆောင်ထားကြသူများအတွက်သာမဟုတ်” ဟု ဆိုခဲ့ပါသည်။[၁၇၈] နိုင်ငံရေးသမားတစ်ဦးက အလေးထားပြောကြားခဲ့သည်မှာ “လုံခြုံရေးဆိုင်ရာ အရပ်သား ပညာရှင်များကို လက်ချိုးရေတွက်လို့ပင် ရနိုင်ချိန်မှာ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များမှာ ထိုပညာရပ်များကို အဆင့်မြင့်မြင့် လေ့ကျင့်သင်ယူခွင့် ရခဲ့ကြပါသည်။ အများစုမှာ ရုရှားနိုင်ငံတွင် လေ့ကျင့်သင်ကြားထားသူများ ဖြစ်ကြသည်။ သို့ဖြစ်ရာ [လုံခြုံရေးနှင့်ဆိုင်သောစွမ်းရည်] တွင်ကွာခြားချက် အလွန်ကြီးမားလာရခြင်း ဖြစ်ပါသည်။ ယင်းအချက်သည် ပြဿနာကြီး တစ်ရပ်ပင် ဖြစ်ပါသည်”။[၁၇၉]

လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် စစ်တပ်၏ ကျောထောက်နောက်ခံရှိသူများက ထိန်းချုပ်ခွင့်များစွာရရှိနေသည်မှာ မြန်မာနိုင်ငံ တစ်ခုတည်း မဟုတ်ပေ။ အရိုးရှင်းဆုံးမှာ သူတို့သည်သာ မှန်ကန်သော ဗဟုသုတနှင့် အတွေ့အကြုံရှိသူများ ဖြစ်ကြသည်ဟုယူဆနေကြသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် ဤအတွေးအခေါ်သည် အထူးသဖြင့် မြန်မာနိုင်ငံ၏အစိုးရ၊ လွှတ်တော်၊ တရားစီရင်ရေးနှင့် ပြည်သူတို့အကြား ကျယ်ကျယ်ပြန့်ပြန့် တည်တံ့နေခဲ့ပါသည်။ မျိုးဆက်သစ်ခေါင်းဆောင်များတွင် အမျိုးသမီးများ အပါအဝင် ဘက်ပေါင်းစုံမှ လူများသည် လုံခြုံရေးကဏ္ဍတွင် ယုံ ကြည်ချက်ရှိရှိနှင့် သြဇာရှိစွာ ပြောဆိုပါဝင်လာနိုင်ရန် လွန်စွာအရေးကြီးပါသည်။

လုံခြုံရေးဆိုင်ရာ ဗဟုသုတများ မရှိခြင်းက ရွေးကောက်ခံ အရပ်သားကိုယ်စားလှယ်များ အစိုးရအတွင်း ဦးဆောင်မှုပြုရန် အခွင့်အာဏာကို အဟန့်အတားဖြစ်စေပါသည်။ အကြီးတန်း ပြည်သူ့ဝန်ထမ်းဟောင်းတစ်ဦးက “ထိုအရပ်သား ကိုယ်စားလှယ်များထက်စာလျှင် ပိုမိုပြောင်းလဲမှုကို ယူဆောင်ပေးလာနိုင်သော ဝန်ကြီးများ လိုအပ်လျက်ရှိပါတယ်။ သူတို့အနေနဲ့အများကြီး နစ်နာခဲ့ကြရတာ [စစ်တပ်လက်အောက်] ဖြစ်တဲ့အတွက် အဲ့ဒါတွေက သူတို့ရဲ့ အမှားတွေ မဟုတ်ပါဘူး။ ဒါပေမဲ့ တပ်မတော်ဗျူရိုကရက် အရာရှိတွေကို မထိန်းချုပ်နိုင်ပါဘူး။ သူတို့မှာသူတို့အလုပ်တွေကို လုပ်ဆောင်နိုင်ဖို့ အခွင့်အာဏာ ရှိမနေကြပါဘူး”ဟုရှင်းလင်းဆွေးနွေးခဲ့ပါသည်။[၁၈၀]

“နိုင်ငံတော်အနေဖြင့် လုံခြုံရေးကဏ္ဍ ပြဿနာများကိုဆွေးနွေးနိုင်မည့် နည်းပညာပိုင်းဆိုင်ရာ ဗဟုသုတရှိ သော နယ်ပယ်စုံမှ ကျွမ်းကျင်သည့် အရပ်သားခေါင်းဆောင်များ စွာလိုအပ်ပါသည်။ ယင်းသည် လုံခြုံရေးကဏ္ဍတွင် သင့်တော်သော ခေါင်းဆောင်မှု၊ မူဝါဒချမှတ်ခြင်း၊ ရသုံးငွေချထားပေးခြင်းနှင့် နိုင်ငံရေးအရ ထိန်းချုပ်ကြီး ကြပ်စီမံမှုများအတွက် အရေးပါပါသည်။”

ပြည်တွင်းပြည်ပတွင် ကာကွယ်ရေး၊ ရဲလုပ်ငန်း၊ အကျဉ်းဦးစီးလုပ်ငန်း၊တရားမျှတမှုနှင့် တခြားလုံခြုံရေးနှင့် ဆိုင်သော အတွေးအခေါ်များနှင့် အလေ့အထများ၏ ဘာသာရပ်များကို သင်ယူနိုင်မည့် အရပ်သား လုံခြုံရေးပညာရှင်များလည်းရှိရန် လိုအပ်ပါသည်။ ထိုသို့သောပညာရှင်များသည် ထိုခေါင်းစဉ်များနှင့်စပ်လျဉ်း၍စာပေများကို ထုတ်ဝေကာ နက်ရှိုင်း၍ ထိရောက်သောမူဝါဒနှင့် အတွေးအခေါ်များဖြင့် ထိုဘာသာရပ်နှင့်ဆိုင်သော ဆွေးနွေးမှုများတွင် အကျယ်တဝင့် ပါဝင်နိုင်မည် ဖြစ်ပါသည်။ လက်ရှိတွင် အရပ်သားဖြစ်သော စစ်တပ် သို့မဟုတ် လုံခြုံရေးကဏ္ဍ ပညာရှင်များ အနည်းငယ်သာ ရှိ၍ အများဆုံးမှာ နိုင်ငံခြားတွင်ပညာသင်ယူခဲ့ကြပါသည်။ နိုင်ငံရေးသမားများနှင့်အရပ်ဘက် အဖွဲ့အစည်း ခေါင်းဆောင်များက မြန်မာပညာရှင်များသည် နိုင်ငံရေးပါတီဝင်များနှင့်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေကြသောသူများ အားထားရာ အဓိကကျသည့် အရင်းအမြစ် ပုဂ္ဂိုလ်များဖြစ်နေကြရာ သူတို့၏ လက်တွေ့ပါဝင်ဆောင်ရွက်မှုသည် မည်မျှ အရေးပါကြောင်းကို ပြသလျက် ရှိနေပေသည်။

အရပ်ဘက်အဖွဲ့အစည်း ခေါင်းဆောင်များ၊ အထောက်အကူပြု အဖွဲ့များ၊ တက်ကြွလှုပ်ရှားသူများ၊ ဂျာနယ် လစ်များ၊ ရှေ့နေများ၊ တခြားသောရပ်ရွာတွင်းမှ တက်ကြွလှုပ်ရှားသူများကိုလည်း လုံခြုံရေးဆိုင်ရာ အတွေးအခေါ်များ သင်ကြားပေးသည့် သင်တန်းတိုများပေးခြင်း သို့မဟုတ် သက်ဆိုင်ရာဘွဲ့သင်တန်းများ တက်ရောက်စေခြင်းတို့ပြုလုပ်ခြင်းဖြင့်များစွာ အကျိုးရှိမည် ဖြစ်ပါသည်။ နည်းပညာပါသည့် အကြံပြုချက်များ၊ အချေအတင် ဆွေးနွေးခြင်းများ ပြုလုပ်နိုင်ရန်မှာ လုံခြုံရေးကဏ္ဍ အုပ်ချုပ်မှုဆိုင်ရာ ဗဟုသုတများကို သိနားလည်နိုင်ခြင်းဖြင့် လူ့အခွင့်အရေး၊ တရားစီရင်ရေး၊ ကျား-မရေးရာ တန်းတူညီမျှရေး၊ ကာကွယ်ရေး၊ ဒေသန္တရအုပ်ချုပ်ရေး၊ ဘတ်ဂျက်ကြီးကြပ်ရေးနှင့် တခြားသော ယေဘုယျအကြောင်းအရာမျိုးစုံကို ဆောင်ရွက်နေသော အရပ်ဘက်အဖွဲ့အစည်းများအတွက် များစွာအကျိုးရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံရေးပညာပေး လုပ်ငန်းများဆောင်ရွက်နေသော အရပ်ဘက်အဖွဲ့အစည်း တစ်ရပ်ကို ဦးဆောင်နေသည့် နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးက သူသည် ထောင်တွင်းအကျဉ်းကျနေစဉ်အတွင်း နိုင်ငံရေးသိပ္ပံနှင့် အရပ်ဘက် -စစ်ဘက်ဆက်ဆံရေးအကြောင်းကို ပထမဆုံးအကြိမ်ဖတ်ရှုခဲ့ရစဉ်က လွန်စွာအားတက်ခဲ့ရကြောင်း ရှင်းပြခဲ့ပါသည်။ "ကျွန်တော်တို့ ဒီအကြောင်း ဘာမှမသိခဲ့ဘူးဆိုတာ နားလည်လိုက်ပါတယ်" ဟု သူက ဆိုပါသည်။ "ကျွန်တော်တို့ အစိုးရနဲ့ပတ်သက်ပြီး နစ်နာမှုတွေရှိခဲ့ကြတယ်။ ဒါပေမဲ့ စနစ်တွေ၊ ဖွဲ့စည်းပုံတွေကို မသိခဲ့ကြဘူး။ ဒါကြောင့် တက်ကြွလှုပ်ရှားသူတွေကို ဒီအကြောင်းသင်ပေးရင် ကောင်းမယ်လို့ ဆုံးဖြတ်ခဲ့တယ်။ တက်ကြွလှုပ်ရှားသူတွေ ယေဘုယျအားဖြင့်ဒီကိစ္စနဲ့ပတ်သက်ပြီး ဗဟုသုတ မရှိကြသေးလို့ပါ" ဟူ၍ သုံးသပ်ပြောကြားခဲ့ပါသည်။

နောက်ဆုံးအနေဖြင့် စာသင်ခန်းများသည် အရပ်ဘက်နှင့် စစ်ဘက်တို့အကြား နားလည်မှုပျိုးထောင်ပေးရန် နယ်မြေကောင်း ဖြစ်နိုင်ပါသည်။ ဘုံနားလည်မှုနှင့်တန်ဖိုးများ မွေးမြူပေးနိုင်ရေးအတွက် အရပ်ဘက်နှင့် စစ်ဘက်ပညာရေးဌာနများနှင့် ပညာရှင်များအကြား အချင်းချင်း အပြန်အလှန် ပူးပေါင်းပညာဆည်းပူးမှုများသည် အထူးအရေးပါသောအခွင့်အလမ်းများ ဖြစ်ပါသည်။ ထိုသို့မလုပ်ဆောင်နိုင်ပါက အရပ်ဘက်နှင့် စစ်ဘက်ခေါင်းဆောင်များအကြား နိုင်ငံတော်၏ ဦးစားပေး ကိစ္စရပ်များနှင့် ပြဿနာဖြေရှင်းရေးဆိုင်ရာ ချဉ်းကပ်ရမည့် နည်းလမ်းများတွင်အမြင်များ ဆက်လက်ကွဲပြားနေမည် ဖြစ်ပါသည်။

## ပြည်သူ့တက္ကသိုလ်များ

ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခများသည် လုံခြုံရေးနှင့် မဟာဗျူဟာလေ့လာရေးဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့တစ်ရပ်ကို စတင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြရာ ၂၀၂၀ ပြည့်နှစ်တွင် စတင်နိုင်မည်ဟု မျှော်လင့်ရပါသည်။ ယင်းသည် ၁၉၆၂ ခုနှစ် မှ ၂၀၁၃ ခုနှစ်အတွင်း တက္ကသိုလ်တွင် နိုင်ငံရေးဆိုင်ရာ ဘာသာရပ်များကို ပွင့်လင်းစွာ မည်သူမျှ လေ့လာဆည်းပူးခွင့်မရှိသော နိုင်ငံအတွက် ကြီးမားသည့် တိုးတက်မှုကို ကိုယ်စားပြုပါလိမ့်မည်။ ၂၀၁၃ ခုနှစ်မှ စ၍ ရန်ကုန်နှင့် မန္တလေး တက္ကသိုလ်များတွင် နိုင်ငံရေးသိပ္ပံဆိုင်ရာ မဟာဘွဲ့များကို စတင်ပေးအပ်ကာ အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးများ နှင့်မဟာဗျူဟာရေးရာများ ပါဝင်သည့် သင်ခန်းစာများကိုလည်းထည့်သွင်း သင်ကြားနေပါသည်။

မြန်မာနိုင်ငံရှိ ပြည်သူ့တက္ကသိုလ်များသည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ လုပ်ဆောင်နေဆဲဖြစ်သော်လည်း ပညာရေးဆိုင်ရာလွတ်လပ်မှုများမှာ မြင့်မားသည့် ဗဟိုချုပ်ကိုင်သော စနစ်ဖြင့် ချုပ်ကိုင်မှုများရှိနေသေးသည်ကို တွေ့ရပါသည်။ ယင်းတို့မှာ ထိုတက္ကသိုလ်များအတွက် ငွေကြေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ သင်ရိုးညွှန်းတမ်းများ အတည်ပြုခြင်းနှင့် စာသင်ခန်းသုံး ပစ္စည်းကိရိယာများဆိုင်ရာ လုပ်ငန်းစဉ်များဖြင့် တင်းကျပ်ခံနေရဆဲ ဖြစ်ပါသည်။ မဟာဘွဲ့

တန်းများအပါအဝင် ဘာသာရပ်အများစုသည် အလွတ်ကျက်သင်ယူခြင်း (စာပိုဒ်များကို အလွတ်မှတ်ယူရန် မဖြစ်မနေလိုအပ်ခြင်း) ဖြင့် သင်ယူကြရပြီးအများစုသော အဆင့်မြင့် ပညာသင် ကျောင်းသားများသည် အချိန်ပိုင်းများသာ ဖြစ်ကြပါသည်။[၅၈၁]

သို့သော် အထက်ပါ တက္ကသိုလ်နှစ်ခု၏ နိုင်ငံတကာဆက်ဆံရေး ဌာနများတွင် ထိုကဲ့သို့အသစ်သောသင်ရိုးညွှန်းတမ်းများ ထည့်သွင်းလာခြင်းဖြင့် ထိုအဟန့်အတားများကို ကျော်ဖြတ်ရန် စတင်ကြိုးပမ်းလာကြပါသည်။ လုံခြုံရေးနှင့် မဟာဗျူဟာလေ့လာရေးမဟာဘွဲ့တွင် ဘာသာရပ် (၈) ခု ပါဝင်မည်ဖြစ်ပြီး ဒေသန္တရလုံခြုံရေးနှင့် ကာကွယ်ရေးစိန်ခေါ်မှုများဆိုင်ရာ ဘာသာရပ်များအပြင် မြန်မာနိုင်ငံ၏ လုံခြုံရေးအမြင်နှင့် ကာကွယ်ရေးမူဝါဒ၊ အရပ်ဘက်-စစ်ဘက်ဆက်ဆံရေးနှင့် လူသားလုံခြုံရေးစသည့် ဘာသာရပ်များ ထည့်သွင်းသင်ကြားရန် လျာထားလျက်ရှိပါသည်။ လတ်တလောတွင် သင်ရိုးညွှန်းတမ်းအတွက် အဆိုပြုမှုများကို စောင့်ဆိုင်းလျက်ရှိပြီး ခက်ခဲသည့်အဆင့်လည်း ဖြစ်ပေသည်။ ဤကာလအတွင်း ဌာနအနေဖြင့် တခြားကြိုတင်ပြင်ဆင်မှုများလည်း ဆောင်ရွက်ရန် အချိန်ယူလျက်ရှိပါသည်။ အဆိုပါ မဟာတန်းကို ပညာရှင်အဆင့်အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များက တက်ရောက်ခွင့်ရရှိကြမည်ဖြစ်ပြီး အရပ်ဘက်-စစ်ဘက်မှ အရာရှိများ၊ ဘွဲ့ကြိုအောင်မြင်ပြီးသည့် ကျောင်းသူ/သားလူငယ်များပါ တက်ရောက်ခွင့် ရလိမ့်မည်ဟု မျှော်လင့်ရပါသည်။ အမျိုးသားများအပြင် အမျိုးသမီးများအတွက်ပါ အခွင့်အရေးပေးထားမည် ဖြစ်သဖြင့် နှစ်ပေါင်းများစွာ အမျိုးသားများကိုသာ ခွင့်ပြုထားခဲ့ကာတပ်တွင်သာ သင်ကြားခွင့်ရနိုင်သည့် လုံခြုံရေးဆိုင်ရာပညာရပ်ကို အမျိုးသမီးများကပါ ဆည်းပူးနိုင်မည့်ကြုံတောင့်ကြုံခဲ ရှားပါးသည့် အခွင့်အရေးတစ်ရပ် ဖြစ်ပါသည်။[၅၂]

ဌာနမှ အကြီးတန်းပါမောက္ခများက နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်တွင် သက်ဆိုင်ရာဘာသာရပ်များကို သွားရောက်သင်ကြား ပို့ချလျက်ရှိရာ စစ်တက္ကသိုလ်များမှ ကထိကများကလည်း တက္ကသိုလ်များတွင် ပြန်လည်သင်ကြား ပို့ချမှုများပြုလုပ်ပါသည်။ သို့သော် ပိုမိုခိုင်မာသည့် ဆက်ဆံရေးများ တည်ဆောက်ရာတွင် စိန်ခေါ်မှုများစွာ ရှိနေဆဲပင် ဖြစ်ပါသည်။ ထိပ်တန်းပါမောက္ခတစ်ဦးက "(အရပ်ဘက်-စစ်ဘက်ဆက်ဆံရေး) တည်ဆောက်ရန်ကျွန်ုပ်တို့ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့သည် ဝန်ထမ်းများဖြစ်ကြရာ ယင်းသည် ခက်ခဲပါသည်။ ကျွန်တော်က တပ်မတော်အငြိမ်းစားအရာရှိတစ်ဦးကို သင်ခန်းစာ သင်ကြားပို့ချရန် ဖိတ်ကြားပေးခဲ့သော်လည်း ကျောင်းသားများက မနှစ်သက်ကြသဖြင့် အလွန်ခက်ခဲသည့် မေးခွန်းတွေကို မေးခဲ့ကြသည်။ ကျွန်ုပ်တို့နားလည်မှု တည်ဆောက်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ဤသင်တန်းက လွန်စွာအရေးပါသည်" ဟု ရှင်းပြခဲ့ပါသည်။[၅၈၃]

တပ်မတော်ရေးရာ အကြီးတန်း ပညာရှင်တစ်ဦးက တပ်မတော်နှင့် ယုံကြည်မှုတည်ဆောက်ရန်မည်မျှ ခက်ခဲကြောင်းကို အလေးထား ပြောကြားခဲ့ပြီး သိသာထင်ရှားသည့် ဆက်ဆံရေးနှင့် ယုံကြည်မှုတည်ဆောက်ရန် လိုအပ်သဖြင့် အရပ်သားများအနေနှင့် ထိုခေါင်းစဉ်ကို လေ့လာရာတွင် တပ်မတော်အရာရှိများကို သူတို့ စကားနားထောင်လာအောင် သွေးဆောင်နိုင်မည့် အရေးသည်များစွာ ကြိုးပမ်းအားထုတ်ရမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ယင်းနှင့် ဆက်စပ်နေသည့် စိန်ခေါ်မှုတစ်ရပ်မှာ အများပြည်သူရရှိနိုင်သည့် သတင်းအချက်အလက်များ ရရှိနိုင်မှု ရှားပါးခြင်းနှင့် တပ်မတော်အနေနှင့် ယင်းတို့၏ အခြေခံအချက်များဖြစ်သည့် ဖွဲ့စည်းပုံ၊ စည်းကမ်းနှင့် ဦးစားပေးမှုများကိုပင် ပိတ်ပင်ထားသည့် သဘောသဘာဝပင် ဖြစ်ပါသည်။

နောက်ထပ် အပြုသဘောဆောင်သည့် ဖွံ့ဖြိုးမှုတစ်ရပ်မှာ အစိုးရသည် ပြည်သူ့တက္ကသိုလ်များတွင်ဥပဒေနှင့် နိုင်ငံတကာဆက်ဆံရေးပညာ လေ့လာသင်ယူနေသော ကျောင်းသူ/သားများအတွက် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေကို မသင်မနေရဘာသာရပ်အဖြစ် သတ်မှတ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။[၅၈၄] ဒီမိုကရေစီနည်းလမ်းအရ ဥပဒေချိုးဖောက်မှု ဖြစ်ပွားခဲ့သော နယ်မြေတရားရုံးတွင် အမှုဖွင့်နိုင်ရေးအတွက် ပြည်သူ့အသံကို ရေးသားရန်မှာ စစ်ရေး၊ စေ့စပ်ဆွေးနွေးသည့် စည်းမျဉ်းစည်းကမ်းများ၊ ရဲလုပ်ထုံးလုပ်နည်းများ၊ တရားဥပဒေအရ ခွဲခြမ်းစိတ်ဖြာလေ့လာရန်အတွက် တခြားသော လုံခြုံရေးဆိုင်ရာ

ကိစ္စရပ်များကို ခိုင်မာစွာ ဗဟုသုတရှိသည့် လွတ်လပ်သောရှေ့နေများအပေါ် မှီခိုအားထား နေရပါသည်။ လုံခြုံရေးတပ်ဖွဲ့များနှင့် ယင်းတို့၏ အလေ့အထများကိုအုပ်ချုပ်နိုင်သော ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ရှိနှင့်ပြီးဖြစ်သောဥပဒေများကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ရှေ့နေများသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုတွင် ရှိနေပါသည်။ ထိုအဖွဲ့အစည်းများသည် အဖွဲ့အတွင်းနှင့် အထက်မှ အောက်ဖြစ်သော မဟာဗျူဟာနည်းလမ်းများဖြင့် ထိရောက်စွာ ပြုပြင်ပြောင်းလဲမှု ပြုလုပ်နိုင်မည်မဟုတ်ပေ။ အထူးသဖြင့် ဒီမိုကရေစီစနစ်များတွင်ထိုအချက်များသည် ပညာရှင်၏ ဝေဖန်မှုနှင့် စိစစ်မှုများအပေါ်တွင်အမှီပြုနေပါသည်။

> “ အချို့ (လွတ်လပ်သော အဖွဲ့အစည်းများ) လုံခြုံရေးကဏ္ဍအုပ်ချုပ်မှုနှင့် တရားမျှတမှုတို့နှင့် စပ်လျဉ်း၍ ပိုမို နည်းပညာ ဆန်သည့် ဘာသာရပ်များ ကိုပါစတင်သင်ကြား လာကြပေသည်။ ”

## ကျောင်းပြင်ပနှင့် ပုဂ္ဂလိကပညာရေး

နိုင်ငံတစ်ဝန်း ပေါ်ပေါက်လာသည့် ကျောင်းပြင်ပနှင့် ပုဂ္ဂလိကပညာရေးကျောင်း အရေအတွက်လည်း များစွာရှိပါသည်။ ယင်းတို့သည် ပုံစံအမျိုးမျိုးရှိကြသည်။ တချို့မှာ ပုဂ္ဂလိကလွတ်လပ်သော ဝိဇ္ဇာကောလိပ်များ ဖြစ်ကြပြီး မကြာမီကမှ ဥပဒေအရခွင့်ပြုလိုက်သော နိုင်ငံခြားသားများ ပိုင်ဆိုင်သော ပုဂ္ဂလိကကျောင်းများလည်း ပါဝင်သည်။ တခြားကျောင်းများမှာ အရပ်ဘက် အဖွဲ့အစည်းများက တည်ထောင်ခဲ့ကြကာ တချို့ကိုမူ ပြည်ပအထူးသဖြင့် ထိုင်းနိုင်ငံတွင် ရေရှည်ပညာသင်ကြား ပေးခဲ့ကြသော ဖောင်ဒေးရှင်းများ သို့မဟုတ် အသင်းအဖွဲ့များက တည်ထောင်ကြခြင်း ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်မတိုင်မီက ထိုင်း-မြန်မာနယ်စပ်တွင် အဆင့်မြင့်ပညာရေးကျောင်း အရေအတွက် များစွာရှိခဲ့ပြီး ထိုကျောင်းများ၌ ဖွံ့ဖြိုးရေး၊ နိုင်ငံရေးနှင့် တခြားဘာသာရပ်များကို ပိုမိုလွတ်လပ်မှုရှိသော ဝန်းကျင်တွင် သင်ကြားရန် ကျောင်းသား အများအပြားကို ဆွဲဆောင်နိုင်ခဲ့သည်။

လွတ်လပ်သော ကျောင်းများသည် လူ့အခွင့်အရေး၊ ကျား-မ အခွင့်အရေးနှင့် လူသားလုံခြုံရေး ကိစ္စရပ်များနှင့် သက်ဆိုင်သော ဘာသာရပ်များကို သင်ကြားကြသည်။ အချို့ (လွတ်လပ်သောအဖွဲ့အစည်းများ) လုံခြုံရေးကဏ္ဍအုပ်ချုပ်မှုနှင့် တရားမျှတမှုတို့နှင့် စပ်လျဉ်း၍ ပိုမိုနည်းပညာဆန်သည့် ဘာသာရပ်များကိုပါ စတင်သင်ကြားလာကြပေသည်။ ရန်ကုန် နိုင်ငံရေးသိပ္ပံကျောင်းနှင့် ငြိမ်းချမ်းရေးခေါင်းဆောင်မှုနှင့် သုတေသန အင်စတီကျု (PLRI) တို့သည် အတုယူဖွယ်ကောင်းသော နမူနာများ ဖြစ်ကြသည်။ ဒုတိယအဖြစ် ဖော်ပြသော ကျောင်းသည် လုံခြုံရေးဆိုင်ရာ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားချိန် လုံခြုံရေး ကိစ္စရပ်တို့ကို သင်ကြားသည့် ဘာသာရပ်များစွာ ပါဝင်သော ငြိမ်းချမ်းရေးဆိုင်ရာ ခေါင်းဆောင်မှု ဒီပလိုမာဘွဲ့ကို အပ်နှင်းလျက် ရှိပါသည်။[၅၈၅]

## တပ်မတော်၏ပညာရေး

တပ်မတော်လက်အောက်တွင် ပညာရေးဘွဲ့များပေးအပ်သော ပညာရေးတက္ကသိုလ် ငါးခုအပြင် ပြန်တမ်းဝင်အရာရှိ အကြိုနှင့် လက်ရှိအရာရှိများအတွက် သင်တန်းများ ပံ့ပိုးပေးသော သင်တန်းကျောင်းများ ဒါဇင်နှင့်ချီရှိပါသည်။ ထိုတက္ကသိုလ်များက ချီးမြှင့်သော ဘွဲ့များမှာ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့နှင့် ဆေးဘက်ဆိုင်ရာပါရဂူဘွဲ့များ အစရှိသည်ဖြင့် ရှိနေပါသည်။ အထင်ရှားဆုံးသော တက္ကသိုလ်မှာ ကာကွယ်ရေး စစ်တက္ကသိုလ်ဖြစ်ပြီး ထိုတက္ကသိုလ်သည် အထက်တန်းကျောင်း အောင်မြင်ပြီးသူများကို လက်ခံကာ တက္ကသိုလ်ဘွဲ့များ ပေးအပ်ပါသည်။ ထိုတက္ကသိုလ်သည် ယနေ့ခေတ် အဆင့်မြင့်ရာထူးများရှိသည့် အရာရှိကြီးများ၏ လုပ်ငန်းများ စတင်ပေါ်ပေါက်ခဲ့ရာ နေရာလည်းဖြစ်ပါသည်။[၅၈၆]

အမျိုးသားကာကွယ်ရေး ကောလိပ် (NDC) သည် အဆင့်မြင့်အရာရှိများကို စစ်တပ်အယူဝါဒများနှင့် မဟာဗျူဟာဆိုင်ရာ အဆင့်မြင့်သင်တန်းများအပြင် နိုင်ငံရေး၊ နိုင်ငံတကာ ဆက်ဆံရေးနှင့် ဥပဒေကဲ့သို့သော တခြားမဟာဗျူဟာမြောက် ဘာ

သာရပ်များအပါအဝင် မဟာဘွဲ့အစီအစဉ်များ ပေးအပ်ချီးမြှင့်သော အဆင့်မြင့်ဆုံး ပညာရေးဆိုင်ရာ တက္ကသိုလ်တစ်ခု ဖြစ်ပါသည်။ ယင်းသည် မြန်မာတပ်မတော်၏အယူဝါဒနှင့် မူဝါဒများ ဖော်ထုတ် ပြုလုပ်ဖွံ့ဖြိုးစေသောနေရာ ဖြစ်ပါသည်။[၁၈၇] အမျိုးသားကာကွယ်ရေးကောလိပ် (NDC) အပါအဝင် စစ်တပ်ပညာရေး တက္ကသိုလ်များသည် ရဲမှူးကြီးများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှအရာရှိများအတွက်လည်းတဖြည်းဖြည်း စတင်ဖွင့်လှစ်ပေးလာ ခဲ့ပါသည်။ တချို့သည် အရပ်သားအစိုးရ အရာရှိများအတွက်တူညီစွာ ဖွင့်လှစ်ပေးပါသည်။ တစ်ချိန်တည်းတွင်အရာရှိများ သို့မဟုတ် အရာရှိဟောင်းများသည် မြန်မာနိုင်ငံအပြင် နိုင်ငံခြားတိုင်းပြည်များရှိ အရပ်ဘက်တက္ကသိုလ်များတွင် ပညာသင်ကြားသည့် အရေအတွက်မှာလည်း တိုးမြင့်လာခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံခြားရေးဝန်ကြီးဌာနကိုယ်စား အမျိုးသားကာကွယ်ရေး ကော်လိပ် (NDC)တွင်သင်ခန်းစာတစ်ကြိမ်ပေးခဲ့ဖူးပါသည်။[၁၈၈]

မြောက်မြားစွာသော နိုင်ငံခြားသင်တန်းများနှင့်ပညာရေးများသည် ရုရှားနှင့်တရုတ်မှ ရရှိကြကာနှစ်များ ကြာမြင့်လာသည့်နှင့်အမျှ ထိုအစီအစဉ်များတွင်ထောင်နှင့်ချီသော အရာရှိများ ပါဝင်လာခဲ့ ပြီးဖြစ်ပါသည်။လက်ရှိကာလ၌တချို့သောနိုင်ငံခြားသားအရာရှိများက ဧည့်သင်ခန်းစာများ ပေးခဲ့ဖူးသော်လည်းလုံခြုံရေးဆိုင်ရာ လေ့လာမှုပြုသော အာရှပစိဖိတ်စင်တာ (Asia Pacific Centre for Securitiy Studies) သည် အမျိုးသား ကာကွယ်ရေး ကောလိပ် (NDC) တွင် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့သော ပထမဆုံး အနောက်တိုင်းတက္ကသိုလ်တစ်ခု ဖြစ်လာခဲ့ပါသည်။[၁၈၉] ထိုကထိကများအား လက်ခံခြင်းက တချို့သောအဆင့်မြင့်အရာရှိများ အကြားတွင် “ကမ္ဘာကြီးကပြောင်းလဲနေပြီ ဖြစ်သည့်အတွက် ကျွန်တော်တို့လည်းဖွင့်ဟရန် လိုအပ်လာပြီဆိုသည့် အသိတရားများ” ရှိလာကြောင်း ထင်ဟပ်ပြလျက် ရှိနေပါသည်။[၁၉၀] ဗြိတိန်နှင့် ဩစတေးလျအစိုးရများသည် အလယ်အလတ်တန်း စစ်တပ်အရာရှိများကို လူ့အခွင့်အရေးများဆိုင်ရာသင်တန်းများ ပံ့ပိုးပေးခဲ့ပါသည်။ သို့သော်ဗြိတိန်ကမူ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများနောက်ပိုင်း အများပြည်သူ၏ ဆန့်ကျင်မှုများကြောင့် ထိုပဏာမခြေလှမ်းများကို ရပ်တန့်ခဲ့ပါသည်။[၁၉၁] နိုင်ငံတကာအဖွဲ့အစည်းတော်တော်များများက နိုင်ငံတကာ လေ့လာရေးခရီးစဉ်များ စီစဉ်ခဲ့ကာ စစ်တပ်အရာရှိများကို အရပ်သားများနှင့်အတူလေ့လာမှုများပြုလုပ်နိုင်ရန် အရေးပါသော လမ်းကြောင်းကိုလည်း ပံ့ပိုးပေးခဲ့ပါသည်။

## ၅.၂ အရပ်ဘက်အဖွဲ့အစည်း

မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများတွင်လုပ်ဆောင်သူမျိုးစုံ ရှိပါသည်။ ယင်းတွင် ရိုးရာဓလေ့အစဉ်အလာမှသည် ခေတ်မီတိုးတက်သော၊ ရပ်ရွာအဆင့် သေးငယ်သော အသိုင်းအဝိုင်းမှသည် နိုင်ငံအဆင့် ကျယ်ပြန့်သည့် အဖွဲ့အစည်းများလည်း ရှိပါသည်။ တချို့အဖွဲ့အစည်းများက ပြည်ပအထောက်အပံ့များ ရယူကြသော်လည်း တချို့မှာမူ မိမိတို့ရပ်ရွာ၌ကိုယ်ထူကိုယ်ထ ရန်ပုံငွေ ရှာဖွေကြသည်။ စစ်တပ်အုပ်ချုပ်သည့်ကာလ၌ အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင်အစိုးရပြုပြင်ပြောင်းလဲရေးကိုတောင်းဆိုကြသောပြည်ပရောက် အဖွဲ့အစည်းများ၊ ပြည်တွင်းတွင်လျှို့ဝှက်စွာ ဆောင်ရွက်နေကြသော အဖွဲ့အစည်းများနှင့်ရှုပ်ထွေးသော နိုင်ငံရေးအခြေအနေများကို ရှောင်ရှား၍ လူမှုရေးလုပ်ငန်းများကိုသာ လုပ်ဆောင်ကြသည့်အဖွဲ့အစည်းများ ပါဝင်သည်။

မဖြစ်မနေ အရေးကြီးသည့် အချက်မှာ မတူကွဲပြားသော ထိုအဖွဲ့အစည်းများနှင့် လူတစ်ဦးချင်းစီသည်လုံခြုံရေးကဏ္ဍ အုပ်ချုပ်ရေးနှင့် ပြည်သူတို့အပေါ်ကောင်းမွန်သော ဆက်ဆံရေးရှိရေးကို ရိုးရှင်းစွာစိတ်ဝင်စားမှုရှိရန် လိုအပ်ပါသည်။ သို့မှသာလျှင်ဦးစားပေးစာရင်းတွင် နိုင်ငံတော်လုံခြုံရေး သို့မဟုတ်အစိုးရ သို့မဟုတ် တပ်မတော်က ဖွင့်ဆိုထားသောနိုင်ငံတော် အကျိုးစီးပွားတို့အကြား အပြန်အလှန်ဆက်နွယ်မှုတို့ထက်ပြည်သူတို့၏ အဓိက လိုအပ်ချက်များကို ထည့်သွင်းနိုင်မည် ဖြစ်သည်။

လက်ရှိကာလအထိ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ထုဆစ်ပုံဖော်ရာ၌ အရပ်

ဘက်အဖွဲ့အစည်းများသည် များစွာအရေးပါပါသည်။ စစ်တပ်က တင်းကြပ်သည့် စည်းမျဉ်းများဖြင့် ထိန်းချုပ်ခဲ့သော်လည်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို အများပြည်သူအတွက် ကျယ်ပြန့်သည့် အကျိုးစီးပွားက ထိန်းကျောင်းပေးနိုင်ပြီး ခွဲခြားဆက်ဆံခံရသော လူနည်းစုများ၏ အသံများကို ကြားသိခံရသည့် အနေအထားအထိ တဖြည်းဖြည်း လမ်းပွင့်လာအောင် လုပ်ဆောင်နိုင်ခဲ့သည်။ ယင်းတို့သည် လုံခြုံရေး ကဏ္ဍတွင် အရေးပါသည့် ကဏ္ဍတွင် ပါဝင်ဆဲဖြစ်ပြီး ထိုအခန်းကဏ္ဍသည် သိသိသာသာ ကျယ်ပြန့်လာမည့် အလားအလာ ရှိပါသည်။

> “မဖြစ်မနေ အရေးကြီးသည့် အချက်မှာ မတူကွဲပြားသော ထိုအဖွဲ့အစည်းများနှင့် လူတစ်ဦးချင်းစီသည် လုံခြုံရေးကဏ္ဍ အုပ်ချုပ်ရေးနှင့် ပြည်သူတို့အပေါ် ကောင်းမွန်သော ဆက်ဆံရေးရှိရေးကို ရိုးရှင်းစွာ စိတ်ဝင်စားမှုရှိရန် လိုအပ်ပါသည်။ သို့မှသာလျှင် ဦးစားပေးစာရင်းတွင် နိုင်ငံတော်လုံခြုံရေး သို့မဟုတ် အစိုးရ သို့မဟုတ် တပ်မတော်က ဖွင့်ဆိုထားသောနိုင်ငံတော် အကျိုးစီးပွားတို့အကြား အပြန်အလှန် ဆက်နွယ်မှုတို့ထက် ပြည်သူတို့၏ အဓိကလိုအပ်ချက်များကို ထည့်သွင်းနိုင်မည် ဖြစ်သည်။”

အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များက အစိုးရအနေနှင့် သူတို့ကို ပိုမိုအသုံးပြုလာပါက သူတို့သည် အစိုးရအား အဖိုးတန်သည့် ကျွမ်းကျင်မှုများ ပေးနိုင်ကြောင်း ရှင်းပြကြပါသည်။ သူတို့တွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုများရှိပြီး အစိုးရဝန်ထမ်း အများစုတွင် မရှိသေးသော ကောင်းစွာ ဖွံ့ဖြိုးနေပြီဖြစ်သော ဆက်ဆံရေးဆိုင်ရာ နူးညံ့သော ကျွမ်းကျင်မှုကို ပိုင်ဆိုင်ထားပါသည်။ ပိုမို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်အစိုးရသည် ထိုအရင်းအမြစ်များထံမှ အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်ပါသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ချိန်မှ စတင်၍ လုံခြုံရေးကဏ္ဍတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ တိုက်ရိုက်နှင့် အတိအလင်း ဆက်ဆံရေးတို့ကို ငြိမ်းချမ်းရေး လမ်းစဉ်အားဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ သို့သော် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် အရပ်ဘက် အဖွဲ့အစည်းများကို လုံခြုံရေးကဏ္ဍဆိုင်ရာလုပ်ငန်းအဖွဲ့သို့ တရားဝင် ဝင်ရောက်ခွင့်မပြုနိုင်သေးပေ။ သို့ဖြစ်ရာ ဆက်ဆံရေးသည် သုတေသနလုပ်ငန်းများ၊ အရေးဆိုတင်သွင်းများနှင့် ပြင်ပမှ နည်းပညာ အထောက်အကူပေးခြင်းတို့အားဖြင့်သာ ဆောင်ရွက်နိုင်ပါသည်။လုံခြုံရေးကဏ္ဍဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးစသည်တို့ကို တိုက်ရိုက်အလေးထား ဆောင်ရွက်သည့်မူဝါဒရေးရာဌာနများ အမြောက်အမြား ရှိပါသည်။ ယင်းကို နောက်အပိုင်းတွင် အသေးစိတ်ဖော်ပြပါမည်။

အသိပညာပေးမှုများ၊ ဥပဒေရေးရာ ပညာပေးခြင်းများနှင့် ပြည်သူတစ်ဦးချင်း ဖြစ်စဉ်များကို အစီရင်ခံ တင်ပြခြင်းစသည့် နည်းလမ်းများအားဖြင့် ရပ်ရွာအဆင့်တွင် တရားမျှတမှု ရရှိစေနိုင်ရေး အထောက်အကူပြု လှုပ်ရှားမှုများ ဆောင်ရွက်နေသည့် အရပ်ဘက်အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ ကျယ်ပြန့်စွာ ရှိပါသည်။ နည်းပညာအထောက်အကူပေးမှုများစွာအနက် တရားသူကြီးများနှင့် ရှေ့နေများအား သင်တန်းပေးခြင်းများကို စတင်ကမကထပြုဆောင်ရွက်နေသော အရပ်ဘက်အဖွဲ့အစည်းများ မျိုးစုံရှိပါသည်။ မြန်မာနိုင်ငံ၏ရေရှည် တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် “ဥပဒေပြုရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် အရပ်ဘက် အဖွဲ့အစည်းများ၏ အရေးပါသည့်အခန်းကဏ္ဍ” ကိုအသိအမှတ် ပြုထားပါသည်။[၅၉၆]

ကျား-မရေးရာ တန်းတူညီမျှရေး ကွန်ရက်သည် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဌာနမှ ရဲအရာရှိ (၁၂၀၀) ဦးကို သင်တန်းပေးခဲ့ရာ ယင်းသည် အရပ်ဘက်အဖွဲ့အစည်း တစ်ရပ်အနေနှင့် လုံခြုံရေး တပ်ဖွဲ့များကို အရေးပါသည့် ကဏ္ဍပြုပြင်ပြောင်းလဲမှုအတွက် တိုက်ရိုက်သင်တန်းပေး နိုင်ခဲ့သော အောင်မြင်မှုတစ်ရပ်ကိုပြသလျက်ရှိပါသည်။[၅၉၇] အထူးသဖြင့်အမျိုးသမီးအဖွဲ့အစည်းများစွာတို့သည်တရားမျှတမှုရရှိရန် လွန်စွာခဲယဉ်းသော လိင်နှင့် ကျား-မ အခြေခံသည့် အကြမ်းဖက်ခံရမှုများမှ အသက်ရှင်ကျန်ရစ်သူများအား အထောက်အကူ ပေးလျက်ရှိပါသည်။ ထိုအဖွဲ့အစည်းမျိုးတစ်ရပ်မှ ခေါင်းဆောင်တစ်ဦးက အများစုမှာ အမျိုးသားများ ဖြစ်ကြသော

ရှေ့နေများနှင့် တရားသူကြီးများအကြား ကျား၊မရေးရာအသိပညာပေးခြင်း ပိုမိုပြုလုပ်ရန် လိုအပ်ကြောင်းကိုအလေးထား ပြောကြားခဲ့ပါသည်။

အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့်လုံခြုံရေးကဏ္ဍနှင့်ပတ်သက်သော ဥပဒေများနှင့် တရားဝင်မူဝါဒများအပေါ် လွှမ်းမိုးမှုပြုနိုင်ရန် နည်းလမ်းတော်တော်များများကို ရှာဖွေတွေ့ရှိခဲ့ကြပြီး သိသာထင်ရှားစွာဖြင့်တွေ့ရသော အရာများမှာ အမျိုးသမီးအပေါ် အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ ရာဇသတ်ပုဒ်မ ပြင်ဆင်မှုများ၊ သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခြင်းဆိုင်ရာ ကဏ္ဍများတွင် ဖြစ်ပါသည်။ ထိုအဖွဲ့အစည်းများသည်စစ်တပ်၊စစ်တပ်လက်အောက်ခံဝန်ကြီးဌာနများနှင့် ပြောင်းလဲမှုကို အန်တုနေကြသည့်အရပ်ဘက်အရာရှိများ၏ နောက်ပြန်တွန်းထုတ်မှုကို ဆက်တိုက်ခံခဲ့ကြရသည်။ မည်သို့ပင်ဆိုစေ ဖြည်းဖြည်းမှန်မှန် တိုးတက်မှု ရရှိခဲ့သည်။ ရွေးကောက်ခံ ကိုယ်စားလှယ်များသည် ရှုပ်ထွေး၍ အကဲဆတ်သည့် ပြဿနာများ ဖြေရှင်းရန် တဖြည်းဖြည်း နေရာရလာကြရာ သူတို့၏ အတွေးအခေါ်များလည်း တိုးတက်ပြောင်းလဲလာခဲ့သည်။

အရပ်ဘက်အဖွဲ့အစည်းများက ဦးဆောင်သည့်ပြုပြင်ပြောင်းလဲမှုများအနက် အထင်ရှားဆုံးနမူနာများမှာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းဟုဆိုရပါလိမ့်မည်။ ယင်းသည် ၂၀၀၀ ပြည့်နှစ်နှောင်းပိုင်းမှ စတင်၍ ၂၀၁၃ ခုနှစ်တွင် တရားဝင်အသိအမှတ်ပြုခံရချိန်အထိ အမျိုးသမီး အဖွဲ့အစည်းများနှင့်ကွန်ရက်များ၏ ဝိုင်းဝန်းကြိုးပမ်း ရပ်တည်ဆောင်ရွက်ခဲ့မှု၏ရလဒ်အဖြစ် ပေါ်ထွက်လာသော ကြီးမား၍ မကြုံဖူးသော အောင်မြင်မှုတစ်ရပ် ဖြစ်ပါသည်။ ထိုအရပ်ဘက်အဖွဲ့အစည်းများသည် နိုင်ငံတစ်ဝန်းကျယ်ကျယ်ပြန့်ပြန့် သဘောထားခံယူမှုများ ပြုလုပ်ခဲ့ပြီး ထိုမှ ရရှိလာသော အချက်အလက်များဖြင့် အများပြည်သူလူထုက စဉ်ဆက်မပြတ် ဖိအားသတင်းပေးခြင်း၊ အစိုးရကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် ရည်ရွယ်ပြုလုပ်ပေး သည့်တံခါးပိတ်အရေးဆို တင်သွင်းခြင်းနှင့် နည်းပညာအကူအညီပေးရေး အလုပ်ရုံဆွေးနွေးပွဲများ၏ ရလဒ်များ ဖြစ်ပါသည်။ ယင်းတို့သည် ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အထောက်အကူများ ရယူခြင်းနှင့် ထိုအဖွဲ့အစည်းများကအစိုးရကို လိုအပ်သော ဖိအားများပေးနိုင်ရန် အရေးဆို တင်သွင်းခြင်းများကိုလည်း အသုံးပြုခဲ့ကြပါသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေကြမ်းသည် ဤလုပ်ငန်းစဉ်၏တိုးချဲ့လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ ထိုဥပဒေကို ၂၀၁၉ ခုနှစ်တွင် အတည်ပြုမည်ဟု ကတိပြုထားသော်လည်းပြည်ထောင်စု အစိုးရသည်ယခုအချိန်ထိအတည်ပြုနိုင်ခြင်း မရှိသေးပေ။ ဤဥပဒေပြဋ္ဌာန်းနိုင်ရေးနှင့် ဥပဒေပြုပြင်ပြောင်းလဲရေးတို့အတွက် အမျိုးသမီးအသင်းအဖွဲ့များက ဆက်လက်တွန်းအားပေးလျက်ရှိပါသည်။ အထူးသဖြင့် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အမျိုးသားယန္တရားတစ်ရပ် ဖြစ်ပေါ်လာရေးအတွက် တိုက်တွန်းအားပေးလျက် ရှိသည်။[၁၉၄] ၂၀၁၉ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေ ပြဋ္ဌာန်း လာနိုင်ခြင်းမှာအရပ်ဘက်အဖွဲ့အစည်းများ၏ ပါဝင်မှုနှင့် အထူးသဖြင့် စိတ်အားထက်သန်သောလွှတ်တော် ကိုယ်စားလှယ်များ (အမျိုးသမီးအများစု) ၏ မဆုတ်မနစ်သော ကြိုးပမ်းမှုကြောင့် ဖြစ်ပါသည်။ ဤဥပဒေသည် ကလေးများကို တခြားအရေးကြီးသော ကိစ္စရပ်များအနက် လုံခြုံရေးတပ်ဖွဲ့များ၏ရန်မှ အကာအကွယ် ပေးရာတွင် ထင်ရှားသည့်အောင်မြင်မှုတစ်ရပ် ဖြစ်ပါသည်။

> **“ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် လုံခြုံရေးကဏ္ဍနှင့်ပတ်သက်သောဥပဒေများနှင့် တရားဝင်မူဝါဒများအပေါ် လွှမ်းမိုးမှုပြုနိုင်ရန်နည်းလမ်းတော်တော်များများကို ရှာဖွေတွေ့ရှိခဲ့ကြပြီး သိသာထင်ရှားစွာဖြင့် တွေ့ရသော အရာများမှာအမျိုးသမီးအပေါ် အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ ရာဇသတ်ပုဒ်မ ပြင်ဆင်မှုများ၊ သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခြင်းဆိုင်ရာကဏ္ဍများတွင် ဖြစ်ပါသည်။ ”**

မကြာမီနှစ်များအတွင်းကနိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) သည် သုတေသနလုပ်ငန်းများ၊ မူဝါဒဖွံ့ဖြိုးရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကျဉ်းထောင် ပြုပြင်ပြောင်းလဲမှု မြှင့်တင်ရေး ဆောင်ရွက်လျက် ရှိသည်။ ဤကမကထပြုမှုတွင် အစိုးရဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တခြားသော ပုဂ္ဂိုလ်များ ပါဝင်သည့် မူဝါဒချမှတ်ရေးနှင့် အဓိကစိန်ခေါ်မှုများ ဆိုင်ရာအသိပညာပေးရေး၊ ပူးတွဲအလုပ်ရုံဆွေးနွေးပွဲများစွာ ပါဝင်သည်။ စိန်ခေါ်မှုများစွာတို့သည် အချင်းချင်းအပြန်အလှန် ဆက်စပ်လျက်ရှိကြရာ AAPP သည်တစ်ခုချင်း ပြောင်းလဲခြင်း မဟုတ်ဘဲ အုပ်စုလိုက်ပြောင်းလဲမှု စနစ်ဖြစ်သော ဘက်စုံပြုပြင်ပြောင်းလဲမှု ဖော်ဆောင်ရန် တိုက်တွန်း အားပေးလျက်ရှိသည်။ အထူးသဖြင့် အဆိုပါအဖွဲ့အစည်းက တွန်းအားပေးနေသည်မှာ ပြင်းထန်သည့် အပြစ်ဒဏ်ပေးစနစ်မှသည် ပြန်လည်ထူထောင်ရေးစနစ် ယဉ်ကျေးမှုသို့ ဦးတည်ကူးပြောင်းရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်သော ရှေ့နေများအသင်း အပြင် AAPP သည် တရားမျှတရေးဝန်ကြီးဌာန ပေါ်ပေါက်လာရေးအတွက် တခြားအရပ်ဘက်အဖွဲ့အစည်းများနှင့်တကွ တောင်းဆိုနေကြပါသည်။ ထိုဝန်ကြီးဌာနသည် အကျဉ်းဦးစီးဌာနကို ကြီးကြပ်မည်ဖြစ်ရာ ယင်းသည် ရဲတပ်ဖွဲ့နှင့် ဖွဲ့စည်းပုံအရ သီးခြားစီ ဖြစ်သွားမည်ဖြစ်ပြီး တရားစီရင်ရေးအတွက် ဘတ်ဂျက်ကို စီမံခန့်ခွဲအုပ်ချုပ်ရန် တာဝန်ရှိမည် ဖြစ်သည်။ AAPP သည် အကျဉ်းသားများ ခေါင်းပုံဖြတ်မခံရရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပညာသင်ကြားခွင့် ရရှိရေး၊ အကျဉ်းသားများ စိစစ်ခွဲခြားနေရာချထားခြင်း၊ အကျဉ်းသားများ ပြန်လည်ထူထောင်ရေးနှင့် လူ့ဘောင်အတွင်း ပြန်လည်ဝင်ဆန့်စေရေးစသည်တို့ ဆောင်ရွက်ရန်အတွက် ဥပဒေပြုရေးနှင့် လိုက်နာကျင့်သုံးရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်လည်း တွန်းအားပေးလျက် ရှိပါသည်။ ထိုအဖွဲ့အစည်းသည် အလုပ်ကြမ်း ပြစ်ဒဏ်အဆုံးသတ်ရေး၊ အလုပ်ကြမ်းကို အကျဉ်းထောင်အုပ်ချုပ်ရေး သို့မဟုတ် သက်မွေးဝမ်းကျောင်းအတွက် တိုက်ရိုက်အကျိုးပြုမှုအတွက်သာ ကန့်သတ်ထားရေးတို့ကိုလည်း တောင်းဆိုလျက် ရှိသည်။ ယင်း၏ အစီအစဉ်တွင် အကျဉ်းထောင်ဝန်ထမ်းများ၏ လုပ်ဆောင်ချက်များ ပိုမိုကောင်းမွန်လာစေရေးအတွက် သင်တန်းများပေး၍ တိုးတက်ကောင်းမွန်လာစေရေး၊ လွတ်လပ်သော စောင့်ကြည့်အဖွဲ့နှင့် အားကိုးလောက်သည့် တိုင်ကြားရေး ယန္တရားတို့ ထူထောင်ရေးများလည်း ပါဝင်ပါသည်။ အကျဉ်းသားများအား လွှတ်ပေးသည့်စနစ် ပိုမိုကောင်းမွန်လာစေရေး၊ လွှတ်ငြိမ်းချမ်းသာခွင့် ပိုမိုစနစ်တစ်ကျဖြစ်စေရေးနှင့်လွှတ်ပေးပြီးနောက် အကူအညီ ပေးရေးတို့ကိုလည်းဆောင်ရွက်လျက် ရှိသည်။ ထို့အပြင် AAPP သည် ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် အကျဉ်းချထားခြင်းတို့အစား တခြားနည်းလမ်းများကို အသုံးပြုနိုင်ရန်နှင့်အစိုးရက စတင်အသုံးပြုလျက်ရှိသည့် ခံဝန်ချက်စနစ်တို့ကိုလည်း အတတ်နိုင်ဆုံး အသုံးပြုရန်[၁၉၅] မြှင့်တင်ပေးလျက် ရှိသည်။[၁၉၆]

အကျဉ်းထောင် ဥပဒေမူကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား အကြိမ်ကြိမ် လွှဲချလျက် ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်များနှင့် မူကြမ်းရေးဆွဲသူများကို မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် ပူးပေါင်းဆွေးနွေး တိုင်ပင်ဆောင်ရွက်ရန် AAPP က အကြံပြုလျက် ရှိပါသည်။ တွေ့ဆုံမေးမြန်း ခဲ့သော AAPP ဝန်ထမ်းကမူ ထိုဥပဒေကြမ်းသည် အဖွဲ့အစည်း၏ ရည်ရွယ်ချက်နှင့်အညီ တစ်ဆင့်ချင်း တိုးတက်လာလျက်ရှိကြောင်း၊ သို့သော် တချို့အချက်များမှာမူ လမ်းဟောင်းအတိုင်း ပုံဖော်ခြင်းခံရဆဲဖြစ်သဖြင့်လုံလောက်မှုမရှိသေးကြောင်းရှင်းပြပါသည်။[၁၉၇] အကျဉ်းထောင်လက်စွဲကိုလည်း AAPP ၏ အကြံပြုချက်များနှင့်အညီ ပြင်ဆင်လျက် ရှိသော်လည်း ထိုဥပဒေကို ယခုတိုင် အချောသတ်၍ အသုံးပြုနိုင်ခြင်းမရှိသေးပေ။ ဘက်စုံပြုပြင်ပြောင်းလဲရေး အစီအစဉ်ရေးဆွဲရန် နိုင်ငံတကာက အသိအမှတ်ပြု၍ အထောက်အကူပေးလာရေးအတွက် တွန်းအားပေးသည့်အနေဖြင့် သက်ဆိုင်ရာ နိုင်ငံတကာစာချုပ်များကို ပြဋ္ဌာန်းရန်လည်း AAPP ကတွန်းအားပေးလျက် ရှိပါသည်။

အရပ်ဘက် အဖွဲ့အစည်းများ၏ စည်းရုံးလှုံ့ဆော်မှုများသည်တိကျသောလွတ်လပ်မှုများပြဋ္ဌာန်း

ထားသည့် ဆက်သွယ်ရေးဥပဒေနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဥပဒေများ၏ တချို့သော ကဏ္ဍများ ပျော့ပြောင်းလာစေရန် ပံ့ပိုးမှုပြုပေးသော်လည်း လွတ်လပ်မှုများလျှော့ချရန် ထိုဥပဒေများကို ရဲများနှင့် တရားရုံးများကလည်း အသုံးပြုလေ့ရှိပါသည်။ AAPP ၏ အဖွဲ့ဝင်တစ်ဦးက "ထိုဥပဒေများနှင့် ပတ်သက်သော ကျွန်တော်တို့၏ အကြံပြုချက် ၈၀ ရာခိုင်နှုန်းကို လက်ခံခဲ့ကြသော်လည်း အရေးကြီးသောအစိတ်အပိုင်းများမှာ ကျန်ရှိသည့် ၂၀ ရာခိုင်နှုန်းတွင်အမြဲရှိနေပါသည်" ဟု ရှင်းလင်းဆွေးနွေးခဲ့ပါသည်။[၁၉၈]

အရပ်ဘက်အဖွဲ့အစည်းများ၏ အရေးကြီးဆုံးသော အခန်းကဏ္ဍများအနက် တစ်ခုမှာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အရေးဆိုတင်သွင်းခြင်းတို့ ဖြစ်သည်။ ယင်းကို တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တစ်နိုင်ငံလုံးရှိ အဖွဲ့အစည်းများက ဆယ်စုနှစ်များစွာ လုပ်ဆောင်နေကြပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် စစ်ရေးလှုပ်ရှားမှုများအပေါ် အစီရင်ခံရေးသားလျက် ရှိပါသည်။ ထိုသို့မလုပ်ဆောင်ပါက လျှမ်း၍ကျော်သွားနိုင်မည့်အချက်များကို မီးမောင်းထိုးပြနိုင်မည် မဟုတ်ပေ။ လူမှုမီဒီယာနှင့် တခြားသမာရိုးကျ သတင်းမီဒီယာများကို ပိုမိုလွတ်လပ်ခွင့် ပေးလာခြင်းကလည်း အထက်ပါ သတင်းရေးသားခြင်းနှင့် အစီရင်ခံခြင်းများသည် ပဋိပက္ခဒေသများရှိ ပြည်သူများ တွေ့ကြုံ နေရသော အခက်အခဲများနှင့် တပ်မတော်၏ လုပ်ဆောင်ချက်များကို အများပြည်သူသိစေရန် အလွန်အရေးပါလာပါသည်။ လူသားချင်းစာနာမှုကို တားဆီးပိတ်ပင်မှုများ၊ အစိုးရမူဝါဒနှင့် သက်ဆိုင်သည့် တခြားသော ပြဿနာများကို အများပြည်သူ သိရှိစေရန်အတွက်လည်း ဤအခြေအနေကို အရပ်ဘက်အဖွဲ့အစည်းများက အသုံးပြုကြပါသည်။ အရပ်ဘက်အဖွဲ့အစည်းများက ဦးဆောင်သည့်သုတေသနနှင့် အရေးဆိုဆောင်ရွက်ပေးမှုများသည် တချို့မူဝါဒများနှင့် ဥပဒေများအတွက် အစိုးရ သို့မဟုတ် နိုင်ငံတကာအေဂျင်စီများကို အကြံဉာဏ်ကောင်းများပေးရန် အလေးထားဆောင်ရွက်လျက် ရှိပါသည်။

ဘတ်ဂျက်ပွင့်လင်းမြင်သာမှု၊ လေ့လာစောင့်ကြည့်မှုဆိုင်ရာများတွင် အရပ်ဘက်အဖွဲ့အစည်းများ၏လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူများကို လူထုဆက်ဆံရေးနှင့် စပ်လျဉ်းသည့်သင်တန်းများ ပေးခြင်းတို့သည် ပြည်သူလူထုအနေဖြင့် တပ်မတော်ဦးစီးသည့် ဝန်ကြီးဌာနများအား ထိန်းချုပ်ကြီးကြပ်စီမံမှုတို့ကို ပိုမိုခိုင်မာစေပါသည်။ ထိုလုပ်ငန်းနယ်ပယ်များကို လုံခြုံရေးဘတ်ဂျက်တွက်ချက်ခြင်း သို့မဟုတ် အနာဂတ်တွင် ရဲတပ်ဖွဲ့၏ ဆောင်ရွက်ချက်များကို စောင့်ကြည့်ခြင်းများဆောင်ရွက်နိုင်ရန်လည်း ပိုမို ချဲ့ထွင်နိုင်ပါသေးသည်။

## ၅.၃ မူဝါဒရေးရာ လေ့လာမှုအဖွဲ့အစည်းများ

မူဝါဒရေးရာလေ့လာမှုဆိုင်ရာ အဖွဲ့အစည်းများဟုဆိုရာ၌ အစိုးရ သို့မဟုတ် အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေသူများအတွက် မူဝါဒများချမှတ်ရေးတွင် အထောက်အကူပေးလျက်ရှိသော လွတ်လပ်သည့် သို့မဟုတ် တစ်စိတ်တစ်ပိုင်း လွတ်လပ်သည့်အဖွဲ့အစည်းများ ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ထိုသို့ဆောင်ရွက်ရာ၌ ယင်းတို့သည်အထူးသဖြင့် သုတေသနပြုလုပ်ခြင်း၊ ပြည်သူလူထု စိုးရိမ်မကင်းဖြစ်သည့် အကြောင်းအရာများကိုစာဖြင့်ရေးသား၍ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းတို့ဖြင့်ဆောင်ရွက်ကြပါသည်။[၁၉၉] တချို့မှာ အရပ်ဘက်အဖွဲ့အစည်းများ ဖြစ်ကြပြီး တချို့အဖွဲ့များမှာမူ အစိုးရနှင့်သော်လည်းကောင်း၊ တခြားအေဂျင်စီများနှင့်သော်လည်းကောင်း ပူးပေါင်းလုပ်ဆောင်သည့် အဖွဲ့အစည်းများဖြစ်ကြပါသည်။ ကျန်အဖွဲ့အစည်းများမှာ တစ်စုံတစ်ရာသော ဈေးကွက်ကဏ္ဍအကျိုးအတွက် လုပ်ကိုင်ခြင်း ဖြစ်နိုင်ပါသည်။

လွတ်လပ်သော မူဝါဒရေးရာလေ့လာမှုဆိုင်ရာအဖွဲ့အစည်းများသည် အမှန်တရားဟု ယင်းတို့ထင်မြင်ယူဆချက်များအပေါ် သို့မဟုတ် တချို့သောအဖွဲ့များ၏နိုင်ငံရေးတောင်းဆိုချက်တို့အပေါ်အလေးထားခြင်းထက် ကောင်းမွန်၍ အထောက်အထားခိုင်လုံမှုကို အခြေခံသော မူဝါဒဆုံးဖြတ်ချက်များ



ရှာဖွေဖော်ထုတ်ရေးကို ပိုမိုအလေးထား ဆောင်ရွက်ကြပါသည်။ ပေါ်လစီရေးရာ လေ့လာမှုအဖွဲ့အစည်းများသည် ယင်းတို့မှန်ကန်သည်ဟု ယုံကြည်သော အရာများ သို့မဟုတ် သီးသန့်အဖွဲ့များ၏ နိုင်ငံရေးတောင်းဆိုမှုများကို စေ့စော်မှုပြုရန်တို့ထက် ကျိုးကြောင်းသင့် ဆန်းစစ်လေ့လာမှုများ လုပ်ဆောင်ရန်နှင့် လက်တွေ့ကျသော ဖြေရှင်းမှုများကို ရှာဖွေရန် ဦးစားပေးလေ့ရှိပါသည်။

ရန်ကုန်-အခြေစိုက်မူဝါဒရေးရာ လေ့လာမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုမှ သုတေသီတစ်ဦးကမူ “(အစိုးရထံတွင်) အကြံဉာဏ်သစ်များ မရှိတော့ဘဲ အကြံဉာဏ်ဟောင်းများ အားလုံးဖြင့်သာလည်ပတ်နေသည်ကို တွေ့ရှိရပြီး ယင်းတို့သည် ညစ်ပတ်နေသောရေထဲတွင် ကူးနေသူများနှင့် အလားသဏ္ဍာန်တူသည်” ဟု ရှင်းပြခဲ့ပါသည်။[၆၀၀] လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး ပြုလုပ်နေသည့် အချိန်မျိုးတွင် အထူးသဖြင့် အကြံဉာဏ်သစ်များ လိုအပ်ပါသည်။



ရိုက်တာ သတင်းထောက် ကျော်စိုးဦးအား
စီရင်ချက်ချအပြီး အင်းစိန်ထောင်မှ
ထွက်ခွာလာစဉ်၊
ရန်ကုန်၊ မြန်မာ။ ၃ စက်တင်ဘာလ၊ ၂၀၁၈။
© MPA

စစ်အုပ်ချုပ်ရေးကာလများအတွင်း ချမှတ်ခဲ့သော လုပ်ရိုးလုပ်စဉ်များသည် တင်းကျပ်သည့် လုံခြုံရေး ကြောင့်ပြည်သူလူထုအတွက် လုံခြုံရေးနှင့် တရားမျှတရေး စိုးရိမ်မကင်း ဖြစ်မှုများကိုဖြေရှင်းနိုင်စွမ်း နည်းပါးခဲ့သည်။

ထိုကိစ္စများကို သုတေသန လုပ်ဆောင်ရာ၌ မြန်မာပြည်တွင် နေထိုင်ပြီး မြန်မာနိုင်ငံအကြောင်း နားလည်သည့် လွတ်လပ်သော သုတေသီများဖြင့်ဖွဲ့ စည်းထားသည့်အဖွဲ့အစည်းများနှင့် ပညာရှင်များက ဆောင်ရွက်ရန် အရေးကြီးပါသည်။ ထိုသို့သော သုတေသီများက ဒေသသုံးဘာသာစကားဖြင့် တိုက်ရိုက်ရေးသားကာ နိုင်ငံတွင်းရှိ ဗဟုနေပညာရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးရေးအတွက်လည်း အကူအညီပေးနိုင်ပါသည်။ မူဝါဒရေးရာ လေ့လာမှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ဒီမိုကရေစီစနစ် ထွန်းကားမှုနုနယ်သေးချိန် ကာလ၊ ရွေးကောက်ခံ အရပ်သားများအပေါ် မျှော်လင့်ချက်များ ကြီးမားနေသောကာလ၊ အစိုးရ

အရာရှိများအနေဖြင့်လည်း အတွေ့အကြုံနှင့် အရည်အချင်းများနုနယ်သေးသည့်အနေအထားတွင်အထူးအရေးပါသော အခန်းကဏ္ဍက ပါဝင်နေသည်။ လုပ်ငန်းတာဝန်များ များပြား၍အသေးစိတ် သုတေသနပြုလုပ်ရန်နှင့် မိမိကိုယ်တိုင်လေ့လာရန် အချိန်မပေးနိုင်သော လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများကိုသူတို့၏ ကျွမ်းကျင်မှုနှင့် ဗဟုသုတများ မျှဝေပေးရန် သူတို့ကို ဖိတ်ခေါ်နိုင်ပါသည်။

> “ထိုကိစ္စများကို သုတေသန လုပ်ဆောင်ရာ၌ မြန်မာပြည်တွင် နေထိုင်ပြီး မြန်မာနိုင်ငံအကြောင်း နားလည် သည့် လွတ်လပ်သော သုတေသီများဖြင့် ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများနှင့် ပညာရှင်များက ဆောင်ရွက်ရန် အရေးကြီးပါသည်။”

မြန်မာနိုင်ငံတွင် မူဝါဒရေးရာလေ့လာမှုဆိုင်ရာအဖွဲ့အစည်းများ ဒါဇင်နှင့်ချီ၍ရှိပြီး ယင်းတို့အနက်အများစုမှာ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယင်းတို့တွင် နိုင်ငံတော်အစိုးရနှင့် ဆက်စပ်နေသော အဖွဲ့အစည်းများလည်း ပါဝင်သည်။ ဥပမာ တပ်မတော်နှင့်ဆက်စပ်သည့် သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နီးနွယ်သော မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ စသည်တို့ ဖြစ်ပါသည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် နီးနွယ်သော Renaissance Institute နှင့် Bayda Institute တို့လည်း ရှိပါသည်။

မြန်မာနိုင်ငံရှိ လွတ်လပ်သော မူဝါဒရေးရာလေ့လာမှုဆိုင်ရာ အဖွဲ့အစည်းများတွင် တကောင်းနိုင်ငံရေး လေ့လာမှုအဖွဲ့၊ မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျု၊ ပြည်သူ့မူဝါဒအတွက် သံလွင်အင်စတီကျု (the Salween Institute for public policy)၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မြန်မာအင်စတီကျု၊ (အခြား) မြန်မာငြိမ်း ချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ လေ့လာရေးအင်စတီကျု၊ တိုင်းရင်းသားလူမျိုးရေးရာ သုတေသနအသင်း၊ ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းနှင့် ပွင့်လင်းမြန်မာရှေ့ဆောင်စသည့် အဖွဲ့အစည်းများအပြင် တခြားအဖွဲ့အစည်းများစွာ ရှိပါသည်။

ထိုမူဝါဒရေးရာ လေ့လာမှုဆိုင်ရာ အဖွဲ့အစည်းများ၏ဗဟိုပြုသည့်အခန်းကဏ္ဍမှာအထောက်အထား ခိုင်လုံမှုအပေါ် အခြေခံသော မူဝါဒများချမှတ်ရေးအတွက်သုတေသနလုပ်ငန်းဖြင့်အထောက်အကူပြုပေးရေးတို့ ဖြစ်ပါသည်။ ယင်းတွင် လက်ရှိမူဝါဒများ၏ သက်ရောက်မှုအပေါ် သက်သေအထောက်အထားများ စုဆောင်းခြင်းတို့ ပါဝင်ပါသည်။ ဥပမာ - နမူနာလူတစ်စုအပေါ် မည်သို့သော သက်ရောက်မှုရှိသည်ကို ဆန်းစစ်လေ့လာခြင်းတို့ ဖြစ်ပါသည်။ ယင်းတို့က ကိစ္စရပ်တစ်ခုအပေါ် လူထုသဘောထား၊ အမြင်များနှင့် လုပ်ရပ်များကို စစ်တမ်းကောက်ယူပါသည်။ မြန်မာနိုင်ငံနှင့် အလားတူသည့် တခြားနိုင်ငံများမှ နမူနာများနှင့်လည်း နှိုင်းယှဉ်လေ့လာမှုကို ပြုလုပ်ပါသည်။ မည်သည်က အလုပ်ဖြစ်သည်နှင့် မည်သည်က အလုပ်မဖြစ်သည်ကို နားလည်နိုင်ရန်အသစ်သော ဆောင်ရွက်ချက်များနှင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကိုလည်း ယင်းတို့က စောင့်ကြည့်လေ့လာနိုင်ကြပါသည်။ အစိုးရဌာနများသည် သီးသန့်ဖြစ်သော လုပ်ငန်းများကို လွတ်လပ်စွာ စောင့်ကြည့်မှုပြုနိုင်ရန်နှင့် မိတ်ဖက်ဆောင်ရွက်ရန် အလားအလာများရှိပါသည်။

သုတေသနလုပ်ငန်းအပြင် မြန်မာနိုင်ငံရှိ မူဝါဒရေးရာလေ့လာမှုဆိုင်ရာ အဖွဲ့အစည်းများသည် အစိုးရ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊တစ်သီးပုဂ္ဂလများအကြား အလွတ်သဘော တွေ့ဆုံဆွေးနွေးနိုင်ရန် စီစဉ်ပေးသောကြောင့် အချင်းချင်းကြား လေ့လာခွင့်များလည်း ရရှိနိုင်ပါသည်။ ယင်းတို့သည် အစိုးရအရာရှိများ၊ နိုင်ငံရေးပါတီများ သို့မဟုတ် ငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းသူများကို အုပ်ချုပ်မှုအတွက် အဓိကကျသော သင်တန်းများ တစ်ကြိမ်တည်း အပြတ်ပေးခြင်း၊ ဘာသာရပ်အလိုက် သင်တန်းများ ဖွင့်လှစ်ပေးခြင်း သို့မဟုတ် စဉ်ဆက်မပြတ် နည်းပြပေးခြင်း စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်ပေးပါသည်။ အစိုးရနှင့် တရားဝင် ချိတ်ဆက်ထားသော အဖွဲ့အစည်းများ သို့မဟုတ် ခိုင်မာသော ကွန်ရက်ရှိပြီးလွတ်လပ်သော အဖွဲ့အစည်းများသည် အများပြည်သူ ပွင့်ပွင့်လင်းလင်း မရနိုင်သည့် သတင်းအချက်အလက်များကိုလည်း ရရှိနိုင်ကြပြီး ပြည်သူများထံ ပြန်လည်အကြောင်းကြားပေးကြသည်။

တချို့သော မူဝါဒရေးရာလေ့လာမှုဆိုင်ရာ အဖွဲ့အစည်းများသည် ပြည်သူလူထု အသိပညာပေး လှုပ်ရှားမှုများတွင် ပါဝင်ကြသည်။ ဥပမာ မြန်မာ့ မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျု သည်ခေါင်းစဉ်အမျိုးမျိုးအပေါ် ပညာရှင်စကားဝိုင်း များပြုလုပ်ပြီး ထိုဆွေးနွေးချက်များကို ရုပ်မြင်သံ ကြားမှတစ်ဆင့် စီစဉ်ထုတ်လွှင့်ပေးပါသည်။ မြန်မာ သုတေသီတစ်ဦးကမူ "ဗဟုသုတမရှိသော ပြည်သူ များနေထိုင်သည့် နိုင်ငံတွင် ဒီမိုကရေစီသည် အန္တရာယ်ကြီးသည်" ဟု ဆိုပါသည်။[၆၀၁] ယုံကြည်ရ သောသတင်းအချက်အလက်များ ပေးခြင်း၊ လုံခြုံ ရေးပြဿနာများကို နည်းစနစ်ကျကျ ပညာတတ် များက သုံးသပ်ထားသော အချက်များနှင့် ပိုမိုထဲထဲ ဝင်ဝင် ပါဝင်ဆောင်ရွက်ရန် တွန်းအားပေးခြင်း၊ သင့်လျော်သည့် တုံ့ပြန်မှု ပြုလုပ်စေခြင်းတို့သည် အမုန်းစကားများ လွှမ်းမိုးနေပြီး ဘာသာတစ်ခု၊ လူမျိုးတစ်စုကို လုံခြုံရေးအရ ခြိမ်းခြောက်နေသည် ဟုတံဆိပ်တပ်ခံနေရသောအနေအထားတွင်အထူး သဖြင့် အရေးကြီးသည်။

မူဝါဒရေးရာလေ့လာမှုဆိုင်ရာ အဖွဲ့အစည်း များမှ အင်တာဗျူးဖြေဆိုသူများကမူ လက်ရှိအစိုးရ သို့မဟုတ် စစ်တပ်သည် ပြင်ပမှ အကြံဉာဏ်များကို လက်ခံမှု အားနည်း၍ ပိတ်ပင်ထားလျက်ရှိပြီး ယင်း တို့ဩဇာလွှမ်းမိုးနိုင်ရန် ခက်ခဲကြောင်း ပြောကြား ကြသည်။ အစိုးရအတွင်း ပိုမိုခိုင်မာသည့် မူဝါဒယဉ် ကျေးမှု ဆက်လက်ဖွံ့ဖြိုးခြင်း၊ ထိုသို့သော အဖွဲ့ အစည်း တည်ရှိနေခြင်းနှင့် ကျစ်လစ်ပြီး ပညာရှင် ဆန်သော အဖွဲ့အစည်းများ ရှိနေခြင်းသည် ဤအခြေ အနေကို တစ်ချိန်ချိန်၌ ပြောင်းလဲနိုင်မည် ဖြစ်ပါ သည်။

## ၅.၄ လွတ်လပ်သော သတင်းမီဒီယာ

သတင်းမီဒီယာသည် မည်သို့ပင်ဆိုစေ လုံခြုံ ရေးကဏ္ဍအပေါ် ပြည်သူများ၏ထိန်းချုပ်ကြီးကြပ် စီမံမှုရရှိနိုင်ရန် ပံ့ပိုးပေးသော အရေးကြီးဆုံးသော အဖွဲ့အစည်းအဖြစ် တည်ရှိနေပါသည်။ စစ်တပ်၊ ရဲနှင့် တရားရေးကဏ္ဍဆိုင်ရာ လုပ်ငန်းများအပေါ် လွတ် လပ်သော သတင်းမီဒီယာ လွှမ်းခြုံမှုရှိခြင်းသည် ပြည် သူများအနေဖြင့် ရင်ဆိုင်နေရသော လက်နက်ကိုင် ပဋိပက္ခများနှင့် ရာဇဝတ်မှုများ ဘယ်အချိန်၊ ဘာ ကြောင့်၊ ဘယ်လို ရင်ဆိုင်တိုက်ခိုက်နေသည်နှင့် ကိုင် တွယ်ဖြေရှင်းနေ သည်အစရှိသည်တို့ကို သိရှိနား လည်မှု ပေးစွမ်းနိုင်မည် ဖြစ်သည်။ ယင်းသည် ပြည် သူများအတွက် လုပ်ပေးသည် ဆိုသည့် လုပ်ငန်းများ တွင် အများပြည်သူ၏ ပံ့ပိုးမှုရရှိစေရန်နှင့် ပြည်သူ များက သဘောမတူညီသောအခါများတွင်လည်း ယင်း တို့အနေဖြင့် သဘောထားထုတ်ဖော် နိုင်ရန်တို့ အတွက် မရှိမဖြစ် လိုအပ်ပါသည်။

လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရသော သတင်း မီဒီယာသည် မတရားသော လုပ်ရပ်များနှင့် အဂတိ လိုက်စားမှုများကိုစစ်ဆေး၍ အလွယ်တကူ ထိန်းချုပ် နိုင်စေရန် အစိုးရနှင့်လူထုအား အမှားများဆောင် ရွက်ခြင်း သို့မဟုတ် သံသယဖြစ်ဖွယ် လုပ်ရပ်များကို ပုံမှန်သတင်းများ ပေးပို့ရာတွင် အထောက်အကူပြု ပေးနိုင်ပါသည်။ သတင်းမီဒီယာသည် ပြည်သူတို့ ပေးဆောင်ရသည့် အခွန်ငွေများဖြင့် ယာဉ်များ၊ လက် နက်များနှင့် ပစ္စည်းကိရိယာများအတွက် အသုံးပြုနေ မှုများကို အချက်အလက်များဖြင့် ပြည်သူတို့ကို အသိ ပေးနေပါသည်။ ဤပုံစံဖြင့် သတင်းတင်ပြခြင်းသည် မဲဆန္ဒရှင်တို့၏ ဆုံးဖြတ်ချက်များနှင့် တစ်ချိန်တွင် ရွေးကောက် တင်မြှောက်ခံရသော နိုင်ငံရေးသမား များ၏ ပြည်သူ့အကျိုး ဆောင်ရွက်လာစေရန်တို့အတွက် သတင်းမီဒီယာက အကူအညီပေးသည်။

လုံခြုံရေးဆိုင်ရာ အာဏာပိုင်များအနေဖြင့် လည်းသတင်းမီဒီယာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဖြင့်အကျိုးများစွာ ဖြစ်ထွန်းနိုင်သည်။ ပြင်းထန်သည့် ရာဇဝတ်မှုများအပေါ် ပြည်သူတို့၏ ဆော်ဩပေးမှု သည် မျက်မြင်သက်သေများရှေ့သို့ ထွက်ပေါ်လာစေ ရန်အသုံးချနိုင်ပြီး အထောက်အကူ ပြုနိုင်သော သတင်းအချက်အလက်များပေးရန် မကြာခဏအား ပေးကူညီမှု ရရှိနိုင်ပါသည်။ လုံခြုံရေးတပ်ဖွဲ့များ၏ လူထုပုံရိပ်ကို ပုံဖော်ပေးရာတွင် သတင်းမီဒီယာကို အသုံးပြုနိုင်ပြီး ယုံကြည်မှုတည်ဆောက်ရန်နှင့် တပ်

သားသစ်များကို ဆွဲဆောင်ရန် တို့အတွက်လည်း ကူညီပေးနိုင်ပါသည်။[၆၂]

နာမည်ကြီး မြန်မာသတင်းစာမှ အယ်ဒီတာ နှစ်ဦး၏ ပြောကြားချက်အရ ပြည်သူလူထုသည် စစ်တပ်နှင့် လုံခြုံရေးကဏ္ဍတို့၌ စိတ်ဝင်စားမှုများ ရှိသည့်အတွက် သတင်းမီဒီယာများသည် အထူး သဖြင့် ယင်းကိစ္စများတွင် ရေးသားသတင်းပို့ခြင်းကို ကြိုးပမ်းအားထုတ်လျက် ရှိပါသည်။ တခြားသတင်း ထောက်တစ်ဦးကလည်း ထိုသို့ပြည်သူ လူထုအတွက် သတင်းအချက်အလက်များ ရေးသားတင်ပြပေးခြင်း သည် အာဏာရှင်စနစ်မှ အကူးအပြောင်းကာလ အတွင်းတွင် အလွန်အရေးပါကြောင်း ဆိုခဲ့ပါသည်။ အချိန်များစွာတွင် သတင်းမီဒီယာကို သတင်းအချက် အလက်များ ပေးရန်ထက် စိတ်ပိုင်းဆိုင်ရာ စစ်ဆင် ရေးအဖြစ် ကာလကြာရှည်စွာ အသုံးပြုခဲ့ ကြကြောင်း လည်းရှင်းပြခဲ့သည်။[၆၃] ၂၀၁၁ ခုနှစ် မတိုင်မီအထိ အစိုးရ သတင်းစာများ၌ မြေအောက်သတင်းမီဒီယာ အဖွဲ့ အစည်းများနှင့် နိုင်ငံခြားမီဒီယာတို့၏ သတင်းအရင်း အမြစ်များကို "အမုန်းပွားစေသော ရန်သူများ" အဖြစ် အမည်းရောင်စာလုံးများဖြင့် ပုံမှန်သတင်း အနေဖြင့် ထင်ထင်ရှားရှား ထည့်သွင်းဖော်ပြခဲ့သည်။ စစ်တပ် အရာရှိများသည်သာလျှင် လုံခြုံရေးကိစ္စများ၌ အမှန် တရားကိုသာ သိသောသူများဖြစ်ကြောင်း[၆၄] ပုံမှန်ပြော ဆိုနေသော်လည်း ယခုအခါ ထိုအကြောင်းအရာ များကို အကြောင်းအရာမျိုးမျိုး ရှုထောင့်အဖုံဖုံဖြင့် လည်းလွတ်လပ်စွာ ထုတ်ဝေနေပြီ ဖြစ်သည်။

လုံခြုံရေးနှင့် တရားစီရင်ရေး ကိစ္စများကို ထိရောက်စွာ သတင်းရယူမှုမျိုးသည် အောက်တွင် ဖော်ပြမည့် အကြောင်းအရာ နှစ်ရပ်အပေါ်တွင်မူ တည်သည်။ ပထမအချက်မှာ သတင်းမီဒီယာများ အနေဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဆောင် ရွက်မှုနှင့် ပတ်သက်သည့် သတင်းများကို လွတ်လပ် စွာထုတ်ဝေခွင့်ရရန်သာ ဖြစ်သည်။ ဒုတိယ အချက် မှာသတင်းထောက်များသည် ယုံကြည်စိတ်ချရသော သတင်းအရင်းအမြစ်များမှ သတင်းအချက်အလက် များကို အလွယ်တကူ ရရှိနိုင်ခြင်းနှင့် လုံခြုံရေးစစ် ဆင်ရေးများကြောင့် ထိခိုက်ခံရသော ပြည်သူများ နှင့်အဆိုပါ ဒေသများသို့ သွားရောက်သတင်း ရယူ ခွင့်ရရှိရေးတို့ ဖြစ်သည်။

၂၀၁၁ ခုနှစ်မှ စတင်၍ အဆိုပါနယ်ပယ် နှစ်ခုစလုံးတွင် သိသိသာသာ တိုးတက်ခဲ့ပြီး ပြည်သူ များအကြား အသိပညာ ဗဟုသုတရရှိမှု အဆင့် သည်လည်း သိသိသာသာ တိုးတက်လာခဲ့ပါသည်။ ထို့ကြောင့် နောင်လာမည့် မျိုးဆက်အတွက် လုံခြုံ ရေးကိစ္စများတွင် တိုက်ရိုက်ချိတ်ဆက်ခွင့် ပိုမိုရရှိစေ သည်။ သို့သော် ဆယ်စုနှစ်များစွာ အုပ်ချုပ်ခဲ့သည့် စစ်အုပ်ချုပ်ရေး၏ လုံခြုံရေး အလေ့အကျင့်များသည် ရလဒ်တစ်ခုအဖြစ် ကြီးမားသော ကန့်သတ်မှုများ ကျန်ရှိနေသေးသည်။ စာနယ်ဇင်းသမားများနှင့်ထုတ် ဝေသူများကို တရားစွဲဆိုမှုများဖြင့် ပစ်မှတ်ထားခြင်း အားဖြင့် စစ်တပ်သည် လူ့အခွင့်အရေး ချိုးဖောက် မှုများကို ဖုံးကွယ်ရန် ကြိုးစားနေသည်။ မီဒီယာနှင့် ပိုမိုထိတွေ့ဆက်ဆံမှုများ ရှိသော်လည်း ယင်း၏လုပ် ဆောင်မှုအများစုနှင့် ပတ်သက်၍ အလွန်အမင်းလျှို့ ဝှက်ထားဆဲ ဖြစ်သည်။

## မီဒီယာလွတ်လပ်ခွင့်

မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ်မတိုင်မီက အားကောင်း၍ လွတ်လပ်သော ပုံနှိပ်မီဒီယာတစ်ခု ရှိခဲ့သော်လည်း ဦးနေဝင်း အစိုးရလက်ထက်တွင် လုံးဝဖျက်သိမ်းခဲ့သည်။ ၂၀၀၀ ပြည့်နှစ်များအတွင်း လွတ်လပ်သော သတင်းစာများ ပေါ်ပေါက်လာခဲ့ သော်လည်း ထုတ်ဝေခြင်းမပြုမီ အကြီးအကျယ် ဆင်ဆာဖြတ်တောက်ခြင်းကို ဖြတ်သန်းကြရပါသည်။ အထူးသဖြင့် လက်နက်ကိုင် ပဋိပက္ခများ သို့မဟုတ် စစ်ရေးကိစ္စများနှင့် ပတ်သက်သော သတင်းအချက် အလက်များသည် ဆင်ဆာဖြတ်တောက်ခြင်း ခံရ လေ့ရှိကာ ထိုသတင်းများကို အစိုးရ၏ တရားဝင် အရင်းအမြစ်မှ ထုတ်ပြန်မှသာ ရရှိနိုင်ပါသည်။ ထို ကာလတစ်လျှောက် ပြည်နှင်ဒဏ် ခံထားရသော မီဒီယာများသည် ရှင်သန်လာနိုင်ခဲ့သော်လည်း ယင်း တို့ကို လက်လှမ်းမီရန် ခက်ခဲကာ သုံးစွဲသူများမှာ အာဏာပိုင်များ၏ ပြင်းထန်သော ဒဏ်ခတ်မှု ခံရ နိုင်သည့် အန္တရာယ် ရှိစေနိုင်ပါသည်။

၂၀၁၁ ခုနှစ်မှစ၍ သမ္မတ ဦးသိန်းစိန်က စာနယ်ဇင်းလုပ်ငန်းပေါ် ဖြေလျှော့ပေးခဲ့ခြင်းသည် ထိုးဖောက်မှု တစ်ခုဖြစ်ခဲ့ပါသည်။ ပထမခြေလှမ်း တစ်ခုအဖြစ် စစ်တပ်ဆိုင်ရာ ကိစ္စရပ်များ ဥပမာ

ကလေးစစ်သားများ တရားဝင်လွှတ်ပေးခြင်းကဲ့သို့ သောပိုမိုပွင့်လင်းသည့် သတင်းအချက်အလက်များ ကိုတရားဝင် ဖြန့်ဝေပေးခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ထုတ်ဝေမှုမပြုမီ ဆင်ဆာဖြတ်တောက်ခြင်းကို လုံးလုံးဖျက်သိမ်းလိုက်ပြီး နောက်တစ်နှစ်တွင်လည်း စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနကိုလည်း အပြီးအပိုင် ဖျက်သိမ်းလိုက်သည်။ ပြည်ပရောက်မီဒီယာအဖွဲ့အစည်းဖြစ်သော ဒီမိုကရက်တစ်မြန်မာ့အသံသည် ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ရောက်ရှိလာပြီး ပြည်တွင်း၌ လုပ်ငန်းများ လည်ပတ်ဆောင်ရွက် လာနိုင်ခဲ့သည်။ အရေးပါသော ဥပဒေများဖြစ်သည့် ၂၀၁၃ ခုနှစ်တွင်ဆက်သွယ်ရေးဥပဒေအပါအဝင် ၂၀၁၄ ခုနှစ်တွင်သတင်းမီဒီယာဥပဒေနှင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကို ပြဋ္ဌာန်းခြင်းနှင့် ပြင်ဆင်ခြင်းများပြုလုပ်နိုင်ခဲ့သည်။ အထူးသဖြင့် ၂၀၁၄ ခုနှစ်ကာလများတွင် ဒေတာနှင့် ချိတ်ဆက်နိုင်သည့်လက်ကိုင်ဖုန်းများ တစ်ဟုန်ထိုး များပြားလာသည်နှင့်အမျှ လူမှုမီဒီယာ (Social Media) သုံးစွဲမှုသည် လည်း မြင့်တက်လာခဲ့သည်။

ဤပြောင်းလဲမှု၏ရလဒ်များသည်တိုင်းတာရန်ခက်ခဲသော်လည်း ပြောင်းလဲမှုမတိုင်မီနှင့် ပြောင်းလဲမှုအပြီးတွင် နိုင်ငံအတွင်း နေထိုင်ကြသည့် မည်သည့်အရွယ်ရောက်သူမဆို သိသိသာသာ ခံစားတွေ့ကြုံနိုင်ကြပါသည်။ ယခုအခါတွင် ပုဂ္ဂလိကနေ့စဉ်သတင်းစာများအပြင်ပုဂ္ဂလိကရေဒီယိုနှင့်တီဗီသတင်းဌာနများစွာ ပေါ်ပေါက်လာပါသည်။ ယင်းတို့သည် စစ်ဆင်ရေးများနှင့် ကာကွယ်ရေးပစ္စည်း ဝယ်ယူမှုများ၊ ရဲတပ်ဖွဲ့များ၏ အောင်မြင်မှုများနှင့် လွဲမှားသောဆောင်ရွက်မှုများ၊ အကျဉ်းထောင် စီမံခန့်ခွဲရေးကိစ္စများနှင့် ပတ်သက်၍ သတင်းများ တင်ပြကြသည့်အပြင် တခြားအကြောင်းအရာများကိုလည်း တင်ပြကြပါသည်။ ထိုသတင်းများတွင် ပွင့်လင်းစွာ ကိုးကားထားသော သတင်းအရင်းအမြစ်များတွင် အဖြစ်အပျက်များနှင့် တိုက်ရိုက်ပတ်သက်သည့် သာမန်လူများ၊ လွတ်လပ်သော လေ့လာသုံး သပ်သူများ၊ အစိုးရ ဆန့်ကျင်ရေး လှုပ်ရှားဆောင်ရွက်သူများ၊ အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ခေါင်းဆောင်များနှင့် မြန်မာ့စစ်တပ်မှ ဗိုလ်ချုပ်များ၏ ပြောဆိုချက်များ ပါဝင်သည်။ စာဖတ်ပရိသတ်များသည် ၂၀၁၁ ခုနှစ် မတိုင်မီကထက် ဤကိစ္စများနှင့် စပ်လျဉ်း၍ ယနေ့အချိန်တွင် ပိုမိုသိရှိလာကြသည်။

သို့သော် စစ်တပ်သည် တချို့ကိစ္စရပ်များနှင့် ပတ်သက်၍ သတင်းရေးသား တင်ပြခြင်းများကို အလွန်အမင်း အထိအခိုက်မခံမှုများ ကျန်ရှိနေသေးသည့်အပြင် လွတ်လပ်စွာ သတင်းရေးသား တင်ပြမှုများကို အမျိုးမျိုးသော ဥပဒေများကို အသုံးပြု၍ နှိမ်နင်းမှုများ ပြုလုပ်နေသည်။ အထူးသဖြင့် NLD အာဏာရလာပြီးသည့်နောက်ပိုင်းတွင် စိုးရိမ်ကြောင့်ကြမှုအခြေအနေ တစ်ရပ်ကို ဖန်တီးပေးသော ကြောင့် အယ်ဒီတာများသည် သူတို့၏ဝန်ထမ်းများကိုသတင်းများရေးသားရာတွင်တချို့ပြဿနာများမှ ကင်းဝေးစေရန် သတိကြီးစွာတင်ပြကြရန် ဖိအားပေးမှုများ ရှိလာသည်။[၆၀၅] အထိအခိုက်မခံသော ပြဿနာများတွင် စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှု (အထူးသဖြင့် အမျိုးသား လုံခြုံရေးနှင့်ဆိုင်သော အကြောင်းအရာများ) နှင့်အဆင့်မြင့် စစ်တပ်အရာရှိကြီးများ၏ အဂတိလိုက်စားမှုများကို တင်ပြခြင်းတို့ ပါဝင်သည်။ စင်စစ်အချို့ဥပဒေသစ်များသည် စာနယ်ဇင်းသမားများကို အရေးယူ ဒဏ်ခတ်ပေးရန်အတွက် အသုံးချခြင်း သို့မဟုတ် စာနယ်ဇင်းသမားများအပေါ် တလွဲအသုံးချမှုများ ပြုလုပ်ရန်တို့ဖြစ်သည်။ အထူးသဖြင့် ဆက်သွယ်ရေးဥပဒေ၏ အသရေဖျက်မှု ပုဒ်မ (၆၆ ဃ)[၆၀၆] ဖြစ်ပြီး ထိုအောက်တွင် ၂၀၁၃ ခုနှစ်မှစ၍ အသရေဖျက်မှုပေါင်း (၂၀၀) ကျော်ဖွင့်လှစ်ခဲ့ကာအများစုမှာ စစ်တပ်အရာရှိများက စွဲဆိုခြင်းများ ဖြစ်သည်။[၆၀၇]

“စစ်တပ်သည် တချို့ကိစ္စရပ်များနှင့် ပတ်သက်၍ သတင်းရေးသား တင်ပြခြင်းများကို အလွန်အမင်း အထိအခိုက်မခံမှုများ ကျန်ရှိနေသေးသည့်အပြင် လွတ်လပ်စွာ သတင်းရေးသား တင်ပြမှုများကို အမျိုးမျိုးသော ဥပဒေများကို အသုံးပြု၍ နှိမ်နင်းမှုများ ပြုလုပ်နေသည်။”

အသရေဖျက်မှုပုဒ်မများ ပါဝင်သည့် တခြား ဥပဒေ (၅) ခုရှိရာ ယင်းတို့သည် အသရေဖျက်မှု၏ အဓိပ္ပာယ် ဖွင့်ဆိုခြင်း အားနည်းသကဲ့သို့ ဆောင်းပါးများရေးသားရာတွင် ဖော်ပြသော ထင်မြင်ယူဆချက်

များသို့မဟုတ်မည်သည့်သတင်းအချက်အလက်က မှန်ကန်သည်ဆိုသည့် အချက်များကို သေချာထည့်သွင်းစဉ်းစားခြင်းမျိုးလည်း မရှိပေ။[၆၀၈] စစ်ရေးကိစ္စရပ်များနှင့်ပတ်သက်၍သတင်းထောက်များနှင့်သတင်းပေးပို့သူများကို စွဲချက်တင်သည့် တခြားဥပဒေများမှာ ရာဇသတ်ပုဒ်မ၊ နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေ၊ လေယာဉ်အက်ဥပဒေနှင့် မတရားအသင်းအဖွဲ့ အက်ဥပဒေအစရှိသည်တို့ကိုအသုံးပြုကြသည်။[၆၀၉] လတ်တလောအထင်ရှားဆုံးဖြစ်သော အမှုမှာ ရိုက်တာ သတင်းထောက်နှစ်ဦးဖြစ်သော ဝလုံးနှင့် ကျော်စိုးဦးအမှုဖြစ်ပြီးသူတို့သည် တပ်မတော်မှ အရပ်သား ရိုဟင်ဂျာ (၁၀) ဦးကို သတ်ဖြတ်မှုနှင့် ပတ်သက်၍ စုံစမ်းဖော်ထုတ်မှုပြုခြင်းအတွက် နိုင်ငံတော် လျှို့ဝှက်ချက်ဥပဒေနှင့် တရားစွဲဆိုခံခဲ့ရခြင်း ဖြစ်ပါသည်။ ရဲအရာရှိတစ်ဦးက သူတို့ကို ထောင်ဖမ်း၍ အစွပ်စွဲခံခဲ့ရကာ နောက်ပိုင်း၌ ထိုရဲအရာရှိသည် နာကျင်စရာကောင်းသောစစ်ဆင်ရေးတစ်ခု၏ ထိပ်တန်းလျှို့ဝှက်သတင်းအချက်အလက်များကို ပေးမည်ဟုဆိုကာ လုပ်ဆောင်ခဲ့ကြောင်း တရားရုံးတွင် ဝန်ခံခဲ့ပါသည်။

တပ်မတော်၏ပုံရိပ်ကိုမြှင့်တင်ပေးရန်နိုင်ငံပိုင်ရုပ်သံလိုင်းတွင် ထုတ်လွှင့်သော သူရဲကောင်းအက်ရှင် ရုပ်ရှင်၏ အချို့သော အပိုင်းများအပေါ် သရော်ရေးသား ထုတ်ဝေမှုဖြင့် The Voice ဂျာနယ်၏ပင်တိုင် ဆောင်းပါးရှင်တစ်ဦးနှင့် အယ်ဒီတာတစ်ဦးတို့ ဖမ်းဆီးခံရသော အမှုသည် မဆန်းတော့သော်လည်း နောင်အတွက် ဥပမာအဖြစ် သတိပေးသောအမှုတစ်ခု ဖြစ်ခဲ့ပါသည်။ ထိုနှစ်ဦးသည် တရားစွဲဆိုမှု မြောက်မြားစွာ ခံခဲ့ကြရပြီး အမှုရုပ်သိမ်းမှုမပြုခင် အချိန်များတွင် အကြိမ်ကြိမ် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပါသည်။ နောက်အမှုတစ်ခုတွင် ရခိုင်ပြည်နယ်ရှိ ပဋိပက္ခများဆိုင်ရာ သတင်းပို့မှုနှင့် ဆက်စပ်၍ ရခိုင်ပြည်နယ် စစ်တွေအခြေစိုက် DMG သတင်းမီဒီယာအုပ်စု၏ အယ်ဒီတာသည် မတရားအသင်းအက်ဥပဒေဖြင့် တရားစွဲဆိုခံခဲ့ရကာ အမှုကိုထိန်ချန်ထားခြင်း ခံနေရသည့်အပြင် သူ၏မိသားစုဝင်များသည်လည်း အထူးသတင်းတပ်ဖွဲ့၏ နှောင့်ယှက်မှုများကို ခံစားခဲ့ကြရပါသည်။[၆၁၀]

အခန်း (၄.၃) တွင် ဖော်ပြခဲ့သည့်အတိုင်း တရားသူကြီးများနှင့် အစိုးရရှေ့နေများသည် သူတို့ကိုယ်တိုင်ကပင် အစိုးရ၏ အစိတ်အပိုင်းတစ်ခုအဖြစ်သာ ရှုမြင်ကြပြီး စစ်တပ်က တင်ပြလာသောအမှုများကို ငြင်းပယ်ခြင်း သို့မဟုတ် မေးခွန်းထုတ်ခြင်းတို့ပင် မပြုလုပ်ခဲ့ပေ (သူတို့သည် ထိုအမှုများကိုတရားရုံးသို့ တင်ပြသင့်သည် မသင့်သည်ကိုချင့်ချိန်ဆုံးဖြတ်ချက် ချနိုင်သူများ ဖြစ်ကြပါသည်)။ တချို့အရပ်သားအစိုးရ အဖွဲ့ဝင်များကပင်လျှင် အသရေဖျက်မှုများကို တရားရုံးသို့ တင်ပြလာကြပါသည်။ ထိုကဲ့သို့သော အမှုများကို ရပ်တန့်ရန် NLD ၌ ရှင်းလင်းသော အစီအစဉ်များ မရှိသေးပေ။ သတင်းစာအယ်ဒီတာများကမူ တချို့စစ်တပ်နှင့် အစိုးရ၏ လုပ်ဆောင်မှုများကို ဝေဖန်သည့်အတွက် လူထုရှိ အစွန်းရောက်အုပ်စုများက ခြိမ်းခြောက်မှုများပင် ရင်ဆိုင်နေကြရကြောင်း ရှင်းပြခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ဆက်သွယ်ရေးဥပဒေ၌ သေးငယ်သော ပြင်ဆင်မှုများပြုလုပ်ခဲ့ပြီး တရားသူကြီးများနှင့် အစိုးရရှေ့နေများသည် အမှုများအပေါ်တွင် ပိုမိုလွတ်လပ်၍ ပြည်သူ့အကျိုးစီးပွားကို အဓိကအားဖြင့် အခြေခံသော ဆင်ခြင် လုပ်ဆောင်မှုများ ပိုမိုပြင်ဆင်လုပ်ဆောင်လာနိုင်ရန် ထိုဥပဒေတွင် ပြင်ဆင်မှုများ လုပ်ရပါဦးမည်။

သတင်းစာအယ်ဒီတာများမှမူယင်းတို့သည်လည်းစစ်တပ် သို့မဟုတ် အစိုးရကို ဝေဖန်မှုအချို့အတွက်အစွန်းရောက်ပြည်သူအချို့၏ခြိမ်းခြောက်မှုများကို ထပ်ပေါင်းရင်ဆိုင်ခဲ့ရကြောင်း ဆွေးနွေးခဲ့ကြပါသည်။ ရိုဟင်ဂျာများအပေါ် ပြုလုပ်ခဲ့သော တပ်မတော်၏ အကြမ်းဖက်မှုဆိုင်ရာ အစီရင်ခံစာများသည်အငြင်းပွားဖွယ် အဖြစ်ဆုံး ဖြစ်ခဲ့ပါသည်။ တချို့သော စာဖတ်ပရိသတ်များသည် သတင်းမီဒီယာများတွင် ဖော်ပြထားသည့် ရခိုင်ပြည်နယ်အတွင်းစစ်တပ်၏ လုပ်ဆောင်မှုများသည် မမှန်ကန်ကြောင်း အစိုးရ၏ပြောဆိုမှုများကို သံယောင်လိုက်ခဲ့ကြပါသည်။ တချို့သည် စစ်တပ်ကို ဝေဖန်ခြင်း သို့မဟုတ် မေးခွန်းထုတ်ခြင်းများအတွက် မီဒီယာများက လူသိရှင်ကြား စွပ်စွဲရှုတ်ချမှုများ ပြုလုပ်ခဲ့ကြပြီး "အကြမ်းဖက်မှုဝါဒ"[၆၁၁] ကိုနှိမ်နင်းရန် ပြင်းထန်သော စစ်ရေးတုံ့ပြန်မှုများ လိုအပ်ကြောင်း ငြင်းခုန်လျက် ရှိကြပါသည်။ ပုံမှန်အားဖြင့် ဗုဒ္ဓဘာသာသည် အစ္စလမ်ဘာသာ၏ ခြိမ်းခြောက်မှုကို ခံနေရကြောင်း အခိုင်အမာပြောဆိုနေသည့် ဟန်ဆောင်ဗုဒ္ဓဘာသာ အမျိုး

သားရေး အဖွဲ့အစည်းများ၏ ဦးဆောင်မှုနောက်လိုက်နေခဲ့ ကြပါသည်။[၆၁၂]

သတင်းမီဒီယာများသည် ပုံမှန်အားဖြင့် NLD နှင့်သဘောမတူညီမှုများအတွက် အများပြည်သူ၏ တုံ့ပြန်မှုကိုလည်း ရင်ဆိုင်ကြရပါသည်။ အကြောင်းမှာပါတီ၏ သစ္စာရှိ ထောက်ခံသူများသည် ဝေဖန်မှုများကို လက်ခံရန် ငြင်းဆိုကြခြင်းကြောင့် ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ဆက်သွယ်ရေး ဥပဒေကို ပြင်ဆင်မှုများ မပြုလုပ်မီ ထိုဥပဒေအောက် တရားစွဲဆိုခံရသော အမှုအများစုသည် အသေရဖျက်ခံရသူများက တိုင်ကြားခြင်း မဟုတ်ဘဲ ယင်းထောက်ခံသူများက တိုင်ကြားခြင်းများ ဖြစ်ပါသည်။[၆၁၃] ယင်းတို့တွင် ဒေါ်အောင်ဆန်းစုကြည်အပြင် အမျိုးသားရေးခေါင်းဆောင် ဦးဝိရသူကို ဝေဖန်မှုများနှင့် ပတ်သက်သောအမှုများ မြောက်မြားစွာ ပါဝင်ခဲ့ပါသည်။ ထိုအမှုများကို ကြည့်ခြင်းဖြင့် အုပ်ချုပ်ရေးကို ပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် နိုင်ငံကျော်များအပေါ် ပိုမိုကွဲပြားသော အမြင်များဖြင့် သုံးသပ်ရေးသား ထုတ်ဝေခြင်းများ လိုအပ်သည့်အတွက် သတင်းမီဒီယာလွတ်လပ်ခွင့်၏ အရေးပါပုံအပေါ် အသိအမြင်ဖွံ့ဖြိုးလာရန် (အာဏာပိုင်များအကြား သာမကဘဲ သာမန်ပြည်သူများအကြားတွင်လည်း) လိုအပ်ကြောင်းတွေ့မြင်ရပါသည်။

## သတင်းရယူခွင့်

ကန့်သတ်မှုများစွာ ရှိနေသေးသော်လည်း ၂၀၁၁ ခုနှစ်မှ စတင်၍ စစ်တပ်နှင့် ရဲတပ်ဖွဲ့များထံမှ တရားဝင်သတင်း ရယူမှုတို့အပြင် သတင်းသမားများကိုတိုက်ပွဲဖြစ်ပွားရာ နေရာများသို့ သတင်းသွားယူခွင့်တို့ကို ခွင့်ပြုမှုများ ရှိလာခဲ့သည်။ ယနေ့အချိန်တွင် သတင်းထောက်များသည် သတင်းအချက်အလက်များ တောင်းခံနိုင်ရန်အတွက် တရားဝင်ပြောရေးဆိုခွင့်ရှိသူများ သို့မဟုတ် သီးခြားခန့်အပ်ထားသောဌာနများနှင့် ဆက်သွယ်နိုင်ရန် တပ်မတော်ကပေးသော ဖုန်းနံပါတ် လမ်းညွှန်စာအုပ် တစ်ခုပေးထားပါသည်။ ဤနည်းလမ်းဖြင့် ယင်းတို့သည် အဓိက ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ချက်တို့နှင့် ပတ်သက်သည့် ရှင်းလင်းဖော်ပြချက်များ တောင်းခံရန်နှင့် အဖြစ်အပျက်များ၏ တရားဝင်အချက်အလက်များကို ရရှိနိုင်ပါသည်။ မြန်မာ့စာနယ်ဇင်းကောင်စီမှ စာနယ်ဇင်းနှင့် စစ်တပ်အကြား အစည်းအဝေး ခုနစ်ကြိမ်အပြင် နိုင်ငံတော်အုပ်ချုပ်မှုကဏ္ဍ၊ လွှတ်တော်၊ တရားစီရင်ရေးနှင့် သတင်းမီဒီယာများ အကြား 'မဏ္ဍိုင် ၄ ရပ်' ခေါင်းစဉ်ဖြင့် အစည်းအဝေး သုံးကြိမ်စီစဉ်ဆောင်ရွက်ခဲ့ပါသည်။[၆၁၄]

အဓိကအမျိုးသား လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်မှုများအတွက် တပ်မတော်၏အဓိကအဖွဲ့မှာ သတင်းမှန်ပြန်ကြားရေးအဖွဲ့ဖြစ်၍ ယင်းကို ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများအတွင်း စတင်တည်ထောင်ခဲ့သည်။ ဗိုလ်ချုပ်စိုးနိုင်ဦးကဥက္ကဋ္ဌအဖြစ်သော်လည်း ဗိုလ်မှူးချုပ်ဇော်မင်းထွန်းသည်လက်လှမ်းမီမှု အရှိဆုံးနှင့် ပုံမှန်ပြောရေးဆိုခွင့်ရှိသူ ဖြစ်နေခဲ့ပါသည်။ သတင်းထောက်များကမူ အဆိုပါအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူများသည် အတော်အတန်ပွင့်လင်းကြသော်လည်း ဖုန်းခေါ်ဆိုသည့်အခါကိုင်လေ့မရှိဘဲ သေချာစီစဉ်ထားသော သတင်းစာရှင်းလင်းပွဲများဖြင့် ပြုလုပ်ပြီးသော ကြီးမားသည့်နိုင်ငံရေးရာ ကိစ္စများ၏ အချို့အတွက်သာ တရားဝင်သတင်းများပေးရန် ဆန္ဒရှိကြောင်း ပြောဆိုကြပါသည်။ အစိုးရဌာနဆိုင်ရာ ရုံးများရှိ တရားဝင်ပြောရေးဆိုခွင့်ရှိသူများနှင့် တိုက်ရိုက်ဆက်သွယ် ပြောဆိုမှုရရှိရေးသည်အရေးကြီးသည့်အဆင့်တစ်ခုဖြစ်သော်လည်းအဆိုပါ သတင်းအချက်အလက်သည် မှန်ကန်မှုရှိမရှိ စိုးရိမ်နေရဆဲပင် ဖြစ်သည်။ ဥပမာ ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်သော သတင်းထုတ်ပြန်ချက်တစ်ခု၌ သတင်းမှန်ပြန်ကြားရေးအဖွဲ့သည် မြန်မာနိုင်ငံမှ မဟုတ်သော ဓာတ်ပုံများကို ထုတ်ပြန်ခဲ့ရာ ယင်းတို့မှာ ရိုဟင်ဂျာများ (ဘင်္ဂါလီများဟုလည်း ခေါ်သည်) သည် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်နေကြောင်းနှင့် မြန်မာနိုင်ငံအတွင်းသို့ အလုံးအရင်းနှင့် ဝင်ရောက်ခဲ့ကြောင်း မှားယွင်းစွာ စွပ်စွဲချက်များဖြင့် ဖော်ပြခဲ့ပါသည်။[၆၁၅] ပြည်သူများသည် ရခိုင်ပြည်နယ်နှင့် မြန်မာပြည် အခြားနေရာများတွင် ဖြစ်ပွားနေသော စစ်ရေးလုပ်ရှားဆောင်ရွက်မှု သတင်းအချက်အလက်များရရှိမှု နည်းပါးနေဆဲ ဖြစ်သော်လည်းဆက်နွှယ် ပတ်သက်နေသည့် လူထုအမြင်များနှင့်ဦးစားပေးမှုများကို မှန်မှန်ကန်ကန် တိုင်းတာဆုံးဖြတ်နိုင်ရန် မဖြစ်နိုင်ပေ။

တိုက်ပွဲများ ဖြစ်ပွားရာနေရာများသို့ သွားရောက်သတင်းရယူခွင့်သည် အဓိက လမ်းမကြီး တစ်လျှောက် လွတ်လပ်စွာ သွားလာခွင့်ကို တိုးမြှင့်ထားရာ ယေဘုယျအားဖြင့် တိုက်ပွဲများဖြစ်ပွားရာနေရာများသို့ပင်သွားလာခွင့်ရသဖြင့်တိုးတက်မှုများ ရှိလာသည်ကို တွေ့ရသည်။ သတင်းထောက်များ ခရီးသွားလာရာ၌ ရပ်တန့်ခိုင်း၍မေးခွန်း မေးမြန်းခြင်းများ ပြုလုပ်နေဆဲဖြစ်ရာ တစ်ခါတစ်ရံ ကင်မရာများနှင့် တခြားပစ္စည်းများကိုပင် စစ်ဆေးမှုများရှိနေသေးသည်။ မကြာသေးမီ နှစ်များအတွင်း ယင်းတို့သည် ရခိုင်ပြည်နယ်ရှိ အထိအခိုက်မခံသည့် နေရာများသို့ ဝင်ရောက်ခြင်းမှ ပိတ်ပင်တားဆီးမှုများ ပုံမှန်ရှိနေခဲ့ပြီး သတင်းတင်ပြရန် လွတ်လပ်ခွင့်အနည်းငယ်သာရှိသည့် တာဝန်ရှိသူများက စီစဉ်ထားသော ခရီးစဉ်များသို့သာသွားလာခွင့်ပြုခဲ့သည်။[၆၀၆] အထူးသဖြင့် မတရားအသင်းအက်ဥပဒေကို တိုက်ပွဲများ ဖြစ်ပွားရာ နယ်မြေများသို့ သွားရောက်သတင်းယူသူများကို ကန့်သတ်ထားရန်အတွက် အသုံးပြုထားပြီး ယင်း၏ ပုဒ်မ ၁၇ (၁) သည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အပါအဝင် မတရားအသင်းအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းကို တားမြစ်ထားသည်။ ဤဥပဒေကို တစ်သမတ်တည်း အသုံးချခြင်းမျိုး မရှိသောကြောင့် မီဒီယာများသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ခေါင်းဆောင်များ၏ မှတ်ချက်များကို ပုံမှန်ထုတ်ဝေခြင်းမျိုးလုပ်ဆောင်နိုင်သည်။ သို့သော် ယင်းကို သတ်မှတ်ထားသော တစ်သီးပုဂ္ဂလများ သို့မဟုတ် စာစောင်များ ထုတ်ဝေမှုများအား နှိမ်နင်းရန်နှင့် ပတ်ဝန်းကျင် အခြေအနေကိုလိုက်၍ သတိထားထိန်းသိမ်းရန်သာ တစ်ခါတစ်ရံ အသုံးပြုခြင်း ဖြစ်သည်။

> “ပြည်သူများသည် ရခိုင်ပြည်နယ်နှင့် မြန်မာပြည်အခြားနေရာများတွင် ဖြစ်ပွားနေသော စစ်ရေးလှုပ်ရှားဆောင်ရွက်မှုသတင်းအချက်အလက်များရရှိမှု နည်းပါးနေဆဲဖြစ်သော်လည်း ဆက်နွယ်ပတ်သက်နေသည့်လူထုအမြင်များနှင့် ဦးစားပေးမှုများကို မှန်မှန်ကန်ကန် တိုင်းတာဆုံးဖြတ်နိုင်ရန် မဖြစ်နိုင်ပေ။”

အဆိုးရွားဆုံးဖြစ်ရပ်မှာ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်၏ နယ်မြေတွင် ဖမ်းဆီးခံရပြီးနောက်စစ်တပ်က ထိန်းသိမ်းထားစဉ် ၂၀၁၄ ခုနှစ်အတွင်း အသတ်ခံခဲ့ရသော ကိုပါကြီး အမှုပင်ဖြစ်သည်။ အဆိုပါ သတင်းထောက်သည် အချိန်အတော်ကြာတက်ကြွလှုပ်ရှားသူ ဖြစ်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံအားပေးသူ တစ်ဦးလည်းဖြစ်၍တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ အဖွဲ့ဝင် မဟုတ်ကြောင်းလည်း ထင်ရှားခဲ့သည်။ သို့သော်စစ်တပ်က သူ့ကို သတ်ဖြတ်ခဲ့သည့် စစ်သားနှစ်ဦးအား တရားသေလွှတ်ခဲ့ပြီ သူ့မိသားစုမှာမူ တရားမျှတမှုကိုရှာဖွေ၍မရသေးပေ။[၆၀၇]ထိုအမှုအခင်းများကို ကြည့်ခြင်းဖြင့် သတ္တိအရှိဆုံးသော သတင်းအထောက်များ (နှင့် ပြုပြင်သူများ) သည်သာ ပဋိပက္ခဖြစ်နေသော ဒေသများသို့ သွားနိုင်ကြသည်ကိုတွေ့ရပါသည်။ ထိုအချိန်တွင် တပ်မတော် အနေဖြင့်လွတ်လပ်သော သတင်းထောက်များ သို့မဟုတ် ဓာတ်ပုံရိုက်သူများ အနည်းငယ်ကိုသာ ခွင့်ပြုခဲ့ပြီး စစ်ဆင်ရေးများကို နီးကပ်စွာ လေ့လာမှုပြုနိုင်ရန် ယင်းတို့နှင့် စွဲမြဲစွာ နေစေပါသည်။

စစ်တပ် အသုံးစရိတ်နှင့် ပတ်သက်သော တရားဝင်အချက်အလက်များ ရရှိရန် ကန့်သတ်မှုကြီးကြီးမားမား ရှိနေသေးသည်။ သတင်းမီဒီယာများသည်နောက်ဆုံးပေါ် စစ်လက်နက် ကိရိယာများဝယ်ယူသည့် ကိစ္စမျိုးကဲ့သို့ ဖုံး ကွယ် လျှို့ဝှက်ထားသော သတင်းအချက်အလက်များ အကြောင်းကို ရှာဖွေရာ၌ အများအားဖြင့် နိုင်ငံခြားသတင်းဌာနများမှထွက်ရှိသည့် စာစောင်များအပေါ်သာ မှီခိုရသည်။ အစောပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း တရားဝင်ဘတ်ဂျက်အပိုင်းတွင် သတင်းရရှိမှု အလွန်အမင်းကန့်သတ်ထားခြင်းကြောင့်ပင် ဖြစ်သည်။

အွန်လိုင်းမီဒီယာကိုအလျင်အမြန်ဖြေလျှော့ပေးခြင်းသည်လည်း မြန်မာနိုင်ငံရှိ တိုက်ပွဲနယ်မြေများစွာ၏ ဘက်တော်သားအဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလိကများက ရေးသားချက်များဖြစ်သည့် ခိုင်မာမှုမရှိသော သတင်းအချက်အလက်များကို ပျံ့နှံ့သွားစေတတ်သည်။ တခြားနိုင်ငံများက ခိုးချအသုံးပြုထားသောသို့မဟုတ်လိမ်လည်အသုံးပြုထားသောအလောင်းများ၏ ဓာတ်ပုံများအပါအဝင် မမှန်ကန်သော သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခြင်းတို့ ရှိခဲ့သည်။

# ကျမ်းကိုးစာရင်း


၅၆၁ United Nations Development Programme (2018), 'Public Oversight of the Security Sector: A Handbook for Civil Society Organizations', January, p 11 (https://www.undp.org/content/undp/en/home/librarypage/civil_society/public_oversightofthesecuritysectorahandbookforcivilsocietyorgan.html)

၅၆၂ There are, in some circumstances, legitimate reasons to limit public involvement in security affairs; for example, when withholding highly sensitive information. However, this should only be permitted for well-defined and legally sanctioned reasons, and only in extreme circumstances.

၅၆၃ See Aung San Suu Kyi (1991), op. cit., p 176. She continued, 'Within the framework of liberal democracy, protest and dissent can exist in healthy counterpart with orthodoxy and conservatism, contained by a general recognition of the need to balance respect for individual rights with respect for law and order.'

၅၆၄ The Global New Light of Myanmar (2018), 'Military parade to mark 73rd Anniversary of Armed Forces Day held in Nay Pyi Taw', 28 March (http://www.globalnewlightofmyanmar.com/military-parade-mark-73rd-anniversary-armed-forces-day-held-nay-pyi-taw/)

၅၆၅ BBC News (2011), 'Burma frees dozens of political prisoners', 12 October (https://www.bbc.com/news/world-asia-pacific-15269259)

၅၆၆ See chapter 2 of Egreteau (2016), op. cit.

၅၆၇ Regular updates of the number of political prisoners behind bars are available on the website of the Assistance Association for Political Prisoners (Burma) at: https://aappb.org/2019/02/2019-political-prisoners-list/

၅၆၈ San Yamin Aung (2019), 'Total Number of Defamation Cases Under Telecommunications Law Hits 200', The Irrawaddy, 24 June (https://www.irrawaddy.com/news/burma/total-number-defamation-cases-telecommunications-law-hits-200.html)

၅၆၉ Human Rights Watch (2019), 'Dashed Hopes: The Criminalization of Peaceful Expression in Myanmar', January 31 (https://www.hrw.org/report/2019/01/31/dashed-hopes/criminalization-peaceful-expression-myanmar)

၅၇၀ Free Expression Myanmar (2019), 'Defamation?', p 26 (http://freeexpressionmyanmar.org/wp-content/uploads/2019/05/Defamation-international-standards.pdf)

၅၇၁ Human Rights Watch (2019), op. cit., p 56–69.

၅၇၂ Naw Betty Han (2019), 'Justice for Victoria: child sexual abuse case sparks national outrage', Frontier Myanmar, 15 July (https://frontiermyanmar.net/en/justice-for-victoria-child-sexual-abuse-case-sparks-national-outrage)

၅၇၃ Hein Ko Soe (2018), 'Peace rally leaders call for investigation into police violence', Frontier Myanmar, 31 May (https://frontiermyanmar.net/en/peace-rally-leaders-call-for-investigation-into-police-violence)

၅၇၄ East-West Center (2014), 'Contesting Buddhist Narratives: Democratization, Nationalism, and Communal Violence in Myanmar' (https://www.eastwestcenter.org/sites/default/files/private/ps071.pdf); Wade F (2017), Myanmar's Enemy Within: Buddhist Violence and the Making of Muslim 'Other' (London: Zed Books).

၅၇၅ Quoted in Aung San Suu Kyi, Clements A (2008), The Voice of Hope. Conversations with Aung San Suu Kyi second edition (London: Rider), p 128.

၅၇၆ Interview, Yangon, April 2019.

၅၇၇ Ibid.

၅၇၈ Ibid.

၅၇၉ Interview, Yangon, May 2019.

၅၈၀ Ibid.

၅၈၁ Hayden M, Martin R (2013), 'Recovery of the education system in Myanmar', Journal of International and Comparative Education 2 (2), pp 51–52.

၅၈၂ Interview, Yangon, March 2019.

၅၈၃ Ibid.

၅၈၄ Zue Zue (2019), 'Human Rights Law Now Mandatory for Myanmar Law, Int'l Relations Students', The Irrawaddy, 17 October (https://www.irrawaddy.com/news/burma/human-rights-law-now-mandatory-myanmar-law-intl-relations-students.html)

၅၈၅ The Peace Leadership and Research Institute is run by the Thabyay Education Foundation. See their website at: http://www.thabyay.org/plri.html

၅၈၆ See Maung Aung Myoe (2009), op. cit., pp 135–162. The five institutions offering degrees are the Defence Services Academy in Pyin Oo Lwin, which offers BA and BSc courses; the National Defence College in Naypyidaw, which has provided MAs since 1998; the Defence Services Medical Academy in Yangon, which offers medical doctorates and MAs; the Defence Services Technological Academy in Pyin Oo Lwin which offers BA and MA courses for engineers; and the Defence Services Institute of Nursing and Paramedical Science in Yangon, which offers BAs and MAs.

၅၈၇ According to Maung Aung Myoe (2009), op. cit., p 157, 'Since the late 1990s, joint services exercise has been an important part of the course at the NDC. The trainees are also taught international relations, international law, international economics, defence policies and defence planning in Asia and the Pacific, the revolution in military affairs, and the military strategies, national interests and national power of other countries.'

၅၈၈ Htet Naing Zaw (2019), 'In a First, Daw Aung San Suu Kyi Lectures at National Defense College', The Irrawaddy, 21 February (https://www.irrawaddy.com/news/burma/first-daw-aung-san-suu-kyi-lectures-national-defense-college.html)

၅၈၉ Aye Thu San (2019), 'A Burmese rose in Hawaii works for a stronger homeland', Myanmar Times, 5 June (https://www.mmtimes.com/news/burmese-rose-hawaii-works-stronger-homeland.html)

၅၉၀ Interview with a retired colonel, Yangon, May 2019.

၅၉၁ Reuters (2017), 'Britain suspends training of Myanmar military following violence', 19 September (https://www.reuters.com/article/us-myanmar-rohingya-britain/britain-says-suspends-training-of-myanmar-military-following-violence-idUSKCN1BU270); on Australia's programme, see: Kinley D, Wilson T (2006), 'Engaging a Pariah: Human Rights Training in Burma/Myanmar', 3 August (https://papers.ssrn.com/sol3/papers.cfm?abstract_id=918141)

၅၉၂ Myanmar Sustainable Development Plan, p 12.

၅၉၃ Interview, Yangon, May 2019.

၅၉၄ Interviews with the Women's League of Burma, the Gender Equality Network and international experts, Yangon, May 2019. International pressure came largely as a result of issues being raised at the Universal Periodic Review.

၅၉၅ See Assistance Association for Political Prisoners (2016a), op. cit.

၅၉၆ The Global New Light of Myanmar (2019), 'Improved rights for prisoners through Parole System', 6 June (http://www.globalnewlightofmyanmar.com/improved-rights-for-prisoners-through-parole-system/)

၅၉၇ Interviews with the Assistance Association for Political Prisoners and MPs, Yangon and Naypyidaw, March 2019 and May 2019.

၅၉၈ Interview, Yangon, March 2019.

၅၉၉ The Asia Foundation (2016), 'Strengthening Policy Institutes in Myanmar', p 1 (https://asiafoundation.org/wp-content/uploads/2016/05/Strengthening-Policy-Institute-in-Myanmar_ENG.pdf)

၆၀၀ Interview, Yangon, May 2019.

၆၀၁ Interview, Yangon, May 2019. She also mentioned the need for the majority public to be informed on federalism, to understand it is not simply about non-Bamar communities trying to break away from the country, but is about building a stronger country together.

၆၀၂ For more on the role of the media in supporting security sector governance and reform, see: DCAF (2012), 'The Media and Security Sector Governance' (https://www.dcaf.ch/sites/default/files/publications/documents/ENG_Media_Tool2.pdf)

၆၀၃ Interviews, Yangon, May 2019.

၆၀၄ For example, see Senior General Min Aung Hlaing's website: https://www.seniorgeneralminaunghlaing.com.mm/en/2734/senior-general-min-aung-hlaing-welcomes-meets-lt-gen-chansamone-chanyalath-minister-national-defence-lao-peoples-armed-forces/

၆၀၅ Interviews in Yangon, May 2019.

၆၀၆ See Kean T (2017), 'Myanmar's Telecommunications Law Threatens its Democratisation Process', ISEAS Perspective 50 (https://www.iseas.edu.sg/images/pdf/ISEAS_Perspective_2017_50.pdf); Egreteau (2018), op. cit., p 35; Human Rights Watch (2019), op. cit., pp 11–12.

၆၀၇ San Yamin Aung (2019), 'Total Number of Defamation Cases Under Telecommunications Law Hits 200', The Irrawaddy, 24 June (https://www.irrawaddy.com/news/burma/total-number-defamation-cases-telecommunications-law-hits-200.html)

၆၀၈ Free Expression Myanmar (2019), 'Defamation?', p 26. (http://freeexpressionmyanmar.org/wp-content/uploads/2019/05/Defamation-international-standards.pdf)

၆၀၉ Human Rights Watch (2019), op. cit.

၆၁၀ Amnesty International (2019), 'Myanmar: Rakhine journalist in hiding, facing charges: Aung Marm Oo', 24 June (https://www.amnesty.org/en/documents/asa16/0580/2019/en/)

၆၁၁ Interviews, Yangon, May 2019.

၆၁၂ For more on these groups and sentiments, see East-West Centre (2014), op. cit.; Wade F (2017), op. cit.

၆၁၃ Human Rights Watch (2019), op. cit., p 17.

၆၁၄ Interviews, Yangon, May 2019.

၆၁၅ McPherson P (2018), 'Exclusive: Fake photos in Myanmar army's "True News" book on the Rohingya crisis', Reuters, 30 August (https://www.reuters.com/article/us-myanmar-rohingya-photos-exclusive/exclusive-fake-photos-in-myanmar-armys-true-news-book-on-the-rohingya-crisis-idUSKCN1LF2LB)

၆၁၆ Interviews, Yangon, 2019.

၆၁၈ International Commission of Jurists (2018), op. cit., pp 27–28.



ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ
ပြည်ထောင်စုလွှတ်တော်
ပုံမှန်အစည်းအဝေးကို နေပြည်တော်တွင်
တက်ရောက်နေစဉ်၊
မြန်မာ၊ ၅၊ ဖေဖော်ဝါရီလ၊ ၂၀၁၉။

© Hein Htet/Epa-Efe/Shutterstock

# ၆

# ရှေ့ဆက်ဆောင်မည့် နည်းလမ်းများ

**ဒီမိုကရေစီနည်းလမ်းဖြင့် ဆောင်ရွက်နေသည့်လုံခြုံရေးကဏ္ဍသည် ပြည်သူတို့အပေါ် တာဝန်ခံသည့် လုံခြုံရေးကဏ္ဍ တစ်ခုဖြစ်၍ ယင်းတို့၏ မူလရည်မှန်းချက်မှာ ပြည်သူများအတွက် ဘေးကင်းလုံခြုံမှုကို ထိန်းသိမ်းကာကွယ်ပေးရန်သာ ဖြစ်သည်။ လက်ရှိ သွားနေဆဲဖြစ်သော နိုင်ငံရေးဆိုင်ရာကူးပြောင်းမှုမှ ရလာမည့် ရလဒ်များကို ကြည့်ခြင်းဖြင့် မြန်မာ့လုံခြုံရေး အဖွဲ့အစည်းများအနေဖြင့် ထိုလမ်းစဉ်အတိုင်း သွားနေသည်ဟု မည်သည့်အရာကမှ အာမခံထားခြင်း မရှိသေးသည်ကို တွေ့ရပါသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံရေးဆိုင်ရာ ပြောင်းလဲမှုများသည်အစိုးရအဖွဲ့ ပြင်ပနှင့်အတွင်း နှစ်ခုလုံးရှိ ဒီမိုကရေစီ လိုလားသူများနှင့်အတူတကွ ယင်းလမ်းကြောင်းအတိုင်း သွားနိုင်ရေး တွန်းအားဖြစ်စေသည့် အခွင့်အရေးများကို ဖန်တီးပေးပါသည်။**

Renaud Egreteau ၏ မှတ်ချက်အရ မြန်မာနိုင်ငံသည် တိုက်ရိုက် စစ်တပ်အုပ်ချုပ်မှုမှ "တစ်စုံတစ်ခု" ဆီသို့ စစ်တပ်က ဦးဆောင်သည့် အသွင်ကူးပြောင်းမှုတစ်ခုအားတဖြည်းဖြည်းဖော်ဆောင်နေသည်ကို ကျွန်တော်တို့အားလုံး သိရှိကြပြီး ဖြစ်ပါသည်။[၆၁၈] ယခုမှစ၍ တိုင်းပြည်သည် ရောစပ်စနစ်တစ်ခုအောက်တွင် နှစ်ပေါင်းများစွာ ဆက်လက်တည်ရှိနေကာ စစ်တပ် သို့မဟုတ် အရပ်သား ဦးဆောင်သည့် အာဏာရှင် အုပ်ချုပ်မှု အခြေအနေသို့ ပြန်လည်ရောက်ရှိသွား နိုင်ပါသည် - တခြားသော ပါတီများအကြားမှ 'တရားသေ စွဲကိုင်ထားသော' အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်သော ပါတီ တစ်ခု အောက် ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ သို့မဟုတ် အုပ်ချုပ်မှုသည် ပိုမိုဒီမိုကရေစီစနစ်ဆောင်၍ပွင့်လင်းသော အစိုးရစနစ်တစ်ခုသို့ တိုးတက်ပြောင်းလဲသွားနိုင်ပါသည်။

**"အရပ်သားပြည်သူ့ကိုယ်စားလှယ်များ၏ စိတ်ဝင်စားသော အများပြည်သူကောင်းကျိုးအပေါ် မှီခိုမှုပြုခြင်းနှင့် အတူ တစ်သမတ်တည်းဖြစ်သည့် ဖိအားနှင့် လိမ္မာပါးနပ်သော ညှိနှိုင်းများကို ပေါင်းစပ်လုပ်ဆောင်ခြင်း မှတစ်ဆင့် ပိုမို ကြီးမားသောအင်အားနှင့် လွှမ်းမိုးနိုင်မှုတို့ကို ရရှိနိုင်မည်ဟု ဆိုနိုင်ပါသည်။"**

ယခုမှစ၍ မြန်မာ့လုံခြုံရေးနှင့် တရားစီရင်ရေးကဏ္ဍများသည် နည်းလမ်းမျိုးစုံဖြင့် အဆင့်ဆင့် ပြောင်းလဲမှု ပြုနိုင်ပါသည်။ ယင်းတို့သည် စစ်တပ်ခေါင်းဆောင်များ၏ အတွေးအမြင်များ သို့မဟုတ် ပုဂ္ဂလိကအကျိုးစီးပွားများအပေါ်အခြေခံပြီး အရပ်သားအစိုးရအဖွဲ့၏ လက်အောက်မှ ခွဲထွက်နေနိုင်ပါ

**ပုံ ၇။ လုံခြုံရေးကဏ္ဍအား ဒီမိုကရေစီနည်းကျ ပြောင်းလဲနိုင်ရေး ရှုထောင့် (၃) ခု။**




သေးသည်။ တစ်နည်းအားဖြင့် ယင်းတို့သည် ဒီမိုကရေစီစနစ်သို့ တဖြည်းဖြည်းကူးပြောင်းမှု ပြုနိုင်ပြီးရွေးကောက်ခံအရပ်သား ကိုယ်စားလှယ်များ၏ ထိန်းချုပ်ကြီးကြပ်စီမံမှုအောက်သို့ တိုးမြင့်ကူးပြောင်းလာနိုင်က ပြည်သူတို့၏ဘေးကင်းလုံခြုံမှုကို ထိန်းသိမ်းကာကွယ်ရန် ပိုမိုအလေးပေးလာမှုနှင့်အတူ ပြည်သူလူထုနှင့် အရပ်ဘက်အဖွဲ့အစည်းများအား ပိုမိုပါဝင်ခွင့်ရရှိစေရန်ဖွင့်လှစ်ပေးမှုများလည်း ပြုလုပ်လာနိုင်ပါသည်။

အရပ်သား ပြည်သူ့ကိုယ်စားလှယ်များ၏ စိတ်ဝင်စားသောအများပြည်သူကောင်းကျိုးအပေါ် မှီခိုမှုပြုခြင်းနှင့်အတူ တစ်သမတ်တည်း ဖြစ်သည့် ဖိအားနှင့် လိမ္မာပါးနပ်သော ညှိနှိုင်းများကို ပေါင်းစပ်လုပ်ဆောင်ခြင်း မှတစ်ဆင့် ပိုမိုကြီးမားသော အင်အားနှင့် လွှမ်းမိုးနိုင်မှုတို့ကို ရရှိနိုင်မည်ဟုဆိုနိုင်ပါသည်။ အစိုးရအဖွဲ့မှ အရပ်သားကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာ၊ မူဝါဒရေးရာလေ့လာမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများအား လုံးတွင်အဓိကအခန်းကဏ္ဍမှပါဝင်နေကြပါသည်။

၂၀၁၀ပြည့်နှစ်မှစတင်၍လုံခြုံရေးကဏ္ဍ၌ ပြည်သူတို့၏ ထိန်းချုပ်ကြီးကြပ်စီမံမှုနှင့် ထိတွေ့ဆက်ဆံမှုတို့သည် အတော်အသင့် တိုးတက်မှုများ ရှိလာခဲ့သည်။ ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းများသည် ဆယ်စုနှစ်များစွာ ရင်ဆိုင်ခဲ့ရသည့် စိန်ခေါ်မှုတစ်ခုအဖြစ် လေးနက်စွာ ရှုမြင်ရန် ဖြစ်သည်။ များပြားသော အဖွဲ့အစည်းများနှင့် တစ်ဦးတစ်ယောက်ချင်းစီတို့၏ တစ်သမတ်တည်း လုပ်ဆောင်မှုများသည် မျိုးဆက်သစ်များအတွက် စဉ်ဆက်မပြတ်ပြောင်းလဲမှုအားယူဆောင်လာနိုင်ရန်လိုအပ်လျက်ရှိပါသည်။ ဒီမိုကရေစီ ကူးပြောင်းခြင်းကဲ့သို့ပင် ထိုနယ်ပယ်များတွင် ပြောင်းလဲမှုပြုလုပ်ခြင်းသည် ပြီးမြောက်ပြီဆိုသည့် အဆုံးသတ်ရှိမည် မဟုတ်ပေ။ လူထုနေရာကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်းနှင့်အာဏာပိုင်များကို ပြည်သူများ တာဝန်ခံမှု၊ တာဝန်ယူမှု ရှိလာအောင် ဆောင်ရွက်ခြင်းသည် အစဉ်ပြောင်းလဲနေပြီး ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များ ဖြစ်ပါသည်။

ဇယား (၇) တွင် ဖော်ပြသည့်အတိုင်း ဤနယ်ပယ်၌ တိုးတက်မှုကို မျိုးစုံသော အကြောင်းအရာများက တားဆီးဟန့်တားမှုများ ရှိနေသည်။ ပထမအချက်မှာ တပ်မတော်၏ ခုခံမှုဖြစ်ပြီး ထိုအချက်သည် စုပေါင်းပြီး အားလုံးပါဝင်သည့် အများပြည်သူတို့ အမြော်အမြင်ထက် သူတို့၏ ကိုယ်ပိုင်အတွေးအမြင်နှင့် ပုဂ္ဂလိက အကျိုးစီးပွားများကို သာဆက်လက်၍ ဦးစားပေး ဆောင်ရွက်ရန်သာ ဖြစ်သည်။ ဒုတိယအချက်မှာ အစိုးရနှင့်လူ့အဖွဲ့

အစည်းသည် ထိုကဏ္ဍအတွက် လိုအပ်သော စွမ်းရည်နှင့် အရင်းအမြစ်များတွင် ကန့်သတ်ချက်များနှင့်ရင်ဆိုင်နေရပြီး အရပ်သားအနည်းငယ်ကသာ လုံခြုံရေးနှင့် တရားစီရင်ရေး ကဏ္ဍတို့၌ နက်နက်နဲနဲဗဟုသုတများ ရှိကြသည်။ တတိယအချက်မှာ စစ်တပ်ကို စိန်ခေါ်ရန် သို့မဟုတ် ခေတ်မီနည်းလမ်းများဖြင့် (တခါတစ်ရံ နိုင်ငံခြားနည်းနာဟု ထင်ရသည့်) စမ်းသပ်ရန် နိုင်ငံရေးအရ စိတ်အားထက်သန်မှုများ အားနည်းနေသေးသည်။ ထို့ကြောင့် အစိုးရယန္တရားတစ်လျှောက်လုံး ပြောင်းလဲမှု မရှိသောဆောင်ရွက်မှုများဖြင့်သာ ဆက်လက်လည်ပတ်နေသည်။ နောက်ဆုံးအချက်မှာ နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းအကြား မယုံကြည်မှု ပိုမိုနက်ရှိုင်းလာပြီး တချို့အစိုးရအဖွဲ့များသည် ပြည်သူများကို အန္တရာယ်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းရမည့် ပြဿနာတစ်ရပ်အဖြစ် သို့မဟုတ် ပိုမိုဆိုးရွားသည်မှာ ပြည်သူများကို ရန်သူသဖွယ် စီမံအုပ်ချုပ်ရန် ဆက်လက်ကြိုးပမ်းလာ ကြပါသည်။ ထို့အတူ ပြည်သူဘက်မှလည်းအစိုးရကို ကြောက်ရွံ့နေဆဲဖြစ်သဖြင့် လုံခြုံရေးကိစ္စရပ်သည် ယင်းတို့နှင့် မသက်ဆိုင်သကဲ့သို့ဖြစ်လာသည်။

## ၆. ၁ ရွေးကောက်ခံ အရပ်သား ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်အာဏာအား ဖော်ထုတ်တည်ဆောက်ခြင်း

ရွေးကောက်ခံကိုယ်စားလှယ်များမရှိပါက ဒီမိုကရေစီ ဆိုသည်မှာလည်း ရှိမည် မဟုတ်ပေ။ အစိုးရသည် အများပြည်သူအပေါ် တာဝန်ခံမှု တာဝန်ယူမှု အမှန်တကယ်ရှိရန်အတွက် အစိုးရအခွင့်အာဏာများနှင့် တာဝန်ဝတ္တရားများသည် အများပြည်သူ၏ခွင့်ပြုချက်ပေါ်မူတည်သည့်လုပ်ငန်းများ လုပ်ဆောင်နေသော အရာရှိများ ၏ လက်ဝယ်တွင် ထားရှိရမည် ဖြစ်ပါသည်။ လုံခြုံရေးကဏ္ဍ အခွင့်အာဏာများနှင့် တာဝန်ဝတ္တရားများသည် ရွေးကောက်ခံအရပ်သား ကိုယ်စားလှယ်များထက် ရွေးကောက်တင်မြှောက်ခံရသူများ မဟုတ်သည့် စစ်တပ်ခေါင်းဆောင်များ၏ လက်ဝယ်အတွင်း တည်ရှိနေသည်နှင့်အမျှ ထိုကဏ္ဍသည် အများပြည်သူအပေါ် တာဝန်ခံမှုတာဝန်ယူမှုရှိမည် မဟုတ်ဘဲ စစ်တပ်၏ အကျိုးစီးပွားများကိုသာ ရှေးရှုနေမည်ဖြစ်ပါသည်။

နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှုကို ကာကွယ်ရန်နှင့် ဒီမိုကရေစီစနစ်တစ်ခုသို့ အသွင်ကူးပြောင်း ရေးသည် စနစ်တကျ တည်ငြိမ်စွာဖြစ်ပေါ်လာစေရေး သေချာစေရန် ထိုစီစဉ်မှုများသည် လိုအပ်လျက်ရှိကြောင်း မြန်မာ့တပ်မတော်ကနှစ်ပေါင်းကြာရှည် အစဉ်တစိုက် ခိုင်မာစွာပြောဆိုလာခဲ့ ကြပါသည်။ ငြိမ်းချမ်းရေး ရရှိချိန်တွင်ယင်းတို့၏ အခြေခံဥပဒေအရ ရရှိထားသောအာဏာကို ထိန်းထိန်းသိမ်းသိမ်း စွန့်လွှတ်လိုကြောင်း အခါခါ ပြောဆိုလာပါသည်။ သို့သော် တိုးတက်မှုများကို တိုင်းတာနိုင်ရန် သတ်မှတ်ထားသော အချိန်ကာလ သို့မဟုတ် သဘောတူညီထားသော ရည်မှန်းချက်မှတ်တိုင်များ ရှိမနေပါ။ အရွေးကောက်ခံ အရပ်သားကိုယ်စားလှယ်များနှင့် တပ်မတော်တို့သည် သိသာထင်ရှားသောကျရှုံးမှုကို သတိရှိစွာ ရှောင်ရှားနေရင်းအခွင့်အရေးများနှင့် တာဝန်ဝတ္တရားများမှဖြည်းညင်းစွာရုန်းထွက်ရန် အပတ်တကုတ် ကြိုးပမ်းနေသောလွန်ဆွဲပွဲအတွင်း ကျရောက်နေကြပါသည်။

အရပ်သားကိုယ်စားလှယ်များတွင်ရှိသော လုံခြုံရေးကဏ္ဍဆိုင်ရာ လုပ်ပိုင်ခွင့် အာဏာသည် ဖွဲ့စည်းပုံ အခြေခံဥပဒေအားဖြင့် သိသာစွာကန့်သတ်ခံရပါသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံရေးကဏ္ဍများတွင် စစ်တပ်၏ အခန်းကဏ္ဍနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ကို လုံခြုံမှုရှိစေပြီး ထိုအချက်ကို စစ်တပ်၏ ခွင့်ပြုချက်ဖြင့်သာ ပြင်ဆင်နိုင်မည် ဖြစ်ပါသည်။ ထိုအခြေခံဥပဒေကို ပြင်ဆင်နိုင်ရေး ၏နည်းပညာ အလွန်ဆန်သည့် နောက်ကွယ်တွင် စစ်တပ်၏မြင့်မားခိုင်မာသောအာဏာနှင့်ငွေကြေးချမ်းသာမှုနှင့်သူတို့၏အခြေခံဥပဒေအပေါ်ကာကွယ်ရမည်ဆိုသည့် ခိုင်မာသော ယုံကြည်မှုတို့ ရှိနေပါသည်။ ဒီမိုကရေစီစနစ် ပိုမိုပီပြင်သည့် ဖွဲ့စည်းပုံ

အခြေခံဥပဒေတစ်ခု ဖြစ်ပေါ်လာရန်အတွက် အရပ်သားကိုယ်စားလှယ်များသည် စစ်တပ်နှင့် အပေးအယူများ ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်စဉ် သူတို့၏ နိုင်ငံရေးဆိုင်ရာ လွှမ်းမိုးမှုနှင့် အခွင့်အာဏာများ မြင့်မားလာစေရေး လုပ်ဆောင်ရန် လိုအပ်ပါသည်။

ထိုကဲ့သို့ အာဏာဟန်ချက်ကို ပြောင်းရွှေ့ခြင်းသည် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နှင့်တခြားသော အရပ်သားပါတီများက အစိုးရယန္တရားအပေါ် ထိရောက်သောထိန်းချုပ်မှုပြုနိုင်ရန်ပံ့ပိုးမှုနှင့်လုပ်ဆောင်မှုများကို ဆက်လက်ထိန်းထား နိုင်သည့် ယင်းတို့၏ အရည်အချင်းများအပေါ်မူတည်ပါသည်။ ထို့အပြင် လုံခြုံရေးကိစ္စရပ်များအတွက် တာဝန်ဝတ္တရားများကို တိုးမြှင့်ရယူနိုင်ရန် ဦးဆောင်မှုနှင့် တရားဝင်မှုတို့ကို ပြသပေးနိုင်သည့်ယင်းတို့၏ စွမ်းဆောင်ရည်များ အပေါ်လည်း မူတည်နေပါသည်။ ၂၀၁၆ ခုနှစ် မတိုင်ခင်ကာလများ၌ တွေ့မြင်ခဲ့ရသကဲ့သို့အပေးအယူသဘောတူညီမှုများအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့အကြား ဆက်လက်တိုက်ရိုက်တွေ့ဆုံညှိနှိုင်းဆွေးနွေးများအပေါ် မူတည်နေကြောင်း ယခု သုတေသနတွင်ပါဝင်သူများက ထပ်ခါထပ်ခါ အကြံပြုကြပါသည်။ တပ်မတော်သည် ယင်းတို့၏ အကျိုးစီးပွားကို မလွှဲမရှောင်သာ ဆက်လက်ကာကွယ်သွားမည် ဖြစ်သည်။ ထို့ကြောင့်မည်သည့်ပြောင်းလဲမှုမျိုးကိုမဆို ယင်းအကျိုးစီးပွားများကို ဖြည့်ဆည်းပေးမည် သို့မဟုတ် ထင်ရှားသည့် တောင်းဆိုမှုများကို စီမံရန် လိုအပ်သည်ဆိုသည့်အရာများအပေါ် မူတည်၍ ယင်းတို့က လက်ခံယုံကြည်မှုရှိစေရန် လိုအပ်မည်ဖြစ်ကြောင်း သုံးသပ်ရ ပါသည်။

> “ထင်ရှားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြောင်းလဲမှုအစား အစိုးရအတွင်းရှိ အရပ်သားကိုယ်စားလှယ်များသည်လက်ရှိရှိနှင့်ပြီးသော လုပ်ပိုင်ခွင့်အာဏာအတွင်း သူတို့၏ အခန်းကဏ္ဍကို နည်းလမ်းမျိုးစုံဖြင့် တိုးချဲ့လာခဲ့ကာ ဆက်လက် လုပ်ဆောင်သွားရန်လည်း ရှိနေပါသည်။။”

တပ်မတော်၏ လွှတ်တော်ကိုယ်စားလှယ်နေရာခွဲတမ်းကို တဖြည်းဖြည်းလျှော့ချရန် NLD ၏အဆိုပြုမှုသည် နိုင်ငံရေးမှ စစ်တပ်၏ ဆုတ်ခွာခြင်းအတွက် သဘောတူညီမှု တစ်ခုနှင့် ဖြည်းညှင်းသော ကာလအတိုင်းအတာ တစ်ခုကို တည်ဆောက်ရန် လက်တွေ့ကျသောကြိုးပမ်းမှုတစ်ခုကိုဖော်ပြနေပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြင်ဆင်မှုများ ပြုလုပ်နိုင်မှုအပေါ် တပ်မတော်၏ဗီတိုအာဏာကို ချက်ချင်း ဖယ်ရှားနိုင်ရန်မှာ ထင်သလောက် လွယ်ကူမည် မဟုတ်ပေ။ တပ်မတော်ကထိုကဲ့သို့တိကျသည့်အဆိုပြုမှုကိုလက်ခံရန်အလားအလာ မရှိသော်လည်း ယေဘုယျအားဖြင့်အခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏လုပ်ငန်းများကို စွဲမြဲစွာ ဆက်လက် ဆန့်ကျင်နေမည်ဖြစ်သည်။ သို့သော် အရပ်သားများအနေဖြင့် ထိုဆုတ်ခွာခြင်းအတွက် အချိန်ကာလကို အပြန်အလှန်သဘောတူညီမှု တစ်ခုရရှိရန် ဆက်လက်တွန်းအားပေးသင့်ပါသည်။

ထင်ရှားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြောင်းလဲမှုအစား အစိုးရအတွင်းရှိ အရပ်သားကိုယ်စားလှယ်များသည်လက်ရှိရှိနှင့်ပြီးသောလုပ်ပိုင်ခွင့်အာဏာအတွင်း သူတို့၏ အခန်းကဏ္ဍကို နည်းလမ်းမျိုးစုံဖြင့် တိုးချဲ့လာခဲ့ကာ ဆက်လက်လုပ်ဆောင်သွားရန်လည်း ရှိနေပါသည်။ အထင်ရှားဆုံးသော ဥပမာမှာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကိုပြည်ထောင်စုအစိုးရအောက်သို့ ပြောင်းရွှေ့မှုဖြစ်ပါသည်။ ထိုဌာနသည် တရားရေးကိစ္စရပ်များတွင် အဓိကကျသော ပူးပေါင်းလုပ်ဆောင်မှုကဏ္ဍကိုလုပ်ဆောင်နိုင်ခဲ့ပြီးရံဖန်ရံခါ တပ်မတော်၏ရည်ရွယ်ချက်များကို ကူညီပေးသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ အစောပိုင်းတွင် နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်နေရာကို ဖန်တီးမှုသည် ဒေါ်အောင်ဆန်းစုကြည်ကိုတပ်မတော်မှဦးဆောင်သောဝန်ကြီးဌာနသုံးခု အပါအဝင် နိုင်ငံတော်အုပ်ချုပ်ရေးကဏ္ဍတစ်ခုလုံးအပေါ် အခွင့်အာဏာ လုပ်ပိုင်ခွင့်အချို့အား အပ်နှင်းပေးပါသည်။ အမျိုးသား လုံခြုံရေးအကြံပေးရာထူးဖန်တီးရာတွင် သိသာ၍ တိကျသော အာဏာများကို ဖော်ပြထားခြင်း မရှိသော်လည်း အရပ်ဘက်မှလုံခြုံရေးအဖွဲ့အစည်းများတည်ထောင်ရန်အတွက် ပြောင်းလဲရေး စမ်းသပ်မှုတစ်ခုအနေဖြင့် မြင်နိုင်

သော်လည်း ယင်းသည် အစိုးရ၏ အရပ်ဘက်ဌာနများက ယင်းတို့၏ လုပ်ပိုင်ခွင့် အာဏာများအတွင်း လုံခြုံရေးဆိုင်ရာ ပါဝင်မှုများကို ပိုမိုတိကျစွာ ထိန်းချုပ်မှုရရှိရန် အနည်းဆုံးတော့ ခွင့်ပြုပေးပါသည်။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကဲ့သို့သော နိုင်ငံရေးပဏာမခြေလှမ်းများသည် တပ်မတော်ဦးဆောင်သောဌာနနှစ်ခုကို တရားရေးကဏ္ဍပြုပြင်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေးနှင့် ဘေးကင်းလုံခြုံရေးကို သေချာစေရန် ပြည်သူ့ဝန်ထမ်းသော 'လုံခြုံရေးကဏ္ဍကို ပံ့ပိုးခြင်း' အာမခံမှုများကို တိုက်ရိုက်ထမ်းဆောင်စေ ခဲ့ပါသည်။

သမ္မတနှင့် နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်တို့သည် ရခိုင်ပြည်အတွင်း ပဋိပက္ခများနှင့် တရုတ်နှင့် ဆက်ဆံရေးများကဲ့သို့သော အရေးပါသည့် အမျိုးသားလုံခြုံရေး ပြဿနာများအဖြစ် မှတ်ယူသည့်ကိစ္စရပ်များတွင် အုပ်ချုပ်စီမံခွင့် အချို့အခိုင်အမာရရှိရန် ကြိုးပမ်းခဲ့ကြပါသည်။ အစိုးရ၏ အရပ်သားအဖွဲ့သည် တရုတ်နှင့် ပတ်သက်၍ နှစ်ဦးနှစ်ဖက်ပါဝင် သောအစည်းအဝေးများကို ပုံမှန်လုပ်ဆောင်ခြင်းကဏ္ဍတွင် ဦးဆောင်မှုကို ရယူထားလျက် ရှိပါသည်။ ရခိုင်အခြေအနေကို ချဉ်းကပ်ရာတွင်အရပ်သားအစိုးရသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (NDSC) ၏အဖွဲ့ဝင်များအပြင် အရပ်သားအစိုးရအဖွဲ့က ခန့်အပ်သောသူများနှင့် လုံခြုံရေးဆိုင်ရာ အစည်းအဝေးများကို ကျင်းပခဲ့ပါသည်။ ထိုအစည်းအဝေးများတွင် အရပ်သားခေါင်းဆောင်များသည် ထုံးစံအတိုင်း ပြင်းထန်သောစစ်တပ်စစ်ဆင်ရေးကို ညွှန်ကြားလေ့ရှိကာ ထိုအချက်သည် ခေါင်းဆောင်မှု နေရာတစ်ခုကို ပြသရန် ရည်ရွယ်ကာ ထိုကိစ္စရပ်များတွင် စစ်တပ်နှင့်တစ်သား တည်းရှိကြောင်း ပြသနေကြောင်း မြင်ရပါသည်။

လွှတ်တော်တွင် NLD အတွင်းနှင့် အပြင်နှစ်ရပ်လုံးမှ ရွေးကောက်ခံ အရပ်သားကိုယ်စားလှယ်များသည် လုံခြုံရေးနှင့်ဆိုင်သော အကြောင်းအရာ ဆွေးနွေးမှုများကို အတင်းအကျပ်ပြုလုပ်လာခဲ့ကြပါသည်။ ထိုမှအမျိုးသမီးအပေါ် အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ အကျဉ်းထောင် စီမံခန့်ခွဲမှု၊ အကြမ်းဖက်မှု ဂတိုက်ဖျက်ရေး၊ ပြစ်မှုဆိုင်ရာနှင့် ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ကလေးသူငယ်အခွင့်အရေး၊ ဆိုင်ဗာလုံခြုံရေးနှင့် တခြားသောဥပဒေများ ပြောင်းလဲခြင်းများ အပါအဝင် ဖိနှိပ်ချုပ်ချယ်မှုရှိသော ဥပဒေများကို တစ်စိတ်တစ်ပိုင်းပြင်ဆင်မှုများ သို့မဟုတ် တွန်းလှန်မှုများတွင်သူတို့သည် အရေးပါသော အခရာဖြစ်လာခဲ့ပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဘဏ္ဍာရေးစည်းမျဉ်းများဖြင့် တပ်မတော်၏ဘတ်ဂျက်များအပေါ် ကြီးကြပ်မှုများကို ကန့်သတ်ထား၍ ယင်းသည် တခြားသော ဝန်ကြီးဌာနများနှင့်မတူ ကာကွယ်ရေးဝန်ကြီးဌာနကိုမူ ငွေကြေးဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်စီမံခွင့်ကို ရှင်းလင်းစွာ အပ်နှင်းထားပါသည်။ တခြားသော လုံခြုံရေးနှင့် တရားရေးဆိုင်ရာ ဌာနများသည် ကြီးမားသော စိစစ်မေးမြန်းခြင်းများကို ခံကြရသော်လည်းစစ်တပ်သည်ယင်း၏ ဘတ်ဂျက်အပေါ် မေးခွန်းများ ဖြေဆိုရမည်ဖြစ်ကာ သက်ဆိုင်ရာ ဆွေးနွေးပွဲများတွင်လည်းပါဝင်ရပါမည်။ လွှတ်တော်ဆိုင်ရာ မေးခွန်းများကဏ္ဍတွင် ကာကွယ်ရေး ဝန်ကြီးဌာနသည် ယင်း၏ လုပ်ငန်းများနှင့် အမြင်သဘောထားနှင့် ပတ်သက်သော မေးခွန်းများ မေးမြန်းခံရသော်လည်းပြောရေးဆိုခွင့်ရှိသူများနှင့် ပါတီ ဆော်ဩသူများက အကြီးအကျယ် ထိန်းသိမ်းလျက် ရှိပါသည်။

အရပ်သားအစိုးရသည် အုပ်ချုပ်စီမံခန့်ခွဲမှုဆိုင်ရာ အပြောင်းအလဲများမှ တစ်ဆင့်အခွင့်အာဏာများကို အရပ်သားထံ တိုးမြှင့်ရွှေ့ပြောင်းနိုင်ရေးဆက်လက် လုပ်ဆောင်သွားလိမ့်မည် ဖြစ်သည်။ သို့သော် ယင်းတို့သည် တပ်မတော်၏ ဆန့်ကျင်ခုခံမှုများကြောင့် ကန့်သတ်မှုများ ရှိနေဦးမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း သို့မဟုတ် တခြားသော ဥပဒေများအတွင်း အားနည်းချက်များတွေ့ရှိနိုင်ခြင်းကြောင့် တပ်မတော်သည်အရပ်သားကိုယ်စားလှယ်များ၏ အစီအစဉ်များကို အဟန့်အတားဖြစ်စေမည့် တုံ့ပြန်မှုများကို ရှာတွေ့နိုင်မည်ဖြစ်သည်။

ဥပမာအားဖြင့် သမ္မတနှင့် လွှတ်တော်သည်စာရွက်ပေါ်တွင် သိသာထင်ရှားသော စစ်ရေးဆိုင်ရာ အခွင့်အာဏာကို ရယူထားသော်လည်း

တပ်မတော်လက်အောက်ရှိ ရဲတပ်ဖွဲ့၏ရပ်တည်မှုသည် ထင်မြင်ယူဆထားခဲ့သည့် ပုံစံနှင့် ထပ်တူကျမနေပေ။ မိမိကိုယ်ကို ယုံကြည်လွန်းသော - သမ္မတဦးဆောင်သည့် ကာလုံ (NDSC) သည် နိုင်ငံ၏ ခေါင်းဆောင်ကို လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ် အရေးပါသော ဩဇာလွှမ်းမိုးမှုကို အပ်နှင်းထားပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန မဟုတ်ခဲ့လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြောင်းလဲမှုများ မလိုအပ်ဘဲ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနတို့အပေါ် ကြီးမားသော ထိန်းချုပ်မှုကို ရရှိစေရန် အသစ်သော ဥပဒေများနှင့်ဘတ်ဂျက်ပေါ် ကိုယ်ပိုင်အုပ်ချုပ်စီမံခွင့် တိုးမြှင့်ရရှိခြင်းတို့ကိုလည်း အသုံးပြုနိုင်ပါသည်။ အရပ်သားအဖွဲ့ဝင်များက အသစ်သောထောက်လှမ်းရေးဌာနများ ဖွဲ့စည်းခြင်း သို့မဟုတ် ရှိနှင့်သော ဌာနများကို (အနည်းဆုံး အန္တရာယ်ရှိသော လက်နက်ကိုင် ဝန်ဆောင်မှုများ) အရပ်သား ထိန်းချုပ်မှုအောက်သို့ ရွှေ့ပြောင်းနိုင်ရန်ကြိုးပမ်းခြင်းများအပေါ် တရားဝင် တားဆီးမှုများ ပေါ်ပေါက်လာခြင်းမရှိခဲ့ပေ။ သို့သော် စစ်တပ်၏ ရေးရာကိစ္စရပ်များအတွင်း အရပ်သားများ၏ဝင်ရောက်နှောင့်ယှက်မှုသည် ယှဉ်ပြိုင်မှုအတွက်အသစ်သော စစ်မြေပြင်များ ပိုမိုဖြစ်ထွန်းစေ၍ NLD အနေဖြင့် လွန်ကဲသော သတိပြုမှုဖြင့် ဆက်လက် ချည်းကပ်ရလိမ့်မည်ဖြစ်ကာ နှစ်စဉ်သာတိုးမြှင့် လုပ်ဆောင်သွားနိုင်လိမ့်မည် ဖြစ်ပါသည်။

> “နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အလှူရှင် များအနေဖြင့် ဒေသန္တရအစိုးရနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ တောင်းဆိုမှုများကို ပြန်လည် တုံ့ပြန်နိုင်ရေး အရင်းအမြစ်များနှင့် နည်းပညာများကို ပံ့ပိုးနိုင်ပါသည်။ ယင်းတို့သည် အထူးသဖြင့် မူဝါဒများ ရေးသားပြုစုရန်၊ သင်တန်း များပေးရန် ကူညီပေးနိုင်ခြင်း သို့မဟုတ် လုပ်ငန်းများကို အကောင်အထည် ဖော်ခြင်းတို့အတွက်လည်း ကူညီနိုင်မည် ဖြစ်သည်”

လုံခြုံရေးဆိုင်ရာ ရေးရာကိစ္စရပ်များအပေါ် ရွေးကောက်ခံ အရပ်သားများ ဩဇာလွှမ်းမိုးမှု ရရှိရန်အတွက် တခြားသော အခြေခံကျသည့် ရှုထောင့်တစ်ခုမှာ စစ်တပ်နှင့် ယင်းတို့၏ စစ်ဆင်ရေးများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို လက်လှမ်းမီရရှိခြင်း ဖြစ်ပါသည်။ နိုင်ငံအတွင်းရှိ စုံစမ်းထောက်လှမ်းရေး ဝန်ဆောင်မှုအားလုံးသည် လက်ရှိတွင် တပ်မတော်၏ ကွပ်ကဲအုပ်ချုပ်မှုအောက် ရောက်ရှိနေပြီး ယင်းသည်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထဲရေး ဝန်ကြီးဌာန သို့မဟုတ် ရဲတပ်ဖွဲ့သို့ တိုက်ရိုက်သတင်းပို့ရပါသည်။ အရပ်သားခေါင်းဆောင်များ အနေဖြင့် မည်သို့သောသတင်းအချက်အလက်များနှင့် နောက်ဆုံးအခြေအနေများကို သိရှိရန် မည်သို့ရရှိသည်ဆိုသည့်အချက်မှာ ရှင်းလင်းမှု ရှိမနေပေ။ ယခုအစီရင်ခံစာ၏ မေးမြန်းဆွေးနွေးမှုတွင် ပါဝင်ခဲ့သူများကအစိုးရအတွင်းရှိ အရပ်သားခေါင်းဆောင်များသည်စစ်တပ်၏ အတွင်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ မသိရှိကြကြောင်း ညွှန်းဆိုခဲ့ကြပါသည်။ ထို့အပြင် ထိုအရပ်သား ကိုယ်စားလှယ်များသည် လုံခြုံရေးဝန်းကျင်အပေါ် ဆန်းစစ်သုံးသပ်မှု အလွန်အားနည်းကြောင်းနှင့် သူတို့၏ ခေါင်းဆောင်မှုကို ခိုင်မာစွာ ပြောဆိုရန်အတွက် ကြီးမားသော အဟန့်အတားတစ်ခု ရှိနေကြောင်း ထပ်မံညွှန်းဆိုနေပါသည်။ လုံခြုံရေးဆိုင်ရာ မူဝါဒများနှင့် မဟာဗျူဟာများကို စနစ်တကျတည်ဆောက်မှုနှင့် ပြန်လည်ဆန်းစစ်မှုများပြုလုပ်ရန်မှာ သတင်းအချက်အလက်များကို လုံလောက်စွာ လက်လှမ်းမီရရှိမှု အပေါ်မူတည်နေပါသည်။

အစိုးရမဟုတ်သည့် တစ်ဦးချင်းပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည်လည်း လုံခြုံရေးကဏ္ဍနှင့် ဆက်စပ်လျက်ရှိသော အရပ်ဘက်အဖွဲ့အစည်းများ၏ အခွင့်အာဏာ ပိုမိုအားကောင်းလာစေရန် ကူညီနိုင်ပါသည်။ ချက်ချင်းလက်ငင်းအတွက်ဆိုလျှင် အရပ်ဘက် အဖွဲ့အစည်းများနှင့် မူဝါဒရေးရာလေ့လာရေး အဖွဲ့အစည်းများသည် အစိုးရကမူဝါဒများ ရေးသားပြုစုရန်နှင့် အကောင်အထည်ဖော်ရန်အပြင် အစိုးရ ဝန်ထမ်းများကို သင်တန်းပေးရန် အစရှိသော လုပ်ငန်းများတွင် အဆင်သင့်ဖြစ်လာစေရေး ကူညီနိုင်မည်ဖြစ်သည်။ လွတ်လပ်သော ရှေ့နေများသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရှိနှင့်ပြီးသော ဥပဒေများကို ဘာသာပြန်ခြင်းနှင့် အနာဂတ် ပြောင်းလဲမှုများ

အတွက် ဥပဒေရေးရာ ပံ့ပိုးမှုများတွင် အရေးကြီးသောအခန်းကဏ္ဍများမှ ပါဝင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ လုံခြုံရေးနှင့် ပတ်သက်သည့် ဘာသာရပ်များ သင်ကြားသည့် သင်ရိုးများပါဝင်သောပညာရေးအင်စတီကျူရှင်းများသည် အစိုးရဝန်ထမ်းများကို စာရင်းသွင်းခြင်းနှင့် တွဲဖက်လုပ်ဆောင်ခြင်းများလည်း လုပ်ဆောင်နိုင်ပါသည်။

ထိုနယ်ပယ်အတွင်း နိုင်ငံတကာ၏ လွှမ်းမိုးမှုသည် ပင်ကိုအားဖြင့် အကန့်အသတ်ရှိနေကာ အကြောင်းမှာ ယင်းတို့သည် အခြေခံအားဖြင့် ပြည်တွင်း နိုင်ငံရေးကိစ္စများ ဖြစ်နေသည့်အတွက် ဖြစ်ပါသည်။ နိုင်ငံတကာက ပေါ်ပေါ်တင်တင်ဝင်ရောက်စွက်ဖက်မှုသည် စစ်တပ်နှင့် အစိုးရအတွင်းရှိများစွာသော အရပ်သားအဖွဲ့ဝင်များမှ ပြန်လည်တွန်းလှန်ခြင်းနှင့် ယုံကြည်မှု ကင်းမဲ့ခြင်းတို့ကို ပိုမိုအားပေးလေ့ ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အလှူရှင်များအနေဖြင့်ဒေသန္တရအစိုးရနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ တောင်းဆိုမှုများကိုပြန်လည် တုံ့ပြန်နိုင်ရေးအရင်းအမြစ်များနှင့်နည်းပညာများကိုပံ့ပိုးနိုင်ပါသည်။ ယင်းတို့သည် အထူးသဖြင့် မူဝါဒများရေးသားပြုစုရန်၊ သင်တန်းများပေးရန် ကူညီပေးနိုင်ခြင်း သို့မဟုတ် လုပ်ငန်းများကို အကောင်အထည်ဖော်ခြင်းတို့အတွက်လည်း ကူညီနိုင်မည်ဖြစ်သည်။ ဒီမိုကရေစီနည်းကျ အဖွဲ့အစည်းများတည်ထောင်နိုင်ရန်မှာ ရေရှည်တည်တံ့သော နိုင်ငံတကာအကူအညီများ လိုအပ်လျက်ရှိရာ ထိုအချက်သည်တန်ဖိုးကြီးမားသောအရာ တစ်ခုလည်း ဖြစ်နေပါသည်။

## ၆.၂ လုံခြုံရေးဆိုင်ရာ ယဉ်ကျေးမှုကို ပြောင်းလဲမှုပြုခြင်း

ယခုအစီရင်ခံစာတွင် ထပ်ခါထပ်ခါ ဆွေးနွေးထားသည့်အတိုင်း စစ်တပ်ထံမှ အာဏာများကိုအရပ်သား ကိုယ်စားလှယ်များထံသို့ လွှဲပြောင်းလိုက်ခြင်းဖြင့် ပိုမိုတရားမျှတ၍ ငြိမ်းချမ်းသောရလဒ်များကို အလိုအလျောက် ဖန်တီးလိုက်နိုင်မည်မဟုတ်ပေ။ ရွေးကောက်ပွဲများ ကျင်းပခြင်းတစ်ခုတည်းက ခိုင်မာသော ဒီမိုကရေစီကို ဖော်ဆောင်နိုင်မည် မဟုတ်သကဲ့သို့ လုံခြုံရေးဆိုင်ရာအခွင့်အာဏာများကို ရွေးကောက်ခံ အရာရှိများလက်ထဲသို့ ပေးအပ်လိုက်ခြင်းကလည်း လုံခြုံရေးဆိုင်ရာ အလေ့အထများနှင့် စံနှုန်းများကို အလိုအလျောက် ပြောင်းလဲမှုများပြုလုပ်နိုင်မည်မဟုတ်သည်ကို လေ့လာတွေ့ရှိရပါသည်။ အရပ်သားအရာရှိများသည် ပဋိပက္ခများကို ခက်ထန်လွန်းသည့်ချည်းကပ်မှုများဖြင့် သော်လည်းကောင်း ရာဇဝတ်မှုများကို မြင့်မားသော ပြစ်ဒဏ်ပေးစီရင်သည့် နည်းလမ်းများနှင့် အကျဉ်းထောင်များနှင့် သတင်းရယူခြင်းတို့တွင် အာဏာရှင်ဆန်သော နည်းလမ်းများအားရိုးရှင်းစွာ အမွေဆက်ခံခဲ့ ကြပါသည်။

တာဝန်ယူမှု တာဝန်ခံမှုရှိကာ ယုံကြည်အားကိုးရသော ပြည်သူ့အကျိုးပြု လုံခြုံရေးကဏ္ဍတစ်ခုဖော်ဆောင်နိုင်ရေးအစိုးရအတွင်း၊အပြင်နှစ်ရပ်လုံးတွင် အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုများနှင့်အလေ့အထများ ပြောင်းလဲမှုပြုလုပ် ရန်ထပ်ပေါင်းအားထုတ်မှုများလိုအပ်လျက်ရှိပါသည်။ ကြီးမားသော ပြောင်းလဲမှုတစ်ခုအနေဖြင့် နိုင်ငံ၏ လုံခြုံရေးကဏ္ဍအတွင်း အခြေခံကျသည့် တိကျသောစံနှုန်းများနှင့် တန်ဖိုးများသည် ထိုနိုင်ငံအတွင်းတည်ဆောက်ရန်လိုအပ်ပြီး ယင်းတို့သည် နိုင်ငံအတွင်းရှိ လူမှုအသိုင်းအဝိုင်း၏ စံနှုန်းများနှင့် တန်ဖိုးများကို ထင်ဟပ်ပြသနေရမည် ဖြစ်သည်။ ထို့ကြောင့်လိုအပ်၍တိကျသောပြောင်းလဲမှုများသည်

နိုင်ငံတကာ အတွေ့အကြုံများ သို့မဟုတ် နိုင်ငံခြားသားပညာရှင်များအားဖြင့် ဖော်ဆောင်နိုင်မည် မဟုတ်ပေ။ မည်သို့ပင်ဆိုစေကာမူ အောက်ပါ စာပိုဒ်များတွင် ဤအစီရင်ခံစာထုတ်ဝေမှုလုပ်ငန်းစဉ် အတွင်းတွေ့ရှိခဲ့ရသည့် ချို့သောအဓိကအကြောင်းအရာများကို ဖော်ပြပြီး အများစုသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် စံများကို လုစ်ဟပြလျက်ရှိပါသည်။

ပထမဆုံးအချက်မှာ ကျား-မရေးရာဆိုင်ရာများတွင် ပိုမိုအကဲဆတ်သည့် မူဝါဒများချမှတ်ခြင်း၊ ရသုံးငွေစာရင်းများနှင့် အလေ့အထများကို မိတ်ဆက်ပေးခြင်းများ ဖြစ်သည်။ ထိုအချက်သည် ပဋိပက္ခဒေသများတွင် လုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်သည်ဟု စွပ်စွဲခံရသည့် ရာဇဝတ်မှုများနှင့် ရဲတပ်ဖွဲ့နှင့် တရားရုံးတို့အနေဖြင့် ကျား-မအခြေခံသောအကြမ်းဖက်မှု နည်းလမ်းပေါင်းစုံမှ အမျိုးသမီးများကို ကာကွယ်ရန်၊ ယင်းတို့၏ စွမ်းဆောင်ရည်နှင့် အဆင်သင့်ဖြစ်မှု အစရှိသည့် လိင်ပိုင်းဆိုင်ရာနှင့် ကျား-မအခြေခံသော အကြမ်းဖက်မှုကဲ့သို့သောကျယ်ပြန့်လွန်းသည့် ပြဿနာများနှင့် အဓိကအားဖြင့် ဆက်စပ်လျက် ရှိပါသည်။ အမျိုးသမီးအဖွဲ့အစည်းများနှင့် တခြားသော အရပ်ဘက်အဖွဲ့အစည်းများမှ အရေးပါ၍ ရေရှည်ထိန်းထားနိုင်သောဖိအားမှာ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့၏ တချို့အစိတ်အပိုင်းများအကြား ထိုကိစ္စရပ်များနှင့် ပတ်သက်သည့် အသိအမြင်ဖွင့်လုပ်ငန်းများအတွက် အဓိကကျသော အခန်းကဏ္ဍတွင်ပါဝင်ပါသည်။ သို့သော် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်းကိုအတည်ပြုနိုင်ခြင်း မရှိသေးပေ။ ယင်းမှာ ဥပမာအားဖြင့် လက်ထပ်ထားသူများ အချင်းချင်းတွင် မုဒိန်းပြုကျင့်ခြင်းသည် တရားဝင်လျက် ရှိနေသေးကြောင်းနှင့် ပဋိပက္ခဒေသများရှိ အမျိုးသမီးများအတွက် အကာအကွယ်ပေးမှု နည်းပါနေသေးကြောင်း အဓိပ္ပာယ်ရသည့်အပြင် သက်ဆိုင်ရာ အာဏာပိုင်များ၏ အလေ့အထများမှာလည်း ကြီးမားသောပြောင်းလဲမှုများရှိမနေသေးသည်ကိုတွေ့ရပါမည်။ လွှတ်တော်အတွင်းနှင့် ဌာနများအတွင်း ကျား-မရေးရာ နိုးကြားသတိရှိမှု ရှိသော ငွေကြေးရာထားမှုများ ရှိခြင်းသည်လည်း ကျား-မအခြေပြုသောပြဿနာများကို လိုအပ်သည့် အလေးပေးလုပ်ဆောင်မှုများ ရှိစေရန် အဓိကကျလျက်ရှိပါသည်။

လုံခြုံရေးတပ်ဖွဲ့များအားလုံးတွင် အမျိုးသမီးများသည် ကိုယ်စားပြုမှု အလွန်နည်းပါး နေခဲ့ပါသည်။ ထိုကဏ္ဍတွင် အမျိုးသမီးများကို ပိုမိုခန့်အပ်လာပြီးထိုလုပ်ငန်းစဉ်သည်ကျား-မညီမျှသော ကိုယ်စားပြုမှုနှင့် ကျား-မရေးရာ နိုးကြားမှု ပိုမိုရှိသောနည်းလမ်းများကို တိုးမြင့်ကောင်းမွန်လာစေရန်တို့အတွက် ဆက်လက်လုပ်ဆောင်ရန် လိုအပ်သည့်ခြေလှမ်းတစ်ခု ဖြစ်ပါသည်။ ထိုနည်းတူ အရေးကြီးသော အရာမှာ ရာထူးတိုးမြင့်ရရှိရန်နှင့် လုံခြုံရေးအုပ်ချုပ်စီမံမှု နယ်ပယ်များ အားလုံးတွင် ပါဝင်နိုင်ရေးတွင် အမျိုးသမီးများ ရင်ဆိုင်ရသော အဟန့်အတားများကို ဖယ်ရှားခြင်း ဖြစ်ပါသည်။ ဆက်စပ်ကာတွေ့ရသည်မှာ လုံခြုံရေးအဖွဲ့အစည်းများတွင် လူနည်းစုဖြစ်သော တိုင်းရင်းသားများနှင့် ဘာသာကိုးကွယ်သူများ၏ ကိုယ်စားပြုမှု နည်းပါးနေသည့်အချက်ဖြစ်ပါသည်။ ဥပမာအားဖြင့် တချို့သောဒေသများတွင်ရဲတပ်ဖွဲ့များအတွင်းဗမာမဟုတ်သောဒေသခံများကို စာရင်းသွင်းခြင်းသည် ဗဟိုဦးစီးစနစ်ဖြေလျှော့သော ဝန်ထမ်းခန့်အပ်ခြင်း အလေ့အထများနှင့် အစိုးရစနစ်အတွင်းရှိ တရားဝင်ပညာရေး အဆင့်အတန်းများ သတ်မှတ်မှု အပေါ်တို့တွင်လည်း မူတည်မည်ဖြစ်သည်။ ထို့အပြင်ဒေသခံ ဘာသာစကားများ အသုံးပြုရန် မိတ်ဆက်ခြင်းတို့ လိုအပ်မည် ဖြစ်ပါသည်။

မြန်မာ့တပ်မတော်သည် ယင်းတို့၏ စွမ်းဆောင်ရည်နှင့် လက်နက်အင်အားများကို ခေတ်မီတိုးတက်လာစေရေးအပေါ် အလေးပေးမှုကို ဆက်လက်အာရုံစိုက်နေသော်လည်း ပြည်တွင်းစစ်ပွဲများတွင် အသုံးပြုနေသော မဟာဗျူဟာများနှင့် စစ်နည်းဗျူဟာများ ခေတ်မီတိုးတက်စေရေးကိုမူ လျစ်လျူရှုထားလျက် ရှိပါသည်။ ကျေးရွာများကို အကြမ်းဖက် မီးရှို့ခြင်းနှင့် လူများနေထိုင်ရာ ကျယ်ပြန့်လှသည့်ဒေသများကို စစ်ဆင်ရေးနယ်မြေများ အဖြစ် သတ်မှတ်ခြင်းတို့သည် ကျယ်ပြန့်သော မတရားပြုကျင့်ခြင်းများသို့ ဦးတည်စေကာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း

အားနည်းစေရန် သို့မဟုတ် အနိုင်ယူရန် အနည်းငယ်သာ လုပ်ဆောင်ခဲ့ပါသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအများစုသည် ပဋိပက္ခအတွက်ခိုင်မာသောအဆုံးသတ်မှုတစ်ခုကိုညှိနှိုင်းဆွေးနွေးခြင်းလုပ်ဆောင်ရန် လိုလားလျက်ရှိကြကာထိုအတွက် စစ်မှန်သော ဖက်ဒရယ်အစိုးရစနစ်တည်ဆောက်နိုင်ရန် အဓိပ္ပာယ်ပြည့်ဝသည့် နိုင်ငံရေးသဘောတူညီချက်များ ရရှိသည်အထိ ပါဝင်ပါသည်။ တစ်ချိန်တည်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို စီးပွားရေးလုပ်ငန်းများအပေါ် အလေးပေး လုပ်ဆောင်ရန် အားပေးလှုံ့ဆော်ခြင်းနှင့် အစိုးရနောက်ခံပြုသော စစ်တပ်များအဖြစ်သို့ အသွင်ပြောင်းရေး မဟာဗျူဟာများသည် တာဝန်ခံမှု တာဝန်ယူမှု အလွန်အားနည်းသောလုံခြုံရေးတပ်ဖွဲ့များ ဖြစ်လာစေကာအများပြည်သူ၏ ချမ်းသာကြွယ်ဝမှုနှင့် အရင်းအမြစ်များကိုအကြမ်းဖက် ထုတ်ယူသုံးစွဲခြင်းများဆီသို့ဦးတည်သွားမည် ဖြစ်ပါသည်။

တပ်မတော်၏ကျင့်ဝတ်များပြုပြင်ပြောင်းလဲမှုပြုလုပ်ခြင်းသည် ထိုတပ်ဖွဲ့များအတွင်းရှိ တန်ဖိုးများနှင့် ကျင့်ဝတ်များအပြင် ယင်းတို့၏ အယူဝါဒများ၊ သင်တန်းနှင့် အဖွဲ့အစည်းဆိုင်ရာ အမူအကျင့်များပြောင်းလဲမှုအပေါ် အလွန်မူတည် နေပါသည်။ ပြည့်စုံသော ဒီမိုကရေစီနိုင်ငံများတွင်ပင်လျှင် ထိုသို့လုပ်ဆောင်နိုင်ရန် အရပ်သားကိုယ်စားလှယ်များက အားပေးလုပ်ဆောင်ရန်မှာ ခက်ခဲလှပါသည်။ စစ်တပ်မှ ယင်း၏ အတွေးအမြင်စနစ်များကိုယင်းတို့၏ တက္ကသိုလ်များတွင် ကိုယ်တိုင်တည်ဆောက်၍ သင်တန်းများပေးရာတွင်လည်း အဖွဲ့အစည်းအတွင်းသာလုပ်ဆောင်လေ့ရှိသောမြန်မာနိုင်ငံတွင် ပိုမိုခက်ခဲနေမည် ဖြစ်သည်။ စစ်တပ်ကိုလူမှုအသိုင်းအဝိုင်း၏ အကျိုးစီးပွားကို အခြေပြုလုပ်ဆောင်သော လုပ်ဆောင်မှုများ ရှိလာစေရန်မှာထိန်းကျောင်းကြီးကြပ်မှု ယန္တရားများအတွင်သာမဟုတ်ဘဲ ခိုင်မာသော အရပ်ဘက်-စစ်ဘက်ဆက်ဆံရေးများ တည်ဆောက်နိုင်ခြင်းအပေါ်တွင်လည်း မူတည်နေပါသည်။ ထိုကဲ့သို့ ခိုင်မာသော အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးရှိမှသာ ရာထူးအဆင့်အားလုံးရှိ စစ်သားများသည် လူမှုအသိုင်းအဝိုင်း၏ တန်ဖိုးများကို ဘုံသဘောတူညီနိုင်ကာ ယင်းတို့၏ နိုင်ငံအား ကိုယ်စားပြုရခြင်းအပေါ် ဂုဏ်ယူနေမည် ဖြစ်သည်။ အစိုးရအတွင်းရှိ အရပ်သားခေါင်းဆောင်များသည် အရပ်ဘက်အဖွဲ့အစည်းများမှစစ်တပ်နှင့် ပူးပေါင်းလုပ်ဆောင်မှုများ၊ ဆွေးနွေးမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ဖြစ်နိုင်ခြေရှိသော အခွင့်အလမ်းများအားလုံးကို ရယူသင့်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် တရားဝင်သတင်းမီဒီယာ၊ လူမှုကွန်ရက်မီဒီယာများ မှတစ်ဆင့် ဘုံဆက်သွယ်မှုများ ပြုလုပ်ရန်နှင့် အရပ်ဘက်-စစ်ဘက်ပူးပေါင်း ပညာရေးနှင့် သင်တန်းများလုပ်ဆောင်သည့် နည်းလမ်းများလည်း အသုံးပြုနိုင်ပါသည်။

ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများသည် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေး၊ ကျန်းမာရေး သို့မဟုတ်ပိုင်ဆိုင်မှုများအပေါ် အမှန်တကယ် ခြိမ်းခြောက်မှုပြုသူများကို ထိန်းသိမ်းနိုင်ရန်အတွက်သော်လည်းကောင်း အပြစ်ကျူးလွန်သူများကို လုံးဝပြစ်ဒဏ်ပေးစီရင်သည့် နည်းလမ်းများထက် အန္တရာယ်လျော့ချလာနိုင်စေရန်နှင့် ပြန်လည်ထူထောင်မှုပြုခြင်းတို့အပေါ် အာဏာပိုင်များ အလေးပေး လုပ်ဆောင်လာစေရန်တို့အတွက် တရားမျှတရေးစနစ်ကို ပြုပြင်ပြောင်းလဲမှုများ ပေါင်းစည်းလုပ်ဆောင်ရန် လိုအပ်လျက် ရှိပါသည်။ ရာဇဝတ်မှုကိုတုံ့ပြန်ခြင်းထက် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ ဖွံ့ဖြိုးရေးနှင့် တခြားသော နည်းလမ်းများအသုံးပြုခြင်းအပြင်ရဲတပ်ဖွဲ့များသည်ဒေသခံပြည်သူများနှင့် နီးကပ်၍ ယုံကြည်ရသော ဆက်ဆံရေးများထိန်းထားနိုင်ခြင်း အစရှိသည့် နည်းလမ်းများအသုံးပြုခြင်းဖြင့် ကြိုတင်ကာကွယ်ခြင်း အပေါ်အလေးပေးမှုသည် အန္တရာယ်လျော့ချရန် အဓိကသော့ချက်လည်း ဖြစ်နေပါသည်။ နိုင်ထက်စီးနင်းဆန်ကာ ‘ကြမ်းတမ်းသော’ လုံခြုံရေးနည်းလမ်းများသည် [တင်းကျပ်သော စောင့်ကြည့်မှုများကိုထည့်တွက်ခြင်း မပြုသေးဘဲ] အစိုးရနှင့် လူမှု

> “ တပ်မတော်၏ ကျင့်ဝတ်များ ပြုပြင်ပြောင်းလဲမှု ပြုလုပ်ခြင်းသည် ထိုတပ်ဖွဲ့များ အတွင်းရှိ တန်ဖိုးများနှင့် ကျင့်ဝတ် များအပြင် ယင်းတို့၏ အယူဝါဒများ၊ သင်တန်းနှင့် အဖွဲ့အစည်းဆိုင်ရာ အမူအကျင့်များ ပြောင်းလဲမှုအပေါ် အလွန်မူတည် နေပါသည်။ ”

အသိုင်းအဝိုင်းများအကြား မယုံကြည်မှုများကိုတိုးမြင့်စေကာ ပြစ်မှုကျူးလွန်သူများကိုလည်း ရာဇဝတ်မှုလုပ်ငန်းများ စက်ဝန်းအတွင်း ပိတ်မိနေစေမည်ဖြစ်သည်။ ရဲလုပ်ငန်းများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ကို ဗဟိုဦးစီးစနစ် လျှော့ချနိုင်ရေးပြုပြင်ပြောင်းလဲမှုများသည် လုံခြုံရေးဆိုင်ရာ မူဝါဒများနှင့် အလေ့အထများသည် အများပြည်သူ၏လိုအပ်မှုများနှင့် စိုးရိမ်မှုများကို ထိရောက်သောတုံ့ပြန်မှုများ လုပ်ဆောင်ရန် ကူညီပေးနိုင်မည်ဖြစ်သည်။

ပြည်ထဲရေး ဝန်ကြီးဌာနသည် ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ သိသာထင်ရှားသည့်ပွင့်လင်းမှုများ ပြသလျက်ရှိကာ အထူးသဖြင့် အမျိုးသားရာဇဝတ်မှု တားဆီးကာကွယ်ရေးမဟာဗျူဟာနှင့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒများကို ရေးသားပြုစုရေး လုပ်ငန်းများနှင့်တခြားလုပ်ငန်းများတွင် သူ၏ ဦးဆောင်မှုအခန်းကဏ္ဍဖြင့် အမှတ်ယူလျက် ရှိပါသည်။ ထိုဝန်ကြီးဌာနသည် အသစ်သော အလေ့အထများနှင့် သဘောတရားများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အေဂျင်စီများထံမှ သင်တန်းများလည်း ရယူခဲ့ပါသည်။ သူသည် အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများတွင်လည်းပါဝင်လျက် ထိုအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်တို့နှင့် အပြန်အလှန် ညှိနှိုင်းဆွေးနွေးခြင်းများ ရှိခဲ့သော်လည်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းနှင့် တိုက်ရိုက်လုပ်ဆောင်မှုများမှာနည်းပါးနေသေးသည်။ ထိုဝန်ကြီးဌာနသည် ပွင့်လင်းမြင်သာမှု၌ ပိုမိုတိုးမြင့် ကောင်းမွန်လာ၍ အကျဉ်းထောင် ပြည့်နှက်နေမှုနှင့် ရဲတပ်ဖွဲ့ဝင်များ ခန့်အပ်ခြင်းကဲ့သို့သော ယင်း၏ လုပ်ငန်းများ၊ ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် ပတ်သက်ကာအများပြည်သူဆိုင်ရာ ကြေညာချက်များအား ပုံမှန်ပြုလုပ်လာခဲ့ပါသည်။

လုံခြုံရေးယဉ်ကျေးမှု ပြောင်းလဲခြင်း၏ အဓိကရည်ရွယ်ချက် တစ်ခုမှာ ထိုကဏ္ဍကို ပိုမိုပွင့်လင်းမြင်သာမှု ရှိစေရန်နှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများလုပ်ဆောင်ရန် ဖြစ်သင့်ပါသည်။ တစ်ခါတစ်ရံအများပြည်သူ မသိရှိစေရန် သတင်း အချက်အလက်များ ထိန်ချန်ထားရန် လက်ခံနိုင်လောက်သည့်အကြောင်းပြချက်များ ရှိနေနိုင်ပြီး ဥပမာအားဖြင့် ဆက်လက်အမှုစစ်ဆေးနေဆဲ ဖြစ်သောတရားရုံးကိစ္စများနှင့် ဆက်စပ်သော အခြေအနေများ သို့မဟုတ် ချပြခြင်းကြောင့် သတင်းရယူမှုအပေါ် ထိခိုက်မှုရှိစေနိုင်သည့် အခြေအနေများအတွက် ဖြစ်နိုင်ခြေရှိမှုအပေါ်တွင် အခြေခံကာဥပဒေများအတွင်း ကောင်းမွန်စွာ အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ထားသင့်ပါသည်။ အများပြည်သူကို လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများ မည်သည့်လုပ်ငန်းများလုပ်ဆောင်နေသနည်းနှင့် လုပ်ရခြင်းအကြောင်းအရင်းတို့ကို သိရှိခွင့်ပေးခြင်းသည် သူတို့အနေဖြင့်အများပြည်သူ၏ အကျိုးစီးပွားအတွက် ဝန်ထမ်းနေသည်ကို သေချာစေမည့် မရှိမဖြစ် အချက်ဖြစ်ပါသည်။ ထိုအချက်သည် လုံခြုံရေးအဖွဲ့အစည်းများအနေဖြင့် ကျင့်ဝတ်များ မည်သို့ချမှတ်လုပ်ဆောင်နေသည်နှင့် အများပြည်သူ၏ ရန်ပုံငွေကို မည်သို့အသုံးပြုနေသည်အစရှိသည်တို့နှင့်ဆက်စပ်လျက်ရှိပါသည်။ ထိုရည်ရွယ်ချက်အပေါ် ဗဟိုပြုလျက်စုံစမ်း ထောက်လှမ်းရေးဌာနများကို ပြုပြင်ပြောင်းလဲရန် လိုအပ်ပါသည်။ ထိုသို့ပြောင်းလဲရာတွင် အာဏာရှင်အုပ်ချုပ်မှု၏ အမွေများဖြစ်သော အများပြည်သူကို စောင့်ကြည့်ခြင်းနှင့် ထင်ပေါ်သော ကွဲလွဲမှုများကို ထိန်းချုပ်ရန် အစရှိသည်တို့ကို ပယ်ဖျက်သွားရန်လည်း ပါဝင်ပါသည်။

အမျိုးသားအဆင့် မဟာဗျူဟာများနှင့် ဥပဒေများ ရေးဆွဲပြုစုရာတွင် အများပြည်သူနှင့် ဆွေးနွေးညှိနှိုင်း တိုင်ပင်ခြင်းသည် အစိတ်အပိုင်း တစ်ခုအဖြစ် ပါဝင်သင့်ပါသည်။ ထိုအလေ့အထကို ဒေသန္တရအဆင့် လုပ်ငန်းများတွင်လည်း ထည့်သွင်းလုပ်ဆောင်သွားသင့်ပါသည်။

ခေါင်းစဉ်များအနေဖြင့် ရဲတပ်ဖွဲ့နှင့် ယင်းတို့အကြားထိတွေ့ဆက်ဆံခြင်း၊ တရားရုံးများမှတစ်ဆင့်တရားမျှတမှုကို ရှာဖွေခြင်းနှင့် အကျဉ်းထောင်မှလွတ်မြောက်လာသော ထောင်ထွက်များကို လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ပေါင်းစည်းစေခြင်းအစရှိသည့် ပြည်သူများ၏ အတွေ့အကြုံများ

ကိုထည့်သွင်း ဆွေးနွေးနိုင်ပါသည်။ ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများသည် အများပြည်သူက စနစ်အသစ်များနှင့်နည်းလမ်းတွင်ပူးပေါင်းလုပ်ဆောင်မှုကိုရရှိစေရန်နှင့် အသစ်သော ဝန်ဆောင်မှုများကိုမည်သို့ အသုံးပြုနိုင်မည်တို့ကို နားလည်လာစေရန်အစရှိသော လက်ခံယုံကြည်မှု ရရှိရေး ကူညီနိုင်မည်ဖြစ်သည်။

## ၆.၃ လုံခြုံရေးကဏ္ဍတွင် အများပြည်သူ၏ ထိန်းကျောင်းကြီးကြပ်စီမံမှုနှင့် လက်တွဲဆောင်ရွက်မှု

နောက်ဆုံးတွင် လုံခြုံရေးကဏ္ဍကို ဒီမိုကရေစီနည်းကျ ဖော်ဆောင်ခြင်းသည် တက်ကြွသော လူမှုနယ်ပယ်တစ်ခုအပေါ်တွင် မူတည်နေပါသည်။ သို့ဖြစ်ရာ တစ်ဦးချင်းစီသော်လည်းကောင်း အဖွဲ့အစည်းများအဖြစ်သော် လည်းကောင်း အစိုးရ၏လွန်ကဲသော ပြစ်ဒဏ်များပေါ် အကြောက်တရားကင်းစွာဖြင့်လုံခြုံရေးကိစ္စရပ်များတွင်ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်မှုတို့ ပါဝင်ပါသည်။ လုံခြုံရေးကဏ္ဍ တစ်ခုလုံးသည် အရပ်ဘက်အဖွဲ့အစည်းများနှင့် အများပြည်သူ၏ အကြံပြုမှုနှင့် ဝေဖန်မှုများကိုပွင့်လင်းစွာတိုးမြင့်ရယူခြင်းမှကြီးမားသော အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ ထပ်ပေါင်းဆိုရသော် ပြုပြင်ပြောင်းလဲမှုများကို လှုံ့ဆော်အားပေးရန်နှင့် ပံ့ပိုးမှုများပြုရန် အစိုးရအဖွဲ့အတွင်း၊ အပြင်နှစ်ရပ်လုံးတွင် လုံခြုံရေးဆိုင်ရာ အရပ်သားပညာရှင်များ လိုအပ်လျက် ရှိပါသည်။ ထို့အပြင် ထိုကဏ္ဍများတွင်တရားဝင်နှင့်အလွတ်သဘောပညာရေး ပိုမိုတိုးတက်ကောင်းမွန်လာရန်လည်း လိုအပ်ပါသည်။

မြန်မာအစိုးရ အဖွဲ့အစည်းများအတွင်း အာဏာရှင်စနစ်စွဲကျန်နေစေသော အဓိက လက္ခဏာတစ်ရပ်မှာ ဝေဖန်မှုများအားလုံးအပေါ် ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှုမြင်ခြင်းနှင့် ဝေဖန်သူများသည်အစိုးရနှင့်ယင်း၏ အဓိကအကျိုးစီးပွားများကို ပျက်စီးစေနိုင်သော အဖျက်အမှောက် ပြုလုပ်သူများအဖြစ် ရှုမြင်ထားခြင်းတို့ ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် ဝေဖန်မှုသူများသည် နိုင်ငံခြားလှုပ်ရှားသူများ၏ အကျိုးလိုလားသူများ သို့မဟုတ် နိုင်ငံခြားအတွေးအခေါ်များဖြင့် အကျင့်ပျက်နေသူများအဖြစ် သံသယဖြစ် ခံကြရပါသည်။

NLD အာဏာရလာပြီးနောက်တွင် လူမှုနယ်ပယ်သည် အသစ်သော ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်လာရပါသည်။ အထူးသဖြင့် ဝေဖန်မှုများကြောင့်လုံခြုံရေးတပ်ဖွဲ့၏ အဖွဲ့ဝင်များအပေါ်အသရေဖျက်မှုဆိုင်ရာ တရားစွဲဆိုခြင်းနှင့် ဆက်စပ်နေပါသည်။ NLD ဦးဆောင်သော အစိုးရသည် ယင်း၏တရားစီရင်ရေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်မှတစ်ဆင့် ထိုကဲ့သို့သော အမှုအခင်းများကို ပြည်ထောင်စု ရှေ့နေချုပ်ရုံး လက်အောက်ရှိ ပြည်သူ့ရှေ့နေများမှ အများပြည်သူ၏ အကျိုးစီးပွားကိုအခြေခံ၍ မှန်ကန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရေးလုပ်ဆောင်ရန် အခွင့်အလမ်းများ ရှိနေပါသည်။ ထို့အပြင် တရားသူကြီးများအနေဖြင့် စစ်တပ် သို့မဟုတ် အစိုးရအရာရှိများ၏ အချက်ပြမှုကို စောင့်ကြည့်ခြင်းထက် ဥပဒေများအပေါ်သူတို့၏ အဓိပ္ပာယ်ဖွင့်ဆိုမှုအပေါ်သာ လုံးလုံးအခြေခံသည့် လွတ်လပ်၍ဘက်လိုက်မှုကင်းသော ဆုံးဖြတ်ချက်များကို ချမှတ်သင့်ပါသည်။

အမှန်စင်စစ် ဝေဖန်မှုများသည် အပြုသဘောဆောင်ကာ လူမှုအသိုင်းအဝိုင်းများအကြားတည်ရှိနေသော အမျိုးစုံလင်ကွဲပြားမှု၏ လိုအပ်ချက်များအရ လိုက်လျောညီထွေမှု ရှိစေသည့် ပိုမိုထိရောက်သော အစိုးရတစ်ရပ် တည်ဆောက်ရန် ထိုဝေဖန်မှုများကို ခိုင်မာသော ဒီမိုကရေစီအဖွဲ့အစည်းများကအသုံးပြုနိုင်ပါသည်။ ကဏ္ဍများအားလုံးအတွက် လူ့စွမ်းအား၊ ငွေကြေးနှင့် အချိန်အစရှိသည့်အစိုးရ၏ အရင်းအမြစ်များသည် နည်းပါးလျက်ရှိပါသည်။ အရပ်ဘက် အဖွဲ့အစည်းများ၏ သုတေသနနှင့် အရေးဆို တင်ပြမှုများသည် ဥပမာအားဖြင့် အရေးပါသော အချက်အလက်များကို ပံ့ပိုးနိုင်ခြင်းနှင့် ပိုမိုကောင်းမွန်သော မူဝါဒများ

ရရှိရန် အစရှိတို့ကို ကူညီပံ့ပိုးနိုင်မည် ဖြစ်သည်။ ပညာရှင်များ၏ သဘောထားများကို ပူးပေါင်းလုပ်ဆောင်ခြင်းဆိုင်ရာ တရားဝင် ယန္တရားများမှတစ်ဆင့်ပိုမို စနစ်ကျစွာ တောင်းဆိုနိုင်မည် ဖြစ်ပါသည်။

အရပ်ဘက်အဖွဲ့အစည်းများသည် လုံခြုံရေးယဉ်ကျေးမှု (နှင့် အုပ်ချုပ်စီမံမှု၏ ကျယ်ပြန့်သောယဉ်ကျေးမှု) တွင် ပြောင်းလဲမှုများ ရရှိရေး ကြိုးပမ်းမှုများတွင် ရှေ့တန်းမှ ရှိနေကာ ယင်းတို့သည်ဆက်လက် တည်ရှိနေမည်လည်း ဖြစ်ပါသည်။ အရပ်ဘက်အဖွဲ့အစည်းများသည် မူးယစ်ဆေးဝါးဆိုင်ရာနှင့် ထိခိုက်မှုလျှော့ချခြင်း၊ ပြစ်ဒဏ်ဥပဒေကိုပြုပြင် ပြောင်းလဲခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တိုက်ဖျက်ခြင်းနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်ခြင်း အစရှိသောလုပ်ငန်းများတွင် အဓိကလုပ်ဆောင်လျက်ရှိပါသည်။ ယင်းတို့သည် ပဋိပက္ခဒေသများရှိ အစိုးရ လုံခြုံရေးတပ်ဖွဲ့များ၏ လုပ်ငန်းများအပါအဝင်လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် တခြားသောပြဿနာများအပေါ် မှတ်တမ်းတင်ခြင်း လုပ်ငန်းများကိုလည်း အချိန်ကြာမြင့်စွာ လုပ်ဆောင်လာခဲ့ကြသူများ ဖြစ်ပါသည်။ အရပ်ဘက်အဖွဲ့အစည်းများသည် လိင်ပိုင်းဆိုင်ရာ မတရားပြုကျင့်မှုများ သို့မဟုတ် တရားမျှတမှု လက်လှမ်းမီရရှိရန် ရာဇဝတ်မှုများမှ လွတ်မြောက်လာသူများကို တိုက်ရိုက်ကူညီခြင်းနှင့် ပြည်သူများ တရားမျှတမှု ရရှိစေရေး စသည့်လုပ်ငန်းများကို လုပ်ဆောင်ကြပါသည်။ ထို့အပြင် ယင်းတို့၏ စိုးရိမ်မှုများအတွက် သတင်းပို့နိုင်ရေး လမ်းကြောင်းများကို သိမြင်လာစေရန် အသိအမြင် ဖွင့်အစီအစဉ်များကို ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်လာခဲ့ပါသည်။ လူမှုအဖွဲ့အစည်းများအနေဖြင့် အခြားသော ပညာရေးဆိုင်ရာ လမ်းကြောင်းများကို ပံ့ပိုးပေးခြင်းဖြင့် လူငယ်များအတွက် လူ့အခွင့်အရေး၊ တရားမျှတမှုဆိုင်ရာ ကိစ္စရပ်များနှင့် အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးကဲ့သို့သော ခေါင်းစဉ်များကို လေ့လာနိုင်ရန် အခွင့်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံရှိ တရားဝင်ပညာရေးသည် အရပ်ဘက်-စစ်ဘက်ရေးရာ ကိစ္စများ၊ အမျိုးသားလုံခြုံရေး၊ စစ်ရေးမဟာဗျူဟာများနှင့် တခြားသော အရေးပါသည့် အခေါင်းစဉ်များတွင် ပိုမိုတိုးမြင့်လာခဲ့ပါသည်။ ထိုဘာသာရပ်များသည် ရုံးထိုင်လျက်ရှိသောလွှတ်တော် ကိုယ်စားလှယ်များနှင့် အစိုးရအရာရှိများကို အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဆိုင်ရာ ရေရှည်ရည်မှန်းချက်များကို ကြီးမားစွာ ပံ့ပိုးမှုပြုမည် ဖြစ်ပါသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် စစ်တပ်၏ အခွင့်အာဏာထက် ကျော်လွန်ကာ စစ်တပ်ရေးရာကိစ္စများနှင့် ပတ်သက်၍ အရပ်သားများ၏ စွမ်းဆောင်ရည် မရှိခြင်းက လုံခြုံရေးကဏ္ဍအပေါ် ပိုမိုလွှမ်းမိုးမှုပြုနိုင်ရန် အဟန့်အတား ဖြစ်စေပါသည်။ ထိုသို့ဖြစ်ရခြင်းသည် ရေရှည်စိန်ခေါ်မှုတစ်ခု ဖြစ်နေမည်ဖြစ်သော်လည်း နောင်လာမည့် မျိုးဆက်တွင်အစိုးရအတွင်း လုံခြုံရေးဆိုင်ရာ ပညာရှင်များ စုစည်းပါဝင်စေခြင်းသည် ဩဇာလွှမ်းမိုးသော ယဉ်ကျေးမှုများနှင့် အလေ့အထများကို ပြောင်းလဲနိုင်လိမ့်မည်ဖြစ်သည်။ မူဝါဒရေးရာ လေ့လာရေး အဖွဲ့များသည် လုံခြုံရေးနှင့် တရားမျှတရေး မူဝါဒများကို သက်သေအထောက်အထားများ အသုံးပြုကာ ရေးသားပြုစုနိုင်မှုကို အားပေးမြှင့်တင်ခြင်း လုပ်ငန်းတွင်အဓိကကျ၍ ပြည့်စုံစေမည့် အခန်းကဏ္ဍမှ ဆောင်ရွက်နေပါသည်။ ထိုလုပ်ငန်းစဉ်များက အစိုးရ၏ဟောင်းနွမ်းသော အတွေးအခေါ်များနှင့် အရိုးစွဲနေသည့် အလေ့အထများမှ ဖယ်ခွာနိုင်ရန်နှင့် ပိုမိုထိရောက်သည့် အသစ်သော နည်းလမ်းများ အသုံးပြုလာနိုင်ရေး တို့အပေါ် အားပေးမှုပြုပါသည်။

လွတ်လပ်သော သတင်းမီဒီယာလွှမ်းခြုံမှုသည်ဒီမိုကရေစီကျ၍ တာဝန်ယူမှု တာဝန်ခံမှုရှိသောလုံခြုံရေးကဏ္ဍ တည်ဆောက်ရေးတွင် လိုအပ်လျက် ရှိပါသည်။ ပညာရှိဆန်ဆန် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် မဲပေးသူများအနေဖြင့် အစိုးရက မည်သည့်လုပ်ငန်းများ လုပ်ဆောင်နေသနည်း၊ ငွေကြေးများကို မည်သို့သုံးနေသနည်း၊ ပဋိပက္ခများကို မည်သို့ တိုက်ခိုက်နေသနည်းနှင့် ရာဇဝတ်မှုများကို မည်သို့ကိုင်တွယ် ဖြေရှင်းနေသနည်း အစရှိသည်တို့ကို သိရှိရန် လိုအပ်ပါသည်။

ထို့အပြင် ပြည်သူများသည် သူတို့၏ အခွန်ငွေများကိုမည်သို့ အသုံးပြုနေသနည်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သူတို့နေထိုင်ရာဒေသများတွင် မည်သည့်လုပ်ငန်းများ ဆောင်ရွက်နေသနည်း သို့မဟုတ် မည်သည့် အစီအစဉ်များ စီစဉ်ဆောင်ရွက်နေသနည်း အစရှိသည်တို့ကိုလည်း သိရှိသင့်ပါသည်။ သတင်းမီဒီယာလွှမ်းခြုံမှုသည် ရာဇဝတ်မှုများတားဆီးကာကွယ်ရေးသို့မဟုတ် အမှုများနှင့် ပတ်သက်သောသက်သေအထောက်အထားများ ကောက်ယူခြင်းလုပ်ငန်းများ ကဲ့သို့သော အစိုးရ၏ ပဏာမခြေလှမ်းများတွင် အများပြည်သူ၏ ပူးပေါင်း လုပ်ဆောင်မှုများ ကျယ်ပြန့်စွာရရှိစေရန် လှုံ့ဆော်ပေးနိုင်ပါသည်။ သတင်းမီဒီယာဝေဖန်မှုကို အစိုးရနှင့်ပါတီများက ကောင်းစွာစီမံနိုင်ပါက ထိုအချက်သည် လူထုဆက်ဆံရေး ပိုမိုကောင်းမွန်စေနိုင်သည့်အပြင် အနာဂတ်တွင် ပိုမိုကောင်းမွန်သောမူဝါဒများ ရေးသားပြုစုနိုင်ရေးအတွက် ကူညီနိုင်မည်ဖြစ်သည်။

ဤအစီရင်ခံစာသည် ဒီမိုကရေစီနည်းကျ ၍တာဝန်ခံမှု တာဝန်ယူမှုကောင်းကာ ထိရောက်သည့် လုံခြုံရေးနှင့် တရားမျှတရေး ကဏ္ဍများ တိုးမြင့်ဖြစ်ပေါ်လာမှုကို ရေရှည်တည်တံ့မှုရှိစေရန် ဖော်ဆောင်လျက်ရှိသည့် မြန်မာ့လုံခြုံရေး ကဏ္ဍ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွင် ပါဝင်သည့်အစိုးရဌာနများနှင့် လွတ်လပ်သော အဖွဲ့အစည်းများကို ပံ့ပိုးမှု ပြုနိုင်ရန် မျှော်လင့်ပါသည်။ Saferworld ၏အနာဂတ် သုတေသနနှင့် လုပ်ငန်းအစီအစဉ်များသည် ထိုကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးနိုင်ရန်ဆက်လက် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

## မှတ်ချက်

618 Egreteau (2016), op. cit. p.3.

# နောက်ဆက်တွဲ (၁)

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များအရ လုံခြုံရေးနှင့် တရားမျှတရေးဆိုင်ရာ အဖွဲ့အစည်းများကို ထိန်းချုပ်ထားခြင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြင်ဆင်ပြောင်းလဲရန် အဆိုတင်သွင်းထားသော အချက်များ။

| ကဏ္ဍ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်ဆိုင်သော အချက်များ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြင်ဆင်ရန် အကြံပြုချက်များ |
|---|---|---|
| **နိုင်ငံရေး** | ပုဒ် မ ၁၀၉ (ခ) နှင့် ပုဒ်မ ၁၄၁ (ခ) တို့သည် ပြည်ထောင်စုလွှတ်တော်တွင် တပ်မတော် ၂၅ ရာခိုင်နှုန်း နေရာယူမှုအတွက် ခွင့်ပြုပေးထားပါသည်။ | ပုဒ်မ ၁၀၉ (ခ) နှင့် ၁၄၁ (ခ) တို့တွင် လာမည့် ရွေး ကောက်ပွဲ (၃) ကြိမ်တွင် အမျိုးသားလွှတ်တော်မှ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များကို ၂၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်း၊ ထိုမှ ၁၀ ရာခိုင်နှုန်းနှင့် နောက်ဆုံးတွင် ၅ ရာခိုင်နှုန်းအထိ လျော့ချသွားရန် အဆိုပြုခဲ့ပါသည်။ |
| | ပုဒ်မ ၁၇ (ခ)၊ ၂၃၂ (ခ)(၂)၊ ၂၃၂ (ခ) (၃)၊ ၂၃၂ (ည) (၂)၊ ၂၃၄ (ခ) နှင့် ၂၃၄ (ဂ) များက ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများမှ ဝန်ကြီးများအတွက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က နာမည်စာရင်းတင်သွင်းခွင့် ရှိပါသည်။ ဝန်ကြီးအဖြစ် ခန့်အပ်ခံရသော တပ်မတော်သားများသည်လည်း တပ်မတော်သားများအဖြစ် ဆက်လက်တည်ရှိနေရမည် ဖြစ်သည်။ | တပ်မတော်သားများကို အုပ်ချုပ်ရေးပိုင်းတွင် တရားဝင် တာဝန်ထမ်းဆောင်ခွင့်ပြုထားသော ပုဒ်မ ၁၇ (ခ) ကို ပယ်ဖျက်ရန်သော်လည်းကောင်း၊ ပုဒ်မ ၂၃၂ (ည) (၃)၏ ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်ထားခြင်းခံရသော တပ်မတော်သားများသည် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တပ်မတော်မှ အငြိမ်းစားယူရန် အကြံပြုထားပါသည်။ အမည်စာရင်းတင်သွင်းခြင်းနှင့် ဆိုင်သော ပုဒ်မ ၂၃၂ (ခ)(၂)၊ ၂၃၄ (ခ) နှင့် ၂၃၄ (ဂ) များ အတွက်မူ အကြံပြုခြင်းနှင့် ပြင်ဆင်ရန် အဆိုတင်သွင်း ခြင်းများ မရှိပေ။ |
| | ပုဒ်မ ၄၃၆ က အခြေခံဥပဒေကို ပြင်ဆင်လိုလျှင် ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်၏ သဘောတူညီမှု ကို ရယူရမည်ဖြစ်သည် (ထိုအချက်သည် တပ်မတော်အား ဗီတိုအာဏာ ကို ပေးထားပါသည်)။ | ပုဒ်မ ၄၃၆ က အခြေခံဥပဒေကို ပြင်ဆင်လိုလျှင် လိုအပ်သော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ဦးရေကို သုံးပုံနှစ်ပုံအထိ လျော့ချရန် အကြံပြုခဲ့ပါသည်။ ထိုအချက်သည် တပ်မတော်၏ ဗီတိုအာဏာကို ဖယ်ရှားလိုက်ပါသည်။ |

| ကဏ္ဍ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဌာန်းချက်များနှင့်ဆိုင်သော အချက်များ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြင်ဆင်ရန် အကြံပြုချက်များ |
|---|---|---|
| **လက်နက်ကိုင် တပ်ဖွဲ့ များ** | ပုဒ်မ ၂၀ (ခ) က "တပ်မတော်သည် တပ်ပိုင်း ဆိုင်ရာ ကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့် ရှိသည်" ဟု ဖော်ပြထားပါသည်။ | အကြံပြုခြင်းနှင့် ပြင်ဆင်ရန် အဆိုတင်သွင်းခြင်း မရှိပေ။ |
| | ပုဒ်မ ၂၀ (ဂ) နှင့် ၃၃၈ များက လက်နက်ကိုင် အဖွဲ့အစည်းအားလုံးသည် တပ်မတော်နှင့် ကာကွယ်ရေးဦးစီးချုပ်၏ ကွက်ကဲမှု အောက်တွင် ထားရှိပါသည်။ | ပုဒ်မ ၂၀ (ဂ) နှင့် ၃၃၈ များကို ပယ်ဖျက်ရန်။ |
| | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပုဒ်မ ၂၀ (ခ)၊ ၂၉၃ နှင့် ၃၁၉ တို့တွင် တပ်မတော်သည် တပ်ပိုင်းဆိုင်ရာနှင့် ဆိုင်သော တရားရေးကိစ္စများ နှင့် ပတ်သက် ၍လွတ်လပ်စွာ စီရင်ဆောင်ရွက်ပိုင်ခွင့်ကို ရရှိထားပါသည်။ စစ်ဘက်ဆိုင်ရာတရားရုံး များကို တပ်မတော်သားများအတွက် တရားစီရင်ရန် တည်ထောင်ခွင့် ရရှိထားပြီး စွဲချက်များအတွက် ကာကွယ်ရေးဦးစီးချုပ် စီရင်ဆုံးဖြတ်ချက်သည် နောက်ဆုံးအဆင့် ဖြစ်ပါသည်။ | ပုဒ်မ ၃၁၉ ကို "စစ်ဘက်ဆိုင်ရာတရားရုံး များကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် စစ်ဘက်ဆိုင်ရာ ဥပဒေအရ ဖွဲ့စည်း၍ တပ်မတော်သားများအတွက် တရားစီရင်ရမည်" ဟုအကြံပြုထားပါ သည်။ (ယခင်က နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အခြား ဥပဒေများဟု ဖော်ပြထားပါသည်)။ |
| | ပုဒ်မ ၃၃၉ က 'နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်' ဟု ပါရှိ ပါသည်။ | ပုဒ်မ ၃၃၉ ကို ပယ်ဖျက်ရန်။ |
| **ရဲတပ်ဖွဲ့** | ပုဒ်မ ၂၀ (ဂ) နှင့် ၃၃၈ က လက်နက်ကိုင် တပ်ဖွဲ့အားလုံးကို တပ်မတော် နှင့် စစ်ဦးစီးချုပ်လက်အောက်တွင် ထားရှိပါသည်။ ထို့ကြောင့် ရဲတပ်ဖွဲ့ကို လည်း ယင်းတို့အောက် တွင် ထားရှိသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုလေ့ရှိပြီး ယင်းတပ်ဖွဲ့ကို အရပ်သားဦးဆောင်မှုအောက် သို့ပြောင်းရွှေ့ရန် အဟန့်အတားပြုနိုင်ပါသည်။ ယင်းကို ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောင်းရွှေ့ ခြင်း သို့မဟုတ် အခြားဝန်ကြီးဌာနကို ရွေးချယ်ပြောင်းရွှေ့ခြင်းများလည်း အတွက်လည်း အဟန့်အတားဖြစ်နိုင်ပါသည်။ | ပုပ်မ ၂၀ (ဂ) နှင့် ၃၃၈ များကို ပယ်ဖျက်ရန်။ |

| ကဏ္ဍ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဌာန်းချက်များနှင့်ဆိုင်သော အချက်များ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြင်ဆင်ရန် အကြံပြုချက်များ |
|---|---|---|
| **ရဲတပ်ဖွဲ့** | လက်ရှိ လုပ်ထုံးလုပ်နည်းအရ (အခြေခံဥပဒေအရ မဟုတ်) ရဲတပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင် ရှိပါသည်။ ပုဒ်မ ၁၇ (ခ)၊ ၂၃၂ (ခ)(၂)၊ ၂၃၂ (ခ) (၃)၊ ၂၃၂ (ည) (၂)၊ ၂၃၄ (ခ) နှင့် ၂၃၄ (ဂ) များအရ  ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နာမည်စာရင်းတင်သွင်းခွင့် ရှိပါသည်။ ဝန်ကြီးအဖြစ်ခန့်အပ်ခံရသော တပ်မတော်သားများသည်လည်း တပ်မတော်သားများအဖြစ် ဆက်လက်တည်ရှိနေမည်ရဖြစ်သည်။ | တပ်မတော်သားများကို အုပ်ချုပ်ရေးပိုင်းတွင်တရားဝင် တာဝန်ထမ်းဆောင်ခွင့်ပြုထားသော ပုဒ်မ ၁၇ (ခ) ကို ပယ်ဖျက်ရန် သော်လည်းကောင်း၊ ပုဒ်မ ၂၃၂ (ည) (၃) ၏ ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်ထားခြင်းခံရသော တပ်မတော်သားများသည် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှ စ၍ တပ်မတော်မှ အငြိမ်းစားယူရန် အကြံပြုထားပါသည်။ အမည်စာရင်းတင်သွင်းခြင်းနှင့် ဆိုင်သော ပုဒ်မ ၂၃၂ (ခ)(၂)၊ ၂၃၄ (ခ) နှင့် ၂၃၄ (ဂ) များ အတွက်မူ အကြံပြုခြင်းနှင့် ပြင်ဆင်ရန် အဆိုတင်သွင်းခြင်းများ မရှိပေ။ |
| **တရားစီရင်ရေး** | တရားစီရင်ရေး လွတ်လပ်မှုကို အခြေခံဥပဒေ ပုဒ်မ ၁၉ တွင် အခြား ပြည်ထောင်စု၏ အခြေခံမူများနှင့်အတူ အလေးအနက် ဖော်ပြထား သည်။ | ပြင်ဆင်ရန် အကြံပြုခြင်း မရှိပေ။ |
| **ထောက်လှမ်းရေး** | ပုဒ်မ ၂၀ (ဂ) နှင့် ၃၃၈ က “လက်နက်ကိုင်တပ်ဖွဲ့အားလုံးကို တပ်မတော်နှင့် စစ်ဦးစီးချုပ်လက်အောက်တွင် ထားရှိပါသည်။ ထို့ကြောင့် ထောက်လှမ်းရေးတပ်ဖွဲ့ကို တည်ထောင်ရန် သို့မဟုတ် လက်ရှိတည်ရှိနေသော ထောက်လှမ်းရေးတပ်ဖွဲ့ကို အရပ်သားထိန်းချုပ်မှုအောက်သို့ ရွှေ့ပြောင်း ရန် အားထုတ်မှုများသည် အဟန့်အတားပြုမှုများ ခံရနိုင်ပါသည်။ | တပ်မတော်သားများကို အုပ်ချုပ်ရေးပိုင်းတွင်တရားဝင် တာဝန်ထမ်းဆောင်ခွင့်ပြုထားသော ပုဒ်မ ၁၇ (ခ) ကိုပယ်ဖျက်ရန် သော်လည်းကောင်း၊ ပုဒ်မ ၂၃၂ (ည) (၃) ၏ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်ထားခြင်းခံရသော တပ်မတော်သားများသည် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှ စ၍ တပ်မတော်မှ အငြိမ်းစားယူရန် အကြံပြုထားပါသည်။ အမည်စာရင်းတင်သွင်းခြင်း နှင့်ဆိုင်သော ပုဒ်မ ၂၃၂ (ခ)(၂)၊ ၂၃၄ (ခ) နှင့် ၂၃၄ (ဂ) များအတွက်မူ အကြံပြုခြင်းနှင့် ပြင်ဆင်ရန်အဆိုတင် သွင်းခြင်းများ မရှိပေ။ |

| ကဏ္ဍ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်ဆိုင်သော အချက်များ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြင်ဆင်ရန် အကြံပြုချက်များ |
|---|---|---|
| **ထောက်လှမ်းရေး** | လက်ရှိလုပ်ထုံးလုပ်နည်းအရ (အခြေခံဥပဒေအရ မဟုတ်) ထောက်လှမ်းရေးတပ်ဖွဲ့သည်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံးအောက်တွင်ရှိပါသည်။ ပုဒ်မ ၂၀ (ခ)က 'တပ်မတော်သည် တပ်ပိုင်းဆိုင်ရာ ကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့် ရှိသည်' ဟု ဖော်ပြထားပါသည်။ ဤအချက်သည် ထောက်လှမ်းရေးတပ်ဖွဲ့အပေါ် အရပ်သားများ ဝင်ရောက်စွက်ဖက်မှုကို ကြိုတင်ကာကွယ်ထားပါသည်။ | ပြင်ဆင်ရန် အကြံပြုခြင်း မရှိပေ။ |
| | လက်ရှိလုပ်ထုံးလုပ်နည်းအရ (အခြေခံဥပဒေအရ မဟုတ်) အထူးစုံစမ်း စစ်ဆေးရေး ဦးစီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင်ရှိပြီး အထူးသတင်းတပ်ဖွဲ့သည် ရဲတပ်ဖွဲ့အောက်တွင် ရှိပါသည်။ ပုဒ်မ ၁၇ (ခ)၊ ၂၃၂ (ခ)(၂)၊ ၂၃၂ (ခ) (၃)၊ ၂၃၂ (ည) (၂)၊ ၂၃၄ (ခ) နှင့် ၂၃၄ (ဂ) များ အရ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နာမည်စာရင်းတင်သွင်းခွင့် ရှိပါသည်။ ဝန်ကြီးအဖြစ်ခန့်အပ်ခံရသော တပ်မတော်သားများသည်လည်း  တပ်မတော်သားများအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်သည်။ | တပ်မတော်သားများကို အုပ်ချုပ်ရေးပိုင်းတွင် တရားဝင် တာဝန်ထမ်းဆောင်ခွင့် ပြုထားသော ပုဒ်မ ၁၇ (ခ) ကို ပယ်ဖျက်ရန်သော်လည်းကောင်း၊ ပုဒ်မ ၂၃၂ (ည) (၃) ၏  ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်ထားခြင်းခံရသော တပ်မတော်သားများသည် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှ စ၍ တပ်မတော်မှ အငြိမ်းစားယူရန် အကြံပြုထားပါသည်။ အမည်စာရင်းတင်သွင်းခြင်းနှင့် ဆိုင်သော ပုဒ်မ ၂၃၂ (ခ)(၂)၊ ၂၃၄ (ခ) နှင့် ၂၃၄ (ဂ) များ အတွက်မူ အကြံပြုခြင်းနှင့် ပြင်ဆင်ရန် အဆိုတင်သွင်း ခြင်းများ မရှိပေ။ |

| ကဏ္ဍ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်ဆိုင်သော အချက်များ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြင်ဆင်ရန် အကြံပြုချက်များ |
|---|---|---|
| **အကျဉ်းဦးစီး** | လက်ရှိလုပ်ထုံးလုပ်နည်းအရ (အခြေခံဥပဒေအရ မဟုတ်) အကျဉ်းဦးစီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင် ရှိပါသည်။ ပုဒ်မ ၁၇ (ခ)၊ ၂၃၂ (ခ)(၂)၊ ၂၃၂ (ခ) (၃)၊ ၂၃၂ (ည) (၂)၊ ၂၃၄ (ခ) နှင့် ၂၃၄ (ဂ) များအရ  ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က နာမည်စရင်းတင်သွင်းခွင့် ရှိပါသည်။ ဝန်ကြီးအဖြစ် ခန့်အပ်ခံရသော တပ်မတော်သားများသည်လည်း တပ်မတော်သားများအဖြစ် ဆက်လက်တည်ရှိနေမည်ရဖြစ်သည်။ | တပ်မတော်သားများကို အုပ်ချုပ်ရေးပိုင်းတွင်တရားဝင် တာဝန်ထမ်းဆောင်ခွင့်ပြုထားသော ပုဒ်မ ၁၇ (ခ)ကို ပယ်ဖျက်ရန် သော်လည်းကောင်း၊ ပုဒ်မ ၂၃၂ (ည) (၃)၏  ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်ထားခြင်းခံရသော တပ်မတော်သားများသည် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှ စ၍ တပ်မတော်မှ အငြိမ်းစားယူရန် အကြံပြုထားပါသည်။ အမည်စာရင်းတင်သွင်းခြင်း နှင့်ဆိုင်သော ပုဒ်မ  ၂၃၂ (ခ) (၂)၊ ၂၃၄ (ခ) နှင့် ၂၃၄ (ဂ) များအတွက်မူ အကြံပြုခြင်းနှင့် ပြင်ဆင်ရန်အဆိုတင် သွင်းခြင်းများ မရှိပေ။ |
| | အကျဉ်းဦးစီးဌာနကို ကာကွယ်ရေးစစ်ဦးစီးချုပ်၏ စီမံကွပ်ကဲမှုအောက်မှ ဖယ်ရှားရန် အခြေခံဥပဒေ၏ ပုဒ်မများတွင် မရှိသောကြောင့် ထိုဌာနကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို အခြားဝန်ကြီးဌာနသို့ ပြောင်းရွှေ့ နိုင်သကဲ့သို့ ပြောင်းရွှေ့နိုင်မည်ဟု ယူဆရပါသည်။ | ပြင်ဆင်ရန် အကြံပြုခြင်း မရှိပေ။ |
| **အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ** | ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၁ ကအမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ဖွဲ့စည်းခွင့် ပြုထားပါသည်။ ထိုကောင်စီ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ပါဝင်မည့်သူများကို တိတိကျကျ ဖော်ပြထားပြီး ထိုအဖွဲ့တွင် ဒီမိုကရေစီနည်းလမ်းအရ ရွေးကောက်ခံ ကိုယ်စားလှယ် (၅) ဦး၊ တပ်မတော်အရာရှိ (၅) ဦးနှင့် တပ်မတော်က ခန့်အပ်ထားသည့် ဒုတိယ သမ္မတတို့ ပါဝင်ပါသည်။ ယင်းတို့မှာ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ ဒုတိယ သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဒုတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေး ဝန်ကြီးဌာနဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီး ဌာနဝန်ကြီးတို့ ဖြစ်ပါသည်။ | ပုဒ်မ ၂၀၁ တွင် လက်ရှိပါဝင်သူများမှ နယ်စပ်ရေးရာ ဝန်ကြီးဌာနဝန်ကြီးကို ဖယ်ရှားရန်သော်လည်းကောင်း ပြည်သူ့လွှတ်တော်ဒုဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုဥက္ကဋ္ဌတို့ကို ပေါင်းထည့်ရန် အကြံပြုခဲ့ပါသည်။ |

| ကဏ္ဍ | ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်ဆိုင်သော အချက်များ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြင်ဆင်ရန် အကြံပြုချက်များ |
|---|---|---|
| **လွှတ်တော်ဆိုင်ရာ အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီ** | ပုဒ်မ ၁၁၅ (ခ) က ပြည်ထောင်စုလွှတ်တော်၏ လွှတ်တော်နှစ်ရပ်လုံးကို 'ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စများကိုလည်းကောင်း၊ တပ်မတော်ဆိုင်ရာ ကိစ္စများကိုလည်းကောင်း လေ့လာတင်ပြစေရန် အကြောင်းပေါ်ပေါက်ပါက' ပြည်သူ့လွှတ်တော်သည် ကာကွယ်ရေး နှင့် လုံခြုံရေးကော်မတီကို ဖွဲ့စည်းခွင့် ပြုထားပါသည်။ ထိုကော်မတီတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် အပြင် တခြားကိုယ်စားလှယ်များလည်း ပါဝင်နိုင်ပါသည်။ | ပုဒ်မ ၁၁၅ ကို ပယ်ဖျက်ရန်။ (ထိုအချက်သည် ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီကို သာမန်အရပ်သား လွှတ်တော်ကိုယ်စားလှယ်များ လုပ်ထုံးလုပ်နည်းအောက်သို့ ယူဆောင်လာနိုင်ပါသည်။ |
| **ကမ်းခြေစောင့်တပ်** | ယင်းနှင့်ဆိုင်သော ပုဒ်မများ မရှိပေ။ လက်ရှိတွင် ကမ်းခြေစောင့်တပ် မရှိသော်လည်း ယင်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အောက်တွင် ထားရှိရန် အဆိုတင်သွင်းထားပါသည်။ ပုဒ်မ ၂၀ (ဂ) နှင့် ၃၃၈ က လက်နက်ကိုင် တပ်ဖွဲ့အားလုံးကို တပ်မတော်နှင့် စစ်ဦးစီးချုပ် လက်အောက်တွင် ထားရှိပါသည်။ ထို့ကြောင့် ကမ်းခြေစောင့်တပ်ကို အရပ်သား ထိန်းချုပ်မှု အောက်တွင် တည်ထောင်ရန် အဟန့်အတား ပြုမှုများ ခံရနိုင်ပါသည်။ | ပုဒ်မ ၂၀ (ဂ) နှင့် ၃၃၈ များကို ပယ်ဖျက်ရန်။ |

## Saferworld အကြောင်း

Saferworld သည် အကြမ်းဖက်မှုနှင့် ပဋိပက္ခများအား လျော့ချကာကွယ်
ရန်နှင့် ပိုမိုလုံခြုံသော ဘဝများ တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်များဖြင့်
လုပ်ငန်းများ လုပ်ဆောင်နေသော လွတ်လပ်သည့် နိုင်ငံတကာအဖွဲ့
အစည်းတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့အဖွဲ့အနေဖြင့် ပဋိပက္ခများ ခံစားနေရ
သောဒေသခံပြည်သူများနှင့်အတူ လက်တွဲပြီး ၎င်းတို့၏ဘဝ ပိုမိုဘေးကင်း
စေရန်နှင့် လုံခြုံမှုအား ခံစားလာစေရန် လုပ်ငန်းများ၊ ကျယ်ပြန့်လှသော
သုတေသနလုပ်ငန်းများနှင့် ဆန်းစစ်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ပါသည်။
၎င်းသုတေသနလုပ်ငန်းများနှင့် အကဲဖြတ်ဆန်းစစ်ခြင်းများမှ ရရှိလာသော
လေ့လာတွေ့ရှိချက်များအား အသုံးပြုပြီး ဒေသတွင်းသော်လည်းကောင်း၊
နိုင်ငံနှင့် နိုင်ငံတကာမှ မူဝါဒများနှင့် အလေ့အကျင့်များအား တိုးတက်
ကောင်းမွန်လုပ်ဆောင်ခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး
ကိုဖော်ဆောင်နေပါသည်။ ကျွန်ုပ်တို့အဖွဲ့၏ ပထမဦးစားပေးမှာ လူသား
များပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့အဖွဲ့မှ အကြွင်းမဲ့ယုံကြည်သည်မှာ လူတိုင်း
မလုံခြုံမှုနှင့် အကြမ်းဖက်မှု ပဋိပက္ခများမှ ကင်းလွတ်ပြီး ငြိမ်းချမ်း၍ မိမိ
ဆန္ဒပြည့်ဝသော ဘဝများကို ရရှိပိုင်ဆိုင်နိုင်ခွင့်ရှိသည့် အချက်ပင်ဖြစ်ပါ
သည်။ ကျွန်ုပ်တို့အဖွဲ့သည် အာဖရိက၊ အာရှနှင့် အရှေ့အလယ်ပိုင်းဒေသ
များတွင် လုပ်ငန်းများ ဖော်ဆောင်နေသောအကျိုးအမြတ်မယူသည့် အဖွဲ့
အစည်းတစ်ခု ဖြစ်ပါသည်။




**SAFERWORLD**

UK OFFICE
Saferworld
The Grayston Centre, 28 Charles Square
London N1 6HT, UK
Phone: +44 (0)20 7324 4646
Email: general@saferworld.org.uk
Web: www.saferworld.org.uk

www.facebook.com/Saferworld
@Saferworld
Saferworld

MYANMAR OFFICE
Room (3A/B), No. (275/C) Pyay Road
Myaynigone, Sanchaung Township
Yangon, Myanmar
Phone: +95 (0)9 264802051
Email: saferworldmyanmar@saferworld.org.uk



Registered charity no. 1043843
A company limited by guarantee no. 3015948



© Saferworld, November 2019.